www.burmeseclassic.com

အမရပူရ

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

# ကိုယ်ကျင့်အဘိဓမ္မာ



၁၃၆၁ ခုနှစ်

၁၉၉၉ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

## အရှင်ဇနကာ ဘိဝံသ

၏

# ကိုယ်ကျင့်အဘိဓမ္မာ



၁၃၅၆ ခုနှစ် ၁၉၉၅ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၆၄၁/၉၉ (၁၁)

က်နှာဖုံးခွင့်ပြုချက်အမှတ် (၅၈၁/၉၉)(၁၁)

ပုံနှိပ်မှတ်တမ်း ၁၉၉၉–ခုနှစ်၊ (၁၄–ကြိမ်မြောက်)

ကြီးကြပ်စီစဉ်သူ မောင်ထင်မြင့်
(မဟာဂန္ဓာရုံ–ကပ္ပိယကာရက)

ထုတ်ဝေသူ ဦးမောင်မောင် (မြ–၀၁၈၂၄)
မဟာဂန္ဓာရုံစာပေ၊ အမရပူရမြို့။

အတွင်းစာသားပုံနှိပ်သူ ဦးသက်ဝင်း (၀၄၄၄၄)
နှင့် ဝင်းခင်းမြတ်အော့ဖ်ဆက်၊
မျက်နှာဖုံးပုံနှိပ်သူ ၈၈၊ ကမ္ဘာအေးစေတီလမ်း၊
ဗဟန်း၊ ရန်ကုန်မြို့။
ဖုန်း–၅၅၀၉၂၇

စောင်ရေ ၁၀၀၀၀

တန်ဖိုး [redacted]–ကျပ်

ဖြန့်ချိရေး

ဟာဂန္ဓာရုံကျောင်းတိုက်၊ ဇရပ်ဝင်း၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။
၂၈–ပ၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
န်ကုန်မြို့။

# အရှင်ဇနကာဘိဝံသ၏
# တစ်ဘဝသံသရာဖြစ်စဉ်အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်းလျာ သူငယ်ကို စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ သရိုင်ရွာ၊ ဦးဖောတိ–ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ရက် (၁၉၀၀ ပြည့် ဖေဖော်ဝါရီလ ၂၇ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆ ခုနှစ်၌ ပထမအကြိမ် ရှင်သာမဏေပြုတော်မူသည်။

၃။ ၁၂၇၅ ခုနှစ်၌ ဒုတိယအကြိမ် ရှင်သာမဏေပြုတော်မူသည်။

၄။ ၁၂၇၉ ခုနှစ် သက်တော် ၁၈ နှစ်အရွယ်တွင် ပထမကြီးတန်းစာမေးပွဲကို အောင်မြင်တော်မူသည်။

၅။ ၁၂၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့၌ ပထမအကြိမ် ရဟန်းအဖြစ်ခံယူတော်မူသည်။

၆။ ၁၂၈၁ ခုနှစ်၊ နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁ ခုနှစ်၊ တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၂၈၇ ခုနှစ်၌ "ပထမကျော်" အောင်မြင်တော်မူသည်။

၈။ ၁၂၈၉ ခုနှစ်၌ "သက္ကသီဟစာမေးပွဲခေါ် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့ရရှိ အောင်မြင်တော်မူသည်။

၉။ ၁၃၀၃ ခုနှစ်၊ ဝါဆိုဦး (၁၉၄၁–၄၂) ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက်မည့်နှစ်တွင် ယခုလက်ရှိ အမရပူရ

www.burmeseclassic.com

www.burmeseclassic.com

မဟာဂန္ဓာရုံကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာတော် ငါးပါးမျှသာရှိ၍ ပျံလွန်တော် မူချိန်တွင် သံဃာတော် ငါးရာကျော် သီတင်းသုံးလျက်ရှိသည်။

၁၀။ (လွတ်လပ်ရေးရရှိပြီးနောက်) ၁၃၁၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ (ရှေးဦးစွာ) "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ခံယူရသည်။

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော် စာသင်ကျောင်းများ၌သင်ကြားရန် မူလတန်း ဗုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာများကိုရေးသားခဲ့သည်။

၁၂။ ၁၃၁၅ ခုနှစ်၌

(က) ဆဋ္ဌသံဂီတိ ဩဝါဒါစရိယသံဃနာယက၊

(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊

(ဂ) ဆဋ္ဌသံဂီတိ ပါဠိပဋိဂ္ဂါဟကဝိသောဓက၊

(ဃ) ဆဋ္ဌသံဂီတိ ဩသာနသောဓေယျ ပတ္တပါဠ်ကေ– အဖြစ် တင်မြှောက်တော်မူခြင်းကိုခံယူရသည်။

၁၃။ ၁၃၃၇ ခုနှစ်၊ ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယသာသနာပိုင်) အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူသည်။

၁၄။ ၁၂၉၁ ခုနှစ်၊ သက်တော် ၃၀ မှစ၍ ကျမ်းစာများကိုစတင် ပြုစုတော်မူခဲ့ရာ ၁၂၉၃ –ခုနှစ်တွင် ပထမဦးဆုံးကျမ်းစာကိုရေးသားပြီးစီးတော်မူ၍ ၁၃၃၈ ခုနှစ်၊ တန်ဆောင်မုန်းလတွင် "နောက်ဆုံး ဆယ်လ မြတ်ဗုဒ္ဓ" ကျမ်းစာကို ရေးသားပြီးလျှင် "တစ်ဘဝသံသရာ" အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင်ရေးတော်မူခဲ့သည်။ ပဋ္ဌာန်ပကရဏ ဘာသာဋီကာနှင့် မူလဋီကာနိဿယ၊ ပါဠိတော်နိဿယများကို ၁၃၃၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ရက် (၁၈–၁၁–၇၄) တနင်္လာနေ့ ၁ နာရီအချိန် စ တင်ပို့ချရေးသား၍ ၁၃၃၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့မှာ ပြီးဆုံးခဲ့ပါသည်။ သုတ် မဟာဝါဘာသာဋီကာကို ၁၃၃၇ ခု ဝါဆို လပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့ (၂၄–၇–၇၅) ၌ စတင်ပို့ချရေးသား၍ ၁၃၃၉ခု နတ်တော်လဆန်း ၁၃ရက် (၂၃–၁၂–၇၇) သောကြာနေ့ ပျံလွန်တော်မမူမီ ၅ ရက်အလိုတွင် ပြီးစီးတော်မူခဲ့ပါသည်။ ပါထေယျဘာသာဋီကာကို တစ်ရက်မျှ ရေးသားပို့ချခဲ့ပါသေးသည်။

၁၅။ ဆရာတော်အရှင်ဇနကာဘိဝံသသည် သရိုင်ရွာ ပင်းကျောင်းဆရာတော်၊ မြောင်းမြဆရာတော်၊ စစ်ကိုင်း ပထမ ဂန္ဓာရုံဆရာတော်၊ ဒုတိယ မဟာဂန္ဓာရုံ ချမ်းအေးဆရာတော်၊ ပခုက္ကူမဟာဝိသုတာရာမ အလယ်တိုက် ဆရာတော် ဦးပညာ၊ ဆရာတော်သုန်၊ ဦးနန္ဒဝံသ၊ အဘယာရာမဆရာတော်တို့ထံတွင် ပရိယတ္တိစာပေတို့ကို သင်ယူခဲ့ပါသည်။

၁၆။ ၁၃၃၉ ခုနှစ်၊ သက်တော် ၇၈ နှစ် အရောက် နတ်တော်လပြည့်ကျော် ၂ ရက် (၁၉၇၇– ခုနှစ်၊ဒီဇင်ဘာလ ၂၇ ရက်)အင်္ဂါနေ့၊ ညနေ ၄ နာရီ မိနစ် ၃၀ တွင် တစ်ဘဝအတွက် ငြိမ်းတော်မူပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်ကျင့်အဘိဓမ္မာ

အမရပူရ မဟာဂန္ဓာရုံ နာယကဆရာတော် အရှင်ကုဏ္ဍလာဘိဝံသထံမှ ခွင့်တောင်း၍ ဆရာတော် အရှင်ဇနကာဘိဝံသ၏ "ကိုယ်ကျင့်အဘိဓမ္မာ ကျမ်းစာ" ကို လူကြီး လူငယ် အမျိုးသား အမျိုးသမီးမရွေး ရှိသေစွာထိန်းသိမ်းစောင့်ရှောက်လေ့လာကျင့်သုံးနိုင်ရန် ကွန်ပျူတာဖြင့် စာစီ၍အကောင်းဆုံးဖြစ်အောင် စာရွက်ကောင်းနှင့်ရိုက်နှိပ်ပူဇော်ပါသည်။ စာဖတ်သူများ အခွင့်သာလျှင်ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာ ဤကျမ်းစာ ၃ အုပ်ကို လေးလေး စားစား ဖတ်ရှုလေ့လာ ကျင့်သုံးကြစေလိုပါသည်။

ရတနာ့ဂုဏ်ရည်၌ ရတနာသုံးပါး၊ ကံနှင့်ကံ၏ အကျိုးတို့ကို ပြည့်စုံအောင်ဖော်ပြထားသဖြင့် ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ အယူမှန်ဖြစ်လာနိုင်ပါသည်။

ဗုဒ္ဓဘာသာဝင်ဖြစ်လာသူတစ်ယောက်သည် ကိုယ်ကျင့်တရားနှင့်ပြည့်စုံအောင် အလွယ်တကူကျင့်သုံးတတ်ရန် ကိုယ်ကျင့်အဘိဓမ္မာကျမ်းစာကို အမြဲဆောင်ထားသင့်ပါသည်။

ကိုယ်ကျင့်တရားနှင့်ပြည့်စုံ၍ ဗုဒ္ဓသာသနာကို သန့်ရှင်းတည်တံ့ပြန့်ပွားအောင် စောင့်ရှောက်နိုင်ရန် အနာဂတ်သာသနာကျမ်းစာသည် ပြည့်စုံအောင် ညွှန်ကြားထားသောကျမ်းစာ ဖြစ်ပါသည်။

သာသနာတော်ကိုမှီ၍ ကိုယ်စိတ်နှစ်ပါးချမ်းသာစွာ ကြီးစားနိုင်ကြပါစေ။

ထိန်ဝင်း
၂၈–၆–၉၄

## ဆရာတော်အရှင်ဇနကာဘိဝံသ၏ သာသနာတော်အဆုံးအမများ

အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသသည် ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ ပြန့်ပွားစေလိုသူတိုင်း၊ တိုင်းပြည်ကို ချစ်မြတ်နိုးသူတိုင်း ကျေးဇူးအမြဲသိနေရမည့် ပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်ပါသည်။ ဆရာတော်သည် သာသနာတော်အကျိုးကို အစွမ်းထက်သလောက် ဆောင်ရွက်နိုင်သော ရဟန်းဘဝကို အလွန် မြတ်နိုးတော်မူပါသည်။ အကျော်အစော ဘုန်းကံကြီးမားမှုနှင့် စပ်လျဉ်းသော ကိစ္စများကို ဦးစားပေးလေ့မရှိဘဲ သာသနာတော်ဂုဏ်ရောင်တောက်ပြောင်စေမည့် ကိစ္စများ အပြုအမူများကိုသာ ရှေ့ဆောင်လမ်းပြ ညွှန်ပြတော်မူပါသည်။

နှောင်းခေတ်သာသနာတော်နှင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ကြမည့် ပုဂ္ဂိုလ်များအတွက် မပင်မပန်း ချမ်းသာလွယ်ကူစွာ ပိဋကတ်တော်ကို ပေါက်မြောက် ကျွမ်းကျင်ကြစေရန်အတွက် သဒ္ဒါ၊ ဝိနည်း၊ အဘိဓမ္မာ၊ သုတ္တန်ကျမ်းများကို သင်ရိုးကုန်အောင် ပြုစုတော်မူခဲ့ပါသည်။ လူရော ရှင်ပါ တိုင်းပြည်နှင့်သာသနာကို စည်ပင်ပြန့်ပွားအောင် တာဝန်ထမ်းဆောင်နိုင်ရေး၊ အသိဉာဏ်ကိုယ်ကျင့်တရားပြည့်စုံ ဖွံ့ဖြိုးရေးအတွက်လည်း ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာ၊ ဗုဒ္ဓဘာသာသင်ခန်းစာ၊ ဘာသာသွေး၊ ဗုဒ္ဓါနုဿတိဘာဝနာ အစရှိသော ကျမ်းစာများကို ရေးသား၍ နည်းလမ်းညွှန်ပြ ထားတော်မူခဲ့ပါသည်။ တပည့် ရဟန်း၊ ဒကာ၊ ဒကာမများအား ဗုဒ္ဓမြတ်စွာ၏ ဂုဏ်ကျေးဇူးတော်တို့ကို အမြဲညွှန်ပြ ဟောကြား၍ ပရိယတ်နှင့် ပဋိပတ်သာသနာတော်ကို ကြိုးစား ကျင့်ဆောင်ရေး၊

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကျင့်သီလတရားကို မထိန်းသိမ်းဘဲ သာသနာ တော်တွင် ပေါ့ပေါ့ဆဆ နေထိုင်လျှင် ပစ္စုပ္ပန်သံသရာ ဆင်းရဲဒုက္ခ တွေ့ရမည့် အရေးကို အမြဲသတိပေးတော်မူလေ့ရှိပါသည်။ ဒါနသည် ပြုလုပ်သင့်သော ကိစ္စဖြစ်သော်လည်း ကိုယ်ကျင့်သီလ ဝိနည်းသည်သာ သုဂတိဘဝအတွက် စိတ်ချရသောအလုပ်ဖြစ်ကြောင်း၊ ဝိပဿနာ ဘာဝနာများကိုလည်း တတ်စွမ်းသမျှ ကြိုးစားရန်လိုကြောင်း အမြဲ ညွှန်ပြ ဆုံးမတော်မူပါသည်။

အောက်ပါ ကောက်နုတ်ချက်များကို လေ့လာခြင်းဖြင့် ဆရာတော်၏ စိတ်သဘောထားကို နားလည်နိုင်ပါလိမ့်မည်။

## စိတ်ကောင်းရှိဖို့က ပထမ

ဤကျောင်းတိုက်မှာ နေလိုရင် အကြီးက အငယ်ကိုနှိမ်၊ အငယ်က အကြီးကို မရိုသေတဲ့စိတ်မျိုး၊ ကိုယ့်ထက်သာသူကို မနာလိုတဲ့ ဣဿာစိတ်၊ ဉာဏ် ဝီရိယ ကောင်းတဲ့သူကို တိုးတက်မှာစိုးတဲ့ မစ္ဆရိယစိတ်၊ အလွန်ထင်ရှားသိသာတဲ့ တဏှာ ရာဂစိတ်၊ ဝတ္ထုနဲ့လောဘကို အလွန်လိုလားတဲ့ လောဘစိတ်၊ ပြင်းထန်တဲ့ ဒေါသစိတ်၊ မာန်မာနစိတ် စတဲ့ စိတ်မျိုးတွေ မဖြစ်စေဘဲ ဆရာပီပီ တပည့်ပီပီ ရိုသေလေးစားတဲ့ မေတ္တာစိတ်၊ မကျန်းမာသူကို သနားတဲ့ ကရုဏာစိတ်၊ သူတစ်ပါးပညာတတ်သည်၊ လာဘ်ပေါသည်ကို ဝမ်းမြောက်တဲ့ မုဒိတာစိတ်၊ ဘုရားဝေယျာဝစ္စကို စိတ်ပါလက်ပါ ပြုလိုတဲ့စိတ်၊ သဒ္ဓါတရား ကောင်းတဲ့စိတ်၊ ပျော့ပျောင်း နူးညံ့တဲ့စိတ်၊ အဝါယ်လေးပါးကြောက်တဲ့စိတ်၊ မဂ်ဖိုလ် နိဗ္ဗာန် လိုလားတဲ့စိတ် စတဲ့ စိတ်မျိုးတွေရှိရမည်။

(တစ်ဘဝသံသရာ စာမျက်နှာ – ၃၆၅)

BURMESE CLASSIC .com

## သီလဝိနည်း လုံခြုံစေ

ဘဝကောင်းဖို့အတွက် လူဝတ်ကြောင်များက ငါးပါးသီလ အာဇီဝဋ္ဌမကသီလမပါဘဲ ဒါနချည်း စိတ်မချရပုံ၊ ရဟန်းသံဃာများ အတွက် ဝိနည်းကို ဂရုမစိုက်ရင် စာပေပရိယတ် မိုးထိအောင် တတ် သော်လည်း နောင်ဘဝကောင်းဖို့ စိတ်မချရပုံ၊ မိမိတို့က သီလ မစင်ကြယ်ရင် ဒကာ ဒကာမတို့ရဲ့ အလှူဒါနလည်း လယ်ယာမြေ ကောင်းမှာ မစိုက်ရသလို ဖြစ်သောကြောင့် အကျိုးမများပုံ အတော် စုံစုံလင်လင် ဟောနေမိတယ်။

(တစ်ဘဝသံသရာ စာမျက်နှာ – ၃၅၆၊၄၅၈၊၄၆၄၊၄၆၉)

## ဝိပဿနာပွားကြလေ

ပဋိပတ်ဘက်က အလုပ်လုပ်တဲ့ အချိန်များမှ တော်မည်။ ပရိယတ်ချည်း ကြိုးစားလာကြတာ စိတ်အနေ ဘာမှထူးထူး ခြားခြား ကောင်းမလာဘူး။ သီလအကျင့်မပါတဲ့ပရိယတ်စာသင်နည်းကိုတော့ ဒီကျောင်းတိုက်မှာ ဘယ်နည်းနဲ့မှ လက်မခံထိုက်ဘူး–လို့မကြာမကြာ သတိပေးထားပါတယ်။

နေ့ပိုင်းမှာ စာသင်စာချတဲ့ဂန္ထဓူရ တာဝန်ကိုဆောင်ရဖို့နဲ့၊ ညဦးဘုရားဝတ်တက်ပြီးချိန်ကစ၍ အိပ်ဖို့ တုံးခေါက်ချိန်အထိ ဝိပဿနာဓူရတာဝန်ကို ဆောင်ကြဖို့ရန်စီစဉ်ရပါတယ်။

(တစ်ဘဝသံသရာ စာမျက်နှာ – ၄၅၈၊၄၆၀၊၄၆၄)

စာချဘုန်းကြီးများက ခေါင်းဆောင်ပြီး ဝိပဿနာ ဘာဝနာ အလုပ်ကို အများအားထုတ်အောင် ကြိုးစားကြပါ။

(တစ်ဘဝသံသရာ စာမျက်နှာ – ၃၃၄)

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတိုက်တွင် လိုက်နာရမည့်လမ်းညွှန်ဩဝါဒဆယ်ချက်တွင် စိတ်ကောင်းထားရမည့် အရေးကို အဖွားအလိုအပ်ဆုံးဟု ဝဉတ်တော်မူခဲ့ပါသည်။

တပည့်ဒကာ ဒကာမများကို တွေ့တိုင်းလည်း မိမိရရှိထားသော ဘဝကောင်းကို တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်စေရန် မမေ့မလျော့ဖို့၊ ကြိုးစားအားထုတ်ကြဖို့ ဤသုံးချက်ကို ဟောပြော တိုက်တွန်းတော်မူလေ့ရှိပါသည်။

## ပြောသလိုလုပ်၍ လုပ်သလိုပြောခြင်း

ဆရာတော်ကြီးသည် ပထမကျော်၊ သကျသီဟစ္ဆာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့သော်လည်း ကျမ်းစာများတွင် ထည့်သွင်းဖော်ပြလေ့မရှိပါ။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လွှတ်လပ်ရေးရရှင်ရခြင်း ဆက်ကပ်ခံခဲ့ရသော်လည်း ထိုဘွဲ့ကို အသုံးပြုလေ့မရှိပါ။

စာမေးပွဲအောင်မြင်မှု ဂုဏ်ထူးများသည် သာသနာရေး ဆောင်ရွက်ရာတွင် တစ်စိတ်တစ်ဒေသ အထောက်အပံ့ဖြစ်စေသည်။ အလုပ်လွယ်ကူအောင်မြင်စေမည်ဟု သဘောပေါက် ယုံကြည်သော်လည်း သီလစင်ကြယ်၍ သာသနာတော်၏ အကျိုးကို တကယ်လိုလားစွာ ဆောင်ရွက်မှသာ သာသနာတော်ကို တိုးတက်မည်ဟု ဩဝါဒပေးတိုင်း ပြောဟောဆုံးမလေ့ရှိပါသည်။

ကျောင်းတိုက်အတွင်း စာမေးပွဲအောင်မြင်မှုပူဇော်ပွဲ ၊ မွေးနေ့ပူဇော်ပွဲ ပြုလုပ်ခြင်းကို အားပေးခြင်းမပြု၊ ခွင့်ပြုတော်မမူပါ။ဆွမ်းသာလူ့ စုလှူဝေး အလှူပွဲခင်းကျင်းခြင်း၊ တီးမှုတ်ဧည့်ခံခြင်းများကိုလည်း လုံးဝ ခွင့်ပြုတော်မမူပါ။

BURMESE CLASSIC .com

"မည်သူမဆို မိမိ၏ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု တို့ကို ကောင်းသည်ထက်ကောင်းအောင် အစဉ်ပြုပြင်နေသင့်သည်။ သေသည်အထိ အမြဲပြုပြင်နေရမည်" ဟု ဆရာတော်ဆုံးမတော်မူလေ့ရှိပါသည်။

ဆရာတော်သည် အနာဂတ်သာသနာကျမ်းတွင် မိမိရေးသားညွှန်ပြခဲ့သည့်အတိုင်း တကယ်လုပ်လျှင် တကယ်ဖြစ်နိုင်ပုံကို အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပဋိယတ္တိရော ပဋိပတ္တိဘက်ကပါ သာသနာ့ကျက်သရေဆောင်အဖြစ် လက်တွေ့စံနမူနာပြခဲ့ပါသည်။ မျက်မှောက်သာသနာခေတ်တွင် သံဃာတော် ခုနစ်ရာခြောက်ဆယ်ကျော်သည် တိုင်းပြည်၏ကောင်းမှုဖြင့် မငြိုမငြင်မပင်ပန်းမဆင်းရဲရဘဲ အတူနေ၊ အတူစား၊ အတူပညာသင်လျက် စည်းလုံးညီညွတ်စွာ ရှိနေကြသည်မှာ မြန်မာပြည်တွင်သာမက ကမ္ဘာတွင် ဤတစ်နေရာသာရှိပါသည်ဟု ဆိုလျှင် စကားမလွန်တန်ဟု ထင်ပါသည်။ ဤပြယုဂ်တစ်ခုနှင့်ပင် သာသနာ့ကျက်သရေသာမက မြန်မာ့ဂုဏ်ကျက်သရေပါ ထင်ရှားပေါ်လွင်လှပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော်ကို လေ့လာလိုသူ မြန်မာပြည်သူပြည်သားနှင့်နိုင်ငံခြားသား သုတေသီတို့သည်အမရပူရ မြို့မဟာဂန္ဓာရုံကျောင်းတိုက်သို့ အရောက်လာလေ့ရှိကြပါသည်။ ရောက်လာသူတိုင်းပင် နှစ်သက်ကြည်နူး သဒ္ဓါတရား ပွားများကြပါသည်။သန့်ရှင်းမှု၊ ငြိမ်သက်မှု၊စည်းကမ်းကျနမှု၊ အဆောက်အအုံများ စည်ပင်မှုတို့ကို မြင်ပြီး ကျေနပ်နှစ်သိမ့်မှု ရကြလေသည်။ ဤအခြေအနေသို့ ရောက်အောင် ဆရာတော် လုံ့လဝီရိယ ဖြင့်မနားမနေ ကြိုးပမ်းသည်ကို ချီးကျူးအံ့ဩကြပါသည်။ ကျောင်းတိုက်ပြုပြင်မှု၊ သံဃာပရိသတ် ထိန်းသိမ်းမှု၊ စာပေပို့ချမှု စသည့်များပြားလှသော တာဝန်များကြားမှပင် ဘာသာဋီကာ အမျိုးမျိုးစသော ကျမ်းကြီး ကျမ်းငယ်

www.burmeseclassic.com

www.burmeseclassic.com

အသွယ်သွယ်ကို တစ်ကျမ်းပြီး တစ်ကျမ်း မပြတ်မလပ်ပြုစုတော်မူခဲ့သည်။ ဆရာတော်၏ အာသီသကို အောက်ပါကြိုးစားချက်က ဖော်ပြနေပေသည်။

ကိုယ်တည်းဟစ်ယောက် ချမ်းသာရောက်ဖို့ ခုလောက်ကြိုးကုတ်အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ သာသနာ၏ ရှေးခါဘိုးဘ လက်ထက်ကလျှင် ရသည်တန်ခိုး ထပ်မညှိုးအောင် အားကြိုးမာန်တက်ငါဆောင်ရွက်သည် ဆက်လက်တည်တံ့ရုံသာတည်း။

(တစ်ဘဝသံသရာ စာမျက်နှာ – ၃၈၉)

ယခုအခါ ဆရာတော်မရှိသည့်နောက် ဆရာတော်ဦးမဟိန္ဒ၊ ဆရာတော် ဦးဣန္ဒောဘာသာဘိဝံသ၊ ဆရာတော် ဦးအဂ္ဂဝံသ၊ ဆရာတော် ဦးကုဏ္ဍလာဘိဝံသတို့က စီမံ အုပ်ချုပ်လျက် သံဃာများကို လက်ခံကာ တာဝန်ယူ ကျွေးမွေး စောင့်ရှောက် သင်ကြား ကျင့်ဆောင်နေကြရာ ဆရာတော်ကြီး၏ မွန်မြတ်သော သာသနာတော်တည်တံ့ရေး ပြန့်ပွားရေး ရည်ရွယ်ချက်သည် ဝေဝေဆာဆာ သီးပွင့်နေလေပြီဟု ယူဆနိုင်ပါပြီ။ လက်တွေ့ သင်ကြားပို့ချပေးခြင်း၊ ကျမ်းစာများဖြင့် တစ်နိုင်ငံလုံး ဖြန့်ခြင်းတို့သည် အရှိန်အဟုန် မြင့်မား လာခဲ့လေပြီ။ ဤကိစ္စများကို ပြုစုပျိုးထောင်စဉ်က လောကသဘာဝအတိုင်း အပြစ်တင်ခံရမှု အထင်လွဲခံရမှုများ ရှိခဲ့ရာ ဆရာတော်သည် ထိုအဆိုအပြောများကို ဥပေက္ခာပြုကာ မမှိတ်မသုန် ခံယဉ်းစွာ ချီတက်ခဲ့ရပေသည်။ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိဖြစ်သော "တစ်ဘဝ သံသရာ" စာမျက်နှာ ၂၂၁ တွင် ပထမကျမ်းစာဖြစ်သော ရတနာ့ဂုဏ်ရည်ကို ရိုက်နှိပ်စဉ် ချို့တဲ့စွာ စီမံခဲ့ရပုံကို အောက်ပါအတိုင်း တွေ့ရပေသည်။

"ရတနာ့ဂုဏ်ရည် ဆိုတဲ့ စာအုပ်ကလေးရိုက်မယ်" လို့ စပ်မိစပ်ရာတော့ ဟိုက ဒီက ၅ ကျပ်စီ၊ ၁၀ စီ ထည့်ကြလို့ ၂၅၀ လောက်ရပါတယ်။ အားလုံး ၃၅၀–ကျပါတယ်။ တပည့်တော်မှာ ငွေမရှိပါဘူး။ ညီထံက စာဗီရိုကို ယူပြီးတော့ ငွေဖြစ်အောင် စီမံတော့မှ လိုတဲ့ငွေ ၃၅၀–ပြည့်ပါတယ်"

ငွေရေးကြေးရေးနှင့် ပတ်သက်၍ မည်မျှသတိပြုပုံ၊ ကျမ်းစာအုပ်များသည် စီးပွားရေးအတွက်မဟုတ် သာသနာအကျိုးသာ အဓိကဖြစ်ပုံတို့ကို ဆရာတော်ကြီးကိုယ်တိုင် ဖော်ပြချက်က ထင်ရှားစေပါသည်။

တပည့်တော်က ကျမ်းစာအုပ်နဲ့စပ်ပြီး တပည့်တော်အတွက်သာ သတိထားတာ မဟုတ်ပါဘူး။ တပည့်တော်နဲ့ စပ်ရာအတွက်လည်း သတိထားပါသည်။ တပည့်တော်ရဲ့ ကျမ်းစာအုပ်တွေ ထွက်ခါစကစပြီး လူထွက်လိမ့်မယ်လို့ ထင်ကြတုန်းပဲ။ တပည့်တော် စဉ်းစားခဲ့ဖူးပါတယ်။ သူတို့ပြောသလို ငါက လူထွက်ပါပြီဆိုကြပါစို့။ လူထွက်ရင် ဒီစာအုပ်တွေက ရတဲ့ငွေနဲ့ ငါရယ် ငါနဲ့ရေစက်ဆုံတဲ့သူရယ် သုံးစွဲနေရင် ဘဝသံသရာမှာ နစ်နာလိမ့်မယ်။ ငါရော ငါနဲ့ ရေစက်ဆုံတဲ့သူရော ထိုကဲ့သို့ အနစ်နာ မခံနိုင်ပါဘူးလို့ စဉ်းစားမိပါသေးတယ်။

ယခုလည်း ကျမ်းစာအုပ်တွေကို တာဝန်ယူပြီး စက်တင်ရိုက်နှိပ်ဖြန့်ဝေနေတဲ့ မောင်ကျော်နဲ့ တူဖြစ်သူ မောင်အောင်ခန့်တို့ကို အမြဲသတိပေးထားပါတယ်။ ကျမ်းစာအုပ်မှ ထွက်တဲ့ငွေကို သာသနာအကျိုးများဖို့ သဘောထားရမယ်။ သင်တို့ရဲ့ စီးပွားရေး မဖြစ်စေကြနဲ့။ ငွေမလည်လို့ ခေတ္တ သုံးလည်း ပြန်ပြီးရှင်းနိုင်မှ ကောင်းတယ်။ ခေတ်အားလျော်စွာ သင်တို့ရဲ့ တာဝန်ဆောင်ခကိုတော့ တရားသဖြင့် သုံးကောင်းတာပေါ့။ စီးပွားဖြစ်အောင်တော့ ဘယ်သူမှမသုံးကောင်းပါဘူး။ နောက်နောင် မတွင်ကျယ်နိုင်သော အထက်တန်းဘာသာ

www.burmeseclassic.com

www.burmeseclassic.com

ဌိုကာတွေ ရိုက်နှိပ်နိုင်အောင်သာ ကြိုးစားကြပါ။ ငါဟာ သာသနာရေးအတွက် စာရေးတယ်။ တိုက်က စာချဘုန်းကြီးများလည်း ကူညီကြတယ်။ ဒီတော့ ဘယ်နည်းနဲ့မှ စီးပွားရေး မဖြစ်ကောင်းပါဘူး။ စီးပွားရေးသုံးရင် သားစဉ်မြေးဆက် အညွန့်တုံးကြလိမ့်မယ်။

ငါမရှိတောင် ဂန္ထာရုံ သာသနာအတွက်၊ ဂန္ထာရုံဆိတ်သုဉ်းသွားရင် အခြား ဘာသာရေးအတွက်သာ ဖြစ်စေလိုတယ်လို့ပြောထားပါတယ်။

သာသနာတော် ကြီးပွားမည်ဆိုလျှင် အများ ချမ်းသာမည်ဆိုလျှင် မိမိတစ်ယောက် ဆင်းရဲခံရမည်ကို အနည်းငယ်မျှ မရွံ့ဘဲ ရဲစိတ် ရဲမာန် အပြည့်ဖြင့် ဆောင်ရွက်တော်မူလေ့ရှိပါသည်။

ကိုယ်တည်းတစ်ယောက်၊ ဆင်းရဲရောက်လို့၊ ကိုယ်နောက်အများ၊ ချမ်းသာပွားမူ ၊ တစ်ပါးဖြစ်ထွေ၊ ဆင်းရဲစေတော့။ စိတ်နေခုလို၊ ဝမ်းဝယ်သို၍၊ ထိုထိုအလုပ်၊ လွန်ကြီးကုတ်သော်၊ မဟုတ်သတင်း၊ လုပ်ဓာတ်ခင်းလျက်၊ ချင်းချင်းရွဲ့သံ၊ ကဲ့ရဲ့သံကို၊ နာခံမငြီး၊ ပြည်လုံးဟည်းမျှ၊ ဝေနီးအနှံ့၊ ပျံ့အောင်ဖြန့်လည်း၊ မခံ့တခံ့၊ ခံ့တခံ့နှင့်၊ ကြံ့ကြံ့ပုံသေ၊ ခံခဲ့ပေ၏။

(တစ်ဘဝသံသရာ စာမျက်နှာ - ၃၉၄)

သာသနာတော်ကို တည်တံ့ပြန့်ပွားစေလိုသော ကြီးမားသော သမ္မာဆန္ဒတော်ဖွဲ့ဖြင့် ကျမ်းစာများကို အဆက် မပြတ် ထုတ်ဝေရာတွင် စာအုပ်ကုန်သည် ဟူ၍လည်းကောင်း၊ ငွေ စုပြီး လူထွက်လိမ့်မည် ဟူ၍လည်းကောင်း ကဲ့ရဲ့ပြောဆိုခြင်းများကိုလည်း ဆရာတော်သည် သည်းခံခဲ့ရပေသည်။ ဤလောကဓံတရားများနှင့် ပတ်သက်၍ ဆရာတော်၏ သံဝေဂ ယူပုံမှာ—

လူဟုဆိုလျှင်၊ လူလိုပင်သာ၊ လူ့တွင်တွေ့ရိုး၊ ကြောင်းအကျိုးနှင့်၊ ကောင်းဆိုးနှစ်တန်၊ လောကဓံကို၊ အမှန်တွေ့မြဲ၊ စိတ်ဝယ်စွဲ၍၊ ဝမ်းနည်းဝမ်းသာ၊ မများပါမှု။

(တစ်ဘဝသံသရာ စာမျက်နှာ–၁၀၅)

လူ့ဘုံထုံးစံ၊ ကဲ့ရဲ့ဒဏ်ဖြင့်၊ ရန်မာရ်ပိတ်သဲ၊ ခရီးခဲ၌၊ စိတ်ခွဲသန်သန်၊ နောက်မပြန်ဘဲ၊ ရဲမာန်ရဲဆေး၊ ရဲစိတ်မွေးလျက်၊ ရဲသွေးနိုနို၊ စီရရီ ....(တစ်ဘဝသံသရာ စာမျက်နှာ –၂၈၉)

ဤသို့သော ရဲစိတ်ရဲမာန် စိတ်ထားဖြင့် ဆောင်ရွက်ခဲ့သည့် အတိုင်း အောင်မြင်မှုကို ယခုမျက်မြင် တွေ့ကြရပေပြီ။ ဆရာတော်၏ ပင်ကိုဆန္ဒတော်ကို ကိုယ်တိုင်ရေး ထေရုပ္ပတ္တိ တစ်နေရာတွင် အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

“တပည့်တော်ရဲ့ ကျောင်းတိုက်တစ်တိုက်သာ ကောင်းဖို့လောက်ဆိုရင် ဒါလောက် မကြိုးစားပါဘူး။ နောင်အနာဂတ်အတွက် နိုင်ငံရော သာသနာရော ကောင်းဖို့ကို ရည်ရွယ်တာ ဖြစ်ပါတယ်။ တပည့်တော် စိတ်မှာ တိုက်တစ်တိုက် ဂိုဏ်းတစ်ဂိုဏ်း သာသနာတစ်ရပ် ကောင်းစားရေးဆိုတဲ့ စိတ်ထားမရှိပါဘူး။ အများကောင်းစားစေလိုကဲ့ စိတ်ချည်းပါပဲ။ တပည့်တော်က သာသနာရေးစိတ်နဲ့ချည်း ကြိုးစားတာ မဟုတ်ပါဘူး။ နိုင်ငံရေးစိတ်နဲ့လည်း ကြိုးစားတာပါ။ ဗုဒ္ဓမြတ်စွာရဲ့ အမွေအနှစ်ဖြစ်တဲ့ သာသနာတော်ကြီးကိုလည်းကောင်း၊ သာသနာတော်ကို ကြည်ညိုထောက်ပံ့ကြတဲ့ ဒကာ ဒကာမတို့နေရာ နိုင်ငံတော်ကိုလည်းကောင်း အင်မတန်သာယာစေလိုတဲ့ဆန္ဒ တပည့်တော်မှာ ပြင်းပြနေပါတယ် ဘုရား။ ပြီးတော့လည်း သာသနာတော်ကို အကြောင်းပြုပြီး နိုင်ငံပါ အေးချမ်းသာယာတယ်ဆိုတဲ့ ဂုဏ်ကို အလွန်လိုချင်ပါကယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးသည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမသည် လောကတွင် အမှန်ဆုံး အမြတ်ဆုံး ပစ္စုပ္ပန်သံသရာ နှစ်ဖြာ ကောင်းကျိုးပြုနိုင်ရုံသာမက ကမ္ဘာတစ်ခုလုံးက စံပြုအဖြစ်လေးစားလာကြရမည်ဖြစ်ကြောင်း ယုံကြည်အားထားခဲ့ပုံကို အောက်ပါခံယူချက်ဖြင့် သိသာနိုင်ပါသည်။

ဒီအတိုင်းသာ သဘောထားကြီးကြီး တစ်ဦးနဲ့ တစ်ဦး အနွံနာခံပြီး သည်းခံမှုဖြင့် စိတ်ရှည်ရှည်ထား ဆောင်ရွက်ကြရင် သာသနာဟာ နေလို လလိုမက ကမ္ဘာစံပြုပြီး အကြည့်ခံရမှာပါ။ ဒါလောက်မကသေးပါဘူး၊ လူတိုင်း၏ လေးစားမှု ခံယူကြရပြီး ကျင့်သုံးသူကိုးကွယ်သူများဟာ ယခုဘဝမှာပင် ရင်အေးပြီး သာသနာရေးပါ မြော်တွေး၍ အေးချမ်းမှုလည်း ဖြစ်နိုင်ကြရပါမည်။

(တစ်ဘဝသံသရာ စာမျက်နှာ- ၂၈၈)

ဤသို့သော ခံယူချက်သဘောထားများကို တပည့် သံဃာတော်များကိုလည်း ဟောပြော၊ ဒကာ ဒကာမများကိုလည်း သွန်သင်၊ သာသနာစိတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ ဆောင်ရွက် ပြုစုပျိုးထောင်တော်မူခဲ့ရာ မျှော်မှန်းသော ရည်ရွယ်ချက်များ အောင်မြင်သင့်သလောက် အောင်မြင်၍ မြန်မာ့စံပြုအဖြစ် ရဲရဲဝံ့ဝံ့ အကြည့်ခံနိုင်သော အခြေသို့ ရောက်ခဲ့သည်ကို ယနေ့မျက်မြင် တွေ့နေကြရလေပြီ။ ဆရာတော်ကြီး၏ သီလ သမာဓိ ပညာ တန်ခိုး အရှိန်အဝါကြောင့် စေတနာ သဒ္ဓါတရား ထက်သန်သူ ဒကာ ဒကာမများ တဖြည်းဖြည်း တဖွဲဖွဲ ချဉ်းကပ် ရောက်လာကြလေသည်။ ဤသို့ဖြင့် စေတနာရှင် ဒကာ ဒကာမများ၏ သဒ္ဓါတရားကိုလည်း လိုက်လျောရခြင်း၊ ဖြည့် စွမ်းရခြင်းတို့ကြောင့် မဟာဂန္ဓာရုံကျောင်းတိုက် အကျယ်အဝန်းသည် ၁၆-ဧက ဖြစ်လာရပြီး ပျံလွန်တော်မူချိန်ဝယ် (အငယ် အလတ် အကြီး) အဆောက်အအုံများလည်း စုစုပေါင်း ၉၆ ခု အထိ တိုးတက်လာခဲ့ပေသည်။ ဆရာတော်ကြီးသည်ကား မူလ ကျောင်းတိုက်တည်ထောင်စဉ်က နေခဲ့သော တစ်ထပ်သစ်သား ကျောင်းလေးတွင်သာ နောက်ဆုံးရက်အထိ သီတင်းသုံးနေထိုင်တော် မူခဲ့လေသည်။ ဤနေရာတွင် အဆောက်အအုံနှင့်ပတ်သက်၍ ဆရာတော်ကြီး၏ သဘောထားကို တင်ပြလိုပေသည်။

## သာသနာသည် အဆောက်အအုံ မဟုတ်

သာသနာတည်မြဲအောင် ပြန့်ပွားအောင် သန့်ရှင်းအောင် လုပ်ဖို့ဆိုတာ အဆောက်အအုံကြီးတွေက တတ်နိုင်တာ မဟုတ်ဘူး။ ပရိယတ္တိသာသနာနှင့် ပရိယတ္တိကိုအခြေခံသော လမ်းမှန်သည့်ပဋိပတ္တိသာသနာကသာ သာသနာကို အရှည် တည်မြဲအောင် လုပ်နိုင်မှာဖြစ်တယ်။

ဉပမာ- ဒုတိယသင်္ဂါယနာတင်တဲ့အချိန်တုန်းက ဘုရားနှင့်တကွ ရဟန္တာကြီးများ သီတင်းသုံးနေထိုင်သွားတဲ့ သာဝတ္ထိဇေတဝန်ကျောင်းတိုက်တော်ကြီး ပုဗ္ဗာရုံ ကျောင်းတိုက်တော်ကြီးများနှင့်ရာဇဂြိုဟ်ပြည်က ဝေဠုဝန်ကျောင်းတော်ကြီးများက ထင်ရှားစွာ ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်ကြီးများပါတာ မတွေ့ရပါဘူး။ အကျင့်သီလနဲ့နေတဲ့ အခြားသောသာသနာ့ဝန်ဆောင် ရဟန်းတွေသာ ဦးဆောင်ပြီး သာသနာကို စောင့်ရှောက်တော်မူခဲ့ကြတာတွေ့ရတယ်။

ယခုခေတ်ကြည့်ရင်လည်း အင်ဒိုနီးရှားတို့ အာဖဂန်နီစတန်တို့ အစရှိတဲ့နိုင်ငံတွေက အိန္ဒိယပြည်ကြီး တစ်ပြည်လုံးအနှံ့၊ ပါကစ္စတန် ပရှုပါ-အစရှိတဲ့ ပြည်များမှာ ကျောက်စာ သုတေသနဌာန အသီးသီးက ရှာဖွေတူးဖော်ကြရာ တစ်ပြည်လုံးအနှံ့ ဗုဒ္ဓနှင့်ဆိုင်ရာ ရုပ်တုတော်များ၊

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းများ၊ အဆောက်အအုံကြီးများ၊ စေတီကြီးများကိုတွေ့ရသော်လည်း ပြည်သူအများမှာ ဗုဒ္ဓဘာသာ ဟူ၍ တစ်ယောက်မျှပင် မတွေ့ရ လောက်အောင် ရှိနေပြီမဟုတ်လား။

ထို့ကြောင့် သာသနာတည်ဖို့ဆိုတာ အဆောက်အအုံတွေတိုးအောင် ခံ့ညားအောင် လုပအောင် ပြုနေခြင်းသည် အဓိကမဟုတ်။ အများနားလည်နိုင်သော ပရိယတ္တိစာပေများ ပြန့်ပွားခြင်း၊ စာပေပရိယတ္တိ မှန်ကန်သော တရားတော်များကို လေ့လာနိုင်ခွင့်ရခြင်း၊ ကျင့် သုံးနေကြခြင်းသည်သာ ပဓာန ဖြစ်သည်။

ဤသို့လျှင် ပရိယတ္တိ–ပဋိပတ္တိ သာသနာသည်သာလျှင် ဗုဒ္ဓမြတ်စွာ့သာသနာတော် အစွန့်ရှည်ကြာ ပြန့်ပွားစေမည့် အဓိကအကြောင်းဖြစ်သည်ကို ရှင်းလင်းစွာ မြင်သိတော်မူသည့်အားလျော်စွာ ပိဋကတ် သင်ရိုးကျမ်းပေါင်းစုံကို အချိန်ရှိသမျှ ရေးသားထားခဲ့ပါသည်။

ဆရာတော်သည် ညဥ့်အချိန် မီးထွန်း၍ စာရေးသားလေ့မရှိပါ။ သို့သော် လွန်ခဲ့သော ၅–နှစ်ခန့်ကစပြီး( "သေဖို့အချိန်နီးနေပြီ။ အလုပ်တွေ ကျန်နေမှာစိုးရတယ်" ဆိုကာ) တစ်ခါတစ်ရံ ညဥ့်အခါ မီးထွန်း၍ စာရေးတော်မူခဲ့ပါသည်။ စာဝါပို့ချခြင်းကိုလည်း ပျံလွန်တော်မူမည့်ညနေအထိ မပျက်မကွက်ဘဲ ဆောင်ရွက်တော်မူခဲ့လေသည်။ "ဒီနေ့တော့ အချိန်စေ့ပြီ၊ မသေသေးရင် မနက်ဖြန်ဆက်ပြီး ပို့ချမယ်" ဟူ၍ အမိန့်ရှိတော်မူခဲ့သေးကြောင်းကို ကြေကွဲဖွယ်ရာ ကြားယောင်နေကြပေသည်။

ဆရာတော်သည် အများကောင်းကျိုးအတွက် ကြိုးစားမှုကြောင့်ကြမှုများကြောင့် လုပ်ရ၊ ကိုင်ရ၊ ကြံစည်ရသော ခန္ဓာကိုယ်ပင်ပန်းမှုများကို လုံးဝ ပင်ပန်းသည်မထင်ပေ။ သတ္တဝါတို့ ကောင်းကျိုးအတွက် ဗုဒ္ဓမြတ်စွာ၏ အလောင်းအလျာ ဘဝများစွာတွင် ကိုယ်ဆင်းရဲစိတ်ဆင်းရဲအမျိုးမျိုးခံကာ ပါရမီဖြည့်ခဲ့ပုံများကို အလွန် အားကျတော်မူပါသည်။ အကြွင်းမဲ့ ကြည်ညိုလေးစား အားရတော်မူသည်။

ဘုရားအလောင်းတော်၏ ပါရမီတော် ကျင့်စဥ်ကို အားကျကာ သာသနာတော်အတွက်ဆိုလျှင် အသက်ပင်သေသေ မနေမနားကြိုးစားမည်ဟု စိတ်ထားခဲ့ပေသည်။

" ဘုရားဖြစ်မှ သာဝကဖြစ်မှ တပည့်တော်က ကြည်ညိုတာ မဟုတ်ပါဘူး။ အလောင်းတော်ဘဝကိုပါ ကြည်ညိုတာပါ"

(တစ်ဘဝသံသရာ စာမျက်နှာ – ၃၅၇)

ဤခံယူချက် ယုံကြည်ချက်အတိုင်း အစဥ်တစိုက် ပြုလုပ်ကျင့်ဆောင်ခဲ့ပုံကို ဆရာတော်ကြီး၏ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိတွင် ၅ ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ခဲ့သောလင်္ကာဖြင့် ဤစာတမ်းကို နိဂုံးချုပ်လိုက်ပါသည်။

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက
နောက်ဆုံးအထိ ပါရမီ
လူနတ်များစွာ ချမ်းသာ်ရေးမို့
အသက်ပေးလို့ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့
ငါပါအသက် ဆုံးစေမည်။
စိတ်မပျက်ပေါင် ခုလိုတွေးလို့
ကုသိုလ်ရေးမို့ ကြိုးစားမည်။

www.burmeseclassic.com

www.burmeseclassic.com

# အချီနိဒါန်း

ပဇာ သဗ္ဗာ သုသုယန္တု ၊ ဝုဋ္ဌဟန္တု သုမင်္ဂလာ။
ဒုသေန္တု ဒုဂ္ဂတိံ ဂါမိံ၊ ပူရေန္တု သဗ္ဗပါရမိံ။

ပဇာ သဗ္ဗာ၊ ကိုယ်စီကိုယ်င ကိုယ့်ဒေသ၌ ပျော်ကြစပ်ရာ သတ္တဝါဟူသမျှတို့သည်။ သုသုယန္တု၊ အိပ်မက်ရာမက် ကောင်းစွာမက်၍ နှစ်သက်ကြည်သာ အိပ်စက်နိုင်ကြပါစေကုန်သတည်း။ သုမင်္ဂလာ၊ မင်္ဂလာကျက်သရေ ယှက်ဝေလန်းသဖြင့် စန်းပွင့်ကြကုန်သည်ဖြစ်၍။ ဝုဋ္ဌဟန္တု၊ ကောင်းစွာမိုးသောက် အလင်းရောက်လျက် ထမြောက်နိုးကြား နိုင်ကြပါစေကုန်သတည်း။ ဒုဂ္ဂတိံ ဂါမိံ၊ အပါယ် ဒုဂ္ဂတိ ရောက်မည့်အကြောင်း မကောင်းညစ်ဆိုး ဒုစရိုက်မျိုးကို။ ဒုသေန္တု၊ သူတော်ကောင်းလက်နက် တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေကုန်သတည်း။ သဗ္ဗပါရမိံ၊ အလောင်းအလျာ ဖြည့်ကောင်းရာသည့် သုံးဖြာဆယ်လီ ပါရမီအပေါင်း အကျင့်ကောင်းကို။ ပူရေန္တု၊ တစ်ဆင့်ထက် တစ်ဆင့် ရင့်ထက်ရင့်အောင် မလင့်ပုံသေ ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

ယခုခေတ်၏ အဖြစ်အပျက်ကို လေးနက်စွာ စဉ်းစားသောအခါ များစွာသော လူသတ္တဝါတို့၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဟူသော ဗြဟ္မစိုရ်တရားများ ကွယ်ပျောက်၍ သွေ့ခြောက်နေသကဲ့သို့ ထင်ရလေသည်။ ထိုသူတို့၏ ခြောက်သွေ့သွေ့ အပူဓာတ်သည် သူတော်ကောင်းတို့၌ပင် အရှိန်ဟပ်သဖြင့် သွေ့ခြောက်လုမတတ်ရှိရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

### အပူဓာတ်ဆိုတာ ဘာလဲ

ထိုအပူဓာတ် ဟူသည်လည်း တစ်ယောက်နှင့် တစ်ယောက် ညှာတာနိုင်အောင် ဖြစ်နေသော လောဘ၊ ဒေါသ၊ မာန်မာနနှင့် ဣဿာ၊ မစ္ဆရိယ စသည်တို့ပင်တည်း။ ထိုအပူဓာတ်သည် ယခု ဘဝတွင်သာ ခြောက်ကပ်စေသည်မဟုတ်၊ သံသရာတစ်လျှောက် နောက်နောင်ဘဝ၌လည်း ခြောက်ကပ်စေလိမ့်မည်သာ။ ထို့ကြောင့် ထိုအပူဓာတ်တွေကို ယခုဘဝက စွမ်းနိုင်သမျှ ငြိမ်းသတ်လျက် မြင့်မြတ်သော စိတ်ထားဖြင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ-ဟူသော ဗြဟ္မစိုရ်အအေးဓာတ် မပြတ်စိမ့်စိုအောင် ကြိုးစားသင့်ကြပေသည်။

### သံသရာဆိုတာ ဘာလဲ

“သံသရာတစ်လျှောက်”ဟူသော စကားအရ “သံသရာဆိုတာ ဘာလဲ” ဟုစဉ်းစားဖွယ် ရှိ၏။ သတ္တဝါတို့တည်နေရာ ဤကမ္ဘာ လောကကြီးကို “သံသရာ” ဟုခေါ်မည်မဟုတ်။ စိတ် စေတသိက် ရုပ်တရားတို့ တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ဖြစ်နေမှုကိုသာ “သံသရာ” ဟုခေါ်သည်။ [ သံ=ဆက်စပ်လျက် +သရ =ဖြစ်ခြင်း]

### လူ နတ် ဗြဟ္မာဆိုတာ ဘာလဲ

စိတ် စေတသိက် ၂ ပါးကို နာမ်တရားဟု ခေါ်၏။ ထိုနာမ် တရားနှင့် ရုပ်တရားတို့ ပေါင်းစပ်၍ ဆက်ကာဆက်ကာ ဖြစ်ပျက် နေသော အစဉ်အတန်းကိုပင် လူ၊ နတ်၊ ဗြဟ္မာ ဟု လည်းကောင်း၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ(အထီးအမ) ဟု လည်းကောင်း ခေါ်ကြရသည်။ စင်စစ်မှာ ရုပ်နာမ် ၂ ပါးကို ဖယ် ထားလျှင် လူ နတ် ဗြဟ္မာ သတ္တဝါဟူ၍ သီးခြားမရှိတော့ချေ။

### ရုပ်နာမ်တို့ ဘာကြောင့်ဖြစ်ကြသလဲ

ရုပ်နာမ် တရားအစုတို့၏ ဆက်ကာဆက်ကာဖြစ်ပျက်နေခြင်း မှာလည်း အကြောင်းမဲ့သက်သက် ဖြစ်ပျက်နေကြသည်မဟုတ်။ မိမိတို့ အပြင်ဘက်မှာ အမြဲတွေ့ကြုံနေရသော အာရုံများနှင့် မိမိတို့ သန္တာန်ဝယ် ရှေးရှေးကဖြစ်နှင့်သော ကံများကြောင့်သာ ရုပ်နာမ် တရားတို့ ဆက်လက်၍ ဖြစ်ပွားနေကြသည်။ ထို့ကြောင့် ရုပ်နာမ် ဖြစ်ဖို့ရာ အပြင်ဘက်က အာရုံအကြောင်း၊ ရှေးရှေးက ကံအကြောင်းဟု အကြောင်း ၂ မျိုးရှိသည်မှတ်ပါ။

### အရေးကြီးသောအကြောင်း

ထို ၂ မျိုးသော အကြောင်းတို့တွင် အပြင်ဘက်၌တွေ့ကြုံကြရ သော အာရုံအကြောင်းများသည် အတွင်းစိတ် အမျိုးမျိုးဖြစ်အောင် အရိပ်အယောင်ပြရုံသာဖြစ်၍ အရေးမကြီးလှ။ ကောင်းကောင်း ဆိုးဆိုး အပြင်အာရုံ တစ်မျိုးမျိုးနှင့် တွေ့ရာဝယ် မိမိ၏အတွင်း စိတ်ဓာတ် ကောင်းမွန်ဖို့သာ အရေးကြီးပေသည်။

ဆိုလိုရင်းကား “မိမိတို့အတွင်းစိတ်ကအမြဲကောင်းမွန် နေပါမှ နောက်နောင်ဘဝ၌ ဖြစ်သမျှ ရုပ်နာမ်တို့ အကောင်းအမွန်ချည်း သာ ဖြစ်ရပေမည်။ တစ်ဘဝပြောင်းသော်လည်း စိတ်ကောင်းရုပ် ကောင်း (လူ နတ် ဗြဟ္မာ သတ္တဝါအကောင်း) ချည်းဖြစ်ရမည်။ မိမိတို့အတွင်းစိတ်က ယုတ်မာဆိုးရွားနေပါမူ (ရှေးရှေးတုန်းက စိတ်ကောင်းအတွက် ယခုဘဝမှာ ကောင်းလျက်ရှိပါသော်လည်း) နောက်နောင်ဘဝတို့၌ စိတ်ဆိုး ရုပ်ဆိုး (ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်မျိုး) ချည်းသာ ဖြစ်ရမည်” ဟုဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com

## ယောနိသောရှိမှ စိတ်ကောင်းရ

ယောနိသောရှိမှလည်း စိတ်ကောင်းနှလုံးကောင်း ရရှိနိုင်ကြသည်။ တွေ့ရာကြုံရာကိစ္စ၌ သင့်တော်အောင် နှလုံးသွင်းလေ့ရှိမှုကို "ယောနိသောမနသိကာရ" ဟုခေါ်၏။ ယခုကာလ၌ မနသိကာရကိုဖြုတ်၍ "ယောနိသော" ဟုပြောကြသည်။ ထိုကဲ့သို့ သင့်တော်အောင် နှလုံးသွင်းမှု (ယောနိသော) ရှိလျှင် အကုသိုလ်စိတ် (မကောင်းစိတ်) မဖြစ်ဘဲ စိတ်ကောင်းချည်းဖြစ်သည်။ ယောနိသောမရှိလျှင်စိတ်ကောင်းဖြစ်လောက်သော အရာရာကိစ္စများ၌ပင် စိတ်မကောင်းဖြစ်နေတတ်၏။ ထို့ကြောင့် များစွာသော ရှင်လူအပေါင်းတို့ စိတ်ကောင်းရဖို့ရာ "ယောနိသော" သာလျှင် အရေးကြီးဆုံး ဖြစ်ပေသည်။

## အကြောင်းအဆက်ဆက်

ယောနိသော ရှိခြင်း မရှိခြင်းတို့၏ အကြောင်းများကား စာကောင်းပေကောင်း ကြည့်ရှုခြင်း၊ မကြည့်ရှုခြင်း၊ ပညာရှိထံ နည်းခံခြင်း၊ မခံခြင်းများတည်း။ စာကောင်းပေကောင်းကို ကြည့်ရှုလေ့ရှိသူ၊ ပညာရှိ သူတော်ကောင်းထံ နည်းခံလေ့ရှိသူ (ပညာရှိသူတော်ကောင်းနှင့်ပေါင်းလေ့ရှိသူ) ဖြစ်လျှင် အကြားအမြင် တိုးပွား၏။ ထိုသို့အကြားအမြင် တိုးပွားသူမှာ "ငါ့သန္တာန်၌ အမြဲစိတ်ကောင်းဖြစ်စေမည်" ဟု အဓိဋ္ဌာန်ထားလျှင် တွေ့ရာကြုံရာ အာရုံများ၌ ယောနိသောရှိတတ်၏။ စာကောင်းပေကောင်းများကို လည်း မကြည့်ရှု၊ ပညာရှိသူတော်ကောင်းထံလည်း နည်းမခံသူသည် အကြားအမြင်နည်းပါး၍ စိတ်မထားတတ်ဘဲရှိလေသည်။ ထို့ကြောင့်

၁။ တွေ့ရာကြုံရာကိစ္စ၌ ယောနိသော ရှိသဖြင့် သင့်လျော်အောင် နှလုံးသွင်းကာ အရာရာ၌ ပြဟ္မစိုရ်တရား လက်ကိုင်ထားလျက် ကြီးမားသော စိတ်သဘောရှိသူ အပေါင်းအသင်းဆုံသူ ဖြစ်စေလိုခြင်း၊

၂။ ချမ်းသာ ရွှင်မြူး ရာထူးဂုဏ်သိန် စည်းစိမ်တိုးတက်နေသည်ဖြစ်စေ၊ တစ်စုံတစ်ခု ပျက်စီးမှုကြောင့် ဆင်းရဲဒုက္ခရောက်နေရသည်ဖြစ်စေ၊ စိတ်နေမပြောင်း စိတ်ကောင်းမပျက် စိတ်စက်ကြည်ကြည် တည်တည်တံ့တံ့နှင့် ခံ့ခံ့ကြီးနေနိုင်စေလိုခြင်း၊

၃။ နောက်ဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ပြောင်ပြောင်လက်လက်နှင့် အဆက်ဆက် တန်းမြင့်ဖို့ရာ ယခုဘဝ၌ပင် ဒါန၊ သီလ စသော လက်လှမ်းမီရာ ပါရမီကောင်းမှု ကုသိုလ်စုကို ကြိုးစားနေသူ ဖြစ်စေလိုခြင်း၊

ဤ ၃ ချက်ကို အရင်းထား၍ များစွာသောလူအပေါင်းတို့ ကိုယ်ကျင့်ကောင်းဖို့ရာ "ကိုယ်ကျင့်အဘိဓမ္မာ" ဟူသောနာမည်ဖြင့် ကျမ်းသစ်တစ်စောင် တည်ထောင်ဖန်တီးရပေသတည်း။

ထောက်မှန်ပေါ်တွင်၊ ကိုယ့်အသွင်ကို၊ ဆင်ခြင်လို့မှု၊
နေ့စဉ်ရှုသို့၊ ယခုဤကျမ်း၊ မှန်လိုမှန်း၍၊ ရှုစမ်းစေချင်၊
ကိုယ့်ဖြစ်အင်ကို၊ ဆင်ခြင်လေကွဲ့-နေ့စဉ်တဲ့။

အချိန်ဒါန်းပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ

တစ်ဘဝသံသရာ ဖြစ်စဉ်အကျဉ်း
သာသနာတော်အဆုံးအမများ
အချိန်ဒိါန်း

## မာတိကာစဉ်–မေးခွန်းများ

[ဤကျမ်းစာ၌ပါရှိသော အကြောင်းအရာများကို အထူးလေ့လာသူတို့အတွက် မေးခွန်းဖြစ်အောင် မာတိကာခေါင်းစဉ်ကို မေးခွန်းလုပ်၍ပြထားသည်။ ထိုမေးခွန်းအဆုံး၌ စာမျက်နှာနံပါတ်ကို ကြည့်၍ အဖြေကိုသိပါ။]

| အမေးမာတိကာ | စာမျက်နှာ |
|---|---|
| **ပထမအခန်း လေ့ကျင့်ဖွယ်များ** | |
| ၁။ အဘယ်သဘောကို ပရမတ္ထဟု ခေါ်သနည်း။ ထိုပရမတ္ထတရား ဘယ်နှစ်ပါးရှိသနည်း။ | ၁ |
| ၂။ ထိုပရမတ္ထတို့၏သဘောအတိုင်း မဖောက်မပြန် ထင်ရှားအောင် လောဘ မဖောက်ပြန်ပုံကိုပြပါ။ ["ပြပါ" ဟု တွေ့သမျှ၌ နှုတ်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ရေး၍ ဖြစ်စေ ပြပါ–ဟု ဆိုလိုသည်။] | ၁ |
| ၃။ အာရုံသိတတ်သောသဘောကို "စိတ်" ဟုခေါ်ရာ၌ "သိ" ဆိုသည်မှာ ဉာဏ်အသိမျိုးပါလော။ အဘယ်ကို "စိတ်သိ" ဟုခေါ်သနည်း။ | ၂ |

www.burmeseclassic.com

www.burmeseclassic.com

၄။ စိတ်သည်အဝေးအာရုံကို လှမ်းယူရာ၌ ထိုအာရုံရှိရာ
အရပ်သို့ စိတ်က ရောက်သွားသလား။ ၃

၅။ လက်ဖျောက် တစ်ချက်တီး အချိန်မှာ စိတ်ပေါင်း
မည်မျှ ဖြစ်နိုင်သနည်း။ ၃

၆။ စိတ် ၂ ခု ၃ ခု စသည် ပြိုင်၍ ဖြစ်ရိုးရှိသလား။ ၄

၇။ အာရုံ ၂ ခု ၃ ခု ကို တစ်ပြိုင်တည်း
သိနိုင်သလား။ ၄

၈။ ရုပ်များစုပေါင်းနေသောအခါ အထည် ကိုယ်ပုံ
သဏ္ဌာန် ပေါ်သလို စိတ်မှာလည်း အထည်ကိုယ်ပုံသဏ္ဌာန်
ရှိသလား။ ၅

၉။ စိတ်သည် ခန္ဓာကိုယ်ဝယ် အဘယ်အရပ်၌
အဖြစ်များသနည်း။ ၅

၁၀။ တစ်ယောက်နှင့်တစ်ယောက် ရုပ်များကွဲပြားသလို
စိတ်ချင်း မကွဲပြားဘူးလား။ ၆

၁၁။ ရုပ်အဆင်းကို ပြုပြင်၍ ရသလို စိတ်ကိုလည်း
ပြုပြင်၍ မရနိုင်ဘူးလား။ ၇

၁၂။ စိတ်ကို ပြုပြင်သော အကြောင်းများကို မှတ်မိ
သလောက် ပြပါ။ ၈

၁၃။ မိလိန္ဒမင်းကြီး၏ စိတ်ပြုပြင်နည်းကို ပြပါ။ ၉

**ဒုတိယအခန်း လေ့ကျင့်ဖွယ်များ**

၁။ စိတ်သည် ပင်ကိုသဘောအားဖြင့် အကောင်း
အဆိုး ကွဲသလား။ ဘယ်တရားများက ခြယ်လှယ်၍
စိတ်ကောင်းစိတ်ဆိုး ကွဲရသနည်း။ ၁၁

၂။ စိတ်ကို မကောင်းအောင် ခြယ်လှယ်သော
စေတသိက်များကို ရေတွက်ပြပါ။ ၁၂

၃။ အဘယ်သဘောသည် မောဟ မည်သနည်း။
ပရိယုဋ္ဌာနမောဟနှင့် အနုသယမောဟကို ခွဲခြားပြပါ။ ၁၃

၄။ ကုသိုလ်စိတ် ဖြစ်နေသောအခါ ပုထုဇဉ်တို့
သန္တာန် ဘယ်လို မောဟ ကိန်းနေသနည်း။ ၁၄

၅။ ဟာရိတဝတ္ထုကို ပြောပြ၍ ထိုဝတ္ထု၌ မောဟ
ဖြစ်ပုံကို ကောက်ချက်ချပြပါ။ ၁၅

၆။ မသင်ဖူးသောအတတ်၊ မရောက်ဖူးသောအရပ်
စသည်ကို မသိခြင်းမှာ မောဟသဘော ဟုတ်ရဲ့လား။ ၁၆

၇။ မရှက်ခြင်းကို အဟိရိက၊ မလန့်ခြင်းကို
အနောတ္တပ္ပ–ဟုဆိုရာ၌ အဘယ်အမှုမှ မရှက် မလန့်ခြင်းကို
ဆိုသနည်း။ ဥပုသ်စောင့် တရားနာသွားရမှာ မရှက်ခြင်း၊
ပြောရဟောရမှာမလန့်ခြင်းကို အဟိရိက၊ အနောတ္တပ္ပ–
ဟု ဆိုလိုသလား။ ၁၉

၈။ အကုသိုလ် ဒုစရိုက်နှင့် စပ်၍ တွေ့ရတတ်သော
ဘေးကြီး ၄ ပါးကို ပြပါ။ ၂၁

၉။ ဥဒ္ဓစ္စ၏ ပျံ့လွင့်ခြင်းသဘောကို ဥပမာနှင့်တကွ
ပြောပြပါ။ ၂၃

၁၀။ ဆွေမျိုးပျက်ခြင်း၊ စည်းစိမ်ဥစ္စာ ပျက်ခြင်း
စသည်တို့ကြောင့် စိတ်လွင့်ပါး၍ ဟိုသွားချင်၊ သည်
သွားချင် ဖြစ်နေရာဝယ် အဘယ်သဘောဟု သတ်မှတ်ရ
မည်နည်း။ ၂၄

www.burmeseclassic.com

www.burmeseclassic.com


၁၁။ လိုချင်မှုကို လောဘ–ဟု ဆိုပါလျှင် နိဗ္ဗာန်လိုချင်မှု၊ ကုသိုလ်လိုချင်မှု၊ လှူဒါန်းဖို့ ပစ္စည်းလိုချင်မှု စသော ကုသိုလ်ဆိုင်ရာ လိုချင်မှုများကိုလည်း လောဘ–ဟုပင် မှတ်ရမည်လော။ လောဘမဟုတ်လျှင် ဘာသဘောပါနည်း။ ၂၄

၁၂။ လောဘကို ဘယ်လို နာမည်ခေါ်နိုင်သနည်း။ ၂၄

၁၃။ သမီးခင်ပွန်းတို့ တစ်ယောက်နှင့်တစ်ယောက် နောက်နောင်ဘဝဝယ် နိဗ္ဗာန်အထိ မခွဲလိုရာ၌ (သူတော်ကောင်းချင်းဖြစ်ပါမူ) လောဘသဘောချည်း မှတ်ရမည်လော။ အခြားဘယ်သဘော ပါဝင်ပါသေးသနည်း။ ၂၈

၁၄။ အလိမ်ဉာဏ် အကောက်ဉာဏ် များသည် ဉာဏ်ပညာအစစ်မဟုတ်လျှင် အဘယ်သဘောပါသနည်း။ ၃၁

၁၅။ ဘယ်သဘောကို သာဠေယျ–ဟုခေါ်သနည်း။ ၃၅

၁၆။ ဒိဋ္ဌိသဘောကို နားလည်သမျှ ပြောပြပါ။ ၃၈

၁၇။ ဇာတိ၊ ဓနု၊ ပညာ၊ အဆင်းမာန်တို့ကို တစ်ခုစီပြောပြပါ။ ၄၁

၁၈။ ကြမ်းတမ်းခြင်း၊ စိတ်ဆိုးခြင်းများကို ဒေါသဟု နားလည်ကြပြီ။ စိတ်မချမ်းသာခြင်း၊ စိတ်ညစ်ခြင်း၊ စိတ်အားငယ်ခြင်းများကို ဘာသဘောဟု ဆိုမည်နည်း။ ၄၆

၁၉။ အဘယ်သဘောကို မက္ခ–ဟု ခေါ်သနည်း။ ထိုမက္ခသည် အကုသိုလ်စေတသိက်များတွင် အဘယ် စေတသိက် ဖြစ်သနည်း။ ၄၉

၂၀။ အဘယ်သဘောကို ပဋာသ–ဟု ခေါ်သနည်း။ ၅၁

၂၁။ ဝမ်းနည်းမှုကို "သောက" ဟုခေါ်ရာ၌ ဝမ်းနည်းပုံများကို မိမိသိသမျှ ပြပါ။ ၅၁

၂၂။ ငိုကြွေးမှုကို "ပရိဒေဝ" ဟု ခေါ်ရာ၌ ဟစ်အော်၍ ငိုကြွေးခြင်း၏ အပြစ်များကိုပြပါ။ ၅၃

၂၃။ ဒုက္ခနှင့် ဒေါမနဿကို ခွဲခြားပြီးလျှင် စိတ်ချမ်းသာအောင် ပြုပြင်နည်းကိုလည်း ပြပါ။ ၅၇

၂၄။ လောကဓံ ရှစ်ပါးကိုဖော်ပြ၍ နိဗ္ဗာ–အရ အကဲ့ရဲ့ခံနိုင်ရည်ရှိဖို့ အကြောင်းများကိုပြပါ။ ၅၉

၂၅။ မြော်မေ့ (အပူလုံးဆို့) လောက်အောင် ပူလောင်ခြင်းကို အဘယ်သဘောဟု မှတ်ရမည်နည်း။ ၆၅

၂၆။ အဘယ်သဘောထားမျိုးကို၊ အဘယ်စကားမျိုးကို "ဣဿာ" ဟု ခေါ်သနည်း။ ၆၇

၂၇။ ဘယ်လို အပြောမျိုးကို "အတ္တုက္ကံသန" ဟုခေါ်၍ ဘယ်လိုအပြောမျိုးကို "ပရဝမ္ဘန" ဟုခေါ်သနည်း။ ၆၈

၂၈။ ဝန်တိုခြင်း၊ သူများ မရစေလိုခြင်းကို "မစ္ဆရိယ" ဟု နားလည်လျှင် မစ္ဆရိယ ၅ ပါးကို ခွဲခြားပြပါ။ ၇၁

၂၉။ နောင်တ တစ်ဖန် ပူပန်မှုကို "ကုက္ကုစ္စ" ဟု ခေါ်ရာ၌ နောင်တ တစ်ဖန် ပူပန်ပုံကို ပြပါ။ ၇၄

၃၀။ နောင်တမရသင့်ပုံ၊ မိမိပြုမိသော အကုသိုလ်များ ပယ်ရှားနိုင်ပုံကို ပြပါ။ ၇၆

၃၁။ အဘယ်သဘောကို ထိန၊ အဘယ်သဘောကို မိဒ္ဓ–ဟု ခေါ်သနည်း။ ၇၈


www.burmeseclassic.com

www.burmeseclassic.com

၃၂။ ဝိစိကိစ္ဆာ၏ ယုံမှားသံသယ ဖြစ်ပုံကို အတော်စုံလင်အောင်ပြ၍ အမိပ္ပာယ်စသည်တို့ကို ယုံမှား သံသယ ဖြစ်ရာ၌ အကုသိုလ် ဝိစိကိစ္ဆာဖြစ် မဖြစ် ဆုံးဖြတ်ပါ။ ၇၈

**တတိယအခန်း လေ့ကျင့်ဖွယ်များ**

၁။ စိတ်ကို ကောင်းအောင်ခြယ်လှယ်သော စေတသိက်များကိုပြပါ။ ၈၁

၂။ ယုံကြည်ခြင်းကို သဒ္ဓါ-ဟု ခေါ်ရာ၌ ယုံပုံ၊ ကြည်ပုံကို ခွဲခြားပြပါ။ ၈၂

၃။ မိစ္ဆာအယူရှိသူတို့၏ စွန့်ကြဲ၊ ပေးကမ်းမှု စသည်၌ ကုသိုလ် ရ၊ မရ ကိုပြပါ။ ၈၄

၄။ အဘယ်ကိစ္စ၌ အောက်မေ့မှုအမှတ်ရမှုကို သတိအစစ်ဟု ဆိုသနည်း။ မကောင်းမှုဆိုင်ရာကို အမှတ်ရနေရာ၌ သတိအစစ်မဟုတ်လျှင် ဘယ်တရားပါနည်း။ ၈၆

၅။ ဘယ်အမှုကို ရှက်ကြောက်မှ ဟိရိဩတ္တပ္ပအစစ်ကုသိုလ်ဖြစ်သနည်း။ ၈၈

၆။ မပြောဝံ့၊ မဆိုဝံ့၊ မသွားဝံ့၊ မလာဝံ့၊ ရှက်ရွံ့ခြင်းများသည် ဟိရီ-ဩတ္တပ္ပ အစစ်မဟုတ်လျှင် ဘာသဘောများပါနည်း။ ၈၉

၇။ အလောဘ-အဒေါသ-အမောဟ တို့ကို အကျဉ်းပြပါ။ ၉၁

၈။ သဒ္ဓါနှင့် ပညာကွာခြားပုံကို ပြ၍ ၂ ပါးလုံးမစုံလျှင် အစွမ်းကုန် အကျိုးရနိုင်ပါမည်လော။ ၁၀၀

၉။ အဘယ်မေတ္တာမျိုးကို "မေတ္တာ" ဟုခေါ်သနည်း၊ မေတ္တာအတုကိုလည်းပြပါ။ ၁၀၃

၁၀။ ဆွေချစ် မျိုးချစ်၊ ဇနီးမောင်နှံချစ် စသည်ဖြင့် ချစ်နေသူ့အပေါ်၌ မေတ္တာအစစ် လုံးလုံးမဖြစ်နိုင်ဟု မှတ်ရမည်လော။ ဖြစ်နိုင်လျှင် ဝတ္ထုသက်သေပြပါ။ ၁၀၄

၁၁။ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ သဘောကို သိသာရုံပြပါ။ ၁၀၇

၁၂။ "သဗ္ဗေသတ္တာ အဝေရာ ဟောန္တု" မှစ၍ "ကမ္မဿကာ" တိုင်အောင် စကားစုတွင် မေတ္တာပို့၊ ကရုဏာပို့၊ မုဒိတာပို့၊ ဥပေက္ခာပို့ စကားကို ခွဲခြားပြပါ။ ၁၁၂

၁၃။ ဘယ်အမှုမှ ရှောင်ခြင်းကို သမ္မာဝါစာ၊ ဘယ်အမှုမှ ရှောင်ခြင်းကို သမ္မာကမ္မန္တ၊ ဘယ်အမှုမှ ရှောင်ခြင်းကို သမ္မာအာဇီဝ-ဟု ခေါ်သနည်း။ ၁၁၆

၁၄။ သမာဒါန၊ သမ္ပတ္တ၊ သမုစ္ဆေဒ ၃ မျိုးကို ခွဲပြပါ။ ၁၁၇

**စတုတ္ထအခန်း လေ့ကျင့်ဖွယ်များ**

၁။ စိတ်ကောင်း စိတ်ဆိုး ၂ မျိုးလုံးတွင် ပါဝင်နိုင်သော စေတသိက်များကိုပြပါ။ ၁၂၁

၂။ တွေ့ထိခြင်းသဘောကို ဖဿ-ဟုဆိုရာ၌ ကိုယ်ထိလက်ရောက် အထိမျိုးကို ဆိုလိုပါသလား။ ဘယ်လိုအထိမျိုး ပါနည်း။ ၁၂၀

၃။ ဣဋ္ဌာရုံ စသော အာရုံ ၃ မျိုး၊ သုခ စသော ဝေဒနာ ၅ မျိုးကို ရေတွက်ပြ၍ မည်သည့်အာရုံကို မည်သည့်ဝေဒနာက ခံစားသည်ကို ခွဲပြပါ။ ၁၂၂

www.burmeseclassic.com

www.burmeseclassic.com

၄။ သညာ၏ မှတ်ပုံကို သိသာအောင် ပြ၍ မှတ်ခြင်း၌ရသောအကျိုး ၂ မျိုးကိုလည်းပြပါ။ ၁၂၅

၅။ စေ့ဆော်ခြင်းသဘောကို စေတနာဟုခေါ်ရာ၌ စေ့ဆော်ပုံကို ထင်ရှားအောင်ပြပါ။ ၁၂၇

၆။ ထိုစေတနာကို "ကံ=အမှုသည်" တရားဟု ခေါ်ထိုက်ကြောင်း ဥပမာနှင့်တကွ ပြပါ။ ၁၂၈

၇။ အဘယ်သဘောသည် "ဧကဂ္ဂတာ" မည်သနည်း။ ထိုဧကဂ္ဂတာ၏ အခြားနာမည် တစ်မျိုးကား အဘယ် ပါနည်း။ ၁၂၉

၈။ သတ္တဝါတို့၌ "အသက်" ဟုခေါ်ရသောတရားကား အဘယ်တရားပါနည်း၊ ထိုတရားအပြင် ခန္ဓာကိုယ်၌ "အသက်ကောင်" ဟု သီးခြားရှိသေးသလော။ ၁၃၀

၉။ မနသိကာရ-ဟူသည် အဘယ်သဘောနည်း။ ထို မနသိကာရကြောင့် စိတ်တို့၌ ဘာကို အမြဲရနိုင်ကြပါ သနည်း။ ၁၃၀

၁၀။ ကြံစည်စိတ်ကူးခြင်းကို "ဝိတက်" ဟုခေါ်ရာ၌ မကောင်းဝိတက် ၃ ပါး၊ ကောင်းဝိတက် ၃ ပါးကို ခွဲ ခြားပြပါ။ ၁၃၁

၁၁။ ဝိစာရ နှင့် အဓိမောက္ခသဘောကို သိသာရုံ မျှပြပါ။ ၁၃၃

၁၂။ တွေ့ကြုံလာသော ကိစ္စ၌ မကြောက်မရွံ့ နောက်မတွန့်ဘဲ စွန့်စားခြင်း သဘောကို "ဝီရိယ" ဟု ဤကျမ်းကဆိုပြီ။ ထိုဝီရိယကြောင့် "ကျန်းမာပုံ၊ စီးပွားရေး တန်းမြင့်ပုံ၊ ပညာရေးတိုးတက်ပုံ"များကို တစ်ခုစီ ရှင်းလင်းပြ၍ ဝီရိယ ကောင်းကောင်းရှိသူသည် မည်သည့် အဖြစ်ကိုပင် ရနိုင်ပါသေးသနည်း။ ၁၃၅

၁၃။ ပီတိသဘောနှင့် သုခသဘောကို ကွဲပြားအောင် ပြပါ။ ၁၃၉

၁၄။ ဘုရားဖြစ်ချင်၊ ရဟန္တာဖြစ်ချင်၊ ကုသိုလ်လိုချင်၊ လှူချင်၊ လှူနိုင်အောင်ပစ္စည်းလိုချင်မှု စသည်၌ ဘယ် သဘောနည်း။ စည်းစိမ်ခံစားချင် ခံစားဖို့ ပစ္စည်းလိုချင်မှု စသည်၌ ဘယ်သဘောနှင့် ဘယ်သဘော တို့ တွဲဖက်၍ သတ်ချင်ဖြတ်ချင်မှုစသည်၌ဘယ်သဘောနှင့်ဘယ်သဘော တို့ တွဲနေသနည်း။ ၁၄၀

၁၅။ ထိုဖြစ်ချင်မှု၊ လိုချင်မှုများ၌ ဖြစ်ချင်ရုံ (ဆုတောင်း နေရုံ မျှဖြင့်)အကျိုးရမည်လော၊ အကျိုးရအောင်ဘယ် တရားပါစေရမည်နည်း။ ၁၄၁

၁၆။ ယခုအခါ ဆိုင်ရာဌာန၌ အထက်တန်းရောက်နေ သူတို့သည် ဘုန်းနှင့် သမ္မာနှင့် ထက်ကြပ်ပါ၍ စိတ်သွား တိုင်းကိုယ်ပါလျက် လိုရာပြီးနိုင်သူများ မဟုတ်ကြလျှင် ဘယ်တရားများကြောင့် အထက်တန်း ရောက်နေကြ သနည်း။ ၁၄၂

**ဝဋ္ဋမအခန်း လေ့ကျင့်ဖွယ်**

၁။ အဘယ်သဘောကို "စရိုက်" ဟု ခေါ်သနည်း။ ထိုစရိုက် ၆ ပါးကို ရေတွက်ပြပါ။ ၁၄၄

www.burmeseclassic.com

www.burmeseclassic.com

၂။ ရာဂနှင့်သဒ္ဓါစရိုက်ရှိသူတို့၏ အစားအသောက် အသွားအလာ အနေအထိုင် အပြောအဆိုများကိုဖော်ပြ၍၊ ထိုသူ၂ ဦးတို့ ထူးခြားချက် ကိုလည်းပြပါ။ ၁၄၅
၃။ ဒေါသစရိုက်ရှိသူနှင့် ဗုဒ္ဓိစရိုက်ရှိသူတို့၏ ဖြစ်ပုံတူသော အရာ၊ ထူးခြားသော အရာများကိုပြပါ။ ၁၄၆
၄။ မောဟနှင့် ဝိတက်စရိုက်ရှိသူတို့၏ ဖြစ်ပုံတူသောအရာ၊ ထူးခြားသောအရာများကို ပြပါ။ ၁၄၇
၅။ ရှေးဘဝက မည်သည့်အကြောင်းကြောင့် ယခုဘဝ၌ မည်သည့်စရိုက်ရှိသူ ဖြစ်တတ်သနည်း။ ၁၄၈
၆။ မကောင်းဝါသနာဆိုလျှင် ဘာကိုခေါ်၍ ကောင်းဝါသနာဆိုလျှင် ဘာကိုခေါ်သနည်း။ ၁၄၉
၇။ ထိုဝါသနာ၏ ဘဝအဆက်ဆက် လိုက်ပါပုံကို ပြပါ။ ၁၄၉

**ဆဋ္ဌမအခန်း လေ့ကျင့်ဖွယ်များ**

၁။ အဘယ်အမှုကို "ပုညကြိယဝတ္ထု" ဟုခေါ်သနည်း။ ထို ၁၀ ပါးကို ရေတွက်ပြပါ။ ၁၅၁
၂။ စေတနာဒါန၊ ဝတ္ထုဒါန ၂ မျိုးခွဲပြ၍ နောင်အကျိုးပေးရာ၌ မည်သည့်ဒါနက အကျိုးပေးသည်ဟု ပြပါ။ ၁၅၂
၃။ အလှူပစ္စည်းနှင့် အလှူခံတို့က စေတနာထက်သန်အောင် ကူညီပုံပြပါ။ ၁၅၃
၄။ နည်းနည်းအလှူနှင့် များပြားကြီးကျယ်သော အလှူတို့ အကျိုးပေးကွာခြားပုံကို ပြပါ။ ၁၅၄
၅။ အလှူပေးရာ၌ မျိုးစေ့စိုက်ပုံနှင့် တူဟန်ကို ဥာဏ်မီသမျှ ပြပါ။ ၁၅၅
၆။ အလှူခံပုဂ္ဂိုလ်ကို လိုက်၍ အကျိုးပေးပုံကို ပြပါ။ ၁၅၇
၇။ သံဃိကဒါန ဖြစ်အောင် ဘယ်လိုလှူရမည်နည်း။ ၁၅၈
၈။ သံဃိကနှင့် ပုဂ္ဂလိကဒါန ၂ မျိုးတို့ အကျိုးပေးရာ၌ ဘာကြောင့်ကွာရသည်ဟု ထင်ရှားအောင် ပြပါ။ ၁၆၀
၉။ ဘုရားရှင်အား ရည်မှန်း၍ ဆွမ်းကပ်ပုံကို ပြပြီးလျှင် ထိုဆွမ်းကို မည်သူစားထိုက်ကြောင်း ပြပါ။ ၁၆၁
၁၀။ ရုပ်ပွားတော် စသည် မရှိရာ၌ ဘုရားရှင်ကို ရည်စူး၍ ပန်းစသည် ပူဇော်လျှင် အကျိုးရနိုင်ကြောင်း ဝတ္ထုကို ပြပါ။ ၁၆၂
၁၁။ ဒါနပြုရာ၌ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ ၃ မျိုးတို့ ဖြစ်ပုံကို ခွဲခြားပြပါ။ ၁၆၃
၁၂။ အဘယ်ကုသိုလ်သည် ဒွိဟိတ်ကုသိုလ်ဖြစ်၍ အဘယ်ကုသိုလ်က တိဟိတ်ကုသိုလ် ဖြစ်သနည်း။ ၁၆၆
၁၃။ ထိုကုသိုလ်များသည် ဘယ်လိုဖြစ်လျှင် ဥက္ကဋ္ဌကုသိုလ်၊ ဘယ်လိုဖြစ်လျှင် ဩမကကုသိုလ်ဖြစ်သနည်း။ ၁၆၈
၁၄။ ဒါန၏ အယုတ်၊ အလတ်၊ အမြတ် သုံးမျိုးကို နည်းအမျိုးမျိုးအရ ခွဲခြားပြပါ။ ၁၆၉
၁၅။ ဒါန၏အကျိုးကို ဥာဏ်မီသမျှ ပြောပြပါ။ ၁၇၀
၁၆။ "ဒါနက သံသရာရှည်စေသည်" ဟု ပြောကြရာ၌ ဘယ်လို ဒါနသည် သံသရာရှည်စေ၍ ဘယ်လိုဒါနသည် သံသရာကို တိုစေပါသနည်း။ ၁၇၂

www.burmeseclassic.com

www.burmeseclassic.com

၁၇။ ဝဋ္ဋနိဿိတ ကုသိုလ်–ဝိဝဋ္ဋနိဿိတ ကုသိုလ် ၂ မျိုးကို ခွဲပြပါ။ ၁၇၃
၁၈။ ဒါနကြောင့် အခြားပါရမီများ ပြည့်လွယ်ပုံကို ပြပါ။ ၁၇၃
၁၉။ ဒါနကို ပစ်ပယ်လျှင် ဖြစ်ဖွယ်အပြစ်များကို ပြပါ။ ၁၇၉
၂၀။ "ဒါနထက် သီလက မြတ်သည်" ဟု ဆိုကြရာ၌ မြတ်ထိုက်သောအကြောင်းကို ပါဏာတိပါတ ဝိရတိသီလ–တစ်ခုဖြင့် နှိုင်းယှဉ်ပြပါ။ ၁၈၂
၂၁။ ပါဏာတိပါတ ဝိရတိသီလမှ စ၍ ၅ ပါး သီလကြောင့် သတ္တဝါတွေ ချမ်းသာခွင့်ရပုံကို သိက္ခာပုဒ် တစ်ပါးစီ ခွဲပြပါ။ ၁၈၃
၂၂။ ဘာဝနာဟူသည် အဘယ်အလုပ်မျိုးနည်း။ ၁၈၇
၂၃။ သာမန်လူတို့၏ ဒါနနှင့် အလောင်းတော်၏ ဒါန ဝယ် စိတ်ထားခြင်း ကွာခြားပုံကို ဝေဿန္တရာမင်း၏ ဒါနဖြင့် ထင်ရှားအောင်ပြပါ။ ၁၈၈
၂၄။ အပစာယနဟူသည် အဘယ် ကုသိုလ်မျိုးနည်း။ ၁၉၂
၂၅။ ဝေယျာဝစ္စ ဟူသည် အဘယ်ကုသိုလ်မျိုးနည်း။ ၁၉၄
၂၆။ ပတ္တိဒါန ဟူသည် အဘယ်ကုသိုလ်မျိုးနည်း။ ၁၉၅
၂၇။ ပတ္တာနုမောဒန– ဟူသည် အဘယ်ကုသိုလ်မျိုး နည်း။ ၁၉၆
၂၈။ ပတ္တာနုမောဒန– ကုသိုလ်ကြောင့် အဘယ်သူတို့မှာ ဒိဋ္ဌဓမ္မအကျိုးရနိုင်ကြသနည်း။ ၁၉၇
၂၉။ တရားနာရာ၌ ရနိုင်သော အကျိုး ၅ ပါးကိုပြပါ။ ၁၉၉
၃၀။ လာဘ်ကိုမျှော်၍ တရားဟောရာ၌ ဘာနှင့် တူသနည်း။ ၂၀၁
၃၁။ အသံလုပ်၍ တရားဟောရာ၌ အပြစ် ၅ ပါးကို ပြပါ။ ၂၀၂
၃၂။ တရားနည်းလမ်းကျသော စာကို ဖတ်ပြခြင်း၊ ဆုံးမ စကားပြောခြင်းများလည်း ဓမ္မဒေသနာကုသိုလ် မဖြစ် ပါလား။ ၂၀၃
၃၃။ အဘယ်ကုသိုလ်ကို ဒိဋ္ဌိဇုကမ္မ–ဟုခေါ်သနည်း။ ဤဒိဋ္ဌိဇုကမ္မနှင့် သမ္မာဒိဋ္ဌိ–ကမ္မဿကတာဉာဏ်တို့ ခြားနားကြသေးသလော။ ၂၀၄
၃၄။ သမ္မာဒိဋ္ဌိ အယူရှိတိုင်း ဗုဒ္ဓဘာသာဝင်ဖြစ်မည်လား။ ဗုဒ္ဓဘာသာဖြစ်အောင် ဘာကို ဆိုရသေးသနည်း။ ၂၀၅
၃၅။ ပုညကြိယဝတ္ထု ၁၀ ပါးကို ၄၀ ဖြစ်အောင် မြှောက်ပြပါ။ ၂၀၆

**သတ္တမအခန်း လေ့ကျင့်ဖွယ်များ**

၁။ ပါဠိလို ကမ္မ၊ မြန်မာလို ကံ၊ တစ်နည်းဆင့်၍ အဓိပ္ပာယ်ပြန်လျှင် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု ဟုဆိုလို ကြောင်း နားလည်လျှင် ထိုကံဖြစ်အောင် လှုံ့ဆော်သော တရားကား အဘယ်တရားနည်း။ ၂၀၈
၂။ ကုသိုလ် အကုသိုလ်များဖြစ်ပြီးနောက် ("သဗ္ဗေ သင်္ခါရာ အနိစ္စာ" အရ မမြဲ၍ ပျက်သွားသောအခါ) တစ်စုံတစ်ရာ မကျန်ရစ်ပါသလော။ ၂၁၁

www.burmeseclassic.com

www.burmeseclassic.com

၃။ ထိုကျွန်ရစ်သော အရာသည် ခန္ဓာအစဉ်ဝယ် မည်ကဲ့သို့ လိုက်ပါတည်ရှိသနည်း။ ၂၁၂

၄။ ကံ-ပြုသူ၌ နောက်နောက်ဘဝဝယ် ကံအကျိုး တိုက်ရိုက်ရပုံကို ပြပါ။ ၂၁၂

၅။ ကုသိုလ် ကံတူအကျိုးပေးပုံကို ဓာတ်ဝတ္ထုများနှင့် တကွ ထင်ရှားပြပါ။ ၂၁၃

၆။ အကုသိုလ် ကံတူအကျိုးပေးပုံကိုလည်း ဓာတ်ဝတ္ထုနှင့်တကွ ထင်ရှားပြပါ။ ၂၁၄

၇။ တစ်ယောက်ကုသိုလ်၏ အကျိုးအာနိသင်ကို စပ်ဆိုင်သူများ ရတတ်ပုံကို ဝတ္ထုနှင့်တကွ ပြပါ။ ၂၁၅

၈။ အကုသိုလ်၏အကျိုးများကိုလည်း နီးစပ်သူတို့အား အဖျားခတ်တတ်ပုံကို ဝတ္ထုနှင့်တကွ ပြပါ။ ၂၁၆

၉။ အကုသိုလ်ကံသည် ကံပြုသူကို တိုက်ရိုက်နှိပ်စက်ခွင့်မရလျှင် နီးစပ်သူတို့ ဒဏ်ခံရတတ်ပုံကို ပြပါ။ ၂၁၉

၁၀။ ကံချင်းတူလျက် ကံပြုသူ၏ မျက်နှာလိုက်၍ အကျိုးပေး မတူတတ်ပုံကို ပြပါ။ ၂၁၉

၁၁။ သမ္ပတ္တိ ၄ ပါး၊ ဝိပတ္တိ ၄ ပါးကို ပါဠိမြန်မာ ၂ မျိုးလုံး ပြပါ။ ၂၂၁

၁၂။ ကုသိုလ်ကံ အကုသိုလ်ကံ ၂ မျိုးတွင် သမ္ပတ္တိဆိုက်နေသောအခါ အဘယ်ကံ အကျိုးပေးခွင့်သာ၍ ဝိပတ္တိဆိုက်သောအခါ အဘယ်ကံအကျိုးပေးခွင့် သာပါသနည်း။ ၂၂၁

၁၃။ ပယောဂသမ္ပတ္တိဖြင့် အကုသိုလ်ကံ အကျိုးမပေးနိုင်အောင် တားနိုင်ပုံကိုပြပါ။ ၂၂၆

၁၄။ ပယောဂသမ္ပတ္တိကြောင့် စီးပွားရေးတန်းမြင့်ပုံကို ပြပါ။ ၂၂၈

၁၅။ ပယောဂသမ္ပတ္တိကြောင့် ကျန်းမာပုံကိုပြပါ။ ၂၂၉

၁၆။ ပယောဂသမ္ပတ္တိ အမျိုးမျိုးကိုပြပါ။ ၂၂၉

၁၇။ ဝိပတ္တိဆိုက်နေလျှင် ပြင်၍ မရပြီလော။ ရနိုင်သမျှ ပြုပြင်နည်းကို ပြပါ။ ၂၃၁

၁၈။ "သမ္ပတ္တိ-ဝိပတ္တိဆိုက်နေပုံအလိုက် ကုသိုလ် အကုသိုလ်ကံတို့ အကျိုးပေးခွင့်သာကြသည်" ဟု မယူဆမူ၍ (မည်သည့် ကောင်းကျိုး ဆိုးကျိုးကိုမဆို) ကံစီမံသလို ဖြစ်ကြရသည်။ မည်သည့်အချိန်မှာ မည်သည့်အကျိုးကို ရလိမ့်မည်ဟု ရေးမဆွကပင် ကံက စီမံပြီး ဖြစ်သည်ဟု အယူသည်းသူတို့မှာ အဘယ် မိစ္ဆာအယူသို့ သက်ဝင်နေသနည်း။ ၂၃၄

၁၉။ ကုသိုလ် အကုသိုလ်ကံတို့ ကံတူအကျိုးပေါ်ပုံကို ပြပါ။ ၂၃၅

၂၀။ ဒါနပြုစဉ်က အပရ စေတနာ ချို့တဲ့၍ စည်းစိမ် မခံစားချင်ဘဲ ဖြစ်ရပုံကို ဝတ္ထုနှင့်တကွပြပါ။ ၂၃၅

**အဋ္ဌမအခန်း လေ့ကျင့်ဖွယ်များ**

၁။ သေခြင်း အကြောင်း ၄ ပါးကို ပြပါ။ ၂၄၀

၂။ အသက်တမ်းကုန်၍ သေရပုံကို ပြပါ။ ၂၄၁

၃။ ကံစွမ်းကုန်၍ သေရပုံကို ပြပါ။ ၂၄၂

၄။ အသက်တမ်း၊ ကံစွမ်း ၂ မျိုးလုံး ကုန်ခြင်းကြောင့် သေရပုံကို ပြပါ။ ၂၄၂

www.burmeseclassic.com

www.burmeseclassic.com


၅။ ဥပစ္ဆေဒကကံ ဟူသည် အဘယ်နည်း။ ထိုကံကြောင့် သေရပုံကိုပြပါ။ ၂၄၂

၆။ သေချိန်မကျဘဲ သေရသူတွေ ပေါများပုံကိုပြပါ။ ၂၄၄

၇။ စုတေခါနီး အရေးကြီးပုံ ပြပါ။ ၂၄၆

၈။ စုတေခါနီး ထင်လာတတ်သော အာရုံ ၃ မျိုးကို ပြပါ။ ၂၄၆

၉။ ကံအာရုံ ထင်လာပုံကို ပြပါ။ ၂၄၇

၁၀။ ကမ္မနိမိတ် အာရုံထင်လာပုံကို ပြပါ။ ၂၄၇

၁၁။ ဂတိနိမိတ် အာရုံထင်လာပုံကို ပြပါ။ ၂၄၈

၁၂။ ဂတိကောင်းမည်–မကောင်းမည်ကို ဘယ်လိုအခြေအနေ ကြည့်၍ မှန်းဆနိုင်သနည်း။ ၂၄၈

၁၃။ စုတေခါနီး၌ ပြုပြင် ပေးသင့်ပုံကိုပြပါ။ ၂၅၁

၁၄။ စုတေစိတ်ကျပြီးနောက် ဘယ်လောက်ကြာမှ ဘဝသစ်၌ ပဋိသန္ဓေစိတ် ဖြစ်သနည်း။ ၂၅၂

၁၅။ စုတိပဋိသန္ဓေနှင့် စပ်၍ မိစ္ဆာ အယူ ၂ မျိုး ဖြစ်တတ်ပုံ၊ သမ္မာအယူဖြစ်ပုံကို ပြပါ။ ၂၅၂


**နဝမအခန်း လေ့ကျင့်ဖွယ်များ**


၁။ အဘယ်ကို "ပဋိသန္ဓေ" ဟုခေါ်သနည်း။ ထိုပဋိသန္ဓေဟူသောစကား၌ အဓိပ္ပာယ် ဘယ်လိုရသနည်း။ ၂၅၅

၂။ ဘယ်လိုပဋိသန္ဓေကို "ဥပပတ်ပဋိသန္ဓေ" ဟုခေါ်သနည်း။ ထိုဥပပတ်ပဋိသန္ဓေ နေသူများကား အဘယ်သူများနည်း။ ၂၅၆

၃။ ဘယ်လိုပဋိသန္ဓေကို "သံသေဒဇ" ဟုခေါ်သနည်း၊ ထိုပဋိသန္ဓေ နေသူများကား အဘယ်သူများနည်း။ ၂၅၆

၄။ ဘယ်လိုပဋိသန္ဓေကို "အဏ္ဍဇ" ပဋိသန္ဓေ ဟုခေါ်သနည်း။ ထိုပဋိသန္ဓေနေသူများကိုပြပါ။ ၂၅၇

၅။ ဘယ်လိုပဋိသန္ဓေကို "ဇလာဗုဇ" ပဋိသန္ဓေ ဟုခေါ်သနည်း။ ထိုပဋိသန္ဓေနေသူများကို ပြပါ။ ၂၅၇

၆။ ဇလာဗုဇပဋိသန္ဓေနေခြင်း၏ အကြောင်း ၃ ပါးကိုပြပါ။ ၂၅၇

၇။ အဘယ်ကို "ကလလရေကြည်" ဟုခေါ်သနည်း၊ ထိုကလလရေကြည်၏ ပမာဏကို ပြပါ။ ၂၅၈

၈။ ထို ကလလရေကြည်သည် ကံကြောင့်ဖြစ်ရိုးမှန်လျှင် ဘာကြောင့် သားသမီးများ မိဘနှင့်တူတတ်သနည်း။ ၂၅၉

၉။ ဒုဂ္ဂတိအဟိတ်စသော ပုဂ္ဂိုလ် ၄ မျိုးကို ပြ၍ သုဂတိအဟိတ် လူနှင့် နတ်များကို ဖော်ပြပါ။ ၂၆၀

၁၀။ အဘယ်ကုသိုလ်ကံကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်ရသနည်း။ ထို သုဂတိအဟိတ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့ ဘာကြောင့် ဈာန်၊ မဂ်၊ ဖိုလ်ကို မရထိုက်သနည်း။ ၂၆၂

၁၁။ အဘယ်ကုသိုလ်ကြောင့် တိဟိတ်ပုဂ္ဂိုလ် ဖြစ်ရသနည်း။ ယခုကာလ တိဟိတ်ပုဂ္ဂိုလ် နည်းပါသလား။ မနည်းလျှင် ဘာကြောင့်ဈာန်မရကြသနည်း။ ၂၆၂

၁၂။ အရိယာပုဂ္ဂိုလ် ၈ ယောက်ကို ရေတွက်ပြပါ။ ၂၆၃


www.burmeseclassic.com

www.burmeseclassic.com

၁၃။ သတ္တဝါတို့သည် အမိဝမ်း၌ အောင်းစဉ်ကစ၍ တစ်ယောက်နှင့် တစ်ယောက် ဆင်းရဲချမ်းသာကွဲခြင်း၊ အဆင်းလှ မလှခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်း။ ၂၆၃

## ဒသမအခန်း လေ့ကျင့်ဖွယ်များ

၁။ ဖောက်ပြန်တတ်သော တရားစုကို "ရုပ်" ဟုခေါ်ရာ၌ ထိုရုပ်တရားတို့၏ ဖောက်ပြန်ပုံကိုပြပါ။ ၂၆၆

၂။ အရေးတကြီး သိသင့်သော ရုပ် ၁၉ ပါးကို ရေတွက်ပြပါ။ ၂၆၇

၃။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့၏ သဘောကိုပြပါ။ ၂၆၈

၄။ တေဇောကို ဘာဟုခေါ်သနည်း။ ထိုတေဇော ၂ မျိုးကိုပြပါ။ ၂၆၉

၅။ ပါစကဝမ်းမီးဟူသည် ဘယ်ဓာတ်ပါနည်း။ ၂၇၀

၆။ ဝါယောဓာတ် ၆ မျိုးကိုပြပါ။ ၂၇၀

၇။ ခန္ဓာကိုယ်ဝယ် အဘယ်လေဓာတ် မလျှောက်နိုင်မည်စိုး၍ " ကြာရှည်စွာကွေး၍ မထိုင်ရ၊ လမ်းများများ လျှောက်ပေးရမည်"ဟု တိုက်တွန်းကြသနည်း။ ၂၇၁

၈။ ခန္ဓာကိုယ်၌ အမာခံနှင့် အမှွမ်းတင်ရုပ်များကို ခွဲခြားပြပါ။ ၂၇၂

၉။ ပသာဒရုပ် ၅ ပါးကို ရေတွက်၍ ထိုပသာဒတို့၏ တည်ရာအရပ်ကိုလည်းပြပါ။ ၂၇၂

၁၀။ အာရုံ ၅ ပါးကို ရေတွက်ပြ၍ ထိုအာရုံများကို ဖမ်းနိုင်သော ပသာဒ ၅ ရုပ်နှင့် တွဲစပ်၍ပြပါ။ ၂၇၄

၁၁။ အဘယ်တရားကို ကာမဂုဏ် ၅ ပါးဟုခေါ်သနည်း။ ၂၇၄

၁၂။ မိန်းမ ယောကျ်ား ကွဲပြားခြင်း၏ အကြောင်းရင်းဖြစ်သော ရုပ်များကား ဘယ်ရုပ်များနည်း။ ထိုရုပ်များသည် ခန္ဓာကိုယ်ဝယ် အဘယ်အရပ်တို့၌ တည်ရှိကြသနည်း။ ၂၇၅

၁၃။ များစွာသောစိတ်တို့၏ တည်ရာရုပ်ကား ဘယ်ရုပ်နည်း။ ထိုရုပ်သည် အဘယ်အရပ်၌ တည်ရှိသနည်း။ ၂၇၅

၁၄။ ရုပ်တို့မှာ အသက်ရှိသလား။ ရှိလျှင် အဘယ်တရားနည်း။ ၂၇၅

၁၅။ ဩဇာဟူသည် အဘယ်ရုပ်နည်း။ ၂၇၆

၁၆။ အာကာသဓာတ်ဟူသည် အဘယ်နည်း။ ၂၇၆

၁၇။ အဘယ်ကို "ကလာပ်" ဟုခေါ်သနည်း။ ရုပ်တို့သည် တစ်ခုစီခွဲ၍ ဖြစ်ရိုးရှိကြသလား။ ၂၇၇

၁၈။ အမြဲတွဲ၍ ဖြစ်ရသော ရုပ် ၈ ပါးကိုပြ၍ မြေ၊ ရေ၊ လေ၊ နေရောင် စသည်၌ မည်သည့်ရုပ်များ စုဝေးနေသည်ဟုပြပါ။ ၂၇၇

၁၉။ ဤရုပ်ခန္ဓာကြီးကို ကံက စီမံပုံ၊ စိတ်က စီမံပုံ၊ ဥတုကစီမံပုံ၊ အာဟာရက စီမံပုံကိုလည်း အသီးသီး ခွဲခြားပြပါ။ ၂၇၈

## ဧကာဒသမအခန်း လေ့ကျင့်ဖွယ်များ

၁။ ငရဲဘုံ ဘယ်မှာရှိသလဲ၊ ဘာကြောင့်ဖြစ်သလဲ။ ၂၈၅

www.burmeseclassic.com

www.burmeseclassic.com


၂။ ငရဲကြီးရှစ်ထပ်ကို ရေတွက်ပြပါ။ ၂၈၅

၃။ ဘယ်သူ့ကို "ယမမင်း" ဟုခေါ်သနည်း။ ထိုယမမင်းသည် ဘယ်လိုသဘောဖြင့် ငရဲရောက်လာသူများကို စစ်ဆေးသနည်း။ ငရဲရောက်လာသူတိုင်း အစစ်ဆေးခံရသလား။ ၂၈၆

၄။ ဘယ်သူများကို ငရဲထိန်းဟုခေါ်သနည်း။ ထိုငရဲထိန်းတို့ ဘယ်ကိစ္စများကို ရွက်ဆောင်ကြရသနည်း။ ၂၈၆

၅။ ငရဲကြီးရှစ်ထပ်၌ ဒုက္ခခံရပုံကို အသီးသီးခွဲခြားပြပါ။ ၂၈၈

၆။ ငရဲကြီးရှစ်ထပ်အပြင် အခြားငရဲများရှိသေးသလား။ ငရဲဒုက္ခကို ကုန်အောင်ပြနိုင်မည်လား။ ၂၉၆

၇။ ကမ္ဘာကြီးပျက်ပုံကို ပြပါ။ ၂၉၇

၈။ ကမ္ဘာတည်ပုံကို ပြပါ။ ၃၀၀

၉။ လောကန္တရိက်ငရဲသည် ဘယ်မှာတည်နေသနည်း။ ၃၀၁

၁၀။ မြင်းမိုရ်တောင်၊ ကျွန်းကြီး ၄ ကျွန်း၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်များ၏ တည်နေရာအရပ်ကို ပြပါ။ ၃၀၁

၁၁။ ကမ္ဘာဦးက ဗြဟ္မာကြီးများကိုယ်တိုင် လူ့ပြည်ဆင်းကာ လူဖြစ်ကြသလား။ ဘယ်လိုနည်းဖြင့် လူဖြစ်လာကြသနည်း။ ၃၀၃

၁၂။ ကမ္ဘာဦးက လူများ အစေးအစာကို ပထမစားပုံ၊ လ နေ နက္ခတ်တို့ ပေါ်ပေါက်လာပုံကို ပြပါ။ ၃၀၃

၁၃။ ယောကျ်ားမိန်းမ ကွဲပြားလာပုံကိုပြပါ။ ၃၀၅

၁၄။ ကမ္ဘာဦးလူတို့ ဘာကြောင့် အိမ်ဆောက်၍ နေကြသနည်း။ မင်္ဂလာဆောင် ခဲပေါက်ကိစ္စ ဘယ်ကစ၍ ဖြစ်ခဲ့သနည်း။ ၃၀၆

၁၅။ နတ်ဘုံနတ်နန်းတို့ ခမ်းနားပုံကို ပြပါ။ ၃၀၆

၁၆။ နတ်သမီးများ၏ လူ့သမီးထက်ထူးခြားပုံကို ပြပါ။ ၃၀၇

၁၇။ တချို့နတ်မှာ တစ်ဖက် ၅၀၀ အခြွေအရံရှိဖို့ကို မဆိုထားဘိ ဗိမာန်ကိုမျှ ကိုယ်ပိုင်ရှိကြမည်လား။ ၃၀၈

၁၈။ နတ်သမီး နတ်သားအချို့တို့ လူပျို အပျိုလှည့်ရသေးသလား။ ၃၀၈

၁၉။ နတ်ပြည်၌ အနာဂါမ်နှင့် ရဟန္တာတို့ ဘာကြောင့် မနေနိုင်သနည်း။ မနေနိုင်လျှင် ဘယ်သွားကြသနည်း။ ၃၁၀

၂၀။ နတ်ပြည်၌ ကမ္မဋ္ဌာန်းအားထုတ်ဖို့ကို မဆိုထားဘိ ဥပုသ်မကျိုးရအောင် စောင့်ဖို့လွယ်ကူရဲ့လား။ ၃၁၁

၂၁။ ပါရမီဖြည့်လိုသော အလောင်းတော်တို့သည် နတ်ပြည်မှာ ဘာ့ကြောင့် ကြာရှည်စွာ မနေလိုကြသနည်း။ ၃၁၁

၂၂။ နတ်ပြည်၌ သူတော်ကောင်းစိတ်ဓာတ် ခိုင်မြဲအောင် မျှော်လင့်ဖွယ်အချက်ကလေးများ ရှိလျှင်ပြပါ။ ၃၁၁

၂၃။ ဗြဟ္မာများ၏ နေထိုင်ပုံကို ပြပါ။ ၃၂၄

၂၄။ အသညသတ်အရူပဆိုတာ ဘယ်လိုဗြဟ္မာများပါနည်း။ ၃၂၅

၂၅။ ဗြဟ္မာ့ပြည် တဝင်းဝင်း၊ ဝက်စားကျင်း တရွှတ်ရွှတ် ဖြစ်ပုံကိုပြပါ။ ၃၂၆

၂၆။ နိဗ္ဗာန်အကြောင်း ၃၂၇

၂၇။ သောတာပန်ဖြစ်ဖို့ခက်သလား။ ၃၃၂

၂၈။ နိဗ္ဗာန်-ပရိနိဗ္ဗာန် ၃၃၄

၂၉။ နိဗ္ဗာန်၏ ဂုဏ်တော်တချို့ ၃၄၂

၃၀။ ကျမ်းပြီးနိဂုံး ၃၄၉


www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းစာရှုနည်းနိဿရည်း

၁။ မိမိနှင့် သင့်တော်သော ကျမ်းစာကိုရလျှင် နေ့စဉ်မှန်မှန် ကြည့်ရှုကာ နိဒါန်းမှစ၍ နိဂုံးတိုင်အောင် ကြည့်ရှုသင့်ပါသည်။ [နိဒါန်း၌ ကျမ်းစာ၏ ရည်ရွယ်ချက်များ ပါရှိတတ်၍ နိဂုံး၌ ကျမ်းဆရာ၏အကြောင်း အတ္ထုပ္ပတ္တိ ဖြစ်စေ၊ အရေးကြီးသော အကြောင်းအရာဖြစ်စေ ပါရှိတတ်သည်။]

၂။ ထိုကျမ်းစာ၌ ကြည့်ရှုရင်းပင် မိမိ နှစ်သက်ဖွယ် အချက်များကို သို့မဟုတ် မိမိ သဘောအားဖြင့် မသင့် ဟုမှတ်ထင်ရသော အချက်များကို သို့မဟုတ် မိမိချည်း မဆုံးဖြတ်နိုင်၍ ပညာရှိအထံ မေးဖွယ် အချက်များကို အောက်ခြေက မင်သား၍သော်လည်း ထားပါ။ သို့မဟုတ် မျက်နှာနံပါတ်ကိုသော်လည်း မှတ်သားပါ။

၃။ အားလပ်ခွင့်ရသောအခါ ထိုမှတ်သားထားသော အချက်များကို သဘောကျဖြစ်လျှင် ထပ်ကာထပ်ကာ ကြည့် သို့မဟုတ် ကျက်ထားပါ။ သဘောမကျလျှင် ပညာရှိနှင့်တွေ့က မေးမြန်းပါ။

ဤကဲ့သို့လေ့လာကြမှသာ မိမိမှာ အကြားအမြင် ဗဟုသုတတိုးပွားသူဖြစ်၍ အရာရာ စဉ်းစားနိုင်းချိန် လေ့ရှိကာ ကျမ်းစာကြည့်ရှုရ ကျိုးနပ်ပါလိမ့်မည်။

***ဟိတောပဒေသ***။ ။ အကြင်သူမှာ မိမိကိုယ်ပိုင် ဉာဏ်မရှိ။ ထိုသူ့မှာ ကျမ်းစာသည် အသုံးမဝင်၊ မျက်စိ မမြင်သူမှာ အဖိုးထိုက် အဖိုးတန် ကိုယ်လုံးပေါ် မှန်ကြီးကို ဘယ်လို အသုံးချမည်နည်း။



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ပထမအခန်း

(ဤအခန်း၌ ပရမတ်အကြောင်း စိတ်အကြောင်း ပါသည်။)

**ပရမတ္ထတရား ၄ ပါး**

ပရမတ္ထဆိုသည်မှာ ပါဠိစကားတည်း။ မြန်မာလို "မြတ်သော အနက်သဘော" ဟုဆိုလိုသည်။ "မြတ်" ဆိုသည်မှာလည်း "မွန်မြတ်– မြင့်မြတ်–ကောင်းမြတ်" ဆိုသော အမြတ် မဟုတ်၊ ပင်ကိုသဘောအတိုင်း မဖောက်ပြန် မပြောင်းလဲဘဲ ခိုင်မြဲတည့် မတ်သော အမြတ်တည်း။ (ပရမ= မြတ်သော + အတ္ထ= အနက်သဘော၊ ပရမတ္ထ = မြတ်သော အနက်သဘော။ ဤပရမတ္ထသဘောကို "ပရမတ်" ဟုလည်း ခေါ်၏) ထိုပရမတ္ထတရားကား– စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် အားဖြင့် ၄ ပါးရှိသည်။

**မဖောက်ပြန်ပုံ**

စေတသိက်တရားတို့၌ လောဘ ဒေါသများ ပါရှိ၏၊ လောဘသည် လိုချင်ခြင်းသဘော၊ ဒေါသကား ခက်ထန်ခြင်း သဘောပင်တည်း။ လောဘသည် ပညာရှိသူတော်ကောင်း၏ သန္တာန်မှာ ဖြစ်ဖြစ်၊ သူယုတ်မာ သန္တာန်မှာ ဖြစ်ဖြစ်၊ ခွေးသန္တာန်မှာ ဖြစ်ဖြစ် လိုချင်သော သဘောမှ ဖောက်ပြန်ခြင်း၊ ပြောင်းလဲခြင်း မရှိချေ။ ထို့အတူ ဒေါသ၏ ခက်ထန်ခြင်း သဘောလည်း မည်သူ့သန္တာန်မှာဖြစ်ဖြစ် မဖောက်ပြန် မပြောင်းလဲချေ။ အခြားသော ပရမတ္ထတရားတို့ မပြောင်းလဲကြပုံကိုလည်း ဤနည်းအတိုင်း သိပါ။

ဤသို့လျှင် ပရမတ်သဘောတို့သည် မျက်နှာကြီးငယ် ရွေးချယ်လိုက်စားခြင်း မရှိဘဲ မူရင်းအတိုင်း ထင်ရှားမြဲဖြစ်သော ကြောင့် မိမိ သူတစ်ပါးတို့၏ စိတ်နေစိတ်ထားကို အမှန်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



သိနိုင်ဖို့ရာ ယခုညွှန်ပြမည့် ပရမတ်သဘောများကို ကြိုးကြိုးစားစား လေ့လာသင့်ကြပါသည်။

(ဆောင်) ၁။ သဘောအမှန်၊ မဖောက်ပြန်သဖြင့်၊ မှန်ကန်တည့်မတ်၊ ဂုဏ်အမြတ်၊ ပရမတ္ထခေါ်။

၂။ စိတ်စေတသိက်၊ ရုပ်နိဗ္ဗာန်အား၊ ခွဲ၍ထား၊ လေးပါးပြားဘိသော်။

## စိတ်အကြောင်း

### အာရုံကို သိတတ်သော သဘောသည် စိတ်

ငါတို့သည် ဟိုဟာသိ သည်ဟာသိနှင့် အချိန်ရှိသမျှ အာရုံတွေကို သိနေကြသည်။ ထိုသို့ အာရုံတွေကို သိတတ်သော သဘောကို "စိတ်" ဟုခေါ်သည်။ "သိ" ဆိုသော်လည်း ဉာဏ်ဖြင့်သိသော အသိမဟုတ်၊ အာရုံကို ရအောင် ယူနိုင်ခြင်းကိုပင် "အသိ" ဟုခေါ်သည်။

**အာရုံ ၆ ပါး, အသိ ၆ မျိုး**

| | | | |
|---|---|---|---|
| ၁။ | အဆင်း အရောင်ဟူသမျှ | = | ရူပါရုံ |
| ၂။ | အသံဟူသမျှ | = | သဒ္ဒါရုံ |
| ၃။ | အနံ့ဟူသမျှ | = | ဂန္ဓာရုံ |
| ၄။ | အရသာဟူသမျှ | = | ရသာရုံ |
| ၅။ | အတွေ့ ဟူသမျှ | = | ဖောဋ္ဌဗ္ဗာရုံ |
| ၆။ | ကြွင်းသော သိဖွယ်ဟူသမျှ | = | ဓမ္မာရုံ |

ရူပါရုံကို မြင်သောအခါ၊ မြင်သိ– သိသောစိတ် ဖြစ်၏။ သဒ္ဒါရုံကို ကြားသောအခါ၊ ကြားသိ– သိသောစိတ်၊ ဂန္ဓာရုံကို နံသော၊ မွှေးသောအခါ နံသိ၊ မွှေးသိ– သိသောစိတ်၊ ရသာရုံကို



အရသာခံသောအခါ၊ အရသာသိ– သိသောစိတ်၊ တစ်စုံတစ်ခုကို တွေ့ထိရသောအခါ၊ အတွေ့အထိ သိ– သိသောစိတ်၊ ထိုအာရုံငါးပါးနှင့်တကွ ကြွင်းသောအကြောင်းအရာတွေကို သိသောအခါ ဆိုင်ရာကို သိသောစိတ်များ ဖြစ်ကြလေသည်။ ဤသို့ ဆိုင်ရာအာရုံကို ရအောင်ယူနိုင်ခြင်းသည် စိတ်၏ သိခြင်းပင်တည်း။

### စိတ်၏အခြင်းအရာ

စိတ်သည် အဝေးသို့လည်း သွားနိုင်၏။ တစ်ပါးတည်းသာ လှည့်လည်လေ့ရှိ၏။ ခန္ဓာကိုယ် အထည်ဒြပ်လည်းမရှိ။ ခန္ဓာကိုယ်ဝယ် ဟဒယ လိုဏ်ဂူ၌ အများအားဖြင့် ဖြစ်လေ့ရှိ၏ဟု ဓမ္မပဒပါဠိတော်၌ ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသည့်အတိုင်း စိတ်၏ အခြင်းအရာကို ထင်ရှားအောင် ပြပါဦးမည်။

### အဝေးလည်းသွား

စိတ်သည် ခြေဖြင့် လျှောက်သွားနိုင်သကဲ့သို့ အဝေးရပ်ရောက်အောင် သွားနိုင်သည် မဟုတ်။ သို့သော် အလွန်ဝေးသောအရပ်ကို လှမ်း၍ အာရုံပြုနိုင်ရကား အဝေးရောက်အောင် သွားသကဲ့သို့ ထင်ရပေသည်။ ဥပမာ– မန္တလေးမှနေ၍ ရန်ကုန်ရှိ အာရုံများကို အာရုံပြုရာ၌ စိတ်သည် ရန်ကုန်သို့ ရောက်သွားသည်မဟုတ်၊ မန္တလေးမှာ ဖြစ်လျက်ပင် ရန်ကုန်သို့ လှမ်း၍ အာရုံပြုနိုင်သည်။ ထိုသို့ အဝေးအာရုံကို ယူနိုင်သည့်အတွက် "အဝေးလည်းသွား" ဟု ဆိုရပေသည်။

### တစ်ပါးတည်းလည်

စိတ်သည် အလွန်အဖြစ်အပျက် မြန်၏။ လက်ဖျစ် တစ်ချက်တီးခန့် အချိန်မှာပင် စိတ်ပေါင်း ကုဋေတစ်သိန်းမက ရှေ့နောက်ဆက်၍ ဖြစ်ပျက်နိုင်၏။ ထိုမျှလောက် အဖြစ်အပျက် မြန်သည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



စိတ် ၂ မျိုး ၃ မျိုး တစ်ပြိုင်နက်ဖြစ်၍ အာရုံ ၂ ခု ၃ ခုကို တစ်ခါတည်း ယူနိုင်သည်ဟု ထင်ရလေသည်။ စင်စစ်မှာ ၂ စိတ် ၃ စိတ် ပြိုင်၍ ဖြစ်ရိုးမရှိ၊ တစ်စိတ်ပြီးမှ တစ်စိတ် ဖြစ်၍ အာရုံတစ်ခုကို ယူပြီးမှ တခြားအာရုံတစ်ခုကို ဆက်၍ ယူရသည်။

မွှေးကြိုင်စွာ ပန်းနံ့သာ ခြယ်လှယ်ထားသော ဖဲမွေ့ရာပေါ်မှာထိုင်လျက် ချိုချဉ်စားရင်း က၍ သီဆိုနေသူကို ကြည့်ရှုနားထောင်ရာ၌ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အာရုံ ၅မျိုးလုံးပင် အနီးအပါးတွင်ရှိ၏။ ထိုအခါ စိတ်သည် ထိုအာရုံ ၅ မျိုးလုံးကို တစ်ပြိုင်နက်မသိ၊ မိမိအနှစ်သက်ဆုံး အာရုံတစ်ခုခုကို စိတ်တစ်မျိုးဖြင့် ရှေးဦးစွာ သိပြီးမှ အခြားအခြားသော အာရုံများကို တစ်ခုပြီးတစ်ခု ဆက်၍ဆက်၍ သိသည်။

ဤသို့လျှင် စိတ်သည် ၂ ပါး၊ ၃ ပါး (အများအပြား) ပြိုင်၍ ဖြစ်ရိုးမရှိ၊ တစ်ခုတည်းသာ ဖြစ်ရိုးရှိသောကြောင့် "တစ်ပါးတည်းလည်း" ဟု ဆိုရပေသည်။

ဆက်ဦးအံ့– "လည်" ဆိုသော်လည်း အဝေးသို့ လှည့်လည်သည်မဟုတ်။ အဝေးအာရုံကို ယူနိုင်သောကြောင့် "လည်= လှည့်လည်" ဟု ဆိုရပေသည်။ အာရုံ တစ်ခုကို စိတ်က ယူရာ၌လည်း ထိုအာရုံကို စိတ်တစ်စိတ်တည်းက အပြီးအစီးသိအောင် မယူနိုင်။ အာရုံတစ်ခုကို သိထိုက်သမျှ သိအောင် စိတ်ပေါင်း အတော်များစွာ ဆက်ကာဆက်ကာ ဖြစ်ရသည်။ ထိုသို့ ဆက်၍ဆက်၍ အတော်များစွာ ဖြစ်ရသော်လည်း လက်ဖျစ်တစ်ချက်တီး အချိန်မှာ ကုဋေသိန်းပေါင်းများစွာ ဖြစ်ပျက်နိုင်သောကြောင့် လူအပေါင်းတို့က မြင်–မြင်ချင်း၊ ကြား–ကြားချင်း၊ မွှေး–မွှေးချင်း၊ ထိ–ထိချင်း သိသည်ဟု မှတ်ထင်ကြသည်။



## ကိုယ်ထည်မရှိ

စိတ်မှာ အထည်ကိုယ်ဒြပ် အထင်အရှားမရှိ။ ထို့ကြောင့် စိတ်ကို ဖြူသည်၊ မည်းသည်၊ ပိန်သည်၊ ဝသည်ဟု မဆိုနိုင်၊ အာရုံကို သိနိုင်သော သဘော သတ္တိမျှသာ ထင်ရှားရှိသည်။

## ဂူအောင်းဘိ

မြင်သိ– သိသောစိတ်သည် မျက်လုံးအတွင်းမှာ ဖြစ်၏။ ကြားသိ–သိသောစိတ်သည် နားအတွင်းမှာ ဖြစ်၏။ နံသိ– သိသော စိတ်သည် နှာခေါင်းအတွင်းမှာ ဖြစ်၏။ အရသာသိ– သိသော စိတ်သည် လျှာအတွင်းမှာ ဖြစ်၏။ အတွေ့သိ–သိသော စိတ်သည် ခန္ဓာကိုယ်ဝယ် ထိမိရာ အရပ်တိုင်းမှာ ဖြစ်၏။ ဤသို့လျှင် အချို့ အချို့စိတ်များ မျက်လုံး စသောအရပ်၌ ဖြစ်သော်လည်း များစွာသော စိတ်တို့ကား ရင်ချိုင့်အတွင်းရှိ ဟဒယနှလုံးအိမ်မှာ ဖြစ်ကြသည်။ ဤသို့ လိုဏ်ဂူနှင့်တူသော နှလုံးအိမ်မှာ အဖြစ်များသောကြောင့် စိတ်ကို "ဂူအောင်းသည်" ဟု ဆိုရပေသည်။

အချုပ်မှာ– စိတ်ဟူသည် ပုံသဏ္ဌာန်မရှိ၊ အာရုံကို ရအောင် ယူခြင်း၊ အာရုံကိုသိခြင်း သဘောသတ္တိသာတည်း။ ထိုကဲ့သို့ အာရုံယူရာ၌ မိမိဖြစ်ရင်းစွဲ ဟဒယလိုဏ်ဂူအတွင်းမှ တစ်ဆံခြည်မျှ အပြင်မထွက်ကြဘဲ အလွန်ဝေးသော အာရုံကို လှမ်း၍ယူနိုင်ကြသည်။ ထိုသို့ ယူရာ၌ ၂ စိတ် ၃ စိတ် ပြိုင်တူပူးပေါင်း၍မဖြစ်၊ တစ်စိတ်ပြီးတစ်စိတ် စီကာစဉ်ကာ ဖြစ်သည်ဟု မှတ်ပါ။

[ဆောင်] ၁။ အာရုံ တစ်ခုခု၊ ရအောင်ပြု၊ မှတ်ရှုစိတ်သိ၊
၂။ အဝေးလည်းသွား၊ တစ်ပါးတည်းလည်၊ ကိုယ်ထည်မရှိ၊ ဂူအောင်းဘိ၊ စိတ်၏ခြင်းရာ။

www.burmeseclassic.com

www.burmeseclassic.com



**စိတ်ကောင်းစိတ်ဆိုး ရောနေပုံ**

စိတ်တို့သည် အလွန်အဖြစ်အပျက် မြန်သောကြောင့် ၅ မိနစ် လောက်အတွင်းမှာပင် စိတ်ကောင်းစိတ်ဆိုး (ကုသိုလ် အကုသိုလ် စိတ်) ရောနှောလျက် ဖြစ်တတ်သည်။ နံနက်စောစော အိမ်ပေါ်မှ ဘုရားရှိခိုးလျက် ကုသိုလ်စိတ်ဖြစ်နေစဉ် အိမ်အောက်ထပ်မှ ရောင်းဝယ်မှုကိစ္စဖြင့် ခေါ်သံကြား၍ လောဘစိတ်ဖြစ်ရ၏။ ဘုရားအာရုံပြုနေစဉ် မခံချင်စဖွယ် ပြောလာသဖြင့် ဒေါသစိတ် ဖြစ်ရ၏။

ရောင်းမှု၊ ဝယ်မှု၊ လောဘကိစ္စ ပြုတုန်းမှာပင် လှူချင်တန်းချင်သည့်အခါ (လှူမည်တန်းမည်ဟု ကြံမိသည့်အခါ) သဒ္ဓါစိတ် "ကုသိုလ်စိတ်" ဖြစ်၏။ တစ်စုံတစ်ခု အလိုမကျ ဒေါသဖြစ်နေတုန်းမှာ ဆရာသမားတို့၏ အဆုံးအမကို သတိရ၍ သတိစိတ် "ကုသိုလ်စိတ်" ဖြစ်ပြန်၏။ တဏှာပေမ လောဘစိတ်ဖြင့် သမီးခင်ပွန်း စကားပြောနေစဉ် စကားပြောမတည့်၍ ဒေါသစိတ်ဖြစ်လေရာ တစ်ယောက်ယောက်က ကျေနပ်အောင် ချော့သဖြင့် စိတ်ပျော့၍ လာသောအခါ လောဘစိတ် ဖြစ်ပြန်၏။ ဤသို့ စသည်ဖြင့် စိတ်တို့၏ ပြောင်းလဲပုံ လျှင်မြန်သောကြောင့် စိတ်ဖြစ်တိုင်း ဖြစ်တိုင်း မိမိစိတ်ကို "စိတ်ကောင်းလား၊ စိတ်ဆိုးလား" ဟု ခွဲခြား၍ သိအောင် သတိထားပြီးလျှင် မိမိစိတ်ကို စိတ်ကောင်းများများဖြစ်အောင် ပြုပြင်ကြပါကုန်။

**ရုပ်ချင်းကွဲသလို စိတ်ချင်းကွဲပုံ**

လူတို့မှာ တစ်ယောက်နှင့်တစ်ယောက် ရုပ်ချင်းမတူကြသကဲ့သို့ ထို့အတူ စိတ်ချင်းလည်း မတူကြချေ။ ထုံထိုင်းသော ရုပ် သွက်လက်သောရုပ် ကွဲပြားသကဲ့သို့ ထုံထိုင်းရိုးအသောစိတ် သွက်သွက်လက်လက် ထက်မြက်သောစိတ် ဟုလည်း ကွဲပြားလျက် ရှိ၏။ ထိုကဲ့သို့ ကွဲပြားရာ၌ အလှဘက် အသွက်ဘက်မှာ အဆင့်ဆင့်သာ၍ ပြိုင်ဘက်



ကင်းလောက်အောင် လှသူ၊ သွက်သူများ လည်းရှိ၏။ အဆိုးဘက်၊ အထိုင်းဘက်မှာလည်း အဆက်ဆက် အောက်ကျလျက် တစ္ဆေပြိတ္တာ တမျှ ဆိုးဝါးသူများလည်း ရှိကြလေသည်။ ထို့အတူ စိတ်ချင်းကွဲပြားရာ၌လည်း စိတ်ကောင်း စိတ်ထက်ဘက်၌ အဆက်ဆက်တန်းတက်ကာ ပြိုင်ဘက်ကင်းလောက်အောင် စိတ်ကောင်းသူ၊ ထက်မြက်သူများရှိကြ၍ စိတ်ယုတ်မာဘက်၊ စိတ်ထိုင်းဘက်၌လည်း ဆက်ဆက်ဆိုးကာ ကြောက်မက် စက်ဆုပ်ဖွယ်ကောင်းအောင် ယုတ်မာသူ၊ သုံးမဖြစ်အောင် ထိုင်းမှိုင်းသူများလည်း ရှိကြလေသည်။

**ပြင်၍ရနိုင်ပုံ**

တော၌မွေး၍ တောသွေးပါသော တောသူတောသားသည် မြို့ကြီးပြကြီးသူတို့၏ ဝတ်ပုံ၊ စားပုံ၊ နေပုံကို အလုံးစုံ အတုယူ၍ ကိုယ်ကျန်းမာရေး စိတ်ချမ်းသာရေးကိုပါ လိုက်စားပြီး ပြုပြင်လိုက်က မကြာခင် ရုပ်တစ်မျိုး ပြောင်းကာ ၁ နှစ် ၂ နှစ်လောက်ကြာလျှင် ရှေးကတွေ့နေကျ လူအများပင် အထင်မှားလောက်အောင် ရုပ်အဆင်းပြောင်းလာနိုင်၏။ ဤသို့ အပြောင်းအလဲ နှေးသဖြင့် အပြင်ခက်သော ရုပ်အဆင်းသည်ပင် ပြင်တတ်သူ ပြင်ချင်၍ ပြင်ဆင်နေလိုက်က တစ်မျိုးတစ်ဖုံ ပြောင်းနိုင်သေး၏။ အပြောင်းအလဲ အလွန်မြန်၍ အင်မတန် ပြုပြင်လွယ်သော စိတ်ကို တကယ်ပြင်လိုလျှင် အဘယ်မှာ ပြင်မရဘဲ ရှိမည်နည်း။ နေ့စဉ်နှင့်အမျှ မိမိစိတ်ဖြစ်ပုံကို သတိထား၍ မတော်မတရားစိတ်တို့ကို နှိမ်နင်းသွားပါလျှင် မကြာခင် စိတ်ကောင်းရှိသူ ဖြစ်ကာ ၂ နှစ် ၃ နှစ်လောက်ကြာသောအခါ ကိုယ့် စိတ်ကိုပင် ကြည်ညိုချင်လာအောင် စိတ်ကောင်း ဖြစ်လာပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ကိုပြင်သင့်သော အကြောင်းများ

မိမိ၏စိတ်နေစိတ်ထားကို ကောင်းအောင်ပြုပြင်ဖို့ရာ အကြောင်းများစွာ ရှိပေသည်။ မိမိစိတ်ထား မကောင်းသေးသော အချက်၊ ယုတ်မာနေသော အချက်များကို မိမိသာအသိဆုံး ဖြစ်၏။ ထိုကဲ့သို့ စိတ်ယုတ်မာရှိနေသော သူသည် လောကီဂုဏ်အတွက် အထက်တန်း၌ ရောက်နေသော်လည်း စိတ်အနေအထားအားဖြင့် အောက်တန်းအစားပင်ဖြစ်သေး၏။ စိတ်နေစိတ်ထား အောက်တန်းစား ဖြစ်နေသော ဂုဏ်ကြီးရှင်သော်လည်း နောက်နောင်ဘဝတို့၌ အောက်ကျနောက်ကျ ဖြစ်ရတော့လတ္တံ့။ ထိုကဲ့သို့ တန်းလျှောရမည့် အရေးကို တွေးမိခြင်းကြောင့်လည်း စိတ်နေစိတ်ထား ကြီးမားမြင့်မြတ်အောင် ပြုပြင်ထိုက်ပေသည်။

စိတ်ဆိုးစိတ်ယုတ် ရှိသူသည် ကိုယ့်ကိုယ်ကိုလည်း မကြည်ညိုနိုင်၊ မိတ်ဆွေချင်း ညီအစ်ကို မောင်နှမ သားချင်း သမီးခင်ပွန်းချင်း၊ ဆရာဒကာချင်း၊ အပေါင်းအသင်း ရင်းနှီးသူချင်းကလည်း သူ၏ ယုတ်မာကြောင်းကို သိလျှင် ချစ်ခင်နိုင်၊ အားရနိုင်၊ ကြည်ညိုနိုင်ကြမည်မဟုတ်။ ဤသို့ ရင်းနှီးသူများ အထင်သေးမည်ကို စိုးသောကြောင့်လည်း မိမိစိတ်ထားကို ဖြူစင်ဖြောင့်မတ် မြင့်မြတ်အောင် ပြင်ဆင်ထိုက်ကြပေသည်။

ထို့ပြင် စိတ်ဆိုးစိတ်ယုတ်မာ ရှိနေသူသည် ဒါနပြုပြု၊ သီလဆောက်တည် ဆောက်တည်၊ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းစီးဖြန်း မည်သည့်ကုသိုလ် လုပ်ငန်း၌မဆို ရိုးသားဖြူစင်လိမ့်မည်ဟူ၍ မမှတ်ထင်ထိုက်။ ထိုစိတ်ရင်းမကောင်းသူ၏ ကုသိုလ်ကံများကား အကျိုးပေး စင်စင်ကြယ်ကြယ် မရှိတတ်ချေ။ ဤသို့နောက်နောင် ဘဝ အရေးဝယ် ပြုသမျှ ကုသိုလ်၏ အကျိုးပေး မစင်ကြယ်မည်



စိုးသောကြောင့်လည်း မိမိစိတ်ကို ဖြူစင်ကောင်းမြတ်အောင် ပြုပြင်ထိုက်ကြပေသည်။

ထို့ပြင် စိတ်ဆိုးစိတ်ယုတ်မာ ရှိနေသူသည် ယခုတစ်ဘဝတည်း ယုတ်မာမည်မဟုတ်၊ ဖြစ်တိုင်းဖြစ်တိုင်းသော စိတ်ယုတ်မာများက တစ်သန္တာန်လုံး (တစ်ကိုယ်လုံး) ထုံမွှမ်းနေရကား နောက်နောင် ဘဝပေါင်းများစွာသို့လည်း စိတ်ယုတ်မာ အဆက်ဆက်ဓာတ်သတ္တိ ကူးစက်နေသောကြောင့် ထိုသူကို ရင့်မာသော ပါရမီရှင်ဟု ဆိုဖို့ရန် ခဲယဉ်းလေသည်။ ထို့ကြောင့် မိမိကိုယ်ကို ပါရမီရှင်များစာရင်း မပါဝင်မည်စိုး၍လည်း ယုတ်မာဆိုးရွားသော စိတ်များကို အမြန်ဆုံး ပြင်ထိုက်ကြသည်။ ဤသို့လျှင် မိမိ၏ စိတ်နေစိတ်ထားကို မကောင်း ကောင်းအောင် ပြုပြင်သင့်သောအကြောင်းအရာတွေ များစွာရှိပေသည်။

## မိလိန္ဒမင်း စိတ်ကိုပြုပြင်ပုံ

မိလိန္ဒမင်းကြီးသည် အရှင်နာဂသိန်ထံ ပြဿနာများ အဆိုက် အလျောက် မေးပြီးနောက် သာသနာတော်ဝယ်လွန်စွာ အရေးကြီးသော ပြဿနာတို့ကို မေးဖို့ရန် အကြံဖြစ်လာသောအခါ ထိုပြဿနာများကို မမေးသေးဘဲ ၇ ရက်ပတ်လုံး မိမိစိတ်ကို သမာဓိရအောင် ထိန်းသိမ်း စောင့်စည်းနေပုံမှာ သူတော်ကောင်းတို့ အတုယူစရာ ကောင်းလှပါ သည်။

စောင့်စည်းပုံကား= နံနက်စောစော အိပ်ရာထပြီးလျှင် ကိုယ် လက်စင်ကြယ်အောင် ရေချိုး၍ ဝတ်ရိုးဝတ်စဉ် အဝတ်တန်ဆာ များကို မဝတ်တော့ဘဲ ဖန်ရည်ဆိုးသော အဝတ်ဝါကို ဝတ်ဆင်ကာ ဦးခေါင်းလည်း ခေါင်းတုံးအသွင် မှတ်ထင်လောက်အောင် ခေါင်းစွပ် လျက် (ရဟန်းမဟုတ်သော်လည်း) ရဟန်းဟုပင် မှတ်ထင်ရလောက် အောင် ကြံဆောင်ဝတ်ဆင်ပြီးနောက် ၈ ပါးသော အချက်များတို့

www.burmeseclassic.com

www.burmeseclassic.com



၇ ရက်လုံးလုံး မပျက်ပြားအောင် စိတ်၌ စွဲမြဲစွာ ဆောက်တည်လေသည်။ ၈ ပါးကား–

၁။ ၇ ရက်အတွင်း မင်းကိစ္စကို မပြုတော့ပြီ။

၂။ ရာဂစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

၃။ ဒေါသစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

၄။ မောဟစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

၅။ ကျေးတော်၊ ကျွန်တော်၊ အလုပ်သမား၊ အမှုတော်ထမ်း များအပေါ်၌ သော်လည်းကောင်း စိတ်ကို နှိမ့်ချ၍ မာန်မာနမဖြစ်အောင် စောင့်စည်းမည်။

၆။ ကိုယ်မှု၊ နှုတ်မှုများ ထူးခြားစွာ စောင့်စည်းမည်။

၇။ မြင်ရ၊ ကြားရ၊ တွေ့ရ၊ သိရသမျှသော အာရုံများအတွက် အကုသိုလ်မဖြစ်အောင် မျက်စိ၊ နား စသော ဣန္ဒြေများကို စောင့်စည်းမည်။

၈။ အားလုံးသတ္တဝါတို့အပေါ်မှာ မေတ္တာစိတ်ထားမည်။

ဤ ရှစ်ပါးသော အချက်ကို ၇ ရက်လုံး စောင့်သုံးလျက် ၈ ရက်မြောက်နေ့၏ နံနက်အခါဝယ် နံနက်စာ စောစောစား၍ ဣန္ဒြေကြီးမားလှသောရဟန်းတော်ကဲ့သို့ စက္ခုန္ဒြေချပြီးလျှင် စကားပြော ဆင်ခြင်ကာ အရှင်နာဂသိန်အထံသို့ ကြည်လင်ရွှင်ပျ အေးမြသော စိတ်ဓာတ်ဖြင့် ချဉ်းကပ်လျက် လေးနက်စွာသော ပြဿနာများကို မေးလျှောက်လေသည်။

**အတုယူဖွယ်**

ဤမိလိန္ဒမင်းကြီး၏ ၇ ရက်လုံးလုံး စိတ်ပြုပြင်ပုံကို အတုယူလျက် သူတော်ကောင်းဘက်က အထက်တန်း ရောက်သော အမျိုးသား အမျိုးသမီးများလည်း မိမိနေအိမ်မှာပင် တစ်နေ့ တစ်ရက်



တစ်နံနက် စသည်ဖြင့် ရက်ပိုင်းခြား၍ မိမိသန္တာန်၌ ဖြစ်လေ့ရှိသော အကုသိုလ်စိတ်များ မဖြစ်ရလေအောင် မကြာမကြာ အထူးစောင့်စည်းသင့်ပေသည်။ ဤသို့ စောင့်စည်းဖန်များလျှင် အကုသိုလ်စိတ် အထူးနည်းပါးသော သူတော်စင်အဖြစ်သို့ တက်ရောက်၍ သဒ္ဓါထူး ပညာထူး ပေါ်ပေါက်လာပါလိမ့်မည်။ ရက်ပေါင်း အတော်ကြာအောင် နဂိုဖြစ်တတ်သော အကုသိုလ်စိတ်များလည်း မဖြစ်ဘဲ ရှိပါလိမ့်မည်။

"ဤလောကကြီးကို စိတ်သည် ဆောင်ကြဉ်းအပ်၏။
ဤလောကကြီးကို စိတ်သည် ဆွဲငင်အပ်၏။
သတ္တဝါအားလုံးပင် စိတ်တည်းဟူသော တရားတစ်ခု၏ အလိုသို့ လိုက်နေရသည်။" (တရားတော်)

"ဓာတ်မရိုက်ခင်၊ ကောင်းစွာပြင်မှ၊ ပုံတွင်ကျန၊ ရုပ်သွင်လှသို့၊ မချမှန်စွာ၊ သံသရာ၏၊ ကမ္ဘာရုပ်ခွင်၊ ဓာတ်အပြင်၌၊ စိတ်စဉ်ကျနမှ၊ ရုပ်သွင်လှ၍၊ ခေမမြို့နန်း၊ အရောက်လှမ်းဖို့၊ ပြင်စမ်းစေချင်၊ စိတ်အစဉ်ကို၊ ပြင်ဆင်လေကွဲ့၊ နေ့စဉ်တဲ့။"

စိတ်အကြောင်းပြီး၏။

## ဒုတိယအခန်း

(ဤအခန်း၌ စေတသိက်အကြောင်းနှင့် အကုသိုလ်စေတသိက်များပါသည်)

## စေတသိက်အကြောင်း

**စေတသိက်က စိတ်ကိုခြယ်လှယ်ပုံ**

စိတ်အကြောင်းကို ပြရာဝယ် "စိတ်ကောင်း၊ စိတ်ဆိုး" ဟု ပြခဲ့ပါပြီ။ သို့သော် စိတ်သည် အာရုံကို သိဖို့ရန်ကိစ္စ တစ်ခုသာ ရှိသောကြောင့် သူ့ချည်းသက်သက် အကောင်းအဆိုး မကွဲပြားနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



စေတသိက်အမျိုးမျိုးနှင့် အတူဖြစ်ရသောကြောင့် ထိုစေတသိက်အများ၏ အကောင်းအဆိုး လိုက်၍ စိတ်သည်လည်း စိတ်ကောင်းစိတ်ဆိုး ဖြစ်ရပေသည်။ "စိတ်ကောင်းစိတ်ဆိုး ၂ မျိုးကွဲဖို့ရန် ယှဉ်ဖက် စေတသိက်များက ခြယ်လှယ်၍ ထားကြသည်" ဟု ဆိုလိုသည်။ ဥပမာ ရေသည် ပင်ကိုအနေအားဖြင့် အရောင်တစ်မျိုးတည်းသာ ရှိသော်လည်း ဆေးနီ၊ ဆေးဝါ၊ ဆေးပြာ၊ ဆေးနက်တို့နှင့် ရောစပ်မိသောအခါ၌ ရေနီ၊ ရေဝါ၊ ရေပြာ၊ ရေနက် ဖြစ်ရတော့ သကဲ့သို့တည်း။ ထို့ကြောင့် စိတ်ကောင်းစိတ်ဆိုးဟု နားလည်ဖို့ရာ စေတသိက်တို့၏ အကြောင်းကိုလည်း ဆက်လက်၍ လေ့လာသင့်ကြပေသည်။

**[ဆောင်]** စိတ်၏တံတွာ၊ ဓမ္မတာကား၊ ကြုံရာအာရုံ၊ ရမိရုံသာ၊ ဖုံဖုံကောင်း၊ ဆိုး၊ မကွဲရိုးတည်း၊ တစ်မျိုးတွဲဖက်၊ စေတသိက်တွက်ကြောင့်၊ သက်သက်ဆိုး၊ ကောင်း၊ အရောင်ပြောင်း၍၊ မကောင်းလည်းစိတ်၊ ကောင်းလည်းစိတ်ဟု၊ ခွဲစိတ်စမြဲ၊ ဥဒါန်းကဲသည်၊ စိတ်လည်းစေတသိက်ကြောင့်သာကိုး။

**စိတ်ကိုမကောင်းအောင် ခြယ်လှယ်သော**
**အကုသိုလ် စေတသိက် ၁၄ ပါး**

| | | | |
|---|---|---|---|
| ၁။ | မောဟ | ၈။ | ဒေါသ |
| ၂။ | အဟိရိက | ၉။ | ဣဿာ |
| ၃။ | အနောတ္တပ္ပ | ၁၀။ | မစ္ဆရိယ |
| ၄။ | ဥဒ္ဓစ္စ | ၁၁။ | ကုက္ကုစ္စ |
| ၅။ | လောဘ | ၁၂။ | ထိန |
| ၆။ | ဒိဋ္ဌိ | ၁၃။ | မိဒ္ဓ |
| ၇။ | မာန | ၁၄။ | ဝိစိကိစ္ဆာ |



**[ဆောင်]** မသိတတ်ဘိ–မောဟသိလော့၊ အဟိရိက– မရှက်စွတည့်၊ နောတ္တပ္ပမှု– မလန့်ဟူ၏။ မှတ်ယူပုံ့လျက်– မငြိမ်သက်ထ–ဥဒ္ဓစ္စ နှင့်၊ လောဘသဘော– လိုချင်ဟော၍၊ မှားသောအမြင်–ဒိဋ္ဌိတွင်သား၊ မာနကားမူ– ထောင်လွှားကြွတက်၊ ဒေါသတွက်ကြောင့်–ခက်ခက် ထန်ထန်၊ ဣဿာလျှံမူ– လွှန်ငြူစူ၏၊ ပြောထုမစ္ဆေ–ဝန်တိုလေသတဲ့၊ တစ်ထွေမှတ်ကြ– ကုက္ကုစ္စကား၊ နောင်တ တစ်ဖန်–ပူပန်ထန်ပြင်း၊ ထိုင်းခြင်းထိန၊ မှိုင်း မိဒ္ဓနှင့်၊ ဗုဒ္ဓစသည့်၊ ယုံမှားဘိမူ–ဝိစိကိစ္ဆာ၊ ဆယ့်လေးဖြာသည်၊ မှန်စွာ အကုသိုလ်ချည်းတည်း။

(ကုသလ–ကုသိုလ်၏+ အ–ဆန့်ကျင်ဘက်။ အကုသလ–ကုသိုလ်၏+ ဆန့်ကျင်ဘက်)

## မောဟအကြောင်း

**မောဟ ၂ မျိုး**

မသိတတ်ခြင်းသဘောသည် မောဟတည်း။ ထို့ကြောင့် "မသိတတ်ဘိ– မောဟသိလော့" ဟုဆိုခဲ့သည်။ ထိုမောဟသည် အနုသယမောဟ, ပရိယုဋ္ဌာနမောဟ ဟု ၂ မျိုးရှိ၏။ အနုသယ ဟူသော ပါဠိသည် ငြိမ်ဝပ်ခြင်း, ကိန်းအောင်းနေခြင်းဟု အဓိပ္ပာယ်ရှိ၏။ ပရိယုဋ္ဌာန– ဟူသော ပါဠိကား ထကြွခြင်းဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် သတ္တဝါတို့၏ သန္တာန်တွင် အစဉ်တစိုက် လိုက်ပါနေသော မောဟသည် အနုသယမောဟမည်၏။ တစ်ရံတစ်ခါ စိတ်နှင့် တွဲဖက်၍ ဖြစ်ပေါ်လာသော မောဟသည် ပရိယုဋ္ဌာနမောဟ မည်၏။

**အနုသယမောဟ**

အဆိပ်ပင်၌ အဆိပ်သီးများကို သီးစေနိုင်သော ဓာတ်သတ္တိ ဒါရှိသကဲ့သို့ ထို့အတူသတ္တဝါတို့ သန္တာန်၌ သိထိုက်သော တရား

www.burmeseclassic.com

www.burmeseclassic.com



များကို မသိအောင် ဖုံးကွယ်တတ်သော စေတသိက်တစ်မျိုး ပါရှိလေသည်။ ထိုစေတသိက်ကို အနုသယမောဟ ဟုခေါ်၏။ ဤအနုသယမောဟ၏ ဖုံးကွယ်ထားမှုကြောင့် ပုထုဇဉ်တို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကိုလည်း နှစ်နှစ်နှောနှော မသိကြ၊ သစ္စာလေးပါးကိုလည်း ထိထိမိမိ မသိကြ၊ ပဋိစ္စသမုပ္ပာဒ်ကိုလည်း တပ်တပ်ထင်ထင် မသိမြင်ကြချေ။

ဤအနုသယမောဟစေတ်ကို ပုထုဇဉ်တို့ ဉာဏ်ဖြင့် မသိနိုင်။ ယခုကာလ စာပေသင်ဖူး၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည်ကို သိသည်ဟုဆိုသော်လည်း သင့်တော်ရုံ ခန့်မှန်းနိုင်သော အသိမျိုးသာဖြစ်၏။ ထိုးထိုးထွင်းထွင်း ရှင်းလင်းအောင်သိသော အသိမျိုး မဟုတ်ချေ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်သည့်တိုင်အောင် ထိုအနုသယမောဟစေတ်မှာ အဆင့်ဆင့်ပါးလှပ်ရုံသာ ရှိသေး၏။ ရဟန္တာအဖြစ် ရောက်ပါမှ အနုသယမောဟစေတ် အကုန်အစင်ပြတ်သည်။ ထို့ကြောင့် "ရဟန္တာမဖြစ်သေးသမျှ ကုသိုလ်ပြုနေတုန်း ခဏ၌လည်း အနုသယမောဟစေတ်မှာ ငြိမ်သက် ကိန်းဝပ်လျက် ရှိနေသည်သာ" ဟု မှတ်ပါ။

**ပရိယုဋ္ဌာနမောဟ**

စိတ်နှင့်တွဲဖက်၍ မောဟ ထကြွလာသောအခါ အကုသိုလ်စိတ် မကောင်းစိတ်ဖြစ်နေပြီဟု ဆိုရပေသည်။ ဤ ပရိယုဋ္ဌာနမောဟ၏ ဖုံးကွယ်မှုကြောင့် ဒုစရိုက်အကုသိုလ်၏ နောင်ရေးနောင်တာ ခံစားရမည့် မကောင်းကျိုးကိုလည်း မသိကြရ။ ယခု လောလောဆယ် ယုတ်မာညစ်ညမ်း ဆိုးသွမ်းမှုအပြစ်ကိုလည်း မသိကြရ။ ထို့ကြောင့် မောဟဖြစ်ပေါ်လာသောအခါ နဂိုက ပညာရှိ သူတော်စင်တို့သည်ပင် အပြစ်ကို မမြင်နိုင်ဘဲ ဒုစရိုက်အမှုကို ပြုမိကြလေတော့သည်။ ဤ



မောဟသည် အကုသိုလ်စခန်း၌ အလွန်ဆိုးသွမ်း မိုက်မဲသော တရားမျိုးပင်တည်း။ ဤလောက၌ မိုက်မဲမှုဟူသမျှဝယ် ဤ မောဟသာလျှင် အခြေတည်လျက် ရှိလေသည်။

**ပညာရှင်ကြီး မောဟဖိစီးပုံ**

ဟရိတစမည်သော ငါတို့ ဘုရားအလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော စည်းစိမ်ကြီးကို စွန့်လွှတ်လျက် တောထွက်၍ ရသေ့လုပ်ပြီးလျှင် ဈာန်အဘိညာဉ်ကို ရလေသည်။ ထို့နောက် မိုးကာလအခါဝယ် ဟိမဝန္တာ၌ မိုးများသောကြောင့် ဗာရာဏသီပြည်သို့ ကြွလာ၍ ဘုရင့်ဥယျာဉ်တော်မှာ သီတင်းသုံးတော်မူလေသည်။ ထို ဗာရာဏသီပြည့်ရှင်ကား ရှင်အာနန္ဒာအလောင်း ပါရမီဖြည့်ဖက် မိတ်ဟောင်းပေတည်း။ ထို့ကြောင့် မြင်လျှင်မြင်ချင်း လွန်မင်းစွာ ကြည်ညိုရကား ဥယျာဉ်တော်အတွင်းမှာ သီတင်းသုံးရန် တောင်းပန် လျှောက်ထား၍ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လျက် နံနက်တိုင်း နန်းတော်မှာ မိမိကိုယ်တိုင် ဆွမ်းကပ်လေသည်။

အခါတစ်ပါး၌ကား တိုင်းပြည်ဝယ် သူပုန်ထသောကြောင့် ဘုရင်ကိုယ်တိုင် နှိမ်နင်းရန် ထွက်ခါနီးမှာ ဆရာရသေ့ကို မမေ့ ရစ်ဖို့ရန် မိဖုရားအား အတန်တန်မှာပြီးမှ ထွက်သွားလေသည်။ မိဖုရားလည်း အချိန်မှန်မှန် ဆွမ်းပြုစု၍ တစ်နေ့သော နံနက်မှာမူ ဆရာရသေ့ မလာသေးသည့်အတွက် ကိုယ်လက် သန့်စင်အောင် နံ့သာရေမိုး ကောင်းစွာချိုး၍ ချောမွေ့နုနယ်သော အဝတ်ကို ဝတ်ဆင်ကာ ဆရာရသေ့အလာကို စောင့်မျှော်ရင်း သလွန်ပေါ်မှာ ခေတ္တလျောင်းနေလေသည်။

အလောင်းတော် ရှင်ရသေ့လည်း အဘိညာဉ်သမာပတ် အစွမ်းဖြင့် ကောင်းကင်လမ်းက ကြွ၍ လာခဲ့ရာ လေသာနန်းတံခါးပေါက်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ "လျှော်တေ" ခေါ်သော ရသေ့အဝတ်သံကို ကြား၍ ဖြုန်းခနဲ အထလိုက်တွင် အမြင်မတော်သော ကိုယ်တစ်ပိုင်းမှ ခါးဝတ်လျှောကျသွားသည်ကို မြင်လေသော် သန့်ရှင်းသော စိတ်ဓာတ် ဝယ် ကိန်းဝပ်တည်နေသော အနုသယမောဟသည် ရုတ်တရက် ထကြွ၍ ပရိယုဋ္ဌာနမောဟအဖြစ်သို့ ရောက်ကာ လောဘတဏှာ ဖက်တွဲလျက် မိဖုရားလက်ကို ဆွဲပြီးလျှင် သဘက်သရဲပမာ မှားခြင်းကြီး မှားရှာလေသတဲ့။

**ဝတ္ထုမှတ်ချက်**

ဤဝတ္ထု၌ မောဟ၏ မိုက်မဲရမ်းကားမှုကို လေးလေးနက်နက် သတိပြုသင့်ကြပေသည်။ ဤမောဟမျိုးသာ မဝင်လာလျှင် အလောင်း တော် ရှင်ရသေ့သည် ထိုကဲ့သို့ မတရားမှုကို ဘုရင်ကိုယ်တိုင်က ကျေကျေနပ်နပ် ခွင့်ပေးသော်လည်း ပြုနိုင်မည် မဟုတ်ပါ။ ယခုသော် မောဟမှောင်ကြီး ဖိစီးကျရောက်ရကား ယခုဘဝအဖြစ် နောင်သံသရာ အဖြစ်တို့ကို မမြင်နိုင်တော့သဖြင့် မသင့်သော အမှုကို ပြုမိလေသည်။ တစ်သက်လုံး အားထုတ်လာခဲ့သော ဈာန်အဘိညာဉ်ပညာများလည်း ယခုလိုအချက်ထဲ၌ မောဟအမှောင်ကို မဖျက်ခွဲနိုင်ရုံသာမက မောဟ ၏ ဖိစီးမှုကြောင့် ဈာန်အဘိညာဉ်တို့သာ ကွယ်ပျောက်ရလေသည်။

သို့သော် အလောင်းတော် အရှင်ရသေ့ကား မူလက ပါရမီ ဓာတ်ခံ ရင့်သန်ပြီးဖြစ်သောကြောင့် ဘုရင် ပြန်ရောက်လာသောအခါ လွန်စွာ သံဝေဂဖြစ်၍ လျှောကျသောဈာန်ကို ပြန်ရအောင် အားထုတ် ကာ လူ့အနားနေလို့ ဤအမှုမျိုး ဖြစ်ရသည်ဟု နောင်တရလျက် လူသူကင်းကွာသော ဟိမဝန္တာသို့ ပြန်ကြွလေသည်။

**မသိတိုင်း မောဟဟု မမှတ်ရ**

မသိခြင်း သဘောကို မောဟဟုဆိုသောကြောင့် မသင်ဖူးသော



အတတ်၊ မရောက်ဖူးသော အရပ်နှင့် မမှတ်ဖူးသော နာမည် စသည် တို့ကို မသိခြင်းများလည်း မောဟအစစ် အကုသိုလ်ဖြစ်သည်ဟု မှတ်ထင်တတ်ကြ၏။ ထိုမသိမျိုးမှာ မသိရုံသက်သက်သာ ဖြစ်၍ မောဟအစစ် အကုသိုလ် မဖြစ်ပါ။ မိမိ၌ မှတ်သားဖူးသော သညာ မရှိမှုသာတည်း။ ထိုမသိမျိုးမှာ သာမန်လူတွေကို မဆိုထားဘိ ရဟန္တာများမှာပင် ရှိပါသေးသည်။

ဘုရားရှင်ကလွဲလျှင် ပထမတန်း ဉာဏ်တော်ရှင်ဖြစ်သော အရှင်သာရိပုတ္တရာသည်ပင် တပည့်ရဟန်းကလေး တစ်ပါး၌ ကမ္မဋ္ဌာန်း အပေးမှားတော်မူခဲ့သေး၏။ ရဟန်းကလေးက ငယ်ရွယ်သူ ဖြစ်၍ ကာမရာဂ ထကြွချိန်ဟု သဘောပိုက်ကာ အသုဘကမ္မဋ္ဌာန်းကို ပေးတော်မူလေရာ ရဟန်းကလေး၏ စရိုက်အလိုနှင့် မတည့်သော ကြောင့် ၄ လ လုံးလုံး အားထုတ်ပါသော်လည်း အရိပ်နိမိတ်မျှ မထင်ဘဲ ရှိလေသတဲ့။

ထို့နောက် ဘုရားရှင်ထံ ခေါ်သွားမှ ဘုရားရှင်က စရိုက်နှင့် သင့်မြတ်အောင် ပဒုမ္မာကြာပန်းကို ဖန်ဆင်း၍ ပေးတော်မူလေရာ လွန်စွာ နှစ်သက်နေစဉ် မကြာခင် ညှိုးနွမ်းအောင် ဖန်ဆင်းပြ၍ သံဝေဂအရမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်မြင်အောင် ဆင်ပြ၍ ဟောပြသောအခါ ရဟန္တာဖြစ်သွားလေသည်။ ဤနေရာတွင် ဘုရားရှင် ၏ ဉာဏ်တော်ကြီးမားပုံနှင့် မောဟကင်းပြီးသော အရှင် သာရိပုတ္တရာ ၏ အချို့အရာ၌ မသိပုံကို သတိပြုခဲ့ပါ။

ဤသို့လျှင် အရှင်သာရိပုတ္တရာသော်မှ မိမိအရာ မဟုတ်သော အချက်များကို မသိနိုင်သောကြောင့် ယခုကာလ မသင်ဖူးသော အတတ်စသည်နှင့် ဉာဏ်ကြီးရှင်တို့ အရာကို မသိခြင်းမှာ မောဟ၏ ဖုံးလွှမ်းမှုမဟုတ်၊ မိမိဉာဏ်ပညာ၏ အစွမ်းသတ္တိနုံ့မှုသာဟု မှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ– နေ့လယ်ကြောင်တောင် နေရောင်ရှိတုန်းအခါ၌ အကွယ်အကာမရှိသော အဝေးအရပ်ကို လှမ်း၍ မမြင်ရခြင်းမှာ တစ်စုံတစ်ရာ ကွယ်ကာမှုကြောင့် မဟုတ်။ မိမိမျက်စိ၏ အစွမ်းသတ္တိ မရှိခြင်းကြောင့်သာ ဖြစ်သကဲ့သို့တည်း။

**မောဟအကြမ်းအနု**

ထိုပြခဲ့ပြီးသော မောဟအစစ်တွင် အကုသိုလ်မှန်း၊ ကုသိုလ်မှန်းကိုမျှ ခွဲခြား၍ မသိအောင် ဖုံးလွှမ်းထားသော မောဟသည် အတော်ကြမ်းတမ်း ထူထဲ၏။ ရုပ်နာမ် တရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို မသိ။ သစ္စာလေးပါးကိုလည်း အတော်အတန်မျှ မသိ။ ပဋိစ္စသမုပ္ပါဒ် အကြောင်းကို မရိပ်မိသော မောဟမျိုးကား (မောဟအကြမ်းနှင့်စာလျှင်) အတော်အတန် ပါးလှပ်သော မောဟပေတည်း။ ဤမောဟနှင့် တွဲဖက်၍ ဖြစ်သောစိတ်ကို "မောဟစိတ်–အမိုက်စိတ်" ဟုခေါ်၍ ထိုမောဟဓာတ်အားကြီးသူကိုလည်း "လူမိုက်၊ လူမည်း၊ လူမှောင်၊ လူပြိန်း၊ လူအ၊ လူနု၊ လူထိုင်း၊ လူရိုင်း၊ လူဖျင်း" ဟု ယခုကာလ ခေါ်ဝေါ်ရလေသည်။

> ဤလောကကြီးသည် အမှောင်အတိဖြစ်၍နေ၏။ ဤလောကကြီးတွင် သတ္တဝါအနည်းငယ်သာ ထူးထူးခြားခြား ရှုမြင်နိုင်၏။ ပိုက်ကွန်မိပြီးမှ လွတ်ထွက်နိုင်သော ငှက်သည်နည်းသကဲ့သို့ ထို့အတူ သေပြီးနောက် နတ်ပြည်သို့ ရောက်နိုင်သူမှာ အနည်းငယ်သာ ရှိလေသည်။
>
> (ဓမ္မပဒပါဠိတော်)

မောဟအကြောင်း ပြီး၏။



## အဟိရိကအကြောင်း

မရှက်ခြင်း သဘောသည် အဟိရိကတည်း။ ထို့ကြောင့် "အဟိရိက– မရှက်စွတည့်" ဟုဆိုခဲ့သည်။ အကုသိုလ်ဒုစရိုက်ဟူသမျှ မစင်ဘင်ပုပ်နှင့် တူ၏။ အဟိရိကကား ရွာဝက်ကြီးနှင့်တူလေသည်။ ချဲ့ဦးအံ့– မစင်သည် စက်ဆုပ်ရွံရှာဖွယ် ကောင်းလှ၏။ မတော်တဆ လူ့မိပြန်လျှင် ပရိသတ်အလယ်မှာ ရှက်ဖွယ်ရာကြီးတည်း။ သို့သော် မစင်ကို အမွန်အမြတ်အစာဟု ထင်နေသော ရွာဝက်ကြီးကား ထိုမစင်ကို မစက်ဆုပ် မရွံရှာ၊ မစင်လူးမှာလည်း မရှက်၊ မစင်ထဲ၌လူးကာလိမ့်ကာ မစင်များများ စားရသည်ကိုပင် ဂုဏ်တစ်မျိုးတက်သည်ဟု မှတ်ထင်လေသည်။

ထို့အတူ ပါဏာတိပါတ စသော ဒုစရိုက်တရားစုတို့သည် သူတော်ကောင်းတို့၏ သဘောဖြင့် ကြည့်လျှင် အင်မတန် စက်ဆုပ်ရွံရှာဖွယ် ကောင်း၏။ မတော်တဆ ပြုမိပြန်လျှင်လည်း သူတော်စင်ပရိသတ်တို့၏ အလယ်မှာရှက်ဖွယ်သာ ဖြစ်၏။ သို့သော် အဟိရိကသဘောထား ထိုဒုစရိုက်တို့ကို စက်ဆုပ်ရွံရှာခြင်းလည်း မရှိ၊ ပြုမိသော်လည်း မရှက်တတ်ချေ။ စင်စစ်မှာ အဟိရိကသမား အရှက်မရှိသူများအလယ်၌ ဒုစရိုက်များများ ပြုနိုင်သည်ကိုပင် "ကြီးကျယ်သော ဂုဏ်တစ်မျိုး" ဟု မှတ်ထင်နေလေသည်။

မောဟ ဖြစ်လျှင် ဤအဟိရိက သဘောလည်း ပါဝင်လာသဖြင့် ပညာရှိများပင် ဒုစရိုက်မှုကို မရှက်တမ်း ပြုမိကြလေတော့သည်။ ဤကား မှန်– မမှန် ပညာရှိ အခေါ်ခံရသူကိုယ်တိုင် ကိုယ်တွေ့အမှုများဖြင့် စဉ်းစား၍ ကြည့်ကြပါလေ။

**ဟရိတစဝတ္ထု မှတ်ချက်**

မောဟအခန်း၌ ပြခဲ့သော ဟရိတစရှင်ရသေ့၏ ပြုမှုပုံ၌

www.burmeseclassic.com

www.burmeseclassic.com



ဤအဟိရိက သဘောလည်း ပေါလောပေါ်အောင် ထင်ရှား၏။ အရှင်ရသေ့ကား ဈာန်အဘိညာဉ်ရသော ပထမတန်း သူတော်ကောင်းကြီး ဖြစ်၏။ ပြုကျင့်သော အမှုကလည်း နန်းတော်ကြီး၏ အထပ်ထပ်ဝယ် မောင်းမမိဿံ တို့၏အလယ် တကယ်ရက်စရာကောင်းသော ကာမမှုကြီးပေတည်း။ ထိုမျှလောက် မဖွယ်ရာသော ကိစ္စကိုပင် မောဟကလည်း ဖုံးလွှမ်း၊ အဟိရိကကလည်း မရှက်တမ်းပင် ဖြစ်နေသောကြောင့် လက်စွမ်းကုန် ယွင်းမှား၍ မကြားကောင်း မနာသာ ဖြစ်ရရှာလေတော့သည်။

**အကုသိုလ်မှန်လျှင် ရှက်ဖွယ်**

မကောင်းမှုဒုစရိုက်မှန်လျှင် ဤကာမမှုသာ ပရိသတ်အလယ်၌ ရှက်ဖွယ်မဟုတ်သေး။ အပြင်းအထန် စိတ်ဆိုးသဖြင့် ဟစ်အော်ငေါက်ငမ်း ကြမ်းတမ်းစွာ ဆဲဆိုသော ဒေါသ၊ နှလုံးလေပင့်၍ ဘဝင်မြင့်သော အရူးကဲ့သို့ ထောင်လွှားကြွတက် သူတစ်ပါးကို အဖက် မထင် စိတ်ကြီးဝင်သော မာန၊ ငြူစူ စောင်းမြောင်း မကောင်းပြစ်တင် ကဲ့ရဲ့ချင်သောဣဿာမှုများလည်း စက်ဆုပ်ရွံရှာဖွယ် ကောင်းလှပါသည်။ ထို့ကြောင့် ဒုစရိုက် မကောင်းမှုမှန်လျှင် အားလုံးပင် ရှက်ဖွယ်ချည်းဟု မှတ်ပါ။ ဤ အဟိရိကနှင့်အတူ ဖြစ်သော စိတ်ကိုလည်း "အဟိရိကစိတ်= မရှက်စိတ်" ဟုခေါ်၍ ဒုစရိုက် အမှုပြုနေသူကိုလည်း "အရှက်မရှိသူ"ဟု ခေါ်ဝေါ်ရလေသည်။

## အနောတ္တပ္ပအကြောင်း

မကြောက်လန့်ခြင်း သဘောသည် အနောတ္တပ္ပတည်း။ ထို့ကြောင့် "အနောတ္တပ္ပမှု=မလန့်ဟူ၏" ဟု ဆိုခဲ့ရပေသည်။ အကုသိုလ် ဒုစရိုက်တွေသည် မီးတောက်မီးလျှံတွေနှင့် တူ၏။ အနောတ္တပ္ပ



ကား ပိုးပရန်နှင့် တူလေသည်။ ချဲ့ဦးအံ့- မီးတောက်မီးလျှံသည် ကြောက်မက်ဖွယ် အလွန်ကောင်း၏။ သို့သော် "ပိုးပရန်" ဟုခေါ်သော ပိုးကောင်ကလေးကား ထိုမီးလျှံကို ကြောက်ရွံ့ဖွယ်ဟုမထင်ဘဲ ရဲရဲကြီး တိုးကြလေသည်။ ထို့အတူ အကုသိုလ်ဒုစရိုက်များသည် ဘေးဒုက္ခအမျိုးမျိုးကို ဖြစ်စေတတ်သည့်အတွက် ကြောက်မက်ဖွယ် ကောင်းလှပါ၏။ သို့သော် ထိုဘေးဒုက္ခတွေကို မောဟက ဖုံးကွယ်ထားသည့်အတွက် အနောတ္တပ္ပက ကြောက်လန့်ဖွယ်ကိုမမြင်တော့ဘဲ ရဲရဲကြီး ပြုဝံ့လေသည်။ အကုသိုလ် ဒုစရိုက်များနှင့် စပ်၍ တွေ့ရတတ်သော ဘေးတို့ကား

၁။ အတ္တာနုဝါဒဘေး။ သူတစ်ပါးက "ငါ့ကို လူကြီးလူကောင်း၊ လူသူတော်ကောင်း" ဟု အထင်ကြီးကြသော်လည်း ငါ့အကြောင်းငါသာသိ၏။ ငါသည် သူတို့ထင်သလို ကောင်းသော သူတော်ကောင်းမဟုတ်ချေ။ မကောင်းမှု ဒုစရိုက်များကို ခိုးကြောင်ခိုးဝှက် ပြုလုပ်လေ့ရှိသော လူယုတ်မာ တစ်ယောက်ဖြစ်သည်" ဟု မိမိကိုယ်ကို မိမိပြန်၍ စွပ်စွဲကဲ့ရဲ့ခြင်း၊ မိမိကိုယ်တိုင် မကြည်ညိုနိုင်ခြင်း ဘေးတည်း။
[အတ္တ= မိမိကိုယ်ကို+ အနုဝါဒ= စွပ်စွဲခြင်း]

၂။ ပရာနုဝါဒဘေး။ "အကုသိုလ် ဒုစရိုက်များကို ပြုနေသော လူယုတ်မာပဲ" ဟု သူတစ်ပါးတို့က စွပ်စွဲကဲ့ရဲ့ခြင်း၊ အထင်သေး အမြင်သေး ခံရခြင်း ဘေးတည်း။
[ပရ= သူတစ်ပါးတို့က+ အနုဝါဒ= စွပ်စွဲခြင်း]

၃။ ဒဏ္ဍဘေး။ အကုသိုလ်ကိုပြုလျှင် ယခုဘဝမှာပင် "သူ့ကို သတ်မိ၍ ကိုယ့်ကိုလည်း အသတ်ခံရခြင်း၊ သူ့ဥစ္စာခိုးမိ၍

www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာရှင်၏ ရိုက်နက် သတ်ပုတ်ခံရခြင်း။ သူ့အိမ်ရာကို ပြစ်မှားမိ၍ အသတ်ခံရခြင်း။ မှုပြစ်ထင်ရှားသဖြင့် ထောင်ကျရခြင်း" စသော ဒုက္ခဘေးရန် အပြစ်ဒဏ် အမျိုးမျိုး ခံကြရခြင်း ဘေးတည်း။

၄။ ဒုဂ္ဂတိဘေး။ အကုသိုလ် ဒုစရိုက်ကို ပြုထားမိသည့်အတွက် သေခါနီးမှ အကြီးအကျယ် နောင်တရ၍ နောက်ဘဝ၌ အပါယ်လေးပါးတည်း ဟူသော မကောင်းသော ဂတိသို့ ရောက်ရမည့်ဘေးတည်း။

အကုသိုလ်ကို ပြုမိထားလျှင် လူပါး လူနပ် လူလည်ဖြစ်၍ ရှေ့ဘေးကြီး ၃ ပါးမှလွတ်အောင် တိမ်းရှောင်နိုင်စေကာမူ နောက်သံသရာအရေး ဒုဂ္ဂတိဘေးမှ လွတ်အောင်ကား ရှောင်နိုင်ရန် ခဲယဉ်းလှသောကြောင့် အကုသိုလ်ဒုစရိုက်မှန်က အလွန်ကြောက်ရွံ့ ထိတ်လန့်ဖွယ် ကောင်းလှ၏။ သို့သော် အနောတ္တပ္ပ ဝင်လာသောအခါ နဂိုက ဒုစရိုက်ကို ကြောက်ရွံ့တတ်သော သူတော်ကောင်းများပင် ဤမျှလောက် ကြောက်ဖွယ်ကောင်းသော ဒုစရိုက်အမှုကို မကြောက်မရွံ့ ရဲဝံ့စွာ ပြုမိကြလေတော့သည်။

**ဟာရိတစဝတ္ထုမှတ်ချက်**

ဤနေရာ၌လည်း အလောင်းတော်ကြီး ဟာရိတစ ရှင်ရသေ့၏ အမှုသွားကိုပင် ထပ်မံ၍ စဉ်းစားသင့်ပေသည်။ ရှင်ရသေ့၏ အမှုဝယ် ကြောက်ရွံ့ဖွယ် များလှ၏။ မိမိကိုယ်ကို မိမိမကြည်ညိုနိုင်သော အတ္တာနုဝါဒ ဘေးမှာ ပြောဖွယ်ရာ မရှိပြီ။ "ဘုရင်၏ဆရာတော် အရှင်ရသေ့က မိဖုရားကို ပြစ်မှားသတဲ့" ဟူသော သတင်းဆိုးကြီးကား ဘုရင်မရှိတုန်းဝယ် တစ်မြို့လုံးပျံ့နှံ့နှင့်လေသောကြောင့် သူတစ်ပါးတို့၏ အစွပ်စွဲ အကဲ့ရဲ့ခံရခြင်း ဟူသော ပရာနုဝါဒဘေးလည်း လက်ငင်းဒိဋ္ဌ တွေ့ကြုံလျက် ရှိပေပြီ။



ထိုရှင်ဘုရင်သာ အာနန္ဒာအလောင်း ပါရမီဖြည့်ဖက် သူတော်ကောင်း မဟုတ်ပါမူ မိမိကြင်ယာတော်ကို စော်ကားသည့် အတွက် ရသေ့အသက်ကို မြက်တစ်ပင်လောက်မျှ ပမာဏပြုမည်မဟုတ်။ ရှင်ဘုရင် က သူတော်ကောင်းဖြစ်၍သာ ဒဏ္ဍဘေးမှ သီသီကလေး လွတ်ခဲ့ရ သည်။ ထိုမျှလောက် အသက်ဘေးနှင့် အရေးတကြီး နီးကပ်နေသော ကာမမှုကိုပင် အနောတ္တပ္ပ ဝင်လာသည့်အတွက် မည်သူ့ကိုမျှ ထိမထင်တော့ဘဲ ပြုရဲလေတော့သည်။ ဤ အနောတ္တပ္ပနှင့်အတူ ဖြစ်သောစိတ်ကို "အနောတ္တပ္ပစိတ်" ဟု ခေါ်သည်။

ရွာဝက်သည် မစင်ကို မရွံသကဲ့သို့ အရှက်မရှိသော သူသည် မကောင်းမှုကို မရွံ။ ပိုးပရန်ကောင်သည် မီးလျှံကို မကြောက်သကဲ့သို့ ဩတ္တပ္ပ မရှိသူလည်း မကောင်းမှုမှ မကြောက်။
(ဋီကာကျော်)

## ဥဒ္ဓစ္စအကြောင်း

စိတ်၏ပျံ့လွင့်ခြင်း၊ မငြိမ်သက်ခြင်းသဘောသည် ဥဒ္ဓစ္စတည်း။ ထို့ကြောင့် "မှတ်ယူပျံ့လျက်– မငြိမ်သက်ထ– ဥဒ္ဓစ္စနှင့်" ဟု ဆိုခဲ့သည်။ "ပျံ့လွင့်" ဆိုသည်ကား ပြာပုံပေါ်သို့ ခဲကျသောအခါ ပြာတွေလွင့်တက်သကဲ့သို့ အာရုံတစ်ခုခုအပေါ်၌ ငြိမ်သက်စွာ မတည်နိုင်ဘဲ ဟိုအာရုံရောက်လိုက် သည်အာရုံရောက်လိုက် ဖြစ်နေခြင်းတည်း။ ထိုဥဒ္ဓစ္စနှင့် အတူတကွဖြစ်သော စိတ်လည်း စိတ်လေ စိတ်လွင့်ဖြစ်၍ ဥဒ္ဓစ္စအားကြီးနေသောအခါ ကိုယ်ခန္ဓာလည်း မငြိမ်မသက်ဖြစ်နေရကား လူလေလူလွင့် လူပေါ်ကြော့ ဖြစ်တတ်ပေသည်။

**နန္ဒထေရ် စိတ်မတည်ပုံ**

ဇနပဒကလျာဏီနှင့် လက်ထပ်မင်္ဂလာ ပြုမည့်ဆဲဆဲမှာ နန္ဒ

www.burmeseclassic.com

www.burmeseclassic.com



မင်းသားကို ဘုရားရှင် ခေါ်လာ၍ ရဟန်းပြုပေးလေရာ ရဟန်းတရား၌ ငြိမ်သက်စွာ မတည်နိုင်ဘဲ စိတ်လွင့်ပါး၍ ဇနပဒကလျာဏီ အထံသို့ မကြာခဏ စိတ်ရောက်သွားလေသည်။ ဤဝတ္ထု၌ ရဟန်းတရားဝယ် ငြိမ်သက်စွာ မတည်ခြင်းမှာ ဥဒ္ဓစ္စ သဘောပင်တည်း။

**ဥဒ္ဓစ္စ သတ္တိညံ့ပုံ**

ဤဥဒ္ဓစ္စသည် သူ့ပင်ကို သဘောအားဖြင့် မည်သည့်အာရုံ၌မျှ တည်တည်တံ့တံ့ မရှိ။ ဟိုအာရုံရောက်လိုက်၊ သည်အာရုံရောက်လိုက်နှင့် ပျံ့လွင့်နေရကား မကောင်းတရား အကုသိုလ်တရားဟု ဆိုရစေကာမူ မည်သည့် ဒုစရိုက်ကိုမျှ ထိထိမိမိ မပြုသောကြောင့် လောဘ ဒေါသ စသည်တို့ကဲ့သို့ အပါယ်ချနိုင် လောက်အောင် သတ္တိမကြီးမားချေ။

## လောဘအကြောင်း

လိုချင်မှုသဘောသည် လောဘတည်း။ ထို့ကြောင့် "လောဘ သဘော လိုချင်ဟော" ဟု ဆိုခဲ့သည်။ "လိုချင်" ဆိုသော်လည်း ကာမဂုဏ်ဆိုင်ရာ လိုချင်မှုမျိုးကိုသာ လောဘဟု ဆိုသည်။ နိဗ္ဗာန်ကို လိုချင်မှု၊ တရားကို လိုချင်မှု၊ စာပေတတ်ချင်မှု၊ ဆင်းရဲသူများကိုပေးကမ်းလို၍ ပစ္စည်းဥစ္စာကို လိုချင်မှု စသော ကောင်းသော အရာ၌ လိုချင်မှုမျိုးကား လောဘမဟုတ်။ နောက်၌ ပြမည့် ဆန္ဒ သဘောသာ ဖြစ်ပေသည်။

**လောဘ၏ အခြားနာမည်များ**

ဤလောဘကို "ပေမ" ဟုလည်းကောင်း၊ "တဏှာ" ဟုလည်းကောင်း၊ "ရာဂ" ဟု လည်းကောင်း၊ "သမုဒယ" ဟု လည်းကောင်း အမျိုးမျိုး နာမည် တပ်၍ ပြောဆိုသုံးနှုန်းကြ၏။



ပေမ ဟူသော အမည်ကို သားသမီး မောင်နှမ ညီအစ်ကို သမီးခင်ပွန်း စသော အိမ်သူ အိမ်သားချင်း ဆွေမျိုးသားချင်း ချစ်ခင်မှုနှင့် ဆွေလိုမျိုးလို ချစ်ခင်မှုတို့ သုံးနှုန်းကြရသည်။ ပေမ– ဟူသော စကား၌ "ချစ်ခင်ခြင်း" ဟု အဓိပ္ပာယ်ရ၏။ ဤချစ်ခြင်းမျိုးကိုပင် "သံယောဇဉ်" ဟုလည်း တစ်မျိုး ခေါ်ကြသေး၏။ သံယောဇဉ်ဟူသော စကား၌ "ကြိုး" ဟုအဓိပ္ပာယ်ရသည်။ ကြိုးဖြင့် ချည်နှောင်ထားသကဲ့သို့ တစ်ယောက် နှင့်တစ်ယောက်ကို မခွဲနိုင် မခွာရက်နိုင်အောင် ချည်နှောင်ခြင်းဟု ဆိုလိုသည်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဤငါးပါးကို လူအများတို့ လိုလားအပ်သောကြောင့် "ကာမဂုဏ်ငါးပါး" ဟုခေါ်၏။ [ကာမ= လိုလားအပ်သော + ဂုဏ= အနှောင်အဖွဲ့။] ထမင်းဆာ ရေငတ်သကဲ့သို့ ထိုကာမဂုဏ်အာရုံများကို သာမန် လိုချင်ရုံသာမကဘဲ ကတ်ကတ်သတ်သတ် ငတ်ခြင်းကို "တဏှာ" ဟုသုံးစွဲ၍ မက၊ မိန်းမယောကျ်ား တစ်ဦးဦး၌ မရမက တွယ်ကပ်နေသူကို "တဏှာရူး" ဟုလည်း ခေါ်ကြလေသည်။ တဏှာဟူသော စကား၌ "တပ်မက်ခြင်း၊ ငတ်ခြင်း" ဟုအဓိပ္ပာယ်ရ၏။ ထိုကာမဂုဏ် အာရုံငါးပါးတို့တွင် အတွေ့အာရုံ "မေထုန်မှု" ကိုအလွန်လိုလားရာ၌ "ရာဂ" ဟုသုံးစွဲကြပြန်သည်။ ရာဂဟူသော စကား၌ "ငြိကပ်ခြင်း၊ စွဲလမ်းခြင်း" ဟု အဓိပ္ပာယ်ရပြန်သည်။ (ရာဂ= အဝတ်ကို ဆိုးရည်ဖြင့်ဆိုးသောအခါ စွဲကပ်သကဲ့သို့ တစ်ယောက်အပေါ်၌ စွဲလမ်းနေသော လောဘ) [ဤကား စာသုံးမဟုတ်၊ လောကသုံး ကိုလိုက်၍ ခွဲခြင်း တည်း]

သစ္စာလေးပါး ခွဲခြားခန်း၌ကား ဤလောဘကို "သမုဒယ" ဟု သုံးနှုန်းပြန်သည်။ သမုဒယ ဟူသောစကား၌ "ဒုက္ခဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခလောင်း” ဟု အစိပ္ပာယ်ရပြန်၏။ ပြခဲ့သော ပေမ၊ တဏှာ၊ ရာဂ ဟု ခေါ်ဆိုရသည့် လောဘမကင်းနိုင်သောကြောင့်သာ သံသရာ၌ ဆင်းရဲဒုက္ခနှင့် ယှဉ်တွဲ၍ တဝဲလည်လည်နေကြရသည်။ ယခုအခါ သူသူငါငါ တွေ့နေကျဖြစ်သော ဒုက္ခကြီးငယ် အသွယ်သွယ်သည် ဤတဏှာလောဘ သမုဒယကြောင့်သာ ဒုက္ခဖြစ်ရကား “လောဘကြီးလျှင် ဒုက္ခကြီး၏။ လောဘငယ်လျှင် ဒုက္ခငယ်၏။ လောဘမရှိလျှင် ဒုက္ခမရှိတော့ပြီ” ဟု ဆိုလိုသည်။ ဤလောဘနှင့် အတူဖြစ်ရသော စိတ်ကို လောဘစိတ်၊ တဏှာစိတ်၊ သံယောဇဉ်စိတ်ဟု ခေါ်၍ လူကိုလည်း “လောဘကြီးသူ၊ တဏှာကြီးသူ၊ ရာဂကြီးသူ၊ သံယောဇဉ်အားကြီးသူ” ဟု ခေါ်ဝေါ်ရလေသည်။

**တဏှာလောဘ နောက်မဆုတ်ပုံ**

ဤတဏှာပေမ သမုဒယ သံယောဇဉ်ဟု ခေါ်ရသော လောဘသည် တရားဖြင့် မထိန်းနိုင်ဘဲ သူ့အလိုဆန္ဒအတိုင်းသာ ဦးစားပေးလိုက်ပါမူမည်သည့်အခါမှ နောက်ဆုတ်မည် မဟုတ်။ နွားကလေး၏ ပေါက်ခါစ ဦးချိုသည် ကြီးလေ ရှည်လေ ဖြစ်သကဲ့သို့ ပဋိသန္ဓေကပင် မျိုးစေ့ပါလာခဲ့သော ဤတဏှာလောဘသည်လည်း အရွယ်ကြီးလေ လောဘကြီးလေပင် ဖြစ်၏။ ထိုကဲ့သို့ လောဘကို မတားဆီးနိုင်သူ ဇရာအိုကြီးတို့အတွက် “ယောင်ကြီးလျှင်ဒိုက်၊ လူကြီးလျှင်မိုက်” ဟု ပြောစမှတ်ပြုကြသည်။

**ဆားငန်ရေသောက်**

ဖွားမြင်သည်ကစ၍ မိဘချစ်ရ၊ ဆွေမျိုးဉာတိ ချစ်ရနှင့် ချစ်လက်စတီထွင်ကာ အတော်ကြာလျှင် ကစားဖော်ချင်းချစ်ရ၊ မိတ်ဆွေချင်းချစ်ရ စသည်ဖြင့် ဝမ်းတွင်းပါ မမ္မတာတရားက အချစ်ကို လမ်းပြနေသောကြောင့် ရေငတ်ငတ်ရှိ၍ ဆားငန်ရေကို



သောက်လိုက်ရာ သောက်ပြီးခါမှ သာ၍ငတ်၊ ငတ်သည့်အတွက် ထပ်၍သောက်၊ သောက်လေငတ်လေ ဖြစ်သကဲ့သို့ ကာမဂုဏ် အာရုံတွေကို ငတ်ငတ်ရှိ၍ လိုက်စားခါမှ သာ၍ငတ်ပြီးလျှင် အပြစ်မမြင်နိုင်ဘဲ ချစ်ပင်လယ်ထဲ၌ ဝဲလှည့်၍ နေကြရလေတော့သည်။

“အချစ် အချစ်၊ ချစ်တိုင်းချစ်၍၊ ချစ်လေချစ်လေ၊ ချစ်မပြေ
တည်း၊ ဆားငန်ရေနှောက်၊ ငတ်တိုင်းသောက်က၊ သောက်လေ
သောက်လေ၊ ငတ်မပြေသို့၊ ပေမအရာ၊တဏှာဖွဲ့ရစ်၊ ထို
အချစ်လည်း၊ အပြစ်မမြင်၊ မဆင်ခြင်ဘဲ၊ ချစ်လျှင်ပျော်နိုး၊
ချစ်စပျိုးသည်၊ ချစ်ရိုး ချစ်စဉ် ချစ်လမ်းတည်း။

(ရှေးပညာရှိပျို့)

**လောဘသက်သက် အပါယ်ချပုံ**

လောဘသည် ကုသိုလ် အထောက်အပံ့မရဘဲ သူ့ချည်းသက်သက် စဉ်းစားလျှင် သေးငယ်သော လောဘပင် အပါယ်ချနိုင်၏။ ဥပမာ– ကျောက်ခဲမှန်လျှင် အငယ်ဆုံး ကျောက်မှုန့်ကလေးသည်ပင် ရေမှာနစ်ရသကဲ့သို့တည်း။ ထို့ကြောင့် စုတေခါနီး၌ သမီးခင်ပွန်းအပေါ် စွဲလန်းမှု၊ သမီးသားနှင့် စီးပွားဥစ္စာ တစ်စုံတစ်ရာကို စွဲလမ်းမှုကြောင့် ပြိတ္တာဖြစ်ရသူတွေ များလေသည်။ ငါတို့ဘုရားလက်ထက်တော်၌ ရဟန်းတော်တစ်ပါးကား သင်္ကန်းသစ်ကလေးကို စွဲလမ်းသွားသည့်အတွက် သင်္ကန်းမှာလာ၍ သန်းဖြစ်ရလေသည်။ ၇ ရက်လည်မှ သန်းဘဝက ကျွတ်လွတ်သတဲ့။

**ကုသိုလ်အကူအညီရလျှင် အပါယ်မချပုံ**

တစ်ယောက်နှင့် တစ်ယောက် ချစ်ခင်မှုခေါ် တဏှာပေမ ဖြစ်နေကြသော်လည်း ကုသိုလ်ကောင်းမှု အကူအညီရလျှင် အပါယ်သို့ မချနိုင်ချေ။ ဥပမာ–ကျောက်ခဲသည် သူ့ချည်းသက်သက် ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ချေ၌ နစ်သော်လည်း လှေအကူအညီရလျှင် ရေမနစ်ဘဲ လှေ၏အလိုကျ လှေပေါ်မှာ ပါရသကဲ့သို့တည်း။ ထို့ကြောင့် ဇာတ်ဝတ္ထုတို့၌ တဏှာ ပေမ မကင်းသူချင်း ရင်းနှီးစွာ အကျိုးပေးလျက် ပါရမီ ဖြည့်ဖက်များ ဖြစ်ကြလေသည်။

**ခြင်းစားဖွယ်**

သမီးခင်ပွန်းတို့ စိတ်တူသဘောတူ ဖြစ်ကြသောအခါ တစ်ယောက်ကိုတစ်ယောက် မခွဲခွာလိုကြ၊ သံသရာဝယ် ပါရမီဖြည့်ကာ နီးစွာနေရလိုကြ၏။ အလောင်းတော် သုမေဓာဘဝ၌ ယသော်ဓရာ အလောင်း "သုမိတ္တာ" မည်သော အမျိုးကောင်း သမီးကလေးသည် ဘုရားအလောင်းနှင့် မကွဲမကွာ ဖြစ်ရလိုကြောင်း ဆုတောင်းခဲ့၏။ အရှင်မဟာကဿပနှင့် မယ်ဘဒ္ဒါအလောင်းလည်း ကမ္ဘာပေါင်းများစွာ ဝယ် ပါရမီကို အတူဖြည့်ခဲ့ကြသည်။ ဤသို့ ဖြစ်ခဲ့ရာဝယ် "နောက်၌ ဖြစ်မည့် ဆန္ဒသဘောလား၊ တဏှာပေမ လောဘသဘောလား" ဟု ခြင်းစားထိုက်ပေသည်။

**ဆုံးဖြတ်ချက်**

ပြခဲ့ပြီးသော ဇာတ်လမ်းတွင် ပါဝင်သော အရှင်တို့ကား စင်စစ်သူတော်ကောင်းများ ဖြစ်ကြသည်။ သူတော်ကောင်းနှင့် အဆင့် ဆင့် ပေါင်းလိုခြင်းမှာ တမင်တကာ ဆုတောင်းရသော ကုသိုလ် ဆန္ဒကောင်းပေတည်း။ ထိုအရှင်တို့သည် ပါရမီကို ကြိုးစားနေသော သီလရှိသူများလည်း ဖြစ်ကြသည်။ ကျမ်းဂန်တို့၌ "သီလရှိသူမှာ တောင့်တတိုင်းပြည့်စုံနိုင်သည်။ ဆန္ဒရှိလျှင် ဘယ်အရာမဆို ပြီးစီး နိုင်သည်" ဟုအဆိုရှိ၏။ ထို့ကြောင့် ထိုအရှင်တို့၌ တစ်ယောက် နှင့်တစ်ယောက် မကွဲကွာအောင် တွယ်တာသော တဏှာပေမ ရှိကြ သည် ဖြစ်သော်လည်း ကြီးမားသော ကုသိုလ်ဆန္ဒကြောင့် အလောင်း



အလျာတို့ အလိုကျအောင် ပြုသမျှ ကုသိုလ်ကံတွေက တွဲဖက်၍ စီမံသဖြင့် ဥမကွဲ သိုက်မကွာ ပါရမီဖြည့်ဖက်များ ဖြစ်ကြရပေသည်။

> ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ
> = ရဟန်းများတို့- သီလရှိသူမှာ (သူ၏ တောင့်တမှုက စင်ကြယ်သည့် အတွက်) စိတ်တောင့်တတိုင်း ပြည့်စုံနိုင်သည်။
> (ပါဠိတော်)

## နကုလပိတာနှင့် နကုလမာတာ

ဘုရားလက်ထက်တော်အခါဝယ် "နကုလပိတာ" ဟုထင်ရှား သော သူကြွယ်နှင့် "နကုလမာတာ" ခေါ် သူကြွယ်ကတော်တို့သည် ရှေးရှေးဘဝများစွာကပင် မကွဲမကွာ ဖြစ်လာကြ၍ ယခုဘဝ၌ ဘုရားရှင်ကို ပထမဆုံး ဖူးမြင်ရသည့် အချိန်ကပင် သောတာပန်များ ဖြစ်ခဲ့ကြလေသည်။ ထိုဇနီးမောင်နှံ ၂ ဦးလုံးပင် ဘဝပေါင်းများစွာက ဘုရားအလောင်း၏ မိဘများအဖြစ် ဦးကြီး၊ မိကြီး၊ ဦးလေး၊ ဒေါ်လေး အဖြစ်ဖြင့် အတူနေခဲ့ကြရသောကြောင့် ဘုရားရှင်ကို သားအသွင်ချစ်ခင်ကာ လွန်စွာအကျွမ်းဝင်ကြရကား လျှောက်လိုရာကို ခြွင်းချက်မရှိ လျှောက်လေ့ရှိကြသည်။ ထို့ကြောင့် အခါတစ်ပါး၌ သူကြွယ်က လျှောက်သည်မှာ

"တပည့်တော်သည် နကုလမာတာကို ငယ်ရွယ်စဉ်ကပင် သိမ်းပိုက်ခဲ့ပါသည်။ သူ့ကို သိမ်းပိုက်ခဲ့သောအခါမှစ၍ အခြား တစ်ယောက်ကို ကိုယ်ထိလက်ရောက် မဆိုထားဘိ စိတ်နှင့်မျှ မဖြစ် မှားမိပါ။ နကုလမာတာကို ယခုဘဝမှာလည်း အမြဲကြည့်နေချင် သံသရာမှာလည်း အမြဲမြင်လိုပါသည်"

ထိုစကားကို နကုလမာတာ ကြားလျှင် အားကျမခံသူ့စိတ်ရင်း ကို လျှောက်သည်မှာ

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်မသည် ငယ်ရွယ်စဉ်အခါကပင် နကုလပိတာ၏ အိမ်သို့ လိုက်ပါခဲ့ရပါသည်။ ထိုအခါမှစ၍ အခြားသူကို စိတ်မျှ မကူးမိပါ။ နကုလပိတာကို ယခုဘဝမှာလည်း အမြဲကြည့်နေချင်၊ သံသရာမှာလည်း အမြဲတွေ့မြင်လိုပါသည်"

ထို သမီးခင်ပွန်း ၂ ဦးတို့၏ စကားကို ဘုရားရှင်က ပြန်၍ မိန့်တော်မူသည်မှာ

"ယခုဘဝ၌ စိတ်တူသဘောတူ ကြည်ဖြူကြသော သမီးခင်ပွန်းတို့သည် နောက်နောင်ဘဝ၌ မကွဲမကွာ ဖြစ်လိုကြလျှင် တစ်ယောက်နှင့်တစ်ယောက် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာတို့ အရာရာ တူစေကြရမည်"

အိမ်ရှင်က သဒ္ဓါတရား ကောင်းသကဲ့သို့ အိမ်သူကလည်း သဒ္ဓါတရား ကောင်းရမည်။ အိမ်ရှင်က သီလစင်ကြယ်သကဲ့သို့ အိမ်သူကလည်း သီလစင်ကြယ်စေရမည်။ တစ်ယောက်ယောက်က စွန့်ကြဲပေးကမ်း လှူဒါန်းလိုလျှင် မတားမြစ်ရ၊ "မယ်ကလှူမူ မောင်ကြည်ဖြူ၊ မောင်ကလှူဒါန်း မယ်ရွှင်လန်း" ဖြစ်စေရမည်။ အသိအလိမ္မာ ဉာဏ်ပညာချင်းလည်း အရာရာတူစေရမည်ဟု ဟောတော် မူလိုရင်း ဖြစ်၏။ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ ပဋ္ဌာပုဝပျို့၌--

"လူ့မြေရပ်ခွင်၊ အိမ့်ရှင်အိမ်သူ၊ မြတ်ရည်တူလျက်၊ ဆုယူညီမျှ၊
လှူဒါနနှင့်၊ သီလမယိုင်၊ သဒ္ဓါပြိုင်မှု၊ ဘုန်းလှိုင်ကျော်ကြား၊
မိုး နတ်သားနှင့်၊ ဆွေဝါးအနီး၊ နတ်သမီးသို့၊ ကောင်းချီးအံ့ရာ၊
စုမိရာလျက်၊ သံသာနောင်လည်း၊ ချစ်စည်းမပြေ၊ ရှည်ကြာလေ၏။" ဟူသတည်း။

**ဝတ္ထုမှတ်ချက်**

ဤဝတ္ထု၌ သောတာပန် ဖြစ်ပြီးသော ဇနီးမောင်နှံတို့ အပြန်



အလှန် ချစ်ခင်ကြပုံကို ပထမစဉ်းစားသင့်၏။ ထိုကဲ့သို့ လုံလုံလောက်လောက် ချစ်ခင်ကြသည့်အတွက် မိမိတို့ အချင်းချင်းမှလွဲ၍ အခြားသူနှင့် ဖောက်ပြားဖို့ရန် စိတ်မျှမကြံမိကြ။ ထိုမျှလောက် စိတ်ထားစင်ကြယ်ကြသဖြင့်လည်း ပိုမို၍မြတ်နိုးကာ တစ်သံသရာလုံး မခွဲမခွာလိုဘဲ အမြဲတွေ့မြင်လိုကြပေသည်။ ဤကဲ့သို့ တွေ့မြင်လိုကြရာ၌ လောဘအရင်းခံသော ဆန္ဒပင် ဖြစ်လင့်ကစား ထိုသူတော်စင်တို့၏ တဏှာပေမလောဘသည် သူတို့ချင်း မကွဲကွာအောင် ချည်နှောင်ပြီးလျှင် ပြုပြုသမျှ ကုသိုလ်အပေါင်းက ကောင်းမြတ်ရာသို့ ပို့ဆောင် ပေလိမ့်သတည်း။

## မာယာအကြောင်း

တဏှာလောဘကိုပင် တချို့အရာ၌ "မာယာ" ဟုခေါ်ရ၏။ ထို့ကြောင့် ဤနေရာဝယ် မာယာအကြောင်းကိုလည်း ထည့်သွင်းဖွင့်ပြဦးမည်။ မာယာသည် မျက်လှည့်သည်နှင့် တူ၏။ မျက်လှည့်သမားသည် ကျောက်ခဲကိုကောက်၍ ရွှေတုံးထင်အောင် လှည့်စားနိုင်သကဲ့သို့ ဤမာယာကလည်း လူတစ်ဖက်သား အထင်မှားအောင် မိမိမှာရှိသော အပြစ်ကို ဖုံးကွယ်တတ်လေသည်။ "မိမိမှာ အပြစ်ရှိလျက် မရှိသလို ဟန်ဆောင်တတ်သည်" ဟုဆိုလိုသည်။

**မိန်းမမာယာ**

ရှေးသရောအခါ တက္ကသိုလ်ဆရာကြီးမှာ တပည့်တစ်ယောက် ရှိလေသည်။ ထိုတပည့်၏ မိန်းမသည် အခြားယောက်ျားနှင့် ဖောက်ပြားလေ့ ရှိ၏။ ထိုဖောက်ပြားသောနေ့၌ မိမိ၏ခင်ပွန်းကို ခါတိုင်းထက် ပို၍ယုယ၏။ မဖောက်ပြားသောနေ့၌ကား ကျွန်ကဲ့သို့ သဘောထား၍ ဇော်ဇော်ကားကား ပြုလုပ်လေ့ရှိ၏။ ထိုကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသော အမှုအရာ ကို နားမလည်၍ စိတ်ရှုပ်လာသော တပည့်က မိမိ ဆရာကြီးကို အကြောင်းစုံ ပြောပြလေရာ ဆရာကြီးက မိန်းမတို့ ပြုမူတတ်ပုံ သဘောကို အမှန်အတိုင်း ပြောပြလေသည်။

**မှတ်ချက်**

ဤဝတ္ထုလာ မိန်းမသည် အခြားယောက်ျားနှင့် ဖောက်ပြားသောနေ့ဝယ် မိမိအပြစ်ကို ကွယ်ကာလိုသောကြောင့် ခင်ပွန်းအပေါ်မှာ များစွာ ကြင်နာဟန်ဆောင်လေသည်။ ထိုကြင်နာဟန်ဆောင်မှုသည် ဤမာယာပင်တည်း။ ဤမာယာကို တချို့အရာ၌ "တခ်ဏုပ္ပတ္တိဉာဏ်" (ရုတ်တရက်အကြံကောင်းသောဉာဏ်) ဟုလည်း ခေါ်ရပြန်သည်။ [တခ်ဏ =ထိုတစ်ခဏ၌ +ဥပ္ပတ္တိ + ဖြစ်ပေါ်လာသောဉာဏ်၊ ဉာဏ်ဆိုသော်လည်း ဉာဏ်အစစ်မဟုတ်၊ ဉာဏ်အတုသာ ဖြစ်သည်။ ဉာဏ်အစစ်ကား ကောင်းသောအရာ၌သာ ဖြစ်သည်။]

**ရုတ်တရက်ဉာဏ်ကောင်းသူ**

အိမ်ရှင်မ တစ်ယောက်သည် အစေခံယောက်ျားကလေးနှင့် ဖောက်ပြားလေ့ ရှိ၏။ အခါတစ်ပါးသော် ထိုယောက်ျားကလေးအား နမ်းနေသည်ကို အိမ်ရှင်ယောက်ျား မြင်သွားလေသည်။ ထိုသို့ မြင်သွားကြောင်းကိုလည်း အိမ်ရှင်မကိုယ်တိုင် သိလိုက်ရကား မိမိ၏ ခင်ပွန်းထံသို့ သွားပြီးလျှင်

"အရှင်– ဒီကောင်လေးဟာ မရိုးသားဘူး၊ ယနေ့ အရှင်အဖို့ ထားတဲ့ မုန့်ကိုယူစားပြီး ကျွန်မကမေးတော့ မယူဘူးလို့ လိမ်တယ်။ ယခု သူ့ပါးစပ်ကို နမ်းကြည့်တော့ ပါးစပ်ကမုန့်စော်နံတယ်။ မရိုးသားသူကို အိမ်မှာထားလို့ မတော်ဘူးထင်တယ်" ဟု ပြောလေသည်။

**မှတ်ချက်**

ဤဝတ္ထု၌ အစေခံကို သူကနမ်းမှုသည် လွန်စွာ ဆိုးရွားသော



အပြစ်ကြီးဖြစ်ပါလျက် ထိုအပြစ်မပေါ်အောင် လှည့်ပတ်တတ်သော ရုတ်တရက်အကြံမှာ မာယာပင် ဖြစ်သည်။ ဤမာယာသည် မိန်းမမှာသာ ရှိသည်မဟုတ်၊ယောကျ်ားများ၌လည်း ရှိသည်ပင်။

**ရသေ့မာယာ**

ရှေးသရောအခါ ရွာတစ်ရွာ၌ ဒါယကာတစ်ယောက် ကိုးကွယ်ထားသော ရသေ့တစ်ဦး ရှိလေသည်။ ခိုးသူသားကြောင့် ရွှေစင်နိက္ခတစ်ရာကို ရသေ့ ကမ္ဗဋ္ဌာန်းကျောင်း အနီးအပါး၌ မြှုပ်ထားပြီးလျှင် "အရှင်ဘုရား– သတိပြုလိုက်ပါ" ဟု မှာထားသော အခါ "ဟဲ့– ဒါယကာ၊ ရသေ့ရဟန်းကို ယခုလို ကြည့်ရှုရစ်ဖို့ရန် မမှာကောင်းဘူး" ဟု မိန့်လိုက်လေသတဲ့။

ထို့နောက် ရသေ့အကြံဖြစ်သည်မှာ "ရွှေစင်နိက္ခတစ်ရာဆိုလျှင် လူ့ဘောင်မှာ ချောင်ချောင်လည်လည် ရှိပြီ" ဤသို့ ကြံပြီးလျှင် ထိုရွှေများကို မိမိသွားမည့် လမ်းအနီး၌ ရွှေ့ပြောင်းမြှုပ်နှံထား၍ နောက်ဖြန်ဆွမ်းစားအပြီးတွင် "ဒကာတို့ကိုမှီ၍နေခဲ့သည်မှာ အတော်ကြာပြီ။ ကြာလွန်းတော့ သံယောဇဉ်ဖြစ်တတ်သည်။ သို့ဖြစ်၍ အခြားအရပ်သို့ သွားဦးမည်" ဟု ပြောလေရာ ဒါယကာက အခါခါ တားသော်လည်း တားမရသောကြောင့်ရွာတံခါးထိအောင်ပင် လိုက်၍ပို့ရှာသေးသည်။

ထို့နောက် တော်တော်သွားပြီးကာမှ တစ်ဖန်ပြန်လာပြီးလျှင် "ဒကာ၊ သင်တို့အမိုးအိမ်က သက်ငယ်မြက်တစ်ပင် ငါ၏ဆံကျစ်၌ ငြိပါလာသည်၊ ရသေ့ရဟန်းဆိုတာ မပေးလှူအပ်သော အရာကို မြက်တစ်ပင်မျှ မယူကောင်း"ဟုပြောသော် ရိုးရှာသောဒကာက "သီလကြီးသီလ ရှိတာပဲ" ဟု လေးလေးပင်ပင် ကြည်ညိုသွားလေသည်။

သို့ရာတွင် ထိုအခိုက်၌ ထိုဒါယကာ၏ အိမ်မှ အတော်

www.burmeseclassic.com

www.burmeseclassic.com



ပါးနပ်သော ညော့်သည်ရောက်ရှိနေသဖြင့် ထိုညော့်သည်က "မိတ်ဆွေရဲ့ ဆရာထံမှာ ဘာများအပ်နှံထားပါသလဲ။ အပ်ထားလျှင် သွား၍ ကြည့်စမ်းပါ" ဟု သတိပေးမှ သွား၍ကြည့်လေရာ ရွှေများ မရှိ တော့၍ ညော့်သည်နှင့်အတူ ရသေ့နောက်သို့ အမြန်လိုက်ကာ ရွှေများနှင့်တကွ ရသေ့ကို ဖမ်းမိကြလေသည်။

**မှတ်ချက်**

ဤဝတ္ထုဦ ရသေ့၏ မိမိရွှေခိုးမှု ပေါ်မည်စိုး၍ သက်ငယ်မြက် တစ်ပင်ကို ပြန်၍ ပေးခြင်းသည် ဤမာယာပင် ဖြစ်၏။ ဤသို့လျှင် ပရိယာယ် မာယာသည် ရသေ့ ရဟန်းအချို့တိုင်အောင် ပျံ့နှံ့လျက် ရှိရကား ယခုလို "အပလီဉာဏ်၊ အလိမ်ဉာဏ်" ခေါ် မာယာပေါ်သော ကာလဦ လုံးဝပုံ၍ ယုံကြည်ထိုက်သူ နည်းပါးသောကြောင့် ရိုးသား ဖြောင့်မတ်သူနှင့် ပေါင်းသင်း ဆက်ဆံမိဖို့ အရေးမှာ ရှေးကံကောင်းမှ သာ ဖြစ်နိုင်ပေလိမ့်မည်။

**မာယာပေါ်များပုံ**

မိမိအပြစ်ကို ဖုံးလွှမ်းရာဦ ပြခဲ့ပြီးသော ဝတ္ထုများအပြင် မိမိ မှာ အပြစ်ကင်းဟန် ခပ်ထန်ထန်ဖြင့် ဆောင့်ကြီးအောင့်ကြီး လုပ်၍ ဖုံးကွယ်ခြင်း၊ အပြစ်တင်မည့်သူကို ကြောက်လောက်အောင် ခြောက်၍ ဖုံးကွယ်ခြင်း၊ မြှောက်၍ဖုံးကွယ်ခြင်း စသည်ဖြင့် မာယာ၏အပြစ် ကွယ်ကာနည်းတွေ အမျိုးမျိုးရှိလေသည်။

လူအများနေသော ကျောင်းတိုက်၊ အိမ်စသည်များဦ ထိုကဲ့သို့ မာယာသမားမျိုးကို အများအပြား တွေ့ရတတ်၏။ ညဦအခါ မစွန့်ထိုက်သော နေရာဝယ် အညစ်အကြေးစွန့်ထားမိလျှင် စွန့်ထား သူက သူမဟုတ်သလို ဟန်ဆောင်နေတတ်၏။ ပရိသတ်အလယ် ကိုယ်တွင်းမှ မကောင်းနံ့လည်သွားလျှင်လည်း ယုန်ထင်ကြောင်ထင်



ဖြစ်အောင် သားရေသံနှင့် ရောစပ်တတ်ရုံသာမက (လေလည်သံကို သားရေအခင်း၏အသံ ထင်အောင် ပြုတတ်ရုံမက) သူတစ်ပါး အပေါ် အထင်ရောက်အောင်လည်း ကြံဆောင်လှည့်ပတ်တတ်၏။

ဤသို့ စသည်ဖြင့် မာယာသဘောတွေ အလွန်ပေါ်များနေရ ကား ရှေးလူကြီးတို့က "ပရိယာယ်တစ်ထောင်၊ မာယာကောင် တစ်သိန်း၊ အပလိန်းအနန္တ၊ သဲကိုးဖြာ မလောက်လို့ ရှားကိုးပင်က ရှားစွက်တွေကိုပင် ရောနှော၍ ရေတွက်ရသည်။" ဟု ပြောစမှတ်ပြုခဲ့ကြ လေသည်။ [ထိုစကားဦ "ပရိယာယ်၊ အပလိန်း၊ (အပလီ)" ဟူ သည်လည်း ဤမာယာပင်တည်း။]

## သာဌေယျအကြောင်း

မာယာနှင့်စပ်၍ သာဌေယျအကြောင်းကိုလည်း မှတ်သားထိုက် ၏။ အခြားသူတို့ အထင်ကြီးအောင် မိမိမှာမရှိသော ဂုဏ်ကို ရှိဟန် ဆောင်တတ်သော လောဘတစ်မျိုးကိုပင် "သာဌေယျ" ဟုခေါ်သည်။ မာယာသည် ရှိသော အပြစ်ကို ဖုံးကွယ်၍ မိမိမှာ အပြစ်ကင်းဟန် ဆောင်၏။ သာဌေယျကား မိမိမှာမရှိသောဂုဏ်ကို ရှိဟန်ဆောင်၏။ ထိုနှစ်မျိုးလုံးပင် အလိမ်ဉာဏ် အပလီဉာဏ် အကောက်ဉာဏ်မျိုး ချည်းတည်း။

**ဘုန်းကြီးများ သာဌေယျ**

သီလမရှိဘဲ ရှိဟန်၊ အကျင့်မကောင်းဘဲ အကျင့်ကောင်းဟန်၊ စာပေမတတ်ဘဲ စာပေတတ်ဟန်ဆောင်ခြင်းသည် သာဌေယျပင် တည်း။ ပါးနပ်သော ဒကာများနှင့် မတွေ့သမျှ ထိုဟန်ဆောင်မှု သာဌေယျသည် ထိုပုဂ္ဂိုလ်မှာ အကျိုးရလျက်ရှိ၏။ ပါးနပ်သူနှင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ့စေကာမူ ထိုသူတို့က "ငါတို့အနေသာချည်းပဲ၊ သူ့ဘာသာသူ ညာချင်ညာပစေ" ဟု သဘောထားသောကြောင့် လည်းကောင်း၊ ရင်းနှီး၍ ပါးနပ်သူတို့ကမူ မိမိဆရာ၏ အရည်အချင်းမရှိကြောင်းကို အခြားသူတို့ သိမည်စိုး၍လည်းကောင်း ထိုသူ၏ ဟန်ဆောင်မှု သာဌေယျသည် ယခုဘဝအတွက် အကျိုးရလျက်ပင်။

**လူများသာဌေယျ**

သီလမရှိဘဲ သီလရှိဟန်၊ သမာဓိမရှိဘဲ သမာဓိရှိဟန်၊ စွမ်းရည်သတ္တိမရှိဘဲ စွမ်းရည်သတ္တိရှိဟန်၊ ပညာမရှိဘဲ ဘီအေ၊ အမ်အေ အောင်ဟန်၊ ဥစ္စာမရှိဘဲဥစ္စာရှိဟန် စသည်ဖြင့် လူတို့၏ ဟိတ်ဟန် ထုတ်မှု သာဌေယျစုလည်း များလှပေသည်။

**မာယာသာဌေယျတို့ ဆိုးရွားပုံ**

ဤမာယာသာဌေယျတို့သည် ဖြစ်ရိုးဖြစ်စဉ် လိုချင်မှု လောဘ ထက်ပင် လောက၌ ဆိုးရွား၏။ ထင်ရှားစေအံ့- ဘုန်းကြီးများမှာ သီလ၊ သမာဓိ၊ ပညာ မရှိဘဲ ရှိဟန်ဆောင်နေသည့်အတွက် သီလ၊ သမာဓိ၊ ပညာ အမှန်ရှိသော ပုဂ္ဂိုလ်များကို မိမိနှင့်တန်းတူထား၍ ဝါကြွားပြောဆိုရတော့မည်။ ထိုသို့ ပြောဆိုမိသည့်အတွက် ဘဝ သံသရာ၌ ကိုယ်ကျိုးနစ်နာခဲ့လေပြီ။ ထိုဘုန်းကြီးမျိုးကို ကိုးကွယ်ထား သော ဒကာဒကာမတို့မှာလည်း အသိအလိမ္မာ တိုးပွားဖို့ မရှိသည့်အပြင် လှူဒါန်းရာ၌လည်း ပစ္စည်းကုန်သလောက် အကျိုး မများတော့ချေ။ လူတို့တွင်လည်း သီလ၊ သမာဓိ မရှိဘဲ ရှိဟန် ဆောင်နေကြသော ကြောင်သူတော်များကြောင့် အမျိုးသမီးကလေး တွေ ပျက်စီးရ၏။ ထိုလူကြီးလူကောင်း အခေါ်ခံနေသူတို့၏ ဆိုးရွားသော မတရား အသက်မွေးမှုကြောင့် မြို့ရွာ နယ်ပယ်ရှိ လူအများလည်း အကျင့်စာရိတ္တ ပျက်ပြားရ၏။



စွမ်းရည်သတ္တိ မရှိပါဘဲလျက် စွမ်းရည်သတ္တိ ရှိဟန်ဆောင်၍ ခေါင်းဆောင်အခေါ်ခံနေသူတို့အတွက် နောက်လိုက်ငယ်သားတို့ အသက်စည်းစိမ်ကိုပါ ဆုံးရှုံးကြရရုံသာမက၊ ထီးကျိုးစည်ပေါက်၍ တိုင်းပြည်ပါ မှောက်တတ်လေသည်။ ပစ္စည်းဥစ္စာ အရည်အချင်း မရှိပါဘဲ ရှိဟန်ဆောင်ကြသော မာယာသာဌေယျသမား လူလိမ်ကြီး များကို ယုံမှားမိကြ၍ ယခုကာလ လက်ထပ်ထိမ်းမြားသော အချို့ မင်္ဂလာတွေမှာ ပေါင်းမိကြသောအခါ မင်္ဂလာမစစ်နိုင်တော့ဘဲ အမင်္ဂလာ အဖြစ်သို့ ပြောင်းလဲရရှာလေသည်။

ဆက်ဦးအံ့- လက်ထပ်မင်္ဂလာ ပြုကြရာ၌ နှစ်ဖက်လုံးမှာ ဖြစ်စေ၊ တစ်ဖက်ဖက်မှာဖြစ်စေ ရှိနေသော အပြစ်အနာများကို ဖုံးကွယ်ထားသော မာယာနှင့် မရှိသော ဂုဏ်သိန်စည်းစိမ်ကို ရှိဟန်ဆောင်မှု သာဌေယျတို့ ပါနေကြပါမူ လက်ထပ်ပြီးနောက် မကြာမီ ပေါ်ပေါက်ပါလိမ့်မည်။ ထိုအခါ မိမိအား လှည့်စားသူကို (ဆွေမျိုးတစ်စု) မြတ်နိုးနိုင်ပါဦးမည်လော။ မမြတ်နိုးဘဲ ပေါင်းသင်း နေရလျှင်ကော စိတ်ချမ်းသာနိုင်ပါဦးမည်လော။ "အိမ်ထောင်ဖက်" ဟူသည် တဏှာဖြင့် ချစ်ရုံတွင်သာမက မေတ္တာစစ်ဖြင့် မြတ်နိုးမှုလည်း ပါရှိရပါသေးသည်။

ဗုဒ္ဓဘာသာဝင်တို့၏ လက်ထပ်မင်္ဂလာမှုသည် ယခုဘဝ တစ်ဘဝနှင့် ကိစ္စပြီးနိုင်ကြသည် မဟုတ်ပေ။ စိတ်တူသဘောတူ ကြည်ကြည်ဖြူဖြူ ရှိကြပါမူ ဘုရားသွားကျောင်းတက် အလှူ ဒါနစက်တို့က နောက်နောင်သံသရာအတွက် ဆက်လက်ပေးတတ်ကြ လေသည်။ (အားလုံး ပေးလိမ့်မည်ဟု မဆိုလို၊ ပေးတတ်သည်ဟု ဆိုလိုပါသည်။) ထိုကဲ့သို့ မဖြူစင်ကြဘဲ မာယာသာဌေယျ တို့ကို အရင်းခံခဲ့ပါမူ တစ်ဘဝတွင်သာမက အတူပြုရသမျှ ကုသိုလ်တို့၌လည်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်မထက်သန်ရကား နောက်နောင် သံသရာတိုင်အောင် အကျိုးနည်းဖွယ် ရှိ၏။ ထို့ကြောင့် လက်ထပ်မင်္ဂလာပြုမည်ဟု ကြံစည်စကပင် မာယာသာဌေယျ မနှော စင်းလုံးချော မင်္ဂလာဖြစ်စေသင့်ကြပါသည်။

ဤသို့လျှင် မာယာသာဌေယျသည် တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ လူအများကိုဖြစ်စေ၊ တစ်တိုင်းပြည်လုံးကိုဖြစ်စေ၊ (ဘုရားမဟုတ်ဘဲ ဘုရားလုပ်နေသူ တိတ္ထိများကဲ့သို့) တစ်ကမ္ဘာလုံး ကိုဖြစ်စေ လှည့်ပတ်တတ်လေရကား အလွန် ယုတ်မာဆိုးရွားသော တရားဟုဆိုထိုက်ပေသည်။ ထိုမျှလောက် ဆိုးရွားသော်လည်း ယခုကာလ၌ အများအပြား ဖြစ်လျက်ရှိသောကြောင့် မိမိကိုယ်ကို ပါရမီရှင်သူတော်စင်ဟု ဆုံးဖြတ်ထားသူတို့သည် ထိုမာယာသာဌေယျသမားလူအများတွင် မပါဝင်ကြစေဘဲ မရိုးမသား ဆိုးရွားသော တရားတို့ကို မိမိသန္တာန်မှာလည်း မဖြစ်အောင်၊ မိမိနှင့် ဆက်သွယ်သူများ၌လည်း မဖြစ်အောင် အထူးသတိထားကြပြီးလျှင် ဖြူစင်ထက်မြက် သွက်လက်ဖြောင့်မတ် မြင့်မြတ်သောစိတ် ရှိသူချည်းသာ ဖြစ်သင့်ကြပေသည်။

## ဒိဋ္ဌိအကြောင်း

မှားမှားယွင်းယွင်း သိမြင်ခြင်းသည် ဒိဋ္ဌိမည်၏။ ထို့ကြောင့် "မှားသောအမြင်–ဒိဋ္ဌိတွင်သား" ဟုဆိုခဲ့သည်။ ဤ အသိအမြင်မှားနေခြင်းကိုပင် ယခုကာလ၌ "အယူမှားနေခြင်း" ဟု ခေါ်ကြ၏။ ဤဒိဋ္ဌိသည် "မရှိသည်ကို အရှိ၊ ရှိသည်ကို မရှိ၊ မဟုတ်သည်ကို အဟုတ်၊ ဟုတ်သည်ကို မဟုတ်" ဟု သိမြင်နေရုံသာမက "သူ၏အယူကအမှန်၊ သူများအယူတွေ အလွဲ" ဟု စွပ်စွဲတတ်သေး၏။

ထိုတွင် ဤကမ္ဘာလောကကြီးနှင့် သတ္တဝါတွေကို ဖန်ဆင်းသူမရှိပါဘဲလျက် ဖန်ဆင်းသူရှိ၏ဟု သိမြင်ခြင်း၊ သတ္တဝါတို့၏



ကိုယ်ခန္ဓာအတွင်း၌ အတ္တဟုခေါ်သော အသက်ကောင် မရှိဘဲလျက် "အတ္တရှိ၏၊ အသက်ကောင်ရှိ၏" ဟု သိမြင်ခြင်းသည် "မရှိသည်ကို အရှိ" ဟု သိမြင်သော ဒိဋ္ဌိတည်း။ သတ္တဝါတို့ သန္တာန်၌ ပြုပြုသမျှကုသိုလ်ကံ အကုသိုလ်ကံသည် နောင်အခါ အကျိုးပေးရန် သတ္တိကျန်ရှိပါလျက် ထို ကုသိုလ်ကံ အကုသိုလ်ကံ မရှိဟု သိမြင်ခြင်း၊ ထိုကံ၏ အကျိုးကိုအကောင်းအဆိုး အမျိုးမျိုး ခံစားနေရပါလျက် "ကံ၏အကျိုး မရှိ" ဟု သိမြင်ခြင်း၊ ရုပ်နာမ်တရားတို့၏ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်တရား ရှိပါလျက် နိဗ္ဗာန်မရှိဟု သိမြင်ခြင်း၊ နိဗ္ဗာန်မရသေးသမျှ ရောက်ရဦးမည့် နောက်ဘဝရှိပါလျက် တမလွန် (နောက်နောက်ဘဝ) မရှိဟု သိမြင်ခြင်းသည် "ရှိသည်ကို မရှိ" ဟု သိမြင်သောဒိဋ္ဌိတည်း။

သတ္တဝါတွေကိုသတ်၍ ယဇ်နတ်ပူဇော်ကြခြင်းသည် အင်မတန်ကြီးကျယ်သော ကောင်းမှုကုသိုလ်ပေတည်း။ အလွန် အေးမြသောကာလ၌ ရေချိုးခြင်း၊ အလွန်ပူအိုက်သော ကာလ၌နေ့လယ်ကြောင်ဆောင်ဝယ် မီးလေးဖိုအလယ်၌နေ၍ ကိုယ်ကိုမီးကင်ခြင်း၊ နွားလိုနေခြင်း၊ ခွေးလိုနေခြင်း စသော အကျင့်များသည် ကိလေသာစင်ကြယ်ဖို့အကြောင်း ကောင်းသော အကျင့်တည်း။ ကောင်းသောအချိန်အခါဝယ် ဂင်္ဂါမြစ်ရေ၌ အပြစ်တွေကို မျှောရခြင်းသည် ပြုမိသောအပြစ်များ၏ စင်ကြယ်ဖို့အကြောင်း ကောင်းသောအကျင့်တည်း။ ဤသို့စသည်ဖြင့် သိမြင်နေခြင်းသည် "မဟုတ်သည်ကိုအဟုတ်" ဟု သိမြင်သော ဒိဋ္ဌိတည်း။

ဒါန၊ သီလ၊ ဘာဝနာ များကို ပြုခြင်းသည် သုဂတိသို့ ရောက်ကြောင်း၊ နိဗ္ဗာန်ကိုသိမြင်ဖို့အကြောင်း ကောင်းသောအကျင့် မဟုတ်ဟု သိမြင်ခြင်းသည် "ဟုတ်သည်ကိုမဟုတ်" ဟု သိမြင်သော

www.burmeseclassic.com

www.burmeseclassic.com



ဒိဋ္ဌိတည်း။ ဤသို့ စသည်ဖြင့် ဒိဋ္ဌိ၏ အမှားသိပုံမှာ လွန်စွာ အရာကျယ်လေသည်။ ဤဒိဋ္ဌိနှင့်တကွဖြစ်သော စိတ်ကို "ဒိဋ္ဌိစိတ်" ဟုခေါ်၍ ထိုအယူမှားရှိသူကို "မိစ္ဆာဒိဋ္ဌိ" ဟုခေါ်ကြသည်။ [နောက်နောက်စေတသိက်များ၌လည်း တွဲဖက်စိတ်နှင့် ပုဂ္ဂိုလ်အပေါ်မှာ ထိုက်သလိုနာမည်ရပုံကို သိပါ။]

## မာနအကြောင်း

ထောင်လွှားတက်ကြွခြင်းသဘောသည် မာန်မာနမည်၏။ ထို့ကြောင့် "မာနကားမူ၊ ထောင်လွှားကြွတက်" ဟုဆိုခဲ့ပေသည်။ မာနဓာတ်ခံရှိသူသည် တံခွန်အလံကို စိုက်ထောင်၍ ထားသကဲ့သို့ အများအပေါ်၌ မောက်မော်လို၏။ ကြွတတရှိ၏။ ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ၊ ပညာအဆင်း၊ ရောဂါကင်းခြင်း စသောဂုဏ်တို့ဖြင့် သူများထက်သာနေသောအခါ "ငါက သင်းတို့နှင့် တူသလား၊ ငါနှင့် အဖက်တန်သလား" ဟု ကိုယ့်ကိုယ်ကို အထင်ကြီးကာ သူတစ်ပါးကို အထင်သေးတတ်၏။

သူများထက်မသာဘဲ တန်းတူဖြစ်နေလျှင်လည်း မာနဓာတ်ခံရှိနေသူတို့မှာ "သင်းနဲ့ငါနဲ့ ဘာထူးသေးသလဲ၊ သူ့လောက်တော့ ငါလဲရတာပဲ" ဟု တန်းတူထားလျက် မာန်တက်ပြန်၏။ ရာထူးစည်းစိမ် စသည်တို့က အောက်တန်းကျပြန်လျှင်လည်း မာနဓာတ်ခံရှိနေသူမှာ "သူတို့က ငါ့ထက်သာတော ငါကဘာအရေးစိုက်ရမှာလဲ၊ ကိုယ်ရှိမှ ကိုယ်စားရ၊ ကိုယ်လုပ်မှ ကိုယ်ရတာပဲ၊ ဘယ်သူ့ကို ခယယ လုပ်နေရမှာတုန်း" ဟု အံမတုနိုင်သော်လည်း မာန်ပြုလျက်ပင်။



အများဖြစ်တတ်သောမာန်များနှင့် ပယ်ရှားနိုင်ဖို့ နည်းလမ်း

**ဇာတိမာန်**

အမျိုးကောင်းသည့်အတွက် မာန်မာနတက်နေခြင်းကို '**ဇာတိမာန်**' ဟုခေါ်သည်။ ယခုခေတ်၌ အတော်အတန် အမျိုး ကောင်းသူတွေ ရှိပါပေသည်။ သို့သော် မာန်တက်လောက်၊ ဟန်ကြီးပန်ကြီး လုပ်လောက်အောင် တစ်ဘက်သားကို ခြေဖဝါးအောက်ကဟု ထင်လောက်အောင် အမျိုးမကောင်းပါ။ ရှေးက မဟာသေ့း မဟာမျိုးဖြစ်၍ တကယ်အမျိုးကောင်းသည်ပင် ဆိုဦးတော့ အမျိုးမြတ်သူက မာန မဖက်ဘဲ ညက်ညက်ညောညော အပြောချိုကာ အရာရာမှာ လိုက်လျောပါမှ အောက်တန်းကျသူတို့က ပိုမို၍ ချစ်ခင်ကြည်ညို ရှိသောကြမည် မဟုတ်ပါလော။ "အရောဝင်တော့ အရိုသေတန်" ဆိုသကဲ့သို့ အချို့ရိုင်းစိုင်းသူတို့က အရောဝင်၍ အရိုအသေတန်ကောင်း တန်ပေလိမ့်မည်။ သို့သော် ထိုအရိုအသေတန်မှုအတွက် ထိုသူ အပြစ်သာဖြစ်၍ ထိုသူပင် နစ်နာပေလိမ့်မည်။ ဤသို့ အရာရာ ရှေ့နောက်စိစစ်လျက် ဇာတိမာန် မတက်မိအောင် သတိဆောင်ကြပါကုန်။

**ဓနမာန်**

အထိုက်အလိုက် ဥစ္စာရှိသူတို့၏ မာန်ကို "ဓနမာန်" ဟုခေါ်၏။ ယခုအခါ အတော်အတန် ဥစ္စာရှိသူတွေ ရှိပါပေသည်။ သို့သော် ဥစ္စာနည်းပါးသူများနှင့် အတူမသွားနိုင်၊ အတူမစားနိုင်၊ အတူစကားမပြောနိုင်လောက်အောင် မကုန်မခန်းပေါ်များကြသည် မဟုတ်ပါ။ "မမြင်ဖူးတော့ မူးမြစ်ထင်" ဆိုသလို မိမိကိုယ်ကို သူဌေးသူကြွယ်ဟုထင်စေဦးတော့ ဆင်းရဲသူ ဆင်းရဲသားတို့အပေါ်မှာ သဘောကြီးကြီးထား၍ သနားကြင်နာ ကရုဏာသက်တတ်ပါလျှင် သာ၍ဝင်ဂုဏ်မရှိပါသလော။ မိမိပစ္စည်း၌ ဘေးအန္တရာယ် မထူအောင်

www.burmeseclassic.com

www.burmeseclassic.com



အကူအညီပင် ရနိုင်သေးသည် မဟုတ်ပါလော။ မနေရှင်တို့၏ ပြုံးရွှင်သောမျက်နှာ ချိုသာသော စကားအသုံးသည် ဆင်းရဲသားတို့အတွက် အမြိန်ရှက်ဆုံး အမြိုက်ဆေး တစ်မျိုးပင် ဖြစ်နိုင်ပါသည်။

ထို့ကြောင့် ရေးကဒါနကုသိုလ်အကျိုးပေး၍ တစ်သက်လျာအတွက် ရရှိသော စည်းစိမ်ဥစ္စာလေးကို နောင်သံသရာအရေးဝယ် အမျိုးအနွယ် အောက်ကျသွားဖို့အကြောင်း မကောင်းသောမာန၏ အောက်ခံကားပုံသဖွယ် မဖြစ်စေဘဲ မနေရှင်ပီပီ တည်ကြည်သော စိတ်ထားဖြင့် အများ၏ ကိုးစားရာဖြစ်အောင် ကြိုးစား၍ သတိဆောင်ကြပါကုန်။ ယခုတစ်ဘဝ ကြီးကျယ်သော စည်းစိမ်သည် ဘေးအန္တရာယ် အလွန်များလှ၏။ ဘေးအန္တရာယ်ကင်းစေကာမူ တစ်သက်လျာမျှသာ သုံးစွဲနိုင်ပါသည်။

"ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊
ပျော်စံရိပ်ငြိမ်၊ မင်းစည်းစိမ်ကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊
ခဏ တက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း။"

(အနန္တသူရိယ အမတ်)

**ပညာမာန်**

စာပေတတ်ကျွမ်းသူတို့၏ မာန်ကို "ပညာ့မာန်" ဟုခေါ်၏။ စာပေပညာသည် မသင့်သည်ကို မသင့်မှန်းသိ၍၊ သင့်သည်ကို သင့်မှန်းသိဖို့ရာ အလိမ္မာပေးသော ပညာ၊ ပေါင်းသင်းဆက်ဆံရာ၌ ယဉ်ကျေးဖို့ရာ အလိမ္မာပေးသော ပညာတည်း။ သို့ပါလျက် ထိုပညာကို အကြောင်းပြု၍ မတော်မတရား ကြီးမားသော မာန်မာနဖြစ်ရခြင်းမှာ လွန်စွာ ရှက်ဖွယ်ကောင်းလှ၏။ ယခုကာလ၌ သူများထံမှ တစ်ဆင့်သင်ယူ၍ တတ်သိရသော စာပေပညာလည်း ထူးခြားသော အတတ်မဟုတ်သေးပါ။ အကြောင်းညီညွတ်၍ ဆရာကောင်းထံ သင်ကြားရလျှင် အများပင် တတ်နိုင်ပါ၏။



သို့ဖြစ်၍ အကြောင်းမညီညွတ်သဖြင့် မသင်ကြရသူ၊ အထူးဉာဏ်ထိုင်းသူများကို တွေ့ရသောအခါ မောက်မော်ဝါကြွားမည့်အစား သနားကြင်နာ ကရုဏာသက်ဖို့သာ၊ သို့မဟုတ် တစ်ဆင့်သင်ပြပေးဖို့သာ သင့်ပါသည်။ ရှေးတုန်းက အတော် ထင်ရှားသော ဆရာတော်တစ်ပါးသည် လွန်ခဲ့သောဘဝက စိတ်ရှည် လက်ရှည် စာချဖူးသဖြင့် ယခုဘဝမှာ လောကဓမ္မ ၂ ဌာန၌ ထင်ရှားကျော်ကြားသော ကျမ်းတတ်ပုဂ္ဂိုလ်ကြီး တစ်ပါး ဖြစ်လာရပါသတဲ့။ ထို့ကြောင့် တတ်သိသော ပညာကို သံသရာအတွက် အသုံးပြုကြပါလေ။

**စာပေပညာ၏ လမ်း ၂ သွယ်**

ယခုခေတ် အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော လောကီပညာတို့သည် နဂိုကပင် အသက်မွေးဖို့လမ်းကို မှန်းပြီးဖြစ်၍ စိစစ်ဖွယ် မလိုပါ။ သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ ပိဋကတ် စာပေပညာမှ လမ်း ၂ သွယ် ဖြာနေပုံကို ထင်ရှားပြဦးမည်။

**အောက်လမ်း**

စာပေတတ်လျှင် နာမည်ကြီးလာလိမ့်မည်။ လှူဒါန်းချင်သူပေါ်လာလိမ့်မည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်းတို့ အကောင်းအမွန် ရလိမ့်မည်၊ သူတစ်ပါးအပေါ် မောက်မော်နိုင်မည်၊ စာပေတတ်လျှင် မည်သူ့ကိုမျှ လူမထင်ဘဲ လုပ်ချင်ရာလုပ်နိုင်မည်။ ဤသို့ စသည်ဖြင့် လောဘ၊ ဒေါသ၊ မာန်မာနကို အခြေခံ၍ စာပေသင်ကြားကြ၏။ တတ်မြောက်သောအခါ၌လည်း မူလရည်ရွယ်ချက်အတိုင်း လာဘ်ပေါ်အောင် ကြိုးစား၍ သူတစ်ပါးအပေါ် မောက်မော် စော်ကားတတ်၏။ ထိုသူ၏ ပညာသင်ကြားမှု ပညာတတ်သိမှု အောက်လမ်းသွားဖို့အကြောင်း မကောင်းမှု ချည်းသာ ဖြစ်သည်။ ထိုကဲ့သို့ စိတ်ထားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စာပေသင်ကြားမည့်အစား အိပ်နေခြင်းကပင် တော်သေး၏ ဟု ကျမ်းဂန်၌ဆိုသည်။

**အထက်လမ်း**

စာပေတတ်လျှင် ဘုရားရှင်၏ တရားတော်ကို သိရလိမ့်မည်။ သူတစ်ပါးအား တစ်ဆင့်ပို့ချမည်။ စာပေပိဋကတ်တည်းဟူသော မှန်အပြင်ဝယ် အစဉ်မပြတ် ကြည့်ရှု၍ မိမိစိတ်နေစိတ်ထားကို ဖြူစင်ဖြောင့်မတ် မြင့်မြတ်အောင် ပြင်ဆင်မည်။ ဤသို့ စသော ရည်ရွယ်ချက်ဖြင့် သင်၍တတ်မြောက်သော အခါလည်း ပစ္စည်း လာဘ်လာဘ ဒကာဒကာမပေါများမှုကို ဂရုမစိုက်ဘဲ မူလ ရည်ရွယ်ရင်းအတိုင်းပင် ကြိုးစား၏။ ထိုပုဂ္ဂိုလ်၏ စာပေသင်ကြား တတ်မြောက်မှုမျိုးကား အထက်လမ်းသို့ တက်လှမ်းဖို့အကြောင်း အကောင်းချည်းသာ ဖြစ်ပါသည်။

အချို့မှာကား စာပေမတတ်ခင်က စိတ်ထားမတတ်၍ စာမေးပွဲအောင်လိုခြင်း၊ နာမည်ကြီးလိုခြင်း စသော ရည်ရွယ်ချက်များ ရှိသော်လည်း စာပေတတ်မြောက်သောအခါ အရာရာ စိတ်ပြောင်း၍ စိတ်ကောင်း နှလုံးကောင်း ရှိ၏။ ထိုပုဂ္ဂိုလ်ကား ရေမပြည့်ခင် ဆောင်ဘင်ခတ်နေသော ရေအိုးသည် ရေပြည့်သောအခါ ငြိမ်သက်လာသလို ဖြစ်သည့်အတွက် အထက်တန်းသို့ တက်လှမ်းဖို့အကြောင်း လမ်းကောင်းရသူပင် ဖြစ်သည်။ ငယ်ရွယ်သူ ဟူသမျှတို့ စာတတ်သောအခါ ဤကဲ့သို့ လမ်းကောင်းရကြပါစေ။

**အဆင်းမာန်**

အလှဂုဏ်အတွက် မာန်တက်ခြင်းကို "အဆင်းမာန်" ဟုခေါ်၏။ ရှေးဘဝက ဒေါသနည်းပါးခြင်း၊ ပန်းစသည်တို့ကို လှူဒါန်းခြင်း၊ ဘုရားကျောင်းဝင်း စသည်တို့၌ အမှိုက်သုတ်သင်ရှင်းလင်းခြင်း



စသော ကုသိုလ်ကောင်းမှုကြောင့် ယခုဘဝ၌ ပရိသတ်အလယ် တင့်တယ်ဝင်းစက် အဆင်းထွက်ခြင်းမှာ မာန်တက်မည်ဆိုလျှင် တက်လောက်ပါပေသည်။

သို့ရာတွင် မိမိအဖြစ်ဟောင်းကို ပြန်ပြောင်း၍ မှန်းဆသောအခါ ဒေါသကင်းစင် စိတ်ကြည်လင်၍ ရေလှူပန်းလှူခြင်း စသော ကုသိုလ်ကောင်းမှုရှင် သူတော်စင် ဖြစ်ခဲ့ဖူးရကား ယခုဘဝရောက်မှ အလှဂုဏ် မာန်တက်၍ သူတစ်ပါး အဖက်မထင်နိုင်အောင် ဟန်ကြီးပန်ကြီး မလုပ်သင့်ပါ။ လှပသော ကိုယ်တွင်း၌ သန့်ရှင်းသော စိတ်အစဉ်ကို မွေးမြူကာ အရာရာ သိမ်မွေ့လျက် ကြင်နာရှင် သူတော်စင်ဖြစ်အောင် သတိထား၍ ကြိုးစားသင့်ပါသည်။

**အချုပ်သတိပေးချက်**

အချုပ်မှာ နိဗ္ဗာန်စံဝင်ပြီးသော သူတော်စင်ကြီးတို့သည် ယခုပြခဲ့သော ဇာတိမာန်စသည်တို့ တက်မည်ဆိုလျှင် မိုးထိအောင် လှကားမထောင်ဘဲ တက်နိုင်ကြပေ၏။ မာန်တက်လောက်အောင်ပင် ဘုရင်မိဖုရားတို့၏ လက်ပေါ်တွင် ကြီးပွားရသော မင်းညီမင်းသားများဖြစ်ကြသည်။ ပညာဘက်ကလည်း မဟော်သဓာသုခမိန် စသည်ဖြင့် ကမ္ဘာ့စံချိန် ချိုးတော်မူခဲ့သည်။

အမျိုးသမီးများဘက်ကလည်း ဥပ္ပလဝဏ်၊ ခေမာ၊ ယသော်ဓရာ စသော သူတော်ကောင်းအမျိုးသမီးတို့မှာ အမျိုးဥစ္စာ ပညာဘက်၌သာမက အလှဘက်ကလည်း တစ်ကမ္ဘာလုံးမျက်နှာဖုံးများပင် ဖြစ်ကြပေသည်။

ထိုမျှလောက် အထက်တန်းကျသော အမျိုးသားအမျိုးသမီးတို့သည် သူတို့၏ မျိုးရိုးဇာတိ စသည်တို့အတွက် မာန်မာနမတက်ကြပါဘဲလျက် "သည်လိုယုန်တော့ ချုံတိုင်းတွေ့နိုင်" တဲ့ အစား

www.burmeseclassic.com

www.burmeseclassic.com



"တံငါစာ၍ ငါသာသာ" ရှိသူများက ရှိစုမဲ့စု စု၍ရသော ဇာတိ ပညာ ဥစ္စာ အဆင်းဖြင့် ကြက်ဆူပင်မင်းမူနေခြင်းမှာ နက်နက်နဲနဲ တွေးလျှင် လေးလေးပင်ပင် ရှက်ဖွယ်ပါတကား။

ထို့ကြောင့် နလုံးလေပင့်၍ ဘဝင်မြင့်သူအလား ထောင်လွှား တက်ကြွ မာန်မာနဖြစ်ခြင်းသည် သူတစ်ပါးတို့ မြင်ပြင်းကတ်ဖွယ်ရာ အကျိုးမဲ့ကိုသာ ဖြစ်စေရုံသာမက နောက်နောက်ဘဝတို့၌ အမျိုးညံ့ ဖို့အကြောင်း မကောင်းသက်သက် ဖြစ်ရကား ဇာတိ ပညာ ဥစ္စာ အဆင်းအားဖြင့် ရောက်သင့်သလောက် အထက်တန်းရောက် နေသော်လည်း နောက်နောက်ဘဝ အဆင့်ဆင့်၌ မြင့်သည်ထက်မြင့်ဖို့ အရေးကိုသာ ရှယ်ကိုး၍ "အစွယ်ကျိုးသောမြွေ၊ ဦးချိုကျိုးသောနွား၊ ခြေသုတ်ပုဆိုးအလား"ကဲ့သို့ တက်ကြွသော မာန်စွယ်ကို နုတ်ပယ် နှိမ်ချိုးနိုင်ကြပါစေသား။

## ဒေါသအကြောင်း

စိတ်၏ ခက်ထန်ကြမ်းတမ်းခြင်း သဘောသည် ဒေါသမည်၏။ ထို့ကြောင့် "ဒေါသတွက်ကြောင့်– စိတ်စက်ခက်ထန်" ဟု ဆိုခဲ့သည်။ ခက်ထန်– ဆိုသော်လည်း ရှူးရှူးရှဲရှဲ ခက်ထန်ခြင်း တစ်မျိုးသာမဟုတ်။ စိတ်ညစ်နွမ်းနေပြန်လျှင်လည်း မညစ်နွမ်းသော စိတ်ကဲ့သို့ ညက်ညက် ညောညော မရှိ။ စိတ်ပုံမှာ ဖွာတာတာ ကြမ်းတမ်းတမ်း ရှိရကား စိတ်ညစ်နွမ်းမှု၊ စိတ်အားငယ်မှု၊ ကြောက်လန့်မှုများလည်း ဒေါသ သဘောပင်။

အချုပ်မှာ– စိတ်ညစ်မှု၊ စိတ်မချမ်းသာမှု၊ ကြောက်ရွံ့မှု၊ စိတ်ပျက်မှု၊ စိတ်ကောက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးဖွဲ့မှု၊ ဆဲဆိုငေါက်ငမ်း ခြောက်ချမ်းမှု၊ တိုက်ခိုက်မှု၊ သေကြေပျက်စီးအောင် ကြံဆောင်မှု



အစုစုသည် ဒေါသချည်းတည်း။ ကြောက်လန့်မှု၊ ကြမ်းတမ်းမှု ၂ မျိုးလုံး၌ပင် ဒေါသ ပါဝင်ရကား ဒေါသကြီး၍ စိတ်ခက်ထန် ကြမ်းတမ်းသူသည် ကြောက်စရာရှိလျှင်လည်း ကြောက်လွယ်တတ် သည်။ ထိုသူမျိုးကို သတိထား၍ အကဲခတ်ပါလေ။ [ခက်ထန်တို့ အတက်ဒေါသ၊ ကြောက်ရွံ့မှုကို အသက်ဒေါသ ဟုလည်း ခွဲကြ သေး၏။]

**အမျိုးသမီးတစ်ယောက်ဝတ္ထု**

ပြခဲ့ပြီးသော ဒေါသများကို အတော်စုံအောင် ခံစား၍ သွားရရှာသော အမျိုးသမီးကလေးတစ်ဦး၏ အိန္ဒိယနိုင်ငံ၌ ဖြစ်ပုံကို ဒေါသသဘော သိရုံသာမက လူငယ်ချင်း မေတ္တာမမျှဘဲ အတင်း ပေးစားလေ့ရှိသော မိဘတို့ကို သတိရစေသလိုလည်း ဖြစ်ပေသည်။ ဤဝတ္ထုပါ ငယ်ရွယ်သူ ၂ ယောက်ကား တစ်ယောက်သဘောကို တစ်ယောက်မသိကြ။ ၂ ဖက်မိဘတို့ စေ့စပ်ချက်ဖြင့် လက်ထပ်ပြီး ကြလေပြီ။ သတို့သမီးလေးသည် အမျိုးကောင်းသမီးပီပီ တည်တည် ကြည်ကြည်နှင့် ဝတ်ကျေအောင် ပြုရှာပေ၏။ သို့သော် သတို့သားက ဘယ်ဟာပြုပြု အကောင်းဟုမထင်၊ ခင်မင်ယုယမှု မရှိချေ။

မိမိကပြုစုပါလျက် ခင်ပွန်းက ဂရုမစိုက်သည့်အတွက် သတို့ သမီး စိတ်ပျက်စ ပြုလာသည်။ စိတ်ညစ်၏။ စိတ်မချမ်းသာ။ မကြာမကြာ မှိုင်နေသည်။ နဂိုကပင် မကျေနပ်သော ခင်ပွန်းသည်သည် ထိုမသာယာဖြစ်နေပုံကို မြင်လျှင် သာ၍ပင် ရွံမုန်းကာ တစ်ခါတစ်ခါ အကြမ်းဖက်လာ၏။ သတို့သမီးက စိတ်နာ၏။ ခင်ပွန်းသည်၏ ပြုမှုပုံကို မကျေနပ်နိုင်။ သို့သော် မည်သို့မျှ မတတ်နိုင်သောကြောင့် မိမိဝတ္တရားကျေအောင် ပြုမြဲပြုရှာ၏။

သို့ရာတွင် ကျောက်တုံးကျောက်သား မဟုတ်သော စိတ်ဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com



ပါသော ကိုယ်ခန္ဓာဖြစ်ရကား မကြာခဏ မိမိ၏ဘဝကို အဆုံးစီရင်ရန် ကြံလေသည်။ ဤကဲ့သို့ ဒေါသထွက်ခြင်း၊ စိတ်ပျက်ခြင်း၊ စိတ်ညစ်ခြင်း၊ စိတ်မချမ်းသာခြင်း၊ ကြောက်ရွံ့ခြင်းတို့ ဆက်တွဲ၍ လောကငရဲခံကာ သားသမီးနှစ်ယောက် ဖွားမြင်ပြီးသည့်တိုင်အောင် အောင့်အည်းခံ့ပါသော်လည်း နောက်ဆုံး၌ မစောင့်စည်းနိုင်တော့ရကား ကိစ္စတစ်ခုအတွက် အခြားမြို့သို့ သွားနေသော ခင်ပွန်းသည်ထံသို့ စာတစ်စောင်ရောက်လာသည်မှာ

"အရှင်...မိဘများ ပေးစားသော ခင်ပွန်းပင် ဖြစ်သော်လည်း အရှင့်ကို အမှန်ချစ်၍ အရှင်၏အချစ်ကိုလည်း ရရှိနိုင်ရန် အမှန်ပင် ကြိုးစားခဲ့ပါသည်။ သို့သော် ကျွန်မ၏ ကြိုးစားမှုတွေမှာ အကျိုးမရသည့်အပြင် "မာယာများတယ်" ဟုသာ အထင်ခံရ၍ စိတ်ပျက်လှသဖြင့် ဘဝကို အဆုံးစီရင်ရန် မကြာခဏကြံသော်လည်း ကလေးများ မျက်နှာထောက်၍ အထမမြောက်ခဲ့ပါ။ ယခုမှာမူ ဆက်လက်၍နေသော်လည်း စိတ်ညစ်ရုံသာ ရှိမည်ဖြစ်သောကြောင့် ဤစာကို ရေးပြီးနောက် ကလေးများ စားမည့်မုန့်ထဲ၌ အဆိပ်ခတ်ပြီးလျှင် ကျွန်မ၏ဘဝကို အဆုံးစီရင်လိုက်ပါပြီ။"

အထက်ပါစာကို ရပြီးနောက် ခင်ပွန်းသည် ယောကျ်ားလည်း သူ့ဇနီး၏ လိမ္မာပုံတွေကို အကုန်အစင် ထင်မြင်လာရတော့ကား ကပျာကသီ ပြန်သွားလေရာ အိမ်ပေါ်မှာ ပြင်ထားသော မိသားစု ၃ ဦး၏ အလောင်းကိုသာ တွေ့ရသဖြင့် အဆင်သင့်ရှိသော သေနတ်ဖြင့် သူ၏ဇာတ်ကိုပါ အဆုံးသတ်လိုက်လေသည်။ [ဤဝတ္ထု၌ ဒေါသဖြစ်ပုံများ ထင်ရှားလေပြီ။] ဤဝတ္ထုကိုထောက်၍ အကြောင်းအားလျော်စွာ ဆုံတွေ့ကြရသောအခါ သဘောထားကြီးကြီး ထား၍ ပြေပြေပြစ်ပြစ်ဖြစ်အောင် ကြိုးစားကြပါလေ။



## မက္ခအကြောင်း

ဒေါသနှင့်စပ်၍ အများဖြစ်သောမက္ခ–ပဠာသ–သောက–ပရိဒေဝ–ဒုက္ခ– ဒေါမနဿ–ဥပါယာသ တို့သဘောကိုလည်း မှတ်သင့်ပါသည်။ ထိုတွင် "မက္ခ" ဟူသည် သူ့ကျေးဇူးကို ချေဖျက်တတ်၊ ကျေးဇူးကန်းတတ်သော ဒေါသမျိုးတည်း။ ငယ်ရွယ်စဉ်ကပင် မိဘကျေးဇူး၊ ဆရာသမားကျေးဇူး၊ မိတ်ဆွေကောင်းကျေးဇူး စသည်ဖြင့် သူတစ်ပါးတို့က ပြုထားသော ကျေးဇူးတွေ ရှိတတ်ပေသည်။ ထိုကျေးဇူးများကို ကျေးဇူးဟုမထင်၊ ကျေးဇူးလည်း မတင်နိုင်ဘဲ "ငါ့မှာ သူကျေးဇူးဘာရှိလို့လဲ" ဟုချေဖျက်တတ်၊ ကျေးဇူးကန်းတတ်ကြလေသည်။

အချို့ကား ကျေးဇူးကန်းရုံတွင်သာမက၊ သားရေပေါ်အိပ်ပြီး သားရေနားစားကာ ကျေးဇူးရှင်ကိုပင် ကျေးဇူးစွပ်တတ်ကြသေးသည်။ ထိုသူမျိုးကို "မိတ္တဒုဗ္ဘိ = မိတ်ဆွေပြစ်မှားသူ– လူယုတ်မာ" ဟု များစွာ အပြစ်ဆိုလေသည်။ "သူတစ်ပါးကျေးဇူး" ဟူသည်မှာ ကြွေးတင်သလို တင်နေသော အရာတစ်မျိုးတည်း။ ထိုကျေးဇူးကို အတုံ့ပြန်၍ မဆပ်နိုင်သည့်အတွက် မဆပ်ရသေးသော်လည်း ကျေးဇူးရှင်မှန်းကို အသိအမှတ်ပြုကာ ကျေးဇူးတင်မိစေရမည်။ ဆပ်နိုင်သည့်နေ့ ဆပ်ခွင့်ကြုံသည့် နေ့၌ကား မြိန်မြိန်ရှက်ရှက်နှင့် နှစ်သက်ကျေနပ်စွာ ပြန်၍ ဆပ်ကြရမည်။

တရားတော်။ ။အကြင်သစ်ပင်၏ အရိပ်၌ ထိုင်နေ၊ အိပ်နေအံ့၊ ထိုသစ်ပင်၏ အခက်ကို မချိုးပါနှင့်။ အရိပ်နေနေ– အခက်ချိုးချိုး မိတ်ဆွေပြစ်မှားသော ထိုလူမျိုးသည် လူယုတ်မာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



### ကျေးဇူးသိတတ်သော သားအကြောင်း

တစ်ခုသော မြို့၌ မုဆိုးမမိခင်ကို ကူလီထမ်း၍ ကြိုးကြိုးပမ်းပမ်း ပြုစုလုပ်ကျွေးနေသော လုလင်တစ်ယောက်ရှိသည်၊ ထိုသူ၏ မိခင်ဖြစ်သူကား မိခင်ပီပီ မတည်ကြည်။ အခြားယောက်ျားနှင့် တိတ်တိတ်ပုန်းဖောက်ပြားနေ၏။ သားကိုအားနာ၍ အထင်အရှားလည်း နေဝံ့ဟန်မတူ။ ထိုဖောက်ပြားပုံကို သိကြသော မိတ်ဆွေများက (ရိုးရိုးသားသားနှင့်ပြုစုနေသော လုလင်ကိုသနား၍) လုလင်အား အကြောင်းစုံတိုင်ကြားလေသော် "အမေ ပျော်သလိုနေပါစေဗျာ၊ အမေစိတ်ချမ်းသာလျှင် ပြီးပါရော၊ ကျွန်တော့်အတွက်မှာ အမေ ဘာလုပ်လုပ် ပြုစုဖို့ပါပဲ" ဟု ပြောရှာလေသတဲ့။ [သားကောင်း သမီးကောင်း ရှားသလောက် မိဘကောင်းလည်း ရှားသည်ပင်။]

**မှတ်ချက်**

ဤ၀တ္ထုဌ် မိခင်၏ ယုတ်မာမှုမှာ မိခင်၏ တာဝန်သာဖြစ်သည်။ ပြုစုဖို့ကား သားတာဝန်သာ ဖြစ်သည်။ ထိုကဲ့သို့ ယုတ်မာသော မိခင်ကို ပြုစုရာ၌ မိခင်အဖြစ် ပြုစုသည်ဟု သဘောမထားရ။ ကျေးဇူးရှင်ကို ကျေးဇူးကြွေး မကျန်အောင် ပြန်၍ဆပ်နေသည်ဟု သဘောထားရမည်။ ဤသို့လျှင် နရောနောင်ပါ သံသရာအရေး မြော်တွေးတတ်သူ လူကောင်း သူကောင်းမှန်လျှင် ကျေးဇူးရှင်ကို ကျေးဇူးဆပ်မိအောင် ကြိုးစားသင့်ပေသည်။ ဘုရားအလောင်းကား တိရစ္ဆာန်ဘဝ၌ ဖြစ်ရခိုက်မှာပင် ကျေးဇူးဆပ်လေ့ရှိခဲ့ပါသည်။ [မျက်မမြင် မိခင်ဖြစ်သော ဆင်မကြီးကို ပြုစုနေသော ဆင်ဖြူကလေးကို ရှင်ဘုရင်က ဖမ်းသွားရာ၌ အစာမစားဘဲ ဆန္ဒပြကာ မိခင် အကြောင်းကို ပြောပြသဖြင့် ပြန်၍ လွှတ်ခဲ့ရလေသည်။]



### ပဋ္ဌာသအကြောင်း

ပဋ္ဌာသဟူသည် ဂုဏ်တုဂုဏ်ပြိုင် ပြုတတ်သော ဒေါသတစ်မျိုးပင်တည်း။ သီလ သမာဓိ ပညာရှိသူ၊ ဥစ္စာပေါသူ၊ ရုပ်ချောသူ၊ အမျိုးမြတ်သူ၊ လိမ္မာသူများကို အသာမပေးနိုင်ဘဲ "သူနဲ့ငါနဲ့ ဘာထူးသေးသလဲ" (မိမိထက် အမှန် သာနေသူ၊ သာမှန်းလည်း သိလောက်သူနှင့်) အင်တူအားတူဂုဏ်တူလုပ်၍ ပြောဆိုပြိုင်ဆိုင်ခြင်းမျိုးတည်း။ မိမိမှာ ထိုကဲ့သို့ ဂုဏ်မျိုးရှိသည်ထင်၍ နှိုင်းယှဉ်ပြောဆိုမှုမှာ ပဋ္ဌာသ မဟုတ်ချေ။

### သောကအကြောင်း

ဝမ်းနည်းမှုကို "သောက" ဟုခေါ်သည်။ နောက်၌ ပြမည့် ဒေါမနဿ ဝေဒနာ စေတသိက်ကိုပင် ဝမ်းနည်းစရာတွေ့၍ စိတ်မချမ်းမသာ ဖြစ်ရာ၌ "သောက" ဟုခေါ်ရလေသည်။ ဤသောကဖြစ်တိုင်း ဒေါသလည်း ပါနေသောကြောင့် ဒေါသနှင့်စပ်၍ သောကအကြောင်းကိုလည်း သိသင့်သည်။ သောက၏ ဝမ်းနည်းမှုသည် ယခု လူတို့၌ များပြားလှချေ၏။ မိမိနှင့် ချစ်ခင်နေသော ဆွေမျိုးစသည်တို့ ပျက်စီး၍ ဝမ်းနည်းရခြင်း၊ စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံး၍ ဝမ်းနည်းရခြင်း၊ မိမိအကျိုးကို လိုလားသော မိတ်ဆွေများ၌ ဥစ္စာစည်းစိမ်ပျက်၍ ဝမ်းနည်းရခြင်းများသည် သောကချည်းတည်း။

**ဒေါမနဿ တစ်မျိုး**

"သောက" ဟု ထင်မှားနေသော ဒေါမနဿ တစ်မျိုးလည်း ရှိသေး၏။ ချစ်ခင်သူများ ဖျားနာမည်ကို စိုးရိမ်ခြင်း၊ အရပ်တစ်ပါး သွားသောအခါ ပြန်ချိန်တန်လျက် မပြန်လာသဖြင့် စိုးရိမ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကလေးသူငယ် လူမမယ်အတွက် အရာရာမှာ စိုးရိမ်ခြင်း ဤသို့စသည်ဖြင့် စိုးရိမ်ကြောင့်ကြမှုများရှုံတွင်မက "ငါမရှိလျှင် သူတို့တော့ခက်ရစ်တော့မှာပဲ" ဟု နောက်ဆက်တွဲ စိုးရိမ်မှုတို့မှာ သောကမဟုတ်၊ ရိုးရိုး ဒေါမနဿသာတည်း။

**စိုးရိမ်လို့ အကျိုးရှိရဲ့လား**

ပြခဲ့သော စိုးရိမ်မှုများသည် သက်သက်သာသာ ဖြစ်ကြသည် မဟုတ်။ စိတ်နှလုံးကို ထိခိုက်စေ၍ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းခြင်း ပူပန်ခြင်း ဖြစ်ကြရသည်။ ထိုမျှလောက် စိတ်ပန်း ကိုယ်ပန်း မချမ်းမမြ စိုးရိမ်ကြောင့်ကြမှုကြောင့် တစ်စုံတစ်ခု ကောင်းကျိုးရလျှင် တော်ပါသေး၏။ စင်စစ်မှာ စိတ်နှလုံး၏ ပူလောင်ခြင်းမှတစ်ပါး ကောင်းကျိုးဘက်က တစ်ချက်မျှ မရှိချေ။ ထို့ကြောင့် မည်သူ့အတွက် ဖြစ်ဖြစ် အကျိုးမဲ့ အချည်းနှီး အစိုးရိမ်ကြီး စိုးရိမ်နေမည့် အစား ထိုသို့ စိုးရိမ်ဖွယ် မရှိအောင် သတိကြီးစွာဖြင့် ကြိုတင်၍ စီစဉ်သင့်ကြပါသည်။ ဥပမာ– ငယ်ရွယ်သူတို့အတွက် ဖျားနာမှုကို စိုးရိမ်ရမည့် အစား အဖျားအနာကို ကာကွယ်ဖို့ရာ အသွားအလာ အစားအသောက်ကိုသာ သင့်တင့်အောင် စီစဉ်သင့်၏။ ထိုသို့ စီစဉ်ပါလျက် ဖျားနာလာလျှင် ဆရာခေါ်ဖို့သာ တာဝန်ရှိ၏။

အရပ်တစ်ပါးသို့ သွားလာရာ၌ စိုးရိမ်ဖွယ်ရှိလျှင် မသွားအောင် တားမြစ်ဖို့ တာဝန်ရှိသည်။ မလွှဲသာ၍ သွားစေရလျှင် စိတ်ချရသောနည်းဖြင့် စီစဉ်ပေးဖို့ တာဝန်ရှိ၏။ ငါမရှိလျှင် ဖြစ်ပုံမရသူတို့အတွက် ငါမရှိလျှင် မည်သူစောင့်ရှောက်လိမ့်မည်ဟု စိတ်ချလောက်သူအထံ အပ်နှံထားဖို့ တာဝန်ရှိ၏။ ထိုကဲ့သို့ စိုးရိမ်တတ်သူ လူကြီး သို့မဟုတ် ခေါင်းဆောင်၏ တာဝန်ကျေပွန်ပါလျက် စီစဉ်တိုင်း မလိုက်နာမှုကြောင့် တစ်စုံတစ်ခု အန္တရာယ် ဖြစ်ခဲ့သော်



(သေတန်လျှင် သေခဲ့ပါစေ) မပူပန်လေနှင့်။ အစီအစဉ်အတိုင်း မလိုက်နာသူတို့အတွက် ပူပန်နေဦးမည်ဆိုလျှင် ထိုသူကို မိုက်မဲဖျင်းအ အသုံးမကျသော အဆင့်အတန်းမှာပင် ရှိသေးသူဟုမှတ်ပါ။ မှန်၏။ ယခုခေတ်၌ ဆရာသမားနှင့် မိဘစကားကို မလိုက်နာသူတွေများလှ၏။ ထိုမလိုက်နာမှုကြောင့် ဒုက္ခဖြစ်ရသူတွေလည်း မနည်းလှချေ။ ထိုသူတို့အတွက် ဆရာမိဘတို့ ဝမ်းနည်းထိုက်ပါသလော။

## ပရိဒေဝအကြောင်း

ငိုကြွေးမှုကို "ပရိဒေဝ" ဟုခေါ်၏။ ဤပရိဒေဝဟူသည် "ငိုသံ" ပင်ဖြစ်၏။ သို့သော် ထိုငိုသံ ဖြစ်ခြင်း၏ အကြောင်းရင်းမှာ အတွင်းက ဒေါသ ဒေါမနဿတို့သာ ဖြစ်၍ ပရိဒေဝသဘောကိုလည်း ဤနေရာမှာပင် မှတ်သားသင့်ပေသည်။ ရာထူးဂုဏ်သိန် စည်းစိမ်ဆွေမျိုး စသည်တို့တွင် တစ်ခုခု ပျက်စီးသောအခါ ပျက်စီးတော့မည်ဟု ထင်ရသောအခါ လွန်စွာ ဝမ်းနည်းကြ၏။ အားငယ်ကြ၏။ ဤဝမ်းနည်းအားငယ်မှုကား ပြခဲ့သော "သောက" အမည်ရ ဒေါမနဿသာတည်း။ ထိုဝမ်းနည်းအားငယ်မှုကို မျိုသိပ်၍ မထားနိုင်သောအခါ ပရိဒေဝ ခေါ် ငိုကြွေးသောအသံတစ်မျိုး ပေါ်လာ၏။ "ပရိဒေဝ"မီးဟု ခေါ်ရာ၌ ငိုတဲ့အသံကို ခေါ်ခြင်း မဟုတ်။ ထိုငိုသံ ဖြစ်လောက်အောင် ဝမ်းတွင်း၌ အပြင်းအထန် ပူပန်တောက်လောင်နေသော ဒေါသ ဒေါမနဿတို့ကို အစွဲပြု၍ ခေါ်ရခြင်း ဖြစ်သည်။

**ငိုကြွေးလို့ အကျိုးရှိရဲ့လား**

ဤငိုကြွေးမှုသည်လည်း စိုးရိမ်မှုကဲ့သို့ ကောင်းကျိုးမရသော အရာတစ်မျိုးပင်။ ချစ်ခင်သူ သို့မဟုတ် အားကိုးလောက်သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မျက်စိအောက်မှ ရုတ်ရက်ကွယ်ပျောက် သေဆုံးသွားသောအခါ ဝမ်းနည်းပူပန်ကြသည်မှာ ထုံးစံဓမ္မတာလို ဖြစ်နေ၍ အပြစ်မတင်ထိုက်လှပါ။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူစက သောတာပန် အရှင်အာနန္ဒာသည်ပင် ငိုရှာပါသေးသည်။ သို့သော် ယခုကာလလို ဟစ်အော်၍ ငိုခြင်းကား လိုရင်းစိတ်မချမ်းသာမှုထက် မိမိကို ဝိုင်း၍ သနားအောင် မာယာဆောင်မှုက များသလို ဖြစ်နေပါသည်။ (များသည်ဟု အတိအလင်းမဆိုလို) လူတစ်ယောက်၏ ဟစ်အော်၍ ငိုသံသည် ကြားရသမျှလူအပေါင်း၏ စိတ်နှလုံးကို ထိခိုက်စေနိုင်၏။ ချမ်းသာသုခ ရှိနေသူအများပင် ငိုသံကြားက ချမ်းသာသုခ ကွယ်ပျောက်၍ ရုတ်တရက် စိတ်ဒုက္ခ ရောက်ရ၏။

ထိုမျှလောက် လူအများကို ချောက်ချားစေနိုင်သော ငိုသံကို တစ်ယောက်ကြား၊ နှစ်ယောက်ကြား၊ တစ်အိမ်ကြား၊ နှစ်အိမ်ကြားမက တစ်ရပ်လုံး တစ်ရွာလုံး ချောက်ချားအောင် အဘယ်ကြောင့် ဟစ်အော်ကြွေးကြော်လိုကြသနည်း။ ထိုမျှလောက် ဟစ်အော်ရာ၌ "မိမိမှာ ချုပ်တည်းနိုင်သော တရားများ တစ်ခုတလေမျှ လက်ကိုင်မရှိပါ" ဟု ဝန်ခံရာလည်း ရောက်လေတော့သည်။ ထို့ကြောင့် မလွှဲသာ၍ ပရိဒေဝမီးတောက်လာလျှင် တိုးတိုးသက်သာ ယိုကျလာသော မျက်ရည်ဖြင့် အမြန်ငြိမ်းအောင် သိမ်းသိမ်းဆည်းဆည်း ငိုခြင်းသာလျှင် လိုရင်းအကျဆုံး ဖြစ်ပါသည်။ ထို့ထက်ပိုမို၍ စိတ်ကို ချုပ်တည်းနိုင်သော အထက်တန်း သူတော်စင် ပါရမီရှင် ဖြစ်သူကား ကြုံရသော ဒုက္ခကို ငြီးငွေ့သော သံဝေဂတရားဖြင့် ဖြေသိမ့်ထိုက်ကြပါသည်။

**အလောင်းတော်၏ ဖြေသိမ့်ပုံ**

ဘုရားရှင်နှင့် ယသော်ဓရာ လောင်းလျာ ၂ ပါးတို့ တစ်ခုသော ဘဝဝယ် ကုဋေများစွာ ကြွယ်ဝသော သူဌေးအဖြစ်မှ စည်းစိမ်ဥစ္စာများကို သဘောတူလှူဒါန်းလျက် ရသေ့ရဟန်းပြုကာ မကွဲမကွာပင် နေကြလေသည်။ ရသေ့မလေး၏ ရုပ်ရည်မှာ လွန်စွာထူးခြားသည့် အပြင် ပြုံးရွှင်သလိုနှင့် ခံ့ညားသော မျက်နှာအနေအထားကြောင့် အများပင် ချစ်ခင်လေးစားကြ၏။

ထိုကဲ့သို့ တောထွက်လာခဲ့ရာ သူဌေးမျိုး သူဌေးနွယ် နုနယ်သော ရသေ့မကလေးမှာ ရှေးကလို မွန်မြတ်သော အစာကို မစားရဘဲ ရသေ့ရဟန်းတို့၏ ဓမ္မတာ သစ်ဥ သစ်သီးနှင့် သူပေးလှူဆေး အာဟာရများဖြင့်သာ မျှတရရှာသောကြောင့် အတော်ကြာလျှင် ဝမ်းသွေးရောဂါဖြင့် လွန်စွာ အားနည်းရှာလေသော် အလောင်းတော် ကိုယ်တိုင် တွဲယူကာ မြို့တံခါးအနီး ဇရပ်ကြီးပေါ်မှာ အသာချထား၍ အလောင်းဘုရား ဆွမ်းခံဝင်တော်မူလေသည်။

ထိုကဲ့သို့ ဆွမ်းခံဝင်တော်မူနေတုန်း အချိန်မှာပင် ဇရပ်ပေါ်တွင် ကျန်ရစ်သော ရသေ့မကလေးသည် သူ၏ရောဂါဒဏ်ကို ကြာရှည် မခံနိုင်သည့်အလား အလောင်းဘုရား ပြန်ချိန်ကိုမျှ မစောင့်နိုင်ရှာတော့ဘဲ ဘဝဇာတ်အသစ်လဲရရှာလေသည်။ ထိုကဲ့သို့ ဖြစ်ပုံကို မြို့တွင်းမှ ထွက်လာသူတို့ တွေ့ကြလေရာ ဆွေမတော်မျိုးမစပ်ဘဲ လှိုက်လှိုက် လှဲလှဲ ငိုကြွေးကာ အလောင်းကို ပြင်ကြရှာလေသည်။

ထိုအခိုက်မှာပင် အလောင်းဘုရား ဆွမ်းခံပြန်လာလေသော် မမျှော်လင့်သော အဖြစ်အပျက်ကို ရုတ်တရက် တွေ့ရလျှင် အစွမ်းကုန် ငိုချင်ဖွယ် ကောင်းသော်လည်း ရင့်မာသော အလောင်းဘုရားဝီရိ တည်ကြည်သော ဣန္ဒြေဖြင့် ဇရပ်ပေါ်တက်၍ ပြင်ထားသော အလောင်း၏ ဦးခေါင်းဘက်မှ ထိုင်တော်မူပြီးလျှင် ၂ ယောက်စာ ခံယူလာသော ဆွမ်းကို တစ်ပါးတည်း ဘုဉ်းပေးတော်မူပြီးမှ ချားစွာသော ပရိသက်၏ ပရိဒေဝမီးကို ကြည်ညိုဖွယ်ငြိမ်အေးမြသော



www.burmeseclassic.com

www.burmeseclassic.com



ဩဝါဒရေချမ်းဖြင့် ဆွတ်ဖျန်းငြိမ်းစေတော်မူလေသည်။

**မလ္လိကာ စစ်သူကြီးကတော်**

ဗန္ဓုလ စစ်သူကြီးကတော် မလ္လိကာ အမျိုးသမီး၏ စိတ်ထားလည်း အားရစရာပင်။ ကောသလမင်း၏ စစ်သူကြီး ဗန္ဓုလနှင့် မလ္လိကာတို့မှာ အမြွာမွေးညီနောင်များ ဖြစ်ကြသော သားရတနာ ၃ ကျိပ် ၂ ယောက် ထွန်းကားလေသည်။ ထူးခြားသော မိဘနှစ်ဦး၏ သားများဖြစ်ကြသည့် အားလျော်စွာ သူတို့ အခြွေအရံ များနှင့်တကွ ဖခင်နောက်က ဘုရင့်ထံ အခစားဝင်ကြသောအခါ သူတို့ လူစုနှင့်ပင် ပရိသတ်ကြီး တစ်ခုဖြစ်လေသည်။

ထိုအခြင်းအရာကို မလိုလားသော အမတ်တို့က ဘုရင့်ထံ "တစ်နေ့ကျလျှင် ဗန္ဓုလစစ်သူကြီးက သူ၏သားများနှင့်အတူ တိုင်းပြည်ကို လုပ်ကြံပါလိမ့်မည်" ဟုကုန်းချောကြလေရာ နဂိုကပင် အဆင်ခြင်နည်းသော ရှင်ဘုရင်ကြီးသည် အလွယ်တကူ ယုံကြည်၍ သားအဖတစ်စုကို ပရိယာယ်ဖြင့် လီဆယ်ကာ အိမ်တစ်ဆောင်မှာ နေခိုက် မီးတိုက်၍ သတ်စေလေသည်။

သားအဖတစ်စုတို့ အသတ်ခံရသည့်ညဥ့်၏ နောက်တစ်နေ့ နံနက်မှာ မလ္လိကာလည်း ရှင်သာရိပုတ္တရာ အမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်ဖို့ရန် စီမံထား၏။ နံနက်၌ ဆွမ်းကပ်ချိန် နီးလတ်သော် "ညဥ့်တုန်းက သားအဖအားလုံး တစ်ပြိုင်နက် ဆုံးကြောင်း" စာကို မလ္လိကာရရှိလေလျှင် ဟစ်၍သာ ငိုချင်စရာကောင်းသော်လည်း မျက်ရည်တစ်စက်မျှ မထွက်စေဘဲ ပြင်ဆင်မြဲ ဆွမ်းကို ပြင်ဆင်ကာ ထိုစာကို သိမ်းထားလိုက်လေသည်။

**မှတ်ချက်**

ပြခဲ့သော ဝတ္ထုနှစ်ရပ်၌ ဘုရားအလောင်း၏ ပရိဒေဝ



မဖြစ်ခြင်းမှာရင့်မာသော ပါရမီရှင်ဖြစ်၍ ရှိပါစေဦးတော့။ မလ္လိကာ၏ ပရိဒေဝမီးချုပ်တည်းနိုင်မှုကား အများပင် အားရဖွယ်၊ အတုယူဖွယ်ကောင်းလှပါသည်။ ထို့ကြောင့် အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ တွေ့ဖို့ လွယ်ကူသော လောကကြီး၌ ပရိဒေဝမီးကို အစွမ်းကုန်ငြိမ်းနိုင်မှ သက်သာရာရဖွယ် ရှိရကား ပရိဒေဝ ဖြစ်လောက်သော ဒုက္ခ၌ "ငါ့ ပါရမီ မည်မျှလောက် အခြေတည်မိပြီ" ဟု အကဲခတ်ဖို့ရာ ကြုံလာသော ဒုက္ခမှတ်ကျောက်တွင် ပါရမီကို မှတ်တင်၍ ကြည့်ကြပါကုန်။

## ဒုက္ခဒေါမနဿအကြောင်း

ကိုယ်ဆင်းရဲမှုကို "ဒုက္ခ"၊ စိတ်ဆင်းရဲမှုကို "ဒေါမနဿ" ဟုခေါ်၏။ အသွားအလာ၊ အလုပ်အကိုင်၊ အနေအထိုင်၊ ကျပ်တည်းကျဉ်းမြောင်းမှု၊ ရောဂါဝေဒနာဒဏ်ကို ခံစားနေရမှု၊ အရိုက်အနှက်ခံရမှု၊ တစ်စုံတစ်ခုနှင့် ထိခိုက်မှု စသည်တို့ကြောင့် ခန္ဓာကိုယ်၏ ပင်ပန်းနွမ်းနယ်ခြင်းသည် ဒုက္ခချည်းတည်း။ ယခုလောက ၌လည်း ကိုယ်ခန္ဓာ နာကျင်လျှင် "အလိုလေး– ဒုက္ခ ဒုက္ခ" ဟု ညည်းညူကြလေသည်။ ထိုသို့ ခန္ဓာကိုယ် ဆင်းရဲသော်လည်း စိတ်ကား ဆင်းရဲချင်မှ ဆင်းရဲမည်။ ဘုရားအလောင်း ပါရမီဖြည့်တော်မူရာ၌ မဟောသဓာ၊ ဝေဿန္တရာဘဝ စသည်တို့ဝယ် ကိုယ်ခန္ဓာ မသက်သာဘဲ ဆင်းရဲဒုက္ခ ရောက်တော်မူခဲ့၏။ သို့သော် သတ္တဝါတို့၏ အကျိုးကို မျှော်ကိုးရင်း စေတနာကြောင့် စိတ်ဆင်းရဲမှု ဒေါမနဿကား မဖြစ်ခဲ့ပါ။

စိတ်ဆင်းရဲမှု၊ စိတ်မချမ်းသာမှု၊ စိတ်ညစ်မှု၊ စိတ်ပျက်မှု စသည်ဖြင့် စိတ်မှာဖြစ်နေသော ဒုက္ခစုကိုပင် "ဒေါမနဿ" ဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရလေသည်။ ဤဒေါမနဿ ဝေဒနာသည် စိတ်မှာ စွဲကပ်လာသော ရောဂါတစ်မျိုးပင် ဖြစ်၏။ ထို့ကြောင့် "သူ့အကြောင်း ကြားရတာ စိတ်ထဲမှာ နာလွန်းလို့ ငါ့အား သူ့အကြောင်း မပြောလာပါနဲ့" စသည်ဖြင့် စိတ်မချမ်းသာမှုကိုပင် "စိတ်နာ" ဟု ပြောဆိုကြလေသည်။ ဤကဲ့သို့ စိတ်မချမ်းသာတိုင်း၊ စိတ်နာတိုင်းလည်း ကိုယ်ဆင်းရဲချင်မှ ဆင်းရဲမည်။ ခြွေရံပေါကြွယ် စည်းစိမ်လယ်မှာ ကိုယ်ခန္ဓာ ချမ်းမြပါလျက် ဓမ္မစကြာတရားတော်လာ "ယံ ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ = ရတာမလို၊ လိုတာမရ" ဖြစ်နေကြရသူတို့၏ ဒုက္ခလည်း ဤဒေါမနဿပင်တည်း။ ဤဒေါမနဿ၏ ဆင်းရဲပုံသည် ခန္ဓာကိုယ်ဆင်းရဲပုံထက် လွန်ကဲပြင်းပြ၏။ ရွှေဘုံပေါ်မှာ စံနေရသော်လည်း ဒေါမနဿဒဏ်ကို မခံနိုင်ကြ၍ ရွှေဘုံပေါ်မှ ဆင်းကာ တူပျော်ပျော် ယှဉ်တွဲလျက် တဲအိုထဲ၌ ကိုယ်ဆင်းရဲဒဏ်ကို ခံနိုင်ကြလေသည်။

စိတ်ချမ်းသာအောင် ပြုပြင်နည်းမှာ အကြောင်းအားလျော်စွာ အတော်များစွာ ရှိပါ၏။ သို့သော် သူ့အကြောင်းနှင့်သူ ထိုက်တန်အောင် ပြုပြင်တတ်ဖို့ကား တော်တော်တန်တန် အသိဉာဏ်ရှိရုံမျှဖြင့် မလွယ်ကူ ချေ။ အချုပ်မှာ အရှည်ကိုမြော်မြင်၍ ဆိုင်ရာကိစ္စအဝဝကို ကြိုတင်ပြီး စီစဉ်ထားရမည်။ မိမိအစီအစဉ်နှင့် တည့်အောင်လည်း မပျင်းမရိ လုံ့လရှိရမည်။ ထိုကဲ့သို့ ဉာဏ်ရော ဝီရိယပါ အရာရာ ပြည့်စုံပါလျက် ကံမကောင်း အကြောင်းမသင့် ဖြစ်ခဲ့ပြန်သော် (ရည်ရွယ်ချက် မမြောက်ခဲ့သော်) စိတ်အားမငယ်စေနှင့်။ နောက်တစ်မျိုး တိုး၍ ကြိုးစားလေဦး။ ကြိုးစားလျှင် ဘုရားပင်ဖြစ်နိုင်သေးသည်။ ထို့ပြင် လောကဓံကြောင့် မတုန်လှုပ်ဖို့လည်း အရေးကြီးသေး၏။ လောကဓံ ဆိုသည်ကား လောက၌ တွေ့ကြုံဖို့ရန် ထုံးစံတစ်မျိုးတည်း။



[လောက = လောက+ဓမ္မ = ဓမ္မတာ (ထုံးစံ)။]

ထိုလောကဓံသည်

| | | | |
|---|---|---|---|
| ၁။ | လာဘ | .......... | ပစ္စည်းဥစ္စာရခြင်း |
| ၂။ | အလာဘ | .......... | ပစ္စည်းဥစ္စာမရခြင်း |
| ၃။ | ယသ | .......... | အခြွေအရံများခြင်း |
| ၄။ | အယသ | .......... | အခြွေအရံမရှိခြင်း |
| ၅။ | နိန္ဒာ | .......... | အကဲ့ရဲ့ခံရခြင်း |
| ၆။ | ပသံသာ | .......... | ချီးမွမ်းခံရခြင်း |
| ၇။ | သုခ | .......... | ကိုယ်–စိတ် ချမ်းသာခြင်း |
| ၈။ | ဒုက္ခ | .......... | ကိုယ်–စိတ်ဆင်းရဲခြင်း |

ဤသို့အားဖြင့် ရှစ်ပါးရှိသည်။

ဤလောကဓံများ၌ မကောင်း ၄ ပါး၊ ကောင်း ၄ ပါး ပါ၏။ ကောင်းသော လောကဓံနှင့် တွေ့ကြုံရသောအခါ ဝမ်းသာရွှင်လန်း တကြွကြွဖြစ်နေခြင်း၊ မကောင်းသောလောကဓံနှင့် တွေ့ကြုံသောအခါ စိတ်အားနွဲ့၍ တမှဲမှဲဖြစ်နေခြင်းသည် လောကဓံကြောင့် တုန်လှုပ်ခြင်းတည်း။ ဝမ်းသာလွယ်သူသည် ဝမ်းနည်းလွယ်၏။ ဝမ်းသာအားကြီးသူသည် ဝမ်းနည်းအားကြီး၏။ ဝမ်းနည်းမှုမှာ ပြခဲ့သော ဒေါမနဿ သဘောတည်း။ ထို့ကြောင့် အမြဲ စိတ်ချမ်းသာခြင်းကို အလိုရှိလျှင် လောကဓံ ရှစ်ပါး ဖြစ်ရိုးဖြစ်စဉ် တရားကြောင့် (ဆိုးဆိုးကောင်းကောင်း) သိသိသာသာကြီး စိတ်မပြောင်းဖို့ အထူး သတိထားသင့်ကြပေသည်။ ချဲ့ဦးအံ့။

**လာဘ– အလာဘ**

မိမိနှင့် ထိုက်တန်သော လာဘ်ကို တရားသဖြင့် ရအောင် ကြိုးစားရမည်။ ရသည့်အခါလည်း သူတစ်ပါး မြင်ပြင်းကတ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာရွှင်ပျ တကြွကြွ မရှိစေသင့်။ တချို့ ရှာဖွေမှုကား ရှာဖွေ၍ မရသည့်အပြင် "ဘူးထဲကရေပါ၍" အရင်းပင် ရှုံးတတ်သေးသည်။ ထိုကဲ့သို့ ဆုံးရှုံးမှုကြောင့်လည်း ဝမ်းနည်းပူဆွေး၍ မနေနှင့်။ ထိုသို့ ဆုံးရှုံးသူတွေ မရေမတွက်နိုင်အောင် ရှိကြသည့်အပြင် ထီးနန်းကိုပင် စွန့်လွှတ်၍ တစ်မျိုးလုံး သခင်ဘဝမှ ကျွန်ဘဝသို့ဆင်းကာ မောင်မောင်လို့ ခေါ်တုန်းက 'ဗျာ' လို့မျှ ထူးဖော်မရဘဲ အောင်ကျော်လို့ ခေါ်ကာမှ 'ဘုရား' ထူးရသူတွေ အများပင် ရှိရှာကြပေသည်။ သို့ဖြစ်၍ ရမှု မရမှု လောကဓံနှစ်ခုကြောင့် မတုန်လှုပ်ဖို့ရာ ခိုင်မာသော စိတ်ကိုသာ အမြဲထားသင့်ကြပေသည်။

**ယသ–အယသ**

ဆရာသမား လူကြီးလူကောင်းတို့၌ အထိုက်အလိုက် အခြွေအရံရှိမှ တင့်တယ်သည်။ အခြံအရံဟူသည် အိမ်ဝင်းအိမ်ခြံတို့ကဲ့သို့ဘေးဆီးရန်ကာ အရာရာမှာပင် စောင့်ရှောက်လုပ်ကျွေး အကူအညီပေးသူများပေတည်း။ ထိုကဲ့သို့ အခြံအရံ ပေါများအောင် မိမိ၏ ပစ္စည်းများကို ချွေတာဝေငှ မစချီးမြှောက်ရမည်။ ထို့ကြောင့် "ခြွေမှရံသည်" ဟုပြောလေ့ရှိသည်။ ထိုအခြွေအရံများကိုလည်း အစေခံလိုသဘောထား၍ အားမနာပါးမနာ များစွာ မစေခိုင်းသင့်။ မိမိကိုမှီခို၍ ကြီးပွားစေလိုသောစိတ်သာ ရှိသင့်ပေသည်။ အခိုင်းအစေကို ခိုင်းဖို့ရာ ငှားရမ်းထားသော အစေခံများကိုပင် အခြွေအရံလို သဘောထားလျက် မိမိကိုအမှီပြု၍ တစ်နေ့ထက်တစ်နေ့ ကြီးပွားအောင် စောင့်ရှောက်သင့်ပေသည်။ ထိုကဲ့သို့ သဘောထားကောင်းပါလျက် အခြွေအရံ မရှိပြန်လျှင် စိတ်နှလုံး မပူပန်လေနှင့်။ အခြွေအရံပေါများသည့်အတွက်လည်း မာန်မာန မတက်စေသင့်။

ကျော်စောမှု၊ ဂုဏ်သတင်းပျံ့နှံ့မှုများလည်း ယခုဘဝသာမက



ဘဝတိုင်း အရေးကြီး၏။ မြင့်မြတ်သော အလုပ်ကို လုပ်မည်ကြံလျှင် ဂုဏ်ရှိမှ နာမည်ကြီးမှ အထမြောက်နိုင်သည်ကို ရှေးဦးစွာ သတိပြုသင့်ပေသည်။ "ဂုဏဝန္တေ ပသန္တိ ဇနာ= ဂုဏ်ရှိသူမှ လူထင်ကြသော အခါ" ဖြစ်သည်။ သို့ဖြစ်၍ ရသင့်သော ကျော်ကြားမှုဂုဏ်ကို ရအောင် ဉာဏ်ဝီရိယဖြင့် ထူထောင်ရမည်။ ရခဲ့ပြန်သော် ထိုဂုဏ်အတွက် မကြွားမမော်လေနှင့်။ ရသင့်ပါလျက် မရပြန်လျှင်လည်း စိတ်အား မငယ်လေနှင့်။

**နိန္ဒာ–ပသံသာ**

မလိုမုန်းထား ဣဿာများသူ သို့မဟုတ် အလုပ်မရှိ အလုပ်ရှာ၍ ကဲ့ရဲ့စရာ ကြံစည်သူတွေ ပေါများသော ယခုကာလဝယ် အချီးမွမ်းခံရဖို့ ခဲယဉ်းသော်လည်း အကဲ့ရဲ့ခံရဖို့မှာ သေချာပြီးဖြစ်၏။ ထို့ကြောင့် ကဲ့ရဲ့စရာ မရှိအောင် ရှေးဦးစွာ သတိထားရမည်။ သို့ရာတွင် သိကြားမင်း ဖန်ဆင်းအပ်သော နွားသော်မှ မစင်ဈေးသည်ဟု နှော့တော့တော့ အဆိုခံရသေးသောကြောင့် "မုန်းအပြစ်၊ ချစ်အကျိုး၊ မြတ်နိုးမှသဒ္ဒါ" နိုင်သော ယခုကာလဝယ် မုန်းသူလည်း များသဖြင့် အပြစ်မြင်ချင်သူတွေလည်း အများပင် ရှိပေမည်။

သို့သော် သူတစ်ပါး၏အပြစ်ကို လွယ်ကူစွာ မြင်နိုင်သော ထိုသူများသည် အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘုလာ တို့အလား သို့မဟုတ် မဟော်သဓာ၊ ဝေဿန္တရာ တို့တမျှ သို့မဟုတ် အရှင်မဟာကဿပ၊ အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာတို့လို "ခြောက်ပြစ်ကင်း၍ စင်းလုံးချော" ဟုဆိုနိုင်ပါမည်လော၊ ရွာတစ်ရွာ၌ တောင်ဘက်အိမ်က ခိန်းမကြီးတစ်ယောက် စကားထစ်ကြောင်း ပြောလာသော သားအိမ်က "အ… အ…အဖေ၊ ဟို…ဟို…ဟို ဘက်အိမ်က၊မိန်း …မိန်း… မိန်းမကြီးဟာ၊ စ… စ… စကား ထစ် …ထစ်… ထစ်…ထစ်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသလို ထိုသူကိုယ်တိုင်မှာ အကဲ့ရဲ့ခံရပြီးဖြစ်၍ "သူခိုးသေဖော်ညှိများ" ဖြစ်တတ်ကြသည်။

သို့မဟုတ် မိမိကဲ့ရဲ့ဖွယ်ကို အစွမ်းကုန် ဖုံးကွယ်ထားသော "ကြောင်သူတော်များ" ဖြစ်တတ်ကြသည်။ ဘာကြောင့်နည်း။ "ခိုးတတ်လျှင် ရိုးတတ်"သောကြောင့်တည်း။ တချို့အချက်များကား "ကိုယ့်ထက်သာ၍ မနာလို" လို့ ကဲ့ရဲ့သော်ငြားလည်း ထိုအကဲ့ရဲ့မျိုးကို သူကိုယ်တိုင်ပင် ခံချင်ကောင်း ခံချင်ပါလိမ့်မည်။ ဘာကြောင့်နည်း။ မိန်းကလေးတစ်ယောက်အိမ်သို့ ဂုဏ်ရှိသရေရှိ ယောကျ်ားကလေး ထွက်ဝင်နေရာဝယ် တစ်နယ်လုံး ကဲ့ရဲ့ကြရာ၌ အမှန်စင်စစ်မှာ မိမိတို့ဆီ မလာသောကြောင့်သာ ဖြစ်သကဲ့သို့တည်း။ ဤသို့လျှင် အကဲ့ရဲ့ခံရမှုသည် မကောင်းနိုင်သော လောကဓံ ဖြစ်သည့်အပြင် အမှန်အားဖြင့် ကဲ့ရဲ့သလောက် အပြစ်ရှိချင်မှ ရှိမည်။ အပြစ်ရှိသည်ပင် ထားဦးတော့။ ကြောက်သင့် ရှက်သင့်သလောက်ထက် မိမိစိတ်ကို မိမိခြောက်နေခြင်းက ပိုကောင်းပိုပါလိမ့်မည်။

တစ္ဆေကြောက်တတ်သူသည် ညဥ့်မှောင်မိုက်ထဲတွင် ထန်းပင်ငုတ်တိုကိုမြင်ရာ၌ ထန်းပင်ငုတ်တိုက လုံးဝမခြောက်သော်လည်း သူ့စိတ်ထဲက "တစ္ဆေပဲ တစ္ဆေပဲ"ဟု အသေအလဲစွဲလမ်း၍ တစ္ဆေကမ္ဘာ့ဌာန်း စီးဖြန်းသောကြောင့် ကမ္ဘာ့ဌာန်းပေါက်ပြီးလျှင် သူ့နောက်သို့ လိုက်နေသည်ထင်ကာ မစင်ပါအောင် ပြေးရှာသကဲ့သို့တည်း။ ထို့အတူ အချို့ကိစ္စ၌ မိမိစိတ်မှ မိမိခြောက်ကာ အလွန့်အလွန်ကြောက်စရာဟု ထင်လာတတ်ပေသည်။ ထို့ကြောင့် သံယုတ်ပါဠိတော်၌ "တောထဲမှာ ချွတ်ချွတ်သံကြားတိုင်း ဆောကြီးပန်းကြီး ပြေးရှာသော သမင်ပျိုကဲ့သို့ အကဲ့ရဲ့ခံရမည်ကို ကြောက်နေသူကိုလည်း စိတ်မတည်သူ၊ စိတ်မခိုင်သူ၊ ပေါ့ဆစိတ်ရှိသူ"ဟု မိန့်တော်မူသည်။



ချွတ်ချွတ်သံကြားတိုင်း ပြေးရသဖြင့် သမင်ပျိုမှာအစာရေစာ မဝသကဲ့သို့ ထိုကြောက်တတ်သူမှာလည်း မည်သည့်အကျိုးကိုမျှ မရချေ။ နဂိုကပင် အရှက်ရစေတော့ဟု သဘောထား၍ ကဲ့ရဲ့ရကား ထိုကဲ့သို့ ရှက်မှန်းကြောက်မှန်း သိလျှင် ကဲ့ရဲ့သူတို့အတွက် "မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ" ဖြစ်ပေလတ္တံ့။

တစ်နည်းတစ်ဖုံ စဉ်းစားပြန်လျှင် အကဲ့ရဲ့ခံနေရသည်မှာ တစ်မျိုးအားတက်စရာ ဖြစ်၏။ အဘယ်ကြောင့်နည်း ။ခွေးလှေးကြမ်းဖိုး အုတ်ကြားမြက်ပေါက် အစားမျိုးကို အရေးလုပ်၍ မပြောလိုကြ၊ အတော်ထင်ရှားသူကိုမှ ကဲ့ရဲ့ကြသောကြောင့်တည်း။ ထို့ကြောင့် သစ်ပင်အများရှိရာတွင် အမြင့်ဆုံးသစ်ပင်သည် လေတိုက်အခံရဆုံး ဖြစ်သကဲ့သို့ ထို့အတူ အထက်တန်းကျလေ လောကဓံလေမုန်တိုင်း အတိုက်ခံရလေ ဖြစ်ရကား အကဲ့ရဲ့ခံရမှုကို ဂရုစိုက်၍ ဝမ်းမနည်းထိုက်လှသည့်အပြင် တချို့ ကဲ့ရဲ့ခြင်းမှာ မိမိအထက်တန်း ရောက်နေခြင်း၏ အမှတ်လက္ခဏာဖြစ်၍ ဝမ်းသာဖွယ်ကောင်းပေသည်။

ထို့ကြောင့် မည်သူမဆို ကဲ့ရဲ့မှုများကို အရေးစိုက်တာ အရာရာ မတုန်လှုပ်အောင် "ခွေးဟောင်တိုင်း ထ၍ မကြည့်မိရန်" မြဲမြံသော စိတ်ထား၊ ခိုင်မာသော သမာဓိ တရားရှိအောင် ကြိုးစား၍ လေ့လာ ကြရမည်။ အကဲ့ရဲ့ခံရသည့်အခါတိုင်း "ငါ၏စိတ်များ ဘယ်အခြေ ရောက်အောင် ခိုင်မာနေပါလိမ့်မည်နည်း" ဟု စဉ်းစဉ်းစားစား သတိထားကာ အကဲ့ရဲ့ဒဏ်ကို အရသာခံကြည့်ပါလေ။ သို့ရာတွင် ကဲ့ရဲ့ဖွယ် မရှိအောင်ကား သတိဆောင်ရပေလိမ့်မည်။

ကဲ့ရဲ့ရာ၌ မတုန်လှုပ်သကဲ့သို့ ချီးမွမ်းသည့်အခါ၌လည်း သိသိသာသာကြီး မပြုံးမိစေဘဲ "အလုပ်ကောင်း၍ အချီးရသည်မှာ မမွတာပဲ"ဟု နှလုံးသွင်းလျက် သန့်ရှင်းသော စိတ်ထားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"အခြားသူများလည်း ငါကဲ့သို့ ဂုဏ်ရှိကာ အချီးမွမ်းခံရပါစေ"ဟု အမျှဝေသောဖြင့် စိတ်မနော ကောင်းသင့်ကြပေသည်။ [သုခ ဒုက္ခတို့သဘောကား ထင်ရှားပြီ။]

အချုပ်ကား- လောကဓံ ၈ ပါးတွင် အကောင်း ၄ ပါးကို "ဣဋ္ဌာရုံ (အလိုရှိအပ်သောအာရုံ)" ဟုခေါ်သည်။ မကောင်း ၄ ပါးကို "အနိဋ္ဌာရုံ (အလိုမရှိအပ်သော အာရုံ)" ဟုခေါ်သည်။ ရှေးရှေးဘဝများစွာ သံသရာက ကံကောင်းကံဆိုး (ကုသိုလ် အကုသိုလ်) ၂ မျိုးကို ပြုလာခဲ့သော ငါတို့မှာ ထိုဣဋ္ဌာရုံ အနိဋ္ဌာရုံ အမျိုးစုံနှင့် အမှန်တွေ့ကြုံကြရတော့မည်။ ထိုကဲ့သို့ တွေ့ကြုံရာ၌ ထိုဣဋ္ဌာရုံ အနိဋ္ဌာရုံ လောကဓံ လေမုန်တိုင်းကို မိမိ၏ လုံ့လစွမ်း ဉာဏ်စွမ်းတို့ဖြင့် နည်းလမ်းရှိသမျှ ခုခံကာကွယ်ကြပြီးလျှင် အကြင်သို့သော နိဗ္ဗာန်ဆိပ်ကမ်းသို့ မျှော်မှန်းကူးခပ်ရမည်။

ဥပမာ- ပင်လယ်ကို ကျော်ဖြတ်နေသော မာလိန်မှူးတို့၌ အခါခပ်သိမ်း ငြိမ်သက် အေးချမ်းစွာ ကျော်လွန်ရလိမ့်မည်ဟု မမျှော်လင့်နိုင်။ မကြာမကြာပင် သာမန်လှိုင်းလေ၊ ပြင်းထန်သော လှိုင်းလေ၊ သင်္ဘောကိုပင် အန္တရာယ်ဖြစ်စေနိုင်သော လှိုင်းလေများကို တွေ့ကြုံရပေသည်။ ထိုသို့ တွေ့ကြုံရာဝယ် ကျွမ်းကျင်သော မာလိန်မှူးတို့မှာ မိမိတို့ လုံ့လစွမ်း၊ ဉာဏ်စွမ်းတို့ဖြင့် ထိုလှိုင်းလေများကို ခုခံ၍ မိမိလိုရာ ဆိပ်ကမ်းသို့ ရောက်နိုင်ကြသကဲ့သို့တည်း။

ကတတ္တာ နာနာကမ္မာနံ၊
ဣဋ္ဌာနိဋ္ဌေပိ အာဂတေ။
ယောနိသော တိတ္ထံ သန္တာယ၊
တရေယျ နာဝိကော ယထာ။

နာနာကမ္မာနံ၊ ကံကောင်းကံဆိုး အမျိုးမျိုးတို့ကို။ ကတတ္တာ၊



ဘဝများစွာ သံသရာက မကွာထက်ကြပ် ပြုအပ်ခဲ့လေသောကြောင့်။ ဣဋ္ဌာနိဋ္ဌေ၊ အကောင်းအဆိုး အာရုံ ၂ မျိုးသည်။ အာဂတေပိ၊ အကြောင်းအားလျော်စွာ ပေါ်လာခဲ့ပါသော်လည်း။ နာဝိကော ယထာ၊ ပင်လယ်ကိုကူး မာလိန်မှူးကဲ့သို့။ ယောနိသော၊ သင့်တင့်လျော်ကန် တော်မှန်ထုံးအရ အသုံးကျမည့် လုံ့လပညာ အလိမ္မာဖြင့်။ တိတ္ထံ၊ ဒုက္ခမီးစက် ဆူဆူပွက်သည့် ဤဘက်ကမ်းမှ စခန်းထဖို့ နန်းမခေမံ နေရပဏ်နန်း ဟိုဘက်ကမ်းကို။ သန္တာယ၊ စိတ်စဉ်ဖြောင့်တန်း ကောင်းစွာမှန်း၍။ တရေယျ၊ လောကဓံလှိုင်း လေမုန်တိုင်းကြောင့် မဆိုင်းမလှုပ် ဉာဏ်အားထုတ်လျက် သုတ်သုတ်လျင်စွာ ကူးခပ်ရာသတည်း။

ဤသို့လျှင် လောကဓံ ၈ ပါးကြောင့် စိတ်လှုပ်ရှားခြင်း မရှိ၊ အရှည်ကို မျှော်မြင်၍ ကြိုတင်စီမံလေ့လည်းရှိ၊ မိမိစီမံသည့်အတိုင်း အကျိုးရှိအောင် ဝီရိယလည်းရှိသူတို့မှာ ကိုယ်ဆင်းရဲမှု ဒုက္ခ၊ စိတ်ဆင်းရဲမှု ဒေါမနဿတို့မှ ကင်းကွာ၍ ချမ်းချမ်းသာသာနှင့် ပါရမီကုသိုလ်များကို ကြိုးစားဖြည့်ကျင့်ကာ လူဖြစ်ရကျိုးနပ်သူ ဖြစ်ပါလိမ့်သတည်း။

"လောကဓံတွေ့ ရိုးမို့၊ အမျိုးမျိုးတွေ့ရမယ်။
စိတ်အနေ မတုန်လှုပ်အောင်၊ ထိန်းချုပ်ပါ့ကွယ်"

## ဥပါယာသအကြောင်း

ဆွေမျိုး ဂုဏ်သိန် စည်းစိမ်ဥစ္စာ စသော သမ္ပတ္တိတို့ တစ်ခုခု ပျက်စီးသည့်အခါတို့၌ ပြင်းစွာဖြစ်သော ဒေါသကို "ဥပါယာသ"ဟု ခေါ်၏။ ရိုးရိုးဒေါသဖြစ်သောအခါ စိတ်ဆိုး၏။ သတ်ဖြစ်ချင်၏။ ဤဥပါယာသဟုခေါ်သော ဒေါသဖြစ်သောအခါ၌ကား လွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပုပန်၏။ ပုပန်သော စိတ်၏ အပူဓာတ်သည် နှလုံးသွေးကို အရှိန်ဟပ်သဖြင့် နှလုံးသွေးမှ ဖြာ၍ကျသော သွေးများသည် အကြောသို့လျှောက်ကာ တစ်ကိုယ်လုံး ထူပူပြီးလျှင် မေ့မြော၍ပင် သွားတတ်၏။ အပူလုံးဆို့ကာ တက်သွားတတ်သည်။

ဆွေမျိုးတစ်ယောက်ပျက်စီးရာ၌ ငိုသံထွက်လာသော ပရိဒေဝသည် အလွန်အမင်း ပြင်းထန်လာသောအခါ မငိုနိုင်တော့ဘဲ တက်သွား၏။ ထိုတက်သွားခြင်းကား ဥပါယာသဒေါသ၏ စနက်ပင်တည်း။ ထို့ကြောင့် ဥပါယာသသည် သောက ပရိဒေဝ တို့ထက် အပူပြင်းလေသည်။ သောက၏ ပူပုံသည် ဆီချက်ရာ၌ အိုးအတွင်းမှာ ကျက်နေခြင်းနှင့် တူ၏။ ပရိဒေဝ၏ငိုသံ အပြင်သို့ လျှံပုံသည် ဆီကျက်၍ ဝေတက်လျှံလာခြင်းနှင့် တူ၏။ ဥပါယာသ၏ ပူလောင်ပုံကား ကျန်သမျှဆီတွေ ကုန်ခန်းအောင် ကျက်နေခြင်းနှင့် တူသည်။

**ဥပါယာသ ဖြစ်တတ်သူများ**

ဤဥပါယာသသည် စိတ်အားငယ်တတ်သူနှင့် သူတစ်ပါးကို ယုံကြည်အားကိုးနေသူများ၌ အဖြစ်များ၏။ အများအားဖြင့် မိန်းမသားတို့၌ ဖြစ်တတ်ကြ၏။ မိန်းမသားတို့၏စိတ်သည် များသောအားဖြင့် ယောက်ျားတို့ စိတ်လောက် မကြီးမားလှချေ။ ရုပ်အနေကလည်း အင်အားနည်းပါးသည်။ စိတ်ကို ကြီးမားအောင် ပြုပြင်တတ်သော အသိဉာဏ် ဗဟုသုတများလည်း မရှိရှာကြ။ သူတစ်ပါးတို့ကိုလည်း အားကိုးလေ့ရှိကြ၏။ ထို့ကြောင့် ထိုသူများ သန္တာန်၌ သောကဖြစ်လျှင် ပရိဒေဝလည်း ဖြစ်တော့၏။ ထိုသောက ပရိဒေဝ အပူဓာတ်သည် အားနည်းသော ရုပ်ကို အလွယ်တကူ ဟပ်နိုင်ရကား ဥပါယာသ အဖြစ်သို့ တိုးတက်ကာ မကြာခင် မေ့မြောသွားရရှာလေသည်။ [ယောက်ျားများပင် ခန္ဓာကိုယ်အားနည်းသော အခါ စိတ်ဆင်းရဲမခံနိုင်



သည်မှာ မျက်မြင်ပင် ဖြစ်သည်။ ထို့ကြောင့် တစ်စုံတစ်ယောက် ကွယ်လွန်၍ ပူဆွေးဒုက္ခရောက်သောအခါ ထိုဒုက္ခကို ခံနိုင်အောင် အားရှိသော အစားအသောက်ကို စားသောက်မိအောင် ကြိုးစားကြပါ။] သို့ဖြစ်၍ များစွာသော ယောက်ျားမိန်းမတို့၌ ဒုက္ခတစ်ခု တွေ့ကြုံရသောအခါ ပထမဖြစ်သော သောကပရိဒေဝမီးကိုပင် အမြန်ဆုံး ငြိမ်းအောင် ငြိမ်းသင့်ကြပေသည်။ သို့မှသာ ဥပါယာသအထိ လွန်မတက်ဘဲသက်သာခွင့် ရကြပေလိမ့်မည်။ ["သောက ပရိဒေဝ ငြိမ်းအေးရန် အကြောင်းများကို ပြခဲ့ပြီ။] ဤမျှသော စကားအစဉ်ဖြင့် ဒေါသနှင့် စပ်၍ ပြဖွယ်အချက်များ ပြီးပေပြီ။

## ဣဿာအကြောင်း

ငြူစူခြင်း၊ မနာလိုခြင်း သဘောတို့သည် "ဣဿာ" ပင်တည်း။ ထို့ကြောင့် "ဣဿာလျှံမူ၊ လွန်ငြူစူ၏" ဟုဆိုခဲ့သည်။ သူတစ်ပါး လှကြောင်း၊ ဥစ္စာပေါကြောင်း၊ ပညာတတ်ကြောင်း၊ အကျင့်ကောင်းကြောင်း စသော ဂုဏ်သတင်းများ ပြောပြလာလျှင် မနာလိုခြင်း (နားမထောင်လိုခြင်း) နားမထောင်လိုရုံသာမကတော့ဘဲ "ခါးကွက်လောက်တော့ ငှက်တိုင်းလှရဲ့၊ သည်လိုယုန်တော့ ချုံတိုင်း ရှိရဲ့" စသည်ဖြင့် နှုတ်ခမ်းစူကာ၊ ပါးစပ်ရွဲ့ကာ၊ မျက်စောင်းထိုးကာနှင့် ပြောဆိုကဲ့ရဲ့တတ်ခြင်းသည် ဣဿာသဘောချည်းတည်း။ [ကျေးရွာသားတို့ ကဲ့ရဲ့ရာ၌ကား ဒီထန်းသီးမှုတ်မျိုးတော့ ဘယ်ထန်းပင်အောက်မဆို ကောက်လို့ ရနိုင်တယ်" ဟု ဆိုလေ့ရှိ၏။]

"ကိုယ့်ထက်သာ မနာလို၊ အကြံတူ ရန်သူ၊ အလှတူ ငြူစု" ဟုဆိုရိုးရှိသည့်အတိုင်း ဤဣဿာသည် အလုပ်တူ၍ ကိုယ့်ထက်သာနေသူ၏ အပေါ်မှာ ဖြစ်တတ်သည်။ ငါးပိသည်က

www.burmeseclassic.com

www.burmeseclassic.com



ရွှေသည်၏ အပေါ်မှာ ဣဿာဖြစ်ဖို့ ခဲယဉ်းသော်လည်း ရွှေသည် အချင်းချင်း၊ ငါးပိသည် အချင်းချင်း၊ ရဟန်းသံဃာအချင်းချင်း၊ ဓမ္မကထိက အချင်းချင်း၊ စာချဘုန်းကြီးအချင်းချင်း၊ ဆရာတော် အချင်းချင်း အတင်းပြောကာ ဣဿာဖြစ်တတ်ကြသည်။ သူ၏ ကံစွမ်း၊ ဉာဏ်စွမ်း၊ ဝီရိယစွမ်းကြောင့် မိမိထက်သာလွန်၍ တိုးတက်နေသူကို အတင်းအဖျင်းပြောကာ ဣဿာဖြစ်မှုကြောင့် ထိုသူမှာ အကျိုးမယုတ်ဘဲ မိမိမှာသာ ပညာရှိတို့ အထင်သေးခံ ရမည့်အပြင် ဘဝသံသရာ၌လည်း ယခုထက် အောက်ကျဖို့ အကြောင်း မကောင်းသော တရားတစ်မျိုးဖြစ်၍ စင်စစ် ပယ်ရှားထိုက်လှပေသည်။

**မြဂ္ဂုကို မနာလိုသော ဝက်များ**

ဟိမဝန္တာတောင် မြဂ္ဂုအတွင်း၌ ခြသေ့ံတစ်စီး အောင်းနေ၏။ ထိုဂူ၏ မနီးမဝေးမှာလည်း ဝက်အများနေကြသည်။ ထိုဝက်တို့သည် မြဂ္ဂုအတွင်းက ခြသေ့ံကို မြင်နေရသဖြင့် အမြဲကြောက်ရွံ့ကာ မြဂ္ဂု၏ အရောင်ကိုပင် အပြစ်မြင်နေကြ၏။ အခါတစ်ပါး၌ ထိုဝက် အများ တိုင်ပင်ကာ ရွံ့ညွန်ထဲ၌ လူးပြီးလျှင် ထိုညွန်ဖြင့် မြဂ္ဂုကို (အရောင် မှိန်သွားအောင်) ပွတ်တိုက်ကြလေရာ မြဂ္ဂုမှာ အရောင်မညှိုး ဘဲ တိုး၍ ပြောင်လာလေသည်။ ထို့အတူ မိမိထက်သာသူကို မနာလို၍ အပြစ်ပြောလျှင် မိမိမှာသာ အနေခက်၍ အထက်တန်း ရောက်ပြီးသူမှာ တိုး၍သာ ပြောင်ဖွယ်ရှိလေသည်။

**အတ္တုက္ကံသန ပရဝမ္ဘန**

စကားပြောသောအခါဖြစ်စေ၊ စာရေးသောအခါဖြစ်စေ မိမိ ကိုယ်ကို မြှောက်၍ မြှောက်၍ (ဂုဏ်ဖော်၍) ပြောဆိုရေးသားခြင်းကို "အတ္တုက္ကံသန" ဟုခေါ်၏။ [အတ္တ= မိမိကိုယ်ကို+ ဥက္ကံသန= ချီးမြှောက်ခြင်း။] သူတစ်ပါးကို ရှုတ်ချ၍ (အပြစ်တင်၍) ပြောဆို



ရေးသားမှုကို "ပရဝမ္ဘန" ဟု ခေါ်၏။ [ပရ=သူတစ်ပါးကို+ ဝမ္ဘန= ရှုတ်ချခြင်း။] ထိုတွင် အတ္တုက္ကံသန အမှု၌ မိမိဂုဏ်ကို သာယာသော လောဘနှင့် အထင်ကြီးသော မာနများ ဖြစ်တတ်၏။ ပရဝမ္ဘန အမှု၌ကား ယခုပြနေသော ဣဿာနှင့် မလိုမုန်းထားသော ဒေါသ သဘော ဖြစ်တတ်လေသည်။

**ဂုဏ်ဖော်ပုံ**

စကားပြောဆိုရာ၊ စာရေးသားရာတို့၌ မိမိတတ်သိနားလည် ကြောင်း၊ မိမိဥစ္စာပေါများကြောင်း၊ အမျိုးအဆွေကြီးကြောင်း၊ ဘိအေ အမ်အေအောင်ကြောင်း၊ သူများနှင့် ပြိုင်ဆိုင်စဉ်တုန်းက မိမိအနိုင်ရ ခဲ့ကြောင်း၊ ယခုအခါ အောက်ကျ၍နေရစေကာမူ ရှေးအခါတုန်းက ရှေ့ထီးဆောင်းခဲ့ရဖူးကြောင်း၊ (ဘုန်းကြီးဖြစ်လျှင်) ဘုန်းကံကြီးကြောင်း၊ မိမိ၏ ဒကာ ဒကာမတို့ ပစ္စည်းဥစ္စာ ပေါများကြောင်း၊ ရာထူး ကြီးကြောင်း၊ မိမိစာမေးပွဲအောင်ကြောင်း၊ တရားဟောကောင်း ကြောင်း၊ စာချကောင်းကြောင်း၊ ရွှေငွေဖြစ်ကြောင်း စသည်ဖြင့် (ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) ဂုဏ်ဖော်တတ်ကြလေသည်။ ဤသို့ ဂုဏ်ဖော်ကြရာဝယ် အဆင်အခြင် နည်းပါးသူတို့အပေါ်မှာ အထိုက်အလျောက် အကျိုးရှိမည် ဖြစ်သော်လည်း စဉ်းစားသူတို့ကမူ "ဤသူဟာ အုကြောင်ကြောင်ကြီးပဲ" ဟု အထင်သေးတတ်ကြ သည်။ သို့ဖြစ်၍ စကားပြောရာ၊ စာရေးရာတို့၌ ဂုဏ်ဖော်ခြင်း ဟူသော အတ္တုက္ကံသန အမှုကို သတိပြု၍ ရှောင်သင့်ပေသည်။

**ဂုဏ်ဖော်သင့်သောအခါ**

တစ်ခါတစ်ရံ ဂုဏ်ဖော်သင့်သောအချက်များလည်း ရှိတတ် သေး၏။ ထိုအချက်များကား မိမိဂုဏ်ကို ဖော်မပြောလျှင် မိမိ အလုပ်ကိုဖြစ်စေ၊ မိမိစကား မိမိတရားကိုဖြစ်စေ သူတစ်ပါးတို့က

www.burmeseclassic.com

www.burmeseclassic.com



အထင်သေးဖွယ်ရှိသော အချက်တည်း။ ထိုကဲ့သို့ အချက်များ၌ကား မိမိဂုဏ်ကို ထိုက်သလို ထုတ်ဖော်ရပေမည်။ ထိုကဲ့သို့ မိမိအလုပ် မိမိစကားကို လေးစားစေလို၍ ဂုဏ်ဖော်ခြင်းကား မာနမဟုတ်ပါ။ မိမိအလုပ် မိမိစကားကို တွင်ကျယ်အောင် အမွှမ်းတင်တတ်၊ စီစဉ်တတ်သော အသိလိမ္မာပင် ဖြစ်ပါသည်။

**ရှုတ်ချမှု**

သူတစ်ပါးကို ရှုတ်ချတတ်သော ပရဝမ္ဘနအမှုလည်း သတိမထားတတ်သူ၏ စာအရေးအသား၊ စကားအပြောအဆိုများ၌ တွေ့ရတတ်သည်။ ကြားရသူတိုင်းက အထင်အမြင်သေးအောင်၊ နိမ့်ကျသွားအောင် သူတစ်ပါးကို ရှုတ်ချခြင်းသည် ယုတ်မာဆိုးရွားလှ၏။ သို့သော် တကယ်ယုတ်မာသူကို အများလူတို့က ဖြစ်စေ၊ မိမိနှင့်ရင်းနှီးသူတို့ကဖြစ်စေ အထင်ကြီးနေရာ၌ကား တိုင်းသူပြည်သားတို့ (မိမိနှင့်စပ်သူတို့) အထင်မှားရလေအောင် အခါအခွင့်အလိုက် ရှုတ်ချထိုက်ပေသည်။ သို့သော် ထိုသို့ အများက အထင်ကြီးနေသူကို အပြစ်ပြ၍ ရှုတ်ချရာဝယ် သက်သေခံမရလျှင် မိမိကိုပင် ရင်းနှီးသူတို့ကပါ အထင်မှားတတ်သောကြောင့် သတိထား၍ ရှုတ်ချသင့်မှ ရှုတ်ချပါလေ။

ကြားဖူးသည်မှာ–ကျောင်းဒကာနှင့် ကျောင်းအမတို့သည် မိမိတို့ ဘုန်းကြီးကို ရဟန္တာလောက်ပင် ကြည်ညိုနေကြ၏။ အခါတစ်ပါးသော် အလှူတစ်လှူ၌ သံဃာစဉ်ရာတွင် မိမိတို့ ဘုန်းကြီးကို မမြင်ရသော ကျောင်းဒကာသည် "ဘုန်းကြီးနေမကောင်းဘူး" ထင်၍ ကျောင်းသို့သွားလေသည်။ ထိုအခါ မီးတင်းကုပ်မှ မီးခိုးထွက်နေသည်ကို မြင်၍ ချောင်းကြည့်မိရာ ဘုန်းတော်ကြီး ကိုယ်တိုင် ကြက်ဥကြော်နေသည်ကို မြင်ရသဖြင့် ကြက်သီးထကာ စိတ်မချမ်းမသာနှင့် ကျောင်းအမကို ပြန်ပြောလေရာ ကျောင်းအမက "ငါ့ကျောင်းဒကာ စိတ်ဖောက်ပြန်လာပေါ့" ဟု စိုးရိမ်၍ "အရပ်ကတို့ လာကြပါဦး၊ ကျုပ်တို့ ကျောင်းဒကာ ဘာဖြစ်လာမှန်းမသိပါဘူး" ဟု အော်လေရာ ကျောင်းဒကာသည် လွန်စွာရှက်၍ သက်သက် အရူးယောက်သလိုလုပ်၍ ရောက်လာသူတို့အား ဘာမှမဖြစ်ကြောင်း ပြောပြရလေသည်။ ထိုနောက် အိပ်ရာဝင်မှ တစ်ခါ ပြောပြန်လေရာ ရှေးနည်းအတိုင်း ကျောင်းအမက အော်မည် လုပ်ပြန်သောကြောင့် ကျောင်းအမကို တောင်းပန်ကာ နောက်နောင်အခါ ဘုန်းကြီး ကြက်ဥ ကြော်စားသော အမှုမှန်ကို ဘယ်သူ့ကိုမျှ မပြောဝံ့တော့ချေ။

ဤသို့လျှင် တချို့အပြစ်များကို ပြောပြရာ၌ ပြောဆိုသူကိုပင် အရူးအထင်ခံရတတ်သောကြောင့် အခါအခွင့်ကို ကြည့်ကာ ပြောသင့်မှ ပြောဆိုရပေမည်။

သို့ရာတွင် မိမိအိမ်သား အိမ်သူစသော အလွန်ရင်းနှီးနေသူတို့ကိုကား (မယုံချင်နေပေစေ) ယုတ်မာသူကို အထင်ကြီးနေလျှင် ကြိုတင်၍ သတိပေးထားခြင်းသာ အမြော်အမြင်ကြီးရာ ရောက်သဖြင့် ထိုယုတ်မာသူ၏ အပြစ်ကို ပြောထားသင့်ပေသည်။



## မစ္ဆရိယအကြောင်း

ဝန်တိုခြင်းသဘောသည် "မစ္ဆရိယ"တည်း။ ထို့ကြောင့် "ပြောထူမစ္ဆေ ဝန်တိုလေသတဲ့"ဟု ဆိုခဲ့သည်။ ယခုကာလ၌ မလှူရက်၊ မပေးကမ်းရက်သော သူကို မစ္ဆရိယရှိသူဟု ခေါ်ကြသည်။ မစ္ဆရိယကား မလှူချင် မပေးချင်မှုမျိုးမဟုတ်၊ သူတစ်ပါးတို့အား မရစေချင်သော သဘောသာတည်း။ ထို့ကြောင့် မလှူချင်မပေးချင်မှုတို့မှာ မိမိပစ္စည်းကို တွယ်တာသော လောဘသဘောသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိပစ္စည်းကို ဖြစ်စေ၊ အခြားပစ္စည်းကိုဖြစ်စေ၊ ဂုဏ်ကိုဖြစ်စေ သူတစ်ပါးမရစေလိုသော သဘောကိုသာ ဝန်တိုမှု မစ္ဆရိယသဘောဟု မှတ်ပါ။ ဤမစ္ဆရိယကို ကျမ်းဂန်တို့၌ ၅ မျိုးပြ၏။

၁။ အာဝါသမစ္ဆရိယ–မိမိနေရာ၊ ကျောင်း၊ အိပ်ရာ၊ နေရာ၌ ဝန်တိုမှု။ သံဃာအများနှင့် သက်ဆိုင်သော သံဃိကကျောင်း၊ အိပ်ရာ၊ နေရာကို မိမိရသည့်အခါ ထိုကျောင်းသို့ အခြား သံဃာတော်များကို မလာစေလိုခြင်းမျိုးတည်း။ သို့သော် မကောင်းဆိုးရွားသော ရဟန်းများ မလာစေလိုခြင်းကား မစ္ဆရိယ မဟုတ်ပါ။ ဤ အာဝါသမစ္ဆရိယ ရှိသူသည် သေသောအခါ ထိုကျောင်း၌ပင် ပြိတ္တာ ဖြစ်နေတတ်သည်။ သို့မဟုတ် သံအိမ်ငရဲ၌ ကျက်ရတတ်သည်။

၂။ ကုလမစ္ဆရိယ= မိမိအမျိုးနှင့် ဒကာ ဒကာမများကို ဝန်တိုမှု။ မိမိဆွေမျိုးကို ဖြစ်စေ၊ ဒကာ ဒကာမမျိုးကို ဖြစ်စေ၊ အခြားသံဃာများ မလာစေလို၊ မဆက်ဆံစေလိုခြင်းတည်း။ သို့သော် သဒ္ဒါတရားကို ဖျက်ဆီးမည့် ယုတ်မာဆိုးရွားသော ရဟန်းများနှင့် မဆက်ဆံစေလိုခြင်းမှာ မစ္ဆရိယ မဟုတ်ပါ။ ဤ ကုလမစ္ဆရိယ ရှိသူသည် မိမိ ဒကာ ဒကာမတို့၌ သူများ ဆက်ဆံနေသည်ကို မြင်တွေ့ရသောအခါ ဝမ်းထဲ၌ ပူပူလောင်လောင် ဖြစ်၍ သွေးအန်တတ်၏။ ဝမ်းလျှောတတ်၏။ အူအပိုင်းပိုင်း ပြတ်တတ်၏။ သို့မဟုတ် နောက်ဘဝ၌ လာဘ်လာဘ ပါးရှားတတ်သည်။



၃။ လာဘမစ္ဆရိယ= ပစ္စည်း လာဘ်လာဘကို ဝန်တိုမှု။ သူတစ်ပါးတို့အား ပစ္စည်း လာဘ်လာဘ မရစေလိုခြင်းတည်း။ သို့သော် ရရှိသော လာဘ်လာဘကို မတရားသုံးစွဲမည့် ရဟန်းကို မရစေလိုဘဲ တရားသဖြင့် သုံးစွဲသော ရဟန်းတို့ကို ရစေလိုခြင်းမှာ လာဘမစ္ဆရိယ မဟုတ်ပါ။ ဤ လာဘမစ္ဆရိယ ရှိသူသည် ဘင်ပုပ်ငရဲ၌ ကျက်၍ ဘင်ပုပ်ကို စားနေရတတ်၏။ [ဤ လာဘမစ္ဆရိယကြောင့် အပြစ်ရသော လောသကတိဿဝတ္ထုကို ကံအခန်း၌ ပြအံ့။]

၄။ ဝဏ္ဏမစ္ဆရိယ= ကိုယ်အဆင်း ဂုဏ်သတင်း ၂ မျိုးလုံး၌ ဝန်တိုမှု။ မိမိထက် အဆင်းလှမည်ကို ဝန်တိုမှု၊ မိမိထက် ဂုဏ်ကြီးမည်ကို ဝန်တိုမှုသည် ဝဏ္ဏမစ္ဆရိယပင်တည်း။ ဤဝဏ္ဏမစ္ဆရိယ ရှိသူသည် ဘဝသံသရာဝယ် ရုပ်အဆင်း ဆိုးရွားတတ်၏။ ဂုဏ်သတင်းလည်း ညံ့ဖျင်းတတ်သည်။

၅။ ဓမ္မမစ္ဆရိယ= မိမိတတ်သိသောတရား (အတတ်ပညာ) ကို ဝန်တိုမှု။ ဓမ္မမစ္ဆရိယ ရှိသူသည် မိမိ တတ်သိသော အတတ်ပညာ၊ စာပေပညာ၊ လက်မှုပညာ၊ နှုတ်မှုပညာများကို သူတစ်ပါး တတ်သိမှာ စိုးသောကြောင့် မေးလာလျှင် ကောင်းမွန်စွာ မပြောလိုခြင်း၊ ရေးကူးထားသော ပညာကို မပြလိုခြင်း၊ စာချသောအခါ မိမိထက် တတ်မည်စိုး၍ အကုန်မပြောလိုခြင်း ဖြစ်တတ်သည်။ သို့သော် စာပေ တတ်ပြီးနောက် ထိုစာကို မတရားသုံးစွဲမည့်သူ၊ သာသနာကို ဖျက်ဆီးမည့် သူတို့အား ပြောမပြခြင်းတို့မှာ မစ္ဆရိယ မဟုတ်ပါ။ ဤ ဓမ္မမစ္ဆရိယ ရှိသူ

www.burmeseclassic.com

www.burmeseclassic.com



သည် ဖြစ်လေရာ ဘဝတို့၌ အဖျင်း အအ ဖြစ်တတ်၏။
သို့မဟုတ် ပြာပူငရဲ၌ ကျက်ရတတ်သည်။

**စဉ်းစားဖွယ်**

ကျမ်းဂန်လာ မစ္ဆရိယ ၅ ပါးကို စဉ်းစားလျှင် သူတစ်ပါး လှူဒါန်းမှ နေထိုင်စားသောက်ရသော ရဟန်းများ၊ သီလရှင်များ၌ အဖြစ်များဖွယ်ရှိ၏။ ယခု မျက်မြင်အားဖြင့်လည်း ထိုသူများ၌ ဤ မစ္ဆရိယ သောင်းကျန်းလျက်ရှိသည်။ လူအများ၌လည်း ကိုယ့်ထက် အိမ်ကောင်းရာကောင်းရှိမှာစိုးခြင်း၊ ကိုယ့်ထက် ဥစ္စာပေါမှာစိုးခြင်း၊ ရောင်းဝယ်ကောင်းမှာစိုးခြင်း၊ ကိုယ့်ထက်ဆွေမျိုးဉာတိပေါမှာ စိုးခြင်း၊ ကိုယ့်ထက်လှမှာစိုးခြင်း၊ ကိုယ့်ထက်ဂုဏ်ကြီးမှာ စိုးခြင်း၊ ကိုယ့်ထက် တတ်သိမှာ စိုးခြင်း စသောအားဖြင့် အများပင် ဖြစ်တတ်ပါသည်။ ထိုသဘောများကား မစ္ဆရိယပင်တည်း။ ထိုသို့ မစ္ဆရိယ ဖြစ်သည့် အတွက် ထိုအဖြစ်ခံရသူမှာ အကျိုးမယုတ်ဘဲ မိမိမှာ စိတ်ယုတ်မာ ရှိကြောင်း ထင်ရှားရကား ဤမစ္ဆရိယကို ဝါသနာနှင့်တကွ အမြစ်ပါ ပြုတ်အောင် ကြိုးစား၍ ဖြုတ်သင့်ကြပေသည်။ ဤကဲ့သို့ တရားသိသော ဘဝ၌သော်မှ မစ္ဆရိယကို မတားလျှင် ပြိတ္တာဖြစ်ဖို့သာ ပြင်ကြပါတော့။

## ကုက္ကုစ္စအကြောင်း

နောင်တတစ်ဖန် ပူပန်ခြင်းသဘောသည် "ကုက္ကုစ္စ"တည်း။ ထို့ကြောင့် "ကုက္ကုစ္စကား၊ နောင်တတစ်ဖန်၊ ပူပန်ထန်ပြင်း"ဟု ဆိုခဲ့သည်။ ချဲ့ဦးအံ့–ဤကုက္ကုစ္စ၏ နောင်တရမှုသည် အကုသိုလ် ပြုပြီးမှ "ပြုမိတာ မှားလေစွ"ဟု လည်းကောင်း၊ ကုသိုလ် မပြုခဲ့မိ၍ "မပြုမိတာ မှားလေစွ"ဟု လည်းကောင်း နောင်တရခြင်း ၂ မျိုး ရှိ၏။



**နောင်တရပုံ**

"ဒု–သ–န–သော" ဟု အများပြောကြသော သူဌေးသား လေးယောက်သည် လူ့ဘဝ၌ ကုသိုလ်ကောင်းမှု ပြုလုပ်ဖို့ရာ ပစ္စည်းအလုံအလောက် ရှိကြပါလျက် ကုသိုလ်ကောင်းမှု ပြုရမည့် အစား မိစ္ဆာစာရ ကာမမှု အကုသိုလ်ကိုသာ ပြုမှားခဲ့ကြလေသည်။ ထို့နောက် "လောဟကုမ္ဘီ" သံရည်ပူငရဲ၌ကျကာ အနှစ် ၆ သောင်း ကြာမှ ပေါ်လာ၍

"ငါတို့သည် ပစ္စည်းဥစ္စာပေါများသော လူ့ဘဝတုန်းက မိုခို အားထား ကိုးစားလောက်သော ကုသိုလ်များကို မပြုမိဘဲ မှားယွင်းစွာ အသက်မွေးခဲ့ကြတယ်နော်" ဟု ပြောလိုသော စကားများကို စုံလင်စွာ မပြောနိုင်ဘဲ "ဒု"ဟူသော အသံနက်ကြီးကို ဟစ်အော်ကာ မြုပ်သွားရာလေ၏။ ဤသူ၌ ကုသိုလ်ကောင်းမှု မပြုမိခဲ့၍ နောင်တ ရသော ကုက္ကုစ္စဖြစ်သည်။

အခြားတစ်ယောက်ကလည်း "ငါတို့၏ ငရဲခံနေရသော ဒုက္ခသည် ဆုံးတော့မှာ မဟုတ်ပါဘူး၊ လူ့ဘဝတုန်းက မကောင်း မှုကို ငါတို့ ပြုခဲ့ကြတယ်နော်"ဟု ပြောလိုရင်း စကားဆုံးအောင် မဟနိုင်ဘဲ "န" ဟု အသံနက်ကြီးဖြင့် ဟစ်အော်ကာ မြုပ်သွား ရာလေသည်။ ဤသူကား အကုသိုလ်ကို ပြုမိခဲ့၍ နောင်တရသည်။

ဤကဲ့သို့ နောင်တရမှု၊ နောက်တစ်ဖန် ပူပန်မှုသည် ဒု–သ–န–သောတို့ ကဲ့သို့ နောက်ဘဝကျမှသာ ဖြစ်သည်မဟုတ်ပါ။ ယခု ဘဝမှာလည်း ထိုသို့ ပူပန်တတ်ကြပါသည်။ အလွန်အမင်း ပူပန် လာသောအခါ စိတ်ထဲတွင်သာမက ချွေးကျလာအောင် ခန္ဓာကိုယ်ပါ ပူပန်လာတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



### နှောင်တ မရသင့်ပုံ

အကုသိုလ်ကိုပြုပြီးမှ နှောင်တတစ်ဖန် ပူပန်နေခြင်းကြောင့် ပြုပြီး အကုသိုလ် ကင်းပျောက်သွားမည် မဟုတ်။ ကုက္ကုစ္စအကုသိုလ် အသစ်ပင် တိုးလာပါသေး၏။ ထို့ကြောင့် နှောင်တတစ်ဖန် ပူပန်မနေဘဲ ပြုပြီးသမျှ အကုသိုလ်များ နှောင်အခါ အကျိုးပေးခွင့် မရအောင် ထိုအကုသိုလ်မျိုး နောက်ထပ် မဖြစ်စေရန် သတိထား၍ ရှောင်ကြဉ်ရမည်။ ထိုကဲ့သို့ လွန်ပြီးသော အကုသိုလ်မျိုး "ငါ့မှာ နှောင်အခါမဖြစ်စေရ" ဟု စိတ်ပါလက်ပါ အဓိဋ္ဌာန်ပြု၍ စောင့်စည်းသူအတွက်မှာ ပြုပြီး အကုသိုလ် (သိပ်မကြီးကျယ်လျှင်) အကျိုးမပေးဘဲ ပပျောက်သွားတတ်ကြောင်းကို (မဟာဝဂ္ဂသံယုတ်) ၌ ဟောတော်မူသည်။

### အချိန်ရှိခိုက် လုံ့လစိုက်

ငယ်ရွယ်စဉ်အခါသည် ပညာ၊ ဥစ္စာ၊ ကုသိုလ် ဤ ၃ မျိုးကို မိမိဉာဏ်ရှိသလောက်၊ လိုချင်သလောက် ရှာရမည့်အခါ၊ ရှာဖို့ရန် အခွင့်အလမ်းသာသောအခါ ဖြစ်၏။ "မိုးကုန်မှ ထွန်ချ" လျှင် အကျိုးရ နည်းရုံသာမက လုံးလုံးမရဘဲလည်း ရှိတတ်သည်။ သို့ရာတွင် အချိန်နှောင်းမှ သတိရသော်လည်း "ကုသိုလ်ကိုမပြုမိတာ မှားပေါ့" ဟု နှောင်တမဖြစ်စေသင့်။ အချိန်နှောင်းမှ သတိရခြင်းသည်လုံးလုံး သတိမရကြသူများစွာသော လူဟို့ထက် အပုံကြီးသာပါသေးသည်။

တမ္ဗဒါဌိကမည်သော အဘိုးကြီးသည် အရွယ်ကောင်းတုန်းက သေဒဏ်ကျသူများကို သတ်ဖြတ်ရသောအလုပ်ဖြင့် ဘုရင့်အမှုကို ထမ်းလာခဲ့၏။ ကောင်းစွာ မသတ်နိုင်သော အဘိုးကြီး အရွယ်ရောက်မှ သူသတ်ရာထူးက ထွက်၏။ သေခါနီးဆဲဆဲမှာ အရှင်သာရိပုတ္တရာ နှင့်တွေ့၍ တရားနာရာတွင် သူလုပ်ခဲ့သော အပြစ်နှင့် ယခုတရားသည်



အလွန်ကွာခြား၍ နေသောကြောင့် တရားတော်၌ စိတ်မဝင်စားနိုင်ဘဲ ရှိလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာက သိတော်မူ၍ "ဒါယကာ... အသင်သတ်ချင်လို့ သတ်တာလား၊ အသက်မွေးမှုအတွက် မလွှဲသာ၍ ရှင်ဘုရင်က ခိုင်းလို့ သတ်ရတာလား" ဟု မေးတော်မူလေရာ "တပည့်တော် သတ်ချင်လို့ မဟုတ်ပါ၊ ရှင်ဘုရင်က ခိုင်းလို့ သတ်ရပါကြောင်း" ဟုလျှောက်လေလျှင် "သည်လိုဆိုလျှင် အပြစ်ရှိသေးသလား" ဟု ပရိယာယ်ဖြင့် မေးတော်မူပြီး နောက်ဆက်လက်၍ တရားဟောတော်မူသောအခါ "ငါ့မှာ အပြစ်ရှိပုံ မရဘူး" ဟု စိတ်သက်သာပြီးလျှင် တရားကို စိတ်စိုက်နာရင်း "စူဠ သောတာပန် (သောတာပန်အငယ်= သောတာပန်အတု)ဖြစ်ကာ မကြာခင် စုတေ၍ နတ်ပြည်သို့ ရောက်ရလေသည်။ [ဤ၀တ္ထု၌ ရှင်ဘုရင်က ခိုင်း၍ သတ်ရသော်လည်း ခိုင်းသူရော သတ်သူပါ အပြစ်ရှိ၏။ သို့သော် စိတ်သက်သာရာရအောင် ပရိယာယ်ဖြင့် မေးတော်မူခြင်းဖြစ်သည်။]

### မှတ်ချက်

ထိုအဘိုးကြီး၌ ပါဏာတိပါတ အပြစ်တွေ များစွာရှိနေသည်ကား မှန်၏။ သို့သော် ထိုအပြစ်တွေအတွက် ကုက္ကုစ္စ မဖြစ်အောင် ပရိယာယ်ဆောင်၍ မေးတော်မူလိုက်ရာ ကုက္ကုစ္စ ငြိမ်းအေးသွားလေသည်။ ကုက္ကုစ္စ ငြိမ်းအေးပြီးမှ တရား၌ စိတ်စိုက်သော ကုသိုလ်ကြောင့် နတ်ပြည်သို့ ရောက်ရလေသည်။ သို့ဖြစ်၍ မည်သူမဆို ပြုခဲ့ပြီးသော အကုသိုလ်အတွက်လည်း မပူပန်ရ။ ကုသိုလ်ကို မပြုခဲ့ရသေး၍လည်း နှောင်တမဖြစ်ကြစေဘဲ ပြခဲ့ သောနည်းဖြင့် အကုသိုလ် အသစ်မဖြစ်အောင်သာ ကြိုးစားလျက် သတိရသော အရွယ်ကစ၍ ကုသိုလ်ကို အားထုတ်သင့်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ထိနမိဒ္ဓတို့အကြောင်း

စိတ်ရောကိုယ်ပါ သွက်လက်ခြင်း မရှိဘဲ ထိုင်းတိုင်းတိုင်း ဖြစ်ခြင်းကို "ထိန"ဟု လည်းကောင်း၊ မှိုင်းတိုင်းတိုင်း ဖြစ်ခြင်းကို "မိဒ္ဓ"ဟု လည်းကောင်း ခေါ်၏။ ထို့ကြောင့် "ထိုင်းခြင်း ထိန၊ မှိုင်း မိဒ္ဓနှင့်" ဟု ဆိုခဲ့သည်။ ဤစေတသိက်နှစ်ပါးသည် အတူ ဖြစ်ရိုးတည်း။ ဤ ၂ ပါးဖြစ်သည့်အခါ လုံ့လဝီရိယကင်း၍ ပျင်းရိသလို ဖြစ်နေ၏။ ဆိုင်ရာ အလုပ်ကိစ္စ၌ ထက်ထက်သန်သန် မရှိဘဲ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေ၏။ ဤ ၂ ပါးဖြစ်ပုံသည် အိပ်ပျော်ခါနီးအခါ၊ တရားနာရင်း ငိုက်သည့်အခါတို့၌ ထင်ရှား၏။

အိပ်ချင်တိုင်းလည်း ထိန မိဒ္ဓ မဟုတ်။ တချို့ အိပ်ချင်မှုမှာ အလုပ်အကိုင် ပင်ပန်းသဖြင့် ခန္ဓာကိုယ် ညှိုးနွမ်းမှုကြောင့် ဖြစ်ရလေသည်။ ထိုအိပ်ချင်မှုမျိုးကား ရဟန္တာများ၌လည်း ဖြစ်ရလေသည်။ နေပူမိသဖြင့် ညှိုးနွမ်းသောသစ်ပင်များလည်း တွန့်ကာရှုံ့ကာ အိပ်ချင်လာသကဲ့သို့ ဖြစ်ကြရလေသည်။ ထို့ကြောင့် အိပ်ချင်တိုင်း ထိနမိဒ္ဓ မဟုတ်။ ထိုထိုကိစ္စတို့၌ စိတ်နှင့် စေတသိက်များ ထက်ထက်သန်သန် မရှိလှဘဲ တွန့်ဆုတ်ခြင်း၊ ထိုင်းမှိုင်းခြင်းကိုသာ ထိနမိဒ္ဓဟု မှတ်ပါ။ ယခုကာလ၌လည်း အလုပ်အကိုင်ပျင်း၍ ထိုင်းမှိုင်းနေသူကို "တယ်......ထိနမိဒ္ဓ အားကြီးတဲ့လူ"ဟု ပြောမှတ်ပြုကြသည်။

## ဝိစိကိစ္ဆာအကြောင်း

ဘုရားစသည်တို့၌ ယုံမှားခြင်းသဘောသည် "ဝိစိကိစ္ဆာ" တည်း။ ထို့ကြောင့် "ဘုရား စသည့်၊ ယုံမှား ဘိမှု၊ ဝိစိကိစ္ဆာ" ဟုဆိုခဲ့သည်။ "ယုံမှား" ဟူသည် လုံးလုံး မယုံကြည်ခြင်းမျိုးလည်း



မဟုတ်၊ စိတ်ချလက်ချ မယုံကြည်ဘဲ "မယုံတစ်ဝက်၊ ယုံတစ်ဝက်" ဆိုသလို ဖြစ်နေခြင်းမျိုးတည်း။ ဤဝိစိကိစ္ဆာ၏ မယုံမှုများကား

၁။ အလုံးစုံကို အကုန်သိသော ဘုရားဆိုတာ ဟုတ်ပါ့မလား။

၂။ ထိုတရားအတိုင်း ကျင့်လျှင် နတ်ရွာ နိဗ္ဗာန် ရနိုင်သည် ဆိုတာ ဟုတ်မှဟုတ်ပါ့မလား။

၃။ (ကောင်းမွန်စွာ ကျင့်သော သံဃာကို ကြည့်၍) ကောင်းမွန်စွာကျင့်သော သံဃာ ဟုတ်မှ ဟုတ်ရဲ့လား။

၄။ ငါတို့ ကျင့်ကြံဆောင့်ရှောက်အပ်သော သီလ သိက္ခာပုဒ်များ အကျိုးရှိမှ ရှိပါ့မလား။

၅။ ငါတို့ ရှေးရှေးဘဝက ဖြစ်ခဲ့မှ ဖြစ်ခဲ့ဖူးရဲ့လား။ (ယခုဘဝမှ ထာဝရဘုရား ဖန်ဆင်းလို့ ဖြစ်ရတာ လေလား)

၆။ နောက်၌ ရောက်ဖို့ရာ ဘဝရှိသေးတယ်ဆိုတာ ဟုတ်ပါ့ မလား။ (ယခုဘဝသေလျှင် ပြီးချင်ပြီးနေမလား။)

၇။ ပြုသမျှ ကောင်းမှု မကောင်းမှုသည် ကုသိုလ်ကံ အကုသိုလ်ကံ အဖြစ်ဖြင့် ခန္ဓာအစဉ်၌ သတ္တိကျန်ရစ် တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား။ (ကံကိုမယုံကြည်ပုံ)

၈။ ထိုကံ၏ အကျိုးများ ရလိမ့်မည်ဆိုတာ ဟုတ်ပါ့မလား။ (ကံ၏ အကျိုးကို မယုံကြည်ပုံ)

၉။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ခြင်း အစရှိသောအကြောင်း အကျိုးစပ်ပုံသည် ဟုတ်မှဟုတ်ပါ့မလား။ (ပဋိစ္စသမုပ္ပါဒ်ကို မယုံကြည်ပုံ)။ ဤသို့ ဘုရားစသည်၌ မယုံကြည်ခြင်းကိုသာ ဝိစိကိစ္ဆာဟု မှတ်ပါ။ ဤဝိစိကိစ္ဆာကို "သံသယဖြစ်ခြင်း" ဟုလည်း ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဝိစိကိစ္ဆာအကု**

စာအဓိပ္ပာယ်ကိုဖြစ်စေ၊ တစ်စုံတစ်ခု အမှုကိစ္စကို ဖြစ်စေ၊ ခရီးသွားရာ၌ လမ်းကိုဖြစ်စေ "ဟုတ်မှဟုတ်ပါ့မလား၊ ပြုလို့တော်ပါ့မလား" စသောယုံမှားသံသယများ ဖြစ်တတ်၏။ ရဟန္တာများပင် ဝိနည်းတော်ဆိုင်ရာ၌ "ဤအမှုဟာ အပ်မှအပ်ပါ့မလား"ဟု ယုံမှားတော်မူကြသေး၏။ ဤယုံမှားသံသယကား ဝိစိကိစ္ဆာမဟုတ်။ တချို့အရာ၌ စဉ်းစားကြံစည်တတ်သော ဉာဏ်၊ တချို့အရာ၌ အကြံသက်သက် ဝိတက်သဘောသာ ဖြစ်၏။ ကေန် ယုံထိုက်သော ဘုရားစသည်တို့ကို မယုံသင်္ကာဖြစ်နေရာ၌သာ ဝိစိကိစ္ဆာအစစ်ဖြစ်သည်။ ဤသို့ ဝိစိကိစ္ဆာ ဖြစ်သောအခါ ပညာရှိများအထံ မေးမြန်းရမည်။ သို့မှသာ ဝိစိကိစ္ဆာ ကင်းကွာလျက် ဘုရားစသည်တို့၌ ယုံကြည်မှု သဒ္ဓါတရား ဖြစ်ပေါ်လာနိုင်ပေမည်။

**နိဂုံး**

ဤ ပြခဲ့ပြီးသော စကားစဉ်အားဖြင့် စိတ်ကို မကောင်းအောင် ခြယ်လှယ်တတ်သော အကုသိုလ်စေတသိက်များကို နိဂုံးအုပ်ပါတော့မည်။ ပြခဲ့သော အကုသိုလ်တို့သည် သူသူကိုယ်ကိုယ် သန္တာန်၌ တွေ့မြင်နိုင်သော စေတသိက်များ ဖြစ်၏။ တစ်ကမ္ဘာလုံး ထိုတရားဆိုးများ သောင်းကျန်းလျက် ရှိသောကြောင့်သာ ဒုက္ခအဖုံဖုံကို နေ့စဉ်နှင့်အမျှ တွေ့ကြုံ ကြားသိနေကြရလေသည်။

ဤသို့ စိတ်ဆိုးစိတ်ယုတ်မာ ဖြစ်အောင် ခြယ်လှယ်တတ်သော အကုသိုလ်တရားစုကို သိသာထင်ရှား အများနားလည်အောင် ကြိုးကြိုးစားစားရေးသားပြုစု ဤကောင်းမှုကြောင့် ငါ့သန္တာန်၌ အကုသိုလ်တရား နည်းပါးသည်ထက် နည်းပါးပါစေ။ ငါ၏ အဆက်အသွယ် ကြီးကြီးငယ်ငယ်တို့လည်း စိတ်ကောင်းရှိသူတွေသာ ဖြစ်ကြပါစေ။ ဤကျမ်းကို ကြည့်ရှုသူ အများလူလည်း စိတ်ကောင်းရှိသူတွေ ဖြစ်ကြပါစေ။



အကုသိုလ်မျိုး၊ စိတ်ယုတ်ဆိုးကို၊ ကြိုးကြိုးစားစား၊ ရေးသည်အားကြောင့်၊ အများလူပေါင်း၊ စိတ်ယုတ်ပြောင်း၍၊ စိတ်ကောင်းရစေ၊ ငါ့အနေမူ၊ ဘဝေဘဝ၊ ဖြစ်သမျှ၌၊ ပါပညစ်ညမ်း၊ အပြစ်သွမ်းတို့၊ ကုန်ခန်းပျောက်လွင့်၊ စိတ်ကောင်းတင့်၍၊ ငါနှင့်ဆက်သွယ်၊ ကြီးကြီးငယ်လည်း၊ ငါ့နယ်နည်းတူ၊ စိတ်ကောင်းယူသည်၊ နိဗ္ဗူထုတ်ချောက်ရောက်ရန်သော်။

စိတ်ကို မကောင်းအောင် ခြယ်လှယ်သော အကုသိုလ်
စေတသိက်များ ပြီးပြီ။

# တတိယအခန်း

[ဤအခန်း၌ ကောင်းသော စေတသိက်များကို ပြသည်]

## စိတ်ကိုကောင်းအောင် ခြယ်လှယ်သော စေတသိက်များ

| | | | |
|---|---|---|---|
| ၁။ | သဒ္ဓါ | ၈။ | မေတ္တာ |
| ၂။ | သတိ | ၉။ | ကရုဏာ |
| ၃။ | ဟိရီ | ၁၀။ | မုဒိတာ |
| ၄။ | ဩတ္တပ္ပ | ၁၁။ | ဥပေက္ခာ |
| ၅။ | အလောဘ | ၁၂။ | သမ္မာဝါစာ |
| ၆။ | အဒေါသ | ၁၃။ | သမ္မာကမ္မန္တ |
| ၇။ | အမောဟ | ၁၄။ | သမ္မာအာဇီဝ |

www.burmeseclassic.com

www.burmeseclassic.com



[ဆောင်] ကောင်းသည့် အာရုံ၊ အဖုံဖုံဝယ်၊ ယုံကြည်တတ်လေ့၊ သဒ္ဓါငွေ့တည်း၊ အောက်မေ့သတိ၊ ဒုစရိုက်၊ ဟိရိရှက်စွ၊ လန့်ဩတ္တနှင့်၊ အလောဘလျှင်၊ မလိုချင်တည်း၊ ထို့ပြင်တစ်ဝ၊ အဒေါသတွက်၊ မခက်မထန်၊ ပညာဉာဏ်မူ၊ အမောဟ–ဟူ၏၊ မှတ်ယူချစ်ပြား၊ မေတ္တာပွားချ၍၊ သနား–ကရုဏာ၊ ဝမ်းသာမုဒိ၊ ရှုသည့်လျစ်လျူ၊ ပေက္ခာပြုလော၊ သုံးခုသမ္မာ၊ ဝါစာ–ကမ္မ၊ အာဇီဝကား၊ ကာယဝစီ၊ မသတီပေါင်း၊ ရှောင်ကြဉ်ကြောင်းသည်၊ စိတ်ကောင်းဖြစ်ရန် စေတသိက်တည်း။

## သဒ္ဓါအကြောင်း

ယုံကြည်ခြင်းသဘောတရားသည် သဒ္ဓါတည်း။ ထို့ကြောင့် "ယုံကြည်တတ်လေ့၊ သဒ္ဓါငွေ့တည်း" ဟုဆိုခဲ့ပေသည်။ "ယုံကြည်" ဟူရာ၌ ယုံအတွက် အဓိပ္ပာယ်တစ်ရပ်၊ ကြည်အတွက် အဓိပ္ပာယ်တစ်ရပ် ၂ မျိုးခွဲ၍ မှတ်ရမည်။

**ယုံပုံ**

ဒိဋ္ဌိသည် ကံတရားမရှိ၊ ကံ၏ကောင်းကျိုးဆိုးကျိုးမရှိ။ လွန်ခဲ့သောကာလက မိမိတို့ ဖြစ်ခဲ့ရသော ဘဝဟောင်းဟူ၍ မရှိ၊ ယခုဘဝသေလျှင် နောက်ထပ်ဖြစ်ဖို့ ဘဝသစ်လည်း မရှိ။ ဤဘဝ ထိုဘဝ ဓမ္မအားလုံးကို သိနိုင်သော လူဘုရားမရှိ၊ တရားမရှိ၊ သံဃာမရှိ။ ဤသို့ စသည်ဖြင့် ယူမှား၏။ ထိုကံစသည်ကို လုံးဝ မယုံချေ။ ဝိစိကိစ္ဆာမှာ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ယုံမှားသံသယ ဖြစ်နေ၏။ ဤသဒ္ဓါကား "ကံ–ကံ၏အကျိုး စသော အရာစုကို ကောန်ရှိ၏" ဟုယုံသည်။ ဤ ယုံသောသဒ္ဓါကို "သဒ္ဓါမောက္ခ= ယုံသောအားဖြင့် ဆုံးဖြတ်ခြင်းသဘော" ဟုလည်း ကျမ်းဂန်တို့၌



ဆို၏။ ဤသို့ အမှန်ရှိသော အကြောင်းအရာ၌ ယုံခြင်းကိုသာ သဒ္ဓါအစစ် ကုသိုလ်ဖြစ်သည်ဟု မှတ်ပါ။

**ကြည်ပုံ**

စွန့်ကြဲပေးကမ်း လှူဒါန်းနေရသောအခါ၊ သီလဆောက်တည်၍ ကမ္မဋ္ဌာန်း စီးဖြန်းသောအခါ၊ ထိုထို ကုသိုလ်ဆိုင်ရာ ကိစ္စကို ပြုနေရသောအခါ စိတ်၌ ကြည်လင်သော သဒ္ဓါဖြစ်နေ၏။ နောက်ကျူသော ရေခွက်၌ ပတ္တမြားရတနာကို ထည့်လိုက်သောအခါ အနယ်အမှုန်တွေ အောက်ကျ၍ ရေသည် ကြည်လင်လာသကဲ့သို့ စိတ်၌ ပတ္တမြားရတနာနှင့် တူသော သဒ္ဓါဖြစ်ပေါ်လာသောအခါ ဝိစိကိစ္ဆာစသော ကိလေသာ အနောက်အကျု ကင်းကွာ၍ စိတ်ကြည်လင်လာပေသည်။ ထိုကဲ့သို့ စိတ်ကို ကြည်လင်အောင် ပြုနိုင်သော သဘောကား ဤသဒ္ဓါပင်တည်း။

ထို့ကြောင့် တချို့ တိရစ္ဆာန်များနှင့် ကလေးသူငယ် စသူတို့မှာ ကံ–ကံ၏အကျိုး စသည်ကို နားမလည်၍ ယုံသဒ္ဓါဖြစ်ဖို့ ခဲယဉ်းသော်လည်း လူကြီးများ ပြုမူပုံကို အတုလိုက်၍ ဘုရားသံဃာကို ရှိခိုးနေသောအခါ၊ သူတစ်ပါးကို ပေးကမ်းနေသောအခါ၊ သူတစ်ပါး အကျိုးဆောင်နေသောအခါများ၌ စိတ်ကိုကြည်လင်စေနိုင်သော ကြည်သဒ္ဓါကား ဖြစ်နိုင်ကြပေသည်။ မိစ္ဆာအယူရှိသူများလည်း ဆေးရုံအတွက်၊ သူအိုရုံအတွက်၊ နူနာရုံအတွက်၊ မိဘမရှိသော ကလေးများအတွက်၊ ကောင်းသော ပညာရေးအတွက် ပေးကမ်းစွန့်လှူကြရာ၌ ကြည်သဒ္ဓါအစစ် ကုသိုလ်ဖြစ်ကြပေသည်။

**အမှာ။** ။ဤ သဒ္ဓါအစစ်ရှိသူ၏ အပြုအမူများကို [illegible] နားလည်ဖို့ရာ စရိုက်အခန်းမှာလာမည့် သဒ္ဓါစရိုက်၏ အကြောင်းကို ဆက်လက်၍ ကြည့်ရှုပါကုန်။

www.burmeseclassic.com

www.burmeseclassic.com



**သဒ္ဓါအတု**

ဤပြခဲ့သော သတိထား၍ စဉ်းစားပြီးလျှင် သဒ္ဓါတရားအစစ်ဟူသည် အပြစ်ကင်း၍ သန့်သန့်ရှင်းရှင်း ယုံကြည်ခြင်း၊ မှန်ကန်သောအကြောင်းအရာများကို ယုံခြင်းဟု နားလည်လောက်ပါပြီ။ ဘုရားကရောင်ခြည်တော် မလွှတ်ပါဘဲ "ရောင်ခြည်တော်လွှတ်သည်" ဟုဘုရားကို မှီစားနေသူတို့က လိမ်ပြောသည်ကို ယုံမှု၊ ဓာတ်တော်အစစ်မဟုတ်ဘဲ ဓာတ်တော်အစစ်ဟု ပြောသည်ကို ယုံမှု၊ မိစ္ဆာအယူရှိသူများ၏ မိမိတို့အယူဝါဒကို ယုံမှု စသော အလွဲအမှားယုံမှုများသည်သဒ္ဓါအစစ် မဟုတ်ပါချေ။ ရိုးအည့်ဖျင်း အသိဉာဏ်ကင်းသောမောဟ အကုသိုလ်သာ ဖြစ်လေသည်။

ထို့ပြင် အပြောကောင်း၊ အသံကောင်း၊ ရုပ်ကောင်း၊ အကျိုးဆောင်ကောင်း၊ ဆေးကောင်း ဝါးကောင်း စသော အကောင်းရှိသည့် ရသေ့ရဟန်းကို "ကြည်ညိုလှပါသည်" ဟုပြောဆိုကြသောမိန်းမများနှင့် ယောက်ျားအချို့၏ ကြည်ညိုမှုလည်း သဒ္ဓါအစစ်မဖြစ်နိုင်။ ရင်းနှီးမှု တဏှာပေမ မကင်းသော မောဟပင်တည်း။ ထိုကဲ့သို့ သဒ္ဓါအတုမျိုးကို ကျမ်းစာတို့၌ * "မုဒ္ဓပ္ပသန္န"ဟု ဆို၏။ [မုဒ္ဓ= ဖျင်းအသော+ပသန္န= ကြည်ညိုမှု။]

**သတိပေးချက်**

ယခုခေတ်ကား အညာအဖြန်း ပေါများသောခေတ် ဖြစ်၏။ ဘာသာခြားတို့၌ တရားဆန်းတွေ ပေါများနေသည့်အပြင် ဗုဒ္ဓဘာသာ

---

* ယော ဗလဝတိယာ သဒ္ဓါယ သမန္နာဂတော အဝုသဒညာဏော သောမုဒ္ဓပ္ပသန္နော ဟောတိ န အဝေစ္စ ပသန္နော၊ တထာဟိ အဝတ္ထုသ္မိံ ပသီဒတိ၊ သေယျထာပိ တိတ္ထိယာ။

(ကေနိပါတ် အင်္ဂုတ္တရဋ္ဌကာ)



ဆိုသူတို့အတွင်းမှာလည်း တရားအဆန်း၊ ကမ္မဋ္ဌာန်းအဆန်း၊ ဆေးဝါးအဆန်းတို့ဖြင့် အမျိုးမျိုးဖြန်းကာ ပြခဲ့သော မုဒ္ဓပ္ပသန္န သမားရှိးရှာသူများကို လှည့်စား ဖြားယောင်းလျက်ရှိသည်။ ထို ပုဂ္ဂိုလ်များကိုလှူဒါန်းပေးကမ်းနေရာ၌ သဒ္ဓါပေးမဟုတ်။ တဏှာ အချစ်ပေး၊အဖျင်းအနပေးသာ များလေသည်။

ထိုအဆန်းအပြား ဉာဏ်သမားတွေကို ပညာရှိ ပုဂ္ဂိုလ်များက "အရေးမစိုက်လောက်ဘူး" ဟုသဘောထားကြသည့်အတွက် ထိုအဆန်းသမားတွေ အိမ်ဦးတက်လျက် ရှိကြလေပြီ။ မှားသည်ဖြစ်စေမှန်သည်ဖြစ်စေ တရားဘက်ဆိုင်ရာဝယ် မိန်းမတွေသာ ခေါင်းဆောင်လုပ်နေကြ၏။ ထို့ကြောင့် ဘယ်ကိစ္စမဆို ယုံသင့် မယုံသင့် နှိုင်းချင့်ဖို့ရာ ဘာသာရေးနှင့်ဆိုင်သော အသိဉာဏ်အလိမ္မာကို ယခု လက်ရှိအခြေအနေထက် တိုးပွားအောင် (မိန်းမတွေကစ၍) ကြိုးစားသင့်ကြပါသည်။

**သဒ္ဓါနှင့်ပေမ ရောနှောပုံ**

ယခုကာလ အချို့သော သူတော်ကောင်းများ၌ သဒ္ဓါနှင့်ပေမရောနှောနေသည်ကိုလည်း တွေ့ရ၏။ အနေအထိုင်နှင့် အပြောအဟောအဆုံးအမ ကောင်းမွန်သော ပုဂ္ဂိုလ်အပေါ်တွင် အနေအထိုင်နှင့်အပြောအဟောအတွက် ကြည်ညို၏။ သဒ္ဓါတရားဖြစ်၏။ မိမိကိုသွန်သင်ဆုံးမသည့်အတွက် ဆွေမျိုးရင်းချာကဲ့သို့ ချစ်ခင်၏။ ဤသို့ဖြစ်ရာ၌ ကြည်ညိုခြင်းသဘောသည် သဒ္ဓါ၊ ချစ်ခင်ခြင်း သဘောသည်ကား ပေမတည်း။ ဘုရားရှင်ကို ကြည်ညိုသော ဝက္ကလိသည်ပင်ဘုရားရှင်ကို ချစ်ခင်ကြည်ညို၏။ ဆန္န အမတ်ဟု အများသိကြသောငယ်ကျွန်ရင်း ဆန္နမထေရ်လည်း ဘုရားရှင်အပေါ်မှာ သခင်ချစ်–ချစ်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဖြစ်ရာ၌ သဒ္ဓါသဘောက ကုသိုလ်အစစ်ဖြစ်သော်လည်း သံယောဇဉ်ပေမမှာ အကုသိုလ်သာတည်း။ ထိုသံယောဇဉ်အတွက် ပုဂ္ဂိုလ်ခင်၍ တရားမင်ကာ အသိအလိမ္မာနှင့် ကုသိုလ်ပါရမီ တိုးပွားပါမူ "အကုသလော ဓမ္မော၊ အကုသိုလ်တရားသည်။ ကုသလဿဓမ္မဿ၊ ကုသိုလ်တရားအား။ ဥပနိဿယ ပစ္စယေန၊ ပကတူပ နိဿယ ခေါ်သော ပဋ္ဌာန်းပစ္စည်းတစ်မျိုးဖြင့်။ ပစ္စယော၊ ကျေးဇူးပြုနိုင်၏" ဟူသော ပဋ္ဌာန်းပါဠိတော်နှင့်အညီ အကုသိုလ်ကလေးက များစွာသော ကုသိုလ်အား ကျေးဇူးပြုဖို့ အကြောင်း အကောင်းပင်ဖြစ်၏။ ထိုကဲ့သို့ အကောင်းဖြစ်အောင်လည်း ဆရာသမားဖြစ်သူက စေတနာရင်းဖြင့် ဟောပြောဆုံးမ၍ တပည့်ဖြစ်သူကလည်း ဟောပြောသမျှ လိုက်နာမှ အကျိုးရပေမည်။

## သတိအကြောင်း

အောက်မေ့ခြင်း အမှတ်ရခြင်း သဘောသည် သတိတရားတည်း။ ထို့ကြောင့် "အောက်မေ့–သတိ"ဟု ဆိုခဲ့သည်။ ဤအောက်မေ့မှု၊ အမှတ်ရမှုသည် အလွန်များပြား၏။ ရှေးကကုသိုလ်ကောင်းမှု တစ်ခုခု ပြုခဲ့၏။ ယခု ထိုကုသိုလ်ကို ပြန်၍ အမှတ်ရ၏။ တရားစကား ပြောဟောနေသည့်အခါ၊ ဆုံးမဩဝါဒ ပေးနေသည့်အခါ မှတ်မိနားလည်အောင် သတိထား၍ နားထောင်၏။ ကမ္မဋ္ဌာန်း နှလုံးသွင်းသည့်အခါ အာရုံပျောက်မသွားအောင် စူးစူးစိုက်စိုက်နှင့် နှလုံးသွင်း၏။

နက်ဖြန်ပြုရမည့် ကုသိုလ်၊ သို့မဟုတ် နောက်အတော်ကြာမှ ပြုရမည့် ကုသိုလ်ကို ကြိုတင်၍ အမှတ်ရ၏။ မိမိဆောက်တည်အပ်သော သီလသိက္ခာပုဒ်များ မကျိုးမပေါက်ရအောင် သတိထား၏။ လောဘ



ဒေါသ၊ မာန်မာန စသည်မဖြစ်ရအောင် သတိထား၏။ ဆရာသမား၏ အဆုံးအမကို သတိရ၏။ ဤသို့ စသည်ဖြင့် ကုသိုလ်ကောင်းမှုဆိုင်ရာ ကိစ္စတို့ကို အမှတ်ရနေခြင်းသာ သတိအစစ်ဖြစ်၏။ ဤသတိအစစ်ကို "အပ္ပမာဒ= မမေ့မလျော့ခြင်း" ဟုလည်းခေါ်၏။ ထို့ကြောင့် ဘုန်းကြီးများ သီလပေးသည့်အခါ "အပ္ပမာဒေန သမ္ပာဒေထ= မမေ့မလျော့သော သတိတရားဖြင့် ကုသိုလ်ကိစ္စတို့ကို ပြည့်စုံကြစေလော့"ဟု တိုက်တွန်းရိုး ရှိကြပေသည်။ ဘုရားရှင်လည်း "သတိဥ္စ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ= ဘိက္ခုတို့၊ သတိကို အရာရာ၌ လိုလားထိုက်၏" ဟု ဟောတော်မူသည်။ [သဒ္ဓါ စသည်မှာ လွန်နေတတ်သော်လည်း သတိကား လွန်သွားသည်ဟူ၍ မရှိ။ နေရာတိုင်းမှာ သတိပါစေရမည် ဟု ဟောတော်မူလိုရင်း ဖြစ်သည်။] ပရိနိဗ္ဗာန်စံတော်မူခါနီး၌လည်း "အပ္ပမာဒေန သမ္ပာဒေထ"ဟု မိန့်တော်မူ၏။

### သတိအတု

ခွေးမျိုးကို အောက်မေ့မှု၊ သမီးခင်ပွန်းချင်း ကွဲကွာနေသည့် အခါ အောက်မေ့မှု၊ သူငယ်ချင်း ချိန်းချက်ထားသည်ကို အမှတ်ရမှု၊ မိမိအား ဂရုစိုက် အရေးပါလိုက်သည်ကို အမှတ်ရမှု၊ ဤသို့ စသည်ဖြင့် တဏှာပေမဆိုင်ရာ အမှတ်ရမှုများ ရှိ၏။ ထို့ပြင် မိမိအား နှိပ်စက်ဖူးသူကို လက်စားချေရန် အမှတ်ရနေမှု၊ သတ်ချိန် ဖြတ်ချိန်ကို အမှတ်ရနေမှု၊ သွားလာရာ၌ ဘေးရန်အန္တရာယ်ကို သတိထားမှု၊ ဤသို့ စသည်ဖြင့် ဒေါသ ဒေါမနဿဆိုင်ရာ အမှတ်ရမှုများလည်း ရှိသေး၏။ ထိုအမှတ်ရမှုများ၌ သတိအစစ် မဟုတ်ပါချေ။ နောက်ပြမည့် အမှတ်အသားကောင်းသော သညာ သဘော၊ စဉ်းစားကြံစည်တတ်သော ဝိတက်သဘောသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဟိရီနှင့် ဩတ္တပ္ပတို့အကြောင်း

မကောင်းမှုဒုစရိုက်ကို ပြုရမည်မှ ရှက်ခြင်းသဘောသည် ဟိရီဖြစ်၍ ကြောက်လန့်ခြင်းသဘောကား ဩတ္တပ္ပဖြစ်သည်။ ထို့ကြောင့် "ဒုစရိုက်ကို–ဟိရီရှက်စွ၊ လန့်ဩတ္တနှင့်" ဟု ဆိုခဲ့သည်။ ဤဟိရီ ဩတ္တပ္ပ ၂ ပါးတို့တွင် မိမိ၏ ဂုဏ်သိက္ခာကို စောင့်ရှောက်လေ့ရှိသူတို့၌ ဟိရီတရား ထင်ရှားသကဲ့သို့ ဆရာ မိဘ ဆွေမျိုးစသူနှင့် အခြားလူများကို လေးစားသူ၌ ဩတ္တပ္ပတရား ထင်ရှားပေသည်။

ချဲ့ဦးအံ့။ "ငါသည် အမျိုးကောင်း တစ်ယောက်ဖြစ်၏။ ငါ့လို အမျိုးကောင်းသူက မကောင်းမှုပြုနေလျှင် (ဥပမာ တံငါလုပ်နေလျှင်) ရှက်စရာ ဖြစ်လိမ့်မည်" ဟု မိမိအမျိုးဂုဏ်ကို စောင့်ထိန်းသောအားဖြင့် မကောင်းမှုကို ပြုရမည်မှ ရှက်၏။ ပညာတတ်သူကလည်း "ငါ့လို ပညာရှိတစ်ယောက်က အောက်ကျသော မကောင်းမှုပြုလျှင် (သူ့ဥစ္စာ မတရားယူလျှင်) ရှက်စရာ ဖြစ်တော့မည်။" အသက်ကြီးသူကလည်း "ငါလို အဘိုးကြီးက မကောင်းမှုကို ပြုနေလျှင် (လိမ်နေလျှင်) ရှက်စရာကြီး ဖြစ်တော့မည်" ဤသို့ စသည်ဖြင့် မိမိမှာ ရှိသော ဂုဏ်တစ်ခုခုကို လေးစားသူ၌ ဟိရီတရား ထင်ရှားလေသည်။

ငါတစ်ယောက်က မကောင်းမှုပြုလိုက်လျှင် ငါ့မိ ငါ့ဖ ငါ့ဆွေ ငါ့မျိုး (ငါ့ဆရာသမား) သူတစ်ပါးတို့၏ အကဲ့ရဲ့ကိုခံရ၍ "တံတွေးခွက် ပက်လက်မျော"ကာ "ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်" ရာကြလိမ့်မည်။ ဤသို့ စပ်ဆိုင်သူများကို ငဲ့ညှာတတ်သူ၌ ဒုစရိုက်မှ ကြောက်လန့်တတ်သော ဩတ္တပ္ပတရား ဖြစ်လေသည်။ မိမိဂုဏ်သိက္ခာကိုလည်း မငဲ့၊ ဆရာသမား မိဘဆွေမျိုး များကိုလည်း



မငဲ့၊ ရွံ့ချင်တိုင်းရွံ့သူ၌ကား ဟိရီ ဩတ္တပ္ပ ၂ မျိုးလုံးကင်း၍ ဒုစရိုက်အမှုတွေ ပြည့်တင်းနေလေတော့သည်။

ထို့ကြောင့် ဤဟိရီနှင့် ဩတ္တပ္ပ တရား ၂ ပါးသည် ကမ္ဘာသူကမ္ဘာသား လူအများကို သားနှင့်အမိ မောင်နှင့်နှမ စသည်ခြားနားအောင် စောင့်ရှောက်တတ်သောကြောင့် "လောကပါလ= ကမ္ဘာစောင့်တရား" ဟုလည်းကောင်း၊ ဖြူစင်သန့်ရှင်း အပြစ်ကင်းအောင် ပြုတတ်သောကြောင့် "သုက္ကဓမ္မ= ဖြူစင်သောတရား" ဟုလည်းကောင်း နာမည်ရသည်။ လူ့လောက၌ ဤတရားနှစ်ပါးသာ မရှိပါမူ တိရစ္ဆာန်တို့နှင့် မထူးခြားဘဲ မှားချင်တိုင်းမှား၍ မကြားကောင်းမနာသာ ဖြစ်ရာ၏။ ယခုအခါမှာပင် ဟိရီဩတ္တပ္ပကင်းသူတို့နှင့် ပေါင်းသင်းဆက်ဆံ၍ နေကြရသဖြင့် အဝတ်အစား အနေအထိုင် အသွားအလာမှစ၍ လျှပ်ပေါ်လော်လည်ကာ အမြင်မတော်စရာတွေ များလှချေပြီ။ ဤအတိုင်းသွားလျှင် မကြာခင် အမြီးပေါက်ကြလိမ့်မည်။

### ဟိရီဩတ္တပ္ပအတု

ရှက်မှု ကြောက်လန့်မှုကို ဟိရီဩတ္တပ္ပဟု ဆိုသော်လည်း တွေ့ကရာ ရှက်ကြောက်မှုတွေကို ဟိရီဩတ္တပ္ပအစစ်ဟု မမှတ်ရ။ ဒုစရိုက်မကောင်းမှုကိုပြုရမည်မှ ရှက်ခြင်း ကြောက်ခြင်းကိုသာ ဟိရီဩတ္တပ္ပအစစ်ဟု မှတ်ရမည်။ ထို့ကြောင့် ဥပုသ်စောင့် တရားနာဘုရားသွားရမှာကို ရှက်မှု၊ ပရိသတ်အလယ်မှာ စာဖတ် စကားပြောတရားဟောရမှာကို ရှက်မှု (အစာပြတ်၍ ငတ်သေရမည်ကို မရှက်ဘဲ အလုပ်လက်မဲ့နှင့် တေလေလုပ်ရမည်ကို မရှက်ဘဲ) အောက်ကျသည်ဟု ထင်သော အလုပ်တစ်ခုခုကို လုပ်ရမည်ကို ရှက်မှု၊ ယောကျ်ားနှင့်မိန်းကလေးတို့ အချင်းချင်း တွေ့သောအခါ ရှက်နေမှုများသည်

www.burmeseclassic.com

www.burmeseclassic.com



ဟီရိအစစ်မဟုတ်၊ ပရိယာယ် မာယာများခြင်း၊ ဟန်ကြီးပန်ကြီး လုပ်ခြင်းသာ ဖြစ်၏။ အဘိဓမ္မာ အလိုအားဖြင့် တဏှာသဘော ပင်တည်း။

**မရှက် ၄ပါး**

လောကီအကျိုးစီးပွားကို ပြသော နီတိ ကျမ်းများ၌

၁။ ရောင်းဝယ်ဖောက်ကား အတိုးအပွားပေးသောအခါ၊

၂။ ဆရာ့အထံ ချဉ်းကပ်၍ အတတ်ပညာသင်သောအခါ၊

၃။ အစာစားသောအခါ၊

၄။ သမီးခင်ပွန်းအချင်းချင်း ရင်းရင်းနှီးနှီး ပျော်မွေ့သောအခါ

ဤအခါများ၌ အရှက်ကို ဖယ်ထားရမည်ဟု ညွှန်ပြလျက်ရှိသည်။

[ထိုအရှက်မရှိမှုများ၌ ကုသိုလ်ဖြစ်မဖြစ်ကို ပြောလိုရင်းမဟုတ်၊ မိမိအကျိုးရှိမည့်အရာ၌ မရှက်ရဟု ပြောလိုရင်းဖြစ်သည်။]

ထို့ပြင် တရားရုံး စသည်တို့၌ တရားသူကြီးကို ကြောက်ခြင်း၊ ရထား သင်္ဘော မြို့ပြတို့၌ တောသူတောင်သားတို့ အိမ်သာ မသွားဝံ့အောင် ကြောက်ခြင်း၊ လူတစ်ယောက်နှင့် တစ်ယောက်ဖြစ်စေ၊ ခွေးစသော တိရစ္ဆာန်များကိုဖြစ်စေ၊ တစ္ဆေကိုဖြစ်စေ ကြောက်ရွံ့ခြင်း၊ မရောက်ဖူးသော အရပ်သို့ ခရီးသွားရမည်ကို ကြောက်ရွံ့ခြင်း၊ ယောကျ်ားကလေး မိန်းကလေးများ အရေးရောက်ကကြောက်နေကြ ခြင်း၊ ဆရာမိဘ လူကြီးသူမတို့ကို ကြောက်ခြင်း၊ ထိုသူတို့ရှေ့၌ စကား မပြောဝံ့အောင် ကြောက်ခြင်း၊ ဤသို့စသော ကြောက်ခြင်းများ လည်း ဩတ္တပ္ပအစစ်မဟုတ်၊ သတ္တိညံ့ဖျင်းမှု (တရားသဘောအားဖြင့်) ဒေါမနဿပြဋ္ဌာန်းသော အကုသိုလ်စုပင် ဖြစ်သည်။

**အလယ်အလတ်**

ဤပြခဲ့သော စကားအစဉ်ကို ကြည့်၍ အကုသိုလ် မဖြစ်သော



ကိစ္စ၌ မရှက်သင့်၊ မကြောက်သင့်ဟု နားလည်ကြပြီ။ သို့သော် မရှက်မကြောက်ဘဲ လူမိုက်အားကိုး ရဲရမည်ဟု မဆိုလို။ ထိုလူမိုက် အားကိုး အရဲမျိုးသည် တစ်ဖက်သားကို မလေးစားသော အဂါရဝ ဒေါသ မာနတရားများ ဖြစ်၍ မိုက်ရူးရဲမှာ မောဟ ဒေါသတို့သာ အဖြစ်များသည်။ ထို့ကြောင့် မရှက်သင့် မကြောက်သင့်သော ကိစ္စ တို့၌ ဆင်ကန်းတောတိုး သဘောမျိုးဖြင့် အကျိုးမရှိသော မိုက်ရူးရဲနှင့် ဆရာမိဘ လူကြီးသူမတို့၌ မရိုသေ မလေးစားမှု အဂါရဝမျိုး မဖြစ်စေဘဲ အလိမ္မာဉာဏ်ဖက်၍ မိမိ၏ စိတ်ဓာတ်ကို ပြုပြင်ကာ ကျက်သရေ မင်္ဂလာရှိသော အလယ်အလတ် မရှက်မကြောက်ခြင်း မျိုးကိုသာ အလိုရှိထိုက်ကြပါသည်။

[အဘောတဗ္ဗမိ ဘာယန္တိ၊ ဘာယိတဗ္ဗေ န ဘာယရေ =လောက၌ လူတို့သည် မကြောက်ရမည့်နေရာ၌ ကြောက်ကြ၏။ ကြောက်ရမည့် မကောင်းမှု၌ကား မကြောက်ကြ။ –တရားတော်]

## အလောဘအကြောင်း

မလိုချင်မှုသဘောသည် အလောဘတရားတည်း။ ထို့ကြောင့် "အလောဘလျှင်၊ မလိုချင်တည်း"ဟု ဆိုခဲ့သည်။ ဤအလောဘ၏ မလိုချင်မှုသည် လောဘနှင့် ပြောင်းပြန်ဖြစ်၏။ မီးနှင့်ရေပမာ ကမ္ဘာ့ရန်ဘက်ကဲသို့ ဖြစ်ရကား လောဘ၏ လိုချင်အပ်သော အရာမှန်သမျှကို အလောဘက မလိုချင်ချည်းဖြစ်သည်။ မျက်မြင် အားဖြင့် လောဘသမားနှင့် အလောဘသမားတို့ ကွာခြားပုံကို သတိပြုပါ။

**လောဘဘုန်းကြီး**

လောဘသမားသည် ဘုန်းကြီးဖြစ်လျှင် ပစ္စည်းလာဘ်ကို

www.burmeseclassic.com

www.burmeseclassic.com



လိုချင်၏။ မိမိကို လှူချင်လာအောင် ဆွယ်တရားဟော၏။ ရပြန်လျှင်လည်း ထိုပစ္စည်းကို မလှူရက် မပေးရက်၊ အလွန် မက်မော၏။ ထိုပစ္စည်းရမှုကို အကြောင်းပြု၍ "အာဂ.....ငါပဲ"ဟု စိတ်ကြီးဝင်လိုက်သေး၏။ လှူဒါန်းနိုင်သော ဒကာ ဒကာမများကို အောက်ကျို့၍ ဆက်ဆံရသဖြင့် မိမိ၏ အောက်ကျပုံကိုကား သတိမရရှာချေ။

**လောဘလူ**

လောဘသမား လူပုဂ္ဂိုလ်များသည် ဤနည်းပင်တည်း။ ပစ္စည်းဥစ္စာကို (တရားသည် မတရားသည် မစိစစ်နိုင်တော့ဘဲ) မရမက ရှာဖွေလေ့ရှိ၏။ ရပြန်လျှင်လည်း တင်းမတိမ်နိုင်၊ "ရလေလိုလေ အိုတဏှာ"သာ ဖြစ်၏။ တစ်သက်လုံး အချိန်ရှိသမျှ စု၍ရသော ပစ္စည်းတွေကို "ငါ့ဟာ ငါ့ဟာ"ဟု လွန်စွာစွဲလမ်းစဉ် သေမင်းငင်သောအခါ ပြိတ္တာဘောင်သို့ ထိုဥစ္စာများကပင် ပို့ဆောင်တတ်လေသည်။ လောဘသည် ဤအခြေအနေရောက်အောင် ဆိုးရွားလှချေတကား။

**အလောဘဘုန်းကြီး**

အလောဘကား ဤသို့မဟုတ်။ ဘုန်းကြီးဖြစ်လျှင် ပစ္စည်းကို မခင်မင်။ အဆင်သင့်ရသည်ကို မသာယာ။ ဒကာဒကာမတို့က ကုသိုလ်လိုချင်၍ စွန့်ကြဲလိုက်သော စားလုံးစားပေါက် ကလေးများကို ဈာမ လာဘ်လာဘကြီးဟု ထင်နေကြရာ၌ ဘုရားသားတော်အနေနှင့် စဉ်းစား၍ မကြည့်သေးဘဲ ယောက်ျားကောင်း တစ်ယောက်အနေနှင့် စဉ်းစားကြည့်ရုံမျှဖြင့် ရှက်ဖွယ်ကောင်းလှပြီဟု အယူရှိဟန်တူ၏။ "ယောက်ျားကောင်း" ဟူသည် မိမိကသာ သူတစ်ပါးတို့အား ပေးကမ်းစွန့်ကြဲသင့်သည်ဟု သဘောထားဟန်လက္ခဏာရှိသည်။



ထို့ကြောင့် အလောဘဓာတ်ခံ ရှိသူသည် ဘုန်းကြီးဖြစ်မူ ပစ္စည်းလာဘ်လာဘကို မက်မောခြင်းမရှိ။

**အလောဘလူ**

လူဖြစ်ပြန်လျှင်လည်း မလွဲသာ၍ ပစ္စည်းဥစ္စာကို ရှာနေရသော်ကာမူ မတရားသဖြင့် ရှာဖွေခြင်းမရှိ။ လောကီအာရုံ ကာမဂုဏ်ကိုလည်း လိုက်စားလေ့မရှိ။ ပစ္စည်းရှာရာ၌ ဆင်းရဲသားတို့အပေါ် သနားညှာတာလေ့ ရှိ၏။ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိ၏။ လှူပြန်လျှင်လည်း တွန့်ဆုတ်တွန့်ဆုတ် မဟုတ်။ မုဒ္ဒစာဂီ=လူကောင်းသူကောင်း ပီပီ လွတ်လွတ်ကျွတ်ကျွတ် စွန့်လေ့ရှိ၏။ ရွှေအိမ်ရွှေနန်းကိုသော်မှလည်း ပြတ်ပြတ်တောက်တောက် စွန့်ခွာ၍ ရိပ်သာပင်နန်း ကျောင်းသခ်မ်း၌ ရှင်လန်းမွေ့လျော် စံပျော်နိုင်ကြပေသည်။

ဤသို့လျှင် လောဘသမားနှင့် အလောဘသမားတို့ ကျော့ချင်းကပ်၍ ပြေးကြသကဲ့သို့ သဘောထားချင်း ဝေးလှလေရကား မိမိကိုယ်ကို ပါရမီရှင် သူတော်စင်ဟု အထင်ရောက်နေကြသူတို့သည် ပြခဲ့သော သဘောထားကို စဉ်းစား၍ "လောဘသမားလော၊ အလောဘသမားလော" ဟု စစ်ကြောကြည့်ကြပါကုန်။ လောဘသမား ဖြစ်နေသေးလျှင် ယခုဘဝက အမြန်ပြင်ကြပါ။ အလောဘသမား ဘက်သို့ ပါဝင်နိုင်သူ ဖြစ်က အခြေခံ အတော်ကောင်းပြီးဖြစ်၍ ရှေ့သို့ အဆင့်ဆင့် တိုးတက်ဖို့ရာ အဘက်ဘက်က သတိထားလျက် အလောဘသမား အစစ်ဖြစ်အောင် အားထုတ်ကြပါကုန်။

www.burmeseclassic.com

www.burmeseclassic.com



## အဒေါသအကြောင်း

မခက်ထန် မကြမ်းတမ်းခြင်း သဘောသည် အဒေါသတည်း။ ထို့ကြောင့် "အဒေါသတွက်၊ မခက်မထန်"ဟု ဆိုခဲ့သည်။ ဤ အဒေါသသည်လည်း ဒေါသကို ဆန့်ကျင်ဘက်ပြုကာ ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေနိုင်သော မြေနှင့်တောက်တဲ့ကဲ့သို့ ဖြစ်သည်။ ဒေါသသမားတွေ ကြမ်းတမ်းသလောက် အဒေါသသမားများက ချိုသာသည်။ စိတ်နေသဘောထား အေးမြသဖြင့် သူတစ်ပါးက ဒေါနှင့်မောနှင့် ပြောသည်ကိုပင် သည်းခံခြင်း အအေးဓာတ်ဖြင့် ငြိမ်းစေနိုင်ကြ၏။ စိတ်ဓာတ်သာ အေးသည်မဟုတ်၊ ဒေါသ သမားတို့ မျက်နှာထားတင်းသလောက် အဒေါသသမားတို့၏ မျက်နှာ အနေလည်း ငွေစန္ဒာလမင်းအသွင် ကြည်လင်လှပ၍ ပသာဒရှိ သည့်အပြင် ချိုသာသော စကားအသုံးအနှုန်းတို့ကြောင့် တွေ့ရသူတိုင်း မမုန်းနိုင်အောင် ကျက်သရေကို ဆောင်လျက်ရှိကြပေသည်။ အဒေါသဓာတ်ခံသည် သို့ကလောက်ပင် အကျိုးကြီးမား၏။ တစ်လောကလုံး၏ အနှစ်သက်ဆုံးသော မေတ္တာဟူသည်လည်း ဤအဒေါသပင်ဖြစ်ပေသည်။

[မေတ္တာအကြောင်းကို နောက်၌ တွေ့ရလုပြီ]

### အလောင်းတော်၏ အလောဘ အဒေါသ

ရှေးသရောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် မိဖုရားခေါင်ကြီး နတ်ရွာစံသဖြင့် မိဖုရားငယ် အသစ်မြှောက်ကာ အရွယ်ရောက်သော သားတော် မဟာပဒုမမင်းသားကို အိမ်ရှေ့ထားလေသည်။ အခါတစ်ပါးဝယ် သူပုန်များထ၍ ဘုရင်ကိုယ်တိုင် နှိမ်နင်းရန် ထွက်ခွာသွားစဉ် အိမ်ရှေ့မင်းသားက ထီးနန်းကို စောင့်ရှောက်ရစ်ရလေသည်။ သူပုန်ရန် ငြိမ်းအေး၍ ခမည်းတော်မြို့ဝင်ခါနီး၌ နန်းတော်ကြီးနှင့်တကွ တစ်မြို့လုံး တန်ဆာဆင်ပြီးနောက် အကျိုးအကြောင်း သံတော်ဦးတင်ဖို့ရန် မိထွေးတော်အထံသို့ သွား၍ "ပူဖွယ်ကိစ္စရှိက အမိန့်ပေးပါရန်" သံတော်ဦး တင်လေသော် မင်းသား၏ ရုပ်အဆင်းအင်္ဂါကို စွဲလမ်းရင်းရှိသော မိဖုရားက မင်းသား၏ လက်ကိုဆွဲ၍ သလွန်ပေါ်သို့ တက်ဖို့ရန် ညွှန်ပြလေရာ မင်းသားက ဖယ်ရှားလေသည်။ ၃ ကြိမ် တိုင်အောင် တိုက်တွန်းပါသော်လည်း မင်းသားက ပယ်မြဲပယ်နေလေရာ "ကောင်းပြီ၊ အလိုသို့မလိုက်တဲ့ မင်းသားကို မင်းတရားလာမှ သိစေ့မယ်"ဟု "ငဖယ်လန်က ပြောင်းပြန်" သူကပင် မာန်လိုက်လေသေးသည်။ မင်းသားက "ပြုချင်သလိုသာ ပြုတော့" ဟု ပြော၍ ထွက်သွားသောအခါ သူ့အပြစ်ကို ကာကွယ်ဖို့ရာ သူ့ကိုယ်သူ ကုတ်ဖဲ့၍ တကယ့်ကို မင်းသား၏ အစော်ကားခံရလေအောင် အားငယ်ဟန် ဆောင်နေလေသည်။

ဘုရင်မင်းလည်း မြို့တော်သို့ ရောက်လျှင်ရောက်ချင်းပင် သူ့မိဖုရားကို မမြင်၍ မေးမြန်းရာ မိဖုရား အခြွေအရံတို့က မကျန်းမာကြောင်းကို သံတော်ဦးတင်ကြသဖြင့် မိဖုရားအဆောင်သို့ ကြွရောက် လေသည်။ ထိုအခါ မိဖုရားကလေးက ကုတ်ဖဲ့ထားသော အရာများ ကိုပြလျက် အိမ်ရှေ့မင်းသားက သူ့အားအတင်းကြံပုံ၊ သူက အလိုမပါသောကြောင့် ကုတ်ဖဲ့ပုံပါ (မည်သည့် ဆရာထံမှ နည်းမခံရဘဲ) ဝမ်းတွင်းပါ မိန်းမဉာဏ်ဖြင့် သူကြံထားသမျှ အားလုံးကို ရှိုက်ကြီးတငင် သံတော်ဦးတင်လေသည်။

ထိုအခါဘုရင်သည် လွန်စွာ ရာဇမာန်ရှသဖြင့် "ယောက်ျားထိ



www.burmeseclassic.com

www.burmeseclassic.com



က စားကြည့်” ဟူသော ပြောရိုးစကားနှင့်ညီစွာ ဘာကိုမျှ မစဉ်းစားတော့ဘဲ မင်းသားကို ချက်ချင်းပင် တောင်ထိပ်မှ ပစ်ချရန် အမိန့်ပေးလေသည်။ ထို့နောက် တိုင်းပြည်က ချစ်ကြည်နေသော မင်းသားကို ပြည်သူတို့က အင်အားဖြင့် အတင်းလုမည် စိုးသောကြောင့် အာဏာသားများနှင့်အတူ ကိုယ်တိုင်ထွက်၍ တောင်ထိပ်ပေါ်မှ ပစ်ချလေသည်။ သို့သော် မင်းသား၏ မေတ္တာတန်ခိုးကြောင့် တောင်စောင့်နတ် ကယ်မသဖြင့် အသက်ချမ်းသာရာ ရတော်မူလေသည်။

**ဝတ္ထုမှတ်ချက်**

ဤဝတ္ထုဝယ် မိဖုရားနှင့် မင်းသားတွေ့ခန်း၌ မိဖုရားမှာ တဏှာလောဘစိတ် ပြင်းထန်နေ၏။ မင်းသားမှာ မလိုချင်မှု အလောဘစိတ် ထင်ရှားသည်။ ထို့နောက် မိဖုရား၌ သူ့အပြစ်ကို ကွယ်ကာသော မာယာစိတ်၊ ရှင်ဘုရင်ထံ ကြံဖန်၍ သံတော်ဦးတင်သော မာယာစိတ် (မုသာဝါဒကံ) ဖြစ်၏။ ရှင်ဘုရင်၌ ကြားသည်ကစ၍ တောင်ပေါ်မှ ပစ်ချသည်အထိ ပြင်းပြသော ဒေါသစိတ်များ ဖြစ်နေ၏။ မင်းသား၌ကား မိဖုရားကလေးကို မတပ်မက်သော အလောဘစိတ်၊ မိဖုရားနှင့် ရှင်ဘုရင့်အပေါ်၌ ရန်ငြိုးမထားသော အဒေါသစိတ်၊ သည်းခံနိုင်သော ခန္တီစိတ်၊ မေတ္တာထားနိုင်သော မေတ္တာစိတ်၊ အဒေါသစိတ်များ ဖြစ်သည်။ ဤဝတ္ထု၌ မင်းသားကလေးသည် ဘုရားအလောင်း၊ မိဖုရားကား စိဉ္စမာန ခေါ်သော စိဉ္စမာနဝိကာ အလောင်း၊ ရှင်ဘုရင်ကား ရှင်ဒေဝဒတ်အလောင်းတည်း။

**ကာလဝိပါက် နောက်ပိုးတက်**

ထိုသို့သော ကိစ္စများ ဖြစ်ပျက်ပြီးနောက် မင်းသားကလေးကို နဂါးမင်းဆောင်ယူ၍ နဂါးပြည်၌ တစ်နှစ်စံစေသည်။ ထို့နောက် လူ့ပြည်သို့ပြန်၍ ရသေ့ရဟန်းပြုသောအခါ မုဆိုးနှင့်တွေ့သောကြောင့် ဘုရင့်အထံသို့ သံတော်ဦးတင်လေရာ ရှင်ဘုရင် ထွက်တော်မူလာ၍ အဖြစ်မှန်ကို သိသောအခါ သားတော်ကို ပြန်၍ခေါ်သော်လည်းမရ၊ မိဖုရားကိုလည်း မိမိကိုမှားယွင်းအောင် ပြုသည့်အတွက် စိတ်နာလှသောကြောင့် “ကာလဝိပါက် နောက်ပိုးတက်ရန်” တောင်ထိပ်မှ ပစ်ချသည်ကို မိဖုရားကလေးခံလျက် နတ်ရွာမစံဘဲ တလူးလူးတလဲလဲ နှင့် ငရဲခံရလေသည်။



## အမောဟ (ပညာ) အကြောင်း

အမောဟဟူသည် ဉာဏ်ပညာတည်း။ ထို့ကြောင့် “ပညာ ဉာဏ်မူ၊ အမောဟဟူ၏ ”ဟုဆိုခဲ့သည်။ မောဟက ဖုံးလွှမ်းကွယ်ကာထားသောအရာဟူသမျှကို ဤဉာဏ်ပညာဟု ခေါ်သော အမောဟက မဖုံးကွယ်နိုင်အောင် စွမ်းနိုင်သမျှ ထုတ်ဖော်ပြသဖြင့် အမှန်ကိုသိရလေသည်။ သို့ဖြစ်၍ မောဟနှင့်အမောဟသည် “ခင်ပုတ် နှင့်ကျိုး” ကဲ့သို့ ကမ္ဘာ့ရန်ဘက်ကြီးများပေတည်း။

**ပညာစစ်**

ဤဉာဏ်ပညာသည် ပညာစစ် ပညာတု ဟု နှစ်မျိုး ရှိ၏။ ထိုတွင် ကံ ကံ၏ အကျိုးကို သိတတ်သော ဉာဏ်၊ စာပေကျမ်းဂန်၏ အဓိပ္ပာယ်မှန်ကိုနားလည်သောဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်များနှင့် ဘုရားရှင်၏ သဗ္ဗညုတဉာဏ် တိုင်အောင် အပြစ်ကင်းသော အသိအလိမ္မာ ဉာဏ်ဟူသမျှ ပညာ အစစ်ပင်တည်း။

**ပညာတု**

“ပါးနပ်သူ” ဟု ခေါ်ရသူတို့ သန္တာန်ဝယ် တစ်ဖက်သားကျလောက်အောင် ဟန်ပန်လေသံ ဆောင်တတ်၊ ပြောတတ် ဟော

www.burmeseclassic.com

www.burmeseclassic.com



တတ်သောဉာဏ်၊ အခိုးအဝှက်ဉာဏ်၊ အလှည့်စားဉာဏ်၊ ပရိယာယ်မာယာဉာဏ်များ ရှိ၏။ ထိုဉာဏ်မျိုးသည် ပညာစစ်မဟုတ်၊ လိမ်လည် လှည့်ပတ်တတ်သော “ ဝဉ္စနာ ပညာတု ” ဖြစ်သည်။ [ဝဉ္စနာ = သူတစ်ပါးကို လှည့်စားနိုင်သော + ပညာ= အသိ] ပရမတ္ထ သဘောအားဖြင့် တဏှာပြဋ္ဌာန်းသော အကုသိုလ်တည်း။ ထို့ပြင် သတ်နည်း ဖြတ်နည်း တိုက်ခိုက်နည်း လက်နက်ကောင်းကောင်း လုပ်နည်းများကို နားလည်သော ဉာဏ်များလည်း ရှိသေးသည်။ ထိုဉာဏ် များလည်း ပညာစစ်မဟုတ်၊ နောက်၌ ပြမည့် “ဝိတက်” ခေါ်သောအကြံကောင်းသော အကုသိုလ်သာ ဖြစ်သည်။

သို့သော် ထိုပြခဲ့သော ပညာအတုများသည် ထူထိုင်းဖျင်းအသူတို့မှာ မရှိ၊ ပင်ကိုက ပညာအစစ်အမှန် ဓာတ်ခံပါသူ၊ အတွေ့အကြုံ အကြားအမြင် (ဗဟုသုတ) များသူတို့၌သာ ဖြစ်နိုင်ပေသည်။အစစ်အမှန် ပညာဉာဏ်က ပညာအတုအား ပကတူပနိဿယ ခေါ် ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟု ဆိုလိုသည်။ ထို့ကြောင့် ပင်ကိုက ဉာဏ်ထက်မြက်သူတို့မှာ ကောင်းသောလုပ်ငန်း ကုသိုလ်လမ်း၌ အမြင့်ဆုံးအတန်းသို့ ရောက်အောင် စွမ်းနိုင်ကြသကဲ့သို့ မကောင်းလုပ်ငန်း အကုသိုလ်လမ်း၌လည်း ကမ်းကုန်လမ်းကုန် အစွမ်းကုန် ဆိုးသွမ်းနိုင်ကြလေသည်။

**ဇာတိနှင့်ပညာပဝတ္တိပညာ**

အစစ်ဖြစ်သော ပညာသည် ဇာတိပညာ-ပဝတ္တိ ဟု ၂ မျိုး ရှိ၏ ။ ပဋိသန္ဓေတည်နေစဉ်ကပင် အလောဘ၊ အဒေါသ၊ အမောဟ ၃ မျိုး ပါလာသူကို “ တိဟိတ် ပုဂ္ဂိုလ်” ဟုခေါ်သည်။ “ပဋိသန္ဓေစိတ်မှာ အလောဘ စသော ဟိတ် ၃ ပါး ရှိသူ”ဟု ဆိုလိုသည်။ ထို တိဟိတ်ပုဂ္ဂိုလ်၏ အမောဟ ခေါ် ပညာသည် ဇာတိ



ပညာ (ဝမ်းတွင်းပါပညာ) တည်း။ ထိုဇာတိ ပညာပါသူသည် ကလေးဘဝကပင် ပြောပြ၍ နားလည်လွယ်၏။ တောင်တောင် ဤဤ ကြံစည်တတ် တွေးတောစဉ်းစားတတ်၏။

ပဋိသန္ဓေပညာ မပါခဲ့ဘဲ ပဝတ္တိအခါကျမှ (ဖွားမြင်လာမှ) မိကောင်းဖကောင်းတို့ သင်ပြခြင်း၊ အရွယ်ရောက်၍ စာပေသင်ခြင်း၊ ကြီးရင့်သည့်အခါ ပညာရှိထံ မေးမြန်းလေ့ စုံစမ်းလေ့ရှိခြင်း၊ ဗဟုသုတ ရှာမှီးခြင်း စသည်တို့ကြောင့် တတ်သိနားလည်လာသော ပညာသည် ပဝတ္တိပညာမည်၏။ ထို့ကြောင့် ဇာတိပညာမပါသူသည် ပဝတ္တိပညာဖြစ်အောင် ထူထောင်နိုင်သေး၏။ ဇာတိပညာ ပါလာသည့်အပြင် (ပြခဲ့သောနည်းဖြင့်) ပဝတ္တိပညာကိုလည်း ရပြန်ပါမူ အထက်တန်း ရောက်သူတို့တွင် ပါဝင်နိုင်သည်။

**ဇာတိပညာရှိအောင် ပျိုးထောင်နည်း**

ပဋိသန္ဓေက ဉာဏ်ဓာတ်ပါလာခြင်းသည် လောကီ၌သာ အကျိုးများသည် မဟုတ်သေး။ တရားအားထုတ်ရာ၌လည်း အကျိုးများ၏။ ပဋိသန္ဓေ ပညာရှိသူသာ တရားအားထုတ်၍ ပေါက်နိုင်၏။ ထို့ကြောင့် ဖြစ်လေရာဘဝတို့၌ ပဋိသန္ဓေပါ ပညာရှိဖြစ်အောင် ယခုဘဝကပင် ထူထောင်သင့်ကြသည်။ ထူထောင်နည်း တချို့ကား-

ပထမဆုံး အသိအလိမ္မာ ဉာဏ်ပညာ ထက်မြက်သူ ဖြစ်ချင်ရမည်။ ထိုသို့ ဖြစ်ချင်သည့်အတိုင်းလည်း အသိအလိမ္မာ ဉာဏ်ပညာ တိုးပွားအောင် ရေးသားအပ်သော ကျမ်းစာတို့ကို စိတ်ပါလက်ပါ ကြည့်ရှုရမည်။ ပညာရှိနှင့် ဆက်ဆံ၍ ထိုသူ့အထံမှ အကြံဉာဏ်ကောင်းများကို မေးမြန်းမှတ်သားရမည်။ ဤမျှလောက် ကြိုးစားလျှင်ပင် ပဝတ္တိဉာဏ် တိုးပွား၍ အရာရာ၌ စဉ်းစားတတ်သူ ဖြစ်လာပါလိမ့်မည်။ ထိုအခါ နောင် သံသရာအတွက် ဉာဏ်ပညာ အထုံပါလောက်ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အားမရသင့်သေးပါ။

ဉာဏ်ပညာ ပွင့်လင်းအောင် အဝတ်အစား အိပ်ရာနေရာမှ စ၍ တစ်ကိုယ်လုံး အမြဲသန့်သန့်ရှင်းရှင်း ရှိစေရမည်။ ဒါနစသော ကုသိုလ်ပြုတိုင်း "ဉာဏ်ပညာ ထက်မြက်သူဖြစ်ရပါလို၏"ဟု စိတ်ကလည်း ညွတ်ရမည်။ နှုတ်ကလည်း ရွတ်ဆိုဆုတောင်းရမည်။ ရဟန်းသံဃာ လူ့ဒါန်းရာ၌လည်း "စာပေကို သင်ယူနိုင်၊ ပို့ချရေးသား နိုင်ပါစေ"ဟု စိတ်စေတနာ ဖြစ်စေရမည်။ တတ်နိုင်ပါမူ စာသင် ကျောင်းတိုက် တည်ထောင်၍ စာပို့ချနိုင်သော ပုဂ္ဂိုလ်ကို ကိုးကွယ်ကာ စာပို့ချနိုင်အောင်လည်း ထောက်ပံ့ရမည်။

လူစာသင်ကျောင်းများကိုလည်း ထောက်ပံ့ရမည်။ တိုင်းသူ ပြည်သားတို့ ပညာတိုးပွားအောင် ကူညီရမည်။ မိမိတတ်သိသမျှ ကို သူတစ်ပါးအား ပြောပြချင်စိတ်၊ နားလည်စေချင်စိတ် ရှိရမည်။ ဤသို့ စသည်ဖြင့် ပညာဘက်၌ စိတ်ထက်သန်သူသည် ဘဝ သံသရာဝယ် ကြီးကျယ်သော ပညာရှင် ဖြစ်နိုင်ပါသည်။ ဤကား နောက်ဘဝ အဆက်ဆက်၌ ဇာတိပညာ (ဝမ်းတွင်းပါပညာရှိ) ဖြစ်အောင် ပျိုးထောင်နည်းပေတည်း။

**သဒ္ဓါနှင့်ပညာ ကွာခြားပုံ**

သဒ္ဓါ၏ သဘောတရားကား စွန့်ကြဲပေးကမ်း လှူဒါန်းရ လျှင်ပြီးရော၊ နောင်သံသရာမှာ ချမ်းချမ်းသာသာ ဖြစ်ဖို့ရာ အရေးကြီး ၏။ အမျိုးဘာသာ သာသနာ ကြီးပွားရေးကို လေးလေးနက်နက် သတိမထားတတ်။ ပညာ၏ သဘောကား အမျိုးဘာသာ သာသနာ ပညာရေးကို လေးလေးနက်နက် စဉ်းစားပြီးလျှင် အကျိုးရှိလောက်မှ လှူသည်။ အကြောင်းကောင်းလျှင် အကျိုးကောင်းမည်ဟု (ကံ-ကံ၏အကျိုး) ယုံကြည်ပြီးဖြစ်၍ နောက်ဘဝ၌ အကျိုးရဖို့ အရေးကို အထူးတလည် တွေးမနေတော့ပြီ။



ဤသို့လျှင် သဒ္ဓါနှင့် ပညာသည် အခြေတည်က စ၍ပင် ကွာခြားချင်တိုင်း ကွာလာသည်။ မြန်မာနိုင်ငံကို သဒ္ဓါမျက်စိ၊ ပညာ မျက်စိဖြင့် တစ်မျိုးစီ ကြည့်ကြပေလိမ့်မည်။ သို့ရာတွင် အစုံကြည့်ခြင်း မဟုတ်ဘဲ တစ်ဖက်စီခွဲ၍ အလွန်အကဲ ကြည့်ခြင်းကား သဒ္ဓါလည်းမကောင်း၊ ပညာလည်းမကောင်းပင်။ နှစ်ဖက်စုံ ကြည့်တတ် မှသာ ကောင်းပါသည်။ "သဒ္ဓါလွန်တော့ တဏှာ၊ ပညာလွန်တော့ မာယာ" ဟု ကျမ်းလာဆိုရိုး ရှိပါသည်။

အမှာ။ သဒ္ဓါမျက်စိ ပညာမျက်စိဖြင့် တစ်ဖက်စီ ကြည့်ကြပုံ၊ ၂ ဖက်စုံ ကြည့်ကြပုံကို စုံစုံလင်လင်ရေးရလျှင် ကျမ်းစာ တစ်စောင်ဖြစ်အောင် ရေးမှသာ လုံလောက်ဖွယ် ရှိသော ကြောင့် ဤနေရာ၌ မရေးဘဲ လျစ်လျူရှုရတော့မည်။

**တိုက်တွန်းချက်**

အို၊ အမျိုးသားတို့ အသိအလိမ္မာ ဉာဏ်ပညာဟူသည် အစစ်ဖြစ်စေ၊ အတုဖြစ်စေ မိမိ၌ ဓာတ်ခံရှိဖို့ အရေးကြီးလှပေသည်။ လူတို့ အသက်ရှင်ဖို့ အရေး၌ နှလုံးသည်းပွတ်သည် အရေးအကြီးဆုံး ဖြစ်သကဲ့သို့ လောကသံသရာနှစ်ဖြာ ကြီးပွားရေး၌လည်း ဉာဏ်ပညာ သည် အရေးအကြီးဆုံး နှလုံးသည်းပွတ်ပင် ဖြစ်၏။ ဒါန သီလ စသော ပါရမီအားလုံး၏ အကျိုးကို ဉာဏ်ပညာရှိသူ သာ အဆုံးတိုင် သိနိုင်၍ ဉာဏ်ပညာကြောင့်သာ ထိုပါရမီများ ပြည့်ဝကြပေသည်။

လောက၌လည်း အိမ်တွင်းရေး ငြိမ်းချမ်းမှုသည် သမီးခင်ပွန်း ၂ ယောက်၏ အသိအလိမ္မာ ဉာဏ်ပညာ အပေါ်မှာ တည်သည် မဟုတ်လော။ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကြီးပွားရေးတို့၌ လည်း ဉာဏ်ပညာရှိမှ ဝီရိယ အကျိုး နားလည်၍ လုံ့လစိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



သာသာယာယာ ရှိစေနိုင်သည်။ ပရိသတ် ဗိုလ်ပုံတို့၏ အလယ်မှာလည်း "ပညာရဲရင့်သူတို့သာ ပွဲလယ်တင့်" နိုင်ကြသည်။ ဘူးလုံးနားမထွင်း အဖျင်း အအ ပညာပိုင်းက အောက်တန်းကျနေသူတို့မှာ စည်းစိမ်ရှင်ပင် ဖြစ်သော်လည်း အထက်တန်းသို့ မတက်လှမ်းနိုင်ကြပါ။

ကမ္ဘာကို လွှမ်းမိုး၍ အုပ်စိုးနိုင်သော သတ္တိမှာ ဤပညာအရည်အချင်းသာတည်း။ ခေနရှင်တို့မှာ ထိုပညာရှင်တို့ကို ကူညီကြသဖြင့် ကြီးပွားရေး၌ ဝေစုရသူများသာ ဖြစ်လေသည်။ အသေးအဖွဲ့ရန်ပွဲကလေးမှစ၍ တိုင်းနိုင်ငံချင်း စစ်ခင်းသည်အထိ ပညာရှိတို့ဘက်က အောင်ပွဲရစမြဲဖြစ်သည်။ စတုမ္မ ဇာတ်တော်၌ ဂင်္ဂါမြစ်အတွင်းသူ့နယ်ဖြစ်သော စစ်တလင်းမှာပင် အလောင်းတော် မျောက်မင်းက ဝဠ္ဍနာပညာဖြင့် လှည့်စား၍ မိကျောင်းကို အနိုင်ရခဲ့ဖူးလေသည်။ [ဤဝတ္ထု၌ လှည့်စားတတ်သော ဉာဏ်သည် ပညာအတုသာဖြစ်၏။ သို့သော် လောကီကြီးပွားရေး၌ ဤပညာအတုလည်း များစွာအသုံးကျသည်ပင်။]

မဟော်သဓာ ဇာတ်တော်၌လည်း မရေမတွက်နိုင်လောက်အောင် မြားမြောင်လှစွာသော စစ်တပ်တို့ဖြင့် ချဉ်းကပ်လာသော ကေဝဋ္ဋပုဏ္ဏားနှင့် စူဠနီမင်းကို အလောင်းတော်၏ ပညာအစွမ်းဖြင့် ကျီးခြောက်သလို ခြောက်လှန့်၍ ခံ့ခံ့ကြီး အောင်ပွဲဆင်ခဲ့ရပေသည်။ ပညာဘက်၌ အလိုက်အစားနည်းခဲ့သော ဤမြန်မာနိုင်ငံကိုလည်း ရေနံတွင်း ကျောက်တွင်းနှင့် သစ်တောများကို သွားရည်ယိုသော ဝဠ္ဍနာပညာရှင်တို့က သူငယ်နှပ်စားကလေးကို လှည့်စားသလို သိမ်းယူသွားသည်မှာ သူတို့၏ ပညာစွမ်းပင်ဖြစ်လေသည်။



ယခုအချိန်တိုင်အောင် ကုသန်းရောင်းဝယ်မှု၌ ဉာဏ်မျက်စိစူးရှသော နိုင်ငံခြားသားတို့က ငါတို့ အမျိုးသား အမျိုးသမီးတွေကို ကလေးလို သဘောထား၍ ပစ္စည်းရော လူပါ အညွန့်ရူးချင်တိုင်းရူးနေကြသည့်အပြင် အောက်တန်းစားဟု ထင်ရသော နိုင်ငံခြားသားလက်လီ ကုန်သည်လေးများကလည်း ထထကြွကြွ ဝီရိယဖြင့် စားပေါက်စားလမ်းကို အစွမ်းကုန် နှိုက်နေကြသည်။ ငါတို့ အမျိုးသားတွေက "ဖိုးသူတော် ကျပ်တစ်လုံးနှင့် ညောင်ပင်ကုန်းမှာ အိပ်ပျော်နေကြတုန်းပင်"။

အို... အမျိုးသားတို့ ပညာတတ်နည်းပါးသော နိုင်ငံဟူသမျှသည် အဘက်ဘက်က အောက်တန်းကျရမည်မှာ ဗေဒင်မေးနေစရာမလိုတော့ပါ။ အမျိုးကို ချစ်ခင်ကြသော ကျောင်းဆရာကြီးများကလည်း စွမ်းနိုင်သမျှ နည်းကောင်းလမ်းမှန်များကို ညွှန်ပြကြပါ။ ကျောင်းသူကျောင်းသားတို့ကလည်း စိတ်ပါလက်ပါ ကြိုးစားကြပါ။ ခေနရှင်လူကြီးလူကောင်းနှင့် သံဃာတော် အပေါင်းကလည်း ပညာရေးတိုးတက်အောင် အဘက်ဘက်က အားပေးကြပါ။ ဤသို့ တစ်နိုင်ငံလုံးကြိုးစားမှသာ ယခုဘဝ၌ နာလန်ထူပြီးလျှင် သံသရာ အဆက်ဆက်လည်း ထက်မြက်သော ဇာတိပညာရှင်များ ဖြစ်နိုင်ကြပါလိမ့်မည်။

## မေတ္တာအကြောင်း

"မေတ္တာ" ဟူသော အမည်နာမဖြင့် စေတသိက် သီးခြားမရှိချေ။ ရှေ့၌ ပြခဲ့သော အဒေါသ– စေတသိက်ကိုပင် သတ္တဝါများ၏ စီးပွားချမ်းသာ လိုလားချစ်ခင်ရာ၌ "မေတ္တာ" ဟု ခေါ်ဝေါ်ရပေသည်။ ထို့ကြောင့် "မှတ်ယူချစ်ငြား–မေတ္တာပွား၍" ဟု ဆိုခဲ့သည်။ သို့ဖြစ်၍ တစ်ယောက်ယောက် အပေါ်ဝယ် သူ၏ အကျိုးစီးပွားကို လိုလားသော

www.burmeseclassic.com

www.burmeseclassic.com



(ကြီးပွားအောင် စောင့်ရှောက်ကူညီလိုသော) ချစ်ခင်မှုကို မေတ္တာဟု မှတ်ပါ။

**မေတ္တာအတု**

ဆွေချစ် မျိုးချစ် သမီးခင်ပွန်းချစ်စသော အချစ်များလည်း တစ်ယောက်အကျိုး တစ်ယောက်က လိုလားကြ၊ ကူညီစောင့်ရှောက်လို ထောက်ပံ့လိုကြ၏။ ထိုကဲ့သို့ ချစ်နေသူအပေါ်၌ "မေတ္တာရှိသည်" ဟုလည်း ပြောဆိုကြသည်။ သို့သော် ထိုအချစ်မျိုးမှာ မေတ္တာအစစ် မဟုတ်၊ လောဘခန်း၌ ပြခဲ့သော "ဂေဟာဿိတ ပေမ= အိမ်၌မှီသော အချစ်" တည်း။

ရှေးတုန်းက ဒါယကာတစ်ယောက်သည် "မေတ္တာပွားသော အခါ မည်သူကစ၍ ပွားများရပါသနည်း" ဟု သူ၏ ဆရာ့အထံ လျှောက်လေရာ၊ ဆရာက "မေတ္တာအရှိဆုံးသူကစ၍ ပွားများရမည်" ဟု မိန့်သဖြင့် ညဥ့်အခါ အိပ်ခန်းအပြင်ဘက်၌ ထိုင်၍ သူ၏ ဇနီးကို ရည်မှန်းလျက် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းလေလျှင် ဇနီးအပေါ်၌ ချစ်ခင်မှု တိုးလာရကား ချက်ချင်းထ၍ ဇနီးအထံ သွားလေသည်။ သို့သော် အတွင်းကမင်းတုပ်ထိုးထားသဖြင့် ဝင်ခွင့် မရသောကြောင့် နံရံကို ဦးခေါင်းဖြင့် ဝှေ့ကာ မေတ္တာ၏ အကျိုးကို ခံစားနေရရှာသတဲ့။ ထို့ကြောင့် ထိုအချစ်မျိုးကို "ဂေဟာဿိတပေမ" ဟု မှတ်ရမည်။

**နွားမကြီး၏ မေတ္တာ**

ထိုတဏှာပေမမျိုးဖြင့် ချစ်ခင်နေသူ၏ အပေါ်မှာ "မည်သည့် အခါမျှ မေတ္တာအစစ် ကုသိုလ်စိတ်မဖြစ်နိုင်" ဟု မဆိုထိုက်ပါ။ မကြာမကြာ မေတ္တာအစစ် ကုသိုလ်ဖြစ်သောအခါလည်း ရှိနိုင်ပါသည်။ ရှေးသောအခါ မိခင်နွားမကြီးသည် မေတ္တာအစစ်ဖြင့် သားငယ် နွားကလေးကို နို့ချိုတိုက်ကျွေးနေစဉ် မုဆိုးက လှံဖြင့် ထိုးသတ်လေရာ



မေတ္တာ တန်ခိုးကြောင့် လှံမစူးဘဲ ထန်းရွက်ကဲ့သို့ ပျော့ကျသွားလေ သတဲ့။ ဤသို့လျှင် ဆွေမျိုးဉာတိ သားအမိ ဇနီးမောင်နှံတို့၏ အတွင်းမှာလည်း အချင်းချင်း မေတ္တာအစစ်များ ဖြစ်နိုင်ကြပေသည်။

**သာမာဝတီ၏ မေတ္တာ**

ကောသမ္ဗီပြည် ဥတေနမင်းဝယ် သာမာဝတီ၊ မာဂဏ္ဍီ၊ ဝါသုလဒတ္တာဒေဝီ ဟု မိဖုရား ၃ ယောက်ရှိသည်။ သာမာဝတီသည် ရတနာသုံးပါးကို ကြည်ညို၏။ မာဂဏ္ဍီကား မိဖုရားမဖြစ်ခင် အပျိုစင်ဘဝကပင် ဘုရားရှင်အပေါ်မှာ ရန်ငြိုးထားခဲ့သော ပုထုဇ္ဇနမ ကလေးတည်း။ ထို့ကြောင့် မာဂဏ္ဍီသည် သာမာဝတီအပေါ် အမြဲအပြစ်ရှာ၏။ သာမာဝတီကား မေတ္တာတရား အထူးပွားများ နေသူဖြစ်သည်။ ဥတေနမင်းသည် မိဖုရား ၃ ယောက်တို့၏ အဆောင်ဝယ် တစ်လှည့်စီစံစားကာ စောင်းတီးဝါသနာပါသော ဘုရင်တစ်ဦးတည်း။

အခါတစ်ပါး၌ သာမာဝတီ အထံ အဆောင်တော်ကူးရန် နီးလေသော် မာဂဏ္ဍီသည် သူ၏ ဘထွေးထံ အဆိပ်ပြင်းသော မြွေကိုမှာ၍ အဆိပ်ကို ဖြေစေလျက် စောင်းခွက်အတွင်းသို့ သွင်းထားလေသည်။ ထို့နောက် အပေါက်ကို ပန်းကုံးဖြင့် ပိတ်ဆို့ ထားပြီးမှ ဘုရင့်ထံသွား၍ အိပ်မက်ရာမက် မကောင်းသောကြောင့် သာမာဝတီအဆောင် မကူးဖို့ရန် မိန်းမတို့ ပင်ကိုဉာဏ်ဖြင့် သံတော်ဦး တင်လေသော် ဘုရင်က ဂရုမစိုက်ဘဲ သာမာဝတီ၏ အဆောင်သို့ ကူးသွားလေရာ၊ စိတ်မချသည့်ဟန်ဖြင့် နောက်က အတင်းလိုက်သွား လေသည်။

အဆောင်တော်ရောက်၍ ဆက်သသော ပွဲတော်ကို တည်ပြီး နောက် သလွန်ပေါ်၌ လျောင်းသည့်အခါ မယောင်မလည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သူပိတ်ဆို့ထားသော ပန်းကုံးကို နုတ်လိုက်လေသည်။ ထိုအခါ ထည့်ထားသော မြွေသည် အလွန်စိတ်ဆိုးနေရကား ရှူးခနဲထွက်ခါ ဘုရင့်ဦးခေါင်း အနီးသို့ ရောက်လာလေသော် အလွန်ထိတ်လန့်စိုးရိမ်ဟန်ဖြင့် ရှင်ဘုရင်ကိုပြ၍ သာမာဝတီနှင့် မောင်းမတစ်စုကို ကြိမ်းမောင်းပြီးလျှင် ရှင်ဘုရင်လည်း သူ့စကားကို နားမထောင်သဖြင့် ယခုလိုဖြစ်ရသည်ဟု အပြစ်တင် လေသည်။

ဥတေနမင်းကား မာဂဏ္ဍီစီစဉ်သမျှကို လုံးဝနားမလည်ခြင်းကြောင့် လွန်စွာ ထိတ်လန့်၍ ရာဇမာန်ရှလေရကား "မင်းတို့ မျက်စောင်း အကြောင်းမရှေး" တော့ဘဲ ကိုင်နေကျ လေးကိုတင်ကာ သာမာဝတီတို့ အစုကို စီတန်းစေလျက် ပစ်ဖို့ရန် ကြိမ်းဝါးနေတုန်းမှာပင် သူတော်စင် ထိပ်ထားလေးက သူ၏ မောင်းမမိဿံများကို ဩဝါဒ ပေးသည်မှာ

"အမိတို့ .....မောင်တော်မင်းမြတ်နှင့် မာဂဏ္ဍီတို့အပေါ်မှာ အနည်းငယ်မျှ စိတ်မကွက်ကြနဲ့နော်။ ယခုလို အခါမျိုးမှာ မေတ္တာမှတစ်ပါး အားကိုးစရာ မရှိပေဘူး။ အမိတို့ ပွားများနေကျ ဖြစ်သော မေတ္တာကိုသာ မောင်တော်နှင့် မာဂဏ္ဍီတို့အပေါ်မှာ ကြိုးစား၍ ပွားများကြပါ"

ဤသို့ တိုက်တွန်းလေလျှင် ပင်ကို ယဉ်ကျေးပြီးသော မောင်းမများဖြစ်သည့်အတွက် နိုးကပ်သော အသက်ဘေးကို အရေးတကြီး မစဉ်းစားဘဲ မေတ္တာကိုသာ ပွားကြလေသည်။ ဥတေနမင်းကား အမျက်မပြေနိုင်သေးသဖြင့် ချိန်ရွယ်ထားသော မြားကို တစ်အားကုန် လွှတ်လိုက်လေရာ မေတ္တာတန်ခိုးကြောင့် မြားအရှိန် ရှေ့မတိုးဘဲ စစ်သူ့အထံမြားပြန်၍ ခ,လေသော် ဥတေနမင်း သတိရ၍ မိဖုရားခြေရင်း၌ထိုင်ကာ သည်းခံဖို့ရန် တောင်းပန်ရှာလေသည်။



**ဝတ္ထုမှတ်ချက်**

မာဂဏ္ဍီမှာ သာမာဝတီ၏ အပေါ်၌ ကိုယ့်ထက်သာ၍ မနာလိုသော ဣဿာစိတ်၊ ပရိယာယ်ဉာဏ်ဆင်ရသော မာယာစိတ်၊ သေစေလိုသော ဒေါသစိတ်များဖြစ်၏။ ဥတေနမင်း၌ မြွေကို မြင်ရသည်ကစ၍ ဒေါသစိတ်မွန်ကာ မြားပြန်လာသော အခါကျမှ လွန်စွာ ကြောက်ရွံ့သော ဒေါသ ဒေါမနဿစိတ်များ ဖြစ်ရပြန်သည်။ မောင်းမအများနှင့်တကွ သာမာဝတီထိပ်ထားကား ရန်သူ့အပေါ်၌ပင် မေတ္တာစိတ် ထားနိုင်ပေသည်။

**နည်းယူဖွယ်**

ယခုကာလ သူတော်ကောင်း အမြင့်တန်းကို မှန်းထားရှင်းရှိသူများမှာလည်း သာမာဝတီ ထိပ်ထား၏ ထုံးကို နှလုံးသွင်းလျက် မိမိအပေါ်မှာ မတော်မတရား ဣဿာမစ္ဆရိယများ သူများကိုပင် အတုံ့ပြန်၍ ရန်မမူမိစေဘဲ မိမိစိတ်ကိုသာ ကောင်းသည်ထက် ကောင်းအောင် ပြုပြင်ကြပါ။ အကျိုးဆောင်ခွင့် ကြုံလာလျှင် မိမိတို့ မလိုလားသူ၏အကျိုးကိုပင် စိတ်ပါလက်ပါဆောင်လျက် အဖိုးတန်လှစွာသော မေတ္တာလက်နက်ကို အချက်ကျကျ သုံးစွဲသင့်ပါသည်။ ထိုသို့ သုံးစွဲနိုင်မှသာလျှင် ပါရမီရှင်ဟု ထင်မြင်နိုင်ပါသည်။ [ မေတ္တာသည် ရေနှင့်တူ၏။ ဒေါသသည် မီးနှင့်တူ၏။ ရေများလေ မီးငြိမ်းလေ။ ထို့ကြောင့် ဒေါသနည်းအောင် မေတ္တာတိုးပွားဖို့ ကြိုးစားသင့်ကြပါသည်။]

## ကရုဏာအကြောင်း

ဆင်းရဲသော "ဒုက္ခိတသတ္တဝါ" များကို မြင်ရ ကြားရသော အခါ ဖြစ်ပေါ်လာသော သနားကြင်နာမှုကို "ကရုဏာ" ဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သည်။ ထို့ကြောင့် “သနားကရုဏာ” ဟု ဆိုခဲ့သည်။ ထိုသို့ ကရုဏာ အစစ်ဖြစ်သောအခါ ထိုဒုက္ခိတသတ္တဝါကို ကယ်ဆယ်လို၏။ သူ၏ ဆင်းရဲမှုကို သက်သာနိုင်သမျှ သက်သာအောင် စောင့်ရှောက်လို၏။ ကူညီထောက်ပံ့လို၏။ ထိုသို့ မကူညီနိုင်လျှင် များစွာ စိတ်ထိခိုက်၏။ ရင်ထဲမှာ ပူလောင်သလို ဖြစ်၏။ ဤသို့ စိတ်ကို ထိခိုက်ခြင်းကား ကရုဏာအစစ်မဟုတ်ပါ။ ကရုဏာအရင်းခံ၍ သူတော်ကောင်း သန္တာန်မှာ ဖြစ်တတ်သော ဒေါမနဿ အကုသိုလ်ကလေးမျှသာ ဖြစ်သည်။ ဤအကုသိုလ်ကလေးကား ယုတ်မာဆိုးရွားလှသည်မဟုတ်ပါ။ ဒုက္ခိတသတ္တဝါကို မြင်လျှင် သူတော်စင်တို့ သန္တာန်၌ ဖြစ်လေ့ရှိသော သဘောထုံးစံပင်တည်း။

**ကရုဏာအတု**

တစ်ခါတစ်ရံ မိမိနှင့်သက်ဆိုင်သူများ ဆင်းရဲသည်ကို မြင်ရကြားရ၍ ကရုဏာအစစ်သဖွယ် ကယ်ဆယ်ချင်သော သဘောများ ဖြစ်၏။ ထိုအခါ ကရုဏာအစစ် လိုလိုနှင့် သောကဖြစ်တတ်လေသည်။ ကရုဏာအစစ်သည် သနားကြင်နာသော်လည်း စိတ်ကို မပူပန်စေတတ်။ ကရုဏာအတုကား ပူပူပန်ပန် ရှိလေသည်။

**ပုဂ္ဂိုလ်ထူးများ၏ စိတ်ထား**

သူတော်ကောင်းအခေါ်ခံသူ ယခုလူတို့တွင် တကယ်သနားစရာ ဒုက္ခိတသတ္တဝါကို မြင်ရမှသာ ကရုဏာ ဖြစ်နိုင်ကြ၍၊ တကယ်ချစ်စရာ ဆွေမျိုးဉာတိ စသူတို့အပေါ်၌သာ မေတ္တာဖြစ်နိုင် ကြ၏။ အထက်တန်း ပါရမီကို ဖြည့်တော်မူကြသော အလောင်းအလျာ နှင့် ပါရမီရင့်ပြီး သူတော်ကောင်းကြီးတို့ကား (မိမိ၏ သားသမီးကလေး များ ဆင်းရဲနေသောအခါ မိဘတို့၌ ပြင်းပြစွာ ကရုဏာ ဖြစ်သကဲ့သို့) သတ္တဝါဟူသမျှတို့ အပေါ်တွင် မတော်တဆ ကျရောက်မည့် အပါယ်



ဘေး၊ ဝဋ်ဆင်းရဲဘေးတို့ကို မြော်တွေးတော်မူကာ ကရုဏာသက်တော်မူကြသည်။ (ချစ်စရာမကောင်းသော သားကလေးကိုပင် မိဘ၏ မေတ္တာက အလျှော့မပေးဘဲ လေးလေးပင်ပင် ချစ်ခင်သကဲ့သို့) သတ္တဝါအားလုံးကိုလည်း သိမ်းကျုံး၍ ချစ်ခင်သော မေတ္တာစွမ်းဖြင့် လွှမ်းစွာ ချစ်ကြည်တော်မူကြပေသည်။

ထိုကဲ့သို့ ဖြူစင်မြင့်မြတ်သော မေတ္တာ ကရုဏာ မာတ်ခံသည် ပါရမီတော် ဖြည့်စဉ်ကပင် ကိုယ်တော့်သန္တာန်၌ အနှစ်တည်ကာ အမြတ်ဆုံးအလား ကြီးမားခိုင်ခံ့စွာ ပါလာခြင်းကြောင့် ဘုရားဖြစ်တော်မူ ခါနီး၌ အကြီးအကျယ် နှောင့်ယှက် လာသော မာရ်နတ်အပေါ်ဝယ် မပြယ်သောမေတ္တာဖြင့် ရှုစားတော်မူနိုင်သည့်အပြင် အသက်ကို ရန်ရှာနေသော ရှင်ဒေဝဒတ်အပေါ်မှာပင် ကရုဏာ သက်တော်မူ နိုင်ပေသည်။ ထို့ကြောင့် ယခုအခါ သူတော်စင် ဖြစ်လိုသူတိုင်း အလောင်းတော်၏ စိတ်ထားပုံကို အတုယူကာ “သူတော်မှ ငါကောင်းမည်” ဟု သဘောမထားကြဘဲ “သူ တော်တော်မတော်တော် ငါတော်မည်” ဟု အဓိဋ္ဌာန်ပြုလျက် မည်သူ့အပေါ်ဖြစ်ဖြစ် မေတ္တာစစ် ကရုဏာစစ်ဖြစ်အောင် သတိထားနိုင်ကြပါ စေသတည်း။

## မုဒိတာအကြောင်း

ပြည့်စုံ ကြွယ်ဝ ချမ်းသာသူများကို မြင်ရကြားရသောအခါ ဝမ်းမြောက် ခြင်းသဘောတရားသည် မုဒိတာတည်း။ ထို့ကြောင့် “ဝမ်းသာ–မုဒိ” ဟု ဆိုခဲ့ပေသည်။ ချဲ့ဦးအံ့– ဥစ္စာစည်းစိမ် ဂုဏ်သိန်ဘက် ဖြစ်စေ၊ အမျိုးအဆွေ၊ အဆင်း၊ ကျန်းမာခြင်း၊ ပညာတတ်ခြင်း စသည်တို့တွင် တစ်မျိုးမျိုးဘက်က ဖြစ်စေ သမ္ပတ္တိ ဆိုက်နေသူကို မြင်ရ ကြားရသောအခါ အဘိဇ္ဈာ လူသတ္တ အားကြီးသူ တို့၌ မတရားလိုချင်မှု၊ မနာလိုမှု၊ မစားရသည့်အမဲ သဲနှင့်ပက်လိုမှု

www.burmeseclassic.com

www.burmeseclassic.com



စသော အယုတ်တမာတရားတွေ ဖြစ်တတ်သော်လည်း စိတ်ထား ဖြူလွှင် သူတော်စင်တို့၌ကား "တော်ပါပေတယ်၊ တော်ပါပေတယ်၊ သာဓု သာဓု၊ ရှေးကောင်းမှုကြောင့် ယခုလို ချမ်းသာတာပါပဲ" ဟု မုဒိတာ အစစ်ဖြစ်နိုင်ကြပေသည်။

**မုဒိတာအတု**

တစ်ရံတစ်ခါ၌ကား မိမိနှင့်စပ်သူတို့ သမ္ပတ္တိ ဆိုက်နေသည်ကို မြင်ရ၍ ဝမ်းသာအားရ ဖြစ်တတ်ကြသည်။ ထိုအဖြစ်ကား မုဒိတာနှင့် ဆင်တူရိုးမှား တဏှာလောဘ မကင်းသော နှစ်သက်ခြင်း ပီတိ–သောမနဿများတည်း။ နှစ်သက်ရုံတွင် သာမက အလွန်အမင်း အားရလှ၍ မျက်ရည်ပင် ကျလာတတ်ပါသေးသည်။ ဤကဲ့သို့ ဖြစ်ခြင်းကို "မုဒိတာအတု" ဟု မှတ်ပါ။ သို့သော် ထိုသို့ ဖြစ်တိုင်းလည်း မုဒိတာ အစစ်မဟုတ်ဟု မဆိုလို။ အခါများစွာပင် မုဒိတာ အစစ်လည်း ဖြစ်ပါပေလိမ့်မည်။

## ဥပေက္ခာအကြောင်း

သတ္တဝါတို့အပေါ်၌ လျစ်လျူရှုခြင်းသဘောသည် ဥပေက္ခာတည်း။ ထို့ကြောင့် "ရှုသ်ည်လျစ်လျူ ပေက္ခပြုလော့" ဟု ဆိုခဲ့သည်။ (ဤဥပေက္ခာကို အဘိဓမ္မာကျမ်းများ၌ "တတြမဇ္ဈတ္တတာစေတသိက်" ဟု ခေါ်သည်။) လျစ်လျူရှု ဟူသည် မေတ္တာကဲ့သို့ ချစ်လည်းမချစ်၊ ကရုဏာကဲ့သို့ သနားလည်းမသနား၊ မုဒိတာကဲ့သို့ ဝမ်းလည်းမမြောက်၊ ဒေါသကဲ့သို့ မုန်းလည်းမမုန်းဘဲ "မကောင်းလည်း သူ့ကံ၊ ကောင်းလည်း သူ့ကံ" ဟု ကမ္မဿကတာ ချထားခြင်းတည်း။ [ကမ္မ= မိမိပြုအပ်သော ကံသာ + သက = မိမိဥစ္စာဖြစ်သည်" ဟု သဘောထားခြင်း]



ယခုကာလ၌ ပြောဆိုဆုံးမ၍ မရသော တပည့်သားသမီးများကို "လျစ်လျူရှုထားသည်" ဟု ပြောကြ၏။ ထိုသို့ လျစ်လျူရှုခြင်းကား တပည့် (သို့မဟုတ် သားသမီး) ကို စိတ်၌ ထည့်၍ မစဉ်းစားတော့ဘဲ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ နေချင်သလို နေပစေဟု ပစ်စလက်ခတ်ထားခြင်းတည်း။ ထိုပစ်စလက်ခတ် ထားခြင်းသည် ဤနေရာ၌ ပြနေသော ဥပေက္ခာမျိုးမဟုတ်။ ဤဥပေက္ခာ၏ လျစ်လျူရှုခြင်းကား စိတ်ထဲမှာထည့်၍ စဉ်းစားပါသေးသည်။ သို့ရာတွင် အမုန်းဘက်သို့ လည်းမရောက်စေ၊ အချစ်ဘက်သို့လည်း မရောက်စေဘဲ အလယ်အလတ် စိတ်ထား၍ ရှုစားနိုင်သော သဘောတည်း။ ဤဥပေက္ခာသည် သာမန်လူတို့၌ ဖြစ်နိုင်ပါ၏။ ဈာန်ရအောင် ရှုသော ဥပေက္ခာ ကား မေတ္တာ၊ ကရုဏာ၊ မုဒိတာ တစ်ပါးပါးဖြင့် တရားပေါက်ပြီးသူ၌သာ တိုးတက်အားထုတ်မှ ဖြစ်နိုင်ပါသည်။

## ဗြဟ္မစိုရ်တရား ၄ ပါး

ဤပြခဲ့သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ၄ ပါးကို ပါဠိလို "ဗြဟ္မဝိဟာရ" ၊ မြန်မာလို "ဗြဟ္မစိုရ်" တရားလေးပါး ဟုခေါ်သည်။ [ဗြဟ္မ= မြတ်သော+ဝိဟာရ=နေခြင်း။] "သတ္တဝါတို့အပေါ်၌ မေတ္တာပွား၍ ဖြစ်စေ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့တွင် တစ်ပါးပါး ပွား၍ဖြစ်စေ နေခြင်းသည် မြင့်မြတ်သော နေခြင်းဖြစ်သည်" ဟု ဆိုလိုသည်။ ထိုကဲ့သို့ ပွားများ၍ နေထိုင်ခြင်းသည် ဒေါသစိတ် အဘိဇ္ဈာ ဣဿာစိတ်တို့ဖြင့် နေခြင်းကဲ့သို့ ခြောက်ခြောက်သွေ့သွေ့ မဟုတ်ဘဲ စိုစိုပြည်ပြည် ရှိနေသော ကြောင့် "ဗြဟ္မစိုရ်" ဟု ခေါ်ဟန်တူသည်။ [အချို့က "ဗြဟ္မစရိယ" ဟူသော ပါဠိကို "ဗြဟ္မစိုရ်" ဟု မြန်မာပြန်ထားကြောင်း ပြောကြ၏။]

www.burmeseclassic.com

www.burmeseclassic.com



**မေတ္တာပွား**

မေတ္တာစိတ်ကို မိမိသန္တာန်၌ အထပ်ထပ် ဖြစ်စေနိုင်လျှင် မိမိမှာ မေတ္တာစိတ်တွေ တိုးပွားများပြားနေ၏။ ဤသို့ မေတ္တာစိတ်တွေ တိုးစေ၊ ပွားစေ၊ များစေခြင်းကို "မေတ္တာပွားသည်" ဟု ခေါ်၏။ "ပွားစေ" ၌ စေကိုဖြုတ်၍ "မေတ္တာပွား" ဟု ခေါ်ကြသည်-ဟူလို။

**မေတ္တာပို့**

တစ်စုံတစ်ယောက်ကို ရည်မှန်း၍ "ချမ်းသာပါစေ" အာရုံပြုနေသောအခါ မိမိ၏ မေတ္တာသည် ထိုသူနှင့် ဆက်သွယ်လျက် ရှိ၏။ ထိုအခါ မိမိ၏ မေတ္တာကို ထိုသူ့အထံ ရောက်အောင် ပို့နေသကဲ့သို့ ဖြစ်သောကြောင့် မေတ္တာပွားစေခြင်းကိုပင် "မေတ္တာပို့သည်" ဟု ယခုကာလ သုံးစွဲကြသည်။

**အများသုံးနေသော မေတ္တာပို့နည်း**

ပါဠိ- "သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု ၊
အဗျာပဇ္ဈာ ဟောန္တု ၊
အနီဃာ ဟောန္တု ၊
သုခီအတ္တာနံ ပရိဟရန္တု"။

မြန်မာ ၁။ သတ္တဝါအားလုံး ဘေးရန် ကင်းကြပါစေ။
၂။ ဒေါမနဿကင်းကွာ စိတ်ချမ်းသာကြပါစေ။
၃။ ဒုက္ခကင်းကွာ ကိုယ်ချမ်းသာကြပါစေ။
၄။ ချမ်းသာခြင်းရှိ၍ မိမိကိုယ်ကို အသက်ရှည်အောင် ဆောင်ရွက်နိုင်ကြပါစေ။

**အမှန်မေတ္တာပို့နည်း**

သတ္တဝါအများကို ဖြစ်စေ၊ တစ်ယောက်ယောက်ကို ဖြစ်စေ ရည်စူး၍ ထိုသူ၏ စီးပွားချမ်းသာကို လိုလားမှသာ ထိုသူ့အထံသို့ မေတ္တာပို့ရာ ရောက်၏။ တွေးချင်ရာတွေး၊ ကြံချင်ရာ ကြံပြီးလျှင် မိမိနှုတ်တက်ရနေသော "အဝေရာ ဟောန္တု" စသည်ကို ရွတ်ဆို နေသော်လည်း အမှန်မေတ္တာပို့ရာမရောက်။ ထို့ကြောင့် မိမိနားလည် သော (ဆိုလိုရင်းအဓိပ္ပာယ်မှာ မိမိစိတ်မှာ ပေါ်မလာသော) ပါဠိဖြင့် "အဝေရာ ဟောန္တု" စသည်ဆို၍ ပို့ခြင်းထက် မြန်မာလိုပို့ခြင်းကသာ လိုရင်းကျဖွယ်ရှိသည်။ ထို့ကြောင့် မိမိမေတ္တာပို့လိုသူ၏ နာမည် သွင်းပြီးလျှင်

"ငါ၏မိခင်သည် ဘေးရန်ကင်းကွာ၊ စိတ်ချမ်းသာ၍၊ ကိုယ်ပါ ခံ့ကျန်း၊ လွန်ရွှင်လန်းလျက်၊ ချမ်းမြေ့သာချို၊ မိမိကိုယ်လျှင်၊ အသက် ရှည်အောင်၊ ရွက်ဆောင်နိုင်ပါစေ" ဟု

စိတ်ပါလက်ပါ ရွတ်ဆို၍ ပို့သင့်သည်။ ဖခင်ကိုပို့ရာ၌ "ငါ၏ဖခင်သည်"၊ ဆရာကိုပို့ရာ၌ "ငါ၏ဆရာသည်" ဟု ပြောင်းလဲ၍ဆိုပါ။ သတ္တဝါအားလုံးကို သိမ်းကျုံး၍ ပို့ရာ၌ "သတ္တဝါ ဟူသမျှ" ဟု ဆိုပါ။ ဤနည်းကား ပါဠိအတိုင်း တိုက်ရိုက် မြန်မာ ပြန်ခြင်းတည်း။ ဤပို့နည်းကို ရှည်သေးသည်ဟု ထင်လျှင်လည်း "ငါ၏ မိခင်သည် ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာပါစေ"၊ "ငါ၏ ဖခင်သည် ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာပါစေ"၊ "ငါ၏ ဆရာ သမားတို့သည် ...ငါ၏ ဆွေမျိုးတို့သည်" စသည်ဖြင့်ဆို၍ စိတ်ဝင် စားစွာဖြင့် ပို့ကြပါလေ။

**ကရုဏာပို့နည်း**

ကရုဏာ၏ သဘောကား ဆင်းရဲနေသူကို မြင်ရကြားရ သောအခါ ထိုဒုက္ခမှ လွတ်စေလိုခြင်း၊ ကယ်ဆယ်လိုခြင်း သဘောဖြစ်၏။ ထို့ကြောင့် ကရုဏာပို့ရာ၌ ပါဠိလို "ဒုက္ခာ မုစ္စန္တု" မြန်မာလို "ယခုရောက်ရှိနေသော ဒုက္ခမှ လွတ်မြောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါစေ” ဟု ပို့ရသည်။ ဆင်းရဲဒုက္ခမှ လွတ်မြောက်၍ ချမ်းသာသို့ ရောက်စေလိုခြင်းသာ ကရုဏာအစစ်ဖြစ်၏။ “ဆင်းရဲချိန် တိုပါစေ တော့” ဟူသော သဘောဖြင့် “မြန်မြန်သေပါစေ” ဟု တချို့ ဆုတောင်းခြင်းကား ကရုဏာပို့ရာ မရောက်သည့်အပြင် ဗျာပါဒ ဒုစရိုက်ပင် ဖြစ်သေးသည်။ ဤကရုဏာလည်း ဆင်းရဲသူကို စိတ်မှန်း၍ ပို့မှသာ ကရုဏာအစစ်ဖြစ်သည်။ နှုတ်မှရနေ၍ “ဒုက္ခာ မုစ္စန္တု” ဟု ဆိုရုံမျှဖြင့် ကရုဏာ မဖြစ်နိုင်ပါ။

## မုဒိတာပို့နည်း

“မုဒိတာ” ဟူသည် ချမ်းသာနေသူကို မြင်ရကြားရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်း။ ထိုရရှိနေသော စည်းစိမ်ချမ်းသာမှ လက်မလွတ်စေလိုခြင်းတည်း။ ထို့ကြောင့် မုဒိတာ ပို့ရာ၌ ပါဠိလို “ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု”၊ မြန်မာလို “ရရှိနေသော စည်းစိမ်မှ လက်မလွတ်ပါစေသတည်း” ဟု ပို့ရသည်။ ဤမုဒိတာလည်း ချမ်းသာသူကို မြင်ရ ကြားရ၍ ဝမ်းမြောက်စွာ ပို့မှ မုဒိတာ အစစ်ဖြစ်သည်။ နှုတ်လွတ်ရ၍ “ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု” ဆိုရုံမျှဖြင့် မုဒိတာ မဖြစ်ပါ။

## ဥပေက္ခာပို့နည်း

ဥပေက္ခာပို့ရာ၌ ပါဠိလို“ကမ္မဿကာ”၊မြန်မာလို “ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိသည်။ ကောင်းလည်း သူ့ကံ၊ ဆိုးလည်း သူ့ကံ” ဟု ပို့ရသည်။ ဆိုလိုရင်းကား – ငါက ချမ်းသာအောင် မေတ္တာ ပို့သော်လည်း သူ့ကံရှိမှ ချမ်းသာမည်။ ငါက သနားသော်လည်း သူ့ကံရှိမှ ဒုက္ခက လွတ်မည်။ သူချမ်းသာနေသည်ကို ငါက ဝမ်းမြောက်၍ ဤစည်းစိမ်ချမ်းသာမှ မလွတ်စေလိုသော်လည်း သူ့ကံရှိမှ ဤစည်းစိမ်နှင့် ဤအသက် မြဲနိုင်မည်။ သို့ဖြစ်၍ ငါ ကြောင့်ကြ စိုက်ဖွယ်မလို “ကမ္မဿကာပဲ” ဟု ဆိုလိုသည်။



## အချုပ်မှတ်ဖွယ်

ဤမေတ္တာ စသော ဗြဟ္မစိုရ်တရား ၄ ပါးသည် တစ်ပါးနှင့် တစ်ပါး သတ္တဝါတို့အပေါ် အာရုံပြုပုံချင်း မတူကြချေ။ မေတ္တာသည် သတ္တဝါကို ချစ်စရာအနေအထားဖြင့် အာရုံပြု၏။ ကရုဏာက သနားစရာ အနေအားဖြင့်လည်း အာရုံပြု၏။ မုဒိတာကား ဝမ်းမြောက် စရာ အနေအားဖြင့်လည်း အာရုံပြု၏။ ဥပေက္ခာမှာ လျစ်လျူရှုစရာ အနေအားဖြင့် အာရုံပြု၏။ ထို့ကြောင့်သတ္တဝါ အများကိုဖြစ်စေ၊ တစ်ယောက်ယောက်ကိုဖြစ်စေ တစ်ချိန်တည်း၌ ဗြဟ္မစိုရ် ၄ ပါးလုံးကို အာရုံပြု၍ မဖြစ်နိုင်။ သို့ဖြစ်၍ တကယ်စူးရှအောင်ပြုရာ၌ မေတ္တာ ပို့ဖြစ်လျှင် မေတ္တာသံပါအောင် “အဝေရာဟောန္တု” မှစ၍ “သုခီ အတ္တာနံ ပရိဟရန္တု” တိုင်အောင် ၄မျိုးကို (ပါဠိလို ဖြစ်စေ– မြန်မာလို ဖြစ်စေ) အသုံးပြုရသည်။

ထို့အတူကရုဏာ စသည်တို့ကိုလည်း သူနှင့်ဆိုင်ရာ ပါဠိလို၊ သို့မဟုတ် မြန်မာလိုဆို၍ ပို့ရသည်။ တကယ်စူးရှအောင် ပို့ခြင်းမဟုတ်ဘဲ မိမိရနေခြင်းကို ရွတ်ဆိုနေခြင်း “သဗ္ဗေ သတ္တာ” ကစ၍ “ကမ္မဿကာ”တိုင်အောင် ရွတ်သော်လည်း အထူးစိစစ်ဖွယ် မလိုတော့ပါ။ သို့ရာတွင် ယခုအခါ “ဗုဒ္ဓဘာသာဝင်” ဆိုသူတို့၏ ဘာသာရေးအလုပ်များ၌ ဝတ်ကျေတမ်းကျေ လုပ်သူတွေများ၍ ဘာသာရေးလေးစားသော နောင်လာနောက်သားတို့က စနစ်တကျ ဖြစ်အောင် ပြုပြင် ထိုက်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝိရတိ ၃ ပါးအကြောင်း

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ

ဤဝိရတိ စေတသိက် ၃ပါးကို လေ့လာရာ၌ ရှေးဦးစွာ ဒုစရိုက် ၁၀ပါးကို နားလည်ပြီး ဖြစ်ရမည်။ [ဤကျမ်း၌ကား ဒုစရိုက်ကိုမပြတော့။] ထိုဒုစရိုက်များကို အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်မဆိုင် ၂ မျိုးခွဲရာ၏။ ထိုတွင် သူ့အသက်ကို သတ်ရာ၌ သေသူ၏ ဥစ္စာကို လိုချင်၍ဖြစ်စေ၊ သူတစ်ပါးက ငွေဖြင့် ခိုင်း၍ဖြစ်စေ၊ မုဆိုးတံငါအလုပ်ဖြင့် အသက်မွေးနေ၍ဖြစ်စေ သတ်ဖြတ်ခြင်းသည် အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော ကာယ ဒုစရိုက်တည်း။ တစ်စုံတစ်ခု ပစ္စည်းကို မမျှော်လင့်ဘဲ သက်သက်မုန်း၍ သတ်ခြင်းသည် အသက်မွေးဝမ်းကျောင်းနှင့် မဆိုင်သော ကာယဒုစရိုက်တည်း။ အခြားဒုစရိုက်တို့၌လည်း ရထိုက်သလို ခွဲခြားရာ၏။

ပစ္စည်းရမှုအတွက် မုသားသက်သေလိုက်ခြင်း၊ မတရားရှေ့နေလိုက်ခြင်း၊ ကွက်စိပ်ဆရာလုပ်၍ မမှန်သော ဒဏ္ဍာရီ ဇာတ်ဝတ္ထုပြောဆိုခြင်းသည် အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော ဝစီဒုစရိုက်တည်း။ ပစ္စည်းတစ်စုံတစ်ရာကို မမျှော်လင့်ဘဲ သက်သက်မုသားပြောခြင်း၊ ရန်တိုက်ခြင်း၊ ကြမ်းကြမ်းတမ်းတမ်း ပြောခြင်း၊ မမှန်သော ဒဏ္ဍာရီ ဇာတ်ဝတ္ထုပြောခြင်းများသည် အသက်မွေးဝမ်းကျောင်းနှင့် မဆိုင်သော ဝစီဒုစရိုက်တည်း။

**ဝိရတိ**

ထိုကာယဒုစရိုက်၊ ဝစီဒုစရိုက် အမှုတို့မှ ရှောင်ကြဉ်ခြင်းသဘောသည် ဝိရတိ မည်၏။ မုသားစကားပြောခွင့် (ဝစီဒုစရိုက်ဖြစ်ခွင့်) ကြုံလာသောအခါ "မပြောတော့ပါဘူး" ဟု ရှောင်ကြဉ်ရာ၌ ထိုအခွင့် ကြုံလာသော မုသားစကားသည် အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်လျှင် သမ္မာဝါစာဝိရတိ ဖြစ်၍ အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်လျှင် သမ္မာအာဇီဝဝိရတိ ဖြစ်၏။ သူ၏ အသက်ကိုသတ်ခွင့် (ကာယဒုစရိုက် ပြုခွင့်) ကြုံလာသောအခါ "မသတ်ပါဘူးလေ" ဟု ရှောင်ကြဉ်၍ ထိုအခွင့်ကြုံလာသော ပါဏာတိပါတမှုက အသက်မွေးဝမ်းကျောင်းနှင့် မဆိုင်လျှင် သမ္မာကမ္မန္တ ဝိရတိ ဖြစ်၏။ အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်လျှင် သမ္မာအာဇီဝဝိရတိ ဖြစ်၏။



**ဝိရတိမဟုတ်သောအရာ**

ရှောင်ကြဉ်မှုမပါ ရှောင်ကြဉ်စရာမရှိဘဲ ကောင်းသော စကားကို ပြောဆိုရာအခါနှင့် "ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ" စသည်ဖြင့် သီလဆောက်တည်ရာ အခါတို့၌ သမ္မာဝါစာ (ကောင်းသောစကား) ဟု ဆိုနိုင်ပါ၏။ ကုသိုလ်စေတနာတွေ ဖြစ်၏။ ရှောင်ကြဉ်စရာမပါဘဲ အပြစ်မရှိသော အလုပ်အကိုင်ပြုနေရာအခါ၊ ဒါနပြုနေရာအခါ၊ ဘုရားဖူး တရားနာ စသောအခါတို့၌ သမ္မာကမ္မန္တ (ကောင်းသောအလုပ်) ဟု ဆိုနိုင်ပါ၏။ ကုသိုလ်စေတနာတွေဖြစ်၏။ ရှောင်ကြဉ်စရာမပါဘဲ မိရိုးဖလာ ကောင်းရှောင်းကောင်းဝယ် ကုန်သွယ်လယ်ယာ လုပ်ခြင်းစသော အမှုများဖြင့် အသက်မွေးရာ၌ သမ္မာအာဇီဝ (ကောင်းသော အသက်မွေးမှု) ဟု ဆိုနိုင်၏။ သို့သော် ရှောင်ကြဉ်မှု သဘောမပါသောကြောင့် ထိုသမ္မာဝါစာ စသည်တို့ကို ဝိရတိစေတသိက်ဟု မမှတ်ရပါ၊ ရိုးရိုးကုသိုလ် စေတနာများသာ ဖြစ်သည်ဟု မှတ်ပါ။

**သမာဒါန၊ သမ္ပတ္တနှင့်၊ သမုစ္ဆေဒ တစ်လီ၊ သုံးမျိုးစီ၊ နာရည်ထပ်၍ဖြာ။**

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟု ၃ မျိုးပြားသော ထိုဝိရတိသည် တစ်မျိုးတစ်မျိုးလျှင် သမာဒါနဝိရတိ၊ သမ္ပတ္တဝိရတိ၊

www.burmeseclassic.com

www.burmeseclassic.com



သမုစ္ဆေဒဝိရတိဟု ၃ မျိုးစီပြား၏။ ထို ၃ မျိုးတွင် သီလဆောက်တည်သောအားဖြင့် ဒုစရိုက်အမှုမှ ရှောင်ကြဉ်ခြင်းသည် သမာဒါနဝိရတိတည်း။ သတ်ဖို့ နွားတစ်ကောင် ရောက်နေရာ မသတ်တော့ပါဘူးဟု ကြံပြီးလျှင် "ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ" ဟု ဆောက်တည်လျှင် ဆောက်တည်နေတုန်းမှာလည်း သမာဒါနဝိရတိ ဖြစ်နိုင်သည်။

ရှေးတုန်းက ဥပသကာတစ်ယောက်သည် မထေရ်တစ်ပါးအထံ သီလခံယူပြီးနောက် ပျောက်သောနွားကို ရှာနေစဉ် တောင်ပေါ်သို့ အရောက်တွင် စပါးကြီးမြွေက ခြေကို ပတ်သောကြောင့် ဓားနှင့် ခုတ်မည်ကြံပြီးမှ သီလကိုသတိရ၍ မသတ်ဘဲ ရှောင်လေသည်။ သီလတန်ခိုးကြောင့် မြွေကြီးကလည်း လွှတ်သွားလေသည်။ ဤဝတ္ထုဌ္ဌ သီလဆောက်တည်ထားသဖြင့် မသတ်ဘဲ ရှောင်ကြဉ်သောကြောင့် သမာဒါနဝိရတိ ဖြစ်၏။ ဤသို့လျှင် သီလဆောက်တည်နေတုန်းမှာ ဖြစ်စေ၊ ဆောက်တည်ပြီးနောက်ဖြစ်စေ ရှောင်ဖွယ်ဒုစရိုက်မှ ရှောင်ကြည်လျှင် သမာဒါနဝိရတိ ဖြစ်သည်။ [သမာဒါန= သီလဆောက်တည်ထားခြင်း+ဝိရတိ=မကောင်းမှုမှ ရှောင်ခြင်း။]

သီလ ဆောက်တည်မထားဘဲ ရုတ်တရက် တွေ့ကြုံလာသောအခါ ရှောင်ကြဉ်မှုသည် သမ္ပတ္တဝိရတိ မည်၏။ သီဟိုဠ်ကျွန်း၌ "စက္ကန" ဥပါသကာသည် ငယ်ရွယ်စဉ်အခါက မကျန်းမာသောမိခင်မှာ လတ်ဆတ်သော ယုန်သားဓာတ်စာကျသောသောကြောင့် တောထဲသို့ ယုန်ရှာထွက်လေသော် ကောက်နုကလေးတွေ စားမည်လာသော ယုန်ငယ်ကိုဖမ်းမိ၍ သတ်တော့မည်ကြံပြီးမှ သနားသဖြင့် မသတ်ဘဲ ရှောင်ကြဉ်၍ ယုန်ငယ်ကို လွှတ်လိုက်လေသည်။ အိမ်ပြန်ရောက်သောအခါ မိခင်အားဖြစ်ပျက်ပုံ အကြောင်းစုံကို



ပြောပြ၍ "ကျွန်ုပ်သည် နားလည်သောအရွယ်မှစ၍ သူ၏အသက်ကို သေစေလိုသော စေတနာဖြင့် မသတ်ခဲ့ဖူးပါ" ဟု သစ္စာစကားကိုပြောလေရာသူ၏အစွမ်းကြောင့် မိခင်၏ ရောဂါလည်း ပျောက်ကင်းလေသည်။ ဤဝတ္ထု၌ သီလမဆောက်တည်ဘဲ ရုတ်တရက်တွေ့၍ ရှောင်ကြဉ်သောကြောင့် သမ္ပတ္တဝိရတိ ဖြစ်သည်။ [သမ္ပတ္တ= တိုက်ဆိုင်လာသော (ရုတ်တရက် တွေ့ကြုံလာသော) မကောင်းမှု ဒုစရိုက်မှ +ဝိရတိ= ရှောင်ကြဉ်ခြင်း။]

မဂ်ကိုရသောအခါ ကိလေသာ ဓာတ်လုံးဝ ကင်းပြတ်ရအောင် ရှောင်ကြဉ်သောကြောင့် မဂ်စိတ်၌ပါသော ဝိရတိသည် သမုစ္ဆေဒဝိရတိမည်၏။ [သမုစ္ဆေဒ= ကိလေသာ အနုသယဓာတ် တို့ကိုအကြွင်းမရှိအောင်ဖြတ်လျက်+ ဝိရတိ=ရှောင်ကြဉ်မှု] ဤသို့လျှင် သမ္မာဝါစာစသော မူလဝိရတိစေတသိက် ၃ မျိုး၌ တစ်မျိုး တစ်မျိုးလျှင် သမာဒါနဝိရတိ စသည်ဖြင့် ၃ မျိုး ကွဲပြားနိုင်ကြပေသည်။

## နိဂုံး

ဤမျှလောက်သော စကားအစဉ်ဖြင့် ကိုယ်ကျင့်အတွက် လူများသိဖွယ်ရာ စိတ်ကို ကောင်းအောင် ခြယ်လှယ်သော စေတသိက်များ ပြီးဆုံးပါပြီ။ ယခုအခါ မိမိ၏စိတ်ကို ကောင်းအောင် ခြယ်လှယ်တတ်သော စေတသိက်များနှင့် (ဒုတိယအခန်း၌ပြခဲ့သော) မကောင်းအောင် ခြယ်လှယ်တတ်သော စေတသိက်များကို နားလည်ကြပါပြီ။ ထိုသို့ နားလည်ပြီးနောက် "အကောင်းမကောင်း ၂ ဖက်တွင် မည်သည့်ဘက်က အဖြစ်များမည်နည်း" ဟု စဉ်းစား သင့်၏။

အကောင်းစေတသိက်များကို ပြရာဝယ် "အကောင်းသက်သက်မဟုတ်ဘဲ သဒ္ဓါအတု၊ သတိအတု၊ ဟိရီ ဩတ္တပ္ပအတု" စသည်ဖြင့် အတုတွေ ပါဝင်နေသည်။ မကောင်းစေတသိက်များကို ပြရာ၌ကား မကောင်းသက်သက် အကောင်းမရောယှက်ခဲ့ချေ။ ဤမျှလောက်

www.burmeseclassic.com

www.burmeseclassic.com



ခွဲခြားရုံမျှဖြင့် "အကောင်းသက်သက်အဖြစ်နည်း၍ အကောင်းမကောင်း သောင်းပြောင်းနှင့် မကောင်းသက်သက်တွေကသာ ငါတို့ သန္တာန်၌ အဖြစ်များနေပါတကား" ဟု စဉ်းစားမိလောက်ပေပြီ။

ထိုသို့ မကောင်းတရားတွေ ဗရပွေ ဖြစ်နေသောကြောင့်သာ သံသရာမှာ ကြာခဲ့ကြရသည်။ ယခုလောက် တတ်သိနားလည်သော ဘဝမှာပင် မကောင်းတရားတွေ အဖြစ်များစေဦးမည်ဆိုက နိဗ္ဗာန် ရလိုကြောင်း အာပေါက်အောင် ဆုတောင်းနေကြသော်လည်း အကောင်းဆုံး နိဗ္ဗာန်နှင့် ကေန်ဝေးကြဦးမည်သာ။ သို့ဖြစ်၍ သူတော်ကောင်းစာရင်း၌ ပါဝင်လို၊ နိဗ္ဗာန်ကို အမြန်ရလိုသူတိုင်း သူတစ်ပါး အထင်ကြီးရုံကောင်းသော သူတော်ကောင်းမျိုးထက် မိမိကိုယ်ကိုမိမိ အထင်ကြီးသော သူတော်ကောင်းအဖြစ်မျိုးကို နှစ်နှစ်ကာကာ အလိုရှိပါကုန်။ ငါ့၏အတွက်ကား ပရိယာယ်သဘော မာယာ သာဌေယျ မနှောသော စင်းလုံးချော စိတ်ကောင်းစိတ်ထက်သာ ဘဝတိုင်း ဖြစ်ရပါလို၏။ ငါ၏အဆက်အသွယ် ကြီးကြီးငယ်ငယ် များလည်း တကယ်စစ်စစ် သူတော်ကောင်းဖြစ်အောင် ထုထောင် နိုင်ကြပါစေသောဝ်။

စိတ်ကောင်းဖြစ်မှု၊ ခြယ်လှယ်ပြုသည့်၊ ယခုညွှန်ကြား၊
စေတသိက်များကို၊ ခွဲခြားစုပေါင်း၊ စိတ်စက်ကောင်းဖြင့်၊
နှစ်ထောင်းအားရ၊ ရေးပုညကြောင့်၊ ရှုကြသူပေါင်း၊ စိတ်ယုတ်
ပြောင်း၍၊ စိတ်ကောင်းရစေ၊ ငါ့အနေမူ၊ မ သွေဖြောင့်တန်း၊
နိဗ္ဗာန်လှမ်းဖို့၊ စိတ်စွမ်းထက်မြက်၊ ဆင့်ဆင့်တက်သား၊ အဆက်
အသွယ်၊ ကြီးကြီးငယ်လည်း၊ ငါ့နှယ်နည်းတူ၊ စိတ်ကောင်းယူ
သည်၊ နိဗ္ဗူထုတ်ချောက်ရောက်ရန်သောဝ်။

စိတ်ကိုကောင်းအောင်ခြယ်လှယ်တတ်သော စေတသိက်များပြီးပြီ။



# စတုတ္ထအခန်း

(စိတ်ကောင်း စိတ်ဆိုး ၂ မျိုးလုံး၌ ပါဝင်သော စေတသိက်များ)

| | | |
|---|---|---|
| ၁။ ဖဿ | ၆။ ဇီဝိတိန္ဒြေ | ၁၁။ ဝီရိယ |
| ၂။ ဝေဒနာ | ၇။ မနသိကာရ | ၁၂။ ပီတိ |
| ၃။ သညာ | ၈။ ဝိတက် | ၁၃။ ဆန္ဒ |
| ၄။ စေတနာ | ၉။ ဝိစာရ | |
| ၅။ ဧကဂ္ဂတာ | ၁၀။ အဓိမောက္ခ ...... | |

**[ဆောင်]** တွေ့ထိ–တရား၊ ဖဿ ထားလော့၊ ခံစား–ဝေဒနာ၊ မှတ် – သညာတည်း၊ စေတနာတွက်၊ စေ့ဆော်ချက်နှင့်၊ ဧကဂ္ဂတာ၊ တည်ငြိမ်စွာသား၊ မကွာနာမ်သက်၊ ဇီဝိန်ဆက်၍၊ မပျက်မပြုန်း၊ နှလုံးသွင်းကို၊ မနသိ ဆို၏၊ ထိုထိုကြံစည်၊ ဝိတက်မည်ရှင့်၊ အလီလီသုံးသပ်၊ ဝိစာရ မှတ်လော့၊ ဆုံးဖြတ်ဓိမောက်၊ ရဲစွမ်း ရောက်က၊ ဝီရိယဟု၊ အားရနှစ်သက်၊ ပီတိဆက်၍၊ သက်သက် အာရုံ၊ ပြုလိုရုံမျှ၊ ဆန္ဒသဘော၊ ကောင်း–ဆိုးရောသည်၊ မှတ်လော့ တစ်ဆယ့်သုံးပါးတည်း။

## ဖဿအကြောင်း

အာရုံကို တွေ့ထိခြင်းသဘောသည် ဖဿတည်း။ ထို့ကြောင့် "တွေ့ထိတရား၊ ဖဿ ထားလော့" ဟု ဆိုခဲ့ပေသည်။ "တွေ့ထိ" ဟူရာ၌ ကိုယ်ထိ လက်ထိမျိုး၊ ပစ္စည်း တစ်ခုနှင့်တစ်ခု တိုက်မိသော အထိမျိုးမဟုတ်။ စိတ်နှင့်အာရုံ တွေ့ကြုံသောအခါ ဓာတ်သဘော အလိုက် ထိခိုက်သလို ဖြစ်လောက်အောင် ဓာတ်ခိုက်ခြင်းသဘောတည်း။ ထို ဓာတ်ခိုက် ဓာတ်ထိ ဓာတ်တွေ့မျိုးသည် အချို့အရာ၌ ကိုယ်ထိ လက်ရောက် တွေ့ရထိရ သလောက်ပင် ထင်ရှား၏။

www.burmeseclassic.com

www.burmeseclassic.com



ချဲ့ဦးအံ့–နာလန်ထစ လူတစ်ယောက်သည် သူတစ်ပါးတို့ သံပရာသီးစားသည်ကိုမြင်ရလျှင် သွားရည်ကျတတ်၏။ကြောက်တတ်သောသူသည် သူတစ်ပါးတို့ သတ်ပုတ်နေကြသည်ကို မြင်လျှင် ကြောက်ဒူးတုန်နေတတ်၏။ အရွယ်ရောက်ခါစ မိန်းကလေးများသည် မိမိနှင့် ရွယ်တူဂုဏ်တူ ယောကျ်ားကလေး၏ အဆင်းအသံကို ကြားရသောအခါ ရင်တွင်း၌ တစ်မျိုးတစ်မည် ဖြစ်တတ်၏။ ယောကျ်ားကလေးများလည်းဤနည်းဖြစ်တတ်ကြ၏။ ဤ သို့ဖြစ်ရာ၌ စိတ်သည် သံပရာသီးစသည်တို့နှင့် ခတ်တွေ့ခတ်ထိ ခတ်ခိုက်မိသောကြောင့် ခန္ဓာကိုယ် တိုင်အောင် သွားရည်ကျ ခြင်း၊ တုန်လှုပ်ခြင်း စသည်တို့ ဖြစ်ကြရပေသည်။ ဤခတ်တွေ့ ခတ်ထိ ခတ်ခိုက်မိခြင်း သဘောသည် ဖဿ သဘောတည်း။

ဤ ဖဿသည် ကုသိုလ်ဆိုင်ရာ အာရုံကိုလည်းထိရ၊ အကုသိုလ်ဆိုင်ရာအာရုံကိုလည်း ထိရသဖြင့် စိတ်ကောင်း စိတ်ဆိုး ၂မျိုးတွင် အမြဲပါဝင်ရသော တရားတည်း။ ဥပမာ–ဆားသည် ကောင်းသောဟင်း၌ ခတ်လည်းငန်၊ မကောင်းသောဟင်း၌ ခတ်လည်း ငန် သကဲ့သို့တည်း။ နောက်၌ပြမည့် ဝေဒနာစသော စေတသိက်များလည်း ဤကဲ့သို့ စိတ်ကောင်း စိတ်ဆိုး ၂ မျိုးလုံးတွင် ပါဝင်ရကြောင်း သတိပြုပါ။ [ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်း မဟုတ်သော ဝိပါက် ကြိယာစိတ်ဖြစ်ဖို့လည်း အာရုံ၌ ဖဿက ထိရသည်သာ။]

## ဝေဒနာအကြောင်း

အာရုံအရသာကို ခံစားရခြင်းသဘောသည် ဝေဒနာတည်း။ ထို့ကြောင့် "ခံစား– ဝေဒနာ" ဟု ဆိုခဲ့သည်။ ရူပါရုံ စသော အာရုံ ၆ မျိုးကို စိတ်အကြောင်း၌ ပြခဲ့ပြီ။ ထိုအာရုံ ၆ ပါးကိုပင် ဣဋ္ဌာရုံ၊



အနိဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ ဟု ၃ မျိုးစီခွဲရာ၏။ ထိုတွင် လူအများတို့ လိုလားတောင့်တအပ် ရှာမှီးအပ်သော အာရုံမျိုးသည် ဣဋ္ဌာရုံ မည်၏။ ဣဋ္ဌာ= လိုလားနှစ်သက်အပ်သော +အာရုံ] လှသော အဆင်း၊ ကောင်းသော အသံ၊ အနံ့၊ အရသာ အတွေ့များနှင့် ကောင်းသော နာမည်၊ ကောင်းသော အဆောက်အအုံ စသည်များ တည်း။ လူအများတို့ မလိုလားအပ် မတောင့်တအပ် မရှာဖွေအပ်သော အာရုံသည် အနိဋ္ဌာရုံမည်၏။ [အနိဋ္ဌာ= အလိုမရှိအပ်သော+ အာရုံ] မလှသော အဆင်း၊ မကောင်းသော အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ နာမည်၊ အိမ်အိုအိမ်ပျက် စသော အဆောက်အအုံများတည်း။ အကောင်းဘက်လည်းမပါ မကောင်းဘက်လည်းမပါသော အလယ် အလတ် အာရုံမျိုးသည် ဣဋ္ဌမဇ္ဈတ္တာရုံ မည်၏။ ရုပ်လည်းမဆိုး၊ လှလည်းမလှသော အဆင်း စသည်များတည်း။

ဝေဒနာလည်း သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဟု ၅ မျိုးရှိ၏။ ထိုတွင် ဣဋ္ဌာရုံများ၌ ကောင်းသော အရသာပါရှိ၏။ ထိုကောင်းသော အရသာကို ခံစားသော ဝေဒနာကို သုခဝေဒနာ ဟုခေါ်၏။ [သုခ=ချမ်းသာသော+ ဝေဒနာ=ခံစားမှု။] ထိုကောင်းသော အရသာကို ခံစားရသောအခါ ဝမ်းပန်းတသာ ခံစားကြရသောကြောင့် သောမနဿဝေဒနာ ဟုလည်း ခေါ်ရသည်။ [ သောမနဿ= ဝမ်းမြောက်ဝမ်းသာဖြစ်သော+ ဝေဒနာ= ခံစားမှု။] ထိုသုခ၊ သောမနဿ ဟုခေါ်ရသော ဝေဒနာများ၏ ဖြစ်ပုံသည် ရူပါရုံ သဒ္ဒါရုံစသော ကာမဂုဏ်အာရုံကို တွေ့ကြုံ ခံစားနေရသောအခါ ဘုရားအာရုံ၊ တရားအာရုံ စသည်တို့နှင့် တွေ့ကြုံရ၍ ချမ်းသာရွှင်ပျ သောအခါတို့၌ ထင်ရှားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနိဋ္ဌာရုံများ၌လည်း မကောင်းသော အရသာပါရှိ၏။ ထိုမကောင်းသော အရသာကို ခံစားသော ဝေဒနာကို ဒုက္ခဝေဒနာ (ဆင်းရဲသော ခံစားမှု) ဟုလည်းကောင်း၊ ဒေါမနဿ ဝေဒနာ (စိတ်မချမ်းသာသော ခံစားမှု) ဟုလည်းကောင်းခေါ်၏။ ထိုဒုက္ခ ဒေါမနဿ ဝေဒနာဖြစ်ပုံများကို ဒေါသစေတသိက်နှင့်စပ်၍ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဟူသော နာမည်များဖြင့် ပြခဲ့ပြီ။ [ခန္ဓာကိုယ် အတွေ့နှင့် ဆိုင်သော စိတ်၏ ချမ်းသာ ဆင်းရဲကို သုခ ဒုက္ခဟု ခေါ်၍ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ စိတ်တို့နှင့်သာဆိုင်သော ချမ်းသာ ဆင်းရဲကို သောမနဿ၊ ဒေါမနဿ ဟုခေါ်သည်။]

ဣဋ္ဌမဇ္ဈတ္တာရုံ၌ အကောင်းလည်း မထင်ရှား၊ မကောင်းလည်း မထင်ရှားသော အရသာများပါရှိ၏။ ထိုအရသာကို ခံစားသော ဝေဒနာကို ဥပေက္ခာဝေဒနာဟု ခေါ်၏။ ဤဥပေက္ခာ ဝေဒနာ၏ အာရုံ အရသာ ခံစားပုံမှာ မထင်ရှားသောကြောင့် မိမိကိုယ်တိုင် အာရုံ၏ အရသာကို ခံစားနေရမှန်း မသိနိုင်ချေ။ သို့သော် နေရင်း၊ ထိုင်ရင်း၊ သွားရင်း၊ လာရင်း၊ များစွာသော အာရုံတွေကို တွေ့ရာ၌ ထိုအာရုံအရသာကို ခံစားရမှန်း မသိသာသော ဥပေက္ခာဝေဒနာတွေကား များစွာ ဖြစ်လျက် ရှိပေသည်။

ဤဝေဒနာလည်း ကုသိုလ်ဆိုင်ရာ အာရုံ၏ အရသာကိုလည်း ခံစား၏။ အကုသိုလ်ဆိုင်ရာ အာရုံ၏ အရသာကိုလည်း ခံစား၏။ ဤသို့ အကောင်းအဆိုး အာရုံ ၂ မျိုးလုံး၏ အရသာကို ခံစားနိုင်သောကြောင့် "ကာမဂုဏ် စည်းစိမ်ကို ခံစားသည်၊ တရားအရသာကို ခံစားသည်" ဟု ဆိုရာ၌ ဤဝေဒနာ သဘောချည်းမှတ်ပါ။



## သညာအကြောင်း

မှတ်သားခြင်း သဘောသည် သညာတည်း။ ထို့ကြောင့်"မှတ်–သညာတည်း" ဟု ဆိုခဲ့သည်။ ဤမှတ်သားပုံသည် အသိဉာဏ်နည်းပါးသူ၊ ဗဟုသုတနည်းပါးသူများ၌သာ ထင်ရှား၏။ ငယ်ရွယ်သော ကလေးကို ဆွေမျိုးများက "ဟောဒီလူက အဖေ၊ ဟောဒီလူက အမေ" ဟု ပြကြ၏။ ကလေးက ထိုသူများကို "အဖေ–အမေ" ဟု မှတ်လိုက်၏။ လေယာဉ်ပျံကို ပထမ စ၍ မြင်ရာ၌ "အတောင်က ဘယ်နည်း၊ အမြီးက ဘယ်လို၊ အထည်ကိုယ်က ဘယ်ပုံ" ဟု မှတ်လိုက်၏။ မရောက်ဖူးသော အရပ်သို့ ရောက်သောအခါ၌လည်း အထူးအဆန်း ဟူသမျှကို မှတ်၏။ ဤသို့ သညာ၏ မှတ်သားမှုတွေ များစွာ ရှိပေသည်။

**မှတ်ခြင်း၌ အကျိုး ၂ မျိုး**

သညာ၏ မှတ်သားမှု၌ အကျိုး ၂ မျိုးရ၏။ ဆွေမျိုးများက ကလေးအား "ဤသူဟာ အဖေ"ဟု ပြသောအခါ ကလေး၏သညာက မှတ်သားသည့်အတွက် ထိုခဏ၌ အဖေမှန်း သိရခြင်းအကျိုး၊ နောက်အခါ"ဤသူဟာအဖေပဲ" ဟု မှတ်မိခြင်းအကျိုး၂မျိုး ရသည်။

**မှန်မှန်မှားမှား မှတ်ပုံ**

သညာသည် ပညာကဲ့သို့ အမှန်ကိုချည်း သိသည်မဟုတ်၊ အမှားကိုလည်း မှတ်၏။ အမှန်ကိုလည်း မှတ်၏။ တစ္ဆေကြောက်သူသည် ညဉ့်မှောင်မိုက်တွင် ထန်းပင်ငုတ်ကို တစ္ဆေဟု မှတ်ထင်ရာ၌ အမှားကို မှတ်ခြင်းဖြစ်၏။ မှားယွင်းသော တရားတွေကို တရားမှန်ဟု ထင်မှတ်ကြရာ၌လည်း ဒိဋ္ဌိသာမက ဤမှားသော သညာလည်း ပါဝင်၏။ မှားသောအရာ၌ သညာအမှတ် ကြပ်ကြပ် စွဲနေပြီး ဖြစ်သူကို အမှန်သိအောင် ပြုပြင်ဖို့ ခဲယဉ်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



## သညာ နယ်ကျယ်ပုံ

အများကို အမှန်ဟု ထင်မှတ်သော သညာသည် လွန်စွာပင် နယ်ကျယ်၏။ သံသရာဝယ် ကြာရှည်စွာ ကျင်လည်နေရာ၌ အဝိဇ္ဇာ တဏှာအတွက်သာမက ဤသညာ၏ အမှတ်လွဲမှုလည်း ပါဝင် လေသည်။ ထင်ရှားစေအံ့– မစင်ကို လူတို့က စက်ဆုပ်ဖွယ်ဟု အမှန်အတိုင်း မှတ်ထား၏။ ပိုးလောက်တို့ကား အာဟာရဟု မှတ်ထင်လေသည်။ ခွေးသေပုပ်ကို လင်းတတို့ ထင်မှတ်ရာ၌လည်း ဤနည်းပင်တည်း။

ဘုရား ရဟန္တာတို့က ကာမဂုဏ်အာရုံတွေကို စက်ဆုပ်ဖွယ်ဟု အမှန်အတိုင်း မှတ်ထင်တော်မူကြသည်။ "ဟီနော၊ အယုတ်တမာ တည်း။ ဂမ္မော၊ ရွာသူရွာသားတို့ ဥစ္စာတည်း။ ပေါထုဇ္ဇနိကော၊ မဖြူစင် မသန့်ရှင်းသော ပုထုဇဉ်တို့ဟာတည်း။ အနရိယော၊ ဖြူစင်သူတို့၏ ဥစ္စာမဟုတ်။ အနတ္ထသံဟိတော၊ ကောင်းကျိုးနှင့် မစပ်" ဟု ပြတ်ပြတ်သားသား ရှုတ်ချကဲ့ရဲ့ထားတော်မူ၏။ သို့သော် လူအများကား ထိုတရားတို့ကို နားမဝင်ဘဲ ကာမဂုဏ် အာရုံတွေကို မရမနေ ရှာဖွေကြတုန်းပင်ဖြစ်သည်။ ဤသို့လျှင် သညာ၏ အမှတ် မှားမှုကြောင့် သံသရာတွင် ကြာရှည်စွာ ကျင်လည်ကြရလေသည်။

## သညာက သတိဟန်ဆောင်ပုံ

ကုသိုလ်ဆိုင်ရာကို ပြန်၍ အမှတ်ရနေရာ၌ သတိသဘောလည်း ပါ၏။ ကောင်းသော သညာသဘောလည်းပါ၏။ သတိအစစ် မှန်လျှင် ကုသိုလ်ကောင်းမှု ဆိုင်ရာ၌သာဖြစ်၏။ "ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ၊ ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ ကောင်း" ဟု ဆိုကြသော မမေ့နိုင်မျိုးမှာ အကုသိုလ်ဆိုင်ရာ ဖြစ်၍



သတိအစစ်မဟုတ်၊ သတိကဲ့သို့ အမှတ်အသားကောင်းသော ဤသညာ ပင် ဖြစ်၏။ ဤသို့ စသည်ဖြင့် သတိအခန်း၌ ပြခဲ့သော သတိအတု ကို ပြန်ကြည့်ပါ။

## စေတနာအကြောင်း

မိမိနှင့်အတူဖြစ်ကြသော စိတ်စေတသိက်များကို စေ့ဆော်ခြင်း သည် စေတနာတည်း။ ထို့ကြောင့် "စေတနာတွက်၊ စေ့ဆော်ချက်နှင့်" ဟု ဆိုခဲ့သည်။ ထင်ရှားစေဦးအံ့–အာရုံတစ်ခုကို စိတ်က ယူရာ၌ ဖဿက ထိုအာရုံကို ထိ၏။ ဝေဒနာက ခံစား၏။ သညာက မှတ်၏။ ဤသို့ စသည်ဖြင့် နောက်၌ပြမည့် ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ မနသိကာရတို့လည်း ဆိုင်ရာ တာဝန်ကို ရွက်ဆောင်လျက် စိတ်နှင့် တစ်ပြိုင်နက်ဖြစ်ကြသည်။ လောဘ၊ ဒေါသ စသော မကောင်းတရား၊ သဒ္ဓါ၊ သတိ စသော ကောင်းသော တရားများလည်း စိတ်ကအာရုံ ယူရာတွင် ပါဝင်ကြသည်။

ထိုသို့ ဆိုင်ရာယှဉ်ဖက် စေတသိက်များနှင့်အတူစိတ်က အာရုံကိုယူရာ၌ မည်သည့် စေတသိက်မျှ နောက်ချန်၍ မနေရစ်ရ။ မည်သည့် စေတသိက်မျှလည်း မိမိ တာဝန်ကို မလစ်လပ်စေရ။ အားလုံးစေတသိက်များသည် စိတ်နှင့်အတူအာရုံကို စေ့စေ့စပ်စပ် ကပ်နေသလိုဖြစ်အောင် ယူကြရ၏။ ထိုသို့ အာရုံနှင့် စိတ်စေတသိက်တို့ စေ့စပ်မိအောင် နှိုးဆော်သော တရားကား အခြားမဟုတ်၊ ဤစေတနာ ပင်တည်း။ ထို့ကြောင့် "စေတနာတွက်၊ စေ့ဆော်ချက်နှင့်" ဟု ဆိုခဲ့သည်။

ထပ်မံ၍ ပြဦးမည်– ဆိုင်ရာ စေတသိက်များနှင့်အတူစိတ်က အာရုံယူရာ၌ မည်သည့်တရားမျှ နောက်ချန်၍ မဖြစ်ရကား

www.burmeseclassic.com

www.burmeseclassic.com



အတူဖြစ်ကြရသော စေတသိက်များနှင့် စိတ်ကို အပေါင်းအဖော်တစ်စု (အသင်းတစ်ခု) ဟု သဘောထားပါ။ ထိုအသင်း၌ စိတ်သည် ခေါင်းဆောင် ဥက္ကဋ္ဌ၊ စေတနာကား အကျိုးဆောင်တည်း။ ရိုးရိုး အသင်းများ၌ အကျိုးဆောင်သည် အလွန်ဗျာပါရများ၏။ အသင်းသားများကိုလည်း ဆိုင်ရာကိစ္စ၌ မလစ်လပ်ရအောင် ဆော်ဩရ၊ မိမိကိုယ်တိုင်လည်း အသင်းကိစ္စကို ကြိုးစား၍ လုပ်ရလေသည်။

ထို့ကြောင့် အကျိုးဆောင်မှာ အခြားသော အသင်းသားတို့ထက် ၂ ဆ လောက် တာဝန်ကြီး၏။ ထို့အတူစေတနာလည်း အခြားစိတ်စေတသိက်များကို ဆိုင်ရာကိစ္စ၌ မလစ်လပ်စေဘဲ အာရုံနှင့် စေ့စပ်ကပ်နေသကဲ့သို့ ဖြစ်အောင်လည်း ဗျာပါရများရ၏။ မိမိကိုယ်တိုင်လည်း မိမိကိစ္စကို ဆောင်ရွက်ရသည်။ စစ်တိုက်ရာတွင် စစ်ဗိုလ်လုပ်သူတို့ ဗျာပါရများရပုံကိုလည်း ဥပမာပြုပါ။ ထို့ကြောင့် ကိစ္စတစ်ခုပြုလုပ်ရာ၌ စေတနာက ညံ့နေလျှင် စိတ်လည်းမပါ့တပါ ဖြစ်၏။ အခြားစေတသိက်များလည်း ညံ့ကြသည်။ စေတနာထက်သန် နေလျှင် စိတ်စေတသိက်များလည်း ထက်သန်လာကြ၏။ စိတ်ရော စေတသိက်ပါ ထက်သန်ကြသဖြင့် ခန္ဓာကိုယ်လည်း ထိုကိစ္စအတွက် သွက်လက်လာလေသည်။ ဤသို့လျှင် မည်သည့်အာရုံမဆို အာရုံကို ယူရာတိုင်း၌ စေတနာသာ အချုပ်အခြာ အခရာဖြစ်ပေသည်။

**စေတနာကို ကံဟုခေါ်ရပုံ**

လူတစ်ယောက်ကို အများက ဝိုင်း၍ သတ်ကြရာ၌ အခြားသူတို့က အတော်အတန် ရိုက်နှက်ထိုးနှက်ကြသော်လည်း အရာမျှ မထင်။ လူတစ်ယောက်ကား သူများထက် ၂ ဆလောက် နာအောင် ရိုက်နှက်လိုက်ရာ သေရှာလေ၏။ ထိုလူသတ်မှု၌ သေအောင် ရိုက်နှက်သူသာလျှင်တရားခံ အစစ် အမှုသည်ဖြစ်ရသကဲ့သို့ ထို့အတူ



ဒါန သီလ စသောကုသိုလ်ကံ၊ပါဏာတိပါတ-စသော အကုသိုလ်ကံတို့ကို စိတ်စေတသိက် အများပူးပေါင်း၍ ပြု ကြရာ၌စေတနာသည် သတ္တိအထက်ဆုံး၊ဗျာပါရအလွန်ကဲဆုံး ဖြစ်ရကား၊စေတနာ၏ သတ္တိသာလျှင် ကံပြုသူသန္တာန်၌ အဖတ်တင်ရစ်လေ၏။ ထို့ကြောင့် ကံပြုသူဖြစ်သောအမှုသည် (လက်သည်) ကိုရှာလျှင် စေတနာ အပေါ်မှာသာ သတ္တုကျ၏။ သို့ဖြစ်၍ စေတနာကို "ကံတရား= အမှုသည်=လက်သည်"ဟု အမည်တပ်ကာ "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ "ဟု ဘုရားရှင်ဟောတော်မူသည်။ [ ဘိက္ခုတို့ .....စေတနာကို ကံ-ဟု ငါဘုရားဟောတော်မူ၏။] ဤစကားအရ "စေတနာ ထက်လျှင် ကံကြီး၏။ စေတနာညံ့လျှင် ကံညံ့၏" ဟု မှတ်ပါ။

## ဧကဂ္ဂတာအကြောင်း

တည်ငြိမ်ခြင်း ငြိမ်သက်ခြင်း သဘောသည် ဧကဂ္ဂတာတည်း။ ထို့ကြောင့် "ဧကဂ္ဂတာ၊ တည်ငြိမ်စွာသား" ဟု ဆိုခဲ့သည်။ ဤဧကဂ္ဂတာကို "သမာဓိ" ဟုလည်း ခေါ်ကြသည်။ ဧကဂ္ဂတာ ခေါ်သော သမာဓိ၏ အစွမ်းကြောင့် စိတ်သည် အာရုံကို ယူသောအခါ အာရုံတစ်ခု၌ အတော်ကြာအောင် ထပ်ကာထပ်ကာ ယူနိုင်၏။ ထို့ကြောင့် ဤသမာဓိကို လေငြိမ်ရာ၌ ထွန်းထားသော မီးတောက်၏ ငြိမ်သက်နေပုံကဲ့သို့ အာရုံတစ်ခု၌ တည်တံ့သော (တည်ကြည်သော) ငြိမ်သက်သော တရားဟု ဆိုရပေသည်။

ကမ္မဋ္ဌာန်းအာရုံ တစ်ခုခုကို ယူနေရာ၌ ထိုအာရုံတစ်ခု အပေါ် မှာ ကြာရှည်စွာ ထပ်၍ထပ်၍ အာရုံပြုနိုင်လျှင် "သမာဓိရပြီ၊ သမာဓိအားကောင်းလာပြီ" ဟု ပြောစမှတ်ပြုကြ၏။ ထိုသမာဓိ ဓာတ်ခံအားကောင်းသူသည် အနေအထိုင် တည်ကြည်၏။ အပြော အဆိုလည်း တည်ကြည်၏။ သွားလာရာ၌လည်း ကြန့်ကြာ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်းဆက်ဆံရာ၌လည်း တည့်မတ်၏။ သို့ရာတွင် စွဲမိစွဲရာ အာရုံကိုကား စွဲလမ်းတတ်လေသည်။

## ဇီဝိတိန္ဒြေအကြောင်း

စိတ် စေတသိက် ၂ ပါးကို နာမ်တရား ဟုခေါ်၏။ ထိုနာမ်တရားတို့၏ အသက်သည် ဇီဝိတိန္ဒြေတည်း။ ဖြစ်သမျှ စိတ်စေတသိက်တို့၌ အသက်ပါ၏။ ထို့ကြောင့် ဖြစ်နေသော စိတ်စေတသိက်များသည် အသေမဟုတ်၊ အရှင်များတည်း။ ထိုသို့ အရှင်ဖြစ်သောကြောင့် အာရုံကိုသိနိုင်၏။ အကယ်၍ အသက်မပါဘဲ စိတ်စေတသိက်တွေ အသေချည်း ဖြစ်နေပါမူ မည်သည့်ကိစ္စကိုမျှ ရွက်ဆောင်နိုင်ကြလိမ့်မည်မဟုတ်။ အချုပ်မှာ ဤဇီဝိတိန္ဒြေဟု ခေါ်သော အသက်ပါနေသောကြောင့်သာ စိတ်စေတသိက်တို့ တစ်ခုပြီးတစ်ခု ဆက်၍ မပျက်စီးဘဲ (ကံ အရှိန်ရှိနေသမျှ) တည်နေကြရလေသည်။ ထို့ကြောင့် "မကွာနာမ်သက်၊ ဇီဝိန်ဆက်၍၊ မပျက်မပြုန်း" ဟု ဆိုခဲ့ပေသည်။ နာမ်တရားတို့၌ နာမ်သက်ပါသကဲ့သို့ ရုပ်တရားတို့၌လည်း ရုပ်သက်ပါ၏။ ဤနာမ်သက်နှင့် ရုပ်သက်ဖြစ်သော ဇီဝိတ ၂ ပါးကိုပင် သတ္တဝါတို့၏ အသက်ဟု ခေါ်ရပေသည်။ ထိုရုပ်ဇီဝိတ နာမ် ဇီဝိတ ၂မျိုးအပြင် သတ္တဝါတို့ကိုယ်အတွင်း၌ အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်၊ အတ္တကောင်ဟူ၍ မရှိတော့ပြီ။

## မနသိကာရအကြောင်း

နှလုံးသွင်းခြင်းသဘောသည် မနသိကာရ မည်၏။ ထို့ကြောင့် "နှလုံးသွင်းကို၊ မနသိဆို၏" ဟု ဆိုခဲ့သည်။ "နှလုံးသွင်း" ဟူရာ၌ စိတ်ကို "နှလုံး" ဟုခေါ်၏။ ဤစိတ်နှလုံးအတွင်းသို့ အာရုံတစ်ခုခု ပေါ်ထင်အောင် (သွင်းပေးသကဲ့သို့) ပြုပေးခြင်းကို



"နှလုံးသွင်း" ဟု ခေါ်သည်။ အမှန်အားဖြင့် မနသိကာရသည် စိတ်ထဲတွင် အာရုံ ဝင်=လာအောင် ဆွဲဆောင်သွင်းနိုင်သည်မဟုတ်။ သို့ရာတွင် မနသိကာရ၏အစွမ်းကြောင့်အာရုံတစ်ခုခုအမြဲရလျက် ရှိရကား ဤ မနသိကာရသည်ပင် အာရုံကိုရအောင် ဆောင်ယူသွင်းပေးသကဲ့သို့ တင်စား၍ ပြောဆိုရပေသည်။

**စေတသိက် ၇ပါး စိတ်ဖြစ်တိုင်းပါပုံ**

စိတ်တစ်ခုဖြစ်ရာ၌ အာရုံကို ထိမှု "ဖဿ" နှင့် "မနသိကာရ" တိုင်အောင် စေတသိက် ၇ ပါးတို့ အမြဲပါကြရသည်။ လောဘ၊ ဒေါသ၊ သဒ္ဓါ၊ သတိ စသည်တို့ကား သူတို့ဆိုင်ရာ အာရုံကိုယူသော အခါ၌သာ အပိုပါဝင်လာကြသည်။ ထို ၇ ပါးတွင် တစ်စုံတစ်ခုကို ခံစားနေသောအခါ ဝေဒနာသည် သတ္တိထင်ရှား၍ တစ်စုံတစ်ခုကို မှတ်နေသောအခါ သညာသည် သတ္တိထင်ရှား၏။ ကံတစ်ခုခုကို ပြုနေသောအခါ စေတနာသည် သတ္တိထင်ရှား၍ အာရုံတစ်ခုခုကို စူးစိုက်သောအခါ ဧကဂ္ဂတာ ခေါ်သော သမာဓိက သတ္တိထင်ရှား၏။ ကြွင်းသော ဖဿ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ ၃ပါး တို့ကား ဘယ်အခါမျှ သူတို့သတ္တိ မထင်ရှားလှချေ။

## ဝိတက်အကြောင်း

ကြံစည်ခြင်းသဘောသည် ဝိတက်တည်း။ ထို့ကြောင့် "ထိုထိုကြံစည်၊ ဝိတက်မည်ရှင့်" ဟု ဆိုခဲ့သည်။ ဤကြံစည်ခြင်းကို "စိတ်ကူးခြင်း=စဉ်းစားခြင်း" ဟုလည်း ခေါ်ကြသည်။ ဤဝိတက်သည် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက် ဟု မကောင်းဝိတက် ၃ မျိုး၊ နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက် ဟု အကောင်း ဝိတက် ၃ မျိုးအားဖြင့် ၆ မျိုးပြား၏။

www.burmeseclassic.com

www.burmeseclassic.com



**ကာမနှင့် နေက္ခမ္မဝိတက်**

ရူပါရုံ သဒ္ဒါရုံ စသော ကာမဂုဏ်အကြောင်းအရာ ကာမဂုဏ်အမှုကိစ္စတို့ကို ကြံစည် စိတ်ကူးခြင်း၊ ပစ္စည်းဥစ္စာ ရှာဖွေမှုကို ကြံစည်စိတ်ကူးခြင်း စသော လောဘနှင့် မကင်းသော ကြံစည်စိတ်ကူးခြင်းကို "ကာမဝိတက်" ဟု ခေါ်သည်။ တောထွက်ဖို့၊ ရသေ့ရဟန်းပြုဖို့၊ လှူဒါန်းဖို့၊ ဥပုသ်သီလ ဆောက်တည်နေဖို့၊ တရားအားထုတ်ဖို့စသော လောဘတဏှာမှ လွတ်ကင်းသော ကြံစည်ခြင်းကို "နေက္ခမ္မဝိတက်" ဟု ခေါ်သည်။

**ဗျာပါဒနှင့်အဗျာပါဒဝိတက်**

ဗျာပါဒဟူသည် သူတစ်ပါးကို ပျက်စီးစေလိုသေစေလိုသော ဒေါသတည်း။ ထိုဒေါသနှင့်ယှဉ်သော အကြံကို "ဗျာပါဒဝိတက်" ဟုခေါ်၏။ အဗျာပါဒဟူသည် ဒေါသနှင့် ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာတည်း။ ထိုမေတ္တာနှင့် စပ်ယှဉ်သောအကြံ (သတ္တဝါအများကို ချမ်းသာစေလို ချမ်းသာအောင် ပြုလုပ်လိုသောအကြံ) များကို "အဗျာပါဒဝိတက်" ဟုခေါ်သည်။

**ဝိဟိံသာနှင့် အဝိဟိံသာဝိတက်**

ဝိဟိံသာဟူသည် သူတစ်ပါးကို ညှဉ်းဆဲလို နှိပ်စက်လိုသော ဒေါသတည်း။ ထိုဒေါသနှင့်ယှဉ်၍ ရိုက်ပုတ် သတ်ဖြတ်ဖို့ရန် ကြံစည်ခြင်း၊ တစ်နည်းနည်းဖြင့် ဆင်းရဲဒုက္ခရောက်သွားအောင် ကြံစည်ခြင်းများကို "ဝိဟိံသာဝိတက်" ဟုခေါ်၏။ အဝိဟိံသာဟူသည် ထိုဝိဟိံသာ (ဒေါသ) ဆန့်ကျင်ဘက်ဖြစ်သော ကရုဏာတည်း။ ထိုကရုဏာနှင့် ယှဉ်၍ ဒုက္ခိတ သတ္တဝါများကို ဒုက္ခမှ ကယ်ဆယ်ဖို့ရန် ကြံစည်စိတ်ကူးခြင်း၊ တစ်နည်းနည်းအားဖြင့် ဒုက္ခမှလွတ်ကင်းအောင် ပြုရန် ကြံစည်ခြင်းကို အဝိဟိံသာ ဝိတက်" ဟုခေါ်၏။ မကောင်းသော ဝိတက်များကို ရှောင်ရှား၍ ကောင်းသော ဝိတက် ၃ ပါးကိုသာ ဖြစ်စေကြပါကုန်။



## ဝိစာရအကြောင်း

အာရုံတစ်ခုခုကို အထပ်ထပ် အလီလီ သုံးသပ်ခြင်း သဘောသည် ဝိစာရတည်း။ ဝိတက်သည် အာရုံတစ်ခုသို့ စိတ်ရောက်၍ နေအောင် ကြံစည်ပါသော်လည်း ထိုအာရုံအပေါ်၌ ကြာရှည်စွာ မတည်။ အခြားအာရုံကိုလည်း ဆက်လက်ကြံစည်၏။ ဝိစာရကား ဝိတက်အစွမ်းကြောင့် ရောက်ရှိနေသော အာရုံကို တော်တော်နှင့် မလွှတ်စေဘဲ အထပ်ထပ် ပွတ်တိုက်သကဲ့သို့ ထိုအာရုံကို ထပ်ကာ ထပ်ကာ အာရုံပြုသည်။ ဤသို့ အထပ်ထပ် အာရုံပြုခြင်းကိုပင် ထိုအာရုံကို သုံးသပ်ပွတ်တိုက်သလို ဖြစ်နေသောကြောင့် "အလီလီ သုံးသပ်၊ ဝိစာရ မှတ်လော့" ဟု ဆိုခဲ့ပေသည်။

## အဓိမောက္ခအကြောင်း

ဆုံးဖြတ်ခြင်းသဘောသည် အဓိမောက္ခတည်း။ ကိစ္စတစ်ခုခုကို ပြုလိုသောအခါဖြစ်စေ၊ အာရုံတစ်ခုခုကို အမှားအမှန် ဝေဖန်သောအခါဖြစ်စေ ဤဆုံးဖြတ်ချက်ချတတ်သောအဓိမောက္ခသဘော ပါရပေသည်။ ပါဏာတိပါတ စသော ဒုစရိုက်မှုနှင့် ဒါန သီလ စသော ကောင်းမှုတို့လည်း ဤအဓိမောက္ခ ဆုံးဖြတ်လိုက်မှု အထမြောက်ကြသည်။ ထို့ကြောင့် "ဆုံးဖြတ်–မိမောက္ခ" ဟု ဆိုခဲ့ပေသည်။ သူတစ်ပါးက လိမ်သည်ကို ယုံရာ၌လည်း သိဒ္ဓါမဟုတ်၊ ဤ အဓိမောက္ခဖြင့် အမှားကို ဆုံးဖြတ်ချက်ချခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# ဝီရိယအကြောင်း

အားထုတ်ခြင်းသဘောကို "ဝီရိယ" ဟု အများနားလည်ကြပြီ။ ထိုအားထုတ်ခြင်းသဘောကို စဉ်းစားလျှင် ဆိုင်ရာ ကိစ္စကို ပြုလုပ်ဆောင်ရွက်ဖို့ရာ မကြောက်မရွံ့ ရဲဝံ့ခြင်း သဘောတည်း။ ထို့ကြောင့် "ရဲစွမ်းရောက်က၊ ဝီရိယ"ဟု ဆိုခဲ့ပေသည်။ ထိုစကားမှန်၏၊ ဝီရိယ လုံ့လကင်းမဲ့သူကို "အပျင်းထူသူ" ဟု ခေါ်ကြသည်။ ထိုပျင်းကား အလုပ်တစ်ခုရှိလျှင် "စောပါသေးတယ်၊ မိုးချုပ်လှပြီ၊ ချမ်းလှသေးတယ်၊ နေပူလွန်းပါသေးတယ်။ ယနေ့ ထမင်းစားလို့ မကောင်းဘူး၊ ယနေ့ ထမင်းအများကြီးစားမိလို့ နည်းနည်း နေမကောင်းဘူး။ နေကောင်းပြီးစမို့ ခရီးသွားစရာ ရှိသေးလို့၊ ခုမှ ခရီးပြန် ရောက်စမို့" စသည်ဖြင့် ဆင်ခြေပေးလျက် အလုပ်လုပ်ရမည့် အရေးကို တွေ့၍ ကြောက်နေတတ်၏။ ထိုသို့ ပျင်းနေသောစိတ်သည် ကုသိုလ်စိတ် မဟုတ်။ ထိန မိဒ္ဓ လွှမ်းကဲသော အကုသိုလ် စိတ်ပင်ဖြစ်သည်။

ဝီရိယ လုံ့လရှိသူကား အအေး အပူစသည်လောက်ကို မဆိုထားဘိ၊ တကယ့် ကိစ္စကြုံလာလျှင် အသက်ကိုပင် ထိမထင်ဘဲ ရင်ဆိုင်တွေ့နေသော ကိစ္စကိုပင် အားပါးတရ ပြုလုပ်ရဲလေသည်။ မဟာဇနကဇာတ်၌ ရွက်သင်္ဘောကြီး ပျက်ခါနီးမှာ ကုန်သည် ၇၀၀ တို့သည် ဝီရိယကို လျှော့၍ မိရိုးဖလာနတ်များကို တိုင်ကြ၊ ပ,သကြ သော်လည်း ကယ်ဆယ်သူပေါ်မလာ၊ ငါးလိပ်တို့၏ အစာသာ ဖြစ်ကြရသည်။ အလောင်းတော်ကား မည်သည့်နတ်ကိုမျှ အားကိုးမနေဘဲ ရဲစိတ် ရဲသွေး ဝီရိယဓာတ်ကို အထပ်ထပ်မွေးပြီးလျှင် ပင်လယ်ရေပြင်ကို လက်ပစ်ကူးကာ ဥပုသ်ကိုပင် စောင့်သုံးတော်မူခဲ့ပေသေးသည်။ ဤသို့လျှင် ဝီရိယ ဟူသည် တွေ့ကြုံလာသော ကိစ္စ၌ မကြောက်မရွံ့ ရဲဝံ့သော သဘောတည်း။



**ကျန်းမာရေး**

ဝီရိယအကျိုးသည် လောကတွင် များစွာ ထင်ရှား၏။ ကျန်းမာရေး လိုက်စားရာ၌ လမ်းမှန်မှန် လျှောက်ခြင်း၊ (အဝေး မလျှောက်သာလျှင် မိမိနေအိမ်၏ အနီးအပါးမှာပင် လျှောက်ခြင်း)၊ အစာကို အချိန်မှန်မှန် စားသောက်ခြင်း၊ အလေးအပေါ့ကို ပျင်းသည့်အတွက် (ဆောင်းအခါ အိပ်ရာမှာ ဖြစ်စေ) ချုပ်တည်း မထားခြင်း၊ သင့်တော်သောအချိန်ဝယ် ရေချိုးခြင်း၊ သင့်တော်သော ဆေးဓာတ်စာများကို အချိန်မှန်မှန်စားခြင်း စသည်တို့ကို ပြုကြရသည်။ ထိုအားလုံးကို ဝီရိယကင်း၍ အပျင်းထူနေက မဖြစ်နိုင်။ ထို့ကြောင့် ဝီရိယရှိသူမှ ကျန်းမာရေး လိုက်စားနိုင်သည်။

**စီးပွားရေး**

စီးပွားရှာရေးတွင်လည်း အပူအအေး စသည်တို့ကို ကြောက်ရွံ့နေလျှင် ဝီရိယရှိသူများက ထိုသူ့အရင် ရောင်းဝယ်နှင့်ကြသဖြင့် ဝီရိယကင်းသူမှာ အရာရာပင် နောက်ကျ၍ နောက်ချေးနှင့်သလဲသာ ရတော့လတ္တံ့။ မြန်မာအမျိုးသားတို့ ဝီရိယနည်းပါးပုံမှာ စံနမူနာ တင်လောက်ပါပေသည်။ လူမျိုးခြားတို့က နံနက်စောစော ထပြီးလျှင် ကျက်သရေရှိအောင် ရောင်းရေးဝယ်မှုကို ပြင်ဆင်သူကပြင်၊ နေရာထိုင်ခင်း လှည်းကျင်းသူက လှည်းနှင့် ရေမိုးချိုးကာ အဝတ်အစားလဲ၍ လက်ဖက်ရည် ကလေးများသောက်ပြီးမှ အလုပ်ခွင်၌ ဝင်နေချိန်ဝယ် များစွာသော မြန်မာလူမျိုးတို့က အိပ်ရာမှ မထကြသေး။ အိပ်ရာမှ ထခါနီးလည်း လွှန့်ကာ လိမ့်ကာ သန်းကာ ဝေကာနှင့် မိမိ၏ အ အပျင်းတွေကို အတော်ကြာကြာ မှုတ်ထုတ်ပြီးမှ အနိုင်နိုင်ထပြီး နောက် အတော်ကြာကြာပင် ကျက်သရေမရှိသော ပုပ်သိုးသိုး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖြင့် မှိုင်နေလိုက်ကြသေး၏။ ထို့မျှလောက် အပျင်းထူနေသူတွေ အဘယ်မှာ စီးပွားရေးဘက်က တန်းတက်နိုင်တော့အံ့နည်း။

**အမျိုးသမီးများ ကျေးဇူး**

မြန်မာအမျိုးသမီးတို့ကား ကုန်သန်းရောင်းဝယ်ရေး၌ ကိုယ်တိုင် ပါဝင်နေကြရာ၏။ များစွာသော ဈေးသည်တို့မှာ အမျိုးသမီးများသာ ဖြစ်သည်။ ထိုဈေးသည် အမျိုးသမီးများ အရွယ်လောက်ရှိသော အမျိုးသားတို့ကား ကျောင်းနေသူနေ၊ အလုပ်လက်မဲ့ဖြစ်သူက ဖြစ်နှင့် မိမိတို့ မိဘနှင့် အစ်မ နှမများကို မှီခိုအားကိုး၍ နေကြရ၏။ မြန်မာအမျိုးသမီးတွေသာ အိမ်တွင်းပုန်း လုပ်နေကြပါမူ ဤမြန်မာနိုင်ငံ သည်ယခုထက်ပင် အောက်ကျနောက်ကျ ဖြစ်ဖွယ်ရှိ၏။ အမျိုးသမီး များ၏ ကျေးဇူးကြောင့် ယခုလောက် အခြေအနေမှာ တည်နေနိုင်ကြ သည်။

**နှစ်ဖက်စလုံး ကြိုးစားလျှင်**

စီးပွားရေး၌ အမျိုးသမီးများ ကြိုးစားကြသလို အမျိုးသား အားလုံး ကြိုးစားကြမည် ဆိုပါလျှင် (မြို့များ၌ အမျိုးသားတို့က တစ်ဖက်တစ်လမ်း စီးပွားရှာနိုင်ကြလျှင်) ဤမြန်မာနိုင်ငံသည် ထွန်းသစ်စ လဝန်းကဲ့သို့ လန်းဆန်းရွှန်းဝေ ကျက်သရေ အမျိုးမျိုး ထွက်၍ တိုးတက်သော နိုင်ငံကလေး ဖြစ်လောက်ပေသည်။

**ပညာရေး**

အမျိုးသားတို့သည် စီးပွားရေးဘက်တွင်သာ အချက်မကျသည် မဟုတ်သေး၊ ပညာရေးဘက်မှာလည်း ဂေဇက်ကိုကြည့်လျှင် ဂုဏ်ထူး ဆောင်နှင့် အောင်မြင်သူ နည်းပါးလှသည့်အပြင် အထက်တန်း ပညာရပ်များ၌လည်း အခြားလူမျိုးများထက် ရာခိုင်နှုန်းနည်းပါး သည်ဟု ကြားရ၏။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ အမေက အမွေးညံ့၍ချည်း



မဟုတ်တန်ရာ။ ကျောင်းတော်ကြီးများဝယ် ငွေကုန်ကြေးကျများစွာ ခံပြီး နေကြပါလျက် ငွေထောက်ပံ့ကြရသော မိဘ အစ်ကို အစ်မ တို့ကို မငဲ့ညှာဘဲ လုံ့လဝီရိယကင်း၍ အပျင်းပေါပြီး ကမြင်းကြော ထနေမှုတို့ကြောင့်သာ အများအပြား ဖြစ်တန်ရာ၏။

ကျောင်းတော်သို့ ရောက်ကြသည့်အချိန်မှာ အသက် ၂၀နီးပါး ရှိကြပေလိမ့်မည်။ ထို့မျှလောက် အသက်မကြီးကြသော တပင်ရွှေထီး၊ ဘုရင့်နောင်၊ မင်းရဲကျော်စွာ စသော လူမျိုး၏ ကျက်သရေဆောင် လူငယ်တွေ ထွန်းကားခဲ့သော အမျိုးသားဖြစ်ပါလျက် ငါတို့ လက်ထက်မှ အဘယ်ကြောင့် အပျင်းဘဝ၌ အဖျင်းအအ လုပ်နေကြ သနည်း။ ရဲမာန် ရဲသွေး ရဲစိတ်မွေးကာ ရဲဇာနည်စိတ်ထားဖြင့် ရဲရဲတောက်တောက် ကလေးများ ဖြစ်သင့်ကြသည် မဟုတ်လော။

လူတို့ဘက်၌သာ ပညာစံချိန် ညံ့သည် မဟုတ်သေး။ သာသနာ ပညာလည်း အခါအလျောက် အောက်ကျလျက်ပင်။ မှန်၏။ ရှေးက ဘုန်းတော်ကြီးများသည် ရပ်သူနယ်သား လူအများ၏ ဆရာဖြစ်ရုံ သာမက မြို့ပြတို့၌လည်း မင်းညီမင်းသား မှူးမတ်သားတို့၏ ဆရာတော်များ ဖြစ်ကြသည်။ မိမိတို့သည် အခါနှင့် လိုက်အောင် ပညာရေးကို ပြုပြင်နိုင်ကြခဲ့လျှင် ယခုအချိန်မှာလည်း တိုင်းသူ ပြည်သားတို့၏ ဆရာအဖြစ်၌ တည်နိုင်ဖွယ်ရှိ၏။ ယခုသော်ကား ထိုကဲ့သို့ မပြုမပြင်နိုင်ကြမှုကြောင့် ဆရာအဖြစ်မှပင် လျှောကျရုံ သာမက တချို့ ကျေးရွာကျောင်းရွာကျောင်းများ၌ ဆွမ်းခံပေးမည့် ကလေးပင် မရှိတော့ချေ။ ဤအချက်ကား မြန်မာနိုင်ငံအတွက် သာသနာရေး အသက်ငင်နေခြင်းပင် ဖြစ်တော့သည်။ ဤသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှင်းရလျှင် ကိုယ့်အလိုပ် ကိုယ် ဖြေပြရာ ရောက်မည်ဖြစ်၍ မရှင်းလင်းလိုတော့ပါ။ ဤသို့ ကျန်းမာရေး

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေး၊ ပညာရေး စသည်တို့ဖြင့် အဘက်ဘက်က အောက်ကျ နောက်ကျ ဖြစ်ကြရခြင်းမှာ လုံ့လဝီရိယကင်း၍ အပျင်းများမှုကြောင့် ဖြစ်သည်။

**ဝီရိယကြောင့် ဘုရားဖြစ်**

ငါတို့ ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်တိုင် ဝီရိယ ပါရမီကို ကြိုးစား၍ ဘုရားဖြစ်တော်မူသည်။ ဘုရားဖြစ်တော်မူ ပြီးလည်း မနားမနေ တရားဟောတော်မူခဲ့ပေ၏။ ထို ဟောတော်မူသမျှ တရားတိုင်းမှာ သိဖို့က ပထမ၊ သိသည့်အတိုင်း ကြိုးစားဖို့က ဒုတိယထား၍

"ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော"

"ယောက်ျားမှန်က ကြိုးစားသင့်စွာ၊ ပညာရှိ မပျင်းမရိရာ" ဟု ဟောတော်မူသည်။

**ပြင်ကြဦးစို့**

ဗုဒ္ဓကို အားကိုးသူ၊ ဗုဒ္ဓတရားကို လိုက်နာသူ ဗုဒ္ဓဘာသာဝင် ဟု၍ အခေါ်ခံနေကြသော မွန်မြန်မာတို့မှာ ဗုဒ္ဓ၏ တရားတော်ကို သင့်တော်ရာ ချိတ်ထားလိုက်ကြသဖြင့် ဘာသာခြားတို့က ဗုဒ္ဓ၏ တရားတော်နှင့်အညီ လောကီရေးရာဝယ် လိုက်စားလျက် ရောမ မနရှင် ပညာရှင်ကြီးများ ဖြစ်နေကြလေပြီ။ ဗုဒ္ဓဘာသာဝင်တို့ကား ရှင်ပြုတုန်းက ရွှေထီးဆောင်းရသည်ကိုပင် ဂုဏ်ယူကာ ဝတ်သာ မြင့်အောင် စိတ်ထားသော်လည်း လူအနေမှာမူချုံကြားက မထွက် နိုင်ကြသေးချေ။ ထို့ကြောင့် "တို့ သားအဖတစ်စု ပြင်ထိုင်ကြဦးစို့" ဟူသကဲ့သို့ ငါတို့ တစ်စုလည်း အပျင်းကို ပယ်ရှား၍ ဝီရိယသမား ဖြစ်အောင် ပြင်ကြဦးစို့။



"ဝီရိယဝတော ကိံ နာမ န သိဇ္ဈတိ= လုံ့လဝီရိယ ရှိသူမှာ မပြီးနိုင်သော အရာမရှိ"

[ဝီရိယကောင်းဖို့ရန် တိုက်တွန်းသော်လည်း ဆင်ကန်းတောတိုး သဘောမျိုးဖြင့် အကျိုးမများသော ဝီရိယကို မဆိုလို။ စဉ်းစားဉာဏ် ပါသော ဝီရိယကိုသာ ဖြစ်စေလိုသည်။]

**ပီတိအကြောင်း**

အာရုံတစ်ခုခုကို နှစ်သက်အားရ သဘောကျခြင်းသည် ပီတိတည်း။ ထို့ကြောင့် "အားရနှစ်သက်၊ ပီတိဆက်၍" ဟု ဆိုခဲ့သည်။ ဤပီတိသည် သုခဝေဒနာကဲ့သို့ ခံစားခြင်းမဟုတ်။ နှစ်သက်အားရခြင်း၊ သဘောကျခြင်းမဟုတ်။ ရေငတ်သူသည် ရေရှိကြောင်းကို ကြားရ၊ ရေကို မြင်ရသောအခါ နှစ်သက်၏။ ပီတိဖြစ်၏။ ရေကိုသောက်ရသောအခါ သုခဝေဒနာဖြစ်သည်။

မိမိချစ်သူကို မြင်ရသည်ဖြစ်စေ၊ စကားအတူ ပြောနေရသည် ဖြစ်စေ၊ သီချင်းသံကို ကြားရသည်ဖြစ်စေ၊ တရားသံကို ကြားရသည် ဖြစ်စေ ကြက်သီးထလာအောင် နှစ်သက်ခြင်းဖြစ်၏။ ထိုနှစ်သက်မှု သည် ပီတိပင်တည်း။ ရှေးတုန်းက အမျိုးသမီးတစ်ယောက် တောင်ပေါ်က ဘုရားပွဲတော်အချိန်မှာ ကိုယ်လေးလက်ဝန် ရှိနေသော ကြောင့် ဘုရားပွဲသို့ မလိုက်ရသဖြင့် မိမိအိမ်မှနေ၍ တောင်ပေါ်ဘုရားကို ဖူးမြော်ရင်း ဖူးမြော်ရင်း အလွန်အမင်း နှစ်သက်ရကား ထိုပီတိ အဟုန်ကြောင့် တစ်ကိုယ်လုံး မြောက်ပြီးလျှင် ဘုရားရင်ပြင်တော်သို့ ရောက်မှန်းမသိ ရောက်သွားဖူးသတဲ့။

ကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုနေစဉ် (အလှူပေးနေစဉ်) မိမိလှူဖွယ်များကို ကြည့်၍လည်းကောင်း၊ စားကြ သောက်ကြသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍လည်းကောင်း ဤပီတိများ ဖြစ်တတ်၏။ တစ်ခါတစ်ရံ ထိုကဲ့သို့ ပီတိအရင်းခံ၍ အပြင်းအထန် နှစ်သက်လေရာ တဏှာ မကင်းသော သောမနဿလည်း ဖြစ်တတ်၏။ ထိုအခါ မျက်နှာလည်း တပြုံးပြုံး တစ်ကိုယ်လုံးလည်း တရွရွ တကြွကြွနှင့် ဖြစ်နေတတ်လေသည်။ ကျန်းမာရေး ပညာရေး စီးပွားရေးများ၌ ဝီရိယသန်သန်ဖြင့် မှန်မှန်ကြီး လိုက်စားနေသူတို့သည် တစ်နေ့နေ့၌ မိမိရည်ရွယ်သလောက် အကျိုးရ၏။ ထိုအခါ မိမိအလုပ်များကို ကြည့်၍ ပီတိဖြစ်နေတတ်လေသည်။

ဘုရားရှင်ကိုယ်တော်မြတ်သည်ပင် မဟာဗောဓိပလ္လင်တော်မှ ထပြီးနောက် ကိလေသာအားလုံးကို သတ်ဖြတ်၍ ဘုရားဖြစ်တော်မူရာ မဟာဗောဓိမဏ္ဍိုင် အရပ်ကို ကျေနပ်သော လက္ခဏာ၊ လွန်စွာ နှစ်သက်သော ပီတိဖြင့် ၇ ရက်လုံး မမှိတ်ဘဲ ကြည့်တော်မူပါသည်။ တရားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်များလည်း တရားကို သဘောကျ၍ ထိုင်နေရာမှ မထချင်အောင် ပီတိက ဆွဲဆောင်ထားတတ်ပေသည်။ ဤသို့လျှင် ဝီရိယရှင်တို့၌ မြင့်မြတ်သော ပီတိများလည်း များစွာ ဖြစ်ခွင့်ရှိသည်။

## ဆန္ဒအကြောင်း

အာရုံတစ်ခုခုကို ပြုလိုခြင်း (ရယူလိုခြင်း) သဘောသည် ဆန္ဒတည်း။ "ပြုလိုခြင်း ရယူလိုခြင်း" ဟူရာ၌ လောဘကဲ့သို့ စွဲလမ်းတတ်ခြင်း၊ ကပ်ငြိခြင်းမဟုတ်၊ ပြုလိုရုံမျှ ရလိုရုံမျှသာ ဖြစ်သည်။

ထို့ကြောင့် "သက်သက်အာရုံ၊ ပြုလိုရုံမျှ၊ ဆန္ဒသဘော" ဟု ဆိုခဲ့သည်။ ဤဆန္ဒသဘောလည်း သတ္တဝါတို့၌ အလွန်ထင်ရှား၏။



ကလေးငယ်သည် ဖခင်လက်မှ မိခင်လက်သို့ လိုက်ချင်၍ လက်လှမ်း၏။ ဤလိုက်ချင်မှုသည် ဆန္ဒတည်း။ ဟိုသွားချင် သည်လာချင်၊ တစ်စုံတစ်ယောက်ကို တွေ့ချင်မြင်ချင်၊ ကြားချင်၊ နာချင်၊ နမ်းချင်၊ စားချင်၊ ကိုင်ချင်၊ ထိချင်၊ တတ်သိနားလည်ချင်မှု အစုစုသည် ဆန္ဒချည်းတည်း။

နိဗ္ဗာန်လိုချင်၊ အဂ္ဂသာဝက မဟာသာဝက ဖြစ်ချင်၊ ဘုရားဖြစ်ချင်၊ ရှင်ဘုရင်ဖြစ်ချင်၊ သူဌေးဖြစ်ချင်၊ နတ်ဖြစ်ချင်၊ ဗြဟ္မာဖြစ်ချင်၊ ရသေ့ရဟန်းပြုချင်၊ လှူဒါန်းချင်၊ ဥပုသ်စောင့်၍ နေချင်၊ ကုသိုလ် ရချင်စသည်တို့လည်း ဆန္ဒပင်တည်း။ တော်ရုံတန်ရုံ လိုချင်မှု၌ ဆန္ဒအားသေး၏။ မရမကလိုချင်၊ မဖြစ်မနေ ဖြစ်ချင်မှုများ၌ကား ဆန္ဒအားကြီး၏။ ဤဆန္ဒကို အရင်းခံ၍ ဝီရိယသန်သန်ဖြင့် ဝါရမီ =ဖြည့်တော်မူခဲ့သောကြောင့် နောက်ဆုံး၌ ဆန္ဒတော်အတိုင်း ဘုရား ဖြစ်တော်မူရသည်။

ထိပ်တန်းရောက်ရန် အခြေခံဆန္ဒမျှ မရှိသေးလျှင် ထက်သန် သော ဝီရိယကို မည်သူမျှ ပြုကြမည်မဟုတ်။ သို့ဖြစ်၍ အကျိုးကျေးဇူး တစ်ခုခုရလိုသော ဆန္ဒကို ပထမဖြစ်စေရမည်။ ဤဆန္ဒမျိုးကို "အာသာ" ဟုလည်း ခေါ်သည်။ [အာသာ= လိုလား တောင့်တခြင်း] ထို့နောက် အာသာဆန္ဒရှိရုံနှင့် (ဆုတောင်းနေရုံမျှနှင့်) မရနိုင်ကြောင်း ကို နားလည်ကာ စိတ်ပါလက်ပါ ဝီရိယစိုက်ရမည်။ ထင်ရှားစေအံ့-မန္တလေးမှ ရန်ကုန်သို့ သွားလိုခြင်းသည် ဆန္ဒတည်း။ ထိုဆန္ဒရှိရုံ ဖြင့်ကား ရန်ကုန်မရောက်နိုင်။ ရန်ကုန်သွားနိုင်အောင် ငွေရှာရမည်။ မီးရထားဖြင့်သွားလိုလျှင် မီးရထားစရိတ် လုံလောက်အောင် ရှာရမည်။ လေယာဉ်ပျံဖြင့် သွားလိုလျှင် လေယာဉ်ပျံစရိတ်ကို လုံလောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ရှာရမည်။ ထိုသို့ ရှာရခြင်းကား ဝီရိယသဘောတည်း။ ထို့အတူပင် နိဗ္ဗာန်ရလိုလျှင် ဘုရားအဖြစ် သာဝကအဖြစ် အမျိုးမျိုးနှင့်တန်အောင် ပါရမီ ရှာရမည်။

ယခုကာလ လူ့ဘက်ရှင်ဘက်၌ အထက်တန်း ရောက်နေကြသူတို့သည် ဘုန်းနှင့်သမ္ဘာ ထက်ကြပ်ပါ၍ စိတ်သွားတိုင်း ကိုယ်ပါလျက် လိုရာပြီးစီးနိုင်သော မိုးပေါ်ကျ ရွှေကိုယ်တော်များ မဟုတ်ကြချေ။ အာသာဆန္ဒအလိုကို ဝီရိယ စိုက်ထားသူတွေသာ များပေသည်။ ထို့ကြောင့် အလွန်ရခဲလှသော မနုဿတ္တ ဒုလ္လဘကို ရှေးကံကောင်းထောက်မ၍ ရကြပြီး ဖြစ်ပါလျက် တိုးတက်လိုသော အာသာဆန္ဒကင်း၍ အဖျင်း အအ အပျင်းအနတွေ ဖြစ်နေပါလျှင် တိရစ္ဆာန်ဘဝနှင့် မခြားရတော့ကား မိမိကိုယ်ကို ယခုဘဝလည်း အထက်တန်းရောက်အောင် နောင်သံသရာလည်း မဂ်လမ်းပေါက်အောင် ထက်သန်သော အာသာဆန္ဒကို ကိုယ်စီကိုယ်င ဖြစ်စေကြပါကုန်။

"ဆန္ဒဝတော ကိံ နာမ နသိဇ္ဈတိ= ဆန္ဒရှိသူမှာ မပြီးနိုင်သော အရာ မရှိ"

"အာသာ ဖလဝတီ သုခါ= တောင့်တမှုသည် ကြိုးစား၍ အကျိုးရလျှင် ချမ်းသာကို ဖြစ်စေနိုင်၏။"

## နိဂုံး

ဤမျှလောက်သော စကားအစဉ်ဖြင့် ဆားကဲ့သို့ ကောင်းဆိုးနှစ်တန် ခပ်တိုင်းငန်သော စေတသိက်များ ပြီးဆုံးပေပြီ။ ဤစေတသိက်များကို ထင်ရှားအောင် ရေးသားရကြောင်း ကောင်းမှုဝဋ္ဋိပတ် အကျင့်မြတ်ကြောင့် ဤကျမ်းကို ကြည့်ရှုသူတို့ ကုသိုလ်



ကိစ္စဝယ် ထက်သန်သော ဆန္ဒ ဝီရိယနှင့် ထက်သန်သော စေတနာထားနိုင်ကြပါစေ။ ဖြစ်လေသမျှ ဘဝတိုင်းမှာ ငါ့တွက်တာမှု သမ္မာဆန္ဒ ဝီရိယဖြင့် ပုညကောင်းမှု အစုစုတို့ကို ပြုကာပြုကာ အချိန်ကို ကုန်လွန်စေလိုပါသည်။ ငါ၏ အဆက်အသွယ် ကြီးကြီးငယ်တို့လည်း ပါရမီကိစ္စအဝဝ၌ ထက်မြက်သော စေတနာနှင့် သမ္မာဆန္ဒ ဝီရိယရှင်တို့ချည်းသာ ဖြစ်ကြပါစေ။

ပင်ကိုသဘော၊ ကောင်းဆိုးရောလျက်၊ စိတ်ဓောခြယ်လှယ်၊ ဆယ်သုံးသွယ်ကို၊ အကျယ်ရေးဖွင့်၊ ဤအကျင့်ကြောင့်၊ အသင့်စိတ်ထား၊ ဗိုလ်လူများတို့၊ တက်ကြွဝေဆာ၊ စေတနာနှင့်၊ သမ္မာဆန္ဒ၊ ဝီရိယမျိုး၊ ကိုယ်စီနိုး၍၊ အကျိုးရစေ၊ ငါ့အနေမှု၊ ဘဝေဘဝ၊ ဖြစ်သမျှ၌၊ ဆန္ဒလည်းတင့်၊ လုံ့လရင့်လျက်၊ ဆင့်ဆင့်ဝေဆာ၊ စေတနာဖြင့်၊ ကောင်းရာထိုထို၊ ပြုစွမ်းလို၏။ နဂိုအရင်း၊ ငါ့အသင်းလည်း၊ မယွင်းငါ့တူ၊ စိတ်ကောင်းယူသည်၊ နိဗ္ဗူထုတ်ချောက် ရောက်ရန်သောဝ်။

စိတ်ကောင်း စိတ်ဆိုး၂မျိုးလုံး၌ ပါဝင်သော စေတသိက်များ ပြီး၏။

## ပဉ္စမအခန်း

[ဤအခန်း၌ စရိုက် ဝါသနာအကြောင်းပါသည်။]

ဤပြခဲ့သော အခန်း ၄ ခန်းဖြင့် စိတ်စေတသိက်တို့ ဖြစ်ပုံကို နားလည်လောက်ပြီ။ စိတ်ကောင်း စိတ်ဆိုး အမျိုးမျိုးဖြစ်မှုများ၌ ယခု တစ်ဘဝနှင့်သာ သက်ဆိုင်သည် မဟုတ်သေး။ ရှေးရှေးဘဝက အထုံဝါသနာနှင့်လည်း ဆိုင်သေး၏။ ရှေးရှေးဘဝက

www.burmeseclassic.com

www.burmeseclassic.com



အထုံကောင်း ပါလာသူသည် ယခုဘဝ၌ စိတ်ကောင်းရှိတတ်၏။ ရှေးရှေးဘဝက အထုံဝါသနာဆိုး ပါလာသူသည် ယခုဘဝ၌ စိတ်ကောင်းရှိအောင် ပြုပြင်ဖို့ ခဲယဉ်းလှ၏။

ပညာရှိ သူတော်ကောင်းနှင့် ပေါင်းမိ၍ "စိတ်ကို ပြင်ပါသည်" ဟုဆိုသော်လည်း ပညာရှိ သူတော်ကောင်းနှင့် ဝေးနေရသောအခါ "မိုးဝေးသောချိပ်" ပမာ စိတ်ကြမ်း စိတ်ယုတ်မာတွေသာ ပြန်၍ ဖြစ်တတ်၏။ ခွေးမြီးကောက်ကို ဖြောင့်လာအောင် ပြုပြင်သူသည် ၁၂နှစ်လုံးလုံး ဆီဖြင့် နှူးကာ ကျည်တောက်ကို စွပ်ထားသော်လည်း ကျည်တောက်ကို ချွတ်လိုက်သည်နှင့် တစ်ပြိုင်နက်ကောက်မြဲ ကောက်သကဲ့သို့ ဖြစ်လေသည်။

ခွေးသည် ကောင်းစွာ ကျွေးထားသဖြင့် အစာဝနေသော်လည်း ဖိနပ်စုတ်တွေ့က မစားနိုင်စေကာမူ နမ်းကြည့်ရမှ ကျေနပ်သကဲ့သို့ သန္ဓေဆိုးအထုံပါလာ၍ ဝါသနာဓာတ်ခံ ညံ့ဖျင်း နေသူသည်လည်း ဆိုင်ရာ ပညာရှင် သူတော်စင်တို့က အထက်တန်းသို့ ရောက်အောင် မြှောက်တင်ထားသော်လည်း သူ၏ ယုတ်ညံ့သော ဝါသနာမှာ မပျောက်နိုင်ဘဲ ရှိတတ်လေသည်။ ထို့ကြောင့် မိမိကိုယ်ကို ဖြစ်စေ၊ မိမိနှင့် စပ်ဆိုင်သူကို ဖြစ်စေ "မည်ကဲ့သို့ အထုံ ဝါသနာမျိုး ပါရှိခဲ့ပါလိမ့်မည်နည်း" ဟု စဉ်းစားတတ်ဖို့ရာ စရိုက်အကြောင်း အရာကို ရှေးဦးစွာ နားလည်သင့်ကြပေသည်။

**စရိုက်**

ပင်ကိုရိုးရာ သူတကာ ဖြစ်နေကျထက် လွန်လွန်ကဲကဲ ဖြစ်တတ်သော သဘောကို "စရိုက်"ဟု ခေါ်သည်။ ထိုစရိုက်သည် ရာဂ၊ ဒေါသ၊ မောဟ၊ သဒ္ဓါ၊ ဗုဒ္ဓိ၊ ဝိတက်အားဖြင့် ၆ ပါးပြား၏။



[လောဘကို ရာဂဟုလည်းကောင်း၊ ဉာဏ်ပညာကို ဗုဒ္ဓိ ဟု လည်းကောင်း ခေါ်၏။ ဒေါသ စသည်မှာပြခဲ့သော စေတသိက်များတည်း။] [သတ္တဝါတစ်ယောက်၌ ထိုစရိုက် ၆ပါးတွင် တစ်ပါး ဖြစ်စေ၊ ၂ ပါး၊ ၃ ပါး စသည် ရောလျက်ဖြစ်စေ ဖြစ်လေ့ရှိ၏။]

**အကဲခတ်နည်း**

"ဤသူသည် မည်သည့် စရိုက်ရှိသူ ဖြစ်ပါလိမ့်မည်နည်း" ဟု အကဲခတ်ဖို့ရာ အသွား၊ အလာ ၊ အနေ၊ အထိုင်ကိုလည်းကောင်း၊ သူကြိုက်တတ်သော အစာကိုလည်းကောင်း၊ အဖြစ်များသော တရားကို လည်းကောင်း သတိပြု၍ ကြည့်ရှုအကဲခတ်ရသည်။ ထိုစရိုက် အမျိုးမျိုးရှိသူတို့တွင် ရာဂနှင့်သဒ္ဓါ စရိုက်ရှိသူ၊ ဒေါသနှင့် ဗုဒ္ဓိစရိုက် ရှိသူ၊ မောဟနှင့် ဝိတက်စရိုက် ရှိသူမှာ သွားလာနေထိုင် အလုပ်အကိုင် အစားအသောက်မှစ၍ သဘောတူတတ်ကြသည်။

ရာဂစရိုက်နှင့် သဒ္ဓါစရိုက်ရှိသူ၂ ဦးလုံးပင် အသွားအလာ-အနေအထိုင် ယဉ်ကျေး၏။ အဝတ်ဖွပ်မှု၊ တံမြက်လှည်းမှု စသော အလုပ်တို့၌ သေသေသပ်သပ် ရှိ၏။ ချိုဆိမ့် မွှေးကြိုင် ပျံ့လှိုင် နူးညံ့သော အစားအသောက် အသုံးအဆောင်ကို နှစ်သက်၏။ ထို ၂ ယောက်တို့ ထူးခြားပုံကား– ရာဂစရိုက်ရှိသူသည် ကာမဂုဏ် အာရုံများကို မခွဲနိုင် မခွာရက်နိုင်အောင် စွဲမက်တတ်၏။ ပရိယာယ် မာယာများ၏။ ကောက်ကျစ်စဉ်းလဲမှု သာဌေယျပေါ၏။ မာန လောဘကြီး၏။ သဒ္ဓါစရိုက် ရှိသူကား မာယာ သာဌေယျနှင့် မာန လောဘတို့ မကြီးမားဘဲ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိ၏။ ဝတ်ကျောင်း ဘုရား သံဃာများကို ဝပ်တွား ဆည်းကပ်လေ့ဖြစ်တတ် ပူဇော်ကာ တရားနာလေ့ရှိသည်။ [သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှု

www.burmeseclassic.com

www.burmeseclassic.com



ဤ ၄ပါးကို "ဣရိယာပုတ်" ဟု ခေါ်၏။ ဤ ၄ပါးကို လင်္ကာ၌ "ယာပိုထ်လေးထွေ" စပ်ဆိုထားသည်။]

[ဆောင်] ရာဂစရိုက်၊ ရှိသူ၌ကား၊ ယာပိုထ်လေးထွေ၊ ယဉ်ကျေးလေ၏။ ထွေထွေကိစ္စ၊ ပြုသမျှလည်း၊ ကျနစေလတ်၊ လွန်သေသပ်ရှင့်၊ လေးမြတ်ဖွယ်ရေး၊ ဘောဇဉ်ရွေးက၊ ချို၊ မွေး၊ ဆိမ့်၊ အိမ့်၊ လွန်နှစ်သိမ့်သတဲ့၊ မစိမ့်လောက်တဲ့၊ ကာမဂုဏ်ကြောင့်၊ အာရုံစွဲကာ၊ ခွဲမခွာတည်း၊ မာယာဇရပွ၊ သာဌေယျနှင့်၊ မာနဖိစီး၊ အလိုကြီး၏၊ ထိုနည်းသဒ္ဓါ၊ စရိုက်မှာမူ၊ မာယာစသော၊ ပြစ်မနှောဘဲ၊ သာမော့ရွှင်လန်း၊ လှူပေးကမ်းလျက်၊ ရဟန်းတော်ပေါင်း၊ ထေရ်ရှင်ကောင်းနှင့်၊ ဝတ်ကျောင်းဘုရား၊ မြတ်တရားကို၊ မှတ်သားနာယူ၊ လွန်ကြည်ဖြူသည်၊ ဤသူမွန်မြတ်ပေတကား။

## ဒေါသစရိုက်ရှိသူနှင့် ဗုဒ္ဓိစရိုက်ရှိသူ

စရိုက်၂ မျိုးလုံး ရုန့်ရင်းကြမ်းတမ်းသော အသွားအလာအနေအထိုင်ရှိ၏။ အဝတ်ဖွပ်မှု၊ တံမြက်လှည်းမှု စသောကိစ္စကျကျနန သေသေသပ်သပ်မရှိ။ အချဉ်၊ အငန်၊ အစပ်၊ အခါး၊ ဖူးရှုသော အရသာများကို နှစ်သက်တတ်၏။ မကောင်းသောအဆင်းအသံ စသည်နှင့် တွေ့ကြုံလျှင် သည်းခံအောင့်အည်း၍ ချုပ်တည်းခြင်းမရှိဘဲ ဆဲဆို ငေါက်ငမ်း ကြမ်းတမ်းစိတ်တို၏။ ဤသို့ ဒေါသနှင့် ပညာ စရိုက်တို့ ဖြစ်ပုံခြင်း တူသောကြောင့် ထိုစရိုက်ရှိသူတို့သည် (မိမိစိတ်ကို မပြင်သေးသမျှ) ဆဲဆိုငေါက်ငမ်းကြမ်းတမ်း နေကြသည်မှာ ခမ္မတာကဲ့သို့ ဖြစ်လေသည်။

ထိုသူ၂ မျိုးတို့ ကွဲလွဲပုံကား–ဒေါသစရိုက်ရှိသူ၌ ရန်ငြိုးဖွဲ့မှုအာဃာတ၊ ငြူစူမှု ဣဿာ၊ ဝန်တိုခြင်း မစ္ဆရိယ၊ သူတစ်ပါး ဂုဏ်ကို



ဂုဏ်ကို ဖျက်ဆီးလိုခြင်း မက္ခ၊ ဂုဏ်တု ဂုဏ်ပြိုင် ပြုခြင်းပဠာသ၊ အဆုံးအမခက်ခြင်း ဒုဗ္ဗစတရားတို့ ဖြစ်ပွားလေ့ရှိ၏။ ဗုဒ္ဓိစရိုက်ရှိသူ၌ကား ရန်ငြိုးဖွဲ့ခြင်းစသော တရားတို့မရှိ။ ဆိုဆုံးမလွယ်၏။ စားဖွယ်သောက်ဖွယ်ဟူသမျှ၌ နိုင်းနှိုင်းချိန်ချိန် ပြုလေ့ရှိ၏။ နောင်နောင်တာ သံသရာအတွက် သတိပညာဖြင့် ကောင်းစွာ မြော်မြင်လေ့ရှိရကား ပါရမီ ကုသိုလ်များကို ကြိုးစားလေ့ရှိသည်။

[ဆောင်] ဒေါသစရိုက်၊ ရှိသူ၌ကား၊ ယာပိုထ်လေးထွေ ကြမ်းတမ်းလေ၏၊ ထွေထွေကိစ္စ၊ ပြုသမျှလည်း၊ ကျနမဖွယ် မတင့်တယ်လည်း၊ စားဖွယ်ငန်၊ ချဉ်၊ စပ်ခါးမင်၏၊ ငါးအင်အာရုံ မဖွယ်ကြုံလျှင်၊ ယမ်းပုံမီးကျ၊ စိတ်တိုလျ၍၊ ကောဓထန်သည်၊ ရန်ငြိုးကြီးလျက်၊ ဖိစီးဣဿာ၊ မစ္ဆေရာနှင့်၊ မက္ခာပဠာသ၊ ဒုဗ္ဗစတို့ မှုချူဆစ်ပွား၊ အပြစ်များ ၏၊ တရားပညာ၊ စရိုက်မှာမူ၊ ရှေ့လာအားလုံး နည်းတူသုံးလည်း၊ လုံးလုံးကောဓ၊ စသည်ဆိတ်ကွယ်၊ ဆုံးမလွယ်၏၊ စားဖွယ်ကသိုဏ်း၊ တွေ့ကြုံတိုင်းလည်း၊ နှိုင်းနှိုင်းချိန်ချိန် သုခမိန်တည်း၊ ကြိမ်ကြိမ် နောင်လာ၊ သံသရာကို၊ ပညာသတိ မြော်ခေါ်ညှိ၍၊ ဂတိနောင်လျှင်၊ ကောင်းအောင်ပြင်သည်၊ လူတွင် သူမြတ်ပေတကား။

## မောဟနှင့် ဝိတက်စရိုက်ရှိသူ

မောဟ စရိုက်ရှိသူသည် မှေ့မှေ့လျော့လျော့ ပေါ့ပေါ့ဆ ရှိ၏။ ကိစ္စအထွေထွေလည်း ပွေပွေလိမ်လိမ်ရှိ၏။ ဘယ်အရာ နှစ်သက်၏ဟု အမြဲမရှိ။ အကြောင်းအကျိုး အကောင်းအဆိုး ခွဲခြား၍မသိ။ သူများ ချီးမွမ်းအပ်သူကို မိမိလည်း လိုက်၍ ချီးမွမ်း

www.burmeseclassic.com

www.burmeseclassic.com



တတ်၏။ သူများ ကဲရဲ့အပ်သူကိုလည်း လိုက်၍ ကဲရဲ့တတ်၏။ သတိပညာကင်း၍ ထိုင်မှိုင်းခြင်း ထိနမိဒ္ဓ၊ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စတို့နှင့်သာ ကာလကုန်ရလေသည်။

ဝိတက်စရိုက်ရှိသူလည်း မောဟသမားနှင့် ထူးမခြားနားပင်။ ထိုထိုကိစ္စ၌ စကားပေါလျက် ကိစ္စမချောဘဲ မျောနေသည်သာများ၏။ ကောင်းသော လုပ်ငန်း၌မှုအစွမ်းအစမရှိဘဲ ပျင်းရိတတ်၏။ မိမိကဲ့သို့ လူ့ပေါက်ပန်း လူ့ပေါ်ကြော့တို့နှင့် ပျော်မွေ့ရာ ထွေရာလေးပါး အကြံများလျက် လူအား လူပိုသာ ဖြစ်သည်။

[ဆောင်] မောဟ စရိုက်၊ ရှိသူ၌ကား၊ ယာပိုထ်လေးထွေ၊ ရှုပ်ပွေပွေနှင့်၊ ထွေထွေကိစ္စ၊ ရှုပ်ထွေးစွတည်း၊ အာဟာရအရာ၊ စားသောက် ပါလည်း၊ ဘယ်ဟာမိမိ၊ မြဲမရှိခဲ့၊ ကိုယ်၏အစွမ်း၊ စုံထောက် လှမ်း၍၊ အဆန်းအရိုး၊ ကြောင်းအကျိုးဟု၊ ကောင်းဆိုး ယုတ်မြတ်၊ မသိတတ်သဖြင့်၊ အရပ်ရပ်မှာ၊ နောက်လိုက်သာတည်း၊ ပညာသတိ၊ ကင်းကွာဘိ၍၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စနှင့်၊ ကာလကုန်ဆုံး၊ အချိန်ဖြုန်း၏၊ ထုံးနည်းမခြား၊ ဝိတက်များလည်း၊ စကားတွေပေါ၊ ကိစ္စမချောလျက်၊ ကောင်းသောလုပ်ငန်း၊ ကုသိုလ်လမ်းမှု၊ အစွမ်းမရှိ၊ ပျင်းရိရိတည်း၊ မိမိတို့တန်း၊ လူ့ပေါက်ပန်းနှင့်၊ ရောပြွမ်းပျော်ပါး၊ အကြံများသည်၊ လူအားလူပိုတွေတကား။

**စရိုက်ဖြစ်ခြင်း၏ အကြောင်းရင်း**

"လူချင်းတူပါလျက် အဘယ်ကြောင့် စရိုက်အမျိုးမျိုး ကွဲပြားကြပါလိမ့်နည်း" ဟု စဉ်းစားဖွယ်ရှိ၏။ ရှေးရှေးဘဝ ကုသိုလ်ကံပြုစဉ်က ဘဝစည်းစိမ်ကို လိုလားတောင့်တသော လောဘခြံရံ၍ ပြုခဲ့လျှင် ထိုကံ အကျိုးပေးရာဘဝ၌ ရာဂစရိုက် ရှိတတ်၏။



ဒေါသခြံရံ၍ ပြုခဲ့လျှင် ဒေါသစရိုက် ရှိတတ်၏။ အသိဉာဏ်နည်းပါးလျက် မောဟကြီးစွာ ပြုခဲ့လျှင် မောဟစရိုက် ရှိတတ်သည်။ ပညာဖြင့်လည်းကောင်း၊ ပညာကြီးဖို့ရန် ဆုပန်၍လည်းကောင်း ပညာရေးဆိုင်ရာ ကုသိုလ်များပြုခဲ့လျှင် ထိုကံအကျိုးပေးရာ ဘဝဝယ် ဗုဒ္ဓိစရိုက် ရှိတတ်၏။ သဒ္ဓါထက်သန်စွာ ပြုခဲ့လျှင် သဒ္ဓါစရိုက် ရှိတတ်၏။ ကာမဝိတက် စသော မကောင်းသော အကြံခြံရံလျက် ကံပြုခဲ့လျှင် ဝိတက်စရိုက် ရှိတတ်၏။ ဤသို့လျှင် စရိုက်အမျိုးမျိုး ကွဲပြားကြောင်းမှာ ရှေးကံသာ ပဓာနဖြစ်၍ နောက်နောက်ဘဝတို့၌ မကောင်းသော စရိုက်များ မပါရအောင် သဒ္ဓါ ပညာ ခြံရံလျက် ထက်သန်သော ကောင်းမှုများကိုသာ တည်ထောင် အားထုတ်သင့်ကြပေသည်။

**ဝါသနာဘာဂီ ဆက်တိုင်းမီ**

မကောင်းသော အရာဌာန၌ ဝါသနာဟူသည် ကိလေသာ၏ သတ္တိတည်း။ ကောင်းသော ဌာန၌ ဝါသနာကား သမ္မာဆန္ဒပင်တည်း။ ထိုဝါသနာသည် သတ္တဝါတို့၏ သန္တာန်၌ ဘဝတိုင်းမှာ စွဲကပ်နေ၏။ ထို့ကြောင့် ရှေးကံအားလျော်စွာ ရာဂစရိုက် အားကြီးနေပါမူ ထိုရာဂအတွက် ယောက်ယက်ခတ်တတ်သော ဝါသနာသည် စိတ်အစဉ်မှာ စွဲထုံနေရကား ထိုစရိုက်ဆိုးကို ယခုဘဝ၌ တရားသဖြင့် မနှိမ်ချိုးပါလျှင် ထိုဝါသနာ အထုံ စွဲကပ်၍ နောက်ဘဝများသို့ လိုက်ပါသွားတတ်၏။ ဒေါသ မောဟ ဝိတက်များလည်း ဤနည်းပင်တည်း။ ပညာစရိုက်ရှိသူလည်း စရိုက်အားလျော်စွာ အခွင့်သာသလောက် ကြိုးစားပါလျှင် ထိုပညာ၏ အထုံဝါသနာသည် မိမိ၌ စွဲကပ်လေရကား နောက်နောင်အခါ သံသရာတစ်လျှောက်လုံးပင် ပညာတုံးကြီးဖြစ်နေတတ်သည်။ ဘုရားဆုကိုပန်လျှင် ပညာဓိက၊

www.burmeseclassic.com

www.burmeseclassic.com



သာဝကဆုကို ပန်လျှင် ရှင်သာရိပုတ္တရာကဲ့သို့ ပညာဘက်၌ စေတဒဂ်ရကြသည်မှာ ထိုဝါသနာဘာဂီက ဆက်တိုင်းမိနေသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ယခုဘဝ၌ပင် မကောင်းသော ဒုစရိုက်များ ပပျောက်၍ စရိုက်ကောင်း တစ်ခု အထမြောက်အောင် ထူထောင်ကြဖို့ အရေးကား စဉ်းစားတိုင်း ကြီးလေးကြသည်။

ရာဂစရိုက်ရှိသူသည် ရာဂနည်းပါးအောင် တွေ့ရာ အာရုံများ၌ အသုဘဟု ရှုလေ့ရှိရမည်။ သို့မှသာ ရာဂအထုံ ပျောက်သွားပါလိမ့်မည်။ ဒေါသစရိုက်ရှိသူသည် ဒေါသနည်းပါးအောင် မေတ္တာတရားကို ကြိုးစားရလိမ့်မည်။ မေတ္တာစာတ်သည် အအေးဓာတ်ဖြစ်၍ ဒေါသ၏ အပူဓာတ်ကို ငြိမ်းနိုင်သည်။ မောဟစရိုက်ရှိသူသည် မောဟ နည်းပါးအောင် ပညာရှိထံ ချဉ်းကပ်၍ မေးမြန်းမည်။ အာနာပါန ကမ္မဋ္ဌာန်းကိုလည်း ပွားများရမည်။ အမေးအမြန်းများလျှင် အသိဉာဏ် တိုးပွား၍ မောဟအထုံကင်းသွားလိမ့်မည်။ သဒ္ဓါ ပညာ ဟူသော စရိုက်ကောင်းရှိသူကား မိမိမှာရှိနေသော ထိုစရိုက်များကို ဝမ်းသာအားရ သဘောကျပြီး တိုးပွားသည်ထက် တိုးပွားအောင် ကြိုးစားရမည်။

ဤမျှသော စကားအစဉ်ဖြင့် စရိုက်ဝါသနာ အကြောင်းများ ပြီးခဲ့ပြီ။ ဤသို့ ရေးသားရကြောင်း ကောင်းမှုပဋိပတ် အကျင့်မြတ်ကြောင့် များစွာသော လူအပေါင်းတို့ စရိုက်ကောင်း ရကြပါစေ။ ငါ၏ အဖော်အပေါင်းဟူသမျှလည်း ယခုဘဝကစ၍ စရိုက်ကောင်း ရှိအောင် ကြိုးစား၍ စရိုက်ဆိုးများကို အစွမ်းကုန် ပယ်ရှားနိုင်ကြပါစေ။

စာပေပညာကို နေ့စဉ်ပို့ချရေးသားနေသော ငါ့အတွက်ကား အဖိုးတန်လှသော ပညာစရိုက်သည် ငါ၏သန္တာန်၌ သာမန်မက အမြဲတေတမျှ ခိုင်မြဲတည်တံ့ပါစေ၊ ထိုပညာကြောင့်ပင် အမှန်အကန်ကိုသာ ယုံကြည်တတ်သော သဒ္ဓါစရိုက်လည်း အလွဲအမှားကို ပယ်



ရှား၍ အဖြောင့်အမှန်ကိုသာ ယုံကြည်လေ့ရှိအောင် စွမ်းဆောင်နိုင်ပါစေ။

စရိုက်ဝါသနာ၊ ကြောင်းအရာကို၊ ကောင်းစွာရေးလတ်၊ ပဋိပတ်ကြောင့်၊ အမြတ်စရိုက်၊ လူတိုင်းဆိုက်၍၊ သိုက်မြိုက်ကြစေ၊ ငါ့အနေမူ၊ ဘဝေဘဝ၊ ဖြစ်သမျှ၌၊ ရာဂ ဒေါသ၊ မောဟ ဝိတက်၊ စရိုက်တွက်ကြောင့်၊ ယောက်ယက်ခတ်ပျော်၊ လျှပ်ပေါ်ခြင်း၊ လော်လည်ကင်းလျက်၊ သန့်ရှင်းဝေဆာ၊ စေတနာနှင့်၊ သဒ္ဓါပြိုးပြက်၊ ဉာဏ်ရောင်လက်၍၊ ဆက်ဆက်မပြောင်း၊ ကောင်းထက်ကောင်းသား၊ အပေါင်းကြီးငယ်၊ အသွယ်သွယ်လည်း၊ ငါ့နှယ်နည်းတူ၊ စရိုက်ဖြူသည်၊ နိဗ္ဗူထုတ်ချောက် ရောက်ရန်သောဝ်။

စရိုက်ဝါသနာပြီးပြီ။

# ဆဋ္ဌမအခန်း

ဤအခန်း၌ ဒုစရိုက် ၁၀ပါး၊ သုစရိုက် ၁၀ပါး၊ ပုည ကြိယ ဝတ္ထု ၁၀ပါးကို အကျယ်နားလည်သင့်သည်။ ထိုတွင် ဒုစရိုက် သုစရိုက်များကို ထိုထိုကျမ်းစာများ၌ ရေးကြသည့်အပြင် ရတနာ့ ဂုဏ်ရည်၌လည်း ရေးခဲ့ပြီးဖြစ်သောကြောင့် ဒုစရိုက် သုစရိုက် များကို မပြတော့ဘဲ ပုညကြိယ ဝတ္ထုများကိုသာ အကျယ်ပြပါမည်။

## ပုညကြိယဝတ္ထု ၁၀ပါး

မိမိစိတ်အစဉ်ကို သန့်ရှင်းဖြူစင်စေတတ်သော တရားကို ပါဠိလို "ပုည"၊ မြန်မာလို "ကောင်းမှု= ကောင်းသောအမှု" ဟုခေါ်၏။ ထိုပုညစုကို ကေန်ပြုထိုက်သောကြောင့် ပါဠိလို "ကြိယ"၊ မြန်မာလို

www.burmeseclassic.com

www.burmeseclassic.com



"ပြုသင့်သော တရား" ဟုခေါ်၏။ [ဝတ္ထု = ကောင်းကျိုးချမ်းသာ၏ တည်ရာ] ဤစကားစဉ်ဖြင့် ကောင်းကျိုးချမ်းသာ မင်္ဂလာ၏တည်ရာ ဖြစ်သောကြောင့် စင်စစ် ပြုထိုက်သော ကောင်းမှုများကို "ပုညကြိယဝတ္ထု" ဟု ခေါ်သည်ဟု မှတ်ပါ။ ထိုပုညကြိယ ဝတ္ထုတို့သည် ၁၀ ပါးရှိ၏။

၁။ ဒါန
၂။ သီလ
၃။ ဘာဝနာ
၄။ အပစာယန
၅။ ဝေယျာဝစ္စ
၆။ ပတ္တိဒါန
၇။ ပတ္တာနုမောဒန
၈။ ဓမ္မသဝန
၉။ ဓမ္မဒေသနာ
၁၀။ ဒိဋ္ဌိဇုကမ္မ.....တည်း။

## ဒါနအကြောင်း

စွန့်ကြဲပေးကမ်းလှူဒါန်းမှုကို "ဒါန" ဟုခေါ်၏။ ဤဒါနသည် စေတနာဒါန၊ ဝတ္ထုဒါနဟု ၂မျိုးရှိ၏။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း စသော လှူဖွယ်ဝတ္ထုများသည် "ဝတ္ထုဒါန" မည်၏။ ထိုဝတ္ထုများကို စွန့်ကြဲပေးကမ်း လှူဒါန်းနေသောအခါ ကိုယ်အတွင်း၌ စိတ်စေတနာတို့ကို ဖြစ်စေ၏။ ထိုစေတနာကို "စေတနာဒါန" ဟု ခေါ်၏။ နောက် ဘဝသံသရာဝယ် အကျိုးပေးရာ၌ ဆွမ်း၊ သင်္ကန်း ကျောင်းစသော ဝတ္ထုဒါနများက အကျိုးပေးကြသည်မဟုတ်။ အတွင်း သန္တာန်၌ ဖြစ်သော စေတနာဒါနများကသာ အကျိုးပေးကြသည်။ လှူဖွယ် ဝတ္ထုဒါနစုမှာ စေတနာဖြစ်ဖို့ရာ အာရုံတွေသာတည်း။ ထို့ကြောင့် လှူဖွယ်ဝတ္ထုက မွန်မြတ်လျှင် စေတနာလည်း မွန်မွန် မြတ်မြတ် ဖြစ်တတ်သည်။



ဆက်ပါဦးမည်– ဆွမ်းလှူရာ၌ ထိုဆွမ်းကို အာရုံပြု၍ လည်းကောင်း၊ ဆွမ်းဘုဉ်းပေးကြသော သံဃာများကို အာရုံပြု၍ လည်းကောင်း အတွင်းသန္တာန် စိတ်စေတနာတွေများစွာ ဆက်၍ ဖြစ်နေ၏။ ထိုစိတ်စေတနာတွေသည် ဖြစ်ပြီးလျှင် ချုပ်ကြသော်လည်း တစ်ခါတည်း မျိုးပြုတ်အောင် ချုပ်ပျောက်ကြသည် မဟုတ်။ နောင်အခါ အကျိုးပေးရန် မိမိတို့ သတ္တိကို မြှုပ်နှံ၍ ချုပ်သွားကြသည်။ [ကံ၏ သတ္တိများ ခန္ဓာအစဉ်၌ ကျန်ရစ်ပုံကို ကံအခန်း၌ ပြမည်။ ထိုဆွမ်းကျွေးမှု ကုသိုလ်ပြုရာ အချိန်သည် ၃ နာရီကြာလျှင် ထိုအတွင်း၌ စေတနာပေါင်း မည်မျှများပြားမည်ကို မှန်းဆပါ။ လက်ဖျောက် တစ်ချက်တီးအချိန်တွင် စိတ်ပေါင်း ကုဋေတစ်သိန်း မက ဖြစ်ပျက်နိုင်ပါသည်။]

### ပစ္စည်းနှင့် အလှူခံက စေတနာထက်သန်အောင် ကူညီပုံ

ဆွမ်းစသော လှူဖွယ်ဝတ္ထု၊ ရဟန်း သံဃာတော် စသော အလှူခံ ပုဂ္ဂိုလ်များသည် နောက်နောက်ဘဝ၌ လိုက်၍ အကျိုးမပေး နိုင်ကြသော်လည်း စေတနာထက်သန်အောင်ကား ကူညီနိုင်ကြသည်။ သာမန် ရိုးရိုး ဆွမ်းလှူရသောအခါနှင့် အထူးတလည် ချက်ပြုတ်စီရင် လှူရသောအခါ ၂မျိုးတွင် ရိုးရိုးဆွမ်းကို အာရုံပြုရသော စေတနာသည် လွန်စွာ ထက်သန်ခြင်းမရှိ။ အထူးတလည် စီစဉ်ချက်ပြုတ်အပ်သော ဆွမ်းကို အာရုံပြုရသော စေတနာကား လွန်စွာထက်သန်၏။ အလှူခံ ပုဂ္ဂိုလ်အတွက်လည်း တော်စွာလျော်စွာ အလှူခံကို လှူရသော အခါ စေတနာသည် သိပ်မထက်သန်လှ။ အလွန်မွန်မြတ်သော ပုဂ္ဂိုလ်ကို လှူရသောအခါ စေတနာသည် လွန်စွာထက်သန်၏။ ဤသို့လျှင် လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့ကလည်း စေတနာတို့ ထက်သန်အောင် မွန်မြတ်အောင် ကူညီနိုင်ကြသည်ဟု မှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**နည်းနည်းအလှူနှင့် များများအလှူ**

ပစ္စည်းနည်းနည်းကို လှူဖို့ရန်နှင့် ပစ္စည်းများများကို (ကြီးကြီးကျယ်ကျယ်) လှူဖို့ရန် အားထုတ်ရာ၌လည်း အားထုတ်မှု လုံ့လချင်း မတူကြချေ။ နည်းနည်းလှူဖို့ရန် အားထုတ်ရာ၌ တစ်ခဏနှင့်တင်စွ ပြီး၏။ များများလှူဖို့ အားထုတ်ရာ၌ကား အလှူဝတ္ထုများပြားကြီးကျယ်သလောက် အချိန်ကြာ၏။ လှူဖို့ရန် ပစ္စည်းကို ရှာဖွေစုဆောင်းခိုက်မှာလည်း (မလှူမီ ရှေးအဖို့၌ ပုဗ္ဗစေတနာတွေ) အတော်များစွာ ဖြစ်နေပြီ။ ထို့ကြောင့် နည်းနည်းအလှူနှင့် များများအလှူ ၂မျိုး၌ ပုဗ္ဗစေတနာချင်း ယှဉ်ပြိုင်ကြည့်လျှင် များများအလှူက သာလွန်ကြောင်းသိသာပေ၏။ ပေးလှူနေတုန်းအခါမှာလည်း အများကြီး လှူနေရသူမှာ အာရုံက ကြီးကျယ်ခမ်းနားသလောက် စေတနာလည်း ခမ်းနားကြီးကျယ်နိုင်သည်။ ထို့ကြောင့် လှူနေတုန်း မုဥ္စစေတနာ အခိုက်မှာလည်း အကြီးအကျယ် အများအပြား သားသားနားနား အလှူ၌သာ စေတနာထက်သန်ပုံ သာလွန်ဖွယ်ရှိပေသည်။ လှူဒါန်း ပြီးနောက် ဝမ်းမြောက်ဝမ်းသာ အပရစေတနာ ဖြစ်ဖို့ရန်လည်း ကြီးကျယ်ခမ်းနားသော မိမိအလှူကြီးကို ပြန်၍မှန်းလိုက်လျှင် အင်မတန် ဝမ်းမြောက်ကြပေသည်။ ထို့ကြောင့် အပရစေတနာ အခိုက်မှာလည်း ကြီးကျယ်သော အလှူကို အာရုံပြုရသော စိတ်စေတနာက သာ၍ ထက်သန်တတ်လေသည်။ ဤကား အများဖြစ်ရိုးတည်း။

**ကြီးကျယ်သလောက် ဝမ်းမမြောက်မှု စေတနာသာပဓာန**

တချို့မှာကား လှူရတာများလှ၍ အကြီးအကျယ် လှူဒါန်းရပါသော်လည်း သိပ်ကြီးဝမ်းမမြောက်လှ၊ စေတနာလည်း သိပ်ကြီးမထက်လှ။ အမှတ်တမဲ့ပင် လှူလိုက်ကြ၏။ ထိုသူတို့ အတွက်မှာ လှူဖွယ်ဝတ္ထုက များပြားစေကာမူ စေတနာထက်သန်ဖွံ့ဖြိုးမည်ဟု



မဆိုနိုင်။ ဒုဋ္ဌဂါမဏိ အဘယမင်းသည် စုတေခါနီး၌ မဟာစေတီတော်ကြီးကို တည်ရသော ဒါနမှုထက် စစ်ရှုံးစဉ်က တောထဲ၌ ဆွမ်းတစ်ထပ်စာလှူခဲ့ဖူးသော ကုသိုလ်ကို သာ ၍ ဝမ်းမြောက်ရကား ထိုဆွမ်းကုသိုလ်ကြောင့်ပင် တုသိတာ နတ်ပြည်သို့ ရောက်ရလေသည်။ အချုပ်မှာ အလှူဝတ္ထုထက် စေတနာထက်သန်မှုကသာ၍ အရေးကြီးကြောင်း သတိပြုကြပါကုန်။

**အလှူပေးရာ၌ မျိုးစေ့စိုက်ပုံနှင့် တူဟန်**

အလှူခံမှာ လယ်ပမာ၊ လှူရှာသူများ လယ်သမား။
အများလှူဖွယ်မျိုးစေ့နှယ်၊ နောက်ဝယ် အသီးစား။

ပေတဝတ္ထုပါဠိတော်ဝယ် "အလှူခံပုဂ္ဂိုလ်သည် လယ်ယာနှင့်တူ၏။ အလှူဒါကာ အလှူအမတို့မှာ လယ်ယာလုပ်သူနှင့်တူ၏။ လှူဖွယ် ဝတ္ထုများက မျိုးစေ့နှင့်တူ၏။ နောက်သံသရာ၌ ရနိုင်မည့် အကျိုးတို့မှာ ထိုမျိုးစေ့ကြောင့် အပင်ပေါက်၍ အသီးသီးခြင်းနှင့် တူသည်" ဟု ဥပမာပြထား၏။ ဤဥပမာများကို လေးလေးနက်နက် စဉ်းစားသောအခါ လယ်ယာလုပ်ကိုင်မှု၌

၁။ လယ်ယာက မြေကောင်း၊ မကောင်း လိုက်၍ အပင်အသီး ကွာခြားသကဲ့သို့ အလှူခံပုဂ္ဂိုလ်က ကောင်းမကောင်း လိုက်၍ အကျိုးပေး ကွာခြားဖွယ်ရှိ၏။

၂။ မျိုးစေ့က အောင်၊ မအောင်လိုက်၍ အပင်အသီး ကွာခြားသကဲ့သို့ လှူဖွယ်ပစ္စည်း တရားသဖြင့် ဟုတ်၊ မဟုတ် နှင့် အနည်းအများလိုက်၍ အကျိုးပေးကွာခြားဖွယ်ရှိ၏။

၃။ လယ်ယာလုပ်သူက နားလည်၊ မလည်၊ လုံ့လဝီရိယ ရှိ၊ မရှိ လိုက်၍ အပင်အသီးကွာခြားသကဲ့သို့ အလှူရှင်တာ ဉာဏ်ရှိ၊ မရှိ၊ အားတက်သရောနှင့် ဝမ်းမြောက်ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ရှိ၊ မရှိ လိုက်၍ အကျိုးပေးကွာခြားဖွယ်ရှိ၏။

၄။ မစိုက်ပျိုးမီ မျိုးစေ့တို့ကို ပြုပြင်၊ မပြုပြင် လိုက်၍ အပင် အသီး ကွာခြားသကဲ့သို့ မိမိ၏ ပုဗ္ဗစေတနာကို ထက်သန်အောင် ပြု၊ မပြု လိုက်၍လည်း အကျိုးပေး ကွာခြားဖွယ်ရှိ၏။

၅။ လယ်ယာတို့၌ မျိုးစေ့ကို စိုက်ပျိုးပြီးနောက် ရေလောင်းခြင်း၊ ပေါင်းသင်ခြင်း စသည်တို့ကို ပြု၊မပြု လိုက်၍ အပင်အသီး ကွာခြားသကဲ့သို့ လှူဒါန်းပြီးနောက် ထိုကုသိုလ်ကံကို ထပ်မံ၍ သတိရမှု၊ သတိရတိုင်း ဝမ်းမြောက်မှု (အပရစေတနာ ထက်သန်၊ မထက်သန် လိုက်၍) အကျိုးပေး ကွာခြားဖွယ်ရှိ၏။

၆။ မျိုးစေ့စိုက်ပျိုးပြီးနောက် စိတ်ပေါက်ပေါက်ရှိ၍ ဖျက်ဆီးလိုက်သကဲ့သို့ လှူဒါန်းပြီးနောက် "ငါလှူမိတာ မှားပေါ့" စသည်ဖြင့် စိတ်ပျက်မှုဖြစ်ပြေန်လျှင် (အပရစေတနာချို့တဲ့ပြန်လျှင်) ထိုဒါနသည်ပင် အကျိုးမရဘဲ(အကျိုးရစေကာမူ ကောင်းစွာ မဟုတ်ဘဲ) ပျက်စီးဖွယ်ရှိ၏။

၇။ မျိုးစေ့လယ်ယာတို့က အားလုံးအဆင်သင့်သော်လည်း စိုက်ပျိုးသင့်သောအခါ စိုက်ပျိုးမှ အပင်အသီး ဖွံ့ထွားသကဲ့သို့ အလှူခံနှင့် လှူဖွယ်ဝတ္ထု အဆင်သင့်သော်လည်း လှူသင့်သောအခါ (လိုနေသော နေရာဝယ်) လှူမှသာ ဖွံ့ဖွံ့ထွားထွား အကျိုးများဖွယ်ရှိ၏။

ဤသို့လျှင် ပေတဝတ္ထုပါဠိတော်ကို လေးလေးနက်နက် ဆင်ခြင် စဉ်းစားလိုက်သောအခါ ညွှန်ပြအပ်ခဲ့သော အချက်များ ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာ ပေါ်လာပေသည်။ ထို့ကြောင့်



ဒါနပြုရာ၌ အလှူခံကိုလည်း ရွေးသင့်၏။ လိုနေသော ဌာန၌သာ လှူသင့်၏။ မိမိတို့စိတ်ကို ကြည်နူးစေသင့်၏။ လောကီစည်းစိမ်ကို တောင့်တတတ်သော တဏှာသဘော မရောနှောအောင်လည်း ဖြူစင်စေသင့်ပါသည်။

**အလှူခံပုဂ္ဂိုလ်လိုက်၍ အကျိုးပေးကွာခြားပုံ**

"အလှူခံ ပုဂ္ဂိုလ်သည် လယ်ယာမြေနှင့်တူ၏" ဟု ဆိုခဲ့ပြီ။ သို့ဖြစ်၍ လယ်မြေသည် ပထမတန်း ဒုတိယတန်း တတိယတန်း ရှိသကဲ့သို့ အလှူခံ ပုဂ္ဂိုလ်ဟူသော လယ်များသည် အတန်းအစား အမျိုးမျိုးရှိ၏။ လယ်ယာတို့၌ မြက်စသော အနှောင့်အယှက်မရှိလေ အပင်သန်လေ ဖြစ်သကဲ့သို့ ထိုအတူအလှူခံရာ၌လည်း ရာဂ၊ ဒေါသ၊ မောဟနည်းလေ လှူရသူမှာအကျိုးများလေဖြစ်၏။ လယ်ယာတို့၌ နွားချေးစသော မြေဩဇာများ၍ ရေအဆင်သင့်လေ ကောက်ပင်သန်လေ ဖြစ်သကဲ့သို့ အလှူခံပုဂ္ဂိုလ်များ၌လည်း သီလ၊ သမာဓိ၊ ပညာကြီးလေ လှူရသူ၌ အကျိုးများလေ ဖြစ်၏။

**သံဃိကဒါန**

ပါဠိလို "သံဃ"၊ မြန်မာလို အပေါင်းအဖွဲ့ကို "သံဃာ" ဟု ခေါ်၏။ ထိုသံဃာ့အဖွဲ့အစည်းကို ရည်မှန်း၍ လှူဒါန်းအပ်သော ဒါနသည် သံဃိကဒါနမည်၏။ အသင်းတစ်သင်း၌ ငွေ ၁ကျပ် လောက် ထည့်ဝင်လျှင် ထိုငွေ၁ကျပ်သည် အသင်းဝင်အားလုံး (သူဌေး ဆင်းရဲသားမကျန်) သက်ဆိုင်သကဲ့သို့ ဆွမ်းတစ်အုပ်ဖြစ်စေ၊ သင်္ကန်းတစ်ထည်ဖြစ်စေ သာသနာတော်၌ ရှိသမျှ သံဃာ့အဖွဲ့အစည်းကို ရည်မှန်း၍ လှူဒါန်းလျှင် တစ်သာသနာလုံး (ရဟန္တာနှင့် အောက်တန်းစား ပုထုဇဉ်မကျန်) သက်ဆိုင်၏။ ထိုသံဃာအားလုံးကို ရည်မှန်း၍ လှူဒါန်းအပ်သော ပစ္စည်းကို တစ်ကမ္ဘာလုံးရှိ သံဃာတော်

www.burmeseclassic.com

www.burmeseclassic.com



များအား လိုက်၍ ဝေငှနေဖွယ်မလို။ ထိုအသင်း၌ ထည့်ဝင်သော ငွေ ၁ကျပ်ကို အသင်းဝင်သူ မည်သူမဆို သုံးခွင့်ရသကဲ့သို့ သံဃိက ပစ္စည်းကိုလည်း တွေ့ကြုံနေသော သံဃာက ဝေငှ၍ သုံးစွဲစားသောက်နိုင်ကြပါသည်။

**သံဃာ၌ စိတ်ရောက်မှ သံဃိကဒါနမြောက်ပုံ**

ထိုကဲ့သို့ သံဃိကဒါနဖြစ်အောင် လှူဒါန်းရာတွင် စိတ်ကလည်း သံဃာသို့ ညွှတ်နိုင်မှသာ သံဃိကဒါန အစစ်ဖြစ်နိုင်ပေသည်။ နှုတ်က "သံဃဿဒေမိ= သံဃာအားလှူပါ၏" ဟု ဆိုနေသော်လည်း စိတ်က ကိုယ်ကြည်ညိုနေသော ကျောင်းတိုက် သံဃာ၊ ကိုယ်ကြည်ညိုနေသော ဘုန်းကြီးကိုသာ လှူလိုလျှင် သံဃိကအစစ် မဖြစ်နိုင်။ တကယ့်ကို (ပုဂ္ဂိုလ်မခွဲခြားဘဲ) သံဃာအားလုံးကို ရည်စူးနိုင်မှကား နေ့စဉ် ဆွမ်းလောင်းရာ၌လည်းကောင်း၊ သံဃာမှ ညွှန်ပြ၍ရသော ပုဂ္ဂိုလ်တစ်ပါးအား ဆွမ်းကျွေးရာ၌လည်းကောင်း သံဃိကဒါန အစစ် ဖြစ်နိုင်ပါသည်။

**ဆွမ်းလောင်းရာ၌ သံဃာညွှတ်ပုံ**

ဘုရားရှင်ကို ကြည်ညိုလှသဖြင့် ဘုရားရှင် တည်ထောင်တော်မူအပ်သော သာသနာကိုလည်းကောင်း၊ သာသနာ့ဝန်ထမ်း ရဟန်းကောင်း အဆက်ဆက်ပေါ်ထွက်၍ သာသနာတော် ကြီးပွားရေးကိုလည်းကောင်း မြော်တွေးမိသော အမျိုးသား အမျိုးသမီးတို့သည် ဆွမ်းလောင်းဖို့ရာ ပြင်ဆင်သောအခါ (ငါ့ဘုန်းကြီး၊ ငါ့ဦးပဥ္စင်း စသောအစွဲကို ပယ်ရှား၍) ဤဆွမ်းကို (ဤဆွမ်းနှင့် ဟင်းကို) "သံဃဿဒေမိ၊ သံဃဿ ဒေမိ= သံဃာအား လှူပါ၏။ သံဃာအား လှူပါ၏" ဟု နှုတ်ကလည်းရွတ်၊ စိတ်ကလည်း ညွှတ်ပါစေ။ ဤသို့ လှူနိုင်လျှင် နေ့စဉ် ဆွမ်းလောင်းရာ၌လည်း သံဃိကဒါန



ဖြစ်နိုင်ပါသည်။ ပုဂ္ဂိုလ်စွဲ၊ ကျောင်းတိုက်စွဲ၍ လောင်းလှူလျှင်ကား သံဃိကဒါန မဖြစ်နိုင်။ ပုဂ္ဂလိက (ပုဂ္ဂိုလ်အများ ဆိုင်သော)ဒါနသာ ဖြစ်နိုင်သည်။

**ဆွမ်းပင့်ကျွေးရာ၌ သံဃိကဒါန**

အနီးအပါး ကျောင်းတိုက်သို့ သွားပြီးလျှင် "နက်ဖြန် ဆွမ်းကပ်လိုပါ၍ သံဃာတော်ထဲမှ တစ်ပါး (အလိုရှိသလို ၂ ပါး ၃ပါး စသည်) နံနက် ၆ နာရီ အချိန် ချီးမြှင့်တော်မူပါ" ဟု လျှောက်ရမည်။ ["ဘုန်းကြီးနှင့်တကွ၊ ဆရာတော်နှင့်တကွ" ဟု မပါစေရ။] ထိုကဲ့သို့ လျှောက်ပြီးနောက် နက်ဖြန်၌ ဆွမ်းဟင်းများ ချက်ပြုတ်တုန်းကပင် သတိရတိုင်း "သံဃဿဒေမိ၊ သံဃဿဒေမိ" ဟု စိတ်ကလည်း ညွှတ်၊ နှုတ်ကလည်း ရွတ်ပါ။ အချိန်ကျ၍ ကြွလာသော ပုဂ္ဂိုလ်သည် တော်စွလျော်စွ အညံ့စား ဖြစ်နေလျှင်လည်း စိတ်မပျက်ပါနှင့်။ "ငါသည် သူ့ကို လှူသည်မဟုတ်၊ သံဃာကို လှူသည်" ဟု သတိထား၍ သံဃာအား ရှိသေသလို ထိုကိုယ်တော်အား ရှိသေစွာ ဆွမ်းကပ်ပါ။ ဆရာတော် ကြွလာလျှင်လည်း ထူး၍ ဝမ်းမသာပါနှင့်။ "ဆရာတော်အား ဆွမ်းကပ်လှူခြင်းမဟုတ်။ ဆရာတော်ပါဝင်သော သံဃာအားလုံးကို ကပ်လှူခြင်းဖြစ်သည်" ဟု သတိထားပါ။ ထိုသို့ သံဃာ၌ စိတ်ညွှတ်နိုင်လျှင် သံဃာက ညွှန်ပြ၍ရသော တစ်ပါးကို လှူရာ၌လည်း သံဃိက ဒါနအစစ် ဖြစ်နိုင်ပါသည်။

**ဒကာတစ်ဦး စိတ်ထားတတ်ပုံ**

ရှေးတုန်းက ဒကာတစ်ဦးသည် ဆွမ်းကပ်လို၍ သံဃာ့ထံမှ ရဟန်းတစ်ပါးကို လျှောက်တောင်းလေရာ လူအများ မကြည်ညိုနိုင်

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ထင်ရှားသော ဒုဿီလရဟန်းကို ရလေသည်။ သို့သော် သံဃာကို ရည်မှန်းထားသူဖြစ်၍ စိတ်မပျက်။ နေရာကို ကျနစွာ ခင်းပြီးလျှင် အပေါ်၌ မျက်နှာကြက်မိုး၍ ပန်းနံ့သာတို့ဖြင့် ကျနစွာ ပြင်ဆင်ထား၏။ ကြွလာသောအခါ ခြေကို ကိုယ်တိုင် ဆေးပေး၍ ဘုရားရှင်ကို အရေးပါသလို အရေးပါလျက် လှူဖွယ်များကို လှူဒါန်းလေသည်။ ဤမျှလောက် အရေးပါနိုင်မှုကား သံဃာတော်ကိုသာ အာရုံပြုထားခြင်းကြောင့် ဖြစ်၏။ ထို့ကြောင့် ထိုဒကာ၏ ဒါနမှာ ဒုဿီလကို လှူရသော်လည်း သံဃိကဒါန ဖြစ်လေပြီ။

ဆက်ဦးအံ့– ထိုကဲ့သို့ အရေးတယူပြုစုလိုက်သည့်အတွက် ဒုဿီလကြီးကား "သူ့ကို အတော်ကြည်ညိုတဲ့ ဒကာ" ဟု အထင်ကြီးသွားဟန်တူသည်။ ညနေအချိန်ကျတော့ သူ၏ ကျောင်းကို ပြင်လို၍ ထိုဆွမ်းဒကာအထံ ကိုယ်တိုင်လာပြီး ပေါက်တူးကို ငှားလေသော် ဒကာက ပေါက်တူးကို ခြေဖြင့်ညွှပ်၍ "ရော့" ဟု ပေးလိုက်သတဲ့။ ထိုအခြင်းအရာကို အိမ်နီးချင်းတို့က မြင်ကြ၍ မနက်က ရိုသေပုံနှင့် ယခုရိုသေပုံတို့မှာ ကွာခြားလှသဖြင့် ထိုဒကာ၏ စိတ်ထားကို မေးကြလေရာ "မနက်က ဒီကိုယ်တော်ကို ရိုသေလေးစားခြင်းမဟုတ်ပါ။ သံဃာကိုသာ ရိုသေခြင်း ဖြစ်ပါတယ်။ ယခုတော့ ဒီကိုယ်တော်ကို မရိုသေခြင်း ဖြစ်ပါတယ်" ဟု ရှင်းလင်းလေသည်။ ဤဝတ္ထုကိုထောက်၍ သံဃိက ဒါနဖြစ်အောင်လှူဒါန်းသောအခါ သံဃာ၌ စိတ်ညွှတ်နိုင်အောင် စိတ်ကို ပြုပြင်ကြပါကုန်။

**ဒါန ၂မျိုး အကျိုးပေးကွာပုံ**

၁ပါး၊ ၂ ပါး၊ ၃ ပါး စသော ပုဂ္ဂိုလ်များကို သီးခြားရွေးချယ်၍ လှူသော အလှူမှန်လျှင် အလှူခံက တစ်ထောင်မက များသော်လည်း



ပုဂ္ဂိုလ်ကို ရည်ရွယ်သောကြောင့် ပုဂ္ဂလိကဒါနချည်းသာ ဖြစ်သည်။ ထိုပုဂ္ဂလိကဒါန၌ ဘုရား ပစ္စေကဗုဒ္ဓါမှတစ်ပါး အခြားသော ပုဂ္ဂလိက ဒါနထက် သံဃိကဒါနက အကျိုးပေးသာသည်ဟု ကျမ်းဂန်၌ဆို၏။ သဘောယုတ္တိကို စဉ်းစားလျှင်လည်း သံဃိကဒါနလှူရာ၌ ရဟန္တာ အရှင်တို့လည်း ထိုသံဃာအဖွဲ့အစည်းတွင် ပါဝင်၏။ ပုဂ္ဂလိက ဒါနပြုရာ၌ကား ထိုကဲ့သို့ ရဟန္တာပါချင်မှပါမည်။ ပါစေကာမူသံဃိက ဒါနလောက် မများနိုင်ပေ။ သံဃိကဒါနလှူရာ၌ အကျင့်အကောင်းဆုံး ပုဂ္ဂိုလ်ကိုလည်း လှူရာရောက်၏။ ပုဂ္ဂလိက ဒါနကား အတော်ရွေးချယ် တတ်မှသာ သင့်တင့်သော ပုဂ္ဂိုလ်ကို ရနိုင်စရာရှိ၏။ ထို့ကြောင့် ဘယ်အခါမဆို ပုဂ္ဂလိကဒါနထက် သံဃိက ဒါနက အကျိုးပေး သာလွန်သည်ဟူသော စကားသည် ကောင်းစွာ ယုတ္တိရှိပါပေသည်။

**ဘုရားရှင်အား ရည်မှန်း၍ လှူဒါန်းပုံ**

သက်တော်ထင်ရှား ရှိတော်မူစဉ်တုန်းက ဘုရားရှင်အား တိုက်ရိုက် လှူဒါန်းနိုင်ခဲ့ကြသော်လည်း ယခုအခါ ဘုရားရှင်မရှိတော့ ရကား ဘုရားရှင်အား ရည်မှန်း၍ လှူဒါန်းပုံကို ကျမ်းဂန်အတိုင်း သိထိုက်၏။ ဘုရားအစစ်ကို ရည်မှန်း၍ ဆွမ်းလှူလိုလျှင် ရဟန်းတစ်ပါး ဆွမ်းကပ်ရာ၌ ပြင်သလို တစ်ပါးစာလောက်အောင် ပြင်ဆင်၍ ရုပ်ပွားတော်၏ ရှေ့မှာဖြစ်စေ၊ အနီး၌ ရုပ်ပွားတော် မရှိလျှင် ရုပ်ပွားတော်ကို ရည်မှန်း၍ဖြစ်စေ ကပ်လှူရမည်။ နဂိုက ဘုရားရှင်၏ ဝေယျာဝစ္စ (တံမြက်လှည်းမှု၊ အမှိုက်သုတ်သင်မှု စသည်ကို) ပြုလုပ်နေသူရှိလျှင် ဘုရားရှင်အား ကပ်လှူသော ဆွမ်းကို ထိုဝေယျာဝစ္စပြုသူ စားထိုက်၏။ ထိုကဲ့သို့ အမြဲပြုသူ မရှိလျှင် ယခုလောလောဆယ် ပြု၍ (ရဟန်းဖြစ်စေ၊ လူဖြစ်စေ)

www.burmeseclassic.com

www.burmeseclassic.com



စားထိုက်၏။ ဥပုသ်သည်ဖြစ်သူကား မွန်းတည့်ခါနီးနေလျှင် စားပြီးမှလည်း ဝေယျာဝစ္စကို ပြုနိုင်၏။ အလှူကြီးပေးရာ၌ ဘုရားအမှူးရှိသော သံဃာအား ဆွမ်းကပ်လှူလိုလျှင်လည်း ဤနည်းအတိုင်း ဘုရားအတွက် ပြင်ဆင်ကပ်ရာ၏။

ဘုရားရှင်အား ရည်မှန်း၍ သက်န်း လှူဒါန်းရာ၌လည်း ထိုကဲ့သို့ ဝေယျာဝစ္စ ပြုသော ရဟန်းသံဃာများ ဝတ်ကောင်း၏။ ထိုသက်န်းကို ကပ္ပိယ ဒါယကာက အခြားပစ္စည်းနှင့် လဲလှယ်၍လည်း ဘုရားအတွက် လိုနေရာ၌ သုံးစွဲထိုက်၏။ ပန်း၊ ဆီမီး၊ အမွှေးတိုင် စသည်မှာ ယခုကာလ ပူဇော်နည်းအတိုင်းပင် သင့်တော်ပါ၏။ သို့သော် ရုပ်ပွားတော် စေတီတော်ရင်ပြင်၌ စိုရွှဲနေအောင် ရေပူဇော်ခြင်း၊ ပန်းအမှိုက်တွေ ရှုပ်ပွေနေအောင် ပူဇော်ခြင်း၊ ဆီမီးဖယောင်းစက် ပေတေနေအောင် ပူဇော်ခြင်းတို့မှာ (မိမိ၏ အိမ်၊ ဘုန်းကြီးကျောင်းများ၌ ထိုကဲ့သို့ လာ၍ပူဇော်လျှင် အိမ်ရှင်နှင့် ကျောင်းပိုင်တို့က ကျေနပ်မည်မဟုတ်သလို) ကျေနပ်ဖွယ် မဟုတ်သော ပူဇော်ခြင်း ဖြစ်သည်။ ထို့ကြောင့် မိမိ၏ ရေချမ်း၊ ပန်း၊ ဆီမီးများအတွက် ဘုရားရှေ့တော်မှာ မသန့်မရှင်း မဖြစ်အောင် ပူဇော်နိုင်မှသာ လောကရေး သံသရာရေး ချောမော သန့်ရှင်း၍ အပြစ်ကင်းသော ပူဇော်ခြင်းဟု ဆိုလိုပါသည်။

**အဝေးကနေ၍ ပူဇော်နည်း**

ယခုကာလ၌ ရုပ်ပွား စေတီတော်ရှိရာ အရပ်သို့ ရောက်အောင် သွားခွင့်မရသောကြောင့် အိမ်မှာပင် ဘုရားကို ရည်မှန်း၍ ပန်းစသည်တို့ကို ပူဇော်ကြ၏။ ထိုကဲ့သို့ ပူဇော်ရာ၌ အကျိုးရ၊ မရ ရှေးကပင် စဉ်းစားဖူးကြလေပြီ။ အကျိုးရမှု မရမှုမှာ ပူဇော်သူများ၏



စေတနာသာ ပဓာနဖြစ်၏။ မိမိ၏ စိတ်စေတနာက ဘုရားကို ရည်မှန်း၍ လှူဒါန်းပူဇော်ပါလျှင် ကုသိုလ်စေတနာ ဖြစ်သောကြောင့် အဘယ်မှာ အကျိုးမရဘဲ ရှိအံ့နည်း။ ဧကန် အကျိုးရနိုင်ပါသည်။

ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် တစ်ရာ့တစ်ဆယ့်ရှစ်ကမ္ဘာ ထက်၌ အတ္ထဒဿီဘုရား ပွင့်တော်မူ၏။ တစ်နေ့သ၌ အမျိုးသား တစ်ယောက်သည် ကောင်းကင်၌ သံဃာတော် အခြံအရံနှင့် ကြွလာတော်မူသော ဘုရားရှင်ကို ဖူးမြင်လိုက်ရ၏။ ထို့နောက် အရပ်တစ်ပါးသို့ ရောက်တော်မူနေသော ဘုရားရှင်ကို ရည်မှန်း၍ ပန်းနံ့သာ စသည်တို့ကို အဝေးမှ လှူဒါန်းပူဇော်လေသည်။ ထိုကောင်းမှုကြောင့် ဒုဂ္ဂတိဘဝသို့ မလားရဘဲ ငါတို့ ဘုရားလက်ထက်၌ "ဒေသပူဇကမထေရ်" ဟု ထင်ရှားသော ရဟန္တာတစ်ပါး ဖြစ်လာလေသည်။

## ပုဗ္ဗ မုဉ္စ အပရ စေတနာ

**ပုဗ္ဗစေတနာ**

အလှူတစ်မျိုးကို လှူဒါန်းရာ၌ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ ဟု ၃ မျိုးရနိုင်၏။ ထိုတွင် အလှူပေးမည်ဟု ကြံစည်ကာ ထိုအလှူနှင့်ဆိုင်သော ပစ္စည်းများကို ရှာဖွေစုဆောင်းနေသောအခါမှစ၍ မလှူမီ ရှေ့အဖို့၌ ဖြစ်သမျှ ကုသိုလ်စေတနာတွေသည် "ပုဗ္ဗစေတနာ" မည်၏။ ထိုသို့ ပုဗ္ဗစေတနာ နယ်အတွင်း၌ ဤအလှူဒါနကို အကြောင်းပြု၍ အလှူ့ဒကာ အလှူ့အမ၊ ကျောင်းဒကာ၊ ကျောင်းအမ စသည်ဖြင့် ထင်ရှားကျော်ကြားစေလိုသောစိတ်၊ ကျော်စောလိုသောစိတ်၊ မိမိလှူနိုင်ကြောင်း ကြွားလိုသောစိတ်များ မဖြစ်စေရ။ လှူဖို့ရာ ပစ္စည်းစုခိုက် အိမ်သား

14.B

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း အလှူနှင့်စပ်၍ မကျေမနပ် ဒေါသ မာန စသော အကုသိုလ်များ၊ အလှူကို လှူမည်ဟု ကြံခဲ့ပြီးမှ တစ်စုံတစ်ခုအတွက် စိတ်ပျက်ပြီး တွန့်ဆုတ်သော မလှူလိုသော စိတ်များ မဖြစ်စေရ။ ထိုသို့ မဖြစ်စေဘဲ ပျော်ရွှင်ဝမ်းမြောက်စွာ အရာရာကျေနပ်လျက် လှူဖွယ် အရပ်ရပ်တို့ကို စီမံနိုင်လျှင် "ပုဗ္ဗစေတနာတွေ အလွန် စင်ကြယ်စွာ ဖြစ်နေပြီ" ဟု မှတ်ပါ။

**မုဉ္စစေတနာ**

မုဉ္စ–သဒ္ဒါသည် "စွန့်လွှတ်ခြင်း" ဟူသော အနက်ကို ဟော၏။ ထို့ကြောင့် စွန့်လွှတ် လှူဒါန်းနေတုန်းအခိုက်၌ ဖြစ်သော စေတနာသည် (ဆွမ်းလှူရာ၌ ဆွမ်းကို အလှူခံပုဂ္ဂိုလ်အား ကပ်လှူနေတုန်းမှာ ဖြစ်သော စေတနာနှင့် ကိုယ်ထိလက်ရောက် မကပ်ဘဲ နှုတ်ဖြင့် လျှောက်ထား၍ လှူရာ၌ "လှူပါ၏" ဟု ဆိုခိုက်မှာ ဖြစ်သော စေတနာသည်) "မုဉ္စစေတနာ" မည်၏။ ဤမုဉ္စစေတနာ အခိုက်လည်း ပြခဲ့သော အကုသိုလ် စိတ်များ မဖြစ်စေဘဲ၊ အလှူခံမည့် ပုဂ္ဂိုလ်ကိုလည်း ကပ်ငြိတွယ်တာသော တဏှာလောဘစိတ် မဖြစ်စေဘဲ ယခု လှူဒါန်းလိုက်သည့်အတွက်ကြောင့် ငါ၏ ကိစ္စကို ကူညီဆောင်ရွက်လိမ့်မည်ဟု တစ်စုံတစ်ခုသော လောကီအကျိုးကို မမျှော်လင့်ဘဲ ရက်ရက်ရောရော လှူဒါန်းနိုင်ပါလျှင် "မုဉ္စစေတနာတွ စင်ကြယ်စွာ ဖြစ်ပြီ" ဟု မှတ်ပါ။

**အပရစေတနာ**

အလှူအထမြောက်ပြီးနောက် ထိုကုသိုလ်နှင့် စပ်၍ ဖြစ်သမျှ စေတနာကို "အပရစေတနာ" ဟု ခေါ်၏။ ထို့ကြောင့် ဒါနပြုပြီးနောက် ထိုဒါနကို သတိရတိုင်း "အလှူအထမြောက်ပေပြီ ဝမ်းမြောက်ဖွယ်



ကောင်းပေသည်။ နောက်ထပ် လှူချင်သေးသည်"ဟု ဝမ်းမြောက်ဝမ်းသာဖြစ်နေလျှင် အပရ စေတနာနယ်၌လည်း ကုသိုလ် စေတနာတွေ ထပ်မံတိုးပွားပြန်၏။ အလှူပေးပြီးနောက် ပစ္စည်း ပျက်ပြား၍ ဖြစ်စေ၊ ကျောင်းဆောက် ကိုးကွယ်ပြီးနောက် ကျောင်းထိုင်ဘုန်းကြီး အပေါ်၌ မကျေနပ်၍ဖြစ်စေ "ငါလှူမိတာ မှားလေစွ" ဟု အပရ စေတနာပျက်လျှင် အလှူနှင့်စပ်၍ မကျေနပ်ခြင်းဟူသော ဒေါသ အကုသိုလ်ပင် ဖြစ်ပါသေးသည်။

**သတိထားဖွယ်**

ဒါနပြုရာ၌ ကျောင်းဆောက်မှု၊ ဘုရားတည်မှု၊ အလှူကြီးပေးမှု စသည်တို့ဖြင့် ကြီးကျယ်သော ဒါနလည်း ရှိ၏။ ဆွမ်း၊ သင်္ကန်း၊ ဆေး အစရှိသည်တို့ဖြင့်လည်းကောင်း၊ မရှိဆင်းရဲသားတို့အား စွန့်ကြဲပေးကမ်းမှု စသည်တို့ဖြင့်လည်းကောင်း အနည်းအပါး ဒါနလည်းရှိ၏။ ထိုတွင် ကြီးကျယ်သော ဒါနတို့၌ အလှူခံပုဂ္ဂိုလ် အတွက်ဖြစ်စေ၊ သူတစ်ပါးတို့လာရောက် နှောင့်ယှက်သောကြောင့် ဖြစ်စေ စေတနာပျက်ဖွယ်တွေ (စိတ်ထားမတတ်သူ၊ ဉာဏ်မရှိသူမှာ) များလှ၏။ ထို့ကြောင့် ထိုသို့ ဒါန အကြီးအကျယ် လှူရာ၌ မိမိ ကိုယ်တိုင် စွမ်းနိုင်သမျှ စဉ်းစားရုံသာမကဘဲ မိတ်ဆွေကောင်း ဆရာကောင်းတို့နှင့် တိုင်ပင်ကာ ပုဂ္ဂိုလ်ကောင်းများကို ရွေးချယ်၍ ပြုလုပ်ထိုက်ကြပေသည်။ အနည်းငယ်ပြုကြသော ဒါနတို့ကား ခွေး တိရစ္ဆာန်များကို ကျွေးမွေးရခြင်းသည်ပင် အကျိုးများလှပြီ ဖြစ်သောကြောင့် အလှူခံပုဂ္ဂိုလ်ကို မရွေးချယ်သော်လည်း အရေးမကြီးလှ၊ အချို့အရာ၌ သံဃိကဒါနမြောက်အောင် စိတ်ထား၍ အချို့အရာဝယ် လှူဖွယ်ဝတ္ထုများ၌ မတွယ်တာဘဲ မုတ္တစာဂီဖြစ်အောင် စွန့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ပေးကမ်း လှူဒါန်းကြရမည်။ [မုတ္တ= မတွယ်တာဘဲ လွတ်လွတ်ကျွတ်ကျွတ်+ စာဂီ= စွန့်ကြဲပေးကမ်းလေ့ရှိသူ။] "အလှူခံပုဂ္ဂိုလ်၌လည်း မတွယ်တာ၊ လှူဖွယ်ပစ္စည်း၌လည်း မတွယ်တာ၊ နောက်ဘဝ၌ လူ့နတ်စည်းစိမ်ကိုလည်း မတွယ်တာ မတောင့်တဘဲ နိဗ္ဗာန်ကို ရည်မှန်းလျက် လွတ်လွတ်ကျွတ်ကျွတ် လှူဒါန်းသူ" ဟု ဆိုလိုသည်။

## ဒွိဟိတ် တိဟိတ် ကုသိုလ် အခွဲ

စေတသိက်အခန်း၌ ပြခဲ့သော အလောဘ၊ အဒေါသ၊ အမောဟ ၃ ပါးကို ပါဠိလို "ဟေတု"၊ မြန်မာလို "ဟိတ်" ဟုခေါ်သည်။ ဤနေရာ၌ ဟေတု-သဒ္ဒါသည် "အခြေအမြစ်" ဟူသော အနက်ကိုဟော၏။ သစ်ပင်၌ ရေသောက်မြစ်သည် သစ်ပင်တစ်ပင်လုံး ခိုင်မြဲစည်ကား ကြီးထွားအောင် ပြုသကဲ့သို့ ဟိတ်တရားများလည်း မိမိတို့နှင့် ယှဉ်ဖက်စိတ်ကို ခိုင်မြဲစည်ကား အကျိုးများအောင် ပြုနိုင်ကြပေသည်။ ထို့ကြောင့် ကုသိုလ်စိတ်ကို ဟိတ် ၂ပါးနှင့် ယှဉ်သော ဒွိဟိတ်ကုသိုလ်စိတ်၊ ဟိတ် ၃ပါးနှင့် ယှဉ်သော တိဟိတ်ကုသိုလ်စိတ်ဟု ခွဲခြားမှတ်သားရမည်။

### ဒွိဟိတ်ကုသိုလ်စိတ်

အလောဘ၊ အဒေါသ ဟိတ် ၂ပါးနှင့် ယှဉ်သော ကုသိုလ်စိတ်သည် ဒွိဟိတ်ကုသိုလ်စိတ်မည်၏။ သုစရိုက်ဆယ်ပါးတို့တွင် သမ္မာဒိဋ္ဌိသည် "ကံ-ကံ၏ အကျိုးစကန်ရှိ၏။" ဟု ယုံကြည်သော ဉာဏ်ပညာတည်း။ ထိုဉာဏ်ကိုပင် "ကမ္မဿကတာဉာဏ်" ဟုခေါ်၏။ ကလေးဖြစ်စေ၊ ကံ-ကံ၏ အကျိုးကို နားမလည်သော အရိုင်းအစိုင်း ဖြစ်စေ ပစ္စည်းဝတ္ထု တစ်စုံတစ်ခုကို ပေးကမ်းရာ၌ ဝမ်းမြောက်



ဝမ်းသာ ကုသိုလ်စိတ်ကား ဖြစ်တတ်ပါ၏။ သို့သော် "ယခုပြုသော ကုသိုလ်ကံသည် မိမိသန္တာန်မှာ အဖတ်တင်ရစ်၏။ ထိုကံကြောင့် နောက်နောင်အခါ အကျိုးခံစားရမည်" ဟု သိသော သမ္မာဒိဋ္ဌိ (ကမ္မဿကတာဉာဏ်) အမောဟမပါ။ အလောဘ၊ အဒေါသဟိတ် ၂ပါးသာပါ၏။ ထို့ကြောင့် ထိုကုသိုလ်စိတ်မျိုးကို "ဒွိဟိတ် ကုသိုလ်စိတ်" ဟု ခေါ်ကြရသည်။

ယခုကာလ ဗုဒ္ဓဘာသာဝင် အချို့လည်း ကံ-ကံ၏ အကျိုးကို နားမလည်ကြဘဲ သူများယောင်လို့ ရောယောင်ကာ သူများလှူလို့ လှူကြရသူတွေ များစွာရှိသည်။ ထိုသူများ၏ ကုသိုလ်စိတ်လည်း ဒွိဟိတ် ကုသိုလ်ပင်တည်း။ ပင်ကိုဉာဏ်ရှိသူ(တတ်သိနားလည်သူ) ဖြစ်သော်လည်း အမှတ်တမဲ့ ပေးကမ်းရာ၌ ဒွိဟိတ် ကုသိုလ်စိတ်ပင် ဖြစ်ပေလိမ့်မည်။ အချုပ်မှာ ကုသိုလ်ပြုနေတုန်း၌ ဉာဏ်ပညာမပါလျှင် ဒွိဟိတ် ကုသိုလ်ချည်းမှတ်ပါ။

### တိဟိတ် ကုသိုလ်စိတ်

အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ပါးနှင့်ယှဉ်သော ကုသိုလ်စိတ်သည် "တိဟိတ်ကုသိုလ်စိတ်မည်၏။ ကုသိုလ်ပြုနေတုန်းအခါ ကံကိုလည်းကောင်း၊ ကံ၏ အကျိုးကိုလည်းကောင်း နားလည်သော ကမ္မဿကတာဉာဏ်ပါလျှင် တိဟိတ် ကုသိုလ်စိတ် ဖြစ်သည်။ ယခုကာလဝယ် အတော်အတန် ဉာဏ်ရှိသော အမျိုးသား အမျိုးသမီးတို့သည် ဘုရားကိစ္စ၊ တရားကိစ္စ၊ သံဃာကိစ္စ၊ မိဘကိစ္စ၊ လူကြီးသူမတို့ ကိစ္စကို စိတ်စေတနာ ဖြူစင်စွာဖြင့် ပြုကြသည်။ ထိုကုသိုလ်စိတ်များ၌ သံသရာ အကျိုးကို နားလည်သော ဉာဏ်ပါရှိရကား တိဟိတ် ကုသိုလ်မျိုးဖြစ်ကြသည်။ တစ်စုံတစ်ခု ပစ္စည်းကို

www.burmeseclassic.com

www.burmeseclassic.com



ပေးလှူသောအခါ "ထိုပစ္စည်းသည် ရုပ်ကလာပ်အစုသာဖြစ်၏။ ထိုရုပ်ကလာပ်ကား အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား" ဟု ဝိပဿနာတင်၍ လှူတတ်သူအတွက် ဉာဏ်ဓာတ်ပါရှိကြောင်း တိဟိတ်ကုသိုလ်စိတ် ဖြစ်ကြောင်းမှာ အထူးပြောဖွယ် မလိုတော့ပါ။ အလွန်ကောင်းသော တိဟိတ် ကုသိုလ်တည်း။ ထို့ကြောင့် ယခုအခါ ဆရာမိဘတို့က အလှူပေးခါနီး၊ ရေစက်ချခါနီး၌ ကံနှင့် ကံ၏ အကျိုးကိုလည်းကောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တအကြောင်းကို လည်းကောင်း နားလည်အောင် ပြောသင့်ကြပါသည်။

## ဥက္ကဋ္ဌ ဩမကအခွဲ

[ဥက္ကဋ္ဌ= အမြတ်။ ဩမက= အညံ့။] ပြခဲ့ပြီးသော ဒွိဟိတ်၊ တိဟိတ် ကုသိုလ်စိတ်တို့၌ ရှေ့ပုဗ္ဗစေတနာအခိုက်တုန်းကဖြစ်စေ၊ လှူပြီးနောက် အပရစေတနာအခိုက်မှာဖြစ်စေ ကုသိုလ်စေတနာ ခြံရံနေလျှင် (အကုသိုလ်မဖြစ်ဘဲ ကုသိုလ်စိတ်တွေ ရှေ့နောက် ပါနေလျှင်) မြင့်မြတ်သော ဥက္ကဋ္ဌ ကုသိုလ်ဖြစ်၏။ မလှူမီ ရှေ့အဖို့နှင့် လှူပြီးနောက်အဖို့ အကုသိုလ်များ ခြံရံနေလျှင် ညံ့ဖျင်းသော ဩမက ကုသိုလ်ဖြစ်၏။

ရှေ့နောက် ကုသိုလ် အကုသိုလ် "ခြံရံ" ဟူရာ၌ ထိုကုသိုလ်နှင့် စပ်၍ ပုဗ္ဗစေတနာ အပရစေတနာတို့အခိုက်မှာ ကုသိုလ်စိတ်ဖြစ်မှု၊ အကုသိုလ်စိတ်ဖြစ်မှုကို "ခြံရံသည်" ဟု ဆိုလိုသည်။ ထိုကုသိုလ်နှင့် မစပ်ဘဲ အလွတ်သက်သက်ဖြစ်သော ကုသိုလ် အကုသိုလ်တို့ကို "ခြံရံ" ဟု မဆိုရ။ ဥပမာ–အလှူပေးခါနီး ရှေ့အဖို့၌ ကြွေးတောင်း မရ၍ မြီစားကို တရားစွဲကာ ဒေါသအကုသိုလ် ဖြစ်၏။ သို့သော် အလှူပေးဖို့ ကိစ္စ၌ကား စိတ်မပျက်။ အလှူပေးပြီးနောက် အလှူကို



ဝမ်းမြောက်၏။ အပရစေတနာ ထက်သန်၏။ သို့သော် ထိုအလှူနှင့် မဆိုင်သော ကိစ္စ၌ကား လောဘ၊ ဒေါသ ဖြစ်ရ၏။ ဤသို့ အလှူနှင့် မဆိုင်သော အရာဝယ် ဖြစ်သမျှ အကုသိုလ်ကား အလှူ ကုသိုလ် ယုတ်ညံ့အောင် မနှောင့်ယှက်ပါ။

ဤစကားအရ အချုပ်ကား– ပုဗ္ဗစေတနာ အပရစေတနာ ထက်သန်သော တိဟိတ် ကုသိုလ်သည် "တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်" ဖြစ်၏။ ပုဗ္ဗစေတနာ ဖြစ်စေ၊ အပရစေတနာ ဖြစ်စေ တစ်ခုခု ချို့တဲ့လျှင် "တိဟိတ်ဩမက ကုသိုလ်" ဖြစ်၏။ နှစ်ခုစလုံး ချို့တဲ့လျှင်သာ၍ "တိဟိတ်ဩမက" ဖြစ်၏။ ဒွိဟိတ် ဥက္ကဋ္ဌ ဒွိဟိတ်ဩမက ဖြစ်ပုံလည်း ဤနည်းအတိုင်း မှတ်ပါ။ [ပုဗ္ဗ–မုဉ္စ–အပရ စေတနာ ၃မျိုး၊ တိဟိတ်ဒွိဟိတ် ကုသိုလ် ၂မျိုး၊ ဥက္ကဋ္ဌ ဩမက ကုသိုလ် ၂ မျိုး အခွဲကို သီလစသော ကုသိုလ်များ၌လည်း ရနိုင်၏။]

**[ဆောင်]** ၁။ ကုသိုလ် ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိ၊ တိဟိတ် ကုသိုလ်ခေါ်။

၂။ ကုသိုလ် ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်မရှိ၊ ဒွိဟိတ်ကုသိုလ်ခေါ်။

၃။ ရှေ့နောက် နှစ်ရပ်၊ ကုသိုလ်ညှပ်၊ ဥက္ကဋ္ဌ အမြတ်ခေါ်။

၄။ ရှေ့နောက် နှစ်တန်၊ အကုခြံ၊ ညံ့ဟန် ဩမကခေါ်။

## အယုတ် အလတ် အမြတ် ခွဲနည်းတစ်မျိုး

ဟီနဒါန၊ မဇ္ဈိမဒါန၊ ပဏီတဒါနဟု ဒါန ၃မျိုး ရှိ၏။ မိမိသုံးသော ပစ္စည်းလောက် မကောင်းသော အစားအဝတ်များကို လှူလျှင် ဟီန [ယုတ်ညံ့သော] ဒါနဖြစ်၏။ မိမိသုံးစားသော

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းနှင့် တန်းတူပစ္စည်းကို လှူလျှင် မဇ္ဈိမ (အလတ်စား) ဒါနဖြစ်၏။ မိမိသုံးသော ပစ္စည်းထက် သာလွန်ကောင်းမြတ်သော ပစ္စည်းကို လှူလျှင် ပဏီတ (မွန်မြတ်သော )ဒါန ဖြစ်၏။

တစ်နည်း – ဒါသဒါန၊ သဟာယဒါန၊ သာမိဒါနဟု ၃ မျိုး ရှိ၏။ ထိုတွင် ပြခဲ့သော ဟီနဒါနကို "ဒါသဒါန" ဟုခေါ်သည်။ "ကျွန်အနေမျိုးဖြစ်သော အောက်တန်းစားအလှူ" ဟုဆိုလိုသည်။ ပြခဲ့သော မဇ္ဈိမဒါနကို "သဟာယဒါန" ဟုခေါ်သည်။ "မိတ်ဆွေ သူငယ်ချင်း အနေမျိုးဖြစ်သော အလယ်အလတ်စား အလှူ" ဟု ဆိုလိုသည်။ ပြခဲ့သော ပဏီတဒါန" ကို "သာမိဒါန ဟုခေါ်သည်။ "အရှင်သခင်မျိုး ဖြစ်သော အထက်တန်းစားအလှူ" ဟုဆိုလိုသည်။

တစ်နည်း – ဒါန ပြုနေတုန်း၌ စိတ်ဆန္ဒ လုံ့လဝီရိယ သဒ္ဓါတရားတို့ညံ့လျှင် "ဟီနဒါန" ဖြစ်၏။ စိတ်ဆန္ဒ လုံ့လဝီရိယ သဒ္ဓါတရားတို့ မှန်မှန်ရှိလျှင် "မဇ္ဈိမဒါန" ဖြစ်၏။ စိတ်ဆန္ဒ လုံ့လဝီရိယတို့ ထက်သန်လျှင် ပဏီတဒါန" ဖြစ်၏။

တစ်နည်း –ကျောင်းဒကာ၊ ဘုရားဒကာ၊ အလှူဒကာစသော ဂုဏ်၊ "အင်မတန် သူတော်ကောင်းတာပဲ" စသော ချီးမွမ်းမှုကို လိုလား၍ ပြုသောဒါနသည် "ဟီနဒါန" တည်း။ "နောင်ဘဝ သံသရာ၌ တစ်စုံတစ်ခု ကောင်းကျိုး ရလိမ့်မည်" ဟု အကျိုးကိုမျှော်၍ ပြုသော ဒါနသည် "မဇ္ဈိမဒါနတည်း"။ နောင်သံသရာ အကျိုးရမရကို ဂရုမစိုက်ဘဲ (အကျိုး မရချင်နေပစေ) "ပညာရှိ သူတော်ကောင်း" ဆိုတာ သူတစ်ပါးကို ပေးကမ်းချီးမြှောက်ရိုး ထုံးစံတည်းဟု သဘောထား၍ သူတစ်ပါးကို စားစေ ဝတ်စေလိုသော စေတနာ သက်သက်ဖြင့် ပေးလှူစွန့်ကြဲခြင်းသည် "ပဏီတဒါန" တည်း။



**မှတ်ချက်။** ။ဤနည်း၌ အကျိုးကို လိုလား၍ ပြုသော ဒါနထက် အကျိုးကိုမမျှော်ဘဲ ပြုသောဒါနကမြတ်ပုံကို သတိပြု သင့်၏။ မိမိအကျိုးကို မလိုလားဘဲ "သူတစ်ပါး ချမ်းသာလျှင်ပြီးရော" ဆိုသော စေတနာတို့မှာ အလွန်မြင့်မြတ်သော စိတ်ဓာတ်ရှိသော အလောင်းတော်ကြီးများ၏ စိတ်ထားမျိုးပင် ဖြစ်ပါသည်။

တစ်နည်း–ဘဝစည်းစိမ်ကို ခံစားလို၍ ပြုသော ဒါနသည် "ဟီနဒါန"တည်း။ မိမိ၏ သံသရာမှ လွတ်မြောက်ရေးကို လိုလား၍ (ဤဒါနသည် မဂ်ဖိုလ်၏ အခြေခံ ဖြစ်ပါစေဟု ဆုတောင်း၍) ပြုသော ဒါနသည် "မဇ္ဈိမဒါနတည်း"။ သတ္တဝါများ၏ သံသရာမှ လွတ်မြောက်ရေးကို မျှော်တွေးလျက် ဘုရားလောင်းတို့ ဖြည့်ကျင့် အပ်သော ဒါနပါရမီသာလျှင် အမြတ်ဆုံး "ပဏီတဒါန" ဖြစ်သည်။ ဤကား တစ်မျိုးထက်တစ်မျိုး (စိတ်ထားတတ်၍) မြတ်ပုံတည်း။ [သီလ စသည်များ၌လည်း ဤကဲ့သို့ စိတ်ထားလိုက်၍ အယုတ် အလတ် အမြတ် ကွဲပြားနိုင်ကြသည်။]

**ဒါနအကျိုး**

ဒါန၏အကျိုးကို အထူးချဲ့ထွင်၍ တန်ဆာဆင်နေဖွယ်မလိုပါ။ တိရစ္ဆာန်ကလေး တစ်ကောင်အား ဝဝလင်လင်ရှိအောင် ထမင်း တစ်ထပ်ကျွေးသော ဒါနကလေးသည်ပင် ဘဝပေါင်း တစ်ရာတို့၌ "အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန (အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း)" ဟူသော အကျိုး ၅ ပါးကို ရနိုင်သည်။ တခြားကုသိုလ်ကြောင့် လူနတ်ဖြစ်ခြင်း တူသော်လည်း ဒါနရှင်တို့က သာလွန် မြင့်မြတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကဿပဘုရားရှင်လက်ထက်တော်တုန်းက မိတ်ဆွေရဟန်း ၂ ပါးရှိရာ တစ်ပါးက ဒါနရှင်၊ တစ်ပါးက ဒါနမဲ့ ဖြစ်ခဲ့၏။ ၂ ပါးလုံးပင် သီလပြည့်စုံသဖြင့် ငါတို့ဘုရားလက်ထက်တိုင်အောင် လူ့ပြည်နတ်ပြည် ကျင်လည်ကြရာဝယ် ဒါနရှင်ကသာ အထက်တန်းကျခဲ့၏။ နောက်ဆုံးဘဝ၌ ကောသလမင်း၏ နန်းတော်တွင် ထိုမိတ်ဆွေရင်း ၂ ဖော် တွေ့ဆုံပြန်ရာ ဒါနရှင်က မင်းသား၊ ဒါနမဲ့က အထိန်းတော်သား ဖြစ်၍ ပုခက် ၂ လုံးတွင် ဒါနရှင်က ထီးဖြူဆောင်းလျက်၊ ဒါနမဲ့က သစ်သားပုခက်ကို စီးကာ ထိုကဲ့သို့ အရည်အချင်း ကွာခြားစွာဖြင့်ပင် ကျွတ်တမ်းဝင်ကြလေသည်။

**ဒါနသည် သံသရာကို ရှည်စေသလော**

ယခုကာလ၌ "ဒါနသည် သံသရာကို ရှည်စေတတ်၏" ဟု အယူသည်းကြသည်။ ပြခဲ့သော ဝတ္ထုဝယ် ဒါနရှင်က ကျွတ်တမ်းဝင်နောက်မကျချေ။ ထို့ကြောင့် သံသရာ အရှည်အတိုဝယ် ဒါနကို ယိုးမယ်မဖွဲ့သင့်ပါ။ ဒါနပြုရာဝယ် သူတို့၏ စိတ် မစင်ကြယ်မှုကြောင့်သာ "လူတွင်ပါ၍ နွားကျားကိုက်" ခံရသည်။ အမှန်မှာ ဒါနက သံသရာမရှည်စေ။ "ဤဒါနကြောင့် လူ့ချမ်းသာ နတ်ချမ်းသာကို ခံစားရတော့မည်"ဟု ရည်ရွယ်မှု တဏှာဇောက သံသရာ ရေလျဉ်ကြော၌ မျောစေခြင်းသာ ဖြစ်သည်။

အချို့က "ဘုရားရှင်သည်ပင် ဒါနတွေအားကြီးသောကြောင့် သံသရာမှာ ကြာရှည်တော်မူရသည်"ဟု သူတို့ အသိဉာဏ်ကလေးဖြင့် တွေးရှာကြပြန်သေး၏။ ထိုဒါန အားကြီးတော်မူကြသော ဘုရားရှင်ပေါင်း အသင်္ချေနှင့် အနန္တ (ဂင်္ဂါဝါဠုသဲစုမက)ကျွတ်တမ်းဝင်ကြပြီးဖြစ်ပါလျက် ငါတို့က ယခုတိုင် မကျွတ်ရသေးသည်မှာ ထိုဘုရားရှင်တို့ထက်ပင် ဒါနအားကြီးနေလို့ပါလော။ ဝေဿန္တရာမင်းသည်



ဘုရားမဖြစ်မီ ၂ ဘဝမြောက်က အကြီးအကျယ် ဒါနကိုပြုတော်မူသည်။ ထိုဒါနတွေ အဘယ့်ကြောင့် သံသရာမှာ မကြာစေပါသနည်း။

ထို့ကြောင့် ဒါနသည် သူ၏ သဘောအားဖြင့် သံသရာမှာ ကြာရှည်စေသည် မဟုတ်ပါ။ မစင်ကြယ်သော တဏှာဇောကြောင့် သံသရာမှာ မျောကြရသည်ဟု မှတ်ပါ။ ဘုရားအလောင်းတော်တို့၏ သံသရာ၌ ကြာရှည်စွာ နေရခြင်းမှာလည်း ရည်ရွယ်တော်မူရင်းက သဗ္ဗညုတဉာဏ်အထူးကို ရဖို့ဖြစ်၍ ထိုဉာဏ်နှင့် ထိုက်တန်သော ပါရမီအခြေခံ မပြည့်သေးသမျှ ထိုဉာဏ်ကို မရသောကြောင့်သာ ဖြစ်သည်။ ဥပမာ=ရင့်မှ မှည့်နိုင်သော သရက်သီးကို အနုကလေး ဆွတ်ရူး၍ အုပ်သော်လည်း မမှည့်နိုင်သကဲ့သို့တည်း။

**ဝဋ္ဋနိဿိတ ဝိဝဋ္ဋနိဿိတ**

ကုသိုလ်ပြုစဉ် လူချမ်းသာ နတ်ချမ်းသာကို ခံစားလို၍ ပြုသော ကုသိုလ်သည် "ဝဋ္ဋနိဿိတ ကုသိုလ်"မည်၏။ [ဝဋ္ဋ= သံသရာဝဋ်ကို+နိဿိတ=မှီသောကုသိုလ်] သံသရာဝဋ်မှ ကျွတ်ဖို့ မမျှော်၊ သံသရာဝဋ်အတွင်း၌ ခံစားဖို့သာ မျှော်သော ကုသိုလ်ဟု ဆိုလိုသည်။ နိဗ္ဗာန်ကို ရည်မှန်းလျက် ပြုအပ်သော ကုသိုလ်သည် "ဝိဝဋ္ဋနိဿိတ ကုသိုလ်" မည်၏။ [ဝိဝဋ္ဋ=ဝဋ်ကင်းရာနိဗ္ဗာန်+ နိဿိတ=မှီသော ကုသိုလ်] ဤကုသိုလ် ၂ မျိုးတွင် (ဒါနဖြစ်စေ၊ သီလဖြစ်စေ) ဝဋ္ဋနိဿိတ မှန်လျှင် သံသရာ၌ ကြာရှည်စေ၏။ ဝိဝဋ္ဋနိဿိတ မှန်က သံသရာမှ အမြန်လွတ်အောင်ပင် ရည်ရွယ်ရင်းဆုကို ပြည့်လွယ်စေ၏။

**ဒါနကြောင့် ပါရမီများ ပြည့်လွယ်ပုံ**

ဒါနရှိသူသည် ဖြစ်လေရာ ဘဝတို့၌ ဥစ္စာပြည့်စုံ၏။ ဥစ္စာပြည့်စုံလျှင် (ပင်ကို စိတ်ရင်းကောင်းသူ၊ ဝိဝဋ္ဋ နိဿိတဒါန

www.burmeseclassic.com

www.burmeseclassic.com



ပြုခဲ့သူအတွက်) သီလလုံခြုံ၏။ ဥပုသ်ရက်ရှည် စောင့်ခွင့်ရ၏။ ဥစ္စာမရှိလျှင် ဝမ်းရေး ပူပန်ရသဖြင့် အုမ မတောင့်၍ သီလမစောင့်နိုင်ရုံသာမက ငါးပါးသီလ လုံဖို့ရန် ခဲယဉ်း၏။ ဒါနရှိမှ သီလလွယ်ကူသည်။ ပညာရှာဖွေရာ၌လည်း ဒါနရှင်တို့သာလျှင် လွယ်ကူစွာရှာနိုင်၏။ ယခု လောကီကျောင်း၌ ပညာရှာရပုံကို ကြည့်ပါ။ အခမဲ့သင်ရသော ဘုန်းကြီးကျောင်းတချို့မှာပင် ပစ္စည်းရှင် သားသမီးများသာ ပို၍အသင်အပြခံရ၏။ ဤသို့လျှင် ဒါနရှိက ပညာရှာမှီးရာ၌ လွယ်ကူပြန်သည်။

ဒါနရှင်တို့သည် သူတကာက စော်ကားလျှင် အဖက် မထင်၍ဖြစ်စေ၊ စိတ်သဘောထားကြီး၍ ဖြစ်စေ သည်းခံလွယ်၏။ ပစ္စည်းဥစ္စာမရှိက "ငါ့ကို ပစ္စည်းမရှိလို့ စော်ကားတာပဲ" ဟု အထင်ရှိ၍ သည်းမခံလိုကြပါ။ ဒါနရှင်တို့သည် နေရာတိုင်းတွင် သူတစ်ပါးတို့၏ လေးစားခြင်းကို ခံရသဖြင့် မိမိအား အရိုအသေပေးသူတို့ အပေါ်မှာ မေတ္တာကရုဏာ ဖြစ်လွယ်၏။ ဥစ္စာမရှိလျှင် ထိုသို့ ရှိသေသူလည်း နည်းပါးကြသဖြင့် ကိုယ့်ကို ဂရုမစိုက်သူကို ပြန်၍ အမျက်ထွက်ကာ မေတ္တာကရုဏာဖြစ်ရမည့်အစား ဒေါသ မာနတွေသာ တိုးပွားတတ်လေသည်။ ဤနည်းအားဖြင့် ဒါနကြောင့် ခန္တီ မေတ္တာ ပါရမီများလည်း ဖြစ်လွယ်ပုံကို ချဲ့ထွင်ကြည့်ပါ။

"ဥစ္စာမရှိ ကတိမတည်" နိုင်သော လောကကြီးဝယ် သစ္စာပါရမီဖြစ်ဖို့ အရေးမှာလည်း ဒါနသည် အကူအညီပေး၏။ ဤသို့စသည်ဖြင့် ဒါနမပါလျှင် ပါရမီအားလုံး ပြည့်ဖို့အရေး၌ အနှောင့်အယှက် ပေးတတ်ရကား ဘုရားလောင်း ဟူသမျှတို့ ဒါနကိုသာ ပထမဆုံး မြင်တော်မူကြပေသည်။ ငါတို့ ဘုရားရှင်မှာ စ,တည်



တော်မူစဉ်ကလည်း သုမေဓာဘဝ၌ ဒါနကို စ,တည်ခဲ့၍ ဝေဿန္တရာဘဝ၌ ကမ္ဘတ်ဖုံးလျက် ပါရမီအားလုံးကို နိဂုံးချုပ်တော်မူခဲ့ပေသည်။

**ဒါနပြုဖွယ်မလိုသူ**

ဒါနပြုဖွယ်မလိုသော ပုဂ္ဂိုလ်တစ်မျိုးပင် ရှိသေး၏။ ထိုပုဂ္ဂိုလ်မျိုးကား ယခုဘဝ၌ပင် ခန္ဓာဝန်လက်စသိမ်း၍ အေးငြိမ်းအောင် တရားအားထုတ်နေသော ယောဂီ ပုဂ္ဂိုလ်ကြီးတည်း။ ထို ပုဂ္ဂိုလ်မှာ ဒါနပြုနေလျှင် ထို ဒါနပြုနေသည့် အတောအတွင်း၌ ကမ္မဋ္ဌာန်းအားထုတ်မှု လစ်ဟင်း၏။ ထို့ကြောင့် ယနေ့ နက်ဖြန်ဆိုသလို တရားထူးရအောင် အားထုတ်နေသော ပုဂ္ဂိုလ်အတွက် ဒါနပြုဖွယ်မလိုပါ။ ငါတို့ ဥပဇ္ဈာယ်ဆရာ မဟာဂန္ဓာရုံ ဆရာတော် ဘုရားအထံ၌ မန္တလေးမှ ဒါနဝါသနာပါသော ဆရာတော်ကြီးတစ်ပါး ကမ္မဋ္ဌာန်းအားထုတ်နေစဉ် နံနက်စောစော၌ ဘုရားလှူရန် ပန်းကောက်နေသည်ကို ဆရာတော်မြင်၍ "ပန်းကို နောက်မှ လှူပါ၊ တရားအားထုတ်သည့်အခါ တရားကိုသာ ကြိုးစားတော်မူပါ" ဟု တောင်းပန်ဖူးလေသည်။

မဟာဂန္ဓာရုံဆရာတော်ကိုယ်တိုင်ကား ခန္ဓာဝန် လက်စသိမ်း၊ မသိမ်းမသိရသော်လည်း အားထုတ်တော်မူစဉ်ကပင် အမှန်ပင် လက်စသိမ်းအောင် အားထုတ်ခြင်း ဖြစ်သည်။ ထိုမျှ အားထုတ်သော ဆရာတော်သည်ပင် ဂူအောင်း၍ ထွက်တော်မူပြီးနောက် ရရှိသမျှ လာဘ်လာဘတို့ကို ဝေဖန်ခွဲခြား၍ ဒါနပြုတော်မူပါသေးသည်။

ထို့ကြောင့် တရားထူးပေါက်အောင် အားထုတ်နေခိုက်၌ ဒါနပြုဖွယ်မလို။ အခြားအခါနှင့် အခြားသူများမှာ နေရှိသမျှ ဒါနပြုသင့်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**ပျော်စရာဒါန**

စွန့်ကြဲပေးကမ်းလှူဒါန်းနေရခြင်းသည် အလွန်ပျော်စရာကောင်းပေ၏။ တကယ့် စေတနာနှင့် တကယ်တမ်း အလှူဒါနဝါသနာပါသူသည် ဆင်းရဲသူတွေကို မြင်လျှင် သနားသော ကရုဏာက အရင်းခံလျက် ရှိသောကြောင့် အားလုံးသတ္တဝါတွေအပေါ်မှာ ချစ်ကြည်သော မေတ္တာနှင့် ချမ်းသာပြီးသူများကို နှစ်သက်သော မုဒိတာတို့ မကြာခဏ ဖြစ်ရကား ဒါနရှင်၏ မျက်နှာသည် **စန်းလအသွင်** အမြဲကြည်လင် အေးမြကာ ကျက်သရေ မင်္ဂလာဖြင့် **လွန်စွာ** ပျော်ရွှင်နေပုံရသည်။

**ထိုဒါ**နရှင်၏အလှူကို ခံယူသူတို့ကလည်း ဒါနရှင်ကို ရည်ရွယ်၍ အ**ထူးမေတ္တာ**ပို့သည့်အပြင် ဒါနရှင် ချမ်းသာလေ အလှူခံများ၌ မုဒိတာပွားလေဖြစ်ရကား ဒါနတစ်ခုတည်းကပင် ဗြဟ္မစိုရ်တရားထွန်းကားအောင် ပြုနိုင်ပေသည်။ ထို့ကြောင့် ဒါန အစစ်မှန်လျှင် ဒါနဖြစ်စေရုံသာမက မေတ္တာ ကရုဏာ မုဒိတာတို့နှင့်လည်း အဆင်သင့် **လိုက်လျော**၍ ဘာဝနာသဘောကိုလည်း ကျေးဇူးပြုနိုင်ပါသည်။

**ဒါနရှင်မှ ဓနရှင်**

လူချမ်းသာဟူ၍ အမွှမ်းတင်ကြရသော ယခုကာလ လူ့လောက၌ စားသောက်နေထိုင်ရေးအတွက် မပူမပင်ရသူ နည်းပါးလှ၏။ ထိုကျပ်တည်း ကျဉ်းမြောင်းနေကြရာသော ဒုက္ခိတ စာရင်းတွင် ပါဝင်သူများသည် ရှေးရှေးဘဝက ဒါနချို့တဲ့သူများသာ ဖြစ်၏။ လူ့ချမ်းသာ စာရင်းဝင်သူတို့ကား ယခုဘဝဓနရှင် ဖြစ်လောက်အောင် ရှေးရှေးဘဝက ဒါနရှင်လည်း ဖြစ်ခဲ့ကြပေသည်။ ထိုဓနရှင်များသည် ဤဘဝတွင် ဓနရှင်ဖြစ်ရုံနှင့် ကျေနပ်ထိုက်ပါမည်လော။ ယ**ခုဘဝ** မျက်စိမှိတ်လိုက်သည်နှင့် တစ်ပြိုင်နက်



လက်ရှိဓနများ လက်မဲ့ဖြစ်ကြပြီးလျှင် အသစ်ဘဝတွင် အသစ်ဓနနှင့် စခန်းသွားကြရလိမ့်မည်။

ထို့ကြောင့် သူတော်ကောင်းဓနရှင်တို့သည် လက်ရှိဓနများကို (အမွေခံများအတွက် သင့်အောင် ချန်ထား၍) ဆင်းရဲသူများကို ဖြန့်ဖြူးနိုင်မှသာ "ရှေးဘဝ ဒါနရှင်၊ ယခုဘဝ ဓနရှင်။ ယခုဘဝ ဒါနရှင်၊ နောင်အဆက်ဆက် ဓနရှင်"ဟု နိဗ္ဗာန်စံဝင်သည့်တိုင်အောင် အမြဲဓနရှင်များ ဖြစ်နိုင်ကြပေမည်။ ထို့ကြောင့် တစ်ဘဝမျှပင် ခေတ္တပိုင်ရသော ဓနကို "ငါပိုင်"ဟု သဘောမထားဘဲ "ဆင်းရဲသားအများဆိုင်သော ငါပိုင်"ဟု သဘောထား၍ ဒုက္ခိတအများကို ဖြန့်ဖြူးနိုင်စေရမည်။

**မြစ်စသည်နှင့်တူသော ဓနရှင်**

လောကနီတိကျမ်းများ၌လည်း "သူတော်စင် ဓနရှင်သည် မြစ်၊ သစ်ပင်၊ မိုးများနှင့်တူ၏" ဟု ဆိုထား၏။ မြစ်များ၌ ရေတွေရှိသော်လည်း ထိုရေကို မြစ်က မသောက်ပါ။ ရေလိုသူတို့ ချိုးကြသောက်ကြဖို့ရာ ရေတွေကို စုထားသည်။ သစ်ပင်များလည်း သစ်သီးကို မိမိတို့ မစားကြ။ အလိုရှိသူတို့ သုံးစားကြဖို့သာ အသီးကို သီးပေးကြသည်။ မိုးများသည် ရေတွင်း ရေကန်တို့၌သာ ရွာသည်မဟုတ်။ ရေမရှိသော ကုန်းပြင်မှာလည်း ရွာကြသည်။

ထို့အတူ ဓနရှင်သူတော်ကောင်းများလည်း မိမိတို့ချည်းသာ သုံးစွဲဖို့ရာ ပစ္စည်းဥစ္စာများ ရှာဖွေ စုဆောင်းထားသည်မဟုတ်။ ဆင်းရဲသားများအတွက်လည်း လက်ရှိပစ္စည်းများကို သိမ်းဆည်း၍ ထားကြလေသည်။ ဒါနပြုသောအခါလည်း ချမ်းသာကြွယ်ဝ၍ ရေရှိသောတွင်းနှင့်တူသူကိုသာ (ဘုန်းကံကြီးမားသော ဆရာတော်ကြီးများကိုသာ) ရွေးချယ်ခြင်းမပြုဘဲ ကုန်းပြင်နှင့်တူသော ဆင်းရဲသားများ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ပြုကြရသည်ဟု ဆိုလို၏။

"မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ ဖြာဖြာစီးကြ၊ မြစ်ထိုမျှကား၊ ချမ်းမြရည်တွေ၊ စီးသည့်ရေကို၊ ရှိသည့်အလျောက်၊ မြစ်မသောက်ဘူး၊ ပေါက်ရောက် ပွားစည်၊ သစ်ပင်သည်ကား၊ သစ်သီးများကို၊ မစားကြဘူး၊ သွန်မြူးရေရည်၊ မိုးတုံသည်လည်း၊ ရေတည်သင့်ရာ၊ တွင်း၌သာလျှင်၊ ရှာသည်မဟုတ်ဘူး၊ ဂုဏ်ထူးမြင်ကျယ်၊ သူတော်ကြွယ်တို့၊ လက်ဝယ်ဥစ္စာ၊ ရတနာလည်း၊ လာလာအများ၊ သူတစ်ပါးတို့၊ စီးပွားချမ်းသာ၊ အကျိုးငှာသည်၊ မှန်စွာမြဲတည့် မသွေတည်း" (နီတိပျို့)

ဤပြဆိုခဲ့သော အစဉ်ဖြင့် ဓနရှင်ဘဝ၌ ဒါနပြုခြင်းသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဗြဟ္မစိုရ်တရား အမြဲတိုးပွားစေသဖြင့် နေ့စဉ်နှင့်အမျှ မျက်နှာကြည်လင်၍ ကုသိုလ်ရနေရုံသာမက နောက်နောက်ဘဝ၌ ဓနရှင်ဖြစ်ဖို့အကြောင်း ထပ်လောင်း၍ ကောင်းပြန်စေသည့်အပြင် သံသရာလမ်း ဖြောင့်တန်းစွာဖြင့် ခေမာနိဗ္ဗာန်သို့ ရောက်စေနိုင်သော ဒါနကို အဘယ်မှာ မေ့လျော့သင့်ပါတော့အံ့နည်း။

ထို့ကြောင့် ဘုရားတရားတော်အရ ၈ ပါးသီလ၊ ၁၀ ပါးသီလ၊ အာဇီဝဋ္ဌမကသီလများကို စောင့်သုံးလျက် သန့်ရှင်းသော အဝတ်ကို ဝတ်ဆင်ကာ ကောင်းစွာ ရေမိုးချိုးပြီးနောက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဗြဟ္မစိုရ် ၃ ပါးကို ပွားများ၍ "အဒ္ဒါက္ကမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ=ဤ ဒါနအကျင့်ဖြင့် အိုနာ၊ သေရေး ဆင်းရဲဘေးမှ ဧကန် လွန်မြောက်ရတော့မည်" ဟု တည်ကြည်သော စိတ်ထားဖြင့် နိဗ္ဗာန်ကိုမှန်းပြီးလျှင် သူတော်စင်သူယုတ်မာ လာလာသမျှ အလှူခံအပေါင်းအား နှစ်ထောင်းအားရ



လှူဒါန်းဝေငှ၍ နေရပါလျှင် မည်မျှလောက် ပျော်ရွှင်ဖွယ် ကောင်းမည်နည်း။ အဘယ်မှာလျှင် သံသရာရေလျဉ်ကြော၌ ကြာရှည်စွာမျောအောင် ဆွဲထားမည်နည်း။ နိဗ္ဗာန်သို့ မြန်မြန်တက်အောင် ခပ်သွက်သွက် ပို့ဆောင်လိမ့်မည် မဟုတ်ပါလော။

**ဒါနပစ်ပယ်လျှင် ဖြစ်ဖွယ်အပြစ်**

ယခုပြခဲ့သော စကားများဖြင့် ဒါန၏အကျိုးကျေးဇူးများကုန်လောက်ပြီဟု မမှတ်သင့်။ ဒါန၏ ကျေးဇူးသက်သက် စာတစ်အုပ်ရေးထုတ်စေကာမူ ကုန်လိမ့်မည်ဟူ၍ မဆိုနိုင်။ ထို့ကြောင့် ဒါနကို မည်သည့်နည်းနှင့်မျှ မပစ်ပယ်သင့်ကြ။ တချို့လူတို့ဝါဒဖြင့် ဒါနကို ပစ်ပယ်လိုက်ပြီဆိုပါတော့။ ထိုကဲ့သို့ ပစ်ပယ်လိုက်လျှင် တစ်ယောက်နှင့် တစ်ယောက် ပေးကမ်းချီးမြှောက်ခြင်း မရှိတော့ရကား အချင်းချင်း မေတ္တာမရောက်ဘဲ သွေ့ခြောက်ခြောက် ဖြစ်ကြရတော့မည်။ ဆင်းရဲသူဆင်းရဲသားတွေကို မပေးမစွန့်လျှင် ထိုသူတွေကို ဘယ်လို စိတ်စေတနာတွေကိုထား၍ ရှုစားရမည်နည်း။ "ဒီကောင်တွေ ငတ်လို့ သေသေ" ဟု သဘောထားရတော့မည်။ ထိုသို့ဖြစ်လျှင် ဒါနကို ပယ်လိုက်ရုံဖြင့် ထိုသူ၏ စိတ်ထားသည် ကြမ်းတမ်းသွားချေပေ၊။ စိတ်ကြမ်းလျှင် ရုပ်လည်း ကြမ်းတော့မည်သာ။

ဆက်ဦးမည်။

ငါတို့ ဘုရားရှင် ထီးနန်းကို စွန့်ခွာတော်မူခဲ့သည်မှစ၍ ဒါနရှင်တို့ အကူအညီဖြင့်သာ ဘုရားဖြစ်တော်မူလာခဲ့ရပေသည်။ ဘုရားဖြစ်တော်မူပြီးနောက်၌လည်း အနာထပိဏ် ဝိသာခါ ဗိမ္ဗိသာရမင်းစသော ဒါနရှင်ကြီးများ၏ အကူအညီ ရ၍သာလျှင် သာသနာတော်ကြီးကို တည်ထောင်တော်မူနိုင်ပေသည်။ ထိုခေတ်မှစ၍ ဒါနကို

www.burmeseclassic.com

www.burmeseclassic.com



ပယ်သူများ ထွန်းကားနေခဲ့လျှင် ဘုရားရှင်လည်း မပွင့်နိုင်ရာ။ သာသနာတော်မှာမူ သာ၍ပင် ဝေးခဲ့ရာ၏။ ငါတို့ ဘုရားရှင် လက်ထက်တော်ကို ထားလိုက်ပါဦးတော့။ ကမ္ဘာ့ ကမ္ဘာ သံသရာဝယ် ဒါနဟုခေါ်သော အကျင့်ကောင်း တစ်မျိုးသာ မရှိပါမူ ဂဂ်ါဝါဠု သဲစုမကသော ဘုရားရှင်များ ဧကန်ပွင့်တော်မူခွင့် ရကြတော့မည် မဟုတ်ပါ။ "ဖွဟဲ့–လွဲစေဖယ်စေ" ယခုအချိန်မှစ၍ နောက်နောက် အခါ ကမ္ဘာအသစ်အသစ်တို့၌ ဒါနကို ပစ်ပယ်လိုသူများ မဖြစ်ပေါ် ရစ်ပါစေသား။

ဒါနအစွမ်း၊ လက်ရုံးတန်းဖို့၊ ဆုံးခန်းရောက်ဖွယ်၊ ဤကျမ်း ငယ်က၊ အဘယ်ထုတ်ချောက်၊ ရေးသားလောက်လိမ့်၊ နှိုင်းထောက်ကြံခြယ်၊ ဉာဏ်မမယ်တို့၊ စိတ်ဝယ်ပိုးဝါး၊ မထင်မှားနှင့်၊ ဘုရားဆူဆူ၊ ဒါနကူမှ၊ သုံးလူသင်းကျစ်၊ ဧကန်ဖြစ်၍၊ အသစ်တရား၊ ဟောဖော်ထားလျက်၊ အများ ဝေနေ၊ ကျွတ်လွတ်စေ၏။ ထွေထွေပြားပြောင်၊ ဒါန ဆောင်သော်၊ ပြောင်တလက်လက်၊ အရောင်ထွက်သို့၊ ခေါင်ထက်ခေါင်နင်း၊ ဖြစ်ကြခြင်းနှင့်၊ ယင်းသည့်ဒါန၊ မပါ ကြသည့်၊ ဒုက္ခသည်စု၊ တွေ့တိုင်းရှု၍၊ လှူမှုအားကိုး၊ ဒါနမျိုး ကို၊ ပျိုးလေဆန်းဆန်း၊ နေ့စဉ်လန်းအောင်၊ ကျွတ်တမ်းဝင်လို ဘိမူကား။

## သီလအကြောင်း

"ဒါနထက် သီလက မြတ်သည်"ဟု ပြောစမှတ် ပြုကြရာ၌ သာမန်လောက်စဉ်းစားလျှင် ထိုစကားကို ဝန်ခံဖို့ ခဲယဉ်း၏။ သို့ သော် လေးလေးနက်နက် စဉ်းစားသောအခါ ကောင်းစွာ လုံလောက် သော အကြောင်းကို တွေ့ရပေသည်။ လောက၌ ရှိရှိသမျှ အလုပ်တို့တွင်



သူတစ်ပါး မဆင်းရဲအောင် စောင့်ရှောက်သော အလုပ်နှင့် သူတစ်ပါး ချမ်းသာအောင် ကူညီသောအလုပ်သည် ကောင်းသော အလုပ် အကျိုးများသော အလုပ်တို့ပေတည်း။

ဒါနအလုပ်နှင့် သီလအလုပ် ၂ မျိုးတွင် ဒါနသည် သူတစ်ပါး ချမ်းသာအောင် ပြုနိုင်သော အလုပ်ဖြစ်၍ သီလအလုပ်က သူ တစ်ပါးမဆင်းရဲအောင် စောင့်ရှောက်သော အလုပ်ဖြစ်၏။ [သီလအ လုပ်ဟူရာ၌ ငါးပါးသီလ၊ အာဇီဝဋ္ဌမကသီလတို့ကို ဆိုလိုသည်။ ၈ ပါးသီလ၊ ၁၀ ပါးသီလတို့အတွက်မှာ အကြောင်းတစ်မျိုးပြဖွယ် ရှိ၏။]

**ဒါနအလုပ်**

ချဲ့ဦးမည်–"ဘယ်သူမပြု မိမိမှု" ဆိုသည့်အတိုင်း သတ္တဝါ တစ်ဦးတစ်ယောက်သည် သူ့ကံအားလျော်စွာ ဆင်းရဲနေပြီဆိုပါစို့။ ထိုဆင်းရဲနေသူကို ကူညီထောက်ပံ့ခြင်း၊ စွန့်ကြဲပေးကမ်းခြင်းသည် ဒါနအလုပ်တည်း။ ထပ်၍ ပြဦးမည်–ယခုခေတ် ရဟန်းသံဃာစသော ပုဂ္ဂိုလ်များသည် တကယ်ဆင်းရဲနေသူများ မဟုတ်ကြ။ သို့သော် ထိုပုဂ္ဂိုလ်တို့၌ ကိုယ်ပိုင်ဟု ဆိုဖို့ရာ ရိက္ခာမလုံလောက်ချေ။ သို့ဖြစ်၍ တစ်နည်းအားဖြင့် ဆင်းရဲသူများပင် ဖြစ်၏။ ထို့ကြောင့် ဆင်းရဲသူ တွင် ပါဝင်သော ထိုရဟန်းသံဃာတော်တို့အား လှူဒါန်းခြင်း သည်လည်း ကူညီခြင်းပင် ဖြစ်သည်။

ဘုန်းကံကြီး၍ ချမ်းသာနေသော ဆရာတော်တို့အား လှူဒါန်း ခြင်းမျိုးလည်း ရှိသေး၏။ ထိုသို့ လှူဒါန်းရာ၌လည်း ဆရာတော် ကြီးမှာ လိုအပ်နေသော (ဆရာတော်နှင့် ထိုက်တန်အောင် မလုံ လောက်သေးသော) အရာဝတ္ထုကို လှူဒါန်းခြင်းဖြစ်လျှင် ဆင်းရဲသူကို ကူညီခြင်းမျိုးပင် ဖြစ်၏။ ဆရာတော်မှာ အရာရာ ပြည့်စုံပြီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လျက် ဖြည့်ဆွက်လှူဒါန်းရာ၌ကား ဆရာတော်မှတစ်ဆင့် မရှိနွမ်းပါးသော တပည့်တပန်းတို့အား ဖြန့်ကမ်းဝေငှဖို့ရန် ဆရာတော်ကြီးအထံ အပ်နှံလှူဒါန်းခြင်းမျိုးဖြစ်သောကြောင့် မရှိဆင်းရဲသူများအား ထောက်ပံ့ခြင်းနှင့် အလားတူပင်ဖြစ်၏။ ထို့ကြောင့် ဒါနအလုပ်ဟူသမျှသည် တစ်ယောက်နှစ်ယောက်ကစ၍ ကမ္ဘာသူ ကမ္ဘာသားဆင်းရဲသူသတ္တဝါများကို စောင့်ရှောက်ရသော အလုပ်ကောင်းတစ်မျိုးဖြစ်ရကား ဒါနအကျိုးနားလည်သူမှန်လျှင် အလွန်ပြုချင်ဖွယ်ကောင်းပါပေသည်။

**ပါဏာတိပါတဝိရတိ**

သီလအလုပ်ကား သူတစ်ပါး မဆင်းရဲအောင် စောင့်ရှောက်သော အလုပ်တည်း။ ရှု့ဦးမည်– "ပါဏာတိပါတာ ဝေရမဏီ"စသော သိက္ခာပုဒ်သီလများကို မစောင့်ထိန်းဘဲ တွေ့ကရာကို သတ်နေလျှင် အသတ်ခံရသော သတ္တဝါမှာ မည်မျှဆင်းရဲမည်ကို စဉ်းစားကြည့်ပါလော့။ ထိုသိက္ခာပုဒ် သီလတစ်ခုမစောင့်ထိန်းဘဲ သတ်ချင်တိုင်း သတ်နေကြသည့်အတွက် မြစ်ထဲ၌ ငါးပေါင်းမည်မျှ၊ မြို့ရွာတို့၌ နွား ကျွဲ ဆိတ် ဝက် ကြက် ငှက် စသော သတ္တဝါပေါင်းမည်မျှ အသတ်ခံရ၍ သတ်ခါနီး၌ မည်မျှဆင်းရဲရှာကြမည်ကို လည်းကောင်း၊ လူအချင်းချင်း ရက်စက်စွာသတ်မှုမှစ၍ စစ် အကြီးအကျယ် ခင်းလျက် သွေးခြင်းခြင်းနီအောင် သတ်နေကြသဖြင့် ကမ္ဘာအရပ်ရပ်ဝယ် စစ်ဖြစ်တော့မည် ကြားကတည်းက မည်မျှဆင်းရဲရှာကြမည်ကို လည်းကောင်း၊ မျက်မြင်နားကြားဖြင့် စဉ်းစားကြည့်သောအခါ ပါဏာတိပါတ သီလတစ်ပါးကို မစောင့်ထိန်းနိုင်ရုံမျှဖြင့် တစ်ယောက် နှစ်ယောက်ကစ၍ ကမ္ဘာသူကမ္ဘာသားများတိုင်အောင် ဆင်းရဲဒုက္ခများပုံကို မြင်ကြရသည် မဟုတ်ပါလော။



ပါဏာတိပါတမှ ရှောင်ကြဉ်၍ ပါဏာတိပါတဝိရတိသီလကို စောင့်ထိန်းလျှင်ကား သတ်ပုတ် ရိုက်နှက် နှိပ်စက် ညှဉ်းပန်းခံရ၍ မျက်ရည်တလည်လည်နှင့် အားငယ်ကြရသော ဆင်းရဲ၊ မချိမဆံ့ ခံစားရသော ဆင်းရဲမှ ကယ်ဆယ်ရာ ရောက်သောကြောင့် ဤသီလကို တစ်ယောက်စောင့်လျှင် တစ်ယောက်အတွက်၊ ၂ ယောက် ၃ ယောက်စောင့်လျှင် ၂ ယောက် ၃ ယောက်အတွက်၊ ကမ္ဘာသူကမ္ဘာသားအားလုံး စောင့်လျှင် ကမ္ဘာသူကမ္ဘာသားအားလုံးအတွက် ထိုဆင်းရဲမျိုး မရကြတော့ဘဲ တွေ့ရာမြင်ရာ သတ္တဝါတို့ အပေါ်၌ မေတ္တာ ကရုဏာ မုဒိတာ တရားတွေ စိုစိုပြည်ပြည် ဖြစ်လျက် အလွန်ကျက်သရေရှိ၍ ပျော်ဖွယ်ကောင်းသော ကမ္ဘာကြီး ဖြစ်နေပေလိမ့်မည်။

**နှိုင်းယှဉ်ချက်**

ဤပါဏာတိပါတ သီလတစ်ပါးတည်းပင် ဒါနနှင့် နှိုင်းယှဉ်ကြည့်မှု သီလက သာလွန်မြင့်မြတ်ကြောင်း ထင်ရှားနေပေပြီ။ ဤနေရာဝယ် သူတစ်ပါးက တစ်စုံတစ်ရာပေး၍ စိတ်ချမ်းသာနေသူ တစ်ယောက်နှင့် အသတ်ခံရမည့် ဆဲဆဲမှ လွတ်လာ၍ စိတ်ချမ်းသာနေသူတစ်ယောက်၏ ချမ်းသာပုံကို နှိုင်းယှဉ်ကြည့်လျှင် တစ်စုံတစ်ရာရ၍ စိတ်ချမ်းသာသူ၏ ချမ်းသာပုံထက် အသက်ဘေးမှ လွတ်လာသူ၏ ချမ်းသာပုံက ဆတက်ထမ်းပိုးမက အဆ ရာထောင်သာလွန်နေမည်ကို စဉ်းစားတတ်သူတိုင်း ဝန်ခံပါလိမ့်မည်။ အစာမရလျှင် သေရတော့မည့်သူကို အစာကျွေးသဖြင့် စိတ်ချမ်းသာမှုသော်မှလည်း အသတ်ခံရတော့မည့်ဘေးမှ လွတ်မြောက်ခွင့်ရခဲ့သူ၏ စိတ်ချမ်းသာမှုကို မီနိုင်မည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**အဒိန္နာဒါနဝိရတိ**

သူ့ဥစ္စာကို ခိုး၍ တိုက်၍ လုယက်၍ ယူမှုကြောင့် ဥစ္စာရှင်တို့မှာ ဆင်းရဲကြရရှာသည်။ တစ်နိုင်ငံလုံးကို တိုက်ခိုက်လုယူမှုကြောင့် နိုင်ငံရှင် ဘုရင် မိဖုရား ဆွေတော်မျိုးတော်များနှင့်တကွ နိုင်ငံသူနိုင်ငံသားတို့ မခံမရပ်နိုင်အောင် စိတ်ဆင်းရဲကြရ၏။ ရသင့်ရထိုက်သော နိုင်ငံတွင်းရှိ အလုပ်များကို မလုပ်နိုင်ကြ။ လုပ်ဖို့အခွင့်လည်း မရကြသဖြင့် ဥစ္စာနေရှားပါး၍ ကိုယ်ဆင်းရဲရ၏။ ထို့ကြောင့် အဒိန္နာဒါနမှုသည် ဥစ္စာရှင်များကို အဆက်ဆက်နာလန်မထူနိုင်အောင် ဖိစီးနှိပ်စက်သော အမှုကြီးပေတည်း။ ထိုအဒိန္နာဒါနမှ ရှောင်ကြဉ်၍ အဒိန္နာဒါနဝိရတိ သီလကို စောင့်ထိန်းကြပါလျှင် ထိုဆင်းရဲမျိုးကို ကမ္ဘာမှာ တွေ့မြင်ကြရတော့မည် မဟုတ်သဖြင့် အဒိန္နာဒါနဝိရတိ သီလသည် ကမ္ဘာသူကမ္ဘာသားများကို ဆင်းရဲဒုက္ခမှ မုချလွတ်လပ်ခွင့်ရစေနိုင်သော ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေနိုင်သော သီလပေတည်း။

**ကာမေသုမိစ္ဆာစာရဝိရတိ**

ကာမဂုဏ်အတွေ့သည် ပုထုဇဉ်များ၌ ထူးခြားသော အာရုံတစ်မျိုးဖြစ်ရကား ထိုအတွေ့ပစ္စည်းကို အခြားပစ္စည်းထက် ခင်မင်၏။ မိမိပိုင်ဆိုင်သော (မိမိ အလွန်မြတ်နိုးသော) ထိုကာမအတွေ့ကို အခြားသူအား (အရူး အနှမ်း မဟုတ်လျှင်) အပိုင်ပေးဖို့ မဆိုထားဘိ၊ ခေတ္တမျှ မပေးနိုင်ရုံသာမက တစ်နည်းအားဖြင့်နှောင့်ယှက်လုယူမည့်သူကိုပင် ရန်သူကြီးအစစ်ဟု တထစ်ချ မှတ်ယူလေ့ရှိကြသည်။ ထို့ကြောင့် သူပိုင်ကာမကို ခိုး၍ လု၍ ယူလျှင် ပိုင်ရှင်ဖြစ်သူမှာ အခြားပစ္စည်းကို လုယူသွားသည်ထက် နက်နက်နဲနဲဆင်းရဲရ၏။ တကယ်လို့ ခုခံနိုင်လျှင် အသက်ချင်းလဲမည့်သူသာ များလေသည်။



ထို့ကြောင့် ထိုမိစ္ဆာစာရမှ ရှောင်ကြဉ်မှု သီလလည်း သူတစ်ပါး၏ ဆင်းရဲရမည့်အရေးကို လေးလေးပင်ပင် ရှောင်ကြဉ်ရာရောက်သဖြင့် ကမ္ဘာသူကမ္ဘာသား လူအများ ချမ်းသာစေနိုင်သော သီလတစ်မျိုးဖြစ်ပေသည်။

**မုသာဝါဒဝိရတိ**

လောကဝယ် အလိမ်ခံရသော ဆင်းရဲလည်း "ပျော့ပျော့နှင့်နံ့"ဆိုသလို အတော့်ကို အခံရခက်သော ဆင်းရဲတစ်မျိုးတည်း။ ထိုအလိမ်ခံရသည့်အတွက် အကျိုးပျက်စီးရပုံတို့မှာ မျက်မြင်အားဖြင့် ထင်ရှားရုံသာမက လိမ်သူက စွမ်းလှလျှင် နိုင်ငံတစ်ခုလုံးကိုပင် ရအောင် လိမ်နိုင်ကြသဖြင့် မည်မျှလောက် နစ်နာကြသည်ကို စဉ်းစားကြလေတော့။ ယခုခေတ်ဘာသာအမျိုးမျိုး၏ ဆရာအမျိုးမျိုးတရားတွေကြောင့် (ဗုဒ္ဓဘာသာ တရားတော်အရ ဆိုလျှင်) မြော်မြင်မှန်းဆ၍ မကုန်နိုင်သော ဆင်းရဲကိုလည်း အများလမ်း လိုက်မိသူတိုင်း တွေ့ရတော့မည်။ ထို့ကြောင့် မုသာဝါဒမှ ရှောင်ကြဉ်မှုသီလလည်း တစ်ယောက် နှစ်ယောက်မှစ၍ ကမ္ဘာသူကမ္ဘာသားတို့၏ ဒုက္ခကို မုချ စောင့်ရှောက်ရာ ရောက်ပေသည်။ [ဤနေရာဝယ် ဗုဒ္ဓဘာသာဝင်ထဲမှ တချို့တရားဟောဆရာတွေ ညာနေပုံ၊ ဉာဏ်မရှိသူလူအများပင် ထိုအညာဆရာကို အထင်ကြီးပုံကိုပါ စဉ်းစားကြပါလေ။]

**သုရာပါနဝိရတိ**

သေရည်သေရက် သောက်သူသည် မိမိဘာသာ သောက်ရူးသက်သက်ဖြစ်လျှင် မိမိမှာ နောင်ဘဝသံသရာ၌ မကောင်းကျိုးများ ရရုံမှတစ်ပါး အခြားသူတို့၌များစွာ မထိခိုက်သေးပေ။ သို့သော် ထိုကဲ့သို့ သောက်ရုံသက်သက်ဖြင့် အမြဲတင်းတိမ်းမည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



မူးလာသောအခါ ရှေ့သိက္ခာပုဒ်များကို ကျူးလွန်ဖို့ရန် အခြေခံဖြစ်လေပြီ။ လောက၌ အလွန်လည်ပတ်သူ လူတစ်ယောက်သည် သတ်မှု ခိုးမှု ကာမမှုစသည်တို့ကို တစ်စုံတစ်ခုမျှ ကိုယ်တိုင်မပြု။ သို့သော် သူ၏ဘက်သား ရဲဘော်များကို ကျကျနန နည်းပေးလမ်းပြလေ့ရှိ၏။ ထိုလူလည်ဖြစ်သူသည် (သူကိုယ်တိုင်မလုပ်သော်လည်း) ကိစ္စအားလုံး၌ နည်းပေးလမ်းပြ ခေါင်းဆောင်နေသူဖြစ်ရကား ကိုယ်တိုင်လုပ်သူထက်ပင် ကြောက်မက်ဖွယ် ကောင်းသေး၏။ ကိုယ်တိုင်လုပ်သူထက်ပင် သူများကို ဆင်းရဲစေသေး၏။ ထို့အတူ သုရာပါနမှုလည်း တဖြည်းဖြည်း အနယ်ကျ၍ ယစ်ထုပ်ဘ၀သို့ ရောက်သောအခါ ပါဏာတိပါတမှုစသည်ထက် ကြောက်မက်ဖွယ်ကောင်းလှ၍ ပါဏာတိပါတမှုစသည်တို့ထက် သတ္တ၀ါအများ၏ ဆင်းရဲဒုက္ခကို များစွာဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် သုရာပါနဝိရတိလည်း မိမိအိမ်သူအိမ်သားမှစ၍ ကမ္ဘာသူ ကမ္ဘာသားအထိ ဆင်းရဲမည့် အဖြစ်မှ ကယ်တင်ရာ ရောက်လေသည်။

ဤနည်းအားဖြင့် အခြားသော အာဇီဝဋ္ဌမက သီလ စသည်တို့၏ အကျိုးကို စဉ်းစားကြပါလေ။ ဤကဲ့သို့ အကျိုးအပြစ်ကို စီစစ်လိုက်သောအခါ တစ်ကမ္ဘာလုံး ငါးပါးသီလ လုံခြုံနေပါမူ တစ်ကမ္ဘာလုံး ချမ်းသာကြမည့်အကြောင်း ကောင်းကောင်းကြီး ထင်ရှားရကား ငါးပါးသီလတစ်မျိုးတည်းသည်ပင် ဒါနထက် သာလွန်မြင့်မြတ်ကြောင်း ထင်ရှားပြီ။ သို့ဖြစ်၍ မိမိကိုယ်တိုင်နှင့် စပ်ဆိုင်ရာအားလုံးဝယ် ငါးပါးသီလ ပြည့်ဝလုံခြုံသူချည်းဖြစ်အောင် သတိဆောင်ကာ သတ္တဝါများအပေါ်၌ မေတ္တာ ကရုဏာ ထားနိုင်ကြပါစေသတည်း။



### ဥပုသ်သီလ

ဗြဟ္မစရိယ၊ ဝိကာလဘောဇနစသော ဥပုသ်သီလများကား ပြခဲ့သော ငါးပါးသီလ စသည်တို့ကဲ့သို့ သူတစ်ပါး မဆင်းရဲရအောင် စောင့်ရှောက်ရသော သီလ မဟုတ်။ မိမိစိတ်ဓာတ်ကို မြင့်မြတ်အောင် စောင့်သုံးရသော သီလများတည်း။ ချဲ့ဦးအံ့–ယခုကာလ အများစောင့်သုံးသော အိမ်နီးချင်းရှိသေရဲ့ ဥပုသ်မဟုတ်ဘဲ တကယ်စောင့်ရသော ဥပုသ်မျိုးကို "အရိယဥပုသ်" ဟု ခေါ်၏။ [ထိုဥပုသ်အမျိုးမျိုးတို့နှင့် ဥပုသ်စောင့်ပုံ အစီအစဉ်ကို ရတနာ့ဂုဏ်ရည်၌ ကျယ်ဝန်းစွာ ပြထားခဲ့ပြီ။]

ထိုအရိယဥပုသ်ကို စောင့်သူသည် သီလဆောက်တည်ပြီးနောက် ဘုရားဂုဏ်တော်ကို ဖြစ်စေ၊ သို့မဟုတ် တရားဂုဏ်၊ သံဃာ့ဂုဏ်၊ မိမိသီလဂုဏ်၊ ဒါနဂုဏ် တစ်မျိုးမျိုးကို ဖြစ်စေ အာရုံပြု၍ ကမ္မဋ္ဌာန်းဘာဝနာကို ပွားများနေထိုင်ရမည်။ ထိုသို့ ပွားများနေထိုင်သောအခါ မိမိ၏ စိတ်ဝယ် လောဘ ဒေါသ မာနစသော အကုသိုလ်များ နည်းသည်ထက် နည်းပါး၍ စိတ်နေစိတ်ထားလည်း ကြီးသည်ထက် ကြီးမားလာပေလိမ့်မည်။ ထို့ကြောင့် ဥပုသ်သီလတို့မှာ သီလမည်ရုံသာမက ဘာဝနာနှင့် အဖော်အပေါင်းဖြစ်သည့်အပြင် အရင်းခံဖြစ်သော ပါဏာတိပါတစသည်မှလည်း ရှောင်ကြဉ်ပြီး ဖြစ်သောကြောင့် ရိုးရိုး ငါးပါးသီလထက်ပင် သာလွန်မြင့်မြတ်သော အကျင့်ဖြစ်ကြောင်းကို သိနိုင်ပါသည်။

## ဘာဝနာအကြောင်း

"ဘာဝနာ"ဟူရာ၌ မြန်မာလို "တိုးပွားစေခြင်း၊ ထုံမွမ်းခြင်း" ဟု အဓိပ္ပာယ်ရ၏။ မိမိ၏ စိတ်ကို မြင့်မြတ်ဖြူစင်အောင် အားထုတ်ရသော စိတ်အလုပ် (မနောကံ) တစ်မျိုးတည်း။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရာမြင်ရာ သတ္တဝါတို့အပေါ်၌ ကောင်းကျိုးချမ်းသာ မင်္ဂလာကို အမှန်လိုလား၍ မေတ္တာထားခြင်းသည် မေတ္တာဘာဝနာ မည်၏။ "မေတ္တာစိတ်ကို မိမိသန္တာန်၌ တိုးပွား၍ များလာစေခြင်း၊ မေတ္တာစိတ်တို့ မိမိသန္တာန်၌ ထုံမွမ်းခြင်း"ဟု ဆိုလိုသည်။ ထိုမေတ္တာဘာဝနာကို အလေ့အလာပြုသူ၌ ထိုမေတ္တာဓာတ်တွေ အလွန်များလေသည်။ တစ်ကိုယ်လုံးကို မေတ္တာဖြင့် ထုံမွမ်းထားသကဲ့သို့ ဖြစ်နေလေသည်။

ထိုသို့ မေတ္တာဓာတ်ခံ ရှိနေသူသည် ဆင်းရဲသူကို မြင်ရပြန်လျှင် ထိုသူ့ကို ဆင်းရဲဒုက္ခမှ ကယ်တင်လိုသော ကရုဏာဘာဝနာလည်း အဆင်သင့် ဖြစ်လာတော့၏။ သတ္တဝါများ၏ ကောင်းကျိုးချမ်းသာတို့ကို လိုလားသော မေတ္တာဓာတ်ခံရှိနေသောကြောင့် ကြွယ်ဝချမ်းသာသူကိုမြင်လျှင် ဝမ်းမြောက်သော မုဒိတာဘာဝနာလည်း အဆင်သင့် ဖြစ်ပေါ်လာနိုင်ပေသည်။ ဤပြခဲ့သော ဘာဝနာ ၃ မျိုးကား စိတ်နေစိတ်ထား မြင့်မြတ်သူမှန်လျှင် တွေ့ရကြုံရာ သွားလာနေထိုင်ရင်းမှာပင် ဖြစ်နိုင်ပေသည်။

ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်းတို့တွင် ဘုရားဂုဏ်တော်များကို အာရုံပြုသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ ဘုရားရှင်၏ ရှေးအကြောင်းကောင်းပုံ၊ အကျိုးကောင်းပုံ၊ သတ္တဝါတို့အား အကျိုးများပုံ ဤ ၃ ချက်ကို လေးလေးနက်နက် စဉ်းစား၍ အာရုံပြုရမည်။

**အကြောင်းကောင်းပုံ**

အကြောင်းဆိုသည်မှာ ဘုရားဖြစ်ဖို့ အကြောင်း ဖြစ်သော ပါရမီများတည်း။ ထို ကောင်းမှုပါရမီတော်များကို ဖြည့်ကျင့်ခဲ့ရာဝယ် အများ သတ္တဝါတွေလို ပေါ့ပေါ့ဆဆ မဟုတ်။ အလွန်ထက်သန်တော်



မူပေသည်။ ထိုသို့ ထက်သန်စွာ ဖြည့်ကျင့်တော်မူရာ၌လည်း ဘဝသံသရာဝယ် ကိုယ်တော့် ချမ်းသာရေးကို မျှော်တွေး၍ ဖြည့်ကျင့်သည် မဟုတ်။ သတ္တဝါအများ၏ စီးပွားချမ်းသာ ရှက်ဆောင်နိုင်ဖို့ အရေးကိုသာ မြော်တွေး၍ ဖြည့်ကျင့်တော်မူသည်။ ဤအချက်များ ထင်ရှားအောင် ဝေဿန္တရာမင်းဘဝ၌ ဒါနပါရမီကို စဉ်းစားပါလော့။

များစွာသော လူတို့ ဒါနပြုကြရာ၌ မိမိကိုယ်ကို "အလှူ့ရှင်"ဟု အများသိစေလို၏။ အလှူခံပုဂ္ဂိုလ်တို့က ပြန်၍ ကျေးဇူးတင်စေလို၏။ တတ်နိုင်လျှင် ပြန်၍ပင် ကျေးဇူးဆပ်စေလိုသေး၏။ ဤဒါနကြောင့် နောက်နောင်ဘဝတို့၌ စည်းစိမ်ချမ်းသာကို ခံစားလိုကြ၏။ အားလုံးပြီးစီးမှ နိဗ္ဗာန်ကို မလိုလဲလိုလဲ ဆုတောင်းကြ၏။ အလောင်းတော် ဝေဿန္တရာမင်းကား ထိုကဲ့သို့ မဟုတ်ပါ။ ဖွားမြင်ပြီး၍ မကြာခင် မယ်တော့်အထံ လက်ကလေးဖြန့်၍ လှူစရာကို တောင်းတော်မူ၏။ ဤအချိန်မှာ ဂုဏ်ပကာသန စသည်များကို မတွက်တတ်သေးပါ။ ဝါသနာတော်အတိုင်း သူတစ်ပါးအား ပေးကမ်းလိုသောဆန္ဒက ပြင်းပြတော်မူခြင်းသာ ဖြစ်ပါသည်။

ဤကဲ့သို့ ပြင်းပြသော ဆန္ဒတော်ဖြင့် လက်ဝတ်လက်စားများကို ချွတ်ကာ ချွတ်ကာ မကြာမကြာ ပေးကမ်း၍ ထီးနန်းရသော အခါ နေ့စဉ်နှင့်အမျှ သိန်းပေါင်းများစွာ ကုန်အောင် အလှူတင်းကုပ်ဆောက်လုပ် လှူဒါန်းပါသည်။ အလှူမဏ္ဍပ်ဝယ် စားကြသောက်ကြ ဝတ်ဆင်ကြသူတွေကို ရှုစားတော်မူစဉ် စားသောက်ဝတ်ဆင်ကြရသူတို့ ပျော်ရွှင်ကြပုံကို မြင်ရ၍ ကိုယ်တိုင်လည်း အလွန်ရွှင်ပျတော်မူ၏။ ဤနေရာ၌လည်း ကိုယ်တော်၏ နောင်သံသရာ ချမ်းသာရေးနှင့် ဂုဏ်ပကာသနအရေးတို့ကို မတွေးအားပါ။ ထို

www.burmeseclassic.com

www.burmeseclassic.com



ထိုငရဲသို့ကျရောက်လာသော သတ္တဝါများကို ငရဲထိန်းတို့က (သားကောင်ကို ခွေးတွေလိုက်သလို) အတင်းလိုက်ကြ၏။ ထိုသို့အတင်းလိုက်၍ မောဟိုက်သွားသည့်အခါ (သစ်တုံးကြီးကို သစ်ခွဲသမားတို့က ခုတ်ခွဲကြသကဲ့သို့) ကျကျနန မျဉ်းကြိုးချ၍ ပက်လက်တစ်မျိုး၊ မှောက်လျက်တစ်မျိုး၊ ဝဲယာတစ်မျိုး၊ ရှေ့နောက်တစ်မျိုးအားဖြင့် အမျိုးမျိုး ခုတ်ခွဲကြလေတော့သည်။ သို့သော် အကုသိုလ်ကံ မကုန်သေးသမျှ လွတ်ခွင့်မရ။ သေလည်းမသေနိုင်ကြ။

ကာဠသုတ္တေန တစ္ဆန္တိ၊ ယမှိ နိရယပါလကာ။

အနုဗန္ဓာ ပ ပတန္တေ၊ ကာဠသုတ္တော ပဝုစ္စတေ။

ယမှိ နိရယေ၊ ကံကြမ္မာရင်း ဖန်လာညှဉ်းက မကွင်းနိုင်အောင် အတင်းဆောင်လျက် သွင်းလှောင်ပိတ်ဆီး အကြင်သို့သော ငရဲကြီး၌။ နိရယပါလကာ၊ ပြောင်တလက်လက် အရောင်ထွက်သည့် လက်နက်ကိုင်ဆွဲငရဲထိန်းကြီးတို့က။ အနုဗန္ဓာ၊ သားကောင်တစ်သိုက် ခွေးတွေလိုက်သို့ ရိုက်နှက်သတ်ညှဉ်း အတင်းလိုက်အပ်ကုန်သည်ဖြစ်၍။ ပ ပတန္တေ၊ ဟော တဟိုက်ဟိုက် အမောဆိုက်လျက် မူးမိုက်လဲပြား ငရဲသားတို့ကို။ ကာဠသုတ္တေန၊ သစ်ခွဲသမား လက်ကိုင်ထားလျက် သစ်များတိုင်းရိုး တမျဉ်းကြိုးဖြင့်။ တစ္ဆန္တိ၊ တိုင်းကာထက်အောက် ပက်လက်မှောက်၍ ရှေ့နောက်ရှုပ်ပွေ ခုတ်ခွဲကြလေကုန်၏။ သော နိရယော၊ သို့ကလိုကံ မကုန်ပြန်လျှင် ဖန်ဖန်ရှုပ်ပွေ ခုတ်ခွဲကြရိုး ငရဲအိုးကို။ ကာဠသုတ္တောတိ၊ ကာဠသုတ် ငရဲဟူ၍။ ပဝုစ္စတေ၊ ဗျူပွတ်အလိုက် ရပ်ဓာတ်ကိုက်အောင် သမိုက်အပ်လေတော့သတည်း။

**သံဃာတငရဲ**

အပြင်းအထန် ကြိတ်ခြေ သတ်ဖြတ်ရာဖြစ်သော ငရဲကို



"သံဃာတငရဲ" ဟုခေါ်သည်။ ထိုငရဲ၏ အောက်မြေအပြင်မှာ မီးအလျှံတွေထလျက် အထု ၉ ယူဇနာရှိသော သံမြေပြင်ကြီးတည်း။ ထိုငရဲသို့ ကျရောက်သောသူများကို ထိုသံမြေအပြင်၌ (ထန်းပင်ငုတ်ကလေးတွေကို စိုက်ထားသလို) ခါးထိအောင် စိုက်ထားကြသည်။ ထိုအခါ အရှေ့အရပ်မှလာသော သံတောင်ကြီးက စားမည် ဝါးမည်ဟု ဆိုနေသလို တဒိန်းဒိန်း တခြိမ်းခြိမ်းမြည်ဟီးလျက် ကြိတ်ကာ ကြိတ်ကာ အနောက်အရပ်သို့ သွားပြီးနောက် တောင်အရပ်မှ သံတောင်ကြီးက ထိုနည်းအတိုင်းပင် ကြိတ်ကာ ကြိတ်ကာ မြောက်အရပ်သို့သွားပြီးလျှင် အနောက်အရပ်သို့ရောက်ပြီးသော သံတောင်ကြီးကလည်း အရှေ့အရပ်သို့ ကြိတ်ကာ ကြိတ်ကာ ပြန်၍လာလေသည်။ ဤနည်းအတိုင်းပင် အရပ်လေးမျက်နှာမှ သံတောင်တွေ (သန်းဥတုပ်သလို) ဖိနှိပ်ကြိတ်ချေသော်လည်း အကုသိုလ်ကံ မကုန်သမျှ ငုတ်စုစုပေါ်ထွက်လျက် ဆက်ကာ ဆက်ကာ အကြိတ်ခံရရှာလေသည်။

အယောမယ ပထဗျံ ယမှိ၊ ကင္ဒိမတ္တံ ပဝေသိတေ။

အယောသေလာ သံဃာတေန္တိ၊ သံဃာတောတိ ပဝုစ္စတေ။

ယမှိနိရယေ၊ ကံကြမ္မာရင်း ဖန်လာညှဉ်းက မကွင်းနိုင်အောင် အတင်းဆောင်လျက် သွင်းလှောင်ပိတ်ဆီး အကြင်သို့သော ငရဲကြီး၌။ အယောမယပထဗျံ၊ ၉ ယူဇနာ အလျှံဖြာသည့် သံမာအတိပြီး မြေပြင်ကြီးဝယ်။ ကင္ဒိမတ္တံ၊ ဖဝါးလျှောက်တက် ခါးလောက်နက်အောင်။ ပဝေသိတေ၊ ယိမ်းယိုင်ဆုတ်ခံ မလှုပ်ရန်ဖို့ မြုပ်နှံသွင်းထား ငရဲသားတို့ကို၊ အယော သေလာ၊ ဂျိုးတခြိမ်းခြိမ်း တဟိန်းဟိန်းနှင့် ဒိန်းဒိန်းညံအောင် အလျှံပြောင်ညီး သံတောင်ကြီးတို့သည်။ သံဃာတေန္တိ၊ ရှေ့နောက်နှစ်ဖက် လှည့်စီတက်၍ ဆက်

www.burmeseclassic.com

www.burmeseclassic.com



စေတော်မူပါသည်။ ထိုနောက် ပရိနိဗ္ဗာန် စံတော်မူခါနီး ဆဲဆဲမှာပင်

"ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။

ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။"

ဟု ဆုံးမဩဝါဒ ပေးတော်မူရှာပါသေးသည်။ ထိုသို့ မနားမနေ ဟောပြတော်မူပေသောကြောင့် ကုဋေများစွာ သတ္တဝါတို့ သံသရာ ဝဋ် ဓာတ်သိမ်း၍ အေးငြိမ်းကြရပါသည်။

ဤသို့ အကြောင်းကောင်းပုံ၊ အကျိုးကောင်းပုံ၊ လုံ့လဝီရိယ ကြီးမား၍ သတ္တဝါတို့ အကျိုးများပုံကို ယုံယုံကြည်ကြည်နှင့် အာရုံပြုသောအခါ "ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ= ဘုရားရှင်သည် တပည့်တော်တို့၏ ကိုးကွယ်ရာ ဖြစ်ပါပေသည်။ ဘုရားမှ တစ်ပါး တခြား ကိုးကွယ်ရာ မရှိတော့ပါ"ဟု ဘုရားကိုးကွယ်မှု သရဏဂုံ သည် အသိဉာဏ်နှင့်တကွ ထက်သန်သော သဒ္ဓါတရားပါ မိမိ သန္တာန်၌ တည်တော့၏။ ဤကား ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းပွားများပုံ အချုပ်တည်း။ ဤသို့ စသည်ဖြင့် မေတ္တာကို ဖြစ်စေ၊ ဗုဒ္ဓါနုဿတိ စသော တစ်မျိုးမျိုးကို ဖြစ်စေ၊ မိမိသန္တာန်၌ ဖြစ်စေခြင်း၊ ထုံမွမ်းထားခြင်းကို "ဘာဝနာ"ဟုခေါ်ရပေသည်။ ဤကား သွားရင်းလာရင်း ဘုရားရှိခိုးရင်း ဖြစ်နိုင်သော ဘာဝနာ တချို့တည်း။ အများပွားနေကျ ဘာဝနာကို ထိုထိုကျမ်းဂန်၌ ရှုကြပါတော့။

## အပစာယနအကြောင်း

အရိုအသေ ပေးမှုကို "အပစာယန"ဟုခေါ်၏။ ထို့ကြောင့် မိမိထက် အသက်ကြီးသူ၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ သိက္ခာတစ်မျိုးမျိုး ကြီးသူကိုဖြစ်စေ၊ အမိအဖ၊ မိကြီး မိထွေး



(ဒေါ်ကြီး ဒေါ်လေး၊ အရီးကြီး အရီးလေး)၊ ဘကြီး ဘထွေး၊ ဦးကြီး ဦးလေး စသူကို ဖြစ်စေ ရိုသေခြင်းသည် "အပစာယန" ဖြစ်၏။ "ရိုသေ"ဟူသည်ကား ရိုသေထိုက်သူလာလျှင် နေရာမှ ထပေးခြင်း၊ လမ်းဆုံနေပြန်လျှင် လမ်းဖယ်ပေးခြင်း၊ ထိုသူ၏ရှေ့၌ မားမား မတ်မတ် မသွားဘဲ ရိုသေသော အမူအရာဖြင့် ဦးခေါင်းကို ညွတ်၍ဖြစ်စေ၊ ကိုယ်ကိုညွတ်ကိုင်း ကုန်းကွ၍ ဖြစ်စေ သွားခြင်း၊ ရဟန်းသံဃာရှေ့မှာ ဖြစ်လျှင် လက်အုပ်ချီခြင်း စသည်တည်း။ မိမိတို့ ထုံးစံအတိုင်း ဦးထုပ်ချွတ်ခြင်း၊ ဆလံပေးခြင်း စသည်များ လည်း ရိုသေခြင်းပင် ဖြစ်၏။ ထိုသို့ အရိုအသေပေးရာ၌ စိတ်စေတနာ ရိုးရိုးဖြင့် ရိုသေမှုသာ အပစာယနကုသိုလ်ဖြစ်သည်။ စိတ်မပါဘဲ ကိုယ့်ထက် အရာကြီးသူကို ကြောက်၍လည်းကောင်း၊ တစ်စုံတစ်ရာ လာဘ်ကိုမြော်၍လည်းကောင်း ရိုသေဟန် ဆောင်ခြင်းမှာ ကုသိုလ် မဟုတ်သည့်ပြင် လှည့်စားသော မာယာတစ်မျိုးပင် ဖြစ်သေး၏။

**စဉ်းစားဖွယ်**

ဦးခေါင်းညွတ်မှု၊ ကိုယ်ကိုကိုင်းညွတ်မှု၊ လက်အုပ်ချီမှုများကို အရိုအသေပေးခြင်းဟု အများယူဆကြသည်။ တချို့ ဗုဒ္ဓဘာသာ ဝင်တို့သည် ဦးခေါင်းပေါ်၌ လေးလံသော ဝန်ထုပ်ကို ရွက်ထားရင်း ရဟန်း သံဃာကိုတွေ့မြင်သောအခါ ထိုဝန်ထုပ်ကို ပင်ပန်းစွာ ချ၍ ရှိခိုးဦးချကြ၏။ အချို့လည်း သစ်သစ်လွင်လွင် အဝတ်ကို ဝတ်ဆင်ပြီးလျှင် မြေကြီးပေါ်ထိုင်လျက် ရှိခိုး ဦးချကြ၏။ အချို့လည်း သဘော်၊ ရထား၊ လူအများ ရှုပ်ထွေးသော အရပ်၌ ဖိနပ်ချွတ်၍ ရှိခိုး ဦးချကြ၏။ ထိုကဲ့သို့ ရိုသေမှုကို အပြစ်ရှိသည်ဟု မဆိုလိုပါ။ စိတ်စေတနာ အမှန်အတိုင်း ရိုသေခြင်း ဖြစ်လျှင် အမှန် အကျိုးရှိပါ၏။ သို့သော် ခေတ်ကာလအလိုက် ပြောရလျှင် ထိုကဲ့သို့ နေရာမျိုး၌

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ား ဖြစ်စေ၊ မိန်းမဖြစ်စေ၊ လက်အုပ်ချီ ဦးခေါင်းညွှတ်ရုံ တစ်ခုခုဖြင့်လည်းကောင်း၊ "သွားပါဦးမည်၊ ဦးတင်ပါသေး" စသော စကားဖြင့်လည်းကောင်း ရှိသေသော အမူအရာကိုပြလျှင် တော်သင့်ပေသည်ဟု ထင်မိပါသည်။ တစ်ရံတစ်ခါ လူအလွန် ရှုပ်ထွေးသော ရထား သင်္ဘောဝယ် ဆရာတော် လုပ်သူကလည်း စိတ်မအား ကိုယ်မအား၊ လာရောက်သူတို့ကလည်း အရှိအသေများများနှင့် လူမျိုးခြားတို့က အထက်အမြင့်မှာ ထိုင်နေစဉ် ရှိခိုးဦးချသည်ကို တွေ့ရသည်မှာ အဆင်မပြေသလို ရှိပါသည်။

## ဝေယျာဝစ္စအကြောင်း

သူတစ်ပါး၏ ကုသိုလ်ကောင်းမှု ကိစ္စကို ကူညီ၍ ပြုလုပ်ခြင်းသည် "ဝေယျာဝစ္စ"မည်၏။ ထို့ကြောင့် သူတစ်ပါး အလှူဒါန ပြုသောအခါ မိမိကလည်း စိတ်ပါလက်ပါနှင့် အလှူရှင်၏ စိတ်ကြည်လင်အောင်၊ သက်သာအောင်၊ အလှူမှာ တင့်တင့်တယ်တယ် ဖြစ်အောင် သဘောထား၍ ကူညီရမည်။ မကျန်းမမာသူ အိုမင်းသူ၊ ကျန်းမာသော်လည်း မနိုင်မနင်းဖြင့် ထမ်းပိုးနေရသူ၊ ကျန်းမာ၍ နိုင်နင်းသော်လည်း မိဘ၊ မိမိထက် ကြီးသော ဆွေမျိုး မိတ်ဆွေ စသူ၏ (အကုသိုလ်နှင့် မသက်ဆိုင်သော) ကိစ္စကြီးငယ်ကို ကူညီ၍ ရွက်ဆောင်ခြင်းလည်း ဝေယျာဝစ္စ ကုသိုလ်ပင်တည်း။

ဤဝေယျာဝစ္စ ကုသိုလ်သည် စိတ်ထားတတ်သူတို့မှာ တချို့ အလှူရှင်ထက်ပင် အကျိုးများပါသေး၏။ အရှင်ကုမာရကဿပ၏ တရားတော်ကြောင့် မိစ္ဆာဒိဋ္ဌိ အဖြစ်မှ ကျွတ်လွတ်သော "ပါယာသိ" မည်သော ဘုရင်ခံသည် အမြဲမပြတ်လှူဒါန်းနေသော်လည်း ကိုယ်တိုင် မပြုဘဲ "ဥတ္တရ" မည် ‌သော လုလင်တစ်ယောက်ကို မိမိကိုယ်စား



လှူဖို့ရန် လွှဲအပ်ထားသည်။ ဥတ္တရ လုလင်ကား သူများပစ္စည်းဖြင့် လှူဒါန်းရသော်လည်း အလွန်စိတ်ပါလက်ပါ ကောင်းမွန်စွာ စီစဉ်၍ လှူဒါန်းသည်။ ထိုအလှူရှင်နှင့် ဝေယျာဝစ္စ ပြုသော လုလင်တို့ စုတေသောအခါ အလှူ့ရှင်မှာ အောက်စတုမဟာရာဇ်ဘုံသာ ဖြစ်၍ ဥတ္တရ လုလင်ကား ထိုဝေယျာဝစ္စကြောင့် အထက်တန်းကျသော တာဝတိံသာ၌ ဖြစ်ရသည်။

## ပတ္တိဒါနအကြောင်း

မိမိရသော ကုသိုလ်အဖို့ကို သူတစ်ပါးတို့အား အမျှပေးဝေခြင်းကို "ပတ္တိဒါန"ဟုခေါ်၏။ [ပတ္တိ=မိမိ၌ရအပ်သော အဖို့ကို+ဒါန=သူတစ်ပါးအား ပေးဝေခြင်း] ဒါနပြုရာ၌ ထိုဒါနအတွက် အလှူ့ရှင်မှာ ရသင့်ရထိုက်သော ကုသိုလ်များကို ရလေသည်။ ထိုမိမိရရှိသော ကုသိုလ်အဖို့ကို မိမိရသလို ညီတူညီမျှ သူတစ်ပါးလည်း ရစေလိုသောဆန္ဒသည် အလွန် ဖြူစင်မြင့်မြတ်သော စိတ်ထားပေတည်း။ ထိုဆန္ဒမျိုးဖြင့် "အကျွန်ုပ်ပြုသော ကုသိုလ်အဖို့ကို ကြားကြားသမျှ သတ္တဝါအပေါင်းအား အမျှပေးဝေပါ၏။ အကျွန်ုပ်နှင့်အတူ ကုသိုလ်အဖို့ကို ရကြပါစေ"ဟု အမျှပေးဝေခြင်း (အညီအမျှရအောင် ဝေခြင်း) ကိုသာ "ပတ္တိဒါနကုသိုလ်" ဟု မှတ်ပါ။

**သတိပြုရန်**

ထိုကဲ့သို့ သူတစ်ပါးတို့အား မိမိကဲ့သို့ ကုသိုလ်ရစေလိုသော စိတ်မရှိသော "သူများယောင်လို့ယောင်၊ အမယ်တောင်မှန်း မြောက်မှန်းမသိ" ဟူသကဲ့သို့ သူများ အမျှဝေရိုး ရှိ၍သာ မိမိနှုတ်က "အမျှယူတော်မူကြပါ" ဟုဆိုသော်လည်း ပတ္တိဒါန ကုသိုလ်စစ်ဖြစ်ဖို့ ရန် ခဲယဉ်းလေသည်။ ရှေးတုန်းက နာမည်ကြီးသော အလှူ့ဒါယကာ တစ်ယောက်မှာ ကြွေးယူ၍ အလှူအကြီးအကျယ်ပေး၏။ သူထင်

www.burmeseclassic.com

www.burmeseclassic.com



သလောက် ငွေကူမလာသောကြောင့် ညနေ ရေစက်ချရင်း (ဘုန်းကြီးက ရေစက်ချပေးနေစဉ်) မိမိ၏စိတ်ကူးနှင့် အကြွေးစာရင်း ရှင်းနေ၏။ ထိုအခါ အကြွေးများစွာ ကျန်ရှိတော့မည့် အကြောင်းကို သိရ၍ ရေစက်ချလည်းဆုံး စိတ်ကလည်း မကြည်မသာရှိနေတုန်းမှာ အနီးအပါးမှ လူကြီးများက "အမျှဝေလိုက် အမျှဝေလိုက် "ဟုတိုက်တွန်းမှ ဖြုန်းခနဲသတိရသဖြင့် "အမျှဗျို့"ဟု ဆိုရမည့် အစား "သောက်ကျိုးနည်းပါပြီဗျို့"ဟု ဆိုမှားလေသတဲ့။

**အမျှဝေသော်လည်း အကျိုးမနည်း**

မိမိရသော ကုသိုလ်အဖို့ကို သူတစ်ပါးအား အမျှဝေသောအခါ "မိမိမှာ ကုသိုလ်အရ နည်းမသွားပေဘူးလား" ဟုစဉ်းစားဖွယ်ရှိ၏။ ကုသိုလ်ဆိုသည်မှာ စိတ်စေတနာသာ လိုရင်းဖြစ်၏။ မိမိပထမပြုသော ဒါန ကုသိုလ်အတွက် စိတ်စေတနာကောင်း ဖြစ်ပြီးလေပြီ။ မိမိမှာ ဒါနကုသိုလ် ဖြစ်သလို သူတစ်ပါးအားလည်း ဖြစ်စေလိုသောအခါ "ရွှေပေါ်မြတင်"သကဲ့သို့ မူလဒါန ကုသိုလ်အပေါ်တွင် ပတ္တိဒါန ကုသိုလ်ထပ်၍ တင်ရာရောက်သွားလေ၏။ ထို့ကြောင့် အမျှဝေသည့်အတွက် ကုသိုလ်အရနည်းမသွားသည့်အပြင် ပို၍ပင် ကုသိုလ်ရပါသေးသည်။ မီးခြစ်အကုန်ခံ၍ ပထမ ဆီမီးထွန်းပြီးနောက် ထိုဆီမီးမှ အဆင့်ဆင့်မီးကူးပေးရာ၌ မူလမီးမှာ အရောင်မမှိန်သည့်အပြင် နောက်မီးတွေ၏ အကူအညီကြောင့် သာ၍ အားရှိသကဲ့သို့တည်း။ [သီလကုသိုလ်၊ ဘာဝနာကုသိုလ် စသည်များလည်း အမျှဝေလျှင် ပတ္တိဒါန ကုသိုလ် ဖြစ်ကြသည်သာ။]

## ပတ္တာနုမောဒနအကြောင်း

ကုသိုလ်ရှင်တို့က အမျှဝေသောအခါ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှုကို "ပတ္တာနုမောဒန" ကုသိုလ်ဟုခေါ်၏။ [ပတ္တ= အမျှဝေသဖြင့် မိမိသို့ ရောက်လာသော ကုသိုလ်ကို+အနုမောဒန= ဝမ်းမြောက်ခြင်း၊ သာဓုခေါ်ခြင်း။] သူတစ်ပါးတို့ ကုသိုလ်ပြုနိုင်ကြသည်ကို မိမိက ဝမ်းမြောက်ဝမ်းသာဖြစ်၍ နေခြင်းသည် အတော်မြင့်မြတ်သော (မုဒိတာ သဘောရှိသော) စိတ်ထားပေတည်း။ ထို့ကြောင့် ဤဝမ်းမြောက်မှုကို ကုသိုလ်တစ်မျိုးဟု သတ်မှတ်ရပေသည်။ ဝမ်းမြောက်ဝမ်းသာမှု မဟုတ်ဘဲ ခေါ်ရိုးခေါ်စဉ် (တွေးချင်ရာတွေး၍) သာဓုခေါ်ရာ၌ "ပတ္တာနုမောဒန" ကုသိုလ် အစစ်ဖြစ်ဖို့ ခဲယဉ်းလှပေသည်။ အချို့ကား သူတစ်ပါးတို့ လှူဒါန်းနိုင်သည်ကို ဝမ်းမြောက်ဝမ်းသာ မရှိသည့်အပြင် ဣဿာပင်ဖြစ်တတ်သေးသည်။



**ပတ္တာနုမောဒန ကုသိုလ်၏ ဒိဋ္ဌဓမ္မအကျိုး**

သေလွန်လေသော မိဘဆွေမျိုးကို ရည်စူး၍ ကျန်ရစ်သော ဆွေမျိုးများက ဆွမ်းကျွေးတရားနာပြီးနောက် အမျှဝေသည်ကို သေသူဆွေမျိုးက သာဓုခေါ်ကာ ဝမ်းမြောက်ရာ၌ သေလွန်သူဆွေမျိုးမှာ လက်ငင်းအကျိုးရ၏။ ဆွမ်းကျွေး၍ အမျှဝေသည်ကို သာဓုခေါ်လျှင် ဝတ်မှုတ်နေသူမှာ အစာကောင်းရ၏။ အဝတ်လှူ၍ အမျှဝေလျှင် အဝတ်မရှိသူမှာ အဝတ်ကောင်းများ ရရှိ၏-ဟု ကျမ်းစာတို့၌ တွေ့ရလေသည်။ ထိုကဲ့သို့ သေသူကိုရည်မှန်း၍ ကျန်ရစ်သူဆွေမျိုးက လှူဒါန်းရာ၌ အလှူခံ ပုဂ္ဂိုလ်က သီလရှိသူဖြစ်ဖို့လည်း အရေးကြီးလှပေသည်။ ရှေးတုန်းက ဒုဿီလ ရဟန်း (သီလမရှိသော ရဟန်း) တစ်ပါးအား လှူဒါန်း၍ အမျှဝေရာ ၃ ကြိမ်တိုင်အောင်ပင် လှူဒါန်းအမျှဝေပါသော်လည်း အဖို့မရသဖြင့် "ငါ့အဖို့ ဥစ္စာကို ဒုဿီလကြီးက လုယူနေပါတယ်" ဟု ပြိတ္တာ ဆွေမျိုးက ဟစ်အော်ရာသည်။ ထို့နောက် သီလရှိသော ရဟန်း တစ်ပါးကို ပင့်ဖိတ်လှူဒါန်း၍

www.burmeseclassic.com

www.burmeseclassic.com



အမျှဝေမှ ကုသိုလ်အဖို့ကို ရသည်။ [ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ်၊ အဋ္ဌကထာ။]

ဤစကားအရ သေလွန်သူကို ရည်စူး၍ အမျှဝေရာ၌ ရှေးဦးစွာ မိမိစိတ်၌ စိုးရိမ် ပူဆွေးငိုကြွေးမှု အကုသိုလ်များကို ကင်းစေလျက် ကုသိုလ် စင်စင်ကြယ်ကြယ်ဖြင့် ဆွမ်း၊ သင်္ကန်း၊ ဖိနပ်၊ ထီး၊ ကျောင်း၊ ဒါနမျိုးကို ပြုကြရပေလိမ့်မည်။ [ကျောင်းသည် သွားလေသူမှာ နေစရာအတွက်ဖြစ်၏။] ထိုဒါနကိုလည်း သီလ အစင်ကြယ်ဆုံးပုဂ္ဂိုလ်ကို ရွေးချယ်၍ (သို့မဟုတ် သံဃိကဒါနဖြစ်စေ၍) ပြုရမည်။ ထိုကုသိုလ်ပြုခါနီး၌ သွားလေသူကို ခေါ်ယူဖိတ်ထားလျှင် သာ၍ကောင်း၏။ (လာနိုင်လျှင် လာလိမ့်မည်။) ထို့နောက် သွားလေသူ၏နာမည်ကိုခေါ်၍ ကြားလောက်အောင် အသံကျယ်စွာဖြင့် အမျှဝေရမည်။

**ယခုကာလဖြစ်ပုံ**

ယခုကာလ၌ကား ပုဂ္ဂိုလ်ကောင်းဆိုးကိုလည်း မရွေးချယ်အား၊ မိမိ၏စိတ်ကို စင်ကြယ်အောင် (ကုသိုလ်ဖြစ်အောင်လည်း) သတိမထားနိုင်တော့ဘဲ သူတစ်ပါး အကဲ့ရဲ့လွတ်ရုံ ချီးမွမ်းခံရရုံ သဘောထား၍ ငိုငိုရိုရိုနှင့် သုသာန်မှာ လှူဖွယ်ဝတ္ထုကို (တချို့မှာ ငွေတွေကို) လှူဒါန်းလျက် အမျှဝေကြသည်။ ထိုဒါနများအတွက် သွားလေသူ အကျိုးရနိုင်မည် မရနိုင်မည်ကိုကား မစဉ်းစားတော့ချေ။ ထိုကဲ့သို့ သောကပရိဒေဝဖြင့် သုသာန်မှာ လှူဒါန်းမည့်အစား သောကပရိဒေဝ ကင်း၍ စိတ်ကြည်လက်ကြည်နှင့် မိမိတို့အိမ်မှာ ကျကျနန ကုသိုလ်ပြုခြင်း၊ အမျှဝေခြင်းသာ စည်းကမ်းကျဖွယ်ရှိ၏။ သောကကင်း၍ စိတ်ရှင်းရှင်း လှူနိုင်ပါမှသုသာန်မှာလှူလည်း အကျိုးမယုတ်ပါ။ [ဤကိစ္စနှင့်စပ်၍ သတိပေးဖွယ်များကို "အနာဂတ်သာသနာ" ကျမ်းစာတွင် သတိပေးထားသည်။]



**အမျှရနိုင်သူ**

ဤသို့ အမျှဝေရာဝယ် သေလွန်သူက အိမ်၏ အနီးအပါး စသည်၌ ပြိတ္တာဖြစ်နေမှသာ သာဓုခေါ်နိုင်၍ အမျှရသည်။ လူ့နတ် တိရစ္ဆာန် တောကြီးတောင်ကြီးတို့၌ ပြိတ္တာ ဖြစ်နေလျှင်ကား အမျှဝေသော်လည်း သာဓုမခေါ်နိုင်၊ အမျှမရ။ သို့သော် ရှေးရှေးက ဆွေမျိုးဟောင်း ပြိတ္တာများ ရှိနေလျှင် သူတို့မှာ အမျှရနိုင်ကြသေးသဖြင့် တစ်စုံ တစ်ယောက် သေဆုံးရာ၌ ကုသိုလ်ပြု အမျှဝေခြင်း ထုံးစံမှာ ကောင်းသော ထုံးစံပင် ဖြစ်ပါသည်။

## ဓမ္မဿဝနအကြောင်း

တရားနာခြင်းကို "ဓမ္မဿဝန" ဟု ခေါ်၏။ တရားနာရာ၌ ၁။ မကြားဖူးသေးသော အကြောင်းအရာများကို ကြားရခြင်း၊ ၂။ ကြားဖူးသော အကြောင်းအရာများကို ထပ်၍ ရှင်းလင်းစွာ နားလည်ရခြင်း၊ ၃။ ယုံမှား သံသယ ဖြစ်နေသော အချက်များ၌ ယုံမှားကင်းရခြင်း၊ ၄။ အယူမှန် သမ္မာဒိဋ္ဌိကိုရခြင်း၊ ၅။ သဒ္ဓါ ပညာတိုးပွား၍ စိတ်ကြည်လင်ခြင်း ဟူသော အကျိုး ၅ပါးကို ရနိုင်သည်။

[ဆောင်] သူတော်တရား၊ နာယူငြားက၊ မကြားစဖူး၊ ကြားရဖူး၏။ ကြားဖူးပြီးပြန်၊ ထပ်မံ၍ရှင်း၊ လွတ်ကင်းယုံမှား၊ ဖြောင့်သားအယူ၊ စိတ်ကြည်ဖြူသည်၊ ငါးဆူရမြဲ အကျိုးတည်း။

**တရားနာအတု**

ဤအကျိုးများကို ရဖို့ရန် ရည်သန်၍ တရားနာရာ၌သာ ဓမ္မဿဝန ကုသိုလ်အစစ် ဖြစ်နိုင်၏။ ဓမ္မကထိကကို ခင်မင်၍ဖြစ်စေ၊ ရယ်စရာ မော့စရာ အသောပါသဖြင့် ပျော်ရွှင်၍ဖြစ်စေ၊ "တရားမှ

www.burmeseclassic.com

www.burmeseclassic.com



နာဖော်မရဘူး။ အပျင်းထူလိုက်တာ” ဟု ကဲ့ရဲ့မည်စိုး၍ဖြစ်စေ၊ သူများအထင်ကြီးအောင်ဖြစ်စေ၊ ဓမ္မကထိက၏ အရည်အချင်းကို အကဲခတ်ကာ ကဲ့ရဲ့တန်လျှင် ကဲ့ရဲ့လို၍ ဖြစ်စေ နာကြရာ၌ကား ပေါက်ဖော်ကြီး စကားလို “ဝမ်မှာ” စိုးရသည်။

ရှေးတုန်းက ပေါက်ဖော်တစ်ယောက် လှေစီးသွားရာ လှေသမားက “ပေါက်ဖော် .... လှေကယိုလို့ သတိထားထိုင်ပါ” ဟု သတိပေး၏။ ပေါက်ဖော်က “လှေထဲ၌ရှိသော ရေယိုတာ ဘာအရေးစိုက်စရာရှိလဲ” ဟု ယူဆ၍ အားပါးတရ ထိုင်၏။ အတော်ကြာလျှင် တင်ပါးက အေးစက်စက် ရှိ၍ ငုံ့ကြည့်သောအခါ ရေတွေကို မြင်သဖြင့် “ဟင်...... မယိုတဲ့အပြင် ဝမ်တောင်ဝမ်သေးသကိုး” ဟု ပြောသတဲ့။ ထို့အတူ မကောင်းစိတ် ယိုထွက်ဖို့ တရားနာရာ၌ မယိုဘဲဝမ်မှာ စိုးရသည်။

**စာဖတ်ခြင်းအကျိုး**

ယခုခေတ်၌ကား အလိမ္မာကို ကောင်းစွာပေးနိုင်သော ကျမ်းစာတွေ ပေါများလှ၏။ ထိုကဲ့သို့သော ကျမ်းစာများကို ကြည့်ရှုကျက်မှတ် ရွတ်ဖတ်၍နေလျှင်လည်း တရားနာခြင်း၏ အကျိုးကိုရနိုင်၏။ ထို့ကြောင့် အချို့သော ခေတ်ဆန်ဆန် တရားကို နာမည့်အစား ကျမ်းစာကို ကြည့်ရှုနေခြင်း၊ နှုတ်ရှင်းသူကို ဖတ်ဖို့ရန် တောင်းပန်၍ ကြားနာခြင်းတို့က အကျိုးများဖွယ် ရှိပါသေးသည်။

[မည်သည့် ကျမ်းစာသည် မိမိတို့နှင့် သင့်လျော်သည်ဟု မရွေးချယ်တတ်လျှင် ဓိနတ္ထပကာသနီ၊ ဗုဒ္ဓဝင်၊ သံဝေဂဝတ္ထုဒီပနီ၊ ငါးရာ့ငါးဆယ် ဇာတ်တော်ကြီးများနှင့် ရှေးဆရာတော်ကြီးများ စီစဉ်တော်မူအပ်သော ကျမ်းစာတို့သည် အမှန်အကျိုးများသော ကျမ်းစာများ ဖြစ်ပါသည်။]



## ဓမ္မဒေသနာအကြောင်း

တရားဟောမှုကို “ဓမ္မဒေသနာ” ကုသိုလ်ဟု ခေါ်၏။ ရိုးသားဖြူစင်စွာ မြင့်မြတ်သော စိတ်ထားဖြင့် ဟောပြောပြသဆုံးမပါလျှင် “သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ = အလှူဟူသမျှကို ဓမ္မအလှူကနိုင်၏။ ဓမ္မအလှူက အကျိုးပေးသာ၏” ဟု ဟောပြတော်မူသည့်အတိုင်း အလွန်အကျိုးကြီးပေ၏။ ထို့ကြောင့် ဓမ္မဒေသနာကုသိုလ် အစစ်ဖြစ်စေလိုလျှင် ထိုတရားဟောမှုကြောင့် ရမည့်ပစ္စည်းလာဘ်နှင့် ကျော်စောခြင်း ဂုဏ်ပကာသနကို မမျှော်လင့်သင့်ချေ။ မျှော်လင့်လျှင် ထိုလာဘ်လာဘနှင့် ဂုဏ်ပကာသနကို လိုချင်သော လောဘကဓမ္မဒေသနာကုသိုလ်ကြီး၏ အကျိုးပေးမှုကို သေးသိမ်ညံ့ဖျင်းအောင် နှောင့်ယှက်လိမ့်မည် ဖြစ်၍ ကောသလမင်း အိပ်မက်မှာလာသည့်အတိုင်း တစ်သိန်းတန် စန္ဒကူးကို ရက်တက်ရည်ပုပ်နှင့် လဲလှယ် စားသောက်သူကဲ့သို့ ဖြစ်လိမ့်မည်။

[**ဆောင်**] တစ်သိန်းတန် စန္ဒကူး၊ နေ့ကျူးပုပ် ရက်တက်ရည်၊
အဖိုးမတန်ဘဲနှင့်၊ လဲထပ်ကြပေ။
မြတ်ဗုဒ္ဓေ၊ စိန္တေမိန့်ကြား၊ ဖိုးထိုက်စွာဓမ္မာမြတ်ကို၊
ပစ္စယာ လေးဖြာလာဘ်နှင့်၊ လဲထပ်လို့စား။

**ဓမ္မကထိက ဂုဏ်ရည်**

ထို့ပြင် တရားဟောပြောနိုင်သော အရည်အချင်းရှိသူသည် သာမန် ပုဂ္ဂိုလ်မဟုတ်။ အသံသာသာ နှုတ် လျှာ ရှင်းရှင်းနှင့် မိမိ၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ကြားနာသူများ နားလည်အောင် ပြောနိုင်သော ပုဂ္ဂိုလ်မှာ “မ-တစ်ထောင် တစ်ကောင်ဖွား” ဖြစ်၏။ ထိုစကားမှန်၏။ နွားခြံတွင်း၌ နွားမ တစ်ကောင် သွင်းလှောင်၍ ထားသော်လည်း ထောင်ထောင် မားမား ဘို့ထွားထွားနှင့် နွားလားဥသဘ ဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပွားမြင်နိုင်သော နွားမမှာ တစ်ကောင်တလေပင် အနိုင်နိုင်သာ ရှိသကဲ့သို့ ဓမ္မကထိက တစ်ပါး ပွားမြင်နိုင်သော မိခင်လည်း အလွန်ရှားပေသည်။

**အသံလုပ်ခြင်းအပြစ်**

ထို့ကြောင့် ဓမ္မကထိက ပုဂ္ဂိုလ်များလည်း မိမိ၏ မြင့်မြတ်သော ရှေးကံကို တွေးကြံ စဉ်းစားကြပြီးလျှင် ဘုရားရှင်၏ တရားတော်များကို မိမိ နှုတ်ဖျားမှ ထွက်စေရာ၌ အသံသာအောင် တမင် ဘကာ ပြုခြင်း၊ သံဖို သံမ သံတို သံရှည် ဆွဲငင်ခြင်းများကို သုံးရှောင်ရှားလျက် ယောကျ်ားပီသ တည်ကြည်သော အသံဖြင့် ဟောပြော ဆုံးမသင့်ပါသည်။ အသံကို ဆွဲကာ ငင်ကာ တမင် သာယာအောင်လုပ်၍ ဟောရာ၌ အပြစ် ၅ ပါးကို ဘုရားရှင် ဟောတော်မူသည်မှာ

ရဟန်းတို့... သီချင်းသံ ပေါက်လာအောင် ရှည်စွာ ဆွဲ၍ တရားဟောရာ၌ အပြစ် ၅ ပါး ရှိသည်။ (၁) မိမိအသံကို မိမိမြန်၍ သာယာသော တဏှာဖြစ်၏။ (၂) ကြားနာသူတို့မှာလည်း ထိုကဲ့သို့ တဏှာဖြစ်၏။ (၃) လူကြီးလူကောင်းတို့က "ငါတို့ သီချင်းဆိုသလို ဘုရားသားတော် အခေါ်ခံနေသော ဘုန်းကြီးများလည်း သီချင်း ဆိုကြတာပါပဲ"ဟု စွပ်စွဲ ကဲ့ရဲ့တတ်၏။ [ယခုအခါ လူကြီးသာမက၊ လူငယ်များကပင် ကဲ့ရဲ့ကြလေပြီ။] (၄) တရားဟောရင်း အသံ လုပ်လိုသော စေ့ကြောင့် မိမိသမာဓိလည်း ပျက်၏။ (၅) နောင်လာ နောက်သား မလိမ်တငေ ကိုယ်တော်ကလေးများကလည်း "အသံ လုပ်၍ ဟောရသည်"ဟု အတုလိုက်တတ်ကြသည်။

**[ဆောင်]** အသံလုပ်ကာ၊ ဒေသနာဝယ်၊ သေချာအမှန်၊ ကိုယ့်အသံကို၊ ကိုယ်ပြန်၍ထိ၊ တဏှာငြိလျက်၊ နာသည့်လူပေါင်း၊



တဏှာ ပြောင်းသား၊ သူကောင်းဉာဏ်မြင်၊ လွန်ပြစ်တင်၏။ ထို့ပြင်တရှိ၊ သမာဓိလည်း၊ ကင်းဘိပေါက်ကြား၊ နောက်နောက် သားတို့၊ လိုက်စားအတု၊ ဤ ၅ ခု သည်၊ မှတ်ရှုရမြဲအပြစ်တည်း။

ထိုဟောတော်မူအပ်သော အပြစ်များ ယခုအခါ လုံလောက် စွာ ပေါ်ပေါက်လျက် ရှိလေပြီ။ နောင်လာ နောက်သားတို့ တကယ် ပင် အတုယူကာ တရားဆန်း ဟောနည်းကို သင်ယူကြလေပြီ။ ထိုသူတို့၏ တရားပွဲ၌ ဉာဏ် အမြော်အမြင်ရှိကြသော လူကြီး လူကောင်းများ နည်းပါးရုံမက မလွှဲသာ၍ နာနေရသော လူကြီး လူကောင်းတို့လည်း သူတို့တရား၌ စိတ်မဝင်စားကြကုန်။ ခေတ် ပညာတတ်သူတို့ကမူ (တရားတော်အမှန် နာယူလိုသော်လည်း) ထိုတရားမျိုး နာရမည်ကိုကား ရှက်ဖွယ်ဟု ထင်မှတ်နေကြသည်။ သို့ဖြစ်၍ အသံလုပ် တရားဟောရာ၌ "ကိုယ့်လိပ်ပြာ ကိုယ်ရှက်" ဆိုသလို ရှက်ဖွယ်ကောင်းလှပေသည်။

**စကားပြောလည်း တရားဟောပင်**

ပရိသတ် အလယ်ထိုင်၍ မြိုင်မြိုင်ကြီး ဟောခြင်းကိုသာ "ဓမ္မဒေသနာ"ဟု မမှတ်ရ။ မိမိအထံ ရောက်လာကြသော ဒကာ ဒကာမ တစ်ယောက် နှစ်ယောက်ကိုပင် ပစ္စည်းလာဘ်ကို မမြော်မမြင် ဘဲ ဖြူစင်သောစိတ်ဖြင့် ဟောပြော ဆုံးမ ဩဝါဒပေးမှုများကို လည်း "ဓမ္မဒေသနာ"ပင် ဖြစ်၏။ လူကြီးသူမက လူငယ်များကို သွန်သင် ဆုံးမ နည်းလမ်းပြခြင်း၊ အပြစ်မရှိသော လက်မှု စက်မှု အတတ်ကို သင်ပေးခြင်း၊ စာပေပို့ချခြင်း၊ တရားစာ ဖတ်ပြခြင်း များလည်း ဓမ္မဒေသနာပင် ဖြစ်ကြပေသည်။ ထို့ကြောင့် ယခုအခါ တရားဟောနည်းသာမက ခေတ်အားလျော်စွာ ဣန္ဒြေရရှိ အနှစ်

www.burmeseclassic.com

www.burmeseclassic.com



အသားပါသော စကားပြောနည်း စာရေး စာဖတ်နည်းများပါ လေ့လာသင့်ကြပေသည်။

## ဒိဋ္ဌိဇုကမ္မအကြောင်း

အယူဖြောင့်မှန်ခြင်းကို "ဒိဋ္ဌိဇုကမ္မ"ဟု ခေါ်၏။ [ဒိဋ္ဌိ=အယူ+ ဥဇုကမ္မ=ဖြောင့်မှန်မှု။] အယူဟူသည် အသိဉာဏ်တည်း။ ထို အသိဉာဏ်က လမ်းမှန်ကျနေလျှင် သမ္မာဒိဋ္ဌိ (မှန်ကန်သောအယူ) ဖြစ်၏။ ထို အသိဉာဏ်က မှားယွင်းနေလျှင် မိစ္ဆာဒိဋ္ဌိ (မှားသော အယူ) ဖြစ်၏။ အောက်ပါအချက်များ၌ မိမိအသိဉာဏ် ဘယ်လို ဖြစ်သလဲဟု စဉ်းစားပါ။

၁။ ကုသိုလ်ကံ၊ အကုသိုလ်ကံ။

၂။ ထိုကံများ၏ ကောင်းကျိုး၊ မကောင်းကျိုး။

၃။ ထိုကံများကြောင့် ရောက်ရသည့် ဤဘဝ၊ နောက်ဘဝ။

၄။ နတ်များ၊ ဗြဟ္မာများ။

၅။ ကောင်းမွန်စွာ ကျင့်ကြံ၍ ဈာန် အဘိညာဉ်ရသူ သို့မဟုတ် ရဟန္တာ ဖြစ်သူများ။

အထက်ပါ အချက် ၅ ချက်ကို လေးလေးနက်နက် စဉ်းစားသောအခါ "ရှိနိုင်သည်၊ ရှိထိုက်သည်၊ ရှိရမည်" ဟု အသိဉာဏ်ဖြစ်လျှင် သမ္မာဒိဋ္ဌိတည်း။ ဤသမ္မာဒိဋ္ဌိကိုပင် "ဒိဋ္ဌိဇုကမ္မ"ဟု လည်းကောင်း၊ "ကမ္မဿကတာဉာဏ်"ဟုလည်းကောင်း ခေါ်၏။ [ကမ္မ=ကံ+ သက=ကိုယ့်ဥစ္စာ+တာ=ဖြစ်ပုံကို+ဉာဏ်=သိခြင်း။ မိမိပြုသော ကုသိုလ်ကံ အကုသိုလ်ကံသာလျှင် မိမိနောက်သို့ လိုက်ပါသော ကိုယ်ပိုင်ဥစ္စာ ဖြစ်ပေသည်ဟု သိတတ်သောဉာဏ်ကို "ကမ္မဿကတာဉာဏ်"ဟု ခေါ်သည်။]



ထိုပြခဲ့သော ၅ ချက် ၅ ချက်ကို လေးနက်စွာ စဉ်းစားသော အခါ "မရှိနိုင်၊ မရှိထိုက်" ဟု ယူနေလျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်တော့၏။ ထိုသို့ "ကံ–ကံ၏ အကျိုးမရှိ"ဟု ယူသော မိစ္ဆာဒိဋ္ဌိကြောင့်ပင် တိရစ္ဆာန် သတ္တဝါတွေကို ကံကြောင့်ပင် ဖြစ်ရသော သတ္တဝါတစ်မျိုး ဟု အယူမရှိဘဲ ရဲရဲဝံ့ဝံ့ သတ်ဖြတ်နိုင်ကြ၏။ ကံကြောင့် ရောက် ရသော ဤဘဝ နောက်ဘဝ မရှိဟု ယူသောကြောင့်ပင် ကမ္ဘာ လောကနှင့် သတ္တဝါတွေကို တစ်စုံတစ်ဦးသော တန်ခိုးရှင်က ဖန်ဆင်းထားသည်ဟု အယူရှိကြသည်။ ငါတို့၏ ဗုဒ္ဓရှင်တော်ကို ရာဇဝင်နှင့်တကွ ထင်ရှားသိအပ်သကဲ့သို့ ထိုတန်ခိုးရှင်ဆိုသော ပုဂ္ဂိုလ်ကို ယခုလူတို့ သိနိုင်ကြပါ၏လော။

### ဗုဒ္ဓဘာသာဝင်ဖြစ်မှု

ဒိဋ္ဌိဇုကမ္မကို သမ္မာဒိဋ္ဌိဟု ဆိုခဲ့ပြီ။ ထို သမ္မာဒိဋ္ဌိ အယူ ရှိကြသူတိုင်းလည်း ဗုဒ္ဓဘာသာဝင် မဟုတ်နိုင်သေး။ ဟိန္ဒူ လူမျိုးတို့သည် ကံ–ကံ၏ အကျိုးကို ယုံကြည်ကြပေ၏။ သို့သော် ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြ။ ဘုရား တရား သံဃာကို ယုံကြည်၍ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"ဟု ပါဠိလိုဖြစ်စေ၊ "ဘုရားကိုးကွယ်ပါ၏။ တရားကိုးကွယ်ပါ၏။ သံဃာကိုးကွယ်ပါ၏"ဟု မြန်မာလိုဖြစ်စေ ရွတ်ဆိုမှသာ "ဗုဒ္ဓ ဘာသာဝင်ဖြစ်သူ=သရဏဂုံ တည်သူ"ဟု ခေါ်နိုင်သည်။ ဤသို့ ရတနာ ၃ ပါးကို ကိုးကွယ်ရာတွင် ဂုဏ်ကို မသိဘဲ (ကလေးများကဲ့သို့) မိရိုးဖလာ ယုံကြည်ရုံသာ ယုံကြည်၍ ကိုးကွယ်လျှင်လည်း ဗုဒ္ဓ ဘာသာဝင် ဖြစ်နိုင်ပေသည်သာ။ [ရတနာ ၃ ပါး၏ ဂုဏ်တော်နှင့် သရဏဂုံ အဓိပ္ပာယ်များကို ရတနာ့ဂုဏ်ရည်၌ ရေးသားထားပြီ။]

www.burmeseclassic.com

www.burmeseclassic.com



## ဒိဋ္ဌိဇုကမ္မဖြစ်ဖို့ အချက်များ

သမ္မာဒိဋ္ဌိဟုလည်းကောင်း၊ ကမ္မဿကတာဉာဏ်ဟုလည်းကောင်း ခေါ်အပ်သော ဤ ဒိဋ္ဌိဇုကမ္မကုသိုလ်သည် ကံ-ကံ၏ အကျိုး၊ ဤဘဝ နောက်ဘဝ စသည်များကို မိမိဘာသာ စဉ်းစားကြံစည်နေသော အခါလည်းဖြစ်၏။ ဒါနပြုခါနီး၊ သီလဆောက်တည်ခါနီးဝယ် "ဤဒါန...ဤသီလသည် ကုသိုလ်ကံတည်း။ ဤကုသိုလ်ကံသည် နောက်နောင် ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ပေးနိုင်သည်"ဟု သတိရသော အခါ၌လည်း ဤ ဒိဋ္ဌိဇုကမ္မကုသိုလ်ဖြစ်၏။ ကံ-ကံ၏ အကျိုးကို ယုံယုံကြည်ကြည်နှင့် ဒါန သီလစသော ကုသိုလ်များကို ပြုနိုက်မှာလည်း ဤဒိဋ္ဌိဇုကမ္မကုသိုလ်ဖြစ်၏။ မည်သည့်ကုသိုလ်မဆို ဤဒိဋ္ဌိဇုကမ္မ ကုသိုလ်ပါမှ သာ၍ အကျိုးကြီးသည်။

## ပုညကြိယာ ၄၀

ဤ ပြုခဲ့သော ဒါနစသည်ကို ကိုယ်တိုင်ပြုမှသာ ကုသိုလ်ဖြစ်သည်မဟုတ်။ သူတစ်ပါးကိုပြုဖို့ရန် တိုက်ရိုက်ခိုင်းခြင်း၊ ပြုချင်လာအောင် ဂုဏ်ကျေးဇူးကို ပြောပြခြင်း၊ သူတစ်ပါး ပြုနေသည်ကို မြင်ရကြားရ၍ ဝမ်းမြောက်ခြင်းများလည်း ကုသိုလ်ဖြစ်သည်။ ထို့ကြောင့် ပုညကြိယဝတ္ထု ၁၀ ပါးကိုတည် (၁) ကိုယ်တိုင်ပြုခြင်း၊ (၂) ပြုဖို့ရန်စေခိုင်းခြင်း၊ (၃) ဂုဏ်ကိုပြောပြခြင်း၊ (၄) ဝမ်းမြောက်ခြင်း- ဤ လေးပါးဖြင့် မြှောက်လျှင် ပုညကြိယဝတ္ထု ၄၀ ဖြစ်၏။

[**ဆောင်**] ကောင်းမှုဆယ်ခိုင်၊ အရင်းကိုင်၍၊ ကိုယ်တိုင်ပြုကြား၊ သူများခိုင်းတုံ၊ ဂုဏ်ကိုပြောပြ၊ ဝမ်းမြောက်ကလျှင်၊ လေးဆယ်တွင်၊ မြှောက်တင် ပုညဝတ္ထုတည်း။



## နိဂုံး

ဤမျှသော စကားအစဉ်ဖြင့် စိတ်ကောင်း စေတနာကောင်းထား၍ ပြုရသော ပုညကြိယဝတ္ထုများ ပြီးပြီ။ ဤ ပုညကြိယဝတ္ထုများကို ထင်ထင်ရှားရှား ရေးသားရကြောင်း ကောင်းမှု ပဋိပတ် အကျင့်မြတ်ကြောင့် ဤကျမ်းကို ကြည့်ရှုသူတိုင်း ပုညကြိယဝတ္ထုများကို ပြုလိုသော စိတ်ဆန္ဒ ရှေးကထက် တိုးတက်ပါစေ။ ငါနှင့် စပ်ဆိုင်သူ ဟူသမျှလည်း ဤကောင်းမှု ၁၀ ပါးကို နိဗ္ဗာန်အထိ မျှော်ခေါ်၍ ပျော်ပျော်ကြီး ကြိုးစားကြပါစေ။

ငါ၏အတွက်ကား ဒါန သီလ ဘာဝနာကို အခြေတည်လျက် ရွှေပြည်နိဗ္ဗာန်ရောက်ရန် ကောင်းမှုအစုစုကို ပြုတိုင်းပြုတိုင်း ယုတ်ဆိုင်း တွန့်တိုသော စိတ်များကို ဖယ်ရှား၍ ထက်မြက်သော သဒ္ဓါ ဝီရိယ သမာဓိနှင့် သတိ ပညာ ဗိုလ် ငါးဖြာတို့ ကောင်းစွာ အုပ်စည်းလျက် အပြီးတိုင် ကျင့်နိုင်ပါစေ။

ကောင်းမှုဆယ်လီ၊ နှစ်အဆီကို၊ ပီပီသသ၊ ရေးစီရသည့်၊ ပုညမြင့်ဖူး၊ အကျင့်ထူးကြောင့်၊ ကြည်နူး ရွှမ်းအီ၊ ဝမ်းဆီထိသို့၊ ပီတိဝေဖြာ၊ စေတနာဖြင့်၊ တေဇာဆင့်ဆင့်၊ ကောင်းရာချင့်၍၊ ကောင်းကျင့်တရား၊ ကောင်းကောင်းပွားလျက်၊ ကောင်းစားကြစေ၊ ငါ့အနေမှု၊ ဘဝေဘဝ၊ ဖြစ်သမျှ၌၊ ပုညဆယ်ဆင့်၊ ကုန်အောင်ကျင့်သား၊ ငါနှင့်ရင်းသူ၊ အတွင်းလူလည်း၊ ဝင်းပြုဆယ်တန်၊ ကုန်ကျင့်ကြံသည်၊ နိဗ္ဗာန်ထုတ်ချောက် ရောက်ရန်သောဝ်။

ပုညကြိယဝတ္ထု ၁၀ ပါး ပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



# သတ္တမအခန်း

[ကံနှင့်စပ်၍ အရပ်ရပ်မှတ်ဖွယ်ပါသည်။]

**ကံဆိုတာဘာလဲ**

"ကမ္မ"ဟူသော ပါဠိစကားကို မြန်မာလို "ကံ" ဟုခေါ်၏။ ထို "ကံ"ဟူသော စကားကို တစ်မျိုးထပ်၍ မြန်မာပြန်လျှင် "အမှု" ဟု ခေါ်ပြန်သည်။ ထိုအမှုကား ကိုယ်မှု၊ နှုတ်မှု ၊ စိတ်မှု၊ အားဖြင့် ၃ မျိုး ကွဲပြား၏။ "ကိုယ်မှု" ဟူသည် လက် ခြေ စသော ကိုယ်အင်္ဂါဖြင့် ပြုရသောလုပ်ငန်းကိစ္စစုတည်း။ ဥပမာ– သူ့အသက်ကို ကိုယ်တိုင်သတ်ခြင်း၊ အလှူဒါနကို ကိုယ်တိုင်လှူခြင်း စသည်တည်း။

"နှုတ်မှု"ဟူသည် နှုတ်ဖြင့် ပြောဆိုပြုလုပ်ရသော ကိစ္စတည်း။ ဥပမာ "ဟို အကောင်သတ်လိုက်၊ ဆွမ်းလောင်းလိုက်ပါ" စသည်ဖြင့် စေခိုင်းတိုက်တွန်းမှု၊ လိမ်လည်မှု၊ တရားဟောပြောမှု စသည်တည်း။ "စိတ်မှု" ဟူသည် ကိုယ်လည်း မလှုပ်၊ နှုတ်လည်း မပါ၊ စိတ်ထဲ၌သာ စဉ်းစားကြံစည် စိတ်ကူးမှုတည်း။ ဥပမာ "ဟိုလူ့ပစ္စည်းတွေဟာ ငါ့ပစ္စည်းတွေဖြစ်လျှင် သိပ်ကောင်းမှာပဲ" စသည်ဖြင့် မကောင်းကြံခြင်း၊ သူတစ်ပါးကို သနားကြင်နာခြင်း၊ ချမ်းသာစေလိုခြင်း၊ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများခြင်း စသည်များတည်း။

**အမှုသည်ကိုရှာဖွယ်**

ထို ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများသည် စိတ်ကို မလှုံ့ဆော်ရဘဲ ဘာသိဘာသာ ဖြစ်နေသည် မဟုတ်။ သူ့အသက်ကို သတ်ရာ၌ လက်က ဓားကိုကိုင်မိအောင်၊ ထိုဓားကို လူတစ်ယောက်အပေါ်သို့ ရောက်အောင် ပြုလုပ်နိုင်သော အမှုသည် လက်သည်တရားကား ရှိရသေးသည်။ နှုတ်ဖြင့်ပြောရာ၌လည်း စကားသံ တစ်လုံးချင်း



ပေါ်လာအောင် ပြုလုပ်နိုင်သော အမှုသည် လက်သည်တရားရှိသည်။ အိပ်ပျော်နေတုန်းအခါ စိတ်တွေ များစွာဖြစ်နေသော်လည်း မည်သည့် စိတ်အမှုမျှ မဖြစ်။ ထို့ကြောင့် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့၌ ပကတိစိတ်မှ ထူးခြား၍ သတ္တိထက်သော တရားတစ်မျိုး ရှိပေလိမ့်မည်။ လောက၌ အမှု တစ်စုံတစ်ရာပေါ်လျှင် လက်သည်ရှာရသကဲ့သို့ ထို့အတူ ဤ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများကို ဖြစ်ပေါ်အောင် ပြုလုပ်နိုင်သော အမှုသည် လက်သည်တရားကို ရှာသင့်ပေသည်။

**စေတနာသည် အမှုသည် စေတနာသည် ကံ**

ထို ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများ ဖြစ်အောင် လှုံ့ဆော်ပေးသော တရားကား အတွင်းသန္တာန်၌ ဖြစ်နေသော စိတ်စေတသိက် အထဲမှာပင် ဗျာပါရ လွန်ကဲသော စေတနာ စေတသိက်တည်း။ ထို့ကြောင့် စေတနာ စေတသိက်သည် ထို ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ဖြစ်အောင် လှုံ့ဆော်တတ်သော အမှုသည် လက်သည် တရားတည်း။ ထိုအမှု "ကံ"များကို အထမြောက်အောင် ဖန်တီးတတ်သောကြောင့် (အကျိုးအမှု၏ ကံဟူသော နာမည်ကို အကြောင်းရင်း စေတနာအပေါ်မှာ တင်စား၍) စေတနာ စေတသိက်ကိုပင် "ကံတရား"ဟု ခေါ်ရသည်။ [စိတ် စေတသိက်အများတွင် စေတနာက သတ္တိလွန်ကဲပုံ၊ ထိုစေတနာကိုပင် အမှုသည် လက်သည် တရားဟု စွဲချက်တင်ပုံကို စေတနာ စေတသိက် အခန်းတုန်းကလည်း ပြပြီးဖြစ်၍ ထိုအခန်းနှင့် တွဲဖက်ကြည့်ပါ။]

**မထင်မရှားဖြစ်သော စိတ်များ**

မိမိစိတ်ဖြစ်ပုံကို မိမိကိုယ်တိုင် စဉ်းစား ကြည့်သောအခါ တချို့စိတ်၏ ဖြစ်ပုံသည် ထင်ရှား၏။ တချို့စိတ်၏ ဖြစ်ပုံကား

www.burmeseclassic.com

www.burmeseclassic.com



မထင်ရှား။ အိပ်ပျော်နေသောအခါ၌ စိတ်အစဉ်သည် ဖြစ်မြဲဖြစ်နေ၏။ သို့သော် ဖြစ်ပုံကား မထင်ရှားချေ။ နိုးသောအခါမှာလည်း အမှတ်တမဲ့ မြင်ရ၊ ကြားရ၊ နံ့ရ၊ ထိရသောအခါ စိတ်ဖြစ်ပုံ မထင်ရှား။ နိုးသောအခါမှာလည်း အမှတ်တမဲ့ မြင်ရ၊ ကြားရ၊ နံ့ရ၊ ထိရသောအခါ စိတ်ဖြစ်ပုံမထင်ရှား။ စိတ်ဖြင့် တွေးမိတွေးရာကို တွေး၍ ငေးမိငေးရာကို ငေးနေသောအခါလည်း စိတ်ဖြစ်ပုံ မထင်ရှား။ ထိုသို့ မထင်ရှားသောအခါ ကုသိုလ်ဇော အကုသိုလ်ဇော စိတ်စေတနာတွေ ဖြစ်ပေါ်နေသော်လည်း ထို ဇောစေတနာများကြောင့် မည်သည့် ကံတစ်ခုမျှ အထမမြောက်ဘဲ အမှတ်တမဲ့ မသိမသာ ဖြစ်သော ဇောစေတနာများလည်း တစ်နေ့အဖို့မှာ အတော်များစွာ ဖြစ်ကြသည်။

**ထင်ရှားသော အကုသိုလ် စေတနာများ**

သူတစ်ပါးကို သတ်ဖို့ ကြံစည်သောအခါ၌ ဒေါသဇော စိတ်စေတနာသည် လွန်စွာ ထင်ရှား၏။ သတ်ဖို့ရာ လွန်စွာ ဗျာပါရများနေ၏။ ကာမမှုကို ကြံစည်လိုသောအခါ၌လည်း လောဘဇော စေတနာ လွန်စွာ ဗျာပါရ များရလေ၏။ အတွင်းဇော စေတနာက ဗျာပါရ များနေမှုကြောင့်ပင် ပြင်ပ ကိုယ်ခန္ဓာကြီးလည်း ထကြွလှုပ်ရှား၍ ဗျာပါရ များရလေသည်။ ဤသို့လျှင် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု မကောင်းမှုတစ်ခုခု အထင်အရှား ဖြစ်ရာ၌လည်း အတွင်းက ဆိုင်ရာ အကုသိုလ် စေတနာတွေ ဗျာပါရများနေပုံ၊ ရိုးရိုးအခါဖြစ်သော စိတ်ဇောများနှင့် မတူဘဲ ထက်ထက်မြက်မြက် ရှိကြ ပုံကို သတိထား၍ စဉ်းစားလျှင် အကုသိုလ် ဇော စေတနာများ၏ ဖြစ်ပုံမှာ လွန်စွာ ထင်ရှားလေသည်။



**ထင်ရှားသော ကုသိုလ်စေတနာများ**

လှူဒါန်း ပေးကမ်းနေရသောအခါ၊ ဥပုသ် သီလ ဆောက်တည်နေရသောအခါ၊ လူကြီး သူမကို ပြုစုလုပ်ကျွေးနေရသောအခါ၊ တရားစကားကို ပြောဆို ကြားနာနေရသောအခါ၊ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းနေရသောအခါ၊ မကောင်းမှု အကုသိုလ်မှ ရှောင်ကြဉ်သော အခါ၌ ကုသိုလ်စေတနာတွေ လွန်စွာတက်တက်ကြွကြွ ရှိ၏။ ထိုကုသိုလ်များ အထမြောက်ဖို့ရာ လွန်စွာ ဗျာပါရ အားကြီးလေ၏။ ထို ဇောစေတနာတွေက ဗျာပါရ များရခြင်းကြောင့် ကိုယ် လက် နှုတ်မှုများလည်း အချို့ကုသိုလ်ကိစ္စများ၌ လှုပ်လှုပ်ရှားရှား ဗျာပါရ များလျက် ရှိလေသည်။

**ခန္ဓာအစဉ်၌ ကံ၏သတ္တိကျန်ရှိရစ်ပုံ**

ထိုကဲ့သို့ အထင်အရှား ဖြစ်နေကြသော ကုသိုလ် အကုသိုလ် ဇောစေတနာတွေကို "ကံ"ဟုခေါ်၏။ ထို ကံတရားတို့သည် ထုံးစံအတိုင်း ချုပ်ပျောက်ကြသော်လည်း ပြီးပြီးပျောက်ပျောက် ချုပ်သွားကြသည်မဟုတ်။ မိမိတို့၏ ကံစွမ်းသတ္တိကို ခန္ဓာအစဉ်မှာ မြှုပ်ထားလျက် ချုပ်သွားကြလေသည်။ ဆိုလိုရင်းကား– ခန္ဓာကိုယ်၌ စိတ်တစ်ခုပြီးတစ်ခု ဖြစ်ရာဝယ် သတ္တိနည်းသော စိတ်တို့သည် ချုပ်ပြီးနောက်၌ သူတို့၏ အစွမ်းသတ္တိ တစ်စုံတစ်ရာ မကျန်ရစ်တော့။ သတ္တိထက်မြက်သော ဇောစေတနာတို့၏ သတ္တိကား ခန္ဓာအစဉ်မှာ ကျန်ရစ်ကြလေသည်။ ဥပမာ– မထက်မြက် မထင်ရှားသော မိဘတို့ ကွယ်လွန်သောအခါ သူတို့၏ အရှိန်အဝါသည် သားသမီး အပေါ်၌ သိသိသာသာ မကျန်ရစ်တော့ဘဲ ထက်မြက်ထင်ရှားသော မိဘတို့ ကွယ်လွန်သောအခါ၌သာ သူတို့၏ အရှိန်အဝါသည် သားသမီးတို့မှာ သိသိသာသာ ကျန်ရစ်သကဲ့သို့တည်း။

www.burmeseclassic.com

www.burmeseclassic.com



**ခန္ဓာအစဉ်၌ ကံသတ္တိများလိုက်ပါပုံ**

အသီးသီးသော သစ်ပင်မျိုး၌ အသီးသီးစေတတ်သော ဓာတ်သတ္တိ အမြဲ ပါရှိသည်။ သစ်ပင်ပေါက်ခါစ၌လည်း ပါရှိ၏။ အညွန့် အခက် အရွက်ထွက်သောအခါ ပင်လုံးနှင့်တကွ ထိုအသီးနှင့် အသီး၏ အစေ့မှာလည်း ပါရှိ၏။ ထိုအစေ့ရင့်၍ မြေ၌ချပြီး စိုက်ပျိုးသော အခါ၌လည်း အသီးသီးစေတတ်သော ဓာတ် သတ္တိ ပါရှိ၏။ ထိုဓာတ်သတ္တိသည် "ဘယ်လို အရာ"ဟု ခွဲခြားမရသော်လည်း ထိုသစ်ပင်အမျိုးတို့၏ အစဉ်အဆက်မှာ သီးစေတတ်သော ဓာတ်သတ္တိ တစ်မျိုးကား ကေန်ပါရှိသကဲ့သို့ ထို့အတူ ရုပ်တစ်ခုပြီးတစ်ခု၊ နာမ်တစ်ခုပြီးတစ်ခု ဆက်၍ဆက်၍ ဖြစ်ပျက်နေကြရာ၌ အသစ်ဖြစ်သော ရုပ်နာမ် ခန္ဓာအစဉ်ဝယ် ချုပ်လေပြီးသော ထိုစေတနာ ကံတရား၏ သတ္တိလည်း အမြဲလိုက်ပါလျက်ရှိသည်။ စုတိစိတ် အခိုက်မှာလည်း ကံ၏သတ္တိတွေ အများအပြား ပါရှိနေသည်။ စုတေပြီးနောက် ဘဝအသစ် ပဋိသန္ဓေခဏ၌လည်း ကံ၏ သတ္တိတွေပါရှိ၏။ ထို့နောက် တစ်ဘဝလုံးနှင့် ထိုဘဝ၏ စုတိ၊ ထို့နောက် တစ်ဖန် ပဋိသန္ဓေခဏ၌လည်း ရုပ်နာမ်ခန္ဓာ အစဉ်မှာ (ဘယ်လို အရာမျိုးဟု အထင်အရှား အထည်ဝတ္ထုကို ခွဲခြားမရသော်လည်း) အကျိုးမပေးရသေးသော ကံ၏သတ္တိတွေ လိုက်ပါတည်ရှိလေသည်။ (ကံ၏ သတ္တိဟူသည် အထည်ကိုယ် အထင်အရှား မဟုတ်၊ သတ္တိမျှသာ ဖြစ်ကြောင်းကို သတိပြုပါ။)

**ကံပြုသူ၌ ကံအကျိုး တိုက်ရိုက်ရပုံ**

ပြခဲ့သော စကားစဉ်အရ သတ္တဝါတို့ တစ်ဘဝမှ တစ်ဘဝ ပြောင်းကြရသော်လည်း ရှေးဘဝက မိမိ၏ အဝိဇ္ဇာ တဏှာ ကံစွမ်းအတွက် နောက်ဘဝအသစ်၌ ဖြစ်ရသောကြောင့် နောက်ဘဝ



ဖြစ်သူသည် သူများမဟုတ် မိမိပင်တည်း။ ပြုခဲ့သမျှသော စေတနာ ကံတရားတို့သည် ချုပ်ပျောက်သွားသော်လည်း ထိုကံ၏ အရှိန်သတ္တိတွေ အကျိုးမပေးရသေးသမျှ မပျောက်မပျက် လိုက်ပါလျက်ရှိသောကြောင့် မိမိပြုသော ကုသိုလ်ကံ၏ သတ္တိသည် မိမိသန္တာန်မှာ (လူသွားရာသို့ လူရိပ် လိုက်ပါသလို) မိမိကို စောင့်ရှောက်ဖို့ရန် အမြဲ လိုက်ပါနေ၏။ မိမိပြုအပ်သော အကုသိုလ်ကံ၏ သတ္တိများလည်း (လှည်း၌ တပ်အပ်သော နွား၏နောက်သို့ လှည်းဘီးပါသကဲ့သို့) မိမိကို နှိပ်စက်ဖို့ရန် အမြဲ လိုက်ပါနေ၏။ မိမိပြုအပ်သော အကုသိုလ်ကံ၏ အကျိုးကို မိမိသာ တိုက်ရိုက်ရသောကြောင့် "ဒီဘဝ ဒီကိုယ်စံ၊ နောက်ဘဝ နောက်ကိုယ်ခံလိမ့်မည်"ဟု အချို့က ပြောသော်လည်း နောက်ဘဝ နောက်ကိုယ်မှာ သူများမဟုတ်၊ မိမိပင် ဖြစ်ကြောင်း ကောင်းကောင်းကြီး နားလည်ကြပါကုန်။

**ကုသိုလ်ကံတူအကျိုးပေး**

ဓာတ်တော်များ၌ ကံတူအကျိုးပေးပုံတွေ များစွာပါရှိ၏။ ရှေးရှေးက စိတ်တူကိုယ်တူ ပြုခဲ့သော ကံတို့သည် နောင်အခါလည်း အတူ အကျိုးပေးတတ်ကြ၏။ ဒါန အတူပြုခြင်း၊ သီလ အတူ ဆောက်တည်ခြင်း၊ ထိုကဲ့သို့ အတူတကွ ပြုခွင့်မရသောအခါ၌လည်း တစ်ယောက်ပြုနေသည်ကို တစ်ယောက်က သဘောကျခြင်း (အိမ့်ရှင်က ပစ္စည်းရှာ၍ အိမ်သူက ထိုပစ္စည်းဖြင့် ကုသိုလ်ပြုသည်ကို ဝမ်းမြောက်ခြင်း) ဤသို့ စသော ကုသိုလ်များကို "ကံတူ"ဟု ဆိုလိုသည်။ ထိုကဲ့သို့ ကံတူပြုရာ၌ ပညာရှိ သူတော်ကောင်းချင်းဖြစ်လျှင် တစ်ယောက်စကား တစ်ယောက် နားထောင်ကာ မခွဲမခွာနေနိုင်သော သမ္မာဆန္ဒဖြင့် တစ်ယောက်နှင့် တစ်ယောက် ငဲ့ညှာသော တဏှာ ဆန္ဒများလည်း ကုသိုလ်၏ ရှေ့အဖို့ နောက်အမြီးမှာ မကင်းဘဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိတတ်၏။ ထိုကုသိုလ်ကံ အကျိုးပေးသောအခါ သမ္မာဆန္ဒ တဏှာဆန္ဒ အလိုကျအောင် ထိုသူ ၂ယောက်တို့ အတူတွေ့ဆုံရတတ်၊ အတူ အကျိုးခံစားရတတ်ပေသည်။ ဤ အရာမျိုးကို "ကံတူ အကျိုးပေး"ဟု ခေါ်သည်။

ထိုကဲ့သို့ တစ်ယောက်နှင့် တစ်ယောက် ငဲ့ညှာမှုဆန္ဒ ပြင်းပြလှသော ကုသိုလ်ရှင်တို့သည် သံသရာထဲ၌ ပါရမီဖြည့်ဖက်များအဖြစ် ကျင်လည်ကာ တပျော်တပါး အလောင်းတော်များ ဖြစ်ရပုံကိုလည်း ဘုရားရှင်နှင့် ယသော်ဓရာ မိဖုရား၊ ရှင်မဟာ ကဿပနှင့် မယ်ဘဒ္ဒါ၊ မဟာကပ္ပိနမင်းနှင့် အနော်ဇာတို့အပြင် မကင်းရာ မကင်းကြောင်း ဖြစ်၍ပါလာသော ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်အနုရုဒ္ဓါ၊ ရှင်ရာဟုလာ၊ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ မိထွေးတော် ဂေါတမီ၊ သုဒ္ဓေါဒနမဟာရာဇာ တို့၏ ဝတ္ထုကြောင်းဖြင့် ကောင်းကောင်းကြီး ယုံကြည်သင့်ကြပေသည်။

**အကုသိုလ်ကံတူအကျိုးပေး**

အကုသိုလ်အရာမှာလည်း စိတ်တူသဘောတူပြုလျှင် ကံတူအကျိုးပေးပင် ဖြစ်၏။ ရှေးက ဇနီးမောင်နှံ ၂ ဦးသည် လှေပျက်၍ လူမရှိသော ကျွန်းငယ် တစ်ခုသို့ ရောက်သွားသည်။ ထိုနေရာ၌ အစာမရသဖြင့် ငှက်ကလေးများကို သတ်၍ စားကြရ၏။ ထိုမကောင်းမှုအတွက် ငရဲကျပြီးနောက် ဘုရားလက်ထက်၌ ဥတေနမင်း၏ သားတော် ဗောဓိမင်းသားနှင့် မိဖုရားဖြစ်လာကြသော် ရှေးက ငှက်ကလေးတွေကို သတ်စားမိခဲ့သော ကံကြောင့် သားသမီး မရဘဲ ရှိလေသည်။ ငှက်ကလေးများကို သတ်စားတုန်းဝယ် မိန်းမက သဘောမတူခဲ့လျှင် မိန်းမအတွက် သားသမီးရထိုက်၏။ ယောကျ်ားက သဘောမကျခဲ့လျှင် ယောကျ်ားအတွက် သားသမီးရထိုက်၏။



ထိုသူ ၂ ယောက်မှာ စိတ်တူကိုယ်တူ သတ်ခဲ့သောကြောင့် သားသမီး မရဘဲ ရှိလေသည်။ ဤသို့ စသည်ဖြင့် စိတ်တူကိုယ်တူပြုခဲ့သော အကုသိုလ်ကံများ၏ ကံတူအကျိုးပေးတတ်ပုံကို သတိထား၍ တစ်ယောက်က အကုသိုလ် ပြုလိုလျှင် သဘောမတူဘဲ တားမြစ်ဖို့ သတိပြုသင့်ကြပေသည်။

အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ပါး၊ ကံတရားကား၊
မယားပြုရာ၊ စိတ်မပါလျှင်၊ လင်မှာမရ၊ လင်ပြုကလည်း၊
မယားအိမ်သူ၊ စိတ် မတူသော်၊ မှတ်ယူမှန်စွာ၊ မရရာဘူး။
(မဃဒေဝ လင်္ကာ)

**ကုသိုလ်ကံ အကျိုးပေး အာနိသင်**

လောက၌ ဆရာ တပည့်တစ်စု၊ မိသားတစ်စု၊ ဆွေမျိုးတစ်စု စသည်ဖြင့် အစုအဖွဲ့ ရှိတတ်လေရာ တစ်ယောက်ယောက်၏ ကုသိုလ်ကံ အကျိုးကို အစုအဖွဲ့ ပါဝင်သူများလည်း တိုက်တန်သလောက် ခံစားရ၏။ သီဟိုဠ်ကျွန်း ဘာတိကမင်း လက်ထက်၌ ခိုးသားစားသူများကို ဖမ်းဆီး၍ ဒဏ်တပ်လေရာ ဒဏ်ငွေ မဆောင်နိုင်ကြသဖြင့် နန်းတော်တွင်း၌ အမှိုက် သုတ်သင်သူများ ပြုထားလေ၏။ ထိုသူတို့အထဲမှာ အဆင်းလှသူကလေး တစ်ယောက်ကို ရှင်ဘုရင်မြင်၍ ထိုသူ့ကို နန်းတွင်းမှာ "သာမာ ဒေဝီ" ဟူသော ဘွဲ့အမည်ဖြင့် အကျွမ်းတဝင် ထားပြီးနောက် သူ့ကို အကြောင်းပြု၍ သူ၏ ဆွေမျိုးများကိုလည်း အပြစ်မှ လွှတ်စေပြီးလျှင် ချမ်းသာစွာ အသက်မွေးနိုင်လောက်အောင် ချီး မြှောက် မ,စလေသည်။ ဤကား တစ်ယောက်ကုသိုလ်ကြောင့် ဆွေမျိုးများ၌ အကျိုးရပုံတည်း။ ဤ နေရာဝယ် "ဆွေမျိုးများမှာလည်း ကုသိုလ်ရှိလို့ပေါ့"ဟု ပြောစရာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခွေမျိုးများ၌ရှိသော ကုသိုလ်ကံမှာ သာမာဒေဝီမပါလျှင် အကျိုးပေးနိုင်လောက်သော အခြေအနေ မရှိချေ။]

**အကုသိုလ်ကံ အကျိုးပေး အဖျားခတ်ပုံ**

အကုသိုလ်ကံ အကျိုးများလည်း ကုသိုလ်ကံ့သို့ အဖျားခတ်တတ်သေး၏။ ကဿပ ဘုရားရှင် လက်ထက်တော်ဝယ် သူကြွယ်တစ်ယောက်၏ ကျောင်းဘုန်းကြီးဖြစ်သော ရဟန်းတစ်ပါးသည် သီလရှိသော သူတော်ကောင်းပေတည်း။ သို့သော် အာဂန္တု ရဟန္တာကို ကျောင်းဒကာ သူကြွယ်က ကြည်ညိုသည်ကို သည်းမခံနိုင်သော ကုလမစ္ဆရိယကြောင့် နံနက်စောစော သူကြွယ်အိမ်သို့ ဆွမ်းစားသွားခါနီး၌ အာဂန္တုကိုယ်တော် မနိုးအောင် ခေါင်းလောင်းကို လက်ဖျားဖြင့် တောက်၍ သွားလေသည်။ အိမ်ရောက်၍ သူကြွယ်က အာဂန္တု ကိုယ်တော်ကို မေးလေသော် "ဒကာရဲ့ ကိုယ်တော်ဟာ အင်မတန် အအိပ်ကြီးတယ်၊ ခေါင်းလောင်းထိုးတာတောင် မနိုးလို့ ထားခဲ့တယ်"ဟု ပြောလေသည်။ [ထိုစကားသည် မစ္ဆရိယ အသံပါသော စကားတည်း။]

ပါးနပ်သော ကျောင်းဒကာက သူ့ဘုန်းကြီး၏ စိတ်ထားကို ရိပ်မိ၏။ ထို့ကြောင့် ကျောင်းဘုန်းကြီးအား ဆွမ်းကပ်ပြီးနောက် "အာဂန္တုကိုယ်တော်အား လှူပါလေ"ဟု မှာ၍ သပိတ်ထဲ၌ ဆွမ်းထည့်ပေးလိုက်လေသည်။ ကျောင်းဘုန်းကြီးသည် သဘောမကျ။ "သည်လို ဆွမ်းကောင်းစားရလျှင် ငါ့ကျောင်းက ဆွဲချသော်လည်း သွားတော့မှာ မဟုတ်ဘူး"ဟု ကျောင်း၌ ဆက်နေမည်စိုးသော အာဝါသမစ္ဆရိယ၊ မိမိထက်သာသည်ကို မနာလိုသော ဣဿာတို့ကြောင့် ထည့်ပေးလိုက်သော ဆွမ်းကို လမ်းမှာ သွန်ပစ်လေသည်။



[ဤနေရာ၌ ဆွမ်းသွန်ပစ်ခဲ့ပုံ အပြစ်ကြီးကိုပါ သတိပြုပါ။]

အာဂန္တုက အရှင်မြတ်လည်း ကျောင်းဘုန်းကြီး၏ စိတ်ဓာတ်ကို သိတော်မူ၍ စောစောကပင် ကောင်းကင်ခရီးဖြင့် လိုရာအရပ်သို့ ကြွနှင့်ပြီး ဖြစ်သောကြောင့် ကျောင်းသို့ရောက်၍ ရှာဖွေသောအခါ အာဂန္တုကိုယ်တော်ကို မတွေ့မှ နောင်တတစ်ဖန် ပူပန်မှု ကုက္ကုစ္စဖြင့် စိတ်ထဲ၌ ပူလောင်နေရကား စိတ်ရော ကိုယ်ပါ သွေ့ခြောက်လျက် မကြာမီ စုတေပြီးနောက် ငရဲသို့ ရောက်ရလေသည်။

ထိုငရဲမှ တက်ပြီးနောက် ဘီလူးဘဝ ၅၀၀၊ ခွေးဘဝ ၅၀၀ တို့၌ အစာဝအောင် မရသည်သာ များလေသည်။ ထိုကဲ့သို့ ဆင်းဆင်းရဲရဲဖြင့် ကျင်လည်ခဲ့ရာ ငါတို့ဘုရားရှင် လက်ထက်တော်၌ အိမ်ခြေ တစ်ထောင်ရှိသော တံငါသည်ရွာဝယ် တံငါသည်မ ဝမ်း၌ ပဋိသန္ဓေရလေသည်။ ထိုသူ ပဋိသန္ဓေနေသည်က စ၍ တံငါများ ငါးအရနည်းရုံသာမက တစ်ရွာလုံး မင်းဒဏ် ၇ ကြိမ်ခံရ၊ ၇ ကြိမ် မီးလောင်ခံရလေသည်။

ထို့နောက် စဉ်းစားတတ်သူ လူကြီးများက "ငါတို့ရွာ၌ ကံဆိုးသူရှိလိမ့်မည်၊ ရွာကို တစ်ဝက်စီ ခွဲကြစို့ရဲ့" ဟု ပြော၍ တစ်ဝက်စီခွဲကြရာ ထိုကိုယ်ဝန်ပါသောဘက်၌ ရေးနည်းတူ ဆင်းရဲပြန်သဖြင့် ထပ်၍ထပ်၍ ခွဲကြရာ နောက်ဆုံး ထို ကိုယ်ဝန်ရှိသော မိဘတို့ တစ်အိမ်သာ သီးခြားဖြစ်နေလေသည်။ ထိုသို့ သီးခြား ဖြစ်ရပြီးနောက် မိခင်မှာ ဆင်းရဲစွာ မွေးဖွားပြီးလျှင် သွားလာနိုင်သောအခါ ခွက်ကလေးကို ကလေးလက်အပ်၍ မိခင် ထွက်ပြေး လေသည်။ ကလေးငယ်လည်း ထိုခွက်ကလေးဖြင့် တောင်းရမ်း စားသောက်၍ ၇ နှစ်အရွယ်သို့ ရောက်သောအခါ အရှင် သာရိပုတ္တရာနှင့် တွေ့သဖြင့် ရှင်ပြုပေးပြီးနောက် "လောသကတိဿ"

www.burmeseclassic.com

www.burmeseclassic.com



မည်သော ရဟန်းဖြစ်၍ တရားကို အားထုတ်စေရာ (ရှေးရဟန်းဘဝတုန်းက သီလရှိသော ပုဂ္ဂိုလ်ဖြစ်သည့်အတွက်) ရဟန္တာ ဖြစ်လေသတည်း။

ထိုသို့ ရဟန္တာဖြစ်သော်လည်း တစ်နေ့မျှ ဆွမ်းဝအောင် မဘုဉ်းပေးရရှာ။ ပရိနိဗ္ဗာန် စံမည့်နေ့၌ အရှင် သာရိပုတ္တရာ ခေါ်၍ ဆွမ်းခံအတူသွားရာ အရှင်သာရိပုတ္တရာပင် ဆွမ်းမရတော့ချေ။ ထို့နောက် ထိုရဟန်းကို ပြန်လွှတ်၍ တစ်ပါးတည်း ဆွမ်းခံမှ ဆွမ်းရလေသတဲ့။ အရှင်သာရိပုတ္တရာလည်း အိမ်တစ်အိမ်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် ထိုရဟန်းအတွက် အိမ်ကလူများကို ထို ရဟန်းအထံသို့ ဆွမ်းပို့လွှတ်လိုက်ရာ လွှတ်လိုက်သူများက သတိမေ့ပြီး လမ်းမှာ ချစားကြလေသည်။ ထို ရဟန်းထံသို့ ဆွမ်းမရောက်ကြောင်း အရှင်သာရိပုတ္တရာ ပြန်လာမှသိရလေလျှင် ကောသလမင်းထံ စတုမဓုကို အရှူခံ၍ (သပိတ်ကိုလွှတ်ပေးလျှင် သပိတ်ပါကွယ်မည်စိုးသောကြောင့်) သပိတ်ကို အရှင်သာရိပုတ္တရာ ကိုယ်တိုင်ကိုင်၍ ကျွေးမှ ထို စတုမဓုကို အဝဘုဉ်းပေး၍ ပရိနိဗ္ဗာန်စံလေသည်။

မှတ်ချက်။ ။ ဤဝတ္ထု၌ ကဿပဘုရားရှင် သာသနာတော်က ပြုခဲ့သော မကောင်းမှုကြောင့် သူတစ်ယောက်တွင် သာမက တစ်ရွာလုံး မကောင်းကျိုး ခံစားရပုံ၊ အရှင်သာရိပုတ္တရာသည်ပင် သူနှင့်တွဲ၍ ဆွမ်းခံဝင်ရာ ဆွမ်းမရပုံတို့မှာ တစ်ယောက်၏ မကောင်းမှုက အခြား သက်ဆိုင်သူများကိုလည်း ကံ အရှိန်ခတ်တတ်ကြောင်း ညွှန်ပြသည့် သက်သေသာဓကတို့ပေတည်း။ ထို့ကြောင့် မိမိ၏ သံသရာစခန်း၌ ဖြောင့်တန်းဖို့ အရေးကို မျှော်တွေးမိသူဟူသမျှသည် ယခုဘဝ၌ တွေ့ရှိသူ လူယုတ်မာများကို ဆွေမျိုးဉာတိပင် ဖြစ်နေ



သော်လည်း မကင်းကောင်း၍ မပစ်ပယ်နိုင်စေကာမူ ထိုကဲ့သို့ လူမျိုးကို စိတ်အားဖြင့် ဝေးနိုင်သမျှ ဝေးအောင် ရှောင်မှသာ ဘဝအဆက်ဆက်၌ ထိုသူနှင့် ကင်းပြတ်၍ လွတ်လပ်သော သူတော်စင်များ ဖြစ်နိုင်ကြပေလိမ့်မည်။

**ဒဏ်ခံရတတ်ပုံ**

အချို့ အကုသိုလ်ကံများသည် ကံပြုသူက အစောင့်အရှောက် အနေအထိုင်ကောင်းလျှင် ထိုသူကို တိုက်ရိုက်ထိခိုက်အောင် မတတ်နိုင်လျှင် ထိုသူနှင့် ဆက်သွယ်သော မိဘ၊ ဆရာ၊ သား၊ သမီး၊ ကျေးကျွန်နှင့် တပည့်၊ ဒကာ၊ ဒကာမများကို ထိခိုက်စေတတ်၏။ ထိုကဲ့သို့ တစ်စုံတစ်ယောက်ကို ထိခိုက်သွားလျှင် "ဒဏ်ခံသွားရှာသည်"ဟု ပြောစမှတ်ပြုကြ၏။ ထိုသို့ သက်ဆိုင်သူက ဒဏ်ခံသွားသောအခါ အကုသိုလ်ကံရှင်မှာလည်း စိတ်ဒုက္ခ ရောက်ရသောကြောင့် တစ်နည်းအားဖြင့် ကံပြုသူကိုလည်း ညှဉ်းဆဲပြီးပင် ဖြစ်လေသည်။ [လက်ာ၌ "ဇနမ"ဟူသည် ဖြစ်ပုံတည်း။ ပါပ + ဂြဟ=မကောင်းသောဂြိုဟ်၊ "ဂြိုဟ်စီးမကောင်း" ဟူလို။]

"အခံပုညာ၊ ရှိကြသူမှာ၊ ဓာတာမူလ၊ ဇနမ၌၊ ပါပဂြဟ၊ စီးနင်းကျလည်း၊ ကိုယ်မှတစ်ပါး၊ ခြွေရံများနှင့်၊ ကွဲနွားမျှသာ၊ ပျက်စီးရာ၏၊ ကိုယ်မှာချမ်းမြေ့၊ ဘေးမတွေ့ဘူး"

[မဃဒေဝလင်္ကာ]

**ကံချင်းတူလျက် မျက်နှာလိုက်**

လောက၌ အလွန်ဖြူစင်သော သူတော်ကောင်း တစ်မျိုး၊ သူယုတ်မာ တစ်မျိုးဟု ၂ မျိုးခွဲရာ၏။ ထိုသူ ၂ မျိုးသည် သာမန် အကုသိုလ်ကံ တစ်ခုကို ကိုယ်စီကိုယ်င ပြုမိကြသော်လည်း သူတော်ကောင်း၌ ထိုကံ အကျိုးပေးခွင့်မရ၊ များစွာသော ကောင်းမှုတို့က

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ကို ဖုံးလွှမ်းလိုက်ကြ၏။ ယုတ်မာသောသူ၌ကား ထိုသို့ ကာကွယ်ဖို့ရန် အားကိုးလောက်သော ကုသိုလ်ကံ မရှိရကား ထိုအနည်းငယ်သော အကုသိုလ်ကံသည်ပင် အထင်အရှား အကျိုးပေးနိုင်လေတော့သည်။ ဥပမာ တစ်ညဥ့်သည် သူဌေးသားသည် အိမ်တစ်အိမ်မှ ကြက်ကိုခိုး၏။ ဘိန်းစားလည်း ကြက်တစ်ကောင်ခိုး၏။ ကြက်ရှင်က သိ၍လိုက်ရှာသောအခါ ကြက်တစ်ကောင်ကို သူဌေးသားအထံ၌ တွေ့၏။ သူဌေးသားကို သူခိုးဟု မစွပ်စွဲဝံ့သည့်အပြင် ချော့ချော့မော့မော့နှင့် တောင်းယူရ၏။ ဘိန်းစားကိုကား ဂါတ်တိုင်၍ ထောင်ချသကဲ့သို့တည်း။

ဥပမာ တစ်နည်းသော်- ဆားတစ်ပိဿာကို ဧရာဝတီမြစ်ထဲ၌ ချသော် ရေ၏အရသာ မပျက်သကဲ့သို့ ကုသိုလ်ကံ များစွာရှိသူ၌ အကုသိုလ်ကလေးအတွက် မကောင်းကျိုးအရသာ မပေါ်နိုင်တော့ပြီ။ ထို ဆားတစ်ပိဿာကို သောက်ရေအိုး တစ်လုံးထဲ၌ ထည့်လျှင် သောက်ရေတွေ အကုန်ပျက်တော့၏။ ထို့အတူ အနည်းငယ် ကုသိုလ်ရှိသူ၏ အထိုက်အလျောက် အကုသိုလ်ဖြစ်လျှင် ထို ရှိရင်း ကုသိုလ်ကလေးများ၏ သတ္တိပင် ပျက်ပြားတတ်လေသည်။

ဤသို့လျှင် ကာမာဝစရ ကုသိုလ်ကံ အကုသိုလ်ကံသည် "မျက်နှာကြီးရာ တချို့ဟင်းဖတ်ပါ" တတ်ရကား များစွာသော ကုသိုလ်တွေကို အနည်းငယ်သော အကုသိုလ်က မနှောင့်ယှက်နိုင်ပါသော်လည်း အနည်းငယ်သော ကုသိုလ်ကို အနည်းငယ်သော အကုသိုလ်ကပင် နှောင့်ယှက်နိုင်သောကြောင့် သူတော်ကောင်းဘက်တွင် ပါဝင်လက်စရှိသူတို့သည် ကုသိုလ် အလွန်များအောင် ထူထောင်နိုင်ကြပါစေသား။



## သမ္ပတ္တိ ဝိပတ္တိ

ဆိုင်ရာအကြောင်းများ၏ ပြည့်စုံမှုကို "သမ္ပတ္တိ"ဟု ခေါ်၏။ ဆိုင်ရာအကြောင်းများ၏ ချွတ်ယွင်းမှုကို "ဝိပတ္တိ"ဟု ခေါ်၏။ သတ္တဝါတို့၏ သန္တာန်၌ ရှေးရှေးဘဝပေါင်းများစွာက ပြုခဲ့သော ကံတို့သည် အလွန်များပြားရကား အကျိုးပေးရန် အခွင့်မသင့်၍ အကျိုးမပေးရသေးသမျှ ခန္ဓာအစဉ်မှာ အမြဲပါရှိသောကြောင့် သမ္ပတ္တိ ဆိုက်နေသောအခါ ကုသိုလ်ကံ အကျိုးပေးခွင့် သာသလို ဝိပတ္တိ ဆိုက်ရာ၌လည်း အကုသိုလ်ကံ အကျိုးပေးခွင့် သာလေသည်။

**သမ္ပတ္တိ ၄ ပါး**

| | | |
|---|---|---|
| ၁။ | ဂတိသမ္ပတ္တိ | ရရှိသော ဘဝကောင်းခြင်း။ |
| ၂။ | ဥပဓိသမ္ပတ္တိ | ရုပ်အဆင်းလှပခြင်း။ |
| ၃။ | ကာလသမ္ပတ္တိ | အခါကာလ ကောင်းခြင်း။ |
| ၄။ | ပယောဂသမ္ပတ္တိ | ဉာဏ်ဝီရိယစသော ပယောဂ ရှိခြင်း။ |

**ဝိပတ္တိ ၄ ပါး**

| | | |
|---|---|---|
| ၁။ | ဂတိဝိပတ္တိ | ရရှိသော ဘဝ မကောင်းခြင်း။ |
| ၂။ | ဥပဓိဝိပတ္တိ | ရုပ်အဆင်းမလှခြင်း။ |
| ၃။ | ကာလဝိပတ္တိ | အခါကာလ မကောင်းခြင်း။ |
| ၄။ | ပယောဂဝိပတ္တိ | ဉာဏ်ဝီရိယစသော ပယောဂ မရှိခြင်း။ |

### ဂတိသမ္ပတ္တိ ဖြစ်ပုံ

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ကို "ဂတိသမ္ပတ္တိ"ဟု ခေါ်၏။ ထိုဂတိသမ္ပတ္တိ၌ ဖြစ်ရသောအခါ များစွာသော ကုသိုလ်ကံ

www.burmeseclassic.com

www.burmeseclassic.com



တို့သည် အကျိုးပေးခွင့် ရကြ၏။ လူ့ပြည်၌ ဒုက္ခရှိသေးသော်လည်း နတ်ပြည် ဗြဟ္မာ့ပြည်မှာ ဒုက္ခမရှိသလောက် နည်းပါး၏။ ကုသိုလ်ကံ အခွင့်ရ၍ အကျိုးပေးနေသောကြောင့် အစားအသောက်၊ အနေအထိုင်၊ အတွေ့အကြုံ၊ အာရုံတို့မှာလည်း အကောင်း အမွန်ချည်းသာ ဖြစ်ကြပေသည်။ ထိုကဲ့သို့ ဂတိသမ္ပတ္တိ ဆိုက်နေသူတို့၌ အကုသိုလ်ကံတွေ ပါရှိသော်လည်း ထိုအကုသိုလ်ကံများ အကျိုးပေးခွင့် များစွာမရကြ။ လူ့ဘုံမှာ "ဒုက္ခမကင်း"ဟု ဆိုရသော်လည်း အပါယ် ၄ ပါးနှင့် စာလျှင် များစွာ သက်သာပါသေး၏။ ကုသိုလ်ကံများက အထိုက်အလျောက် အကျိုးပေးခွင့် သာသောကြောင့် မကောင်းသော အာရုံများမှ တိမ်းနိုင်ရှောင်နိုင်၍ ကောင်းသော အာရုံများကို တွေ့ကြုံနိုင်ကြပေသည်။

**ဂတိဝိပတ္တိဖြစ်ပုံ**

အပါယ် ၄ ပါးကို "ဂတိဝိပတ္တိ"ဟု ခေါ်၏။ ထို ဂတိဝိပတ္တိ၌ ဖြစ်ရသောအခါ အကုသိုလ်ကံများ အခွင့်သာ၏။ ငရဲကျရောက်သူ ပြိတ္တာဖြစ်သူတို့၌ အမြဲ ဒုက္ခရောက်၊ အမြဲအနှိပ်စက်ခံ၊ အမြဲ ပူလောင်နေရသဖြင့် အကုသိုလ်ကံတွေ ဝိုင်း၍ အကျိုးပေးချင်တိုင်း ပေးဖို့ အခွင့်သာကြပုံမှာ ဆိုဖွယ်မရှိ။ အထိုက်အလျောက် သက်သာသေးရဲ့ဟု ဆိုရသော တိရစ္ဆာန်၌ပင် အစာငတ်ဖို့၊ ရေငတ်ဖို့၊ နေပူမိုးရွာ လွန်စွာဆင်းရဲဖို့၊ တုတ်ဓား စသည်ဖြင့် အရိုက်အနှက် အသတ်အဖြတ် ခံရဖို့၊ တစ်ကောင်နှင့်တစ်ကောင် နှိပ်စက်သတ်ဖြတ်စားသောက်မှု ထို ဒုက္ခစုကို ခံဖို့ရန် အကုသိုလ်ကံတွေ အကျိုးပေးခွင့်သာ၏။ အလွန်သေးငယ်သော ပိုးမွှားတိရစ္ဆာန်များ၌ကား သွားရင်းလာရင်း သူကနင်း ငါကနင်းနှင့် သေခြင်းဆိုးဖြင့် သေဖို့ရန် အကုသိုလ်ကံတွေ အလွန့်အလွန် အခွင့်သာကြပေသည်။ ထို



ဂတိဝိပတ္တိ ဆိုက်နေသောအခါ ရှေးရှေးဘဝက ကုသိုလ်ကံတွေ ပါရှိနေကြသော်လည်း ကယ်ဆယ်ဖို့ရန် အခွင့်မရတော့ချေ။

**ဥပဓိသမ္ပတ္တိဖြစ်ပုံ**

ဂတိသမ္ပတ္တိ ရောက်နေသော်လည်း (အထူးအားဖြင့် လူ့ဘုံမှာ) ရုပ်အဆင်းလှပခြင်း ဟူသော ဥပဓိသမ္ပတ္တိက အရေးကြီးနေပြန်၏။ ဥပဓိသမ္ပတ္တိ ဖြစ်လျှင် အမျိုးအဆွေ ပစ္စည်းဥစ္စာက အောက်ကျနေသော်လည်း ပစ္စည်းရှိသူ အမျိုးမြတ်သူတို့က ကြည်ဖြူကြ လေးမြတ်ကြသဖြင့် အထက်တန်းရောက်၍ ကုသိုလ်ကံများ အခွင့်သာကြပေသည်။ တစ်ယောက်၏ ကုသိုလ်က ဆက်သွယ်သူတို့အား အကျိုးအာနိသင် ပေးနိုင်ပုံ၌ ပြခဲ့သော သာမာဒေဝီမှာ ဥပဓိသမ္ပတ္တိကြောင့် ဘုရင်၏အဂ္ဂမဟေသီဝင်သူဖြစ်ရ၏။မကြာမီက မစ္စစ်ဆင်ပဆင်ကို ဒွေကာဘုရင်က ကြည်ဖြူရခြင်းမှာလည်း မစ္စစ်ဆင်ပဆင်၏ ဥပဓိသမ္ပတ္တိကြောင့်ပင် မဟုတ်လော။

လူ့ဘဝကို မဆိုထားဘိ ဂတိဝိပတ္တိ ဆိုက်နေရသော တိရစ္ဆာန်၌ပင် ရုပ်အဆင်းလှ၍ ဥပဓိသမ္ပတ္တိ ဖြစ်နေလျှင် (ခွေးလှ၊ နွားလှ၊ မြင်းလှ စသည်ဖြစ်နေလျှင်) လူ့ချမ်းသာတို့၏ လက်သပ်မွေးမြူခြင်းကို ခံရလျက် ကုသိုလ်ကံတွေ အကျိုးပေးခွင့်သာပြန်လေသည်။ ရုပ်အဆင်းလှမှုဟူသော ဥပဓိသမ္ပတ္တိကား ဤမျှလောက်ပင် အကျိုးများလှပေသည်။

**ဥပဓိဝိပတ္တိ**

ဂတိဝိပတ္တိ ဖြစ်နေသော တိရစ္ဆာန်တို့၌ ရုပ်အဆင်း မလှမှုဟူသော ဥပဓိဝိပတ္တိကြောင့် ကုသိုလ်ကံ အခွင့်မရသည်မှာ ဆိုဖွယ်ရာ မရှိပြီ။ ဂတိသမ္ပတ္တိ ဖြစ်သော လူ့ဘုံမှာပင် ဥပဓိဝိပတ္တိ ဖြစ်နေလျှင် ကုသိုလ်ကံ၏အကျိုးကို ရသင့်သလောက်မရဘဲ ရှိတတ်၏။ အမျိုးမြတ်

www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာရှင်ပင် ဖြစ်သော်လည်း အမျိုးတူ ဥစ္စာတူတို့က မကြည်ဖြူနိုင်ကြ။ အလောင်းတော် ကုသမင်းကို ပဘာဝတီက တော်တော်နှင့် မကြည်ဖြူနိုင်ခြင်းမှာလည်း ထင်ရှားသောသက်သေသာဓကကြီးပင်တည်း။ ထိုကဲ့သို့ ဥပဓိဝိပတ္တိ ဖြစ်နေသောအခါ အကုသိုလ်ကံတို့က မွမ်းနိုင်သမျှ အကျိုးပေးကြသောကြောင့် အလောင်းတော် ကုသမင်းမှာ အိုးတော် လုပ်ရ၊ ဖျာတော်ရက်ရ၊ ပွဲတော်ချက်ရနှင့် သွက်သွက်လည်အောင် ဒုက္ခခံလိုက်ရပါသေးသည်။ သမီး ခင်ပွန်း ၂ ယောက် ရုပ်အဆင်းချင်း ရှေ့သွားနောက်လိုက် မညီလျှင် ဥပဓိဝိပတ္တိ ဖြစ်နေသူကို အစေခံဟုပင် အထင်ခံရတတ်သေး၏။ ရုပ်အဆင်း မလှမှုဟူသော ဥပဓိ ဝိပတ္တိကား ဤမျှလောက်ပင် ဆိုးရွားလှချေသည်။

**ကာလသမ္ပတ္တိ**

မင်းကောင်း လူကောင်းတို့ အုပ်စိုးနေရာ အခါကို "ကာလသမ္ပတ္တိ" ဟု ခေါ်၏။ တိုင်းသူပြည်သားတို့ကို သာယာဝပြောအောင်၊ ပညာတတ်အောင်၊ ကျန်းမာအောင် အစရှိသဖြင့် စီမံတတ်သော မင်းကောင်းခေါင်းဆောင်ကောင်းတို့ လက်ထက်၌ ကုသိုလ်ကံများ အခွင့်သာ၏။ ထိုကုသိုလ်ကံ အခွင့်သာသဖြင့် ကောင်းသောအာရုံတို့ကို တွေ့ကြုံကြရ၏။ ပုပန်သောကကင်း၍ ဆွေမျိုးဉာတိ ရပ်ရွာကုန် အလုံးစုံတို့ပင် ချမ်းသာကြ၏။ တက်ကပ်အခါလည်း ကာလသမ္ပတ္တိပင်တည်း။ ထိုကဲ့သို့ ကာလသမ္ပတ္တိ ကြုံကြိုက်သော အခါ ပြတ်သတ်တော်နေအောင် အကျိုးပေးမည့် ကုသိုလ်ကံ ပါရှိသော်လည်း အခွင့်မရသဖြင့် အကျိုးမပေးနိုင်။

**ကာလဝိပတ္တိ**

မင်းဆိုးမင်းယုတ် ခေါင်းဆောင်အညံ့စားတို့ ရှေ့သွားဦးဆောင် လုပ်ကိုင်သျှက် စိုးအုပ်နေရာ အခါကို "ကာလဝိပတ္တိ"ဟုခေါ်၏။ တိုင်းပြည်



ပျက်သောအခါ၊ မိမိတို့ တိုင်းပြည်ဝယ် စစ်ဖြစ်နေကြသော အခါများ၌လည်း ကာလဝိပတ္တိပင်တည်း။ ထိုကဲ့သို့ ကာလဝိပတ္တိ ကြုံရသောအခါ၌ ရှေးကပါလာခဲ့သော အကုသိုလ်ကံတို့ အခွင့်သာကြသည်။ လူအများပင် ဆင်းရဲပြတ်သတ် ငတ်မွတ်ကြရ၏။ ကုသိုလ်ကံ ကြီးမားသူတို့ပင် ထိုကုသိုလ်ကံ အခွင့်မရဘဲ ရှိသမျှ အကုသိုလ်ကံတို့၏ ဒဏ်ကို ခံကြရသောကြောင့် ပြေးရလွှားရ၊ ပုန်းရလျှိုးရ၊ စားချင်တာ မစားရ၊ ချစ်သူနှင့် ကွဲရ၊ တချို့ မသေလောက်သော ရောဂါကလေးတွေအတွက် သင့်တော်သောဆေး၊ ကုသပေးမည့်ဆရာ မရသောကြောင့် သေရသည့်တိုင်အောင် ဒုက္ခရောက်ရလေသည်။

**ပယောဂသမ္ပတ္တိ**

သတိ၊ ဝီရိယ၊ ဉာဏ်ကို "ပယောဂ"ဟု ခေါ်၏။ ဉာဏ်ဆိုသော်လည်း အပြစ်ကင်းသော အရာ၌ပါသော ပညာချည်းမက၊ အကုသိုလ်ဆိုင်ရာတွင် ပါသော ဝဉ္စနာ ပညာနှင့် အကြံကောင်း ဝိတက်များကိုလည်း ဉာဏ်ဟုပင် ဆိုလိုသည်။ ထို့ကြောင့် အရာရာတို့၌ သတိရှိခြင်း၊ လုံ့လဝီရိယကောင်း၍ သွက်သွက်လက်လက် ထထကြွကြွ ရှိခြင်း၊ လိမ္မာခြင်း၊ ပါးနပ်ခြင်း၊ သိတတ်ခြင်း၊ မမေ့မလျော့ခြင်းများသည် ပယောဂသမ္ပတ္တိချည်းပင်တည်း။နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ ပယောဂသမ္ပတ္တိအတွက် မထင်ရှားသော်လည်း ဤလူ့ပြည်မှာ ပယောဂသမ္ပတ္တိ အကျိုးထင်ရှား၏။ ယခု လူတို့၌ အကျိုးမပေးရလျှင် မနေနိုင်လောက်အောင် ကြီးကျယ်သော အကုသိုလ်ကံပါသူ နည်းပါးလှ၏။ အတော်အတန် ထက်သန်သော ကံများကား ပယောဂသမ္ပတ္တိ ရှိမရှိလိုက်၍ အကျိုးပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ပယောဂသမ္ပတ္တိ ရှိနေပြန်လျှင်လည်း ထိုပယောဂသမ္ပတ္တိ၏ ထက်မထက် လိုက်၍ အကျိုးပေးကြရသည်။

အချုပ်ကား ယခုလူတို့ ကောင်းကျိုးရဖို့အရေး၌ ရှေးကံ တစ်ခုကိုသာ အားမကိုးသင့်။ ယခု ဘဝပြုအပ်သော ပယောဂကို လည်း အားကိုးရမည်။ ပယောဂသမ္ပတ္တိသည် ရှေးက ကုသိုလ်ကံကို အခွင့်သာအောင် ရေလာမြောင်းပေးပြုလုပ်ခြင်းနှင့်တူ၏။ ထို့ကြောင့် (ရုတ်တရက် ထီပေါက်ခြင်း၊ ရွှေအိုးတွေ့ခြင်းမျိုးမှတစ်ပါး) ကူးသန်း ရောင်းဝယ်ခြင်း စသည်တို့ကြောင့် ကောင်းကျိုးခံစားရရာ၌ တစ်ကျပ် သားလျှင် ရှေးကံ၏ သတ္တိမှာ တစ်မတ်သားလောက် ပါဝင်၍ ယခုဘဝ သတိ၊ ဝီရိယ၊ ဉာဏ်ဟူသော ပယောဂသမ္ပတ္တိက သုံးမတ်သားလောက် ပါရှိနိုင်ကြောင်းကို ကောင်းကောင်းကြီး နားလည်ကြပါကုန်။

**ပယောဂသမ္ပတ္တိဖြင့် အကုသိုလ်ကံများကို တားဆီးထားပုံ**

အကုသိုလ်ကံများကို အလွန်ကြီးမားသောကံ၊ သိပ်မကြီးမား သောကံဟု ၂ မျိုး ခွဲခြားပါ။ အကျိုးမပေးရလျှင် မနေနိုင်လောက် အောင် ကြီးမားသောကံကို ပယောဂသမ္ပတ္တိဖြင့် တားဆီး ပါသော်လည်း လွတ်ခွင့်ရမည်မဟုတ်။

သို့သော် သက်သာအောင် တတ်နိုင်ပါ၏။ အဇာတသတ် မင်းသည် ခမည်းတော်ကို သတ်ခြင်းဟူသော အလွန်ကြီးမားလှသည့် ပါဏာတိပါတ ကံကို ပြုမိ၏။ ထိုကံကြောင့် မုချ အဝီစိငရဲသို့ ကျတော့မည်သာ။ ပယောဂသမ္ပတ္တိက ဘယ်လောက်ပင် ကောင်း သော်လည်း လုံးဝလွတ်လပ်ခွင့် မရနိုင်။ သို့သော် ခမည်းတော် မရှိသောအခါကျမှ နောင်တရ၍ ဘုရားရှင်ကို အလွန်ကြည်ညိုသော ပယောဂသမ္ပတ္တိကြောင့် အဝီစိငရဲ၌ မကျဘဲ အဝီစိငရဲ၏ အခြံအရံ



ဖြစ်သော ဥဿဒငရဲ၌ ကျသဖြင့် သက်သာခွင့်ရလေသည်။ ဤစကား ဖြင့် အလွန်ကြီးမားသော အကုသိုလ်ကံများကိုပင် ပယောဂသမ္ပတ္တိ က သက်သာအောင် တတ်နိုင်သေးသည်ဟု မှတ်ပါ။

ထို့မှလောက် မကြီးမားသော အကုသိုလ်ကံများကိုကား လုံးဝအကျိုးမပေးအောင် တားဆီးနိုင်သည်။ မိဘကို ဆဲရေးခြင်း၊ ဆရာသမားကို အပြစ်ပြောခြင်း၊ လူကြီးများကို ဆဲရေးခြင်း၊ ဂုဏ်ရှိသူ သီလသမာဓိကြီးမားသူတို့ကို ကဲ့ရဲ့ခြင်း ပြစ်မှားခြင်းတို့သည် အတော်အတန် ကြီးမားသော အကုသိုလ်ကံများပင် ဖြစ်လေသည်။ သို့သော် အပြစ်ကိုကြောက်၍ (သတိရ၍) ပြစ်မှားခံရသူရှိသေးလျှင် ထိုသူ့အထံသွား၍ ဖြစ်စေ၊ ထိုသူမရှိလျှင် ထိုသူ၏သင်္ချိုင်းသို့ သွား၍ဖြစ်စေ၊ ထိုကဲ့သို့ မသွားနိုင်ပါလျှင် မာန်မာနကို လျှော့၍ တကယ်စေတနာဖြင့် အဝေးမှဖြစ်စေ တောင်းပန်ဝန်ချလျှင် (ထို ဝန်ချမှု ပယောဂသမ္ပတ္တိကြောင့်) ထိုအကုသိုလ်ကံများ အကျိုးမပေး နိုင်တော့ချေ။

ထို့အတူပင် အခြားသော အကုသိုလ်ကံကလေးများစွာလည်း ကုသိုလ်ကံအားကြီးလျှင် ပပျောက်ကြရသည်။ (ကံချင်းတူပါလျက် ပုဂ္ဂိုလ်မျက်နှာ လိုက်ပုံအခန်း၌ ပြခဲ့သော ကြက်ခိုး ဥပမာ၊ ဆား ဥပမာများကို သတိပြုပါလေ။)ဘုရား ပညတ်တော်ကို ကျူးလွန်၍ အာပတ်သင့်သော ရဟန်းမှာလည်း ဘုရားရှင် အမိန့်တော်အတိုင်း ကုစားလျှင် အချို့အာပတ်၏မကောင်းကျိုးများ ပြေပျောက်၏။ ဤသို့စသည်ဖြင့် အတော်အတန် ကြီးမားသော အကုသိုလ်များပင် ပယောဂသမ္ပတ္တိဖြင့် တားဆီးက အကျိုးမပေးတော့ဘဲ ပြေပျောက်ကြ ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပယောဂသမ္ပတ္တိကြောင့် စီးပွားရေး တန်းမြင့်ပုံ

"မိစ္ဆာဒိဋ္ဌိ လူမျိုးတွေ" ဟုခေါ်ရသော နိုင်ငံခြားသားတို့ သန္တာန်၌ ရှေးရှေးက ပြုခဲ့သော ကုသိုလ်ကံများ ကောန်ပါရှိ၏။ သူတို့၏ သတိ၊ ဝီရိယ၊ အလိမ္မာဉာဏ် ထက်သန်ပုံမှာလည်း ချီးမွမ်းစရာပင်တည်း။ တစ်ယောက်၏ ကျန်းမာရေးကလေးကို မဆိုထားဘိ၊ တစ်ပြည်နှင့်တစ်ပြည် လာမည့်ဘေးတွေးကာ စစ်မက် အင်္ဂါတွေကို ဉာဏ်အမျိုးမျိုးဖြင့် စိတ်ကူးကြ၊ ဝီရိယသန်သန်ဖြင့် မှန်မှန်ကြီး လုပ်ကိုင်နေကြ၏။ ထိုအလုပ်များကို (ဗုဒ္ဓဘာသာဝင် ဆိုသူတို့က အကုသိုလ်ဖြစ်သည်ဟု နှာခေါင်းရှုံ့ကြသော်လည်း) လောကီ၌ကြီးပွားကြောင်း၊ကျက်သရေမင်္ဂလာတိုးကြောင်းလမ်းကောင်း မဟုတ်ဟုကား မည်သည့် ဗုဒ္ဓဘာသာဝင်မျှ မငြင်းပယ်နိုင်ကြပေ။

ဤ မြန်မာနိုင်ငံ လာ၍ စီးပွားရှာကြသော လူမျိုးခြားတို့ လည်း အလွန်သတိကောင်းကြ၏။ လုံ့လဝီရိယမှာ ပြောစရာမရှိ။ လိမ္မာပါးနပ်မှုကား မတုနိုင်အောင်ပင်။ စီးပွားရှာ၍ ကောင်းမည့် အရပ်ဒေသကို (ပဋိရူပဒေသကို) ရွေးချယ်တတ်ခြင်းမှာလည်း ထိုသူတို့ အသိဉာဏ်ပင်တည်း။ ထိုမျှလောက် ပယောဂသတ္တိ ရှိနေရကား သူတို့သန္တာန်၌ ရှေးရှေးဘဝက ပါလာသော ကုသိုလ် ကံတွေသည် အကျိုးပေးဖို့ ကောန် အခွင့်ကြုံသောကြောင့် ကောင်းကျိုး ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံကြပေသည်။ ဗုဒ္ဓဘာသာဝင်ဆိုသူ မွန် မြန်မာ တို့တွင်လည်း သတိ၊ ဝီရိယနှင့် အသိအလိမ္မာ၊ ပညာ အဆင်အခြင်နှင့် အမြော်အမြင် ဟူသော ပယောဂသမ္ပတ္တိ ရှိသူတို့မှာ ကြီးပွားကြသည်သာ။



## ပယောဂသမ္ပတ္တိကြောင့် ကျန်းမာပုံ

ယခုလူတို့၌ ကျန်းမာဖို့ရာ ကုသိုလ်ကံနှင့် မကျန်းမာဖို့ရာ အကုသိုလ်ကံများလည်း ထိုက်တန်သလို ပါရှိနေကြ၏။ အသွား အလာ၊ အစားအသောက်၊ အနေအထိုင်မှစ၍ အရာရာဝယ် မသင့် မတော်သည်ကို သတိထား၍ ရှောင်ရှားခြင်း၊ မှန်မှန်အိပ်၊ မှန်မှန်စား၊ မှန်မှန်ရေချိုး၊ မှန်မှန်လမ်းလျှောက် စသည်ဖြင့် အချိန်မှန်မှန် ပြုဖို့ရန် မပျင်းမရိ လုံ့လရှိခြင်း၊ ဘယ်ဥတုမှာ ဘယ်အစာစားသင့်၏။ ဘယ်အချိန် ရေချိုးသင့်၏။ ဘယ်ဆေးကို စားသင့်၏။ တစ်နေ့ တစ်နေ့လျှင် အနည်းဆုံး ၆ နာရီအိပ်သင့်၏။ ကျန်းမာရေးကို မည်သို့ လေ့လာသင့်၏။ ဤသို့ စသည်ဖြင့် တတ်သိ နားလည်မှု သည် ကျန်းမာဖို့ရန် လမ်းမှန်သော ပယောဂသမ္ပတ္တိများတည်း။ ဤ ပယောဂသမ္ပတ္တိ ရှိသူတို့၌ ကျန်းမာဖို့ရန် ပါလာသောကံလည်း အခွင့်သာလေသည်။

ဤသို့ စသည်ဖြင့် ပယောဂသမ္ပတ္တိသည် ကုသိုလ်ကံ အကျိုး ပေးဖို့ရန် အချုပ်အခြာ ဖြစ်ပေရကား ပယောဂသမ္ပတ္တိ ရှိသူသည် ပညာလည်း တတ်နိုင်၏။ အိမ်ထောင်ဖက်ကောင်းလည်း ရနိုင်၏။ မိတ်ကောင်းဆွေကောင်းလည်း ရနိုင်၏။ ဆရာကောင်းလည်း တွေ့ နိုင်၏။ ပညာဉစ္စာ ရာထူးဂုဏ်သိန် စည်းစိမ်များလည်း တိုးတက် နိုင်၏။ နောက်နောင်ဘဝတို့၌ နိဗ္ဗာန်ရသည့်တိုင်အောင် တန်းမြင့် ဖို့ရန် ယခုဘဝကပင် အခြေခံပါရမီများကိုလည်း ရနိုင်၏။ ထို ပယောဂသမ္ပတ္တိတွင် အရာရာ၌ တတ်သိနားလည်မှုဉာဏ်သည် ပထမအရေးကြီး၏။ ထို့နောက် အရာရာ၌ သတိထားဖို့ အရေးကြီး၏။ ထို့နောက် ပေါ်ပေါက်လာသော ကိစ္စ၌ မပျင်းမရိ လုံ့လရှိဖို့ အရေးကြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပယောဂဝိပတ္တိ

ဉာဏ်ပညာကင်း၍ ဖျင်းအ ထိုင်းမှိုင်းမှု၊ သတိကင်းပေါ့ မေ့လျော့မှု၊ ဝီရိယကင်း၍ ပျင်းရိမှုများသည် ပယောဂဝိပတ္တိ ချည်းတည်း။ ထို့ပြင် တစ်ယောက်အပေါ် တစ်ယောက် ဣဿာမစ္ဆရိယ အားကြီးမှု၊ အရာရာ၌ စိတ်တိုလျက် ဒေါသကြီးမှု၊ မာန်မာနကြီးမှုများလည်း ကြီးပွားရေး စီးပွားရေးကို နှောင့်ယှက်တတ်သဖြင့် ပယောဂဝိပတ္တိများပင် ဖြစ်သည်။ ယခု လူတို့ သန္တာန်၌ အကျိုးပေးခွင့် မရလျှင် မနေနိုင်လောက်အောင် ကြီးမားသော အကုသိုလ်ကံများသည် အကျိုးပေးခဲ့ပြီးဖြစ်သည်။ ထိုအကုသိုလ်ကံကြီးများ လူတိုင်း ရှိတော့မည်မဟုတ်။ သို့သော် ပယောဂဝိပတ္တိ ဖြစ်နေလျှင် မကောင်းကျိုးပေးမည့် အကုသိုလ်ကလေးများကား ကိုယ်စီကိုယ်င ပါရှိကြသည်။

ဥပမာ– အမျိုးကောင်း သားသမီးများပီပီ ပညာတတ်အောင် သင်ခြင်း၊ ဥစ္စာကို တရားနည်းလမ်းအတိုင်း ရအောင် ရှာဖွေခြင်း၊ ကံ ၅ ပါးကို မကျူးလွန်ခြင်း စသည်ဖြင့် အပြစ်ကင်းအောင် နေသူတို့၌ အကုသိုလ်ကံ ပါရှိသော်လည်း ထို အကုသိုလ်ကံက အကျိုးပေးခွင့် မရတော့ချေ။ ငယ်ရွယ်စဉ်က ပညာကိုလည်း မသင်၊ ဥစ္စာရှာချိန်၌လည်း မတရားရှာဖွေ၏။ သို့မဟုတ် လုံးလုံးမရှာဘဲ နေ၏။ ကံ ၅ ပါးကိုလည်း အခါအခွင့် သင့်သလို ကျူးလွန်၏။ ထိုသူ၌ ပယောဂဝိပတ္တိ ဆိုက်နေရကား တစ်နေ့နေ့မှာ အကုသိုလ်ကံများ ကေန်မုချ အကျိုးပေးခွင့် ရကြပေတော့မည်။

အချုပ်ကား– အလွန်ကြီးကျယ်သော ကုသိုလ်–အကုသိုလ်ကံများမှတစ်ပါး များစွာသော ကုသိုလ်–အကုသိုလ်ကံတို့၏ အကျိုးပေးခွင့် ရမှု–မရမှုမှာ ပယောဂအပေါ်၌ အခြေစိုက်လျက် ရှိရကား ပယောဂသမ္ပတ္တိ အမြဲရှိသူများ၌ (ကံဇာတာ နိမ့်ခိုက်ပင်



ဖြစ်စေကာမူ) အကုသိုလ်ကံ အခွင့်မရ၍ ကုသိုလ်ကံတွေသာ အခွင့်ရကြပေသည်။ ပယောဂဝိပတ္တိရှိနေသူ၌ကား (ကံဇာတာ မြင့်နေတုန်း၌ "ခွေးရူးကောင်းစား တစ်မွန်းတည့်" ဆိုသလို ကောင်းစားနေစေကာမူ) တစ်နေ့နေ့မှာ အကုသိုလ်အခွင့်သာ၍ ချူနွာပါတေးဘဝသို့ နိမ့်ကျရမည်သာတည်း။ ဤအရာဝယ် ပယောဂဝိပတ္တိ ဖြစ်သည့်အတွက် အကုသိုလ်ကံ အခွင့်ရ၍ ပျက်စီးသူတွေကို မိမိတို့ရပ်ရွာ အနီးအပါးမှာပင် ပုံပြင်ဝတ္ထုပမာ တွေ့နိုင်ပါသည်။

## ပြုပြင်၍ ရ မရ

ပြခဲ့သောဝိပတ္တိများ ဆိုက်ရောက်နေသူတို့မှာ ပြုပြင်၍ရနိုင်သော အချက်လည်း ရှိ၊ မရနိုင်သော အချက်လည်း ရှိသည်။ ရပြီးသော ဂတိဘဝကို ပြုပြင်၍ မရတော့ပြီ။ သို့သော် မိမိဖွားမြင်ရာ ဒေသက အောက်ကျနောက်ကျဖြစ်၍ ညံ့ဖျင်းလှသဖြင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ကောင်းသဖြင့် ပဋိရူပဒေသ ဒေသကောင်းသို့ ရွှေ့ပြောင်းသောအားဖြင့် ပြုပြင်နိုင်သေး၏။ နိုင်ငံခြားသားတို့ မြန်မာပြည်လာ၍ စီးပွားရှာပုံ၊ ရှေးခေတ် အထက် အညာသားများ အောက်ပြည် သို့ဆင်း၍ စီးပွားရှာပုံ၊ ပညာကောင်းသော ကျောင်းသို့ သွား၍ ပညာသင်ပုံမျိုးတည်း။ ထိုသို့ ပြောင်းရွှေ့သင့်သော်လည်း မိမိမှာ လုစွမ်းလုစ အရည်အချင်း ရှိမှသာ သင့်လျော်၏။ အရည်အချင်း ရှိသူများအတွက် "တစ်ရွာမပြောင်း သူကောင်းမဖြစ်"ဟု ဆိုကြသည်။ အရည်အချင်း မရှိသူတို့ တစ်ရွာပြောင်းလျှင်ကား "တစ်ရွာပြောင်း ကာမှ သူကောင်း ကျွန်စော်နံရသည်"ဟု လည်းကောင်း၊ "ထိုင်ခံ လျှင် အကောင်းသား ထ,သွားမှ ကျိုးမှန်းသိ"ဟု လည်းကောင်း ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်အဆင်း ဥပမိလည်း များများကြီး ပြုပြင်၍ မရတော့ပြီ။ သို့သော် "လူ့အဝတ်၊ တောင်းအကွပ်"ဟု ပြောစမှတ် ပြုသည့်အတိုင်း ဝတ်စားဆင်ယင် ပြုပြင်တတ်လျှင်ကား နဂိုဥပမိည့်သော်လည်း ကြည့်သာပါသေး၏။ တောသူတောသားနှင့် မြို့သူမြို့သားတို့ ကွာခြားပုံကို သတိပြုပါ။ ထို့ပြင် ဖွားမြင်ခါစ လသားအရွယ် သူငယ်များ၏ လက်ခြေအင်္ဂါတို့ အချိုးကျအောင် ဥပမိကို ပြင်နိုင်သေး၏။ ယခုခေတ်ကာလ၌ မိခင်တို့က ပြုပြင်၍ မပေးကြသောကြောင့် တစ်ဖက်သတ် အိပ်လေ့ရှိသော ကလေးတို့၌ ဦးခေါင်း မတည့်ဘဲ စောင်းရွဲ့နေတတ်ကြ၏။ မွေးဖွားပြီး ကလေးခါးကုန်းလျှင် ကျောအောက်၌ ပျဥ်ပြားခံပေးကာ ပြုပြင်နိုင်ပါလျက်နှင့် ပြုပြင် မပေးကြ။ အထက်ပိုင်းလေး၍ ခြေသလုံး ပေါင်ရိုးတို့ မတောင့်တင်းသေးမီ "ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့" ဟု အရပ်သင်ပေးကြသဖြင့် ကလေးများ ခြေခွင်နေတတ်ကြသည်။

လက် ၂ဖက်ဖြင့် ချိုင်းအောက်ကို ပွေ့ယူ မြှောက်ချီကြသောကြောင့် ရင်ဘတ်သေးလျက် ပခုံး ၂ဖက်လည်း သေးနေတတ်၏။ ပက်လက်ယူ၍ ချီသောအခါ တင်ပါးအထက် ခါးပေါ်မှ ကိုင်ယူ၍ ချီယူကြသောကြောင့် တင်ပါးကော့၍ နေတတ်၏။ နုနယ်သော လက်ခြေ အင်္ဂါ နှာခေါင်းများကို နဂိုက မလှသော်လည်း ပြုပြင်ပေးလျှင် အထိုက်အလျောက် ဖြောင့်စင်းလှပနိုင်လျက် ပြုပြင်၍ မပေးကြ။ သင့်မြတ်သော အစာနို့ရည်များကို တိုက်ကျွေးဖို့ရန် နားမလည်၍ ရောဂါထူပြောလျက် ကလေးများ ရုပ်အဆင်း ပျက်ကြရ၏။ ဤအချက်များသည် မိဘဆွေမျိုးတို့၏ ပယောဂသမ္ပတ္တိ မရှိမှုကြောင့် ကလေး၌ အကုသိုလ်ကံ အကျိုးပေးခွင့်သာခြင်း ဖြစ်ရကား ထိုကဲ့သို့ မဖြစ်ရအောင် မိဘလုပ်သူများက (နားလည်မှု



ဉာဏ်၊ မပျင်းမရိမှု) ပယောဂသမ္ပတ္တိဖြင့် ပြုပြင်၍ ပေးထိုက် လှပေသည်။

ကာလသမ္ပတ္တိဖြစ်အောင်ကား "ခေါင်းဆောင်၊ မင်း" စသူတို့ ပြုပြင်မှ ဖြစ်နိုင်သောကြောင့် မိမိတစ်ယောက်တည်း ပြုပြင်လို့ မရနိုင်။ သို့သော် အင်မတန်ဆိုးမွား၍ တစ်ကမ္ဘာလုံး ပျက်ပြားနေသောအခါမဟုတ်လျှင် မင်းကောင်း၊ ခေါင်းဆောင်ကောင်းတို့ရှိရာ အရပ်ကို ရွှေ့ပြောင်းနိုင်၏။ ရပ်ရွာလူကြီး၊ ဆရာသမား၊ ဘုန်းတော်ကြီးတို့ကမူ မိမိတို့ ရပ်ရွာနယ်ပယ်၌ အထိုက်အလျောက် ကာလသမ္ပတ္တိ ဖြစ်အောင် ပြုပြင်နိုင်ကြပါသည်။ ဤစကားစဉ်အရ ဂတိ၊ ဥပမိ၊ ကာလတို့ကို အကုန်မပြင်နိုင်သော်လည်း တတ်သိနားလည်လျှင် အထိုက်အလျောက် ပြုပြင်နိုင်သည်ဟု သိသာပြီ။

ပယောဂကိုကား ပြုပြင်လို့ ရလွယ်၏။ သတိ မေ့တတ်လျှင် ကြိုးစား၍ သတိထားက သတိကောင်းသူ ဖြစ်နိုင်ပါသည်။ နဂိုက ဝီရိယ ညံ့ဖျင်းလျှင် "ငါမပျင်းဘူး"ဟု ပြုပြင်က ဝီရိယကောင်းသူ ဖြစ်နိုင်၏။ ဒေါသကြီးလျှင် ဒေါသမဖြစ်အောင် စိတ်ပါလက်ပါ စောင့်စည်းသွားပါက အလွန်အေးမြသူ ဖြစ်နိုင်၏။ မာနကြီးလျှင် မာနကို ပြုပြင်နိုင်၏။ အသိလိမ္မာ ဉာဏ်ပညာ မရှိလျှင် တတ်သိနားလည်သူတို့၏ စကားကို နားထောင်၍ ယခု ပြုပြင်လျှင် ယခု အလိမ္မာတွေ တိုးလာ၏။ (စာကျက်၍ မရသဖြင့် သတိမကောင်းသူဟု ဆိုကြသော်လည်း၊ ယခုကာလ ဉာဏ်မကောင်းသူဟု ဆိုကြသော်လည်း) အလိမ္မာနည်းမှာ အရမကျက်ဘဲ ဖြစ်နိုင်ပါသည်။ဤ အလိမ္မာကို ပြုပြင်လေ့ရှိသူသည် ယခုဘဝသာ လိမ္မာမည်မဟုတ်။ နောင် သံသရာလည်း အလိမ္မာဓာတ် လိုက်ပါလျက် တစ်သံသရာလုံး အလိမ္မာတုံး ဖြစ်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မကောင်းလည်း ကံ၊ ကောင်းလည်း ကံဟု ကံကိုချည်းသာ၊ မကိုးရာဘူး

ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ မဟာမေဒင်ဘာသာဟု ဘာသာကြီး ၄ မျိုးရှိ၏။ ခရစ်ယာန်ဘာသာ မဟာမေဒင်ဘာသာတို့၌ သတ္တဝါတို့၏ ကောင်းကျိုး ဆိုးကျိုးများကို ထာဝရဘုရား စသူတို့က ဖန်ဆင်းပေးသည်ဟု ဖန်ဆင်းပေးသူကို စွဲလမ်းကြ၏။ ဗုဒ္ဓဘာသာ ဟိန္ဒူဘာသာဝင်တို့က "ကောင်းကျိုး ဆိုးကျိုးကို ရှေးက ပြုခဲ့သော ကံက စီမံ၏"ဟု ရှေးကံကို စွဲလမ်း၏။ ဖန်ဆင်းသူကို စွဲလမ်းမှု၏ မှားပုံမှာ ဤကျမ်းရှုသူတို့ ရိပ်မိလောက်ပြီဖြစ်၍ မရေးတော့ပြီ။ အရာရာ ကံကိုချည်း စွဲလမ်းသူများလည်း "ပုဗ္ဗေကတဟေတုဒိဋ္ဌိ"ခေါ် မိစ္ဆာဒိဋ္ဌိတစ်မျိုးမှ မလွတ်ကင်းဘဲ ရှိကြလေသည်။ ထိုဒိဋ္ဌိ၏ ယူမှားပုံကား "ယခု မျက်မြင် သတ္တဝါတွေသည် ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော အကြင်အကျိုးကို ခံစားရ၏။ ထို အကျိုးအားလုံးသည် ရှေးကပြုခဲ့သော ကံကြောင့်ချည်းသာ ဖြစ်၏" ဤသို့ စသည်ဖြင့် ယူလေသည်။

မိစ္ဆာအယူကို စဉ်းစားလျှင် "မကောင်းလည်းကံ၊ ကောင်းလည်းကံ"ဟု ကံတစ်ခုကိုသာ စွဲလမ်းကြသော ဗုဒ္ဓဘာသာဝင်တို့ကလည်း ထို ပုဗ္ဗေကတဟေတုဒိဋ္ဌိမှ မလွတ်သည်ကို တွေ့ရပေသည်။ ထို့ကြောင့် ပြခဲ့ပြီးသော သမ္ပတ္တိ ၄ ပါး၊ ဝိပတ္တိ ၄ ပါးတို့ကို စဉ်းစားပြီးလျှင် ငါတို့ သန္တာန်၌ အကျိုးမပေးရသေးသော ကုသိုလ်ကံ အကုသိုလ်ကံများ အစဉ်တစိုက် လိုက်ပါနေသည်ကား မှန်၏။ သို့သော် ထိုကံတွင် အကုသိုလ်ကံတို့သည် ဝိပတ္တိအမျိုးမျိုး ဆိုက်နေရာ အခါမှသာ အကျိုးပေးခွင့်ရကြ၏။ ကုသိုလ်ကံတို့လည်း



သမ္ပတ္တိ အမျိုးမျိုးရှိမှသာ အကျိုးပေးခွင့် သာကြပေသည်ဟု ယုံကြည်ကြပါကုန်။

ဆက်ဦးအံ့– အကုသိုလ်ကံ အကျိုးပေးဖို့ရာ (ကံဇာတာ ညံ့ခိုက်) ကြုံသော်လည်း သတိ၊ ဝီရိယ၊ ဉာဏ်ဟူသော ပယောဂသမ္ပတ္တိ ရှိသူမှာ အကုသိုလ်များ မကောင်းကျိုး မပေးဘဲ ရှောင်လွှဲရမည်သာတည်း။ အကယ်၍ ယခုဘဝ၌ သူတော်ကောင်းတရားပါရမီများကို ကြိုးကြိုးစားစား ထူထောင်လိုက်ပါလျှင် နောက်နောင်သံသရာဝယ် ကောင်းမြတ်သော ဂတိကို ကောန်ရမည်သာတည်း။ ထိုသို့ ဂတိသမ္ပတ္တိ စသည်နှင့် အဆင့်ဆင့် ကြုံနေပါမူ ရှေးရှေးက ပြုခဲ့သော အကုသိုလ်ကံတို့သည် နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်ပင် အကျိုးပေးခွင့် မရနိုင်။ ထို့ကြောင့် မိမိမမြင်နိုင်သော ရှေးကံကို တွေးကြံကြောက်မနေဘဲ ယခုဘဝ၌လည်း စီးပွားရေး တန်းမြင့်၍ နောင်သံသရာ၌လည်း အဆင့်ဆင့် မြင့်မြက်လေအောင် ယခုလက်ငင်း ပြုပြင်၍ ရကောင်းသော ပယောဂသမ္ပတ္တိကိုသာ ထူးထူးခြားခြား ကြိုးစား၍ ပြုပြင်ကြပါကုန်။

**တူသောအကျိုးပေးတတ်ပုံ**

ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ကံဖြစ်စေ တူသော အကျိုးပေးတတ်၏။ သူတစ်ပါးကို သတ်သော ပါဏာတိပါတ ကံကြောင့် ဖြစ်ရာဘဝ၌ အသတ်ခံရတတ်၏။ ရောဂါများတတ်၏။ ဤသို့ စသည်ဖြင့် ရတနာ့ဂုဏ်ရည် '၅ ပါးသီလနှင့် ကံ–ကံ၏ အကျိုးအဖွင့်'၌ ပြခဲ့၏။

**ဒါန၏ တူသောအကျိုး**

စွန့်ကြဲပေးကမ်း လှူဒါန်းသောအခါအလှူခံကို စေ့စေချင်၊ ကောင်းကောင်းမွန်မွန် နေစေချင်သော စေတနာသည် ဒါနတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုဒါနကြောင့် ဖြစ်လေရာဘဝ၌ စားရ ဝတ်ရ၊ ကောင်းကောင်းမွန်မွန် နေရ ထိုင်ရ လောက်အောင် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော နေရှင်များ ဖြစ်လာရပေသည်။ သို့သော် လှူဒါန်းပေးကမ်းသည့် အခါတုန်းက အပရစေတနာ ချို့တဲ့လျှင် (လှူပြီးနောက် နှမြောသလိုဖြစ်ကာ စိတ်မချမ်းသာလျှင်) ထိုဒါနကြောင့် ရှိသော စည်းစိမ်ကို ခံစားလို စိတ် မရှိဘဲ နေရှင်ဖြစ်ပါလျက် လူဆင်းရဲများကဲ့သို့ နံ့နံ့ချာချာနှင့် နေရတတ်လေသည်။

**သူဌေးတစ်ဦးဖြစ်တွေ**

ငါတို့ ဘုရားမပွင့်မီ သာသနာပ ကာလ၌ သူကြွယ်တစ်ယောက်သည် အိမ်ပေါက်ဝ၌ ဆွမ်းရပ်တော်မူလာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား "ဆွမ်းလောင်းကြပါ" ဟု ပြောဆို၍ ကိစ္စတစ်ခု အတွက် နေရာမှထသွားပြီးနောက် "ဆွမ်းလောင်းနိုင်းမိတာ မှားပေါ့၊ ထိုထမင်းများကို အခိုင်းအစေများ စားတာကပင် ကောင်းသေးရဲ့"ဟု တွေးကာ နှလုံးမသာမယာနှင့် အပရစေတနာ ချို့မိလေသည်။

**အကျိုးပေးပုံ**

ထိုဆွမ်းကို လှူခိုင်းခဲ့သော ကုသိုလ်ကြောင့် ငါတို့ ဘုရားရှင် လက်ထက်တော်၌ သူဌေးဖြစ်လာ၏။ သို့ရာတွင် အပရစေတနာ ချို့တဲ့မှုကြောင့် သူဌေးနှင့် တူအောင် နေချင်စိတ်မရှိ ပိုက်ဆန်လျှော် ချည်ဖြင့် ရက်သော အဝတ်ကြမ်းကို ၃ စပ်လောက် ဆက်စပ်ပြီး ဝတ်လေ့ရှိ၏။ ဆန်ကွဲထမင်း ပုံးရည်ဟင်းကို စားသောက်လေ့ ရှိ၏။ ဤသို့ အနံ့အမွဲ လူဆင်းရဲ အနေမျိုးနေကာ မကြာခင် အသက်ဆုံး၍ စည်းစိမ်အားလုံး မင်းဘဏ္ဍာဖြစ်ရလေသည်။

**ဝတ္ထုမှတ်ချက်**

ဤဝတ္ထုကို လေးနက်စွာ စဉ်းစားသင့်၏။ ယခုအခါ မိမိနှင့်



ထိုက်တန်သော အဝတ်အစားကို ဝတ်ချင် စားချင်စိတ် မရှိသူ၊ မိမိနှင့်တန်အောင် နေထိုင်ချင်စိတ် မရှိသူများကို တွေ့မြင်ကြရ၏။ ထိုသူများသည် တရားသဘော သက်ဝင်ကာ ဝတ်မည့်စားမည့် အတွက် လှူမည် ပေးကမ်းမည်ဆိုလျှင် သူတော်ကောင်းသဘော ဖြစ်၍ အပြစ်မတင်သာချေ။ ထိုစိတ်မျိုး မဟုတ်ဘဲ နှမြော ကုတ်ကတ်သည့်အတွက် မစားရက် မဝတ်ရက်လျှင် သူဌေးကြီး ဝင်္ဂပါသကဲ့သို့ ဝင်္ဂပါသူဟု ဆိုရပေလိမ့်မည်။

**အကောင်းဆုံး**

အရပ်ရပ်ကို ကောက်ချက်ချလိုက်လျှင် ထိုက်တန်အောင် ဝတ်လို့ စားလို့၊ မိမိ၏ ကလေးများအတွက်လည်း အမွေအနှစ် ထားလို့၊ ထိုက်တန်အောင်လည်း စွန့်ကြဲပေးကမ်းလို့ နေထိုင်ကြမှသာ ပစ္စည်းဥစ္စာနှင့် ဆိုင်ရာဝယ် လောကသံသရာ ၂ ဖြာလုံး အကျိုးရှိအောင် နေတတ်သူဟု ဆိုရပေမည်။ ထို့ကြောင့် ဒီပဲယင်း ဆရာတော်ဘုရားကြီးသည် "စားလည်းစားကြပါ၊ မသေခင် စားဖို့နဲ့ အမွေအနှစ် ပေးဖို့လည်း နောင် သံသရာအတွက် ကုသိုလ်ပဒေသာ ပင်ကိုလည်း စိုက်ပျိုးကြပါ"ဟူသော တိုက်တွန်းချက်ဖြင့် အောက်ပါ လင်္ကာကို မိန့်ဆိုတော်မူသည်။

"စားသမျှ မစင်၊ ထားသမျှ မသေခင်၊
ပြုသမျှ ကုသိုလ်အပင်၊ ယခုကာလ ဘဝကောင်းတွင်၊
စားလည်းစား၊ ထားလည်းထား၊
ပြုလည်းပြုကြမှ တော်မည်ထင်။"

**သီလ၏တုသောအကျိုး**

အမှန်စောင့်ထိန်းရမည့် ဥပုသ် သီလနှင့် ငါးပါးသီလသည် စောင့်ထိန်းသောအခါ သတ္တဝါတို့ကိုလည်း ချမ်းသာစေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လည်း အလုပ်ဗျာပါရကင်း၍ ငြိမ်းအေးသောစိတ်ဖြင့် စောင့်ထိန်းရ၏။ ထို့ကြောင့် သီလအကျိုးပေးသောအခါ (ပစ္စည်းဥစ္စာ မပါစေကာမူ) အနာကင်း၍ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ အေးအေးသက်သာ နေရအောင် အကျိုးပေး၏။ ထို့ကြောင့်ပင် "ဒါနတော ဘောဂဝါ၊ သီလတော သုခိတော"ဟု ပြောစမှတ် ပြုကြသည်။ [ဒါနတော၊ ဒါနကြောင့်။ ဘောဂဝါ၊ စည်းစိမ်ကြွယ်ပြော ဥစ္စာပေါသူဖြစ်ရ၏။ သီလတော၊ သီလကြောင့်။ သုခိတော၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသူဖြစ်ရ၏။]

**ဘာဝနာ၏တူသောအကျိုး**

ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းလိုသူကား ပင်ကိုကပင် လူသူမခို မြိုင်ညိုစိမ့်စမ်း ရဂုံလမ်း၌ အေးချမ်းသာယာစွာ တစ်ကိုယ်တည်းနေ၍ စီးဖြန်းရသည်။ စီးဖြန်းသောအခါ ဈာန်ရအောင် အားထုတ်လျှင် လောကီအာရုံ ကာမဂုဏ်ကို အစွမ်းကုန် အပြစ်မြင်နိုင်မှ ဈာန်ရ၏။ မဂ်ဖိုလ်ရအောင် အားထုတ်လျှင် ရုပ်၊ နာမ်၊ ခန္ဓာ၊ တစ်သံသရာလုံး ငြီးငွေ့နိုင်မှ မဂ်ဖိုလ်ရသည်။

"မာတင်ကြီး၊ တောခိုမှီးသို့၊ ကိုယ်တည်းအောင်းခို၊ ဗြဟ္မစိုရ် ဖြင့်၊ အလိုတော်ပြည့်၊ ပြည့်အောင်ဖြည့်ပိမ့်၊ ငါ၏နောက်တော်၊ တစ်ယောက်သော်မျှ၊ မခေါ်အပို၊ ဖော်မလိုသည်၊ ရွှေကိုယ်သက်သက် ရှင်းရှင်းတည်း"

ဟူသော မဃဒေဝလင်္ကာနှင့်အညီ တစ်ကိုယ်တည်း အားထုတ်ရသော ဘာဝနာအလုပ် ၂ မျိုးတွင် ဈာန်ကိုရ၍ ဗြဟ္မာ့ပြည် ရောက်သောအခါ ကြင်ရာတော်ဒေဝီ မဟေသီဗြဟ္မာမ–ဟု မရှာ ရတော့ဘဲ တစ်ကိုယ်တည်း အေးချမ်းစွာဖြင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ ပွားများ၍ ခမ်းနားသော ဘုံဗိမာန်တွင် ယောဂီကိုယ်တော်ကြီး



အသွင် အင်မတန်သိက္ခာဖြင့် တည်ငြိမ်စွာ နေထိုင်ကြရပေသည်။ မဂ်ဖိုလ်ပေါက်သူ ဖြစ်လျှင်ကား ပင်ကိုက ရုပ်နာမ် အားလုံးကို အမုန်းကြီးမုန်း၍ အငြီးငွေ့ကြီး ငြီးငွေ့ခဲ့သည့် အားလျော်စွာ နိဗ္ဗာန်သို့ ရောက်သောအခါ ဘုံဗိမာန်ဟူသော ရုပ်တရားကို မဆို ထားဘိ၊ ကိုယ့်ရုပ်ကိုယ့်နာမ်ပါ မကြွင်းကျန်တော့ဘဲ ရုပ်နာမ်နှင့် မစပ်သော ဓာတ်တစ်မျိုး အဖြစ်ဖြင့်သာ တည်ရှိပေတော့သည်။

ဤသို့လျှင် ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်အားလုံးပင် အကြောင်းနှင့်တူသော အကျိုးကို ဆောင်သောကြောင့် သံသရာ နောင်ရေးကို မြော်တွေးမိသူတိုင်း မိမိကိုယ်ကို မိမိချစ်ခင်က နိဗ္ဗာန်အထိ သံသရာလမ်းကောင်းဖို့ရန် မကောင်းသော စိတ်ထား များကို ပယ်ရှား၍ ကောင်းသောက်ကိုချည်း ကြိုးစားသင့်ကြသည်။

"အကုသလ၊ ကုသလ၏၊ ကမ္မသကာ၊ လက္ခဏာကို၊ မြဲစွာ ဝမ်းတွင်း၊ နှလုံးသွင်းလော့၊ မပျင်းကုသိုလ်၊ ထိုပုဂ္ဂိုလ်ကား၊ ကိုယ့်ကိုချစ်သူ၊ မည်သောဟူ၏၊ အယူမယွင်း၊ ဆောက်တည် ခြင်းဖြင့်၊ ကံရင်းမူလ၊ ဝီရိယနှင့်၊ ဉာဏထောက်ကူ၊ ထိုသည့်သူမှ၊ လူတွင် လူလွန်၊ လွှားတံခွန်သို့၊ လူမွန် တစ်ယောက်၊ တစ်ခေါ်လောက်အောင်၊ ခါရောက်ချိန်ဆုံး၊ တုမဲ့နှုန်း၍၊ ရွှေဘုန်းမော်ရမည်ကိုကား"

(မဃဒေဝ လင်္ကာ)

## နိဂုံး

ဤမျှလောက် စကားအစဉ်ဖြင့် ကံနှင့် ကံ၏ သတ္တိ၊ ကံ၏ အကျိုးပေးပုံများ ပြီးဆုံးပြီ။ ဤသို့ ကံနှင့်စပ်၍ အရပ်ရပ် မှတ်ဖွယ် များကို ရေးသားရကြောင်း ကောင်းမှု ပဋိပတ် အကျင့်မြတ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဤကျမ်းကို ကြည့်ရှုသူတိုင်း ကမ္မဿကတာဉာဏ် ရင့်သန်၍ သမ္မာဒိဋ္ဌိအစစ် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါစေ။ ငါနှင့်တကွ ငါ၏ အတွင်းလူ ဟူသမျှလည်း ဖြစ်လေရာဘဝတို့၌ သမ္မာဒိဋ္ဌိချည်း ဖြစ်ကာ နိဗ္ဗာန်ရောက်ကြောင်း တရားကိုသာ ကြိုးစားကြပါစေ။

ကံနှင့်စပ်ရာ၊ အဖြာဖြာကို၊ ကောင်းစွာခွဲခြမ်း၊ ရေးသည့်စွမ်းကြောင့်၊ ဤကျမ်းရှုကြ၊ ဟူသမျှတို့၊ ကမ္မဿကတာ၊ ဉာဏ်ရင့်စွာဖြင့်၊ သမ္မာယူစစ်၊ ဖြစ်ကြပါစေ။ ငါ့အနေသော်၊ အခြေနိုင်မြဲ၊ သမ္မာစွဲ၍၊ မကွဲအသင်း၊ ငါ့အရင်းလည်း၊ မယွင်းငါ့တူ၊ သမ္မာယူသည်၊ နိဗ္ဗူထုတ်ချောက် ရောက်ရန်သောဝ်။

ကံနှင့်စပ်၍ အရပ်ရပ်မှတ်ဖွယ်ပြီးပြီ။

## အဋ္ဌမအခန်း

[ဤအခန်း၌ စုတေခါနီး အဖြစ်အပျက်ပါသည်]

ပြခဲ့သော အခန်းများဝယ် လူသတ္တဝါတို့၌ ဖြစ်သင့်သော စိတ်နေစိတ်ထားနှင့် ပြုသင့်သောကံများ ပြခဲ့ပါပြီ။ ထိုသို့ စိတ်ကောင်း စိတ်ဆိုး အမျိုးမျိုးဖြစ်နေကြရင်းပင် ဥစ္စာစီးပွား ချစ်သူများနှင့် ကွေကွင်းဖို့ သေမင်းငင်သဖြင့် မသေချင်ဘဲလည်း သေမြဲမမှတာ သေပေါက်သေဝသို့ အသေခံရောက်ကြရတော့မည်။ သို့ဖြစ်၍ စုတေခါနီး အရေးကြီးပုံကို ကိုယ်စီကိုယ်င သတိပြုကြဖို့ ဆက်လက်ညွှန်ပြပါဦးမည်။

**သေခြင်းအကြောင်း ၄ ပါး**

(၁) အသက်တမ်း ကုန်ခြင်း၊ (၂) ကံ အစွမ်းကုန်ခြင်း၊ (၃) အသက်တမ်း ကံ အစွမ်း ၂ မျိုးလုံးကုန်ခြင်း၊ (၄) ဥပစ္ဆေဒကကံ



က သတ်ဖြတ်ခြင်း။ ဤသို့သတ္တဝါတို့ စုတေရခြင်း အကြောင်း ၄မျိုးရှိ၏။ ဥပမာ–ဆီမီးငြိမ်းရာ၌ (၁) ဆီကုန်ခြင်း၊ (၂) မီးစာကုန်ခြင်း၊ (၃) ဆီနှင့် မီးစာ ၂ မျိုးလုံး ကုန်ခန်းခြင်း၊ (၄) ဆီနှင့် မီးစာ ရှိသေးပါသော်လည်း လေပြင်းတိုက်ခတ်ခြင်း သို့မဟုတ် တမင်ငြိမ်းသတ်ခြင်းဟု အကြောင်း ၄ မျိုး ရှိသကဲ့သို့တည်း။

**သက်တမ်းကုန်၍စုတေရပုံ**

ထိုထိုဘုံဘဝ၌ သတ်မှတ်ထားအပ်သော အသက်တမ်း ရှိ၏။ ဤလူ့ဘုံ၌ တက်ကပ်အခါဝယ် တဖြည်းဖြည်းတက်၍ အသင်္ချေတိုင်အောင် အသက်တမ်းရှိ၏။ ဆုတ်ကပ်အခါ၌ကား တဖြည်းဖြည်း ဆုတ်ကာ ၁၀ နှစ်တမ်းတိုင်အောင် အသက်တမ်းရှိ၏။ဘုရားရှင် လက်ထက်တော်၌ အသက်တမ်းတစ်ရာဟုဆို၏။ ယခု ၇၅ နှစ်တမ်း ခန့်မှန်းကြသည်။ သင့်တော်ရုံ ကံပါလာသူတို့သည် သတ်မှတ်ထားအပ်သော အသက်တမ်းကို မလွန်နိုင်ကြ။ အလွန်ကံထူးသူ၊ "ရသာယန"စသော ဆေးကောင်းရှိသူတို့သာ အသက်တမ်းကို လွန်နိုင်ကြပေသည်။

ဘုရားလက်ထက်တော်၌ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ ကျောင်းအမ ဝိသာခါတို့လည်း အသက် ၁၂၀ ရှည်ကြ၏။ အရှင်ဗာကုလသည် အသက် ၁၆၀ ရှည်၏။ ထိုပုဂ္ဂိုလ်များကား အလွန်ကံထူးသူများတည်း။ ထိုသို့ ကံအထူးလည်းမပါ၊ သာမန်လောက် ကံကလည်း အသက်တမ်းကို လွန်အောင်မဆောင်တော့ဘဲ ၇၅ နှစ်တမ်း၌ ၇၅ နှစ်ပြည့်၍ စုတေရခြင်းကို "အသက်တမ်းကုန်၍ စုတေရခြင်း"ဟု ခေါ်၏။ မီးစာရှိသေးသော်လည်း ဆီကုန်၍ မီးငြိမ်းရခြင်းနှင့်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



**ကံကုန်ခြင်းကြောင့်စုတေရပုံ**

ဘဝတစ်ခုကို စီမံလိုက်သော ကံသည် ပဋိသန္ဓေ တည်နေသည့် အချိန်မှစ၍ မိမိ၏ သတ္တိ မကုန်သေးသမျှ ဘဝမပြတ်အောင် (မသေအောင်) အစဉ်တစိုက် အမြဲဖန်တီးလျက်ရှိ၏။ ထို မူလစီမံလိုက်သော ကံ၏အစွမ်းကို အားပေးကူညီသော တခြားကံများလည်း ရှိနေသေး၏။ ထိုမူလစီမံလိုက်သောကံနှင့် အားပေးကူညီကြသော ကံတို့၏ အစွမ်းသတ္တိကုန်လျှင် အသက်တမ်းက မကုန်သေးသော်လည်း ဧကန်မုချ စုတေကြရတော့သည်။ ၇၅ နှစ်တမ်း၌ ကံစွမ်းက ၅၀ လောက်သာရှိလျှင် ၅၀ အရွယ်မှာပင် စုတေကြရသည် ဟူလို။ ဥပမာ–ဆီမကုန်သေးသော်လည်း မီးစာကုန်လျှင် ဧကန် မီးငြိမ်းရသကဲ့သို့တည်း။ ဤကဲ့သို့ အသက်တမ်း မကုန်သေးဘဲ ကံအစွမ်းကုန်ခြင်းကြောင့် စုတေရမှုကို "ကံကုန်ခြင်းကြောင့် စုတေခြင်း"ဟု ခေါ်သည်။

**၂ မျိုးလုံးကုန်၍ စုတေရပုံ**

တချို့သတ္တဝါတို့ကား အသက်တမ်းလည်းကုန်၊ ကံစွမ်းလည်း ကုန်ခြင်းကြောင့် စုတေကြရသည်။ ဆီလည်းကုန်၊ မီးစာလည်း ကုန်ခြင်းကြောင့် မီးငြိမ်းရခြင်းနှင့် တူ၏။ ထို့ကြောင့် ၇၅ နှစ်တမ်း၌ ၇၅ နှစ်လောက် နေဖို့ရန် ကံပါသူ၏ ၇၅ နှစ်ပြည့်၍ စုတေရမှုကို "အသက်တမ်း ကံစွမ်း ၂ မျိုးစုံကုန်ခြင်းကြောင့် စုတေရခြင်း"ဟု ခေါ်သည်။ ဤပြခဲ့သော အကြောင်း ၃ ပါးတို့တွင် တစ်ပါးပါးကြောင့် စုတေခြင်းကို "ကာလမရဏ=သေချိန်ကျ၍ သေရခြင်း"ဟုလည်း ခေါ်သည်။

**ဥပစ္ဆေဒကကံကြောင့် စုတေရပုံ**

တချို့ သတ္တဝါတို့ကား အသက်တမ်းလည်း မကုန်သေး၊



ကံအစွမ်းလည်း မကုန်သေး၊ တစ်စုံတစ်ရာ အနှောင့်အယှက် မရှိလျှင် အတော်ကြာအောင် နေနိုင်သေး၏။ သို့သော် ရှေးရှေးဘဝက ဖြစ်စေ၊ ယခုဘဝမှာဖြစ်စေ ပြုမိသော အကုသိုလ်ကံက အခွင့်ရသဖြင့် တစ်နည်းနည်းနှင့် သေရတော့၏။ ဥပမာ–မီးစာ၊ ဆီ ၂မျိုးလုံး မကုန်သေးဘဲ လေပြင်းတိုက်ခတ်မှု၊ တမင်ငြှိမ်းသတ်မှုကြောင့် မီးငြိမ်းခြင်းမျိုးကဲ့သို့တည်း။ ထိုကဲ့သို့ သေရခြင်းကို "ဥပစ္ဆေဒကကံ၏ သတ်ဖြတ်မှုကြောင့် သေရခြင်း" ဟု ခေါ်သည်။ [ဥပစ္ဆေဒက=ကပ်၍ သတ်ဖြတ်တတ်သော ကံ]

**ဥပစ္ဆေဒကကံနှင့် သေရသူများ**

အရှင်မဟာမောဂ္ဂလာန်သည် ရှေးက အမိကို သတ်ခဲ့ဖူး၏။ အရှင်မောဂ္ဂလာန်ဘဝ၌ ထိုကံအခွင့်ရသဖြင့် ခိုးသားငါးရာ၏ အသတ်ကို ခံပြီးမှ ပရိနိဗ္ဗာန် စံရလေသည်။ ဗိမ္ဗိသာရမင်းသည် ရှေးက ဘုရားရင်ပြင်တော်ဝယ် ဖိနပ်စီးခဲ့ဖူး၏။ ဗိမ္ဗိသာရမင်းဘဝ၌ ထိုကံအခွင့်ရသဖြင့် ခြေဖဝါးကို ဓားခွဲခံလျက် နတ်ရွာစံရလေသည်။ သာမာဝတီအမှူးရှိသော နန်းတွင်းသူတို့သည် ရှေးက ပစ္စေကဗုဒ္ဓါကို သမာပတ် ဝင်စားနေစဉ် အလောင်းတော်ထင်၍ မီးရှို့ရာ သမာပတ်မှ ထသောအခါ အသက်ရှိသေးကြောင်း သိလျက်ပင် မိမိတို့ အမှု ပေါ်မည်စိုး၍ ထပ်မံ မီးတိုက်ခဲ့ဖူး၏။ ထိုကံက အခွင့်ရသဖြင့် မီးလောင်၍ ဘဝဆုံးကြရလေသည်။ ဤကား ရှေးဘဝက ပြုခဲ့သော အကုသိုလ်ကံ အခွင့်ရသဖြင့် သတ်ဖြတ်ခံရသူများတည်း။

ယခုဘဝမှာပင် ဂုဏ်ကြီးသူများကို အကြီးအကျယ် စော်ကားမိ၍ ထိုကံက သတ်ဖြတ်သော ဝတ္ထုများလည်း ရှိသေး၏။ "ဒုသီ" မည်သော မာရ်နတ်သည် ကဿပဘုရားရှင်၏ လက်ယာတော်ရံ အဂ္ဂသာဝကအရှင်၏ ဦးခေါင်းတော်ကို ကျောက်ခဲဖြင့် ပေါက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ "နန္ဒ"မည်သော နတ်ဘီလူးကား အရှင်သာရိပုတ္တရာ၏ ရိတ်ပြီးစ ဦးခေါင်းပြောင်ပြောင်ကို လက်ဖြင့်ခေါက်၏။ ကလာဗုမင်းမှာ အလောင်းတော် ခန္တီဝါဒီရသေ့ကို သေလောက်အောင် နှိပ်စက်ခိုင်း၏။ ထို နတ် ဘီလူး မင်းတို့ ထိုဘဝ၌ ပြုအပ်သောကံသည် ထိုဘဝမှာပင် အခွင့်ရ၍ မြေမျိုစေလေသည်။ ဤသို့စသည်ဖြင့် အမိအဖ ဂုဏ်ကြီးသော ဆရာသမားတို့ကို စော်ကားသူတို့သည် ထိုကံအတွက် အသက်တမ်းစေ့အောင် မနေကြရဘဲ လတ်တလော သေရတတ်လေသည်။ ဤဥပစ္ဆေဒကကံ တစ်ခုခုကြောင့် သေရခြင်းကိုပင် "အကာလ မရဏ=သေဖို့ရန် အချိန်မကျသေးဘဲ သေရခြင်း" ဟုခေါ်သည်။

**သေချိန်မကျဘဲသေရသူများ**

သတ္တဝါတို့၏ သန္တာန်၌ ရှေးမကောင်းမှု ကံကလေးတွေ ကိုယ်စီကိုယ်င အများအပြား ပါရှိကြလေသည်။ ထိုကံများသည် မိမိတို့ချည်း သက်သက် သေကျေအောင် မသတ်ဖြတ်နိုင်သော်လည်း သတိမရှိ၊ ဉာဏ်မရှိ၍ (အစဉ်းစား အဆင်ခြင်၊ အမြော်အမြင်မရှိ၍) အစားမတတ်၊ အသွားမတတ်၊ အနေအထိုင် မတတ်သူများကို ဘေးဥပဒ်ရောက်အောင်၊ ထိုဘေးဖြင့် သေကျေပျက်စီးအောင်ကား တတ်နိုင်ကြပေသည်။ ရှေးရှေးက သူတစ်ပါးကို အငတ်ထားခဲ့ဖူးခြင်း၊ မြွေနှင့်တိုက်ခြင်း၊ အဆိပ်ခတ်ခြင်း၊ တုတ်ဓား စသည်တို့ဖြင့် ရိုက်သတ်ခြင်း၊ ရေနစ်သတ်ခြင်း၊ မီးတိုက်သတ်ခြင်း စသည်ဖြင့် သူတစ်ပါးသေအောင် တစ်နည်းနည်းဖြင့် ပြုခဲ့သောသူသည် ထိုကံများ အခွင့်ရသော ဘဝဝယ် ထမင်းငတ်၍ သေတတ်၊ မြွေကိုက်၍သေတတ်၊ အဆိပ်မိ၍ သေတတ်၊ လက်နက်ဖြင့် သေတတ်၊ ရေနစ်၍ သေတတ်၊ မီးလောင်၍ သေတတ်လေသည်။



သူတစ်ပါးကို တစ်နည်းနည်းဖြင့် နှိပ်စက် သတ်ဖြတ်ခဲ့ဖူးသူသည် ယခုဘဝ၌ လေနာခြင်း၊ သလိပ်ရောဂါရှိခြင်း၊ ပန်းနာရှိခြင်း၊ နှုနာရှိခြင်း၊ မကျန်းမမာခြင်း စသည်ဖြင့် ညှိုးနွမ်းပင်ပန်းစွာ အသက်ရှည်နေရသည့်အပြင် ထိုရောဂါဖြင့်ပင် သေရတတ်၏။ ဤသို့စသည်ဖြင့် ရှေးကံကလေးတွေသည် (ဆင်ခြင်စဉ်းစား သတိထားတတ်သူတို့၌ နှိပ်စက်ခွင့် သဟ်ဖြတ်ခွင့် မရသော်လည်း ) အစဉ်းစားအဆင်ခြင် မရှိသူတို့ကား မကျန်းမာအောင်၊ သေကျေအောင် နှိပ်စက်ဖို့ရန် နှောင့်နှေးမည် မဟုတ်ချေ။ ထို့ကြောင့် "အသက်ဉာဏ်စောင့်၊ အသွားမတော် တစ်မုဟုတ်၊ အစားမတော် တစ်လုတ်၊ ကျားရဲရာ ကြမ္မာမယိုးသာ (ကျားထနေသော တောသို့သွားလျှင် ကျားကိုက်ခံရမှာပဲ၊ ကျားကိုက်ခံနေရတာကို ကံကြမ္မာဟု မယိုးမစွဲပါနှင့်။) ကံယုံပြီး မီးပုံမဆင်းနဲ့၊ မီးပုံထဲဆင်းလျှင် ကံကောင်းနေသော်လည်း မီးလောင်မှာပဲ" စသည်ဖြင့် လူကြီးသူမတို့ ပြောဆိုခဲ့ကြပေသည်။

ထိုစကားတို့၌ လူကြီးများ၏ ဆိုလိုရင်းကား လူတိုင်းမှာပင် မကောင်းကျိုးပေးဖို့ရန် အကုသိုလ်ကံများ (ရှေးဘဝများစွာက တစ်မျိုး၊ ၂ မျိုး စသည် ပြုခဲ့မိကြသဖြင့်) ကိုယ်စီကိုယ်င ပါရှိကြပေသည်။ သို့သော် ထိုကံများသည် အလွန်သတ္တိ မထက်ကြလျှင် သူတို့ဘာသာ အကျိုးပေးခွင့်သာအောင် မတတ်နိုင်ကြပါ။ အဆင်ခြင် အစဉ်းစားမရှိသူများ၌သာ အသွားအလာ၊ အစားအသောက်၊ အနေအထိုင် မတတ်သည့်အတွက် ထိုကံများက အကျိုးပေးခွင့် ရကြပါသည်။ သို့ဖြစ်၍ အသက်ရှည်ကြာ အနာကင်းမှုကို ဂရုစိုက်ခြင်း မရှိလျှင် ဥပစ္ဆေဒက ကံကလေးတွေ အခွင့်သာ၍ (အသက်တမ်း မစေ့ခင်၊ ထိုဘဝကို စီမံလိုက်သောကံကလည်း မကုန်သေးခင်) သေရမည့်

www.burmeseclassic.com

www.burmeseclassic.com



အရေးကား မည်သူမျှ မဝေးကြောင်း နောက်နှောင်း လူများအတွက် လေးနက်စွာ သတိပေးထားခြင်း ဖြစ်သည်။

အချုပ်ကား– သတ္တဝါတို့ သေဖို့ရာ "အသက်ကုန်ခြင်း၊ ကံကုန်ခြင်း၊ အသက် ကံ ၂ မျိုးလုံးကုန်ခြင်း၊ ဥပစ္ဆေဒကကံက သတ်ဖြတ်ခြင်း"ဟု အကြောင်း ၄ ပါးရှိ၏။ ထိုတွင် ဥပစ္ဆေဒကကံက အခွင့်သာ၍ (အခွင့်သာအောင် အနေအထိုင်၊ အစားအသောက်၊ အသွားအလာ မတတ်ကြ၍) သေချိန်မကျဘဲ သေရသူတွေ ယခုကာလ၌ ပေါများလှ၏။ ထို့ကြောင့် မိမိကိုယ်ကို အသက်တမ်းစေ့နေနိုင်အောင် အသက်ကို အသိဉာဏ်ဖြင့် စောင့်ရှောက်ကြပါဟု ဆိုလိုသည်။

**စုတေခါနီးအရေးကြီးပုံ**

ပြခဲ့သော အကြောင်းများတွင် တစ်ပါးပါးကြောင့် လူတစ်ယောက် စုတေဖို့ရာ အချိန်နီးကပ်လာလျှင် မစုတေမီ နာရီဝက်လောက်မှစ၍ စိတ်ကောင်းဖောကောင်းရဖို့ အရေးကြီး၏။ စုတေသည့်တိုင်အောင် ကုသိုလ်ဇောများ ဇောနေလျှင် ကေန်မုချ သုဂတိဘဝသို့ ရောက်ရမည်။ စုတေခါနီးဝယ် အကုသိုလ်ဇောများ ဇောနေလျှင် ကေန်အပါယ်ဘုံသို့ ရောက်ရတော့မည်။ သို့ဖြစ်၍ မြင်းအပြေးပြိုင်ရာတွင် ပန်းဝင်ခါနီး အရေးကြီးဆုံး ဖြစ်သကဲ့သို့ နောက်တစ်ဖန်ဘဝကောင်းရဖို့ စုတေခါနီး၌ အရေးကြီးလှပေသည်။ ထို စုတေခါနီး၌ စိတ်ကောင်း မကောင်းမှာလည်း ထိုအခါ ထင်လာသော အာရုံနှင့်သာ သက်ဆိုင်ကြလေသည်။

**ထင်လာတတ်သောအာရုံ ၃ မျိုး**

စုတေခါနီး၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ဟု အာရုံ ၃ မျိုးတွင် တစ်မျိုးမျိုး ထင်လာတတ်၏။ "ကံ"ဆိုသည်မှာလည်း ကုသိုလ်



အကုသိုလ် စေတနာတွေတည်း။ "ကမ္မနိမိတ်" ဆိုသည်ကား ထိုကုသိုလ် အကုသိုလ်ပြုစဉ်က တွေ့ကြုံ သုံးစွဲခဲ့ရသော အရာဝတ္ထုများတည်း။ "ဂတိနိမိတ်" ဆိုသည်မှာ စုတေပြီး နောက် ရောက်ရမည့် ဂတိ၌ (ဘဝ၌) တွေ့ကြုံရမည့် အရာဝတ္ထုတည်း။

**ကံအာရုံထင်လာပုံ**

သေချိန်မရောက်ခင် စက္ကန့်အနည်းငယ်က ဖြစ်စေ၊ နာရီဝက် တစ်နာရီစသည် ကွာခြားသောအခါက ဖြစ်စေ၊ ရက်ပေါင်းလပေါင်းများစွာ ကွာခြားသော အခါကဖြစ်စေ၊ ဘဝပေါင်း ကမ္ဘာပေါင်းများစွာ ကွာခြားသော အခါက ဖြစ်စေ ပြုခဲ့သော ကံအမျိုးမျိုးသည် နောက်ဘဝအသစ်တွင် ပဋိသန္ဓေ အကျိုးပေးခွင့် ကြုံလာလျှင် သေခါနီး လောလောဆယ် ထင်လာတတ်၏။ ထိုသို့ ထင်လာရာဝယ် ဒါန သီလ စသော ကုသိုလ်ကံဖြစ်လျှင် ထိုကံက ပြန်၍ အမှတ်ရသော အားဖြင့် ထင်လာခြင်း၊ ယခုလောလောဆယ် လှူဒါန်းနေရသလို ဥပုသ်စောင့်နေရသလို အိပ်မက်မက်သလို အနေအားဖြင့် ထင်လာခြင်းဟု ၂ မျိုးရှိသည်။ အကုသိုလ်ကံများတွင်လည်း ပါဏာတိပါတမှု ဖြစ်လျှင် ထိုကံကို ပြန်၍ အမှတ်ရခြင်း တစ်မျိုး၊ ယခုပင် သတ်ဖြတ်၍ နေရသလို ထင်ခြင်းတစ်မျိုးဟု ၂ မျိုးရှိသည်။ ဤနည်းအတိုင်းပင် အခြားသော ကုသိုလ် အကုသိုလ်ကံ ထင်လာပုံကိုလည်း ချဲ့ထွင်ကြည့်ပါလေ။

**ကမ္မနိမိတ်အာရုံထင်လာပုံ**

အကုသိုလ်ကံ ပြုခဲ့ကြသူတို့မှာ ပါဏာတိပါတမှုဖြစ်လျှင် သတ်ဖြတ်စဉ်အခါက အသုံးပြုခဲ့သော ဓား၊ တုတ်၊ သေနတ်၊ ပိုက်ကွန်၊ လေး၊ မြား၊ လှံ စသော လက်နက်များ ထင်လာတတ်၏။ နွားသတ်သမား တစ်ယောက်၌ကား နွားများကိုသတ်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



အသားကိုခွာ၍ စုပုံထားသော အရိုးပုံကြီး ထင်လာသတဲ့။ အဒိန္နာဒါနမှု၊ ကာမမှု စသည်များကို ပြုခဲ့ကြသူမှာလည်း ထိုမကောင်းမှုနှင့် ဆိုင်ရာ အာရုံများ ထင်လာပုံကို ချဲ့ထွင် ကြည့်ကြပါလေ။

ကုသိုလ်ကံ ပြုခဲ့ကြသူတို့တွင်လည်း ဒါနပြုရာ၌ ကျောင်း၊ ဘုရား တည်ဆောက် ကိုးကွယ်သူဖြစ်လျှင် ကျောင်းအာရုံ၊ ဘုရားအာရုံ၊ ကျောင်းနှင့်စပ်၍ လှူခဲ့သော သင်္ကန်း၊ ဆွမ်း၊ ဆေး အာရုံ၊ ဘုရားနှင့်စပ်၍ လှူခဲ့သော ပန်း၊ ဆီမီး၊ အမွှေးတိုင် စသော အာရုံများ ထင်လာတတ်၏။ ဥပုသ်စောင့်သုံးခဲ့သူ၊ ကမ္မဋ္ဌာန်း ထိုင်ခဲ့သူဖြစ်လျှင် ဥပုသ်နှင့် စပ်ဆိုင်သော စိပ်ပုတီး၊ စင်ကြယ်သော အဝတ်အစား၊ ကမ္မဋ္ဌာန်းကျောင်း၊ စိပ်ပုတီးစိပ်ရာ သစ်ပင်ရိပ် စသော နေရာများ ထင်လာတတ်၏။ အပစာယန၊ ဝေယျာဝစ္စ စသော ကုသိုလ်များ၏ အာရုံလည်း ထိုက်သလို ထင်လာတတ်ကြသည်။

**ဂတိနိမိတ်ထင်လာပုံ**

စုတေခါနီး၌ ဘဝအသစ်ဝယ် တွေ့ကြုံရမည့် အာရုံများလည်း တင်ကြို၍ ထင်လာတတ်၏။ နတ်ပြည်ရောက်မည့်သူဖြစ်လျှင် နတ်သမီးတွေ၊ ဘုံဗိမာန်၊ ဥယျာဉ် စသည် ထင်လာတတ်၏။ လူ့ပြည်ရောက်မည့်သူဖြစ်လျှင် အမိဝမ်းရည်၏ နီနီရဲရဲအဆင်း ထင်လာတတ်၏။ ငရဲသွားရမည့်သူဖြစ်လျှင် ငရဲမီး၊ ငရဲထိန်း၊ ခွေးကြီး စသည် ထင်လာတတ်၏။ ပြိတ္တာဖြစ်မည့်သူဖြစ်လျှင် တောကြီး၊ တောင်ကြီး၊ မြစ်ရေ၊ သမုဒ္ဒရာကမ်း စသည်ဖြင့် မိမိနေထိုင်ရမည့် အရပ်ဒေသအလိုက် ထင်လာတတ်၏။

**မျက်နှာအနေအထားနှင့်ဂတိမှန်းဆဖွယ်**

စုတေခါနီး၌ မျက်နှာအနေအထား ကြည့်ပါ။ ကြည်ကြည်လင်လင် ရှိလျှင် အာရုံကောင်း ထင်နေပြီဖြစ်၍ သုဂတိ သွားရ



လိမ့်မည်ဟု မှန်းဆနိုင်သည်။ မျက်နှာအနေ ညှိုးငယ်လျှင် သို့မဟုတ် ကြမ်းတမ်းသော အမူအရာ ဖြစ်နေလျှင် မကောင်းသော အာရုံ ထင်နေပြီဖြစ်၍ ဧကန်မုချ ဒုဂ္ဂတိသို့ သွားရတော့မည်ဟု မှန်းဆနိုင်ပေသည်။ [တချို့ကား ရောဂါက ခံစားခဲ့ရသော ကာမဂုဏ်ကြောင့် ပြုံးနေပေလိမ့်မည်။ ထိုအပြုံးကား ကောင်းသော ပြုံးခြင်း မဟုတ်ပါ။]

**ယောင်ယမ်းပုံဖြင့်မှန်းဆဖွယ်**

တချို့စုတေခါနီး၌ သတိသညာ မရှိဘဲ ပြောလား၊ ဆိုလား၊ ယောင်လား၊ ယမ်းလား လုပ်၏။ ရှေးတုန်းက ရဟန္တာ ရှင်သောဏ၏ ခမည်းတော် ငယ်စဉ်က မုဆိုးကြီးဖြစ်၍ ကြီးမှ ရဟန်းပြု၏။ စုတေခါနီးသော် (မိနစ်အတော်ဝေးဝေးကပင်) ခွေးကြီးတွေက သူ့ကို ကိုက်တော့မည်ဟန် ထင်နေသဖြင့် "သားရဲ့၊ ခြောက်ပါဟဲ့ ခြောက်ပါဟဲ့"ဟု အော်သတဲ့။

အရှင်သောဏက "ဦးပဥ္စင်းကြီးမှာ ငရဲနိမိတ် ထင်နေပါသကော" ဟု တွေးတော၍ ချက်ချင်း ပန်းတွေကို ရှာပြီးလျှင် ဘုရား ရင်ပြင်တော်မှာ ပန်းမွေ့ရာခင်း၍ ဦးပဥ္စင်းကြီးကို ခုတင်နှင့် တကွ ယူသွားပြီး "ဦးပဥ္စင်းကြီး၊ ကြည်ညိုလိုက်၊ ကြည်ညိုလိုက်၊ ဦးပဥ္စင်းကြီးအတွက် ပန်းတွေ လှူထားတယ်"ဟု ပြောသောအခါ သတိရလာ၍ ဘုရားအာရုံပြုလျက် ပန်းများကိုလှူဒါန်းနေစဉ် မေ့မြော သွားပြန်ရာ နတ်သမီးတွေ ထင်လာသဖြင့် "ဟဲ့ သားရဲ့ နေရာ ဖယ်ပေးလိုက်ပါ၊ နေရာဖယ်ပေးလိုက်ပါ၊ သားရဲ့ မိထွေးတွေ လာနေတယ်" ဟု ယောင်ပြန်ရာ "အင်း နတ်ပြည် ဂတိနိမိတ် ထင်လာပေါ့ကိုး"ဟု အောက်မေ့တုန်းမှာပင် ဦးပဥ္စင်းကြီး ဘဝဆုံး၍ နတ်ပြည်သို့ ရောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဂတိနိမိတ်ထင်ပုံတစ်မျိုး**

တချို့စုတေခါနီး လားရာဂတိ၌ တွေ့ကြုံရမည့် အရာဝတ္ထုကို တိုက်ရိုက်ပင် မျက်စိဖြင့် တွေ့ရ၏။ "ရေဝတီ" မည်သော မိန်းမသည် ဘုရား ကျောင်း ဒါယကာ နန္ဒိယသူကြွယ်၏ ဇနီးတည်း။ နန္ဒိယသူကြွယ်က သဒ္ဓါတရား ရှိသလောက် ရေဝတီမှာ သဒ္ဓါတရား ကင်းမဲ့၏။ ဗုဒ္ဓဘာသာဟူ၍ မဆိုထိုက်။ ရဟန်းတော်များကို ဆဲရေးတတ်၏။ နန္ဒိယသူကြွယ်က ရှေးဦးစွာ စုတေ၍ နတ်ပြည်၌ ဖြစ်ပြီးနောက် ရေဝတီသေချိန်ရောက်သော် ငရဲမှ ငရဲထိန်း ၂ ဦး လာရောက်၍ အတင်းဆွဲယူကာ နတ်ပြည်သို့ ခေါ်သွား၍ နန္ဒိယ၏ စည်းစိမ်ကို ပြပြီးမှ ငရဲသို့ အတင်းဆွဲချသွားသတဲ့။

ဘုရားလက်ထက်တော်တုန်းက "ဓမ္မိက" ဥပါသကာသည် ဥပါသကာပေါင်းများစွာကို ခေါင်းဆောင်၍ သူတော်ကောင်း အဖြစ် နေထိုင်၏။ စုတေခါနီးသော် ရဟန်းတော်များ၏ တရားကို နာစဉ် နတ်ပြည် ၆ ထပ်မှ နတ်ရထား ၆ စင်းတို့ ကောင်းကင်၌ တည်လျက် "သူ့ရထားတင်မည်၊ ငါ့ရထားတင်မည်"ဟု ပြောဆို နေသံကို တရားနာနေရသော ဓမ္မိက ဥပါသကာသည် မြင်လည်း မြင်ရ၊ ကြားလည်းကြားရ၏။ ထို့နောက် မကြာမီပင် စုတေ၍ တုသိတာ နတ်ရထား၌ နတ်သားအဖြစ်ဖြင့် ပါသွားလေသည်။

မြေမျိုသူတို့ကား အဝီစိက မီးအရှိန်သည် လူ့ပြည်တိုင်အောင် ဟပ်သဖြင့် မီးပူအတွေ့ကို မသေခင်က တွေ့ရလေသည်။ ဤသို့လျှင် စုတေခါနီး ဂတိနိမိတ် ထင်လာပုံ အမျိုးမျိုးရှိ၏။ ယခုကာလ တချို့စုတေခါနီး၌ကား တီးသံ မှုတ်သံနှင့် အမွှေးအကြိုင်များကို အနီးအပါးမှ လူအများပင် ကြားရ မွှေးရ၏။ ဤဂတိနိမိတ်နှင့်တကွ ပြခဲ့သော ကံ ကမ္မ နိမိတ်တို့သည် များသောအားဖြင့် အကျိုးပေးခွင့်



ရသော ကံအစွမ်းကြောင့် ထင်လာသည်ဟု မှတ်ပါ။

**စုတေခါနီးပြုပြင်ပေးရပုံ**

မကျန်းမာခြင်း စသည်ကြောင့် ဖြည်းဖြည်းသက်သာ သေရသော အချို့လူတို့ စုတေခါနီး ကာလ၌ ဆရာသမားကောင်း၊ ဆွေ ကောင်း မျိုးကောင်းများက အာရုံကောင်း ထင်လာဖို့ရာ ပြုပြင် ပေး ကြရမည်။ လူမမာသည် ယခု ရောဂါမှ လွတ်နိုင်တော့မည် မထင်လျှင် လူမမာ၏ အနီးအပါး၌ သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင် ပြုပြင်ရမည်။ ဘုရားကို ရည်စူး၍ ပန်းများကို ရေမွှေး ကောင်းကောင်း ဆွတ်ဖျန်းလျက် ရှူဒါန်းပူဇော် ထားရမည်။ ညဥ့်အခါဖြစ်လျှင် ဆီမီးတွေ ထိန်လင်း အောင် ညှိထွန်းထားရမည်။

ဂိလာနကိုလည်း "ပန်းတွေ၊ ဆီမီးတွေ (အမေ့အတွက်၊ အဖေ့အတွက်) ပူဇော်ထားပါသည်။ ကြည်ညိုဝမ်းမြောက်ပါ"ဟု ပြောရမည်။ အရွတ်အဖတ် ကောင်းကောင်းနှင့် ဓမ္မစကြာစသော တရားစာကို ရွတ်ဖတ်ရမည်။ ထိုသို့ ပူဇော်ရွတ်ဖတ်မှုကို စုတေခါနီး မိနစ်အနည်းငယ် အချိန်ကျမှ မဟုတ်ဘဲ ရက်အတော်ကြာကပင် ကြိုတင်၍ ပြုရမည်။ ဂိလာနကလည်း အားမငယ်ရ၊ ပြုစုသူ ဆွေမျိုး များလည်း ဝမ်းမနည်းရ။ ထိုကဲ့သို့ ပြုပြင်ခံနေရသူမှာ ထို ပန်း၊ ဆီမီး၊ အမွှေးနံ့၊ တရားသံကိုလည်းကောင်း၊ ဘုရားသံကို လည်းကောင်း အာရုံပြုကာ ရက်အတော်ကြာအောင် ကုသိုလ်တွေ အထုံရနေပါ လိမ့်မည်။

ထို့နောက် စုတေချိန် နီးကပ်လာသောအခါ ပန်း၊ ဆီမီး၊ အမွှေး၊ တရားသံတို့ကလည်း ရှိတုန်း၊ မျက်စိ၊ နားတို့ကလည်း မြင်တုန်း၊ ကြားတုန်းဖြစ်လျှင် ထိုအာရုံ တစ်ခုခု မပျောက်ခင်မှာပင် စုတေစိတ် ကျရောက်တတ်၏။ ထိုအခါ ထိုပန်း ဆီမီး စသည်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ပုဓော်သော ကုသိုလ်ကံက ကေန် အကျိုးပေးတော့မည်။ သုဂတိဘဝသို့ ကေန်မုချ ရောက်ရတော့မည်။ ဤသို့ အာရုံတိုက်ရိုက်ရှိတုန်း စုတေနိုင်အောင် ဆိုင်ရာဆွေမျိုးများမှာ ပြုပြင်ဖို့ တာဝန်ရှိသည်ကို လူတိုင်း သတိပြုသင့်သည်။ အရှင်သောဏ၏ ဖခင်ရဟန်းကြီးမှာ အရှင်သောဏတည်းဟူသော သားကောင်းက ပြုပြင်ပေးမှုကြောင့် ငရဲနိမိတ်များ ကွယ်ပျောက်၍ နတ်ပြည်နိမိတ်များ ထင်လာရသည်။

**ပဋိသန္ဓေစိတ်ဖြစ်ပုံ**

စုတေစိတ် ဖြစ်ပြီးနောက် ဘဝအသစ်၌ ပဋိသန္ဓေစိတ်ဖြစ်၏။ စုတေစိတ်နှင့် ပဋိသန္ဓေစိတ်တို့သည် ချက်ချင်းဆက်၏။ စုတေစိတ်နှင့် ပဋိသန္ဓေစိတ်တို့ အလယ်မှာ အချိန်ကာလ အကြားကလေးမျှ မခြားတော့ချေ။ ဘဝအသစ် ရောက်ဖို့ရာ ထိုမျှလောက်ပင် မြန်လှ၏။ လူ့ပြည်မှ စုတေ၍ နတ်ပြည်ရောက်သူဖြစ်ဖြစ်၊ ငရဲရောက်သူဖြစ်ဖြစ် စုတေပြီးသည်နှင့် တစ်ပြိုင်နက် ပဋိသန္ဓေစိတ်ဆက်ကာ ဆိုင်ရာ ဘဝအသစ်၌ ခန္ဓာအသစ် ထူထောင်မိလေသည်။

**မိစ္ဆာအယူ ၂ မျိုး**

တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့ရာ၌ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ၂ မျိုးလုံးမှ လွတ်ကင်း၍ သမ္မာဒိဋ္ဌိ အယူဖြစ်အောင် သတိထားရမည်။ ထို ဒိဋ္ဌိ ၂ မျိုးတွင် "ဘဝဟောင်း ရုပ်နာမ် ခန္ဓာအိမ်၌ အသက်ကောင်လေးရှိ၏။ ထို အသက်ကောင်ကလေး သည်ပင် ခန္ဓာအိမ် အသစ်လဲကာ ဘဝအသစ်၌ ပြောင်းရွှေ့၍ ဖြစ်၏" ဟူသော အယူသည် သဿတဒိဋ္ဌိတည်း။ [သဿတ =မပြတ်မစဲ အသက်ကောင်ကလေးမြဲ၏ဟူ၍ +ဒိဋ္ဌိ=ယူမှားခြင်း] "ဘဝဟောင်းက ရုပ်နာမ် အားလုံးသည် (သူတို့ထင်သော အသက် ကောင်နှင့်တကွ) ဘဝသစ်၌ လုံးဝ အဆက်အစပ် မရှိတော့။



သတ္တဝါ တစ်ယောက်သေလျှင် ဘဝဟောင်းက အရာဝတ္ထုတွေ အားလုံးပြတ်စဲ၏။ ဘဝသစ်၌ ထာဝရ ဘုရားရှင် ဖန်ဆင်းမှုကြောင့် အခြားသတ္တဝါ တစ်ယောက်သာ အသစ်ဖြစ်တန်လျှင် ဖြစ်ရသည်" ဟူသော အယူသည် ဥစ္ဆေဒဒိဋ္ဌိမည်၏။ [ဥစ္ဆေဒ=တစ်ဘဝတုံးလျှင် တစ်ဘဝ၏ ရုပ်နာမ်တွေ အားလုံးပြတ်၏။ နောက်ထပ် ဆက်သွယ်ခြင်း မရှိ + ဒိဋ္ဌိ=ယူမှားခြင်း]

**သမ္မာအယူ**

သတ္တဝါတို့၌ အဝိဇ္ဇာ၊ တဏှာ၊ ကံ ဤတရား သုံးပါးသည် ဘဝသစ်၌ ဖြစ်ဖို့ရာ အချုပ်အခြာတည်း။ သေခါနီး၌ အဝိဇ္ဇာသည် ဘဝသစ်၌ ရုပ် နာမ် ခန္ဓာ အပြစ်ကို မမြင်အောင်ဖုံးထား၏။ တဏှာက ထိုဘဝသစ်ကို တပ်မက်ခင်မင်လျက်ရှိ၏။ မကောင်း ဆိုးရွား ကြောက်မက်ဖွယ် ဂတိနိမိတ် ထင်လာစေကာမူ ထိုနိမိတ် တို့မှ လွတ်လပ်သော ဘဝကို ရလိမ့်မည်ထင်၏။ ထိုသို့ အဝိဇ္ဇာဖုံးထား သဖြင့် အပြစ်မမြင်နိုင်ဘဲ တဏှာက ညွတ်ကိုင်း စွဲလမ်းရာ ဘဝ အသစ်၌ ကံအစွမ်းကြောင့် ပဋိသန္ဓေဟု ခေါ်သော ရုပ်နာမ်တရားများ ရှေးဦးစွာ စ,တည်မိကြလေသည်။

ဤသို့ ဘဝသစ်၌ ပဋိသန္ဓေ ရုပ်နာမ်တို့သည် ဘဝ အဟောင်းက အဝိဇ္ဇာ၊ တဏှာ၊ ကံ ဟူသော အကြောင်းကြောင့် ဖြစ်ရကား "ဘဝဟောင်းနှင့် မဆက်စပ်ဘဲ ဘဝသစ်၌ (ထာဝရဘုရား စသူတို့၏ ဖန်ဆင်းမှုကြောင့်) အသစ်ဖြစ်ရ၏" ဟူသော ဥစ္ဆေဒ ဒိဋ္ဌိလည်း မမှန်။ "ဘဝဟောင်းက အသက်ကောင်လေးသည် ဘဝအသစ်သို့ ပြောင်းရွှေ့၍ ဖြစ်သည်"ဟူသော သဿတဒိဋ္ဌိလည်း အမှားပင်။ ဘဝဟောင်းက ရုပ်နာမ်တို့ ပြောင်းရွှေ့သွားဖို့ မဆိုထားဘဲ၊ တစ်ဘဝတည်းမှာပင် တစ်နေရာ၌ဖြစ်သော ရုပ်နာမ်တို့သည် တခြား

www.burmeseclassic.com

www.burmeseclassic.com



နေရာရောက်အောင် မပါနိုင်ကြ။ ဖြစ်ပြီးလျှင် ချက်ချင်းပျက်ရ၏။ အသက်ကောင်ဆိုသော အရာမှာ နဂိုကပင် မရှိချေ။

ထို့ကြောင့် ထို ဥစ္စေဒဒိဋ္ဌိ သဿတဒိဋ္ဌိ ၂ မျိုးလုံး မဖြစ်စေဘဲ ဘဝသစ်ဝယ် ပဋိသန္ဓေ ရုပ်နာမ်တို့ ပထမ ဖြစ်ပေါ်ရာ၌ ရှေးရှေးဘဝဟောင်းက အဝိဇ္ဇာ၊ တဏှာ၊ ကံ ဟူသော အကြောင်းကြောင့် တစ်မျိုးတစ်ဖုံ ရုပ်သစ်နာမ်သစ် ဖြစ်ရသည်ဟူသော အယူသာလျှင် သမ္မာအယူ (အယူမှန်)ဟု မှတ်ပါ။ ဥပမာ – တောင်၏ အနီးအပါး၌ ဟစ်အော်သော အသံသည် တောင်နံရံကို ထိခိုက်သော အခါ ပဲ့တင်သံဟုခေါ်သော အသံတစ်မျိုး ဖြစ်ပေါ်လာ၏။ ထို ပဲ့တင်သံ ဟူသည် မူလအော်သော လူ၏ အသံလည်းမဟုတ်၊ လူ့အသံနှင့် ကင်း၍ သူ့ဘာသာ ဖြစ်ပေါ်လာသော အသံလည်း မဟုတ်သကဲ့သို့တည်း။ [မီးတိုင်တစ်ခုမှ မီးကူးယူရာ၌ ဒုတိယ မီးတိုင်၏ မီးသည် ပထမ မီးတိုင်က မီးလည်းမဟုတ်၊ ပထမမီးနှင့် အဆက်အသွယ် မကင်းပုံကိုလည်း ဥပမာပြုကြပါကုန်။]

ဤစကားအရ ရှေးကံကောင်းလျှင် ယခုဘဝ ရုပ်နာမ် ကောင်း၏။ ရှေးကံ ညံ့လျှင် ယခုဘဝ ရုပ်နာမ်ညံ့၏။ "ဤဘဝ၌ အကောင်းအဆိုး အမျိုးမျိုးကို တွေ့ရသည်မှာ ရှေးဘဝက ပြုအပ်သော ကံ၊ ဤဘဝဉာဏ်၊ ဝီရိယတို့ကြောင့်သာဖြစ်၏"ဟု မှတ်ပါ။

## နိဂုံး

ဤမျှသော စကားအစဉ်ဖြင့် စုတေခါနီး၌ အဖြစ်အပျက်ကို ပြဆိုချက်များ ပြီးဆုံးပြီ။ "စုတေ" ဟု ဆိုသော်လည်း စုတေရုံဖြင့် ပြီးရသေးသည်မဟုတ်။ ဘဝအသစ်၌ တစ်မျိုးဖြစ်ဖို့ရာ စုတေပေး ရခြင်း ဖြစ်သောကြောင့် အသစ်ဘဝ၌ အဖြစ်လှဖို့ အရေးသည်



ယခု သေရေးထက်ပင် အရေးကြီး၏။ စုတေခါနီး၌ စိတ်ကောင်း ရှိအောင် ပြုပြင်ဖို့မှာလည်း မိမိကိုယ်တိုင်က သက်သာသော ရောဂါ ကိုရ၍ အနီးအပါး မိတ်ကောင်းဆွေကောင်း (ပြုပြင်ပေးတတ်သူ) လည်း ရှိမှ ပြုပြင်ခွင့်ရနိုင်မည်။ ထို့ကြောင့် သေခါနီးကျမှ ပြုပြင်လိုက်မည်ဟု အားခဲသော်လည်း အကြောင်းညီညွတ်ဖို့ မလွယ်ကူသောကြောင့် မသေမီ ရှေးမဆွကပင် ယခုဘဝ နေရေး သေရေးနှင့် နောက်ဘဝ အဆက်ဆက်ဝယ် နိဗ္ဗာန်အထိ အရေးကို အရှည်ကြီး မြော်မြင်၍ သူတော်စင် ဖြစ်နေမှသာ အရာရာ စိတ်ချဖွယ် ရှိပေသတည်း။

သေ့ရေး နေရေး၊ အရှည်အေးဖို့၊ လေးလေးနက်နက်၊ ဤအချက်ကို၊ ကွက်ကွက်ကွင်းကွင်း၊ ရေးရခြင်းကြောင့်၊ ခပင်း လူပေါင်း၊ အနေကောင်း၍၊ အဟောင်းအဖြစ်၊ စွန့်တဲ့လစ်ကား၊ အသစ် ဘဝ၊ အဖြစ်လှစေ၊ ငါ့အနေမူ၊ မသေမီရှေး၊ အတော်ဝေးက၊ နှောင်ရေးဆင့်ဆင့်၊ မြော်ခေါ်ချင့်လျက်၊ အသင့်စုဆောင်း၊ နိဗ္ဗူ အောင်းဖို့၊ အကောင်းပါရမီ၊ စုံပြည့်ညီသား၊ အလီလီပွား၊ ရင်းသူ များလည်း၊ ငါ့အားနည်းတူ၊ စုံအောင်ယူသည်၊ နိဗ္ဗူထုတ်ချောက် ရောက်ရန်သောဝ်။

စုတေခါနီး ဖြစ်ပျက်ပုံ ပြီးပြီ။

# နဝမအခန်း

[ဤအခန်း၌ ပဋိသန္ဓေစပ်၍ မှတ်ဖွယ်ပါသည်]

**ပဋိသန္ဓေခေါ်ပုံ**

အဋ္ဌမအခန်း၌ ပြခဲ့သော အစီအစဉ်ဖြင့် စုတေပြီးနောက် ကံအားလျော်စွာ ဘဝသစ်၌ ပထမဆုံး စိတ် စေတသိက်နှင့် ရုပ်များ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြလေသည်။ ထို ပထမဆုံး ဖြစ်သော စိတ် စေတသိက် ရုပ်များကိုပင် "ပဋိသန္ဓိ" မြန်မာလို "ပဋိသန္ဓေ တည်နေခြင်း" ဟု ခေါ်သည်။ ထို ပဋိသန္ဓိဟူသော ပါဠိစကား၌ ဘဝဟောင်း အပြတ်တွင် "ဆက်စပ်၍ ဖြစ်ခြင်း" ဟုဆိုလိုသည်။

**ပဋိသန္ဓေ ၄ မျိုး**

ထို ပဋိသန္ဓေ စိတ် စေတသိက် ရုပ်များသည် ကံကြောင့် ဖြစ်ရကား ကံအမျိုးမျိုးလိုက်၍ သြပပါတိက ပဋိသန္ဓေ၊ သံသေဒဇ ပဋိသန္ဓေ၊ အဏ္ဍဇ ပဋိသန္ဓေ၊ ဇလာဗုဇ ပဋိသန္ဓေ ဟု ၄ မျိုး ပြား၏။

**သြပပါတိကပဋိသန္ဓေ**

ခန္ဓာကိုယ် အထင်အရှားဖြစ်သော ပဋိသန္ဓေတည်း။ နတ် ဗြဟ္မာ ငရဲသူငရဲသား ပြိတ္တာ အသုရကာယ်တို့သည် ဤ ဥပပါတ် ပဋိသန္ဓေ နေရကား မိခင်ဝမ်းတွင်း၌ အောင်းဖွယ်မလို။ ပဋိသန္ဓေ စိတ် စေတသိက်ရုပ်များ ဖြစ်သည်နှင့် တစ်ပြိုင်နက် သူတို့နေရမည့် ဗိမာန် တော တောင် မြစ် သမုဒ္ဒရာ ကမ်း စသော အရပ်များ၌ သူတို့၏ နဂိုအရွယ်အတိုင်းပင် ကြီးကြီးမားမား အထင်အရှား ဖြစ်သည်။ ကမ္ဘာဦးလူများလည်း ဤ သြပပါတိက ပဋိသန္ဓေ နေသူများပင်ဖြစ်သည်။ ဤ သြပပါတိက ပဋိသန္ဓေကို "ဥပပါတ် ပဋိသန္ဓေ"ဟုလည်း ခေါ်သည်။

**သံသေဒဇပဋိသန္ဓေ**

ငြိတွယ်၍ ဖြစ်လောက်သော အရပ်၌ ကပ်ငြိတွယ်တာ၍ ဖြစ်ရသော ပဋိသန္ဓေတည်း။ ဤ သံသေဒဇ ပဋိသန္ဓေ နေရသူကား အလွန်သေးငယ်သော အရွယ်မှစ၍ တဖြည်းဖြည်း ကြီးပွားရ၏။ ထို သံသေဒဇမျိုးတွင် ပိုး လောက်စသော သတ္တဝါတို့သည် မစင် ပုပ် ငါးပုပ် စသော ပုပ်နံသော အရာဝတ္ထုများဝယ် ငြိတွယ်၍



ဖြစ်ကြ ရသည်။ ပဒုမဝတီမိဖုရားသည် ပဒုမ္မာကြာပန်းဝယ် ငြိတွယ်၍ ဖြစ်ရ၏။ ဝေဠုဝတီမိဖုရားသည် ဝါးလုံးအတွင်းဝယ် ငြိတွယ်၍ ဖြစ်ရ၏။ ဘုရားကို စွပ်စွဲသော "စိဉ္စမာန"ဟု ခေါ်သော စိဉ္စမာနဝိကာသည် မန်ကျည်းပင်ဝယ် ငြိတွယ်၍ ဖြစ်ရ၏။ ဤသို့ စသည်ဖြင့် သံသေဒဇ ပဋိသန္ဓေနေသော သန္ဓေသူ လူတွေ အတော်များစွာ ရှိလေသည်။

**အဏ္ဍဇပဋိသန္ဓေ**

အမိဝမ်းတွင်းဝယ် ဥခွံ၌ ဖြစ်ရသော ကြက် ငှက် စသော သတ္တဝါတို့သည် အဏ္ဍဇပဋိသန္ဓေနေရသော သတ္တဝါများတည်း။ ဇာတ်နိပါတ် ရာဇဝင်များ၌ လူအချို့လည်း နဂါးမနှင့် အကြောင်းပါ၍ အဏ္ဍဇပဋိသန္ဓေ တည်နေပြီးလျှင် လူသတ္တဝါ ဖွားမြင်ကြောင်းကို အဆိုရှိလေသည်။

**ဇလာဗုဇပဋိသန္ဓေ**

အမိဝမ်းတွင်းသားအိမ်၌ ဖြစ်ကြရသော လူ မြင်း ကျွဲ နွား စသော သတ္တဝါတို့သည် ဇလာဗုဇပဋိသန္ဓေ နေသော သတ္တဝါများတည်း။ ဘုမ္မစိုး ရုက္ခစိုး ဟု ခေါ်ရသော အောက်နတ်တို့တွင် အချို့နတ်များလည်း ဇလာဗုဇပဋိသန္ဓေနေရသည်။ [အဏ္ဍဇနှင့် ဤ ဇလာဗုဇ ၂ ပါးကို ဂဗ္ဘသေယျက= ပဋိသန္ဓေ နေသူများဟုလည်း ခေါ်၏။ ဂဗ္ဘ=အမိဝမ်းတွင်း၌+ သေယျက=ကိန်းရသူ]

**ပဋိသန္ဓေနေခြင်း၏အကြောင်း ၃ ပါး**

သံသေဒဇ၊ ဥပပါတ် ပဋိသန္ဓေ နေရသူတို့သည် မိဘနှင့် မစပ်ဘဲ မိမိတို့ ကံသက်သက်ကြောင့် ဖြစ်ရကား ပဋိသန္ဓေ နေရခြင်း အကြောင်းကို ရှာဖွယ်မလို။ ဂဗ္ဘသေယျက သတ္တဝါတို့မှာ အမိဝမ်း၌ ဖြစ်ရသောကြောင့် "ဘယ်လို အကြောင်းစုံမှ အမိဝမ်း၌

www.burmeseclassic.com

www.burmeseclassic.com



ကိန်းအောင်းနိုင်ကြသနည်း”ဟု မေးဖွယ်ရှိ၏။ အဖြေကား (၁) မိခင်လောင်း၏ ရာသီပန်း ပွင့်ပြီးခါစဖြစ်၍ သားအိမ်စင်ကြယ်ခြင်း၊ (၂) မိဘလောင်း ၂ ဦးတို့ ပျော်မြူးပေါင်းသင်းခြင်း၊ (၃) သန္ဓေတည်မည့်သူငယ်လောင်းက ဘဝဟောင်းမှ စုတေခြင်း၊ ဤအကြောင်း ၃ ပါးစုံမှ ပဋိသန္ဓေ တည်နေနိုင်သည်။ ဤအရာ၌မိဘ ၂ ဦးတို့ တစ်ကြိမ် တစ်ခါမျှ ပျော်မြူးလျှင် ၇ ရက်အတွင်း၊ သို့မဟုတ် ၁၅ ရက်အတွင်း သန္ဓေတည်ခွင့် ရှိသည်ဟု ကျမ်းစာတို့၌ ဆိုကြသည်။ ဤကား ယခုကာလ အများအပြား ဖြစ်ရသော ပဋိသန္ဓေတည်နေရိုးတည်း။

**အလွန်ထူးဆန်းသောတချို့အကြောင်း**

မိဘ ၂ ဦးတို့ ထိထိရောက်ရောက် ပျော်မြူးခြင်း မရှိကြသော်လည်း ပဋိသန္ဓေ တည်နေနိုင်၏။ အလောင်းတော် သုဝဏ္ဏသာမ (သုဝဏ္ဏသျှံ) ၏ မိခင်သည် ပန်းပွင့်ခါစ အခါဝယ် ခမည်းတော်က ချက်ကို သုံးသပ်ရုံမျှဖြင့် သန္ဓေရ၏။ စဏ္ဍပဇ္ဇောတမင်း၏ မိခင်သည် ပန်းပွင့်ခါစဝယ် ကင်းလျှောက်သွားသည်ကို သာယာမိရုံမျှဖြင့် သန္ဓေရ၏။ ဖျိုင်းအောက်တို့သည် မိုးဦးအခါ တောင်လေလာသည်ကို သာယာသဖြင့် သန္ဓေရကြ၏။ ဘုရားရှင် လက်ထက်တော်က ဘိက္ခုနီမ တစ်ဦးသည် ယောကျ်ားဟောင်း ရဟန်း၏ သင်းပိုင်မှ သုက်ကို စုပ်ယူမိ၍ သန္ဓေရ၏။ ရသေ့တစ်ဦး၏ သုက်နှင့် ရောသော ကျင်ငယ်ရည်ကို သောက်မိ၍ သမင်မ၌ သန္ဓေရလျက် ဣသိသိင်္ဂ သတို့သားကို ဖွားမြင်ခဲ့ရ၏။ ထိုအကြောင်းများက တစ်ခါတစ်ရံမှ အထူးအဆန်း ဖြစ်ရသော အဖြစ်မျိုးတည်း။

**ကလလရည်ကြည်**

ပဋိသန္ဓေစိတ် စေတသိက်နှင့်အတူ ရုပ်ကလေးများ ပါရှိ



၏။ ထိုရုပ်ကလေးများကို “ကလလရည်ကြည်”ဟု ခေါ်ကြ၏။ “ထိုကလလရည်ကြည်ကား မြောက်ကျွန်းသူတို့၏ ဆံပင်ကို အလွန်ကြည်သောဆီတွင် နှစ်၍ ထိုဆံပင်ဖျား၌ ပါလာသော ဆီကြည်ကလေးမျှ ပမာဏရှိ၏” ဟု ဆိုသည်။ ထိုရည်ကြည်သည် ရှေးကံ၏ အစွမ်းကြောင့် ဖြစ်ရသော ရုပ်ကလေးသာတည်း။ မိဘတို့ သုက် သွေးမဟုတ်။ ထို သုက်သွေးကား ထိုကလလရည်ကြည်ကလေးကို ထောက်ပံ့ရုံသာ ဖြစ်သည်။

**မိဘတို့ သုက်သွေးကကျေးဇူးပြုပုံ**

ဤဆိုခဲ့ပြီးသော စကားအရ ရှေးကံအစွမ်းကြောင့် အမိဝမ်းမှာ ကလလရည်ကြည် သန္ဓေတည်ရသော်လည်း မိဘတို့၏ သုက်သွေး အရေးတကြီး ထောက်ပံ့လျက် ရှိသည်ဟု သိသာပြီ။ ထို ကလလရည်ကြည်သည် မျိုးစေ့နှင့်တူ၏။ မိဘတို့၏ သုက်သွေးကား မြေဩဇာ ရေမြေများနှင့် တူ၏။ ထို ကလလရည်ကြည်ကို ဖြစ်စေသော ရှေးဘဝကံမှာ မျိုးစေ့ကို စိုက်ပျိုးသူနှင့် တူပေသည်။ သို့အတွက် ကလလရည်ကြည် သန္ဓေတည်ဖို့ရာ စင်ကြယ်သော သားအိမ်နှင့် အနာရောဂါ အပြစ်အဆာ ကင်းစင်သော သုက်သွေးကောင်းများ အရေးတကြီး လိုလားအပ်ပေသည်။ ဘာကြောင့်နည်း။ သားအိမ်နှင့် သုက်သွေး၌ ရောဂါ မကင်းလျှင် ထို သန္ဓေသူငယ်သည် ကျန်းကျန်းမာမာနှင့် ကြီးပွားနိုင်ဖွယ် မရှိသောကြောင့်တည်း။

ထို့ပြင် မြေနီတွင်း၌ အောင်းနေရသော ဖွတ်သတ္တဝါ၏ အဆင်းသည် နီ၍ မြေနက်တွင်း၌ အောင်းနေရသော ဖွတ်သတ္တဝါ၏ အဆင်းသည် နက်သကဲ့သို့ မိဘတို့ သုက်သွေး ၌ ငြိတွယ်နေသော သန္ဓေသူငယ်၌ မိဘတို့ သုက်သွေးမှ ဥတုဇရုပ်များ ဆက်သွယ်လျက် ရှိသောကြောင့် မိဘတို့၏ အဆင်းနှင့် သူငယ်၏ အဆင်းသည်

www.burmeseclassic.com

www.burmeseclassic.com



တူကြရိုးပင်ဖြစ်၏။ လက်ခြေ ပုံသဏ္ဌာန်များလည်း တူတတ်ကြ၏။ အဆင်းပုံသဏ္ဌာန် သာမက မိဘတို့၏ စိတ်နေစိတ်ထား သတ္တိဗျတ္တိ အကြံဉာဏ်များလည်း သားသမီးတို့၌ ကူးစက် ပြန့်ပွားတတ်သည်။

ဤသို့ စိတ်ဓာတ်ချင်း ကူးစက်လာခြင်းကား သန္ဓေတည်စကပင် မိဘတို့၏ စိတ္တ ပစ္စယ ဥတုဇရုပ်များက ကူးစက်နေခြင်းကြောင့်လည်း ဖြစ်နိုင်၏။ ဖွားမြင်ပြီးနောက် မိဘတို့ စိတ်နေစိတ်ထား အပြုအမူများကို တွေ့ရဖန်များသဖြင့် အတုယူမိခြင်းကြောင့်လည်း ဖြစ်နိုင်၏။ ထို့ကြောင့် ကောင်းမြတ် ထက်မြက်သော အမျိုးမှ ကောင်းမြတ် ထက်မြက်သော သားသမီးများ ထွန်းကား၍ မသန့်သော အမျိုးမှ အညံ့စား သားသမီးများ ဖြစ်ပွားတတ်သောကြောင့် ၂ဖက်လုံးပင် အမျိုးကောင်း၍ မိဘ ၂ ဦး၏ အထူးစင်ကြယ်သော သားသမီးကလေး ဖြစ်ဖို့အကြောင်း အကောင်းဆုံး ခန္ဓာကိုယ်ကလေးပင်တည်း။

အမှာ။ ။ရှေးစာအုပ်များ၌ "ငှက်ပျောပင်စိုက်၊ မိလိုက် ဖပါ"ဟု ဥပမာပြု၍ ရေးသားခဲ့သော်လည်း ထို ဥပမာ၏ အဓိပ္ပာယ် မှာ "မင်းမျိုးဖြစ်သူ၏ ကိစ္စ၌သာ ငှက်ပျောပင် စိုက်ရသည်"ဟု ဆိုလိုသတတ်။ ထို့ကြောင့် ဤနေရာ၌ မသုံးဘဲထားသည်။

**ပုဂ္ဂိုလ် ၄ မျိုးပြားပုံ**

ပဋိသန္ဓေတည်သောအခါ တချို့ပုဂ္ဂိုလ်က အပါယ်ဘုံ၌ တည်ရ၏။ ထိုအပါယ်ဘုံသားများကို ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဟု ခေါ်၏။ [ဒုဂတိ = မကောင်းသောဂတိ (ဘဝ) ၌ + အဟိတ် = ပဋိသန္ဓေစိတ်မှာ အလောဘ၊ အဒေါသ၊ အမောဟ ဟူသောဟိတ်များ မပါသော ပုဂ္ဂိုလ်။] လူနှင့် လူ့ပြည်၌ရှိကြသော အချို့နတ်ငယ်ကလေးများ၌လည်း ထိုကဲ့သို့ အဟိတ်ပုဂ္ဂိုလ်များရှိ၏။ ထိုပုဂ္ဂိုလ်များကို သုဂတိ



အဟိတ်ပုဂ္ဂိုလ်ဟုခေါ်၏။ [သုဂတိ = ကောင်းသောဂတိ၌ + အဟိတ် = ပဋိသန္ဓေစိတ်မှာ ဟိတ် ၃ မျိုးမပါသူ။] ဒွိဟိတ် တိဟိတ် ၂ မျိုးကို နောက်၌ပြအံ့။

**သုဂတိအဟိတ်လူ**

ထိုပြခဲ့သော "သုဂတိအဟိတ်" လူတို့သည် အလွန်ညံ့သော ကုသိုလ်ကံကြောင့် လူ့ဘဝ၌ဖြစ်လာရကား အကန်း၊ အအ (စကားမပြောသူ)၊ အဆွံ့ (မသွားနိုင်သူ)၊ အထိုင်း (နားထိုင်းသူ)၊ အဖျင်းအညံ့ (အရှေ့အနောက် တောင်မြောက်၊ ပဲ မူး မတ် စသည်ကိုမျှ သင်ပြ၍ နားမလည်နိုင်သူ)၊ နပုန်းပဏ္ဍုက် (ယောက်ျားအင်္ဂါ မိန်းမအင်္ဂါ လုံလုံလောက်လောက်မပါသူ)၊ ဥဘတောဗျည်း (ယောက်ျားအင်္ဂါ မိန်းမအင်္ဂါ ၂ မျိုးလုံး ပါနေသူ) ဤသို့စသည်ဖြင့် လူတန်းမစေ့သူများ ဖြစ်ကြလေသည်။

**သုဂတိ အဟိတ်နတ်များ**

ထိုနတ်များလည်း သေးသိမ်သော ရှေးကုသိုလ်ကံကြောင့်ဖြစ်ရ၏။ "နတ်" ဆိုရရုံသာ။ တန်ခိုးမရှိ ဘုံဗိမာန် သီးခြားမရှိ။ ဘုမ္မစိုး ရုက္ခစိုးဟုခေါ်သော နတ်ကြီးများကိုမှီခို၍ ထိုနတ်ကြီးများ၏ ဗိမာန်အနီးအပါး၌ နေကြရသည်။ အစားအသောက်လည်း ကျကျနနမရှိ။ အစိမ်းတစ္ဆေများကဲ့သို့ ထမင်းလုံးဟင်းပေါက်ကို ကောက်ယူစားသောက်ကြရ၏။ တစ်ခါတစ်ရံ သမာဓိနည်းပါးသော မိန်းမများနှင့် ကလေးများကို ခြောက်လှန့်ပူးကပ်၍ ထိုသူတို့ပစ်အပ်သော တစ္ဆေစာ (ခေါ်စာ) ကိုပင် စားသောက်ကြရသည်။ အမျိုးအစားအားဖြင့် စတုမဟာရာဇ်နတ်မျိုးပင်တည်း။ လူ့ပြည်၌ လူဆင်းရဲဖြစ်သော်လည်း တချို့မှာ ပညာအရည်အချင်း ရှိတတ်သကဲ့သို့ ငါ့အတူ ထိုနတ်ဆင်းရဲများတွင်လည်း သုဂတိမဟုတ်ဘဲ ပြလတ္တံ့သော ဒွိဟိတ်

www.burmeseclassic.com

www.burmeseclassic.com



တိဟိတ်နတ်များလည်း ရှိကြရုံသာမက ဘုရားရှင်လက်ထက်တော်ကမူ ထိုကဲ့သို့သော နတ်ဆင်းရဲအများပင် မဂ်ဖိုလ်ကို ရကြပေသေးသည်။

**ဒွိဟိတ်ပုဂ္ဂိုလ်**

ဒါနခန်း၌ ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်၊ တိဟိတ်ဩမက ကုသိုလ်ဟုပြခဲ့ပြီ။ ထို ကုသိုလ်ကံကြောင့် လူ့ဘုံ နတ်ဘုံမှာ ဖြစ်သော်လည်း ကုသိုလ်ပြုစဉ်က အမောဟဟုခေါ်သော ဉာဏ်ပညာနှင့်ယှဉ်၍ မပြုမိခဲ့သောကြောင့်သော်လည်းကောင်း၊ ဉာဏ်ပညာပါသော်လည်း မထက်သန်၊ ထက်သန်သော်လည်း မိမိ၏ကုသိုလ်ကို ပြန်၍စိတ်ပျက်ဤအချက်များကြောင့်သော်လည်းကောင်း ပဋိသန္ဓေစိတ်၌ အလောဘ အဒေါသ ဟိတ် ၂ မျိုးသာပါသော ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်ရလေသည်။

ပြခဲ့သော အဟိတ်ပုဂ္ဂိုလ် ၂ မျိုးနှင့် ဤ ဒွိဟိတ်ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေစိတ်ဟူသော မျိုးစေ့က ညံ့ဖျင်းသောကြောင့် ထိုဘဝ၌ ဈာန်မဂ်ဖိုလ်များ ရခွင့်မရှိကြတော့။ သို့သော် ကမ္မဋ္ဌာန်းအားထုတ်လျှင် နောင်ခါ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ဖို့အကြောင်း ကောင်းမြတ်သော ကုသိုလ်ဖြစ်သည့်အပြင် အထုံပါသဖြင့် ဈာန်မဂ်ဖိုလ်လည်း ရလွယ်နိုင်သောကြောင့် ယခုဘဝ မရသော်လည်း ကြိုးစား၍ အားထုတ်မိအောင် သတိပြုကြရမည်။

**တိဟိတ်ပုဂ္ဂိုလ်**

ဒါနခန်း၌ ပြခဲ့ပြီးသော တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်စိတ်ကြောင့် လူ့ပြည်နတ်ပြည်ဝယ် ဖြစ်ရသောအခါ ပဋိသန္ဓေစိတ်၌ (အလောဘ အဒေါသ အမောဟ) ဟိတ် ၃ပါးပါသော တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရ၏။ ထိုပုဂ္ဂိုလ်မျိုးကား တတ်သိနားလည်၏။ ကြိုးစားလျှင် ဈာန်ကိုရနိုင်၏။ ပါရမီပြည့်လျှင် မဂ်ဖိုလ်ကိုလည်း ရနိုင်သည်။ ယခုကာလ



တိဟိတ်ပုဂ္ဂိုလ်တို့ ပေါများ၏။ စည်းကမ်းကျအောင် အားမထုတ်ကြ၍သာ တရားထူးမရဘဲ ရှိကြရလေသည်။ ဤသို့လျှင် ပဋိသန္ဓေစိတ်ရင်းက ကွဲပြားခဲ့သောကြောင့် ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်အားဖြင့် ပုထုဇဉ် ၄ မျိုး ကွဲပြားရသည်။

**အရိယာရှစ်ယောက်**

ထိုတိဟိတ်ပုထုဇဉ်သည်ပင် တရားအားထုတ်၍ သောတာပတ္တိမဂ်ကိုရလျှင် (၁) သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်ဖြစ်သည်။ သောတာပတ္တိဖိုလ်ကိုရလျှင် (၂) သောတာပတ္တိ ဖလဋ္ဌ "သောတာပန်ပုဂ္ဂိုလ်" ဖြစ်၏။ ဤနည်းအတိုင်း အထက် မဂ် ဖိုလ်များကို အဆင့်ဆင့်ရလျှင်

၃။ သကဒါဂါမိမဂ်ရပုဂ္ဂိုလ်၊ ၄။ သကဒါဂါမိဖိုလ်ရပုဂ္ဂိုလ်၊
၅။ အနာဂါမိမဂ်ရပုဂ္ဂိုလ်၊ ၆။ အနာဂါမိဖိုလ်ရပုဂ္ဂိုလ်၊
၇။ အရဟတ္တမဂ်ရပုဂ္ဂိုလ်၊ ၈။ အရဟတ္တဖိုလ်ရပုဂ္ဂိုလ်ဖြစ်၏။

[၈–နံပါတ် ပုဂ္ဂိုလ်ကို "ရဟန္တာ" ဟုခေါ်၏။ ပစ္စေကဗုဒ္ဓါနှင့် ဘုရားရှင်သည်လည်း ဉာဏ်အထူးရတော်မူသော ဤရဟန္တာများပင် ဖြစ်ပါသည်။]

**ကံသာအမိ ကံသာအဖ**

မိမိပြုသောကံသည် မိမိကို ပဋိသန္ဓေစိတ်ရင်းကပင် ကွဲပြားအောင် ပြုရုံသာမက ရုပ်အဆင်း ကွဲပြားအောင်၊ အမျိုးအဆွေကွဲပြားအောင်၊ ချမ်းသာဆင်းရဲ ကွဲပြားအောင်လည်း မိမိကံကပင် မိမိကို စီမံလိုက်သည်။ ထင်ရှားစေအံ့– လူတစ်ယောက်သည် ကုသိုလ်ကံကို ဉာဏ်နှင့်ယှဉ်လျက် ထက်ထက်သန်သန်ပြု၏။ လူတစ်ယောက်ကား ကုသိုလ်ကိုမပြု။ ပြုသော်လည်း ထက်ထက်သန်သန်မဟုတ်။ ထိုသူ ၂ ယောက်တို့ လူ့ပဋိသန္ဓေ နေကြရလျှင် ကုသိုလ်ရှင်က

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသော အမိဝမ်း၌ ပဋိသန္ဓေနေရ၏။ မိခင်သည် လိမ္မာနားလည်သူဖြစ်လျက် ကိုယ်ဝန်ကလေး မဆင်းရဲလေအောင် အထိုင်အထသတိထား၏။ ပူလွန်း စပ်လွန်းသောအစာနှင့် အေးလွန်းသော အစာကို ရှောင်ကြဉ်၏။

ကုသိုလ်နည်းပါးသောသူကား ဆင်းရဲသူမဝမ်း၌ သန္ဓေတည်ရ၏။ ထိုဆင်းရဲသူမသည် အရာရာဝယ် တတ်သိနားလည်သူမဟုတ်ချေ။ နားလည်ပြန်လျှင်လည်း ရှောင်ကြဉ်ဖွယ်ဟူသမျှကို ရှောင်ဖို့ရာ ဥစ္စာနေမရှိသောကြောင့် အပူအစပ်၊ အေးလွန်းသော အစာများကိုလည်း မရှောင်နိုင်ရာ။ ကိုယ်ဝန်သူငယ်မှာ အမိက အလွန်ပူစပ်သောအစာများကို စားလိုက်လျှင် ငရဲကျသလို ပူလောင်ရှာ၏။ အလွန်အေးသော အစာကိုစားလိုက်လျှင် လောကန္တရိက် ငရဲကျသလို အေးရရှာတော့၏။ ရုတ်တရက် (ကပျာကယာ) ထိုင်လိုက် ထလိုက်လျှင်လည်း ဆွဲ၍ဆောင့်သလို ပင်ပန်းရှာ၏။ [ဤကား ကျမ်းစာတို့၌ပြအပ်သော အချို့သောဒုက္ခများသာ ဖြစ်သေး၏။ သားငယ်၏ ကံမကောင်းမှုကြောင့် အမိဖြစ်သူမှာလည်း မသက်မသာ ကိုယ်ဝန်ဆောင်ရ၊ ဖွားမြင်ရသည်။]

ထိုကဲ့သို့ အမိဝမ်း၌ အောင်းနေစဉ်ကပင် ဆင်းရဲချမ်းသာသည် ခြားနားလေပြီ။ ထို့နောက် ဖွားချိန်သို့ရောက်လျှင် ကုသိုလ်ရှင်မှာ လက်သည်ကောင်းတို့ဖြင့် သက်သာနိုင်သလောက် သက်သာအောင် ဖွားမြင်၍ အပြင်ရောက်သောအခါ နူးညံ့သော ဖလန်နယ် စသည်တို့ဖြင့် ကျကျနန ပြုစုကြသောကြောင့် သက်သာခွင့်ရ၏။ ကုသိုလ်နည်းသူကား လက်သည်ကောင်းမရသဖြင့် ကျဉ်းမြောင်းသော ကြွက်တွင်းမှ ကြွက်ကလေးတိုး၍ ထွက်ရသလို အလွန်ပင်ပန်းစွာ ထွက်လာခဲ့ရသည့်အပြင် ဖွားမြင်ပြီးသောအခါ၌လည်း အပြုအစု ကောင်း



ကောင်းမရ၊ အဝတ်ကြမ်းတို့ဖြင့် ကိုင်ယူကြသောကြောင့် အနာကို ကြက်တောင်နှင့်ဆွသလို မချိမဆံ့ ခံရလေတော့သည်။

ထိုကဲ့သို့ ချမ်းသာဆင်းရဲ ကွဲပြားရုံဖြင့်မပြီးသေး။ ကုသိုလ်ရှင်သူငယ်မှာ အမိနို့ရည်ကောင်းကို လုံလုံလောက်လောက် ရသည့်အပြင် အခြားသော နို့မှုန့်နှင့် ကျန်းမာရေး ဆေးကောင်း ဆရာကောင်းတို့က စောင့်ရှောက်ကြသဖြင့် ကျန်းကျန်းမာမာရှိရုံသာမက အဘိုးအဘွား အဒေါ် အရီး ကြီးကြီး ငယ်ငယ်စသူတို့က ချော့ကြမြှူကြ ယုယကြသဖြင့် ချမ်းသာချင်တိုင်း ချမ်းသာခွင့်ရတော့၏။ ကုသိုလ်နည်းပါးသော သူငယ်ကား မိခင်၏နို့ရည်ကောင်းကိုလည်း မရ။ ဆေးကောင်းဝါးကောင်း ဆရာကောင်းကို မဆိုထားနှင့်။ အဘိုး အဘွားစသူတို့ကပင် ခင်ခင်မင်မင် မယုယလိုကြ။ မိခင်လုပ်သူမှာ ကလေးအနားက မခွာလိုပါသော်လည်း ကလေးကို အဆာပြေရုံသာ နို့တိုက်ပြီးနောက် စားရေး သောက်ရေးအတွက် ဈေးလည်၍သော်လည်းရောင်းရ၊ ကူလီသော်လည်း လုပ်ရသဖြင့် လူမမယ် ကလေးမှာ ပစ်စလက်ခတ် နေရရှာတော့သည်။

## နို့ဂုံး

ဤသို့လျှင် ကလေးအရွယ် လူမမယ်ဘဝ ဉာဏ်ဝီရိယကူလျက် ဥစ္စာမရှာနိုင်သေးခင်က ရှေးကံချင်း ခြားနားသည့်အတွက် ဆင်းရဲချမ်းသာကွဲပြားရပုံကို စုံစုံလင်လင်ကြီးသိထား၍ "မျက်နှာကြီးရာ ဟင်းဖတ်ပါတတ်သော" ဤလောကကြီးတွင် မျက်နှာကြီးသူတို့၌ ဟင်းဖတ်ပါနေသည်ကို အပြစ်မြင်၍ မနေသင့်ပေ။ ရှေးရှေးဘဝ၌ ကံပြုစဉ်ကာလ မိမိကိုယ်တိုင် အသိဉာဏ်ပြင်းလျက် ညံ့ဖျင်းစွာ ပြုခဲ့မိပုံကိုသာ အပြစ်တင်၍ မိမိကိုယ်တိုင် မျက်နှာကြီး

www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်ဖြစ်အောင် ကြိုးစားကြဖို့ လိုပါသည်။

ထိုကဲ့သို့ ကိုယ်တိုင်တော့မကျင့်ပါဘဲ သူတစ်ပါး မျက်နှာကြီးသည်ကို မနာလိုကြပါလျှင် နောင်ဘဝအဆက်ဆက်၌ သာ၍ဒုက္ခတွင်းနက်ဖို့သာရှိသောကြောင့် ဤကျမ်းစာကြည့်ရှုသူများနှင့် ငါ၏ အတွင်းလူဟူသမျှတို့ သန္တေကောင်းရဖို့ရန် ယခုနှယ်က ကြိုးစားကြပါစေသား။

သန္တေတည်ခြင်း၊ ဤအခင်းကို၊ ရှင်းလင်းခွဲခြား၊
ရေးသည်အားကြောင့်၊ အများလူပေါင်း၊ သန္တေကောင်းဖို့၊
အကြောင်းလှစေ၊ ငါ့အနေမူ၊ ဘဝေဘဝ၊ ဖြစ်သမျှ၌၊ အောက်
ကျည့်ဖျင်း၊ သန္တေကင်း၍၊ ထန်ပြင်းလုံ့လ၊ ဉာဏ်ရောင်ရ
လျက်၊ ကမ္ဘာထက်ကောင်း၊ နိဗ္ဗာန်ပြောင်းဖို့၊ အကြောင်းဆင့်
ဆင့်၊ ကုန်အောင်ကျင့်သား၊ ငါနှင့်ဆက်သွယ်၊ ကြီးကြီး
ငယ်လည်း၊ ငါ့နှယ်နည်းတူ၊ သန္တေယူသည်။ နိဗ္ဗူထုတ်
ချောက် ရောက်ရန်သောဝ်။

ပဋိသန္ဓေနှင့်စပ်၍ မှတ်ဖွယ်ပြီး၏။

## ဒသမအခန်း

[ပဋိသန္ဓေတည်စကပင် ကလလရေကြည်ခေါ် ရုပ်ခန္ဓာကိုယ်ကလေး ပါဝင်ခဲ့သောကြောင့် တစ်ဘဝလုံးအတွက် ရုပ်ခန္ဓာကိုယ်၏ အဖြစ်အပျက်ကို နားလည်သင့်ကြပေသည်။ ထို့ကြောင့် ဤအခန်း၌ ရုပ်နှင့်စပ်၍ မှတ်ဖွယ်များကို ပြမည်။]

**ရုပ်ခေါ်ပုံ**

"ရုပ" ဟူသော ပါဠိကို မြန်မာလို "ရုပ်" ဟုခေါ်၏။



"ဖောက်ပြန်တတ်သော သဘောတရား" ဟုဆိုလိုသည်။ ဖောက်ပြန်ခြင်း၏ အကြောင်းကား – အအေးအပူ စသောအားဖြင့် များစွာရှိ၏။ ထိုတွင် အအေးကြောင့် ရုပ်ဖောက်ပြန်ပျက်စီးပုံကား ဆောင်းအခါ အသားအရေကွဲခြင်း၊ အလွန်ချမ်းသောအခါ အသားအရေ ညိုမည်းခြင်း၊ အအေးမိ၍ ဖျားခြင်း၊ လောကန္တရိက် ငရဲသားတို့၏ ကမ္ဘာကိုခံသော ရေသို့ကျ၍ မွမွကြေရခြင်း စသည်များတည်း။ အပူကြောင့် ဖောက်ပြန်ပျက်စီးပုံမှာ – နေပူထဲ၌ သွားသောအခါ အသားအရေ နီမြန်းခြင်း၊ နေပူမီးလောင်၍ ညိုမည်းခြင်း၊ အပူမိ၍ ဖျားခြင်း၊ သဲကန္တာရစသည်၌ အပူမိ၍ သေရခြင်း စသည်များတည်း။ ထို့ပြင် မှက် ခြင် စသည်ကြောင့် အဖုအပိမ့်ထခြင်း၊ မြွေ ကင်းကိုက်၍ အနာဖြစ်ခြင်း၊ သေခြင်း၊ ထမင်းဆာ ရေငတ်ခြင်း စသည်တို့ကြောင့် ခြောက်ကပ်နေခြင်း၊ သေခြင်း စသည်များလည်း ရုပ်၏ ဖောက်ပြန်ပျက်စီးခြင်းပင်တည်း။

**[ဆောင်]** ပူ, အေး ထန်ပြင်း၊ မြွေ၊ ခြင်၊ ကင်းနှင့်၊ ထမင်း၊ ရေ
ဆာ၊ ကြောင်းများစွာကြောင့်၊ သိသာ ဖောက်ပြား၊ ထို
တရား၊ မှတ်သားရုပ် ဟုခေါ်။

[ရုပ် ၂၈ ပါး ရှိသော်လည်း အရေးကြီးသော ၁၉ ပါးကိုသာပြမည်။]

**မဟာဘုတ် (ဓာတ်ကြီး) ၄ ပါး**

၁။ ပထဝီဓာတ်    ၂။ အာပေါဓာတ်
၃။ တေဇောဓာတ်    ၄။ ဝါယောဓာတ်

**ပသာဒရုပ် ၅ ပါး**

၅။ စက္ခုပသာဒ    ၆။ သောတပသာဒ
၇။ ဃာနပသာဒ    ၈။ ဇိဝှာပသာဒ
၉။ ကာယပသာဒ

www.burmeseclassic.com

www.burmeseclassic.com



**အာရုံ ၅ ပါး**

၁၀။ ရူပါရုံ　　　　၁၁။ သဒ္ဒါရုံ
၁၂။ ဂန္ဓာရုံ　　　　၁၃။ ရသာရုံ

ဖောဋ္ဌဗ္ဗာရုံ [ပထဝီ တေဇော ဝါယော ဓာတ်ကြီး ၃ ပါးကို ပင်တွေ့ထိဖွယ် အာရုံတစ်မျိုးဖြစ်၍ ဖောဋ္ဌဗ္ဗာရုံ ဟုခေါ်ထားသည်။]

၁၄။ ဣတ္ထိဘာဝ } ဘာဝရုပ် ၂ ပါး
၁၅။ ပုရိသဘာဝ }
၁၆။ ဟဒယဝတ္ထု၊　　　　၁၇။ ဇီဝိတ၊
၁၈။ ဩဇာ (အာဟာရ)၊　　　　၁၉။ အာကာသဓာတ်

**မဟာဘုတ် ၄ ပါးအကျယ်**

**ပထဝီဓာတ်**

ပကတိမြေသည် ထိုထို အရာဝတ္ထုတို့ကို ခံယူဆောင်ထားနိုင်လောက်အောင် ခိုင်မာသကဲ့သို့ အတူဖြစ်ဖက် ရုပ် တရားစုကို ခံယူဆောင်ထားနိုင်လောက်အောင် ခိုင်မာသောရုပ်ကို ပထဝီဓာတ် (မြေဓာတ်) ဟုခေါ်သည်။ ပကတိမြေကြီးနှင့် ကျောက်ခဲ၊ သံခဲ စသည်တို့မှာ ဤပထဝီဓာတ်လွန်ကဲသော ရုပ်အစုအဝေးများတည်း။

**အာပေါဓာတ်**

ပကတိရေသည် မြေမှုန့် ဖုန်မှုန့် စသည်တို့ကို ပေါင်းစပ်သကဲ့သို့ အတူဖြစ်ဖက် ရုပ်မှုန့်ကလေးတွေကို ပေါင်းစပ်စေနိုင်သော (ပူးတွဲစေနိုင်သော) ရုပ်ကို အာပေါဓာတ် (ရေဓာတ်) ဟုခေါ်သည်။ ဤအာပေါဓာတ်သည် သတ္တိလွန်ကဲသောအခါ မိမိနှင့်အတူဖြစ်သော ရုပ်များကို အရည်ဖြစ်အောင် ယူဆောင်လျက် ယိုစီးခြင်းသဘောလည်း ရှိသေးသည်။ ထို့ကြောင့် ပကတိရေ၊ ကျင်ငယ်၊ တံတွေး၊



နှပ် စသည်တို့မှာ အာပေါဓာတ်လွန်ကဲသော ရုပ်အစု ဖြစ်ကြပေသည်။

**တေဇောဓာတ်**

ပကတိမီးငွေ့ နေပူငွေ့များသည် အစိုအစေးများကို ခြောက်စေသကဲ့သို့ အာပေါဓာတ်ဖြင့် စိုစွတ်စေးကပ်သော ရုပ်အမှုန့်များကို အလွန်ကြီး မစိုစေဘဲ အနေတော်ရုံ သွေ့ခြောက်စေသောရုပ်ကို တေဇောဓာတ် (မီးဓာတ်) ဟုခေါ်၏။ နွေအခါ၌ ကျန်းမာသူတို့၏ ခန္ဓာကိုယ်ဝယ် အအေးငွေ့ရှိ၏။ ထိုအအေးငွေ့လည်း တေဇောဓာတ်ပင်တည်း။ ထို့ကြောင့် ဥဏှတေဇော၊ သီတတေဇောဟု ၂ မျိုးရှိကြောင်းကို သိရာ၏။

ဤတေဇောကိုပင် ဥတုဟုလည်းခေါ်၏။ ခန္ဓာကိုယ်နှင့်တကွ အပြင်အပ မြေ ရေ တောတောင်ဟူသမျှ၌ အေးသောအခါ သီတတေဇော (သီတဥတု) သည် တစ်လောကလုံးပျံ့နှံ့၍ ပူသောအခါ ဥဏှတေဇောသည် (ဥဏှဥတု) သည် တစ်လောကလုံး၌ ပျံ့နှံ့လျက်ရှိ၏။ ဤတေဇောဓာတ်သည် သူ့အခါနှင့်သူ ပူချိန်ပူ၍ အေးချိန်အေးလျှင် ကျန်းမာ၏။ ခန္ဓာကိုယ်တွင်း၌ရှိသော ဥဏှတေဇောသည် နဂိုသဘောထက် လွန်ကဲလာလျှင် နည်းနည်းလွန်လျှင် နည်းနည်းဖျား၏။ များများလွန်လျှင် များများဖျား၏။ သိပ်လွန်လျှင် သေ၏။ ထို့အတူ သီတတေဇောလွန်လျှင် ရောဂါရကြတော့သည်သာ။

ထို့ကြောင့် တေဇော၏ အပြောင်းအလွဲကို မခံနိုင်သူတို့သည် အလွန်ပူသောအခါ ခရီးသွားခြင်း၊ အလွန်ပူသော အစာစားခြင်း၊ အလွန်အေးသောအခါ ခရီးသွားခြင်း၊ အအေးမိခြင်း၊ အလွန်အေးသောအစာကို စားခြင်းတို့ကို သတိကြီးစွာထား၍ ရှောင်ရှားနိုင်သော ကျန်းမာသူ အသက်ရှည်သူများ ဖြစ်နိုင်ကြသည်။ ပကတိမီး၊ နေတို့သည် ဥဏှတေဇော လွန်ကဲသော ရုပ်အစုအဝေးများဖြစ်ကြ၍

www.burmeseclassic.com

www.burmeseclassic.com



အားမြသော ရေနှင့် ရေခဲ စသည်တို့မှ သီတတေဇောလွန်ကဲသော ရုပ်အစုအဝေးများ ဖြစ်ကြလေသည်။

**ပါစကဝမ်းမီး**

အစာသစ်အိမ်၏အောက်၌ စားသမျှအစာကို ကြေကျက်စေနိုင်သော "ပါစကဝမ်းမီး" ခေါ် တေဇောတစ်မျိုးရှိသေး၏။ ထိုပါစကတေဇော အားကောင်းသူ၌ စားသမျှ အစာကြေ၏။ ထိုတေဇော ညံ့လျှင် အစာမကြေဘဲ ခတ်ပျက်တတ်၏။ ထိုကဲ့သို့ ခတ်ပျက်မှန်းသိလျှင် ကြေကျက်လွယ်၍ နူးညံ့သောအစာကို စားသောက်မှသာ ကျန်းမာနိုင်မည်။

**ဝါယောဓာတ်**

ပကတိလေသည် ထိုထိုအရာဝတ္ထုကို တွန်းထိုးထောက်ကန်နိုင်သကဲ့သို့ တကွဖြစ်ဖက် ရုပ်အစုကို အချင်းချင်း ထိကပ်နေအောင် တွန်းထိုးထောက်ကန်တတ်သော ရုပ်ကို ဝါယောဓာတ် (လေဓာတ်) ဟုခေါ်၏။ ခန္ဓာကိုယ်တွင်း၌ လေဓာတ် ၆ မျိုးရှိ၏။ ၆ မျိုးကား

၁။ ဥဒ္ဓင်္ဂမ လေ။ ။ အထက်သို့ဆန်တက်သော လေတည်း။ ထိုလေလွန်ကဲသောအခါ ရင်ပြည့်ခြင်း၊ ရင်ခံခြင်း၊ ကြို့ထိုးခြင်း၊ ချောင်းဆိုးခြင်း၊ ချေခြင်းစသော ရောဂါများ ဖြစ်စေတတ်၏။ စကားပြောသောအခါ၌ ဤလေဓာတ်က အထက်သို့ အမြဲတက်လျက်ရှိသောကြောင့် ရင်ပြည့် ရင်ခံ ရောဂါရှိသူသည် ထိုစကားပြောမှုကို အထူးဆင်ခြင်ရမည်။ ဝမ်းထဲ၌ တစ်စုံတစ်ရာ အစာမရှိလျှင် သာ၍ပင် အထက်သို့ လေတက်တတ်လေသည်။

၂။ အဓောဂမ လေ။ ။ အောက်သို့ စုန်ဆင်းသော လေတည်း။



ထိုလေ လွန်သောအခါ ဝမ်းလျှောခြင်းစသောရောဂါကို ဖြစ်စေတတ်၏။

၃။ ကုစ္ဆိဋ္ဌ လေ။ ။ အူသိမ် အူမတို့ အတွင်းကိုချန်၍ ဝမ်းတွင်းရှိသမျှ အရပ်ဝယ် သွားလာနေသော လေတည်း။

၄။ ကောဋ္ဌာသယ လေ။ ။ အူသိမ် အူမတို့ အတွင်းဝယ် လှည့်လည်နေသော လေတည်း။ စားသမျှအစာကို အောက်သို့ဆောင်ပို့သော ဤလေက အူမကြီးအတွင်း၌ရှိသောကြောင့် စားသမျှအစာတွေ အစာသစ်အိမ်မှ အစာဟောင်းအိမ်သို့ သက်ဆင်းလျက် အပြင်သို့ ထွက်ကြရသည်။

၅။ အင်္ဂမင်္ဂါနုသာရီ လေ။ ။ လက်ခြေစသော အင်္ဂါကြီးငယ်တို့ကို လှုပ်သောလေတည်း။ ထိုလေတို့က ကောင်းစွာမလှုပ်လျှင် ရောဂါဖြစ်တတ်၏။ ခန္ဓာကိုယ်၌ အကြောသေးကလေးများ ရှိကြ၏။ ထိုအကြောသေးများ၏ အတွင်း၌ လေလှုပ်လျက်ရှိရာ ကြာရှည်စွာ ကွေး၍နေထိုင်သူ၊ ကြာရှည်စွာ ကုန်း၍ဝပ်၍နေသူ၊ လက်ကိုကွေးထားသူ၌ (ရေပိုက်လုံးကို ကွေးထားလျှင် ရေမသွားသကဲ့သို့) လေကောင်းစွာ မလှုပ်နိုင်။ ထိုလေများ စုမိစုရာ စုကြ၏။ ထို့ကြောင့် လေကတွန်းပို့မှ သွားနိုင်သောသွေးများလည်း စုမိစုရာ စုနေသဖြင့် ဧကန် ရောဂါတစ်ခုခု ရကြသည့်ပြင် နဂိုရောဂါမကင်းသူမှာ ရောဂါတိုးလာတော့၏။ ထို့ကြောင့် ဤလေမျိုး မှန်မှန်လှုပ်အောင် ကြာရှည်စွာကွေးပြီးလျှင် ပေါင် ခြေသလုံးပေါ်ညပ်နေအောင် မထိုင်ကြဖို့နှင့် အကြောများဆန့်အောင် လမ်းများများလျှောက်ဖို့ တိုက်တွန်းကြသည်။

၆။ အဿာသ ပဿာသ လေ။ ။ ဤလေကား အသက်ရှူ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ထွက်သက်ဝင်သက် လေများတည်း။ အာနာပါန ဟုလည်းခေါ်၏။ ဤသို့လျှင် လေအမျိုးအစား ၆ ပါးရှိ၏။

**အမာခံနှင့် အမွှမ်းတင်ရုပ်**

ဤ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်ကြီး ၄ ပါးသည် အထည်ကိုယ် အမာခံရုပ်များတည်း။ နောက်၌ပြမည့် ပသာဒရုပ်စသည်ကား ထို ဓာတ်ကြီး ၄ ပါး ကို မှီတွယ်၍ဖြစ်ရသော အမွှမ်းတင်ရုပ်များဖြစ်ကြသည်။ ထင်ရှားစေအံ့ – ဓာတ်ကြီး ၄ ပါးသည် အထည်ကိုယ် အမာခံများဖြစ်ရကား ဓာတ်ကြီးလေးပါးတို့ အစုအဝေးများလေ ခန္ဓာကိုယ် ကြီးမားလေဖြစ်၏။ မြေပြင်ကြီး ကျောက်တောင်ကြီး ရေပြင်ကြီး မီးလုံးကြီး လေမုန်တိုင်း စသည်ဖြင့် သက်မဲ့ဝတ္ထုကြီးတွေ ကြီးမားလေသမျှ၌လည်းကောင်း၊ လူကြီး နတ်ကြီး ငါးကြီး လိပ်ကြီး စသည်ဖြင့် သက်ရှိအကောင်အထည်တွေ ကြီးမားလေသမျှ၌လည်းကောင်း ဤဓာတ်ကြီး ၄ ပါးတို့ အစုအဝေး၏ များနေခြင်းသာ ဖြစ်သည်။

ပြလတ္တံ့သော စက္ခု၊ သောတ၊ ရူပ၊ သဒ္ဒစသည်တို့အတွက်ကား ထူး၍ အရာဝတ္ထု ကြီးမားတော့မည်မဟုတ်။ ဥပမာ ဆပ်ပြာ မွှေးခဲတစ်ခဲ၌ အလွန်အနံ့ကောင်းသော အနံ့ဓာတ် ဂန္ဓရုပ်တွေ များစွာ ထုံမွှမ်းထားသော်လည်း ဆပ်ပြာခဲသည် တိုး၍လည်းမကြီး၊ အနံ့ဓာတ် ဂန္ဓရုပ်တွေ လျှော့လိုက်ခြင်းကြောင့်လည်း ဆပ်ပြာခဲ တိုး၍မငယ်။ ထို့ကြောင့် ပထဝီစသော ဓာတ်ကြီး ၄ ပါးသာ အထည်ဝတ္ထုထင်ရှားသော အမာခံရုပ်များဖြစ်ကြောင်း သိပါ။

**ပသာဒရုပ် ၅ ပါးအကျယ်**

ယခုအခါ အသံဖမ်း **အရိပ်**ဖမ်း ဓာတ်များကို တွေ့ရသကဲ့သို့



ထို့အတူ ခန္ဓာကိုယ်တွင်း၌လည်း ဆိုင်ရာအာရုံကို ဖမ်းနိုင်သော အကြည်ဓာတ်များ ရှိကြလေသည်။ ထိုအကြည်ဓာတ်ကိုပင် ပါဠိလို "ပသာဒ" ဟုခေါ်သည်။

**စက္ခုပသာဒ**

မျက်လုံးအတွင်း၌ရှိသော အကြည်ဓာတ်ကို စက္ခုပသာဒဟု ခေါ်သည်။ မျက်လုံးအတွင်း မျက်နက်ဝိုင်း၏အလယ်၌ ဤစက္ခု အကြည်ဓာတ်ပေါင်းများစွာ ပျံ့နှံ့လျက်ရှိ၏။ အမျိုးမျိုးသော အဆင်း အရောင် (ရူပါရုံ) များကို ဤစက္ခုအကြည်ဓာတ်က ဖမ်းမိသော အခါ ထိုရူပါရုံကို သိသော စက္ခုဝိညာဉ်ခေါ် မြင်သိစိတ်ဖြစ်၏။

**သောတပသာဒ**

နားပေါက်အတွင်းဝယ် လက်စွပ်ကွင်းသဏ္ဌာန်ရှိသော အရပ်၌ ပျံ့နှံ့၍နေသော အကြည်ဓာတ်များစွာကို "သောတပသာဒ" ဟုခေါ်၏။ အမျိုးမျိုးသော အသံ (သဒ္ဒါရုံ) ကို ဤအကြည်ဓာတ်က ဖမ်းမိသောအခါ၌ သောတဝိညာဉ်ခေါ် ကြားသိစိတ်ဖြစ်၏။

**ဃာနပသာဒ**

နှာခေါင်းအတွင်းဝယ် ဆိတ်သတ္တဝါ၏ ခွာနှင့် ပုံသဏ္ဌာန် တူသောအရပ်၌ ပျံ့နှံ့နေသော အကြည်ဓာတ်ပေါင်းများစွာကို "ဃာန ပသာဒ" ဟုခေါ်၏။ အမျိုးမျိုးသော အနံ့ (ဂန္ဓာရုံ) များကို ဤ ဃာနအကြည်ဓာတ်က ဖမ်းမိသောအခါ ဃာနဝိညာဉ်ခေါ် နံသိစိတ် ဖြစ်၏။

**ဇိဝှာပသာဒ**

လျှာအလယ်ဝယ် ကြာပွင့် ကြာဖတ်များနှင့် ပုံသဏ္ဌာန်တူသော အရပ်၌ ပျံ့နှံ့တည်ရှိနေသော အကြည်ဓာတ်များစွာကို "ဇိဝှာပသာဒ" ဟုခေါ်၏။ စားသောက်သမျှအစာတွင် ပါဝင်သော အရသာ (ရသာရုံ)

www.burmeseclassic.com

www.burmeseclassic.com



များကို ဇိဝှာအကြည်ဓာတ်က ဖမ်းမိသောအခါ ဇိဝှာဝိညာဉ်ခေါ် အရသာစိတ် ဖြစ်၏။

**ကာယပသာဒ**

ခြောက်သွေ့သော အသားအရေကို ချန်လှပ်၍ တစ်ကိုယ်လုံး အရပ်တိုင်း၌ ပျံ့နှံ့နေသော အကြည်ဓာတ်ပေါင်းများစွာကို "ကာယပသာဒ" ဟုခေါ်၏။ ထိမိ တိုက်မိ တွေ့ထိအပ်သမျှကို (ဖောဋ္ဌဗ္ဗာရုံများကို) ဤကာယအကြည်ဓာတ်က ဖမ်းမိသောအခါ ကာယဝိညာဉ်ခေါ် ထိသိစိတ် ဖြစ်၏။ ဤသို့လျှင် ခန္ဓာကိုယ်၌ အကြည်ဓာတ် ၅ မျိုးရှိသည်။

## အာရုံ ၅ ပါးအကျယ်

**အာရုံ**

"အာရမ္မဏ" ဟူသောပါဠိကို မြန်မာလို "အာရုံ" ဟုပြန်ထားကြသည်။ "စိတ်၏မွေ့လျော်ရာ" ဟုဆိုလိုသည်။ မည်သည့်စိတ်မဆို အာရုံတစ်ခုခုနှင့် ကင်း၍မဖြစ်နိုင်။ အာရုံရှိမှသာ စိတ်ဖြစ်နိုင်သည်။ ထို့ကြောင့် အာရုံဟူသမျှသည် စိတ်၏ပျော်မွေ့ရာဖြစ်သည်။ ထိုအာရုံများတွင် အဆင်းအရောင်ဖြစ်သော ရုပ်တရားကို ရူပါရုံဟု ခေါ်၏။ အသံရုပ်ကို သဒ္ဒါရုံ၊ အနံ့ရုပ်ကို ဂန္ဓာရုံ၊ အရသာရုပ်ကို ရသာရုံ၊ အတွေ့ရုပ်ကို ဖောဋ္ဌဗ္ဗာရုံ ဟုခေါ်သည်။
["ဓမ္မာရုံ" ဟူသည်ကား ရုပ်ချည်းသက်သက်မဟုတ်၊ ရုပ်တချို့နှင့် စိတ် စေတသိက် နိဗ္ဗာန်ပညတ် အားလုံးတည်း။]

**ကာမဂုဏ်**

ဤအာရုံများတွင် နှစ်သက်ဖွယ်ကောင်းလှသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အာရုံများကို "ကာမဂုဏ်" ဟု



လည်းခေါ်၏။ [ကာမ = လိုလားနှစ်သက်အပ်သော + ဂုဏ = ဂုဏ် = အနှောင်အဖွဲ့။] ကာမဂုဏ်ငါးပါး အာရုံတရားဟူရာ၌ ဤအဆင်း (ရူပါရုံ) စသော ငါးပါးကိုပင် ဆိုသည်။ သို့ဖြစ်၍ မိန်းမတို့၏ အဆင်း၊ အသံ၊ အနံ့နှင့် ချက်ပြုတ်ကျွေးမွေးအပ်သော အရသာ၊ ကိုယ်အတွေ့များသည် ယောကျ်ားတို့ အနှစ်သက်ဆုံး ကာမဂုဏ်များတည်း။ ယောကျ်ားတို့၏အဆင်း စသည်များလည်း မိန်းမတို့ အတွက် အနှစ်သက်ဆုံးသော ကာမဂုဏ်များတည်း။

**ဘာဝရုပ်**

ပဋိသန္ဓေတည်စ ပထမဆုံးခဏ၌ပင် အဖိုအမကွဲပြားဖို့ရန် ရှေးကံစွမ်းကြောင့် ရုပ်တစ်မျိုးစီ ပါရှိခဲ့ကြသည်။ ထိုရုပ်ကလေးများသည် ခန္ဓာကိုယ်တစ်ခုလုံး အရပ်ရပ်၌ပင် ပါရှိကြလေသည်။ မိန်းမဖြစ်ဖို့ရန် ထိုအရင်းခံရုပ်ကို ဣတ္ထိဘာဝရုပ်၊ ယောကျ်ားဖြစ်ဖို့ရန် ထိုအရင်းခံရုပ်ကို ပုရိသဘာဝရုပ်ဟုခေါ်၏။ သစ်ပင်၌ မျိုးစေ့အလိုက် အကိုင်း၊ အခက်၊ အရွက်၊ အသီးတို့ ထွက်ရသကဲ့သို့ ထို့အတူ ဣတ္ထိဘာဝရုပ်ဟူသော အရင်းခံမူလရုပ်ကြောင့် မိန်းမပုံသဏ္ဌာန်၊ မိန်းမအင်္ဂါ၊ မိန်းမအမူအရာများဖြစ်လာ၍ ပုရိသဘာဝဟူသော အရင်းခံမျိုးစေ့ကြောင့် ယောကျ်ားပုံသဏ္ဌာန်၊ ယောကျ်ားအင်္ဂါ၊ ယောကျ်ားအမူအရာများ ဖြစ်လာရပေသည်။

**ဟဒယဝတ္ထု**

ဤရုပ်ကား သားမြတ် ၂ ခုအလယ်ဝယ် ရင်ချိုင့်အတွင်းရှိ သွေးများကို ပျံ့နှံ့နေသော ရုပ်တည်း။ များစွာသောစိတ်တို့သည် ဤရုပ်ကိုမှီ၍ ဖြစ်ကြရ၏။ ["ဟဒယ–နှလုံး" ဟုမြန်မာပြန်ကြ၏။ ဆရာဝန်များယူကြသော နှလုံးနှင့်ကား နေရာချင်း မတူပါ။]

**ဇီဝိတရုပ်**

နာမ်တရားတို့၌ အသက်ဟုခေါ်သော ဇီဝိတိန္ဒြေ စေတသိက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသကဲ့သို့ ဤရုပ်တရားတို့၌လည်း "အသက်" ဟုခေါ်သော ဇီဝိတရုပ်ရှိ၏။ သို့သော် ဤ ဇီဝိတခေါ်သော အသက်သည် စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်ရသော ရုပ်များ၌မပါ။ ကံကြောင့်ဖြစ်ရသော ရုပ်များ၌သာပါ၏။ သတ္တဝါတို့၌ နာမ်ဇီဝိတနှင့် ရုပ်ဇီဝိတ နှစ်ပါးသည် အချုပ်ဖြစ်၏။ ထိုဇီဝိတ (အသက်) ၂ မျိုးမရှိလျှင် အသေကောင်ဖြစ်ရတော့၏။ ခန္ဓာကိုယ်၌ရှိနေသော ရုပ်တွေ မပုပ်မသိုးဘဲ တည်နေနိုင်သည်မှာလည်း ဤဇီဝိတခေါ်သော အသက်ရှိနေသောကြောင့်ဖြစ်၏။ အသေကောင်ရှိသော ရုပ်များမှာ ဤဇီဝိတခေါ် အသက်မပါခြင်းကြောင့် ပုပ်ရလေသည်။ ဤ ဇီဝိတရုပ်လည်း တစ်ကိုယ်လုံးမှာ ပျံ့နှံ့လျက်ရှိသည်။

**ဩဇာရုပ်**

ထမင်း၌ အဆီအနှစ် အစေးရှိ၏။ ထိုအဆီအနှစ်ကို "ဩဇာ" ဟုလည်းကောင်း၊ "အာဟာရ" ဟုလည်းကောင်းခေါ်၏။ ခန္ဓာကိုယ်၌လည်း ထိုအဆီအနှစ်များ ပါရှိ၏။ ချို၊ ချဉ်၊ စပ်၊ ဖန်၊ အငန်၊ အခါး ဤခြောက်ပါးကို အရသာ (ရသာရုံ) ဟုခေါ်၏။ ဩဇာကား ထိုအရသာတွင် ပါဝင်သော အဆီအနှစ်တည်း။ ထိုအဆီအနှစ်သည် ခန္ဓာကိုယ်၌ ရုပ်အသစ်ကို တိုးပွားစေတတ်၏။

[နောက်၌ အကျယ်ပြဦးမည်။]

**အာကာသဓာတ်**

အာကာသ–သဒ္ဒါသည် "အကြား"ဟူသော အနက်ကို ဟော၏။ ရုပ်တို့သည် တစ်ခုတည်းခွဲ၍ ဖြစ်ရိုးမရှိ။ အနည်းဆုံး ၈ ခု၊ ၉ ခု စသည်ပူးတွဲ၍ ဖြစ်ရိုးတည်း။ ထိုကဲ့သို့ ပူးတွဲ၍ဖြစ်ကြသော ရုပ်တစ်စု တစ်စုကို "ကလာပ်တစ်စည်း" ဟုခေါ်၏။ (ကလာပ်



ဖွဲ့ပုံ နောက်၌ပြမည်)။ လက်ချောင်း ၂ ချောင်းကပ်ညပ်နေသော်လည်း အလယ်၌ အကြားအာကာသရှိသကဲ့သို့ ထို့အတူ ဤခန္ဓာကိုယ်၌ ရုပ်ကလာပ်ကလေးတွေ ပြည့်ညပ်နေသော်လည်း ကလာပ် တစ်ခုနှင့်တစ်ခုမှာ အကြားရှိသေး၏။ ထိုအကြားကိုပင် "အာကာသဓာတ်" ဟု (ရုပ်တစ်မျိုးအနေနှင့်) သမုတ်ထားသည်။ စင်စစ်မှာ ထင်ရှားရှိနေသော ရုပ်အစစ်မဟုတ်။ ရုပ်ကလာပ် ၂ ခုပေါင်းမိမှ အလိုလို ထင်ရှားသော ပညတ်တစ်မျိုးသာ ဖြစ်သည်။

**ကလာပ်ခေါ်ပုံ**

ယခုအခါ မြို့ကြီးတို့၌ လူအများ စုပေါင်းဖွဲ့စည်းထားသော အဖွဲ့တစ်မျိုးကို "ကလာပ်" ဟုခေါ်၏။ "ကလာပ်" ဟူသော နာမည်သည် အပေါင်းအစု၏ နာမည်တည်း။ ပြခဲ့သောရုပ်တို့လည်း တစ်ခုစီ တစ်ခုစီခွဲ၍ ဖြစ်ရိုးမရှိ။ ပေါင်း၍ရစကောင်းသော ရုပ်ကလေးများ အချင်းချင်း စုပေါင်းတွဲစပ်၍ ဖြစ်ရိုးရှိသည်။ ထိုသို့ အတူဖြစ်ဖက် အတူပျက်ဖက် ရုပ်အစုကို "ကလာပ်တစ်စည်း" ဟု မှတ်ပါ။

**အမြဲတွဲနေသော ရုပ် ၈ ပါး**

ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော မဟာဘုတ် ၄ ပါးတို့နှင့် ဝဏ္ဏ (အဆင်း)၊ ဂန္ဓ (အနံ့)၊ ရသ (အရသာ)၊ ဩဇာ (အဆီအနှစ်) ဤ ၄ ပါးသည် အမြဲတွဲနေသော ရုပ်ပေါင်းတည်း။ ဘယ်နေရာ ဘယ်ဌာနမှ ထို ၈ ပါးတို့ ကွဲပြားလျက်မရှိ။ မြေထဲ၌ ရှိရှိသမျှ မြေမှုန့်တို့သည် ထိုရုပ် ၈ ပါးအပေါင်းချည်းသာတည်း။ မြေကြီး၌ အဆင်း (ဝဏ္ဏ) ရုပ်ပါ၏။ နမ်းကြည့်လျှင် အနံ့တစ်မျိုးမျိုးရှိ၏။ စားကြည့်လျှင် အရသာတစ်မျိုးမျိုးရှိ၏။ ထိုနည်း၍လည်း ရကောင်း၏။ မြေကြီး၌သာမဟုတ် ရေ၌လည်း ဤရုပ် ၈ ပါး၊

www.burmeseclassic.com

www.burmeseclassic.com



လေ၌လည်း ဤရုပ် ၈ ပါး၊ မီးပူ နေပူ နေရောင် စသည်တို့၌လည်း ဤရုပ် ၈ ပါးတို့ ပေါင်း၍ဖြစ်ကြလေသည်။

**ကလာပ်တစ်ခု၏ ပမာဏ**

ထိုကလာပ်တစ်ခုသည် အလွန်သေးငယ်၏။ စိတ်နိုင်သမျှစိတ် မှုန့်နိုင်သမျှ မှုန့်နေသော မြူမှုန့်ကလေး၌ပင် ကလာပ်အမျိုးပေါင်း အလွန်များစွာပါရှိ၏။ ပကတိမျက်စိဖြင့် ကြည့်၍မမြင်ရ။ အလွန်အားကောင်းသော မှန်ဘီလူးဖြင့် ချဲ့ထွင်၍ကြည့်မှသာ မြင်ရသော ပိုးကောင်ကလေး၌ ကံကြောင့်ဖြစ်သော ရုပ်ကလာပ်များစွာ၊ စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်ကလေးတွေ အလွန်များစွာပါရှိလေရကား ကလာပ်တစ်ခု၏ ပမာဏသည် "မည်မျှသေးငယ်သည်" ဟုပြောပြ၍ မဖြစ်နိုင်အောင်ပင် သေးငယ်လှပေသည်။ [ဤကလာပ်အမျိုးအစား နာမည်များကို သိလိုလျှင် သင်္ဂြိုဟ်ကျမ်းများကို ကြည့်ရှုလေ။]

**အကြောင်း ၄ ပါးတို့ ပြုပြင်နေပုံ**

ဤနေရာဝယ် ဓာတ်ကြီးလေးပါးတို့ စုပေါင်းနေပုံနှင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ရုပ်တို့ ဖြစ်ရကြောင်းကို ထင်ရှားစေရန် ထပ်ရှင်းပါဦးမည်။ ရှေးဦးစွာ မြေကြီးဖြင့် ပြုလုပ်အပ်သော လူရုပ်ကလေးကို စဉ်းစားကြစို့။ မြေမှုန့်တွေချည်းသက်သက် လူရုပ်ဖြစ်နိုင်မလား။ မဖြစ်နိုင်။ မြေမှုန့်ချည်းသက်သက်ထားလျှင် လေတိုက်သဖြင့် လွင့်သွားလိမ့်မည်။ သို့ဖြစ်၍ လွင့်မသွားနိုင်အောင် ရေဆွတ်ပေးရလိမ့်မည်။

မြေနှင့်ရေ ပေါင်းမိရုံဖြင့်လည်း လူရုပ်ဖြစ်ဖို့ မဆိုထားဘိ စည်းစည်းလုံးလုံးပင် မဖြစ်နိုင်သေး။ ထို့ကြောင့် စည်းလုံးမိအောင် စုပေးရဦးမည်။ ထိုမျှဖြင့်လည်း လူ့ရုပ်မဖြစ်နိုင်သေး။ ရေဆွတ်ထား



သဖြင့် စိုစွတ်နေသောရွံ့ကို အရုပ်လုပ်ဖြစ်ရုံ ခပ်ထန့်ထန့်ဖြစ်အောင် နေလှန်းပေးရဦးမည်။ ထိုသို့ မြေဓာတ် ရေဓာတ် လုံးထွေးမိအောင် ပြုပေးသော လေဓာတ်၊ အပူ (မီး) ဓာတ်တို့ဖြင့် သင့်တင့်ရုံညီမျှနေသောရွံ့ကိုမှ အရုပ်ပြုလုပ်တတ်သူက အရုပ်လုပ်ပေးသောကြောင့် လူရုပ်ကလေး ဖြစ်လာရလေသည်။ ဤကား ဥပမာသဘောအားဖြင့် ပြောပြခြင်းသာတည်း။

**ကံစီမံပုံ**

ထို့အတူ ပထဝီဓာတ်ချည်းသက်သက် ခန္ဓာကိုယ်မဖြစ်နိုင်။ ပထဝီဓာတ် လွင့်မသွားအောင် အာပေါဓာတ်က စိမ့်စိုလျက်ရှိရ၏။ စိုထိုင်းထိုင်းမရှိရအောင် တေဇောဓာတ်က အငွေ့ပေးလျက်ရှိရ၏။ တစ်ဖွဲ့စီတစ်ဖွဲ့စီ (တစ်ကလာပ်စီ) တွဲမိအောင် ဝါယောဓာတ်က တွန်းထိုး ဖိညပ်လျက်ရှိရ၏။ ထိုဓာတ်ကြီး ၄ ခုအစုအဖွဲ့၌ မကင်းစကောင်းသော ဝဏ္ဏ ဂန္ဓ ရသ ဩဇာတို့ ပါရှိကြ၏။ ထိုသို့ ရုပ်ကလာပ်များစွာတို့ ပူးပေါင်းမိသောအခါ (တော်စွာလျော်စွာ မပူးပေါင်းဘဲ) ရှေးကလူရုပ်ဖြစ်အောင် လုပ်နိုင်သော ကံစီမံချက်အတိုင်း "လူ့ကိုယ်ကောင်" ဖြစ်အောင် ပူးတွဲမိကြလေသည်။

ထိုကဲ့သို့ ကံကစီမံရာ၌ ကံပြုစဉ်က စိတ်အနေအထားလိုက်၍ ယောကျ်ားသဏ္ဌာန်၊ မိန်းမသဏ္ဌာန်ဖြစ်အောင်လည်း စီမံရ၏။ အကုသိုလ်ကံအလိုက် ငရဲသဏ္ဌာန်၊ ပြိတ္တာသဏ္ဌာန်များကိုလည်း စီမံရ၏။ ကုသိုလ်ကံ ကောင်းမကောင်းကိုလိုက်၍ လှပသောသဏ္ဌာန်၊ မလှပသောသဏ္ဌာန်များကိုလည်း စီမံရ၏။ အကုသိုလ်ကံကြောင့် တိရစ္ဆာန်သဏ္ဌာန်ကို ရသော်လည်း ရှေးကုသိုလ်ကံများက အနိုင်သာလာလျှင် တိရစ္ဆာန်လှလှကလေးဖြစ်အောင်၊ ကျွေးချင် မွေးချင်စရာကောင်းအောင် စီမံပြန်၏။ ကုသိုလ်ကံကြောင့် လူဖြစ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ကံက မလှမပဖြစ်အောင်၊ သူတစ်ပါးရွံမုန်းအောင်၊ ပေး ကမ်းချင်သူနည်းအောင် စီမံဖန်တီးပြန်၏။ ဤသို့လျှင် ကံတရားသည် မိမိစွမ်းအားရှိသလောက် ဤခန္ဓာကိုယ် (ရုပ်) တရားကြီးကို ပဋိသန္ဓေတည်စ အမိဝမ်းတွင်းကစ၍ စီမံဖန်တီးထားလေသည်။ [ဤကံကြောင့်ဖြစ်သောရုပ်ကို "ကမ္မဇရုပ်" ဟုခေါ်၏။]

စိတ်ကပြုပြင်ပုံ

ကံစီမံထားသော ထိုရုပ်ကြီးကို စိတ်ကလည်း ထပ်မံ၍ပြုပြင် ပြန်၏။ စိတ်၏အလိုအတိုင်း ထိုင်ရ၊ အိပ်ရ၊ ရပ်ရ၊ သွားရ၏။ သွားလိုသောစိတ် ဖြစ်သောအခါ စိတ္တဇရုပ်တို့သည် တစ်ကိုယ်လုံး ပျံ့နှံ့လျက်ဖြစ်၏။ ထိုစိတ္တဇရုပ်များ၌ ဝါယောဓာတ်သည် ခါတိုင်း ထက် သတ္တိကောင်း၏။ ထိုဝါယောဓာတ်အစွမ်းကြောင့် တစ်ကိုယ်လုံး လှုပ်လှုပ်ရွရွဖြစ်၏။ ဝါယောဓာတ်လွန်ကဲသော ရုပ်ကလာပ်တွေများသည်ထက် များလာသောအခါ ရွေ့ကာရွေ့ကာ သွားလာသကဲ့သို့ ဖြစ်၏။ ထိုဝါယောဓာတ်အစွမ်းကြောင့် ရွေ့ကာရွေ့ကာ ဖြစ်ရာ၌ (ရွေ့ချင်တိုင်း မရွေ့ဘဲ စိတ်အလိုကျအောင်) ရွေ့ကြရလေသည်။

ဤနေရာ၌ "ရွေ့ကာရွေ့ကာ ဖြစ်ခြင်း" ဟူသောစကားကို ထပ်၍ ထင်ရှားစေဦးအံ့ – ယခုကာလ ရုပ်ရှင်ရိုက်ကူးရာ၌ လူတစ်ယောက်၏ ခြေလှမ်း၍ သွားနေပုံထင်ရှားအောင် ကားငယ်ကလေး ပေါင်းများစွာ ရိုက်ကူးရ၏။ ပထမကား၌ ရပ်နေပုံသာ ပါသေး၏။ ဒုတိယ တတိယစသော ကားများ၌လည်း ထူးခြားခြင်း မရှိလှသေး။ ကားပေါင်းအတော်များမှ ခြေကြွသလိုပေါ်လာ၏။ ထို့နောက်လည်း ကားပေါင်း အတော်များမှ ခြေကိုမြှောက်သလို ပေါ်လာ၏။ ဤသို့ သွားနေပုံပေါ်လာအောင် ကားပေါင်းများစွာ ဆက်ရလေသည်။ ထို ကားပုံကလေးများလည်း တကယ့်လူ၏ အနေအထားကို အဆက် ဆက် ထင်ရှားစေသော ပုံကလေးများတည်း။



ထို့ကြောင့် "လူသွားသည်" ဟုဆိုရာ၌ သွားလိုသောစိတ် ကြောင့် ပထမဖြစ်သော ရုပ်များမသွားသေး။ မတ်တတ်ရပ်လျက် ရှိသေး၏။ သို့သော် ပထမရုပ်ကလာပ်၌ ပါဝင်သော ဝါယောဓာတ် အစွမ်းကြောင့် မငြိမ်မသက်သော အမူအရာဖြစ်လာ၏။ ထို့ကြောင့် ဒုတိယရုပ်စုသည် ပထမရုပ်စု၏နေရာ၌ ထပ်၍မဖြစ်ဘဲ ထိုနေရာနှင့် ဆက်ကပ်နေသော ဒုတိယနေရာ၌ ဖြစ်၏။ ဤသို့လျှင် နောက် နောက်ဖြစ်ရသော ရုပ်ကလာပ်စုက နေရာရွေ့၍ရွေ့၍ ဖြစ်နေရာ ဝယ် (မျက်စိတစ်မှိတ်ခန့်အတွင်း၌ ကုဋေတစ်သိန်းခန့်မက စိတ် ဖြစ်လျှင် စိတ္တဇရုပ်လည်း ကုဋေတစ်သိန်းမက အထပ်ထပ်ဖြစ် သောကြောင့်) မျက်စိတစ်မှိတ်ခန့် အချိန်အတွင်းမှာပင် သွားလာ နေသော ပုံသဏ္ဌာန် ထင်ပေါ်လာလေသည်။

ထို့ပြင် "စိတ်ပျိုတော့ကိုယ်နု" ဆိုသည့်အတိုင်း စိတ်ချမ်း သာသောသူ၌ ကြည်လင်သော စိတ္တဇရုပ်များဖြစ်၍ ချစ်ချစ်ခင်ခင် စကားပြောနေသောအခါဝယ် မျက်နှာများကြည်လင်၏။ ထိုကံတန် သမျှကျန်းမာအောင် ကြည်လင်သောစိတ်က စွမ်းဆောင်နိုင်၏။ "စိတ်ထောင်းတော့ကိုယ်ကြေ" ဟုပြောရိုးရှိသည့်အတိုင်း စိတ်မချမ်း သာလျှင် စိတ်ကြောင့်ဖြစ်သောရုပ်များ ညှိုးနွမ်း၏။ စကားပြော မတည့်၍ စိတ်မကောင်းသောအခါ၌ ချိုနေသောမျက်နှာသည်ပင် ချက်ချင်း ပျက်တော့၏။

အိမ်တစ်ဆောင်ကို မီးလောင်လျှင် နီးကပ်နေသော အခြား အိမ်များလည်း လောင်ရသကဲ့သို့ စိတ္တဇရုပ်က ညှိုးနွမ်းပူလောင်နေ လျှင် ဆက်စပ်နေသော ကမ္မဇ၊ ဥတုဇ၊ အာဟာရဇရုပ်များလည်း ပူလောင်ရတော့၏။ ထို့ကြောင့် အလွန့်အလွန် စိတ်မချမ်းသာသော သူသည် အရွယ်နှင့်မတန်အောင် အိုဆို၍ ထိုထက်ပိန်လာသော

www.burmeseclassic.com

www.burmeseclassic.com



အခါ နှလုံးကွဲ၍ စုတေရလေတော့၏။ ဤသို့လျှင် ခန္ဓာကိုယ်ကို ပဋိသန္ဓေကစ၍ စိတ်ကလည်း ပြုပြင်လျက်ရှိလေသည်။

**ဥတုက ပြုပြင်ပုံ**

ဥတုကလည်း ရုပ်ကိုပြုပြင်နိုင်၏။ သာယာသောဥတု၌ နေထိုင်လျှင် ရုပ်ကြည်လင်၏။ ကျန်းမာဝဖြိုး၏။ သန့်ရှင်းသောအိပ်ရာနေရာ အဝတ်များကို ဝတ်လေ့ရှိသူ၌ ထိုအဝတ်များတွေ့ထိသော ဥတုကြောင့် သန့်ရှင်းသော ဥတုဇရုပ်များ တိုးပွားသဖြင့် ကျန်းမာ၏။ ထို့ကြောင့် အမြဲသန့်ရှင်းနေသော အဝတ် အိပ်ရာနေရာများကို သုံးစွဲခြင်းသည် ကျန်းမာဖို့အကြောင်း နည်းကောင်းအစစ်ပင်တည်း။ မသန့်ရှင်းသော အဝတ် အိပ်ရာ နေရာများကို သုံးစွဲသူ၌ကား ဥတုဇ ရုပ်များ တိုးပွားသဖြင့် ကျန်းမာရေးဆုတ်ယုတ်ပျက်ပြား၏။ တော တောင် သစ်ပင်တို့သည် မိုးကျသောအခါ၌ ဥတုကောင်းနှင့်တွေ့ရ၍ တိုးတက်ပြန့်ပွား စည်ကားကြ၏။ နွေဥတုကျသောအခါ မကောင်း သောဥတုနှင့်တွေ့၍ ညှိုးနွမ်းခြောက်သွေ့ကြရလေသည်။ ဤသို့လျှင် ဥတုကလည်း ခန္ဓာကိုယ်ကို အမိဝမ်းတွင်း အောင်းနေစဉ်ကပင် ပြုပြင်နေရကား ဥတုအလိုက် သစ်ပင်တောတောင်တို့ ပြောင်းလွဲပုံကို ကြည့်၍ မိမိကိုယ်၌လည်း ဥတုကောင်းမကောင်း လိုက်၍ ဥတုဇရုပ်များပြောင်းရပုံကို သတိပြုပါကုန်။

**အာဟာရက ပြုပြင်ပုံ**

စားသမျှအစာ၌ (သောက်ရေ၌ပင်) ပါရှိသောဩဇာသည် ရုပ်ကိုဖြစ်စေနိုင်၏။ မိမိနှင့်သင့်သော အစားအသောက်နှင့် ဆေးများသာ စားသောက်သုံးစွဲလျှင် ကောင်းသောရုပ်များ တိုးပွား၍ ဝဖြိုးကြည်လင် စည်ပင်ကျန်းမာ၏။ မသင့်တော်သော အစားအသောက်နှင့် ဆေးများကို သုံးစွဲစားသောက်မိလျှင် မကောင်းသော



ရုပ်များတိုးပွား၍ ညှိုးနွမ်းသွေ့ခြောက် ရောဂါရောက်ရသည်မှာ မျက်မြင်ပင်ဖြစ်သကဲ့သို့ သင့်တော်သော အစားအသောက်နှင့် ဆေးများကို သုံးစွဲစားသောက်လေ့ရှိသူတို့ အသက်ရှည်ကြ၊ အနာကင်းကြသည်မှာလည်း မျက်မြင်ပင်ဖြစ်သည်။

အမိဝမ်းတွင်း သန္ဓေတည်နေစဉ်မှာလည်း ကိုယ်ခန္ဓာကလေး ထင်ရှားသည်မှစ၍ အမိစားသမျှအစာသည် သူငယ်၏ ကိုယ်အတွင်းသို့စိမ့်ဝင်၏။ ထိုအခါ ကလေး၏ ကိုယ်၌ အာဟာရကြောင့် ရုပ်များ တိုးပွားကြ၏။ ထို့ကြောင့် မိမိကလေး၏ ကျန်းမာရေးကို လိုလားသော မိခင်တိုင်းပင် ကိုယ်ဝန်ရှိသည်ကစ၍ ကလေးနှင့် မသင့်တော်သော အစာအာဟာရများကို အထူးရှောင်ကြဉ်ကြရသည်။ အမိသည် အကြင်အစားအသောက်ကို စားသောက်၏။ ထိုအစားအသောက်ဖြင့် အမိဝမ်း၌တည်နေသော ကိုယ်ဝန်သူငယ်သည် မျှတရရှာ၏။ အမိစားသောအစာသည် ချက်ကြိုးမှစိမ့်၍ ကလေးကိုယ်၌ ပျံ့နှံ့၏ဟု ကျမ်းစာတို့၌ဆို၏။ ယခုအခါ၌ကား ကျန်းမာရေးကို အတော်နားလည်သော ဆရာတို့ညွှန်ကြားချက်ဖြင့် သန္ဓေရှိသည်ကစ၍ မိခင်သည် အားရှိသောအစာကို စားရ၏။ ကြမ်းကြမ်းတမ်းတမ်း သွားလာမှုကို သတိပြုရ၏။ မကြာမကြာ ကိုယ်ဝန်ကို ဆိုင်ရာဆရာထံ ပြရ၏။ အအိပ်အစား မှန်စေရ၏။ မိမိကိုယ်တိုင်က ရောဂါကင်း၍ ထိုကဲ့သို့ဂရုစိုက်ခြင်းရှိပါမူ ကျန်းမာသော သားသမီးတို့က များပေလိမ့်မည်။ ထို့ကြောင့် မိခင်ကိုယ်တိုင်ကလည်း ကလေး၏ အာဟာရကို ကိုယ်ဝန်ရှိစဉ်ကစ၍ ပြုပြင်ပေးကြပါကုန်။

**နိဂုံး**

ဤမျှသော စကားအစဉ်ဖြင့် နားလည်သင့်သမျှ ရုပ်တို့၏

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုပြခဲ့ပြီ။ ဤသို့ရုပ်တို့၏ဖြစ်အင်ကို စီစဉ်ရကြောင်း ကောင်းမြတ်သောပဋိပတ်ကြောင့် ဤကျမ်းစာကြည့်ရှုသူတိုင်း ယခုဘဝကျန်းမာရေး၊ နောင်သံသရာ၌ နိဗ္ဗာန် မပြောင်းရသေးမီ ရုပ်ကောင်း ရုပ်မွန်ရရေးအတွက် ထက်မြက်ကောင်းမြတ်သောကံကို ပြုနိုင်ကြပါစေ။ ငါနှင့်အတူ အတွင်းလူတို့ကား ဖြစ်လေရာဘဝ၌ (နိဗ္ဗာန်မရသေးလျှင် ကုသိုလ်ကောင်းမှု ပါရမီပြုရာဝယ်) စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာကောင်းမှုများကို အားထုတ်နိုင်လောက်အောင် ကျန်းမာသန့်ရှင်းသော ရုပ်အဆင်းကိုရရှိကာ ပါရမီတိုးပွားအောင် ကြိုးစားနိုင်ကြပါစေ။

ယခု နောက်နှောင်း၊ ရုပ်ရည်ကောင်းဖို့၊ ကျိုးကြောင်း
စုံလင်၊ ရုပ်ဖြစ်အင်ကို၊ စီစဉ်ပါရ၊ ဤပုညကြောင့်၊ ရှုကြ
သသူ၊ များဗိုလ်လူတို့၊ ခုမူမြော်တွေး၊ ကျန်းမာရေးနှင့်၊
နောင်ရေးရုပ်ကောင်း၊ ရဖို့ကြောင်းဟု၊ ကံကောင်းပြုစေ၊ ငါ့
အနေမူ၊ ဘဝေ ဘဝ၊ ဖြစ်သမျှ၌၊ ပုညအလုပ်၊ ကြိုးစားထုတ်
က၊ ဤရုပ်ခန္ဓာ၊ ကျန်းခံ့သာ၍၊ နိုင်မာစေကြောင်း၊ ဖော်
အပေါင်းလည်း၊ အကောင်းဆင်တူ၊ ရုပ်စင်ဖြူသည်၊ နိဗ္ဗူ
ထုတ်ချောက် ရောက်ရန်သောဝ်။

ရုပ်နှင့်စပ်၍ မှတ်ဖွယ်များပြီးပြီ။

## ဩကာသမအခန်း

[ဤအခန်း၌ ဘုံနှင့်စပ်၍ မှတ်ဖွယ်ပါသည်။]

**ဘုံ**

သတ္တဝါတို့၏ တည်နေရာအရပ်ကို ပါဠိလို "ဘူမိ"၊ မြန်မာလို "ဘုံ" ဟုခေါ်သည်။ ထိုဘုံသည် အပါယ် ၄ ဘုံ၊ ကာမ သုဂတိ



၇ ဘုံ၊ ဗြဟ္မာ့ဘုံ ၂၀ အားဖြင့် ၃၁ ဘုံရှိ၏။ ထိုတွင် အပါယ် ၄ ဘုံဟူသည် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံများတည်း။ ကာမသုဂတိ ၇ ဘုံဟူသည် လူ့ဘုံနှင့် နတ်ပြည် ၆ ထပ်တည်း။ နတ်ပြည် ၆ ထပ်ကား စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီတည်း။ ဗြဟ္မာ ၂၀ တွင် ရူပ ဗြဟ္မာ့ဘုံ ၁၆၊ အရူပဗြဟ္မာ့ဘုံ ၄ ဘုံတည်း။

### ငရဲခန်း

ယခု လူ့ပြည်၌ ပြစ်မှုကျူးလွန်သူတို့၏ ကျရောက်ခံစားဖို့ရာ အကျဉ်းထောင်များ တည်ရှိသကဲ့သို့ သတ္တဝါတို့၏တည်နေရာ ဤကမ္ဘာမြေအတွင်း၌လည်း မကောင်းမှုဒုစရိုက် ကျူးလွန်သူတို့၏ ကျရောက်ခံနေဖို့ရာ ငရဲထောင်များ တည်ရှိကြသည်။ ထို ငရဲထောင်ကား သတ္တဝါတို့ကံလျှင် အရင်းခံ၍ ဥတုကြောင့်ဖြစ်နေသော ကမ္မပစ္စယ ဥတုဇရုပ်တရားတည်း။ ထိုငရဲသည် သတ္တဝါတို့ ကံအားလျော်စွာ အမျိုးမျိုးတည်ရှိနေရုံမျှသာမက လူ့ဘုံနှင့်နီးကပ်သော မြေတွင်းမှာပင် လောဟကုမ္ဘီ သံရည်ငရဲရှိကြောင်းကို ကျမ်းဂန်တို့၌ တွေ့ရ၏။ ဤကျမ်း၌ အများပြောရိုးဖြစ်သော ငရဲကြီး ရှစ်ထပ်ကို သာ အကျယ်ထုတ်ပြမည်။ ထိုငရဲရှစ်ထပ်သည်ကား ..... (၁) သိဉ္ဇီးငရဲ၊ (၂) ကာဠသုတ်ငရဲ၊ (၃) သံဃာတငရဲ၊ (၄) ရောရုဝငရဲ၊ (၅) မဟာရောရုဝငရဲ၊ (၆) တာပနငရဲ၊ (၇) မဟာတာပနငရဲ၊ (၈) အဝီစိငရဲတည်း။ ငရဲတစ်ထပ်တစ်ထပ်၌ (၁) ဘင်ပုပ်ငရဲ၊ (၂) ပြာပူငရဲ၊ (၃) လက်ပံတောငရဲ၊ (၄) သန်လျက်ရွက်တောငရဲ၊ (၅) ဆဝတ္တရဏီခေါ် "သံရည်မြစ်ငရဲ" ဟု ငရဲငယ် ၅ ထပ် တံတိုင်းခတ်သကဲ့သို့ ရံပတ်၍နေသတဲ့။ ထိုငရဲ ၅ ထပ်ကို ဥဿဒငရဲဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**ယမမင်း**

စတုမဟာရာဇ်နတ်တို့တွင် အပါအဝင်ဖြစ်သော ဝေမာနိက ပြိတ္တာမင်းကိုပင် "ယမမင်း" ဟုခေါ်၏။ တစ်ခါတစ်ရံနတ်စည်းစိမ်ကိုခံစား၍ တစ်ခါတစ်ရံမှာမူ မကောင်းမှုကံ အကျိုးကို (ရိုးရိုးပြိတ္တာများကဲ့သို့) ခံစားရရှာသေး၏။ ထိုယမမင်းကား တစ်ယောက်သာမက အများပင်ရှိလေသည်။ လူ့ဘုံ၌ အစိုးရများ ရုံးထိုင်သလို ယမမင်းများလည်း ငရဲဘုံ၏ တံခါးလေးဖက်၌ ရုံးစိုက်ကြပြီးလျှင် ငရဲရောက်လာသူများကို စစ်ဆေးမေးမြန်းကြသည်။

သို့သော် ငရဲသို့ ရောက်လာသူတိုင်း အစစ်အဆေးခံရသည် မဟုတ်။ အကုသိုလ်ကြီး၍ ထင်ရှားသူတို့မှာ တစ်ခါတည်းငရဲသို့ ကျရလေသည်။ အကုသိုလ်နည်းပါးသူများအတွက် လွတ်လိုလွတ်ငြား အနေအားဖြင့် ယမမင်းထံ အစစ်အဆေးခံခွင့်ရလေသည်။ ထို့ကြောင့် ယမမင်း၏စစ်ဆေးမှုမှာ အပြစ်ရှာလို၍မဟုတ်။ လွတ်သင့်က လွတ်ခွင့်ရစေလိုသောကြောင့် ဖြစ်သည်။ ယခုအခါ အယူခံရုံးမင်းများနှင့် အလားတူပင်တည်း။ သို့အတွက် "ယမမင်းဟူသည်မှာ တရားစောင့်သော မင်းကောင်းမင်းမြတ်ပင်တည်း" ဟုမှတ်ပါ။ [ဥပရိပဏ္ဏာသ၊ ဒေဝဒူတသုတ်]

**ငရဲထိန်း**

ဤငရဲထိန်းများလည်း စတုမဟာရာဇ်နတ်မျိုး အပါအဝင် နတ်ဘီလူး နတ်ရက္ခိုသ်များတည်း။ ထိုငရဲထိန်းများ၏ အလုပ်ကား အနည်းငယ်သော အကုသိုလ်ဖြင့် ကျရောက်လာသူများကို ယမမင်းထံပို့ခြင်း၊ ငရဲသို့ ရောက်ပြီးသူများကို လက်မရွံ့ အာဏာသားများကဲ့သို့ ရက်စက်ကြမ်းကြုတ်စွာ သတ်ပုတ် ရိုက်နှက်ခြင်းပင်တည်း။ ["ငရဲမီးစသော အန္တရာယ်တို့လည်း ကံကြောင့်ဖြစ်ရသော



ကမ္မပစ္စယ ဥတုဇရုပ်များဖြစ်ရကား ငရဲခံမည့်သူ၌သာ ပူလောင်၍ ထိုငရဲထိန်းတို့မှာ မပူလောင်ချေ။]

**ယမမင်းစစ်တမ်း**

အများ ကြားဖူးနားဝရှိအောင် ဒေဝဒူတ သုတ္တန်ပါဠိတော်လာ ယမမင်းစစ်တမ်းကို အကျဉ်းချုပ်ပြဦးအံ့။ လူ့ပြည်မှာရှိသော ကလေး၊ သူအို၊ သူနာ၊ သူသေ၊ အကျဉ်းသမား ၅ ဦးသားကို ယမမင်းစေလွှတ်အပ်သော တမန်တော်မဟုတ်သော်လည်း အလားတူဖြစ်သောကြောင့် "ဒေဝ ဒူတ" ဟုခေါ်သည်။ [ဒေဝ = ယမမင်း၏ + ဒူတ = တမန်တော်။ ဒေဝ ဒူတ – ပုဒ်ကို အမျိုးမျိုးဖွင့်ကြသေး၏။] ယမမင်းသည် မိမိထံမှောက်သို့ ရောက်လာသော ငရဲသားများအား ဒေဝဒူတ ၅ မျိုးကို ဖော်ပြလျက် စစ်ဆေးလေ့ရှိသည်။

**ယမမင်း။** ။ မောင်မင်း ... လူ့ပြည်မှာတုန်းက မိမိ၏ ကျင်ကြီးကျင်ငယ်ကို မသုတ်သင်နိုင်ဘဲ ကျင်ကြီးကျင်ငယ်ထဲ၌ လူးကာလိမ့်ကာ နေရရှာသော ကလေးငယ်များကို မတွေ့ခဲ့ဘူးလား။

**ငရဲသား။** ။ တွေ့ခဲ့ပါသည်။

**ယမမင်း။** ။ မိမိကိုယ်တိုင် နားလည်သောအရွယ်သို့ ရောက်သောအခါ ထိုကလေးများကိုကြည့်ရှု၍ "ငါသည် ဘာမျှနားမလည်ရှာသေးသော ယခုလို ကလေးသူငယ်ဖြစ်ဖို့ရာ နောင်ခါ ပဋိသန္ဓေနေရဦးမည်။ ပဋိသန္ဓေနေခြင်းသဘောကို မလွန်နိုင်သေးအံ့တကား။ ယခုနယ်က ကိုယ် နှုတ် စိတ်များကို စောင့်စည်းလျက် ကောင်းကောင်းနေမှသာ တော်တော့မည်" ဟု အကြံအစည်များ မဖြစ်ခဲ့ဘူးလားမောင်မင်း။ (အလွန်ကြင်နာစွာ မေးသည်။)

www.burmeseclassic.com

www.burmeseclassic.com



ငရဲသား॥ ॥ ကျွန်တော် မေ့လျော့နေသည့်အတွက် ကုသိုလ်ကောင်းမှုဘက်၌ စိတ်စက် မဝင်စားမိခဲ့ပါ။

ယမမင်း॥ ॥ မောင်မင်း....မကောင်းမှုကို ဆွေမျိုးဉာတကာ ဆရာမိဘစသူတို့က ပြုပေးသည်မဟုတ်။ မောင်မင်းကိုယ်တိုင် ပြုခဲ့သည်ဖြစ်၍ မိမိအပြစ်ဒဏ်ကို မေ့လျော့သူတို့ ထုံးစံအတိုင်း မောင်မင်းခံရချေတော့မည်။

ဤနည်းအတိုင်း သူအိုကိုညွှန်ပြ၍ ဒုတိယအကြိမ်မေး၏။ သူနာကိုညွှန်ပြ၍ တတိယအကြိမ်မေး၏။ သူသေကို ညွှန်ပြ၍ စတုတ္ထအကြိမ်မေး၏။ အကျဉ်းသမားကို ညွှန်ပြ၍ ပဉ္စမအကြိမ်မေး၏။ ၅ ကြိမ်တိုင်အောင်မေး၍ ကုသိုလ်ကောင်းမှုကို သတိမရသေးလျှင် ယမမင်းကိုယ်တိုင် "လူ့ဘဝဝယ် ထိုသူ ကုသိုလ်ပြုသည့်အခါတုန်းက မိမိအား အမျှဝေဖူးသလား" ဟုစဉ်းစား၏။ (ဤအချက်ကိုထောက်၍ ကုသိုလ်ပြုသောအခါ ယမမင်းအား အမျှပေးဝေကြသည်။) စဉ်းစား၍ရလျှင် ထိုကုသိုလ်ကို ဖော်ပြော၏။ ယမမင်းကပြောခြင်းကြောင့်ဖြစ်စေ၊ မိမိဘာသာ သတိရ၍ဖြစ်စေ ကုသိုလ်ကို သတိရသည်နှင့်တစ်ပြိုင်နက် ငရဲမှ လွတ်မြောက်၍ နတ်ပြည်ရောက်သူလည်း အများပင်ရှိ၏။ ထိုနေရာမျိုးကျမှ မိမိ၏ ကုသိုလ်များအားထားရကြောင်း ထင်ရှားပေသည်။ ယမမင်းကိုယ်တိုင် စဉ်းစား၍မရသောအခါ ဆိတ်ဆိတ်နေရတော့၏။ ထိုအခါ ငရဲကောင်သတ္တဝါကို ငရဲထိန်းတို့ ယူဆောင်လျက် အမျိုးမျိုးနှိပ်စက်ကြလေတော့သည်။

**သဉ္ဇိုဝ်းငရဲ**

"သဉ္ဇီဝ" ဟူသောပါဠိကို မြန်မာလို "သိဉ္ဇိုး" ဟုပြန်ထား



သည်။ "သံ = အဖန်ဖန် + ဇီဝ = အသက်ရှင်ရာငရဲ" ဟုဆိုလိုသည်။ ထိုငရဲသို့ ကျရောက်လာသော သတ္တဝါကို ငရဲထိန်းတို့က အပိုင်းပိုင်းပြတ်အောင် ခုတ်ဖြတ်ကြ၏။ ထိုကဲ့သို့ ခုတ်ဖြတ်ကြသည့်အတွက် တစ်ခါတည်းသေစရာပင်။ သို့သော် အကုသိုလ်ကံ မကုန်သေးသမျှ တစ်ခါတည်း သေကြေပျောက်ပျက်မသွားဘဲ ထပ်ကာထပ်ကာ အသက်ရှင်လျက် ငရဲထိန်းတို့၏ ခုတ်ဖြတ်မှု သတ်ပုတ်မှုကိုသာ ပြင်းစွာခံကြရရှာလေသည်။ အကုသိုလ်ကံ၏ ကြောက်ဖွယ်ကောင်းပုံသည် ငရဲ၌ သာ၍ ထင်ရှားပေသည်။

ဇလိတာဝုဓဟတ္ထေဟိ၊ ခဏ္ဍိတာပိ နေရယိကာ။
ဇီဝန္တာ ယမို ပုနောပိ၊ သဉ္ဇီဝေါတိ ပဝုစ္စတေ။

ယမို နိရယေ၊ ကံကြမ္မာရှင်း ဖန်လာညှဉ်းက မကွင်းနိုင်အောင် အတင်းဆောင်လျက် သွင်းလှောင်ပိတ်ဆီး အကြင်သို့သော ငရဲကြီး၌။ နေရယိကာ၊ အမြဲအစွဲ အနဲနဲဖြင့် တသဲသဲဆူ ငရဲသူတို့သည်။ ဇလိတာဝုဓဟတ္ထေဟိ၊ ပြောင်တလက်လက် အရောင်ထွက်သည့် လက်နက်ကိုင်စွဲ ငရဲထိန်းကြီးတို့က။ ခဏ္ဍိတာပိ၊ သေလောက်ကြေလောက် အနေရောက်အောင် တောက်တောက်ဖြတ်စဉ်း သတ်ညှဉ်းပါကုန်သော်လည်း။ ပုနောပိဇီဝန္တာ၊ အကုသိုလ်ကံ မကုန်ပြန်လျှင် တစ်ဖန်ဆက်တည် အသက်ရှည်ကြရလေကုန်၏။ သော နိရယော၊ သို့ကလိုကံ မကုန်ပြန်လျှင် တစ်ဖန်ဆက်တည် အသက်ရှည်ရှိး ငရဲအိုးကို။ သဉ္ဇီဝေါတိ၊ သိဉ္ဇိုးငရဲဟူ၍။ ပဝုစ္စတေ၊ ဗျူပွတ်အလိုက် ရပ်ဓာတ်ကိုက်အောင် သမိုက်အပ်လေတော့သတည်း။

**ကာဠသုတ်ငရဲ**

သစ်တုံးကို ရွေသော လက်သမားတို့ အသုံးပြုသော မျဉ်းကြိုးကို ပါဠိလို "ကာဠသုတ္တ" မြန်မာလို "ကာဠသုတ်" ဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုငရဲသို့ကျရောက်လာသော သတ္တဝါများကို ငရဲထိန်းတို့က (သားကောင်ကို ခွေးတွေလိုက်သလို) အတင်းလိုက်ကြ၏။ ထိုသို့အတင်းလိုက်၍ မောဟိုက်သွားသည့်အခါ (သစ်တုံးကြီးကို သစ်ခွဲသမားတို့က ခုတ်ခွဲကြသကဲ့သို့) ကျကျနန မျဉ်းကြိုးချ၍ ပက်လက်တစ်မျိုး၊ မှောက်လျက်တစ်မျိုး၊ ဝဲယာတစ်မျိုး၊ ရှေ့နောက်တစ်မျိုးအားဖြင့် အမျိုးမျိုး ခုတ်ခွဲကြလေတော့သည်။ သို့သော် အကုသိုလ်ကံ မကုန်သေးသမျှ လွတ်ခွင့်မရ။ သေလည်းမသေနိုင်ကြ။

ကာဠသုတ္တေန တစ္ဆန္တိ၊ ယမို နိရယပါလကာ။

အနုဗန္ဓာ ပ ပတန္တေ၊ ကာဠသုတ္တော ပဝုစ္စတေ။

ယမို နိရယေ၊ ကံကြမ္မာရှင်း ဖန်လာညှဉ်းက မကွင်းနိုင်အောင် အတင်းဆောင်လျက် သွင်းလှောင်ပိတ်ဆီး အကြင်သို့သော ငရဲကြီး၌။ နိရယပါလကာ၊ ပြောင်တလက်လက် အရောင်ထွက်သည့် လက်နက်ကိုင်ဆွဲငရဲထိန်းကြီးတို့က။ အနုဗန္ဓာ၊ သားကောင်တစ်သိုက် ခွေးတွေလိုက်သို့ ရိုက်နှက်သတ်ညှဉ်း အတင်းလိုက်အပ်ကုန်သည်ဖြစ်၍။ ပ ပတန္တေ၊ ဟော တဟိုက်ဟိုက် အမောဆိုက်လျက် မှူးမိုက်လဲပြား ငရဲသားတို့ကို။ ကာဠသုတ္တေန၊ သစ်ခွဲသမား လက်ကိုင်ထားလျက် သစ်များတိုင်းရိုး တမျဉ်းကြိုးဖြင့်။ တစ္ဆန္တိ၊ တိုင်းကာထက်အောက် ပက်လက်မှောက်၍ ရှေ့နောက်ရှုပ်ပွေ ခုတ်ခွဲကြလေကုန်၏။ သော နိရယော၊ သို့ကလိုကံ မကုန်ပြန်လျှင် ဖန်ဖန်ရှုပ်ပွေ ခုတ်ခွဲကြရိုး ငရဲအိုးကို။ ကာဠသုတ္တောတိ၊ ကာဠသုတ် ငရဲဟူ၍။ ပဝုစ္စတေ၊ ဗျူပ္ပတ်အလိုက် ရုပ်ဓာတ်ကိုက်အောင် သမိုက်အပ်လေတော့သတည်း။

**သံဃာတငရဲ**

အပြင်းအထန် ကြိတ်ချေ သတ်ဖြတ်ရာဖြစ်သော ငရဲကို



"သံဃာတငရဲ" ဟုခေါ်သည်။ ထိုငရဲ၏ အောက်မြေအပြင်မှာ မီးအလျှံတွေထလျက် အထု ၉ ယူဇနာရှိသော သံမြေပြင်ကြီးတည်း။ ထိုငရဲသို့ ကျရောက်သောသူများကို ထိုသံမြေအပြင်၌ (ထန်းပင်ငုတ်ကလေးတွေကို စိုက်ထားသလို) ခါးထိအောင် စိုက်ထားကြသည်။ ထိုအခါ အရှေ့အရပ်မှလာသော သံတောင်ကြီးက စားမည် ဝါးမည်ဟု ဆိုနေသလို တဒိန်းဒိန်း တခြိမ်းခြိမ်းမြည်ဟီးလျက် ကြိတ်ကာကြိတ်ကာ အနောက်အရပ်သို့ သွားပြီးနောက် တောင်အရပ်မှ သံတောင်ကြီးက ထိုနည်းအတိုင်းပင် ကြိတ်ကာ ကြိတ်ကာ မြောက်အရပ်သို့သွားပြီးလျှင် အနောက်အရပ်သို့ရောက်ပြီးသော သံတောင်ကြီးကလည်း အရှေ့အရပ်သို့ ကြိတ်ကာ ကြိတ်ကာ ပြန်၍လာလေသည်။ ဤနည်းအတိုင်းပင် အရပ်လေးမျက်နှာမှ သံတောင်တွေ (သန်းဥတုပ်သလို) ဖိနှိပ်ကြိတ်ချေသော်လည်း အကုသိုလ်ကံ မကုန်သမျှ ငုတ်စုစုပေါ်ထွက်လျက် ဆက်ကာ ဆက်ကာ အကြိတ်ခံရရှာလေသည်။

အယောမယ ပထဗျံ ယမို၊ ကဋိမတ္တံ ပဝေသိတေ။

အယောသေလာ သံဃာတေန္တိ၊ သံဃာတောတိ ပဝုစ္စတေ။

ယမိုနိရယေ၊ ကံကြမ္မာရှင်း ဖန်လာညှဉ်းက မကွင်းနိုင်အောင် အတင်းဆောင်လျက် သွင်းလှောင်ပိတ်ဆီး အကြင်သို့သော ငရဲကြီး၌။ အယောမယပထဗျံ၊ ၉ ယူဇနာ အလျှံဖြာသည့် သံမာအတိပြီး မြေပြင်ကြီးဝယ်။ ကဋိမတ္တံ၊ ဖဝါးလျှောက်တက် ခါးလောက်နက်အောင်။ ပဝေသိတေ၊ ယိမ်းယိုင်ဆုတ်ခံ မလှုပ်ရန်ဖို့ မြုပ်နှံသွင်းထား ငရဲသားတို့ကို၊ အယော သေလာ၊ ဂျိုးတခြိမ်းခြိမ်း တဟိန်းဟိန်းနှင့် ဒိန်းဒိန်းညံအောင် အလျှံပြောင်ညီး သံတောင်ကြီးတို့သည်။ သံဃာတေန္တိ၊ ရှေ့နောက်နှစ်ဖက် လှည့်စီတက်၍ ဆက်

www.burmeseclassic.com

www.burmeseclassic.com



ဆက်နှိပ်မွေ ကြိတ်ချေကြလေကုန်၏။ သော နိရယော၊ သို့ကလို ကံကုန်ပြန်လျှင် ဖန်ဖန်နှိပ်မွေ ကြိတ်ချေကြရိုး ထိုငရဲအိုးကို။ သံဃာတောတိ၊ သံဃာတငရဲဟူ၍။ ပဝုစ္စတေ၊ ဗျူပ္ပတ်အလိုက် ရုပ်ခတ်ကိုက်အောင် သမိုက်အပ်လေတော့သတည်း။

**ရောရုဝငရဲ**

"ရောရုဝ" ဟူသောပါဠိသည် "ပြင်းစွာငိုကြွေးခြင်း" ဟူသော အနက်ကိုပြ၏။ ထိုငရဲ၌ မီးတောက်တို့သည် တဟုန်းဟုန်းထလျက် ရှိ၏။ ငရဲသို့ ကျရောက်လာသူတို့အား ထိုမီးတောက်မီးလျှံများက ဒွါရ ၉ ပေါက်မှ အတင်းဝင်ရောက် လောင်ကျွမ်းသဖြင့် အလွန်အားငယ်စွာ တစာစာအော်ကြရရှာလေသည်။ ဤသို့ မီးတောက်မီးလျှံ အလောင်ခံနေရသောကြောင့် "ဇာလရောရုဝ" ဟုလည်းခေါ်သည်။

ဇာလာဟိ ပဝိသိတွာန၊ ဒုယှမာနာ ဒယာဝဟံ။

မဟာရဝံ ရဝန္တေ တ္ထ၊ ဝုစ္စတေ ဇာလရောရုဝေါ။

ဇေတ္ထ နိရယေ၊ ကံကြမ္မာရင်း ဖန်လာညှဉ်းက မကွင်းနိုင်အောင် အတင်းဆောင်လျက် သွင်းလှောင်ပိတ်ဆီး ဤမည်သော ငရဲကြီး၌။ ဇာလာဟိ၊ တစ်ငရဲလုံး ပြုတ်ပြုတ်ပြုန်းမျှ တဟုန်းဟုန်းထန် မီးတောက်မီးလျှံတို့သည်။ ပဝိသိတွာန၊ ဒွါရ ၉ သွယ် အပေါက်ငယ်မှ ဘယ်ဝယ်မကြွင်း ချင်းနင်းဝင်ရောက်ကြကုန်လျက်။ ဒုယှမာနာ၊ အတင်းအကျပ် လောင်ကျွမ်းအပ်သည့် များလတ်ဘိတောင်း ငရဲသားအပေါင်းတို့သည်။ ဒယာဝဟံ၊ အားငယ်ပါးငယ် အများကယ်အောင် သနားဖွယ်ကို ဆောင်သော။ မဟာရဝံ၊ ကယ်ပါ ယူပါ တစာစာနှင့် ကြမ္မာထန်သီး အသံကြီးကို။ ရဝန္တိ၊ သံကုန်လှစ်၍ ဟစ်အော်ကြရာလေကုန်၏။ သောနိရယော၊ သို့ကလိုကံ မကုန်ပြန်လျှင် ဖန်ဖန်အော်ရိုး ထိုငရဲအိုးကို။ ဇာလရောရုဝေါ၊ ဇာလရောရုဝငရဲဟူ၍။ ပဝုစ္စတေ၊ ဗျူပ္ပတ်အလိုက် ရုပ်ခတ်ကိုက်အောင် သမိုက်အပ်လေတော့သတည်း။



**မဟာရောရုဝ**

ဤငရဲကား မီးတောက်မီးလျှံမဟုတ်ဘဲ မီးခိုးတွေ တစ်ငရဲလုံး လွှမ်းဖုံးနေ၏။ ငရဲသို့ကျရောက်သူတို့ကို မီးခိုးတွေက အတွင်းအပြင် အတင်းဝင်၍ နှူးနှပ်ကြလေတော့၏။ ငရဲသူ ငရဲသားတို့မှာ ဘာမျှမတတ်နိုင်ကြတော့ဘဲ သနားစဖွယ် အားငယ်စွာ အော်နေကြရရှာလေတော့သည်။ ဤငရဲကို "ဓူမရောရုဝငရဲ" ဟုလည်းခေါ်၏။

ဓူမေဟိ ပဝိသိတွာန၊ သေဒမာနာ ဒယာဝဟံ။

မဟာရဝံ ရဝန္တေ တ္ထ၊ ဝုစ္စတေ ဓူမရောရုဝေါ။

ဇေတ္ထ နိရယေ၊ ကံကြမ္မာရင်း ဖန်လာညှဉ်းက မကွင်းနိုင်အောင် အတင်းဆောင်လျက် သွင်းလှောင်ပိတ်ဆီး ဤမည်သော ငရဲကြီး၌။ ဓူမေဟိ၊ တစ်ငရဲလုံး လွှမ်းအုပ်ဖုံးလျက် တရှိန်းရှိန်းတိုး မီးအခိုးတို့သည်။ ပဝိသိတွာန၊ ဒွါရ ၉ သွယ် အပေါက်ငယ်မှ ဘယ်ဝယ်မကြွင်း ချင်းနင်းဝင်ရောက်ကြကုန်လျက်။ သေဒမာနာ၊ အတင်းအကျပ် နှူးနှပ်အပ်သည့် များလတ်ဘိတောင်း ငရဲသားအပေါင်းတို့သည်။ ဒယာဝဟံ၊ အားငယ်ပါးငယ် အများကယ်အောင် သနားဖွယ်ကိုဆောင်သော။ မဟာသရဝံ၊ ကယ်ပါယူပါ တစာစာနှင့် ကြမ္မာထန်သီး အသံကြီးကို။ ရဝန္တိ၊ သံကုန်လှစ်၍ ဟစ်အော်ကြရာလေကုန်၏။ သော နိရယော၊ သို့ကလိုကံ မကုန်ပြန်လျှင် ဖန်ဖန်အော်ရိုး၊ ထိုငရဲအိုးကို။ ဓူမရောရုဝေါ၊ ဓူမရောရုဝငရဲဟူ၍။ ပဝုစ္စတေ၊ ဗျူပ္ပတ်အလိုက် ရုပ်ခတ်ကိုက်အောင် သမိုက်အပ်လေတော့သတည်း။

**တာပနငရဲ**

"တာပန" ဟူသောပါဠိသည် "ပူလောင်စေတတ်" ဟူသော အနက်ကိုပြ၏။ ထိုငရဲသို့ ကျရောက်လာသော သတ္တဝါများကို ထန်းလုံးလောက်ကြီးမား၍ မီးလျှံထသော သံတံကျင်ဖြင့် မလှုပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် စိုက်ထားပြီးလျှင် ထိုထန်းလုံးလောက်ရှိသော တံကျင်မှ ထွက်သော မီးအလျှံတို့က အမြဲပူလောင်စေသည်။

ဇလိတေ အယသူလမှိ၊ နိစ္စလံ နိသီဒါပိတော။

တာပေတိ ပါပကေ ပါဏော၊ တာပနော်တိ ပဝုစ္စတော။

ယောနိရယော၊ ကံကြမ္မာရင်း ဖန်လာညှဉ်းက မကျွင်းနိုင်အောင် အတင်းဆောင်လျက် သွင်းလျှောင်ပိတ်ဆီး အကြင်သို့သော ငရဲကြီးသည်။ ဇလိတေ၊ ရဲရဲညီးလောင် ပြောင်တလက်လက် အရောင်ထွက်၍နေသော။ အယသူလမှိ၊ ထန်းလုံးပင်စည် ပမာထင်သည့် သံလျှင်အတိပြီး တံကျင်ကြီး၌၊ နိစ္စလံ နိသီဒါပိတော၊ မယိမ်းမယိုင် ထိုင်စေအပ်ကုန်လျက်။ ပါပကေ ပါဏော၊ အယုတ်တမာ သတ္တဝါအများ ငရဲသားတို့ကို။ တာပေတိ၊ ကိုယ်လုံးရဲရဲ မီးလျှံဖွဲ၍ အမြဲပုံသေ ပူလောင်စေ၏။ သော နိရယော၊ သို့ကလို့ကံ မကုန်ပြန်လျှင် ဖန်ဖန်လောင်ရိုး ထိုငရဲအိုးကို။ တာပနော်တိ၊ တာပနငရဲဟူ၍။ ပဝုစ္စတော၊ ဗျူပ္ပတ်အလိုက် ရုပ်ဓာတ်ကိုက်အောင် သမိုက်အပ်လေတော့သတည်း။

**မဟာတာပနငရဲ**

တာပနငရဲထက်ပင် သာလွန်၍ ပူလောင်စေတတ်သော ငရဲကို "မဟာတာပန" ဟု လည်းကောင်း၊ "ပတာပန" ဟုလည်းကောင်း ခေါ်၏။ ထိုငရဲ၌ မီးလျှံထနေသော သံတောင်ကြီးရှိ၏။ ထိုသံတောင်၏ အောက်ခြေ၌ သံတံကျင်တွေ စိုက်ထူထား၏။ ထိုငရဲသို့ ကျရောက်လာသော သတ္တဝါများကို ငရဲထိန်းတို့က သံတောင်ပေါ်သို့ မတက်တက်အောင် ရိုက်နှက်၍တင်ကြကုန်၏။ သံတောင်ပေါ်သို့ ရောက်သောအခါ ကံကြမ္မာအလျောက် လေမုန်တိုင်းပေါ်ပေါက်၍ ထိုလေမုန်တိုင်းက တောင်ခြေ၌ရှိသော တံကျင်ပေါ်သို့



ရောက်အောင် တိုက်လွှင့်ချလိုက်သဖြင့် တံကျင်အဖျားဌ် ကားခနဲ စူးဝင်ကြရရှာလေတော့သည်။

အယောသေလံ အာရောပေတွာ၊ ဟေဋ္ဌာသူလံ ပတာပိယ။

ပါပကေ ယော ပတာပေဝိ၊ ပဘာပနော်တိ ဝုစ္စတော။

ယောနိရယော၊ ကံကြမ္မာရင်း ဖန်လာညှဉ်းက မကျွင်းနိုင်အောင် အတင်းဆောင်လျက် သွင်းလှောင်ပိတ်ဆီး အကြင်သို့သော ငရဲကြီးသည်။ အယောသေလံ၊ ရဲရဲညီးလောင် အလျှံပြောင်လက် သံတောင်ထက်သို့။ အာရောပေတွာ၊ ရိုက်နှက်သောအား တင်ထားပြီး၍။ ဟေဋ္ဌာသူလံ၊ တောင်ခြေစိုက်ထား တံကျင်ဖျားသို့။ ပတာပိယ၊ ကံကြမ္မာမွှေ မုန်တိုင်းလေကြောင့် အနေမမှန် ကျွမ်းပြန်ခေါက်ချိုး ဇောက်ထိုးကျလျက်။ ပါပကေ၊ အယုတ်တမာ သတ္တဝါအများ ငရဲသားတို့ကို။ ပတာပေတိ၊ တာပနထက် နှစ်ဆတက်အောင် နှိပ်စက်ဆန်းပွေ လောင်ကျွမ်းစေ၏။ သောနိရယော၊ သို့ကလိုကံ မကုန်ပြန်လျှင် ဖန်ဖန်လောင်ရိုး ထိုငရဲအိုးကို။ ပတာပနော်တိ၊ ပတာပနငရဲဟူ၍။ ပဝုစ္စတော၊ ဗျူပ္ပတ်အလိုက် ရုပ်ဓာတ်ကိုက်အောင် သမိုက်အပ်လေတော့သတည်း။

**အဝီစိငရဲ**

[အ = မရှိ + ဝီစိ = အကြား] ထိုအဝီစိငရဲ၌ မီးတောက်မီးလျှံများလည်း အကြားမရှိ။ တစ်ငရဲလုံး၌ မီးလျှံချင်း ဆက်၍နေ၏။ ငရဲသတ္တဝါချင်းလည်း အကြားမရှိ။ ဝါးကျည်တောက်အတွင်း၌ မုန်ညင်းစေ့ကလေးတွေ ပြည့်ကျပ်နေသကဲ့သို့ သတ္တဝါတွေ ပြည့်ကျပ်ညှပ်နေတော့၏။ ဆင်းရဲဒုက္ခလည်း အကြားမရှိ၊ ဒုက္ခမှ လွတ်ကင်း၍ ချမ်းသာခွင့်လုံးဝမရနိုင်။ ဤသို့ မီးလျှံ၊ သတ္တဝါ၊ ဆင်းရဲဒုက္ခ ဤ ၃ မျိုးတို့ အကြားမရှိအောင် ဆက်စပ်နေသောကြောင့် "အဝီစိငရဲ" ဟုခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဓာလာနံ့ သတ္တာနံ ယတ္ထ၊ နုတ္တိ ဒုက္ခသ အန္တရံ။
ဗာလာနံ့ နိဝါရသာ သောဟိ၊ အဝိစိတိ ပဝုစ္စတေ။

ယတ္ထ နိရယေ၊ ကံကြမ္မာရင်း ဖန်လာညှဥ်းက မကွင်းနိုင်အောင် အတင်းဆောင်လျက် သွင်းလှောင်ပိတ်ဆီး အကြင်သို့သော ငရဲကြီး၌။ ဓာလာနံ၊ ဝဲယာရှေ့နောက် အထက်အောက်မှ ထွင်းဖောက်ထွက်သွား မီးလျှံအများတို့၏ လည်းကောင်း။ သတ္တာနံ၊ ကျည်တောက်အတွင်း နှမ်းမုန်ညင်းသို့ ပြည့်တင်းတင်းကျပ်လှောင်း သတ္တဝါအပေါင်းတို့၏လည်းကောင်း။ ဒုက္ခသ၊ ကိုယ်ရောစိတ်မှာ မသက်သာအောင် ဆက်ကာနှိပ်နင်း ဆင်းရဲခြင်း၏လည်းကောင်း။ အန္တရံနတ္ထိ၊ တစ်မိနစ်မျှ မလစ်ရ၍ ခွေတ္တနားရန် အကြားမကျန်တော့ချေ။ ဗာလာနံ၊ ကမ္မာ့တိုက်ဖွား ငမိုက်သားတို့၏။ နိဝါသော၊ အမြဲမပြတ် နေထိုင်ရာအရပ်ဖြစ်သော။ သောဟိနိရယော၊ အကုသိုလ်ကံ အရင်းခံလျက် သယံဓာတ ထာဝရဖြင့် ကာလကြာပြီး ထိုငရဲကြီးကို။ အဝိစိတိ၊ အဝီစိငရဲဟူ၍။ ပဝုစ္စတေ၊ ဗျူပွတ်အလိုက် ရုပ်ဓာတ်ကိုက်အောင် သမိုက်အပ်လေတော့သတည်း။

**ငရဲဒုက္ခ အကုန်မပြနိုင်**

ဤငရဲကြီးရှစ်ထပ်မှ နောက်၌ ဘင်ပုပ်ငရဲစသော ဥဿဒငရဲများဝယ် ဆင်းရဲပုံတွေ များစွာရှိသေး၏။ ထို့ပြင် ဒု၊ သ၊ န၊ သောဟု ဟစ်အော်ကြသော သူဌေးသား ၄ ယောက်တို့၏ ကျက်ရာ "လောဟကုမ္ဘီ" သံရည်အိုးငရဲကား ရာဇဂြိုဟ်ပြည်၏အနီး အောက်မှာပင်ရှိ၏။ ရာဇဂြိုဟ်ပြည်အနီးက တပေါဒါမြစ်ခေါ်သော လောဟကုမ္ဘီငရဲ ၂ ခုစပ်ကြားမှ စီးတက်လာသော မြစ်ပင်တည်း။ ထို့ကြောင့် ငရဲငယ်တွေ လူ့ပြည်အနီးမှာပင် များစွာရှိလေသည်။ ငရဲ၌ခံနေရသော ဒုက္ခအမျိုးမျိုးကား "ယာဝဠိဒံ ဘိက္ခဝေ န သုကရာ အက္ခာနေန ပါပုဏိတုံ၊ ယာဝ ဒုက္ခာ နိရယာ" နှင့်အညီ နှစ်လရှည်စွာ ဘုရားရှင်ဟောပြတော်မူသော်လည်း ကုန်နိုင်ဖွယ် မရှိဘူးတဲ့။ [ဘိက္ခဝေ၊ ဘိက္ခုတို့။ ယာဝဠိဒံ၊ ငရဲ၌ ဆင်းရဲသလောက်။ အက္ခာနေန၊ ဟောပြတော်မူသဖြင့်။ ပါပုဏိတုံ၊ အပြီးရောက်ခြင်းငှာ။ န သုကရာ မလွယ်ကုန်။ နိရယာ၊ ငရဲတို့သည်။ ယာဝ၊ အလွန်အကဲသာလျှင်။ ဒုက္ခာ၊ ဆင်းရဲစေတတ် ဆင်းရဲရာ အရပ်တို့ပေတည်း။]

**တိုက်တွန်းချက်**

ဤငရဲဒုက္ခကို အဖန်ဖန်စဉ်းစားမိသူသည် မိမိပြုမိသော အကုသိုလ်အတွက် နောင်တတစ်ဖန်မပူပန်တော့ဘဲ အသစ် အကုသိုလ် မဖြစ်အောင်သာ သတိထား၍ ကုသိုလ်တရားကို ပွားများအားထုတ်သင့်ပြီ။ ရှေးတုန်းက ဤဒေဝဒူတသုတ္တန်ကို ဆရာ့ထံသင်ယူသော ရဟန်းတော်လေးတစ်ပါးသည် "အရှင်ဘုရား .... တပည့်တော်ကို စာမချသေးဘဲ ကမ္မဋ္ဌာန်းကိုသာ ပေးတော်မူပါဘုရား" ဟုဆရာ့ထံ ကမ္မဋ္ဌာန်းတောင်း၍ တရားကိုအားထုတ်လေရာ မကြာမီ သောတာပန် ဖြစ်ပြီးနောက် ကျမ်းစာကို ထပ်၍သင်ယူသတဲ့။ ဤဒေဝဒူတသုတ္တန်၏အဆုံး၌ တရားကိုအားထုတ်၍ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်မြတ်တို့မှာ မရေမတွက်နိုင်အောင် ရှိခဲ့ဖူးပြီ။ ဘုရားရှင်အဆူဆူလည်း ဤဒေဝဒူတသုတ္တန်ကို ဟောတော်မူမြဲပင် ဖြစ်ပါလေသတဲ့။ [တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့၏ အကြောင်းကို အကျဉ်းချုပ်မျှ ရတနာ့ ဂုဏ်ရည်ခန်း၌ ပြခဲ့ပြီးဖြစ်၍ ရှုကြပါလေတော့။]

## ကမ္ဘာပျက်ပုံ

ဖြစ်ဖြစ်သမျှ အရာဝတ္ထုအစုစုသည် တစ်နေ့ကျမြဲ ကြေပျက်ရမည့် အနိစ္စတရားသာဖြစ်သည်။ ထို့ကြောင့် သတ္တဝါတို့တည်



www.burmeseclassic.com

www.burmeseclassic.com



နေရာ ဤကမ္ဘာလောကကြီးလည်း ထို အနိစ္စနယ်တွင် ပါဝင်ရကား ခိုင်မြဲတည်တံ့နိုင်မည်မဟုတ်။ တစ်နေ့ကျလျှင် ကေန်မုချ ပျက်ရချေမည်။ ကမ္ဘာလောကပျက်ဖို့ရာ အကြောင်းမှာ မီး၊ ရေ၊ လေအားဖြင့် ၃ မျိုးရှိ၏။ မီးကြောင့်ပျက်စီးရမည့် ကမ္ဘာကြီး၌ ပျက်ချိန်တန်လျှင် ရှေးဦးစွာ နေ ၂ စင်းပေါ်လာ၏။ ရှိးရှိးနေက နေ့အခါထွက်၍ နေသစ်က ညဉ့်အခါ ဆက်လက်တက်လာသဖြင့် ညဉ့်အခါဟု မရှိတော့ပြီ။ ထိုနေအသစ်၏ ပူလောင်မှုကြောင့် မြစ်ငယ် ချောင်းငယ်များ၌ရှိသော ရေတွေ ခြောက်ခန်းရလေတော့သည်။ ထို့နောက် ၃ စင်းမြောက် နေအသစ်ပေါ်လာပြန်သောအခါ မြစ်ကြီးများ၌ရှိသော ရေတွေခြောက်ခန်း၏။ ၄ စင်းမြောက်နေ ပေါ်လာပြန်လျှင် ဟိမဝန္တာအတွင်းရှိ အိုင်ကြီး ၇ အိုင်လည်း ခြောက်ခန်းရတော့သည်။

ထို့နောက် ၅ စင်းမြောက်နေ ပေါ်လာပြန်လျှင် သမုဒ္ဒရာရေခြောက်ခန်း၏။ ၆ စင်းမြောက်နေ ထွက်သောအချိန်မှာ ကမ္ဘာလောက၌ အစိုအစေးဟူ၍ လုံးဝမရှိတော့။ ၇ စင်းမြောက်နေ ပေါ်လာသောအခါ ဤကမ္ဘာလောကမျိုးတစ်သိန်းမျှ မီးဟုန်းဟုန်းထလျက် ကာလအတော်ကြာလျှင် ကမ္ဘာမြေပြင်မှ ပထမဈာန် ဗြဟ္မာ့ဘုံတိုင်အောင် မီးတောက်မီးလျှံစွဲရကား ဟိမဝန္တာတောင်၊ မြင်းမိုရ်တောင်၊ စကြဝဠာတောင်ကြီးများနှင့်တကွ ငွေ ရွှေ ရတနာ နီလာ မြသား အလွန်ကြီးမားသော ဗိမာန်များလည်း မတိမ်းသာမရှောင်သာ လောင်စာချည်း ဖြစ်ကြရလေတော့၏။ မီးလောင်စာမရှိ၍ မီးတောက်မီးလျှံငြိမ်းလျက် ပြာအမှုန်မျှ မကျန်တော့သည့်အခါကျမှ ကမ္ဘာပျက်ခြင်းကိစ္စ ပြီးတော့သည်။ [ရေဖျက် လေဖျက်ဖို့ အလှည့်ကြုံသည့်အခါ၌လည်း ဆားငန်ရေထိ၍ မြည့်မြည့်ကြေရပုံ၊ လေမုန်တိုင်းကျ၍ မွမွကြေရပုံများကို သိပါလေ။]



## ပျက်နေရာ အချိန်အခါ

ဤသို့ ကမ္ဘာလောကဓာတ်ကြီး၏ ပျက်စီးနေရာ အချိန်အခါသည် "နှစ်ပေါင်းမည်မျှကြာသည်" ဟု မခန့်မှန်းနိုင်လောက်အောင်ပင် ကြာ၏။ ၁၀ နှစ်တမ်းမှ တဖြည်းဖြည်းတက်၍ အသင်္ချေတမ်းသို့ရောက်၊ ထိုအသင်္ချေတမ်းမှ တဖြည်းဖြည်းဆုတ်၍ ၁၀ နှစ်တမ်းသို့ရောက်၊ ဤ တက်ကပ် ဆုတ်ကပ် တစ်စုံကို အန္တရကပ် (အကြားကပ်) ဟုခေါ်၏။ ကမ္ဘာလောကကြီး မီးလောင်၍ ပျက်စီးရာနေရာ အချိန်အခါသည် ထိုအန္တရကပ်ပေါင်း ၆၄ ကပ်မျှ ကြာသတဲ့။ ထိုကဲ့သို့ ပျက်စီးပြီးနောက် (အိမ်တစ်ဆောင်ကို မီးလောင်ပြီးနောက် အိမ်အသစ်မဆောက်ခင် ပျက်မြဲအတိုင်း တည်နေသကဲ့သို့) ကမ္ဘာအသစ်မတည်ခင် ပျက်မြဲအတိုင်းတည်သော အချိန်လည်း အန္တရကပ် ၆၄ ကပ်မျှပင် ကြာသတဲ့။

## သတ္တဝါတိုင်း ဗြဟ္မာ့ပြည်မှာ

ထိုသို့ ကမ္ဘာပျက်နေတုန်းအခါ ပျက်မြဲတိုင်းတည်နေသောအခါဝယ် သတ္တဝါတို့လည်း မီးမလောင်သော အထက်ဗြဟ္မာ့ဘုံသို့ ရောက်နေကြ၏။ "ကမ္ဘာပျက်လိမ့်မည်" ဟု အနှစ်တစ်သိန်းလောက်ကပင် နတ်များကြွေးကြော်ထားကြသောကြောင့် ကြားကြားသမျှ သတ္တဝါတွေ ရှေးကလို မမေ့မလျော့နိုင်ကြဘဲ ကုသိုလ်တရား ပွားများ၍ နေကြလေရာ ကမ္ဘာပျက်ခါနီးအခါဝယ် အားလုံးပင် ဗြဟ္မာ့ပြည်သို့ရောက်ဖို့ရန် ဈာန်ကိုရကြလေသည်။ ထို့ကြောင့် နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူမှတစ်ပါး သတ္တဝါဟူသမျှ တစ်ကမ္ဘာလျှင် တစ်ခါတော့ ဗြဟ္မာ့ပြည်၌ ဖြစ်ကြ၏။ [နိယတမိစ္ဆာ အယူရှိသူတို့ကား ငရဲသက်မစေ့သေးလျှင် မပျက်သောကမ္ဘာသို့ ပြောင်းရွှေ့၍ငရဲခံရသတဲ့။]

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာတည်ပုံ

ထိုကဲ့သို့ ကမ္ဘာပျက်ပြီးနောက် တည်ချိန်ရောက်သောအခါ၌ ကမ္ဘာပြုမိုးကြီး ရွာသွန်းလာလေသည်။ ရှေးဦးစွာ မိုးဖွဲကလေးက စပြီး တဖြည်းဖြည်းကြီးမား၍ အိမ်လုံး တောင်လုံးခန့် မိုးပေါက်တွေ ကျသဖြင့် ပျက်စီးသောနေရာတွင် ဗြဟ္မာ့ပြည်အထိအောင် ရေအလျှဉ် ပြည့်လာ၏။ နှစ်ပေါင်းအတော်ကြာ၍ ထိုရေများ တဖြည်းဖြည်း ခန်းခြောက်လေသော် မီးလောင်သော ဗြဟ္မာ့ဘုံ နတ်ဘုံတို့တည်ရာ အရပ်သို့ရောက်လျှင် ဗြဟ္မာ့ဘုံ နတ်ဘုံများလည်း တည်ပြီးဖြစ်တော့၏။ ထို့နောက် တဖြည်းဖြည်း ရေလျော့လာခဲ့ရာ လူ့ဘုံတည်ရာသို့ ရောက်လာလျှင် ရေအလျှဉ်မလျှော့ကျတော့ဘဲ မြင့်မောက်သောနေရာ၌ တောင်ကြီး တောင်ငယ်၊ ချိုင့်ဝှမ်းသောနေရာ၌ မြစ်ကြီးမြစ်ငယ်၊ ညီညွတ်သောနေရာ၌ မြေပြင်ဖြစ်ဖို့ရာ ရေ၏အထက်ပေါ်မှာ (နွားနို့မလိုင်တက်သကဲ့သို့) ခပ်ပျစ်ပျစ် ခပ်ခဲခဲဖြစ်ရာမှ ကာလကြာလျှင် ကျောက်တောင်ကျောက်သား မြေသားတွေ ဖြစ်ကြရလေသည်။

ထိုကဲ့သို့ဖြစ်နေသော မြေသားသည် အထုယူဇနာ ၂ သိန်း ၄ သောင်းရှိ၏။ ထိုမြေသားကို ခံနေသောရေကား အလွန်အေးမြ၍ လေပူ နေပူမတွေ့ရသော ရေခဲပြင်ကြီးဖြစ်နေဖွယ်ရှိ၏။ ရေပြင်ကြီးသည် ယူဇနာပေါင်း ၄ သိန်း ၈ သောင်းထုရကား ယူဇနာ ၂ သိန်း ၄ သောင်းမျှသာထုသော မြေပြင်ကြီးကို ဆောင်ရွက်ထားဖို့ရန် တာဝန်ကြီးဖွယ် မရှိတော့ပြီ။ ထိုယူဇနာ ၄ သိန်း ၈ သောင်းထုသော မြေပြင်ကြီးကိုကား ယူဇနာ ၉ သိန်း ၆ သောင်းထုသော လေပြင်ကြီးက ပင့်မြှောက်၍ထားသတဲ့။ ထိုလေပြင်၏အောက်မှလည်း မဆုံးနိုင်သော ဟာလာဟင်းလင်းကြီး ရှိလေသေးသည်။

ဤကဲ့သို့ လေထု ရေထု မြေထုနှင့် လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံ



အစုံအလင်ရှိကြသော ကမ္ဘာလောကလည်း ငါတို့နေရာ ဤကမ္ဘာ တစ်ခုသာမက ရေတွက်၍ မကုန်မဆုံးနိုင်လောက်အောင် များပြားလေ၏။ ထို့ကြောင့် အနန္တစကြဝဠာ (အဆုံးမရှိသော စကြဝဠာ) ဟု ခေါ်စမှတ်ပြုကြသည်။ ထိုစကြဝဠာအများတွင် ကုဋေတစ်သိန်း လောက်သော စကြဝဠာတို့မှာ ပျက်လည်းအတူ ဖြစ်လည်းအတူ ပင်တည်း။ စကြဝဠာ တစ်ခုနှင့်တစ်ခု ကွဲပြားအောင် စကြဝဠာ ကျောက်တောင်ကြီးက မဟာရံတံတိုင်းခတ်သလို ရံပတ်၍နေလေသည်။

### လောကန္တရိက်ငရဲ

စကြဝဠာ ၃ ခုအကြား၌ (လင်ပန်း ၃ ချပ်စပ်နေသလို) အကြားတစ်ခုရှိ၏။ ထိုအကြား၌ နေရောင် လရောင်မထွန်းနိုင်ဘဲ အမြဲမှောင်၍နေ၏။ ထိုအကြားကို "လောကန္တရိက်ငရဲ" ဟုခေါ်၏။ မိဘ သူတော်ကောင်းများကို စော်ကားသူတို့ ပြိတ္တာ အသူရာဖြစ် လျက် မစားရ မသောက်ရဘဲ ထိုလောကန္တရိက်ငရဲ၌ဖြစ်ကာ သစ်ပင်ကို လင်းနို့များ တွယ်နေသလို စကြဝဠာနံရံကို တွယ်ကပ် နေရာမှ တစ်ကောင်နှင့်တစ်ကောင် မှောင်အတွင်းတွေ့ကြသောအခါ အစာမှတ်၍ လှမ်းအဟပ်လိုက်တွင် အောက်ခံရေပြင်ပေါ်သို့ကျသဖြင့် မွမွကြေရလေသတဲ့။

### မြင်းမိုရ်တောင်စသည်

ထိုပြခဲ့သော စကြဝဠာ ကမ္ဘာလောကကြီး၏ အလယ်ဗဟို၌ ယူဇနာ တစ်သိန်းခြောက်သောင်း ရှစ်ထောင်မြင့်သော မြင်းမိုရ်တောင် တည်ရှိ၏။ [ထို ၁၆၈၀၀၀ တွင် ရှစ်သောင်း လေးထောင်မှာ သမုဒ္ဒရာတွင်း နစ်မြုပ်နေသောကြောင့် သမုဒ္ဒရာရေပြင်မှ အထက်သို့

www.burmeseclassic.com

www.burmeseclassic.com



မြင့်တက်နေသော အထက်ပိုင်းကိုသာ ရေတွက်၍ "ယူဇနာ ရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်" ဟုဆိုကြ၏။] ထိုမြင်းမိုရ်တောင်၏ ပတ်ဝန်းကျင်၌ "သီဒါ" ခေါ်မြစ်တစ်စင်းက တံတိုင်းခတ်သလို ရံပတ်လျက်နေလေသည်။ ထိုသီဒါ၏ ပြင်ဘက်၌ ယုဂန္ဓိုရ်တောင်တည်ရှိ၏။ အမြင့်မှာ မြင်းမိုရ်တောင်၏ တစ်ဝက်သာ မြင့်၍ သမုဒ္ဒရာရေအတွင်းသို့လည်း တစ်ဝက်မျှဝင်လေသည်။ ထို ယုဂန္ဓိုရ်တောင်၏ ပြင်ဘက်၌ သီဒါမြစ်ခြား၍ ဤသန္ဓိုရ်တောင် တည်ပြန်၏။ ဤနည်းအတိုင်း မြင်းမိုရ်တောင်ကို သီဒါ ၇ တန်နှင့် တောင်စဉ် ၇ ထပ်တို့ ရံပတ်တည်ရှိကြလေသည်။

## ကျွန်းကြီးကျွန်းငယ်

ထိုတောင်များ၏ ပြင်ဘက်၌ သမုဒ္ဒရာရေပြင်ကြီးသည် စကြဝဠာတံတိုင်းအထိ တည်ရှိလေ၏။ ထိုရေပြင်၏အလယ်၌ ကျွန်းကြီးကျွန်းငယ်အသွယ်သွယ် ပေါ်ထွန်းလျက်ရှိရကား မြင်းမိုရ်တောင် အရှေ့ဘက်၌ ပေါ်ထွန်းသော ကျွန်းများကို အရှေ့ကျွန်း၊ ထို့အတူ တောင်၊ အနောက်၊ မြောက်ဘက်၌ ပေါ်ထွန်းသော ကျွန်းများကို တောင်ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်းဟု ခေါ်ဝေါ်ရလေသည်။

## နတ်ပြည် ဗြဟ္မာပြည်

မြင်းမိုရ်တောင်၏တစ်ဝက် ယုဂန္ဓိုရ်တောင်ထိပ်၌ စတုမဟာရာဇ်နတ်ပြည် တည်ရှိ၏။ ယခု မြင်ရသော နေ လ နက္ခတ်တို့သည် စတုမဟာရာဇ်နတ်ပြည်ဝယ် ပါဝင်သောဘုံဗိမာန်များဟု ဗုဒ္ဓဘာသာ ကျမ်းစာများ၌ဆို၏။ မြင်းမိုရ်တောင်ထိပ်နှင့် ညီမျှသောအရပ်ဝယ် "တာဝတိံသာ" နတ်ပြည် တည်ရှိ၏။



သိကြားမင်းစံရာ သုဒဿနခေါ် နတ်မြို့တော်သည် မြင်းမိုရ်တောင်ထိပ်မှာ တည်ရှိသတဲ့။ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ နတ်ပြည်လေးထပ်ကား မြေကြီးနှင့် လုံးဝမစပ်ပဲ ကောင်းကင်မှာပင် အဆင့်ဆင့်မြင့်ကာ တည်ရှိကြလေသည်။ ဗြဟ္မာ့ဘုံများလည်း ထို့အတူပင်။ [အကျယ်ကိုသိလိုလျှင် သင်္ဂြိုဟ်ဘာသာဋီကာ ဝီထိမုတ်ပိုင်းမှာကြည့်ပါ။]

## လူများဖြစ်ပေါ်လာပုံ

ထိုကဲ့သို့ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတို့ တည်မိသောအခါ အထက် ဗြဟ္မာ့ပြည်၌ရှိသော ဗြဟ္မာတို့တွင် အသက်တမ်းစေ့၍ဖြစ်စေ၊ ကံကုန်၍ဖြစ်စေ အချို့ဗြဟ္မာတို့ စုတေကြလေ၏။ ထိုစုတေသူတို့တွင် တချို့ အောက်ဗြဟ္မာ့ဘုံမှာ ဖြစ်ကြ၏။ တချို့ကား နတ်ဘုံ၌ ဖြစ်ကြ၏။ တချို့ကား ဤလူ့ဘုံဝယ် လူဖြစ်လာကြလေသည်။ ထိုကဲ့သို့ ဗြဟ္မာ့ပြည်မှစုတေ၍ လူ့ပြည်၌ဖြစ်ကြသော ကမ္ဘာဦး လူတို့၌ မိဘမရှိကြ။ နတ်ပြည်၌ နတ်ဖြစ်ကြသလို လူ့ပြည်၌လည်း ကံ၏အစွမ်းကြောင့် လူကိုယ်ကြီး အထင်အရှား ဖြစ်လာကြသည်။ ထိုကမ္ဘာဦးလူတို့၌ ယောကျ်ားမိန်းမဟု ခွဲခြားဖို့ရာ ယောကျ်ားအင်္ဂါ မိန်းမအင်္ဂါများလည်း မပါကြသေးချေ။ မည်သည့် အစားအစာကိုမျှလည်း မစားသောက်ဘဲ နေနိုင်ကြ၏။ နေလ နက္ခတ်တို့လည်း မရှိကြသေး။ မိမိတို့၏ ကိုယ်ရောင်ကိုယ်ဝါဖြင့်သာ ထွန်းလင်းတောက်ပကုန်လျက် ဗြဟ္မာဖြစ်တုန်းကကဲ့သို့ ကောင်းကင်၌ လှည့်လည် သွားလာနိုင်ကြလေသည်။

## ရှေးဦးစွာစားသောက်ကြ

ကိုယ်ရောင် ကိုယ်ဝါဖြင့် ကောင်းကင်၌ လှည့်၍နေကြစဉ် မြေအပြင်၌ မလိုင်တက်သလို အလွန်ဝါဝင်းသော မြေဆီများဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ထိုမြေအဆီကို လက်မငြိမ်သူ တစ်ယောက်က "အဆင်းက ဖြင့် လှပါပေသည်။ အရသာမှာ ဘယ်လိုနေပါလိမ့်"ဟု လက်ဖြင့် တို့၍ လျက်ကြည့်လေသော် အလွန်ချိုဆိမ့်သော အရသာရှိသော ကြောင့် "ကောင်းမှန်းသိ–သာအိတစိုစို" ဖြစ်နေသည်ကို အခြားလူတို့ မြင်လျှင် "အတုမြင်–အတတ်သင်"ကာ လက်ဖြင့်ကော်၍ ကော်၍ လျက်ရာမှ အားမရသဖြင့် ဆုပ်ကာဆုပ်ကာ လွေးကြလေ၏။ထိုအခါ အရသာကို တပ်မက်မောသော တဏှာ၏ ပူလောင်မှုကြောင့် ကိုယ်ရောင်ကိုယ်ဝါ ကွယ်ပျောက်၍ အမိုက်မှောင်ကြီး ကျရောက် လေတော့သည်။

**နေလပေါ်ပုံ**

ထိုအမှောင်ကြီး ကျရောက်သောအခါ ကမ္ဘာဦးလူတို့ အလွန် ကြောက်ရွံ့ကြလေသော် ထိုသူတို့ ကံအားလျော်စွာ ရဲရင့်ခြင်းကို ဖြစ်စေတတ်၍ "သူရိယ" ဟု ခေါ်ဝေါ်အပ်သော ယူဇနာ ၅၀ အဝန်းကျယ်သော နေဗိမာန်ကြီးသည် အရှေ့လောကဓာတ်မှ ထွက် ပေါ်လာ၏။ ထိုနေဝန်းကြီးက နေ့အဖို့ထွန်းလင်း၍ တောင်စွယ်ကို ကွယ်သွားသောအခါ "အရောင်တစ်ခု ပေါ်လာလျှင် ကောင်းလေစွ" ဟု အလိုဆန္ဒ ဖြစ်ကြသဖြင့် ဆန္ဒ အားလျော်စွာ ၄၉ ယူဇနာ အဝန်း ရှိသော လဗိမာန်ပေါ်လာ ပြန်သည်။ [ဆန္ဒအတိုင်း ပေါ်ထွက် လာပြန်သောကြောင့် လကို " ဆန္ဒ–ဆန္ဒ "ဟု ခေါ်ကြရာမှ ကာလ ကြာသဖြင့် "စန္ဒ – စန္ဒ "ဟု အခေါ်တစ်မျိုး ပြောင်းရွေ့လာ သတဲ့။] ထို နေ လတို့ ပေါ်ထွက်လာသောအခါ နက္ခတ်များလည်း တစ်ပါတည်းပါလာ၏။ ထို နေ လ နက္ခတ်တို့ လှည့်လည်သွားလာရာ ပထမဆုံးအခါသည် မဇ္ဈိမဒေသအခေါ်အားဖြင့် တပေါင်းလကွယ်နေ့ ဖြစ်၏။ ထို့ကြောင့် ကမ္ဘာ၏လဆန်းစအခါသည် တန်ခူးလ ဖြစ်ရ ကား "ကမ္ဘာတည်ဦး တန်ခူးရက်မစုံ" ဟုပြောစမှတ် ပြုကြရသည်။



**ထမင်းပေါ်ပေါက်လာပုံ**

ထိုကဲ့သို့ မြေဆီကို စားခဲ့ကြရာမှ ရသတဏှာ (အကုသိုလ် အတွက်) မြေဆီများ ယုတ်လျော့၍ အလုပ်လုပ် အလွှာလွှာဖြစ် နေသော မြေလွှာများကို စားသောက်ကြရ၏။ ထိုမြေလွှာလည်း တဖြည်းဖြည်းလျော့ပါး၍ အစိတ်စိတ်အမြွှာမြွှာ နွယ်ချောင်း ကလေး များကဲ့သို့ ဖြစ်လာ၏။ ထိုမြေနွယ်များကို နွယ်ချိုဟုခေါ်၏။ ထိုနွယ်ချိုများ ကွယ်ပသောအခါ အခွံမပါသော သလေးဆန် ပေါ် လာ၏။ ထိုဆန်ကို အိုး၌ထည့်၍ "ဇောတိပါသာဏ" ခေါ် ကျောက်တုံးပေါ်သို့ တင်လိုက်လျှင် မီးအလိုလိုတောက်၍ ကျက်ချိန် ရောက်က အလိုလို မီးငြိမ်းလေသည်။

**ယောကျ်ားမိန်းမ**

မြေဆီ မြေလွှာ မြေနွယ်တို့ကို စားသုံးသော အခါဝယ် ခန္ဓာ ကိုယ်တွင် အဆီအသားများ ဖြစ်ပြီးနောက် အဖတ်အကာ အနည်းငယ် သာကြွင်းကျန်၏။ ထိုကြွင်းကျန်သော အဖတ်အကာ ကလေးများ မှာ ဝမ်းမီးလောင်ရုံမျှဖြင့် ကုန်ခန်းနိုင်ကြလေသည်။ သလေးထမင်း ကို စားသုံးသော အခါကား ဝမ်းမီးလောင်ရုံဖြင့် မကုန်ခန်းနိုင်ဘဲ အရည်အဖတ် (ကျင်ကြီး ကျင်ငယ်) များစွာကြွင်းကျန်၏။ ကမ္ဘာဦး လူတို့ ဖြစ်စက ကျင်ငယ်လမ်း ကျင်ကြီးလမ်းများလည်း မပါခဲ့ကြချေ။ ယခုအခါ ခန္ဓာကိုယ်အတွင်းမှာရှိသော ဝါယောဓာတ်က ထိုအရည် အဖတ်များကို မှုတ်ထုတ်နေလေပြီ။ သို့ဖြစ်၍ အရည်အဖတ်များ ထွက်ဖို့ ကျင်ငယ်လမ်းပေါက် ကျင်ကြီးလမ်းပေါက်များ ပေါ်ပေါက် လာရလေသည်။ ထိုသို့ ပေါ်ပေါက်ရာ၌ ဗြဟ္မာပြည်သို့ မရောက်မီအခါ မိန်းမဖြစ်ခဲ့သူမှာ ဣတ္ထိဘာဝရုပ် ပေါ်လာ၍ ယောကျ်ားဖြစ်ခဲ့သူမှာ ပုရိသဘာဝရုပ် ပေါ်လာသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



**အိမ်ရာထောင်ကြပုံ**

ကိုယ်အင်္ဂါ ပေါ်ပေါက်ပုံ မတူကြသဖြင့် တစ်ယောက်ဥစ္စာကို တစ်ယောက်က တစိမ့်စိမ့်ကြည့်ရှုလျက် စိတ်ကို မချုပ်တည်းနိုင်ဘဲ ကာမကိစ္စမှိုဝဲမှုကြောင့် ပညာရှိလူတစ်စုက တားမြစ်၍ မရသဖြင့် ကဲ့ရဲ့ရှုတ်ချ ၊ ခဲ တုတ် စသည်ဖြင့် ပစ်ခတ်ကြလေရာ ပုန်းအောင်းခိုကပ်ဖို့ရာ အိမ်နေရာများကို တည်ဆောက်ကြရလေသည်။ [ကမ္ဘာဦးက ဤအလေ့အထကို စွဲ၍ ယခုကာလ မင်္ဂလာဆောင်၌ ခဲပေါက်ရိုးပြုကြသည်။] ဤနည်းအားဖြင့် လူများ ဖြစ်ကြပြီးနောက် ကံအားလျော်စွာ တိရစ္ဆာန် သတ္တဝါတို့လည်း ပေါ်ပေါက်ကာ ကမ္ဘာအသစ်တည်မိလေသည်။

## နတ်ဘုံစခန်း

ထိုကဲ့သို့ တည်ထောင်ပြီးသော ကမ္ဘာသစ်၌ ငရဲသူငရဲသားတို့ ဆင်းရဲရပုံကိုပြခဲ့ပြီ။ တိရစ္ဆာန် ပြိတ္တာတို့ ဆင်းရဲပုံကိုလည်း မျက်မြင်အားဖြင့်လည်းကောင်း၊ ကြားဖူးနားဝဖြင့် လည်းကောင်း အတော်အတန် သိလောက်ပြီ။ လူများ၏ ဆင်းရဲချမ်းသာမှာ ကိုယ်တွေ့ဖြစ်၍ အထူးရေးဖွယ်မလို။ နတ်စည်းစိမ်ကိုကား အများပင် သိလိုကြပေလိမ့်မည်။ ထို့ကြောင့် ကျမ်းဂန်လာ အချက်များကို အကျဉ်းချုပ်စုပေါင်း၍ နတ်တို့နေထိုင်ကြပုံ အကြောင်းများကို ပြပေအံ့။

**နတ်ဘုံနတ်နန်း**

နတ်စည်းစိမ်ကား လူ့စည်းစိမ်ထက် နေရာတိုင်းပင်သာလွန်၏။ မြက်ဖျားပေါ်က ဆီးနှင်းပေါက်နှင့် သမုဒ္ဒရာရေများ ကွာခြားသလောက် လူ့စည်းစိမ်နှင့် နတ်စည်းစိမ်များ ကွာခြား၏။ တာဝတိံသာနတ်တို့၏ "သုဒဿန" မည်သော နေပြည်တော်သည် မြင်းမိုရ်တောင်ထိပ်ဝယ် ယူဇနာတစ်သောင်းကျယ်သော အရပ်၌



တည်ရှိ၏။ ထိုနေပြည်တော်၏ အရှေ့ဘက်၌ နန္ဒဝန် ဥယျာဉ်ခေါ် နန္ဒနဥယျာဉ်သည်ကား စုတေခါနီး၌ အလွန်ပူဆွေးနေသော နတ်များကိုပင် စုတေရမည့် အရေးကို မတွေးမိလောက်အောင် ပျော်မွေ့ဖွယ်ကို ဆောင်လေသတဲ့။

မခြောက်မသွေ့ပကတိစိုစိမ်း၍ မြရည်လိမ်းထားသလို ပန်းပင်ပျိုတို့၏ အကြားအကြားဝယ် မောင်မယ်နတ်များတို့ လှည့်လည် သွားလာနေကြသည့်အတွက် ဥယျာဉ်တော်မှာ တစ်မျိုးကျက်သရေတက်လေတော့၏။ ထိုဥယျာဉ်တော်နှင့် မြို့တော်၏ အလယ်မှာ မဟာနန္ဒာ၊ စူဠနန္ဒာ အမည်ရှိသော ကန်တော်ကြီး ၂ သွယ်ကလည်း နဂိုက တင့်တယ်သည့်အပြင် ကြည်လင်သော ရေများကို ရှုစားဖို့ရာ ကမ်းအစ၌ ဆန်းကြယ်လှသော ရတနာထိုင်ခုံများကြောင့် တစ်မျိုး သားနားလျက်ရှိပြန်၏။ မြို့တော်၏ တောင်မျက်နှာ အနောက်မျက်နှာနှင့် မြောက်မျက်နှာတို့၌လည်း ထိုကဲ့သို့ တည်ရှိလေသည်။

**နတ်သားနတ်သမီး**

မိမိတို့ ရှေးကုသိုလ်ကံကြောင့် ကိုယ်ပိုင်ရရှိပြီးသော ဗိမာန်များလည်း ဆန်းပြားလှပေ၏။ အားလုံးသော နတ်လုလင်တို့က အသက် ၂၀ အရွယ် ၊ နတ်မိမယ်တို့က ၁၆ နှစ်အရွယ်၊ သွားကျိုး ဆံဖြူ နားအူ မျက်မှုံ အရေတွန့်တွဲခြင်းမရှိ၊ ပကတိ အလှမပျက်အောင် တစ်သက်လုံးတည်နေ၏။ နတ်သုဓာ အဆီအနှစ်ကိုသာ စားသောက်ကြရသဖြင့် ခန္ဓာကိုယ်တွင်း၌ အလေးအပေါ့မှစ၍ မကောင်းသော အနိဋ္ဌာရုံဟူသမျှတို့ လုံးဝမရှိတော့ရကား နတ်သမီးတို့မှာ ဓမ္မတာသွေးအညစ်အကြေးတို့မှ ကင်းစင်လေ၏။ (၁) ကာမချမ်းသာခံစားမှုတို့၌ကား နတ်ပြည် ၆ ထပ်လုံးမှာပင် လူများနှင့် မတူခြားသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အညစ်အကြေးမဖြစ်ဘဲ သွေးသားလှုပ်ရှားရုံမျှဖြင့် ကိစ္စပြီးလေသည်။ (၂) နတ်ဒေဝီတို့၌ ကိုယ်ဝန်ဆောင်မှုနှင့် သက်ဆိုင်သော ကိစ္စရပ်များ တစ်ခုမျှမရှိ။ (၃) သားသမီးဖြစ်ထိုက်သော နတ်သားနတ်သမီးတို့မှာ ရင်ခွင်၌သော်လည်းကောင်း၊ အိပ်ရာပေါ်၌သော်လည်းကောင်း ဖြစ်ပေါ်လာကြကုန်၏။ ဤသို့ သားသမီးအရာ၌ တည်သော နတ်များအပြင် အခြားအစေခံနတ်သား နတ်သမီးများ ရှိသေးရကား တချို့နတ်များ၌ ဗိမာန်ကိုယ်ပိုင် မရှိကြဟုသိသာ၏။ လူ့ပြည်၌ကဲ့သို့ နတ်သား နတ်သမီးပျိုတို့၏ သွားလာလည်ပတ်

---

**မန်လည်ဆရာတော်မေး**

**မင်းကွန်း အလယ်တောရ ဆရာတော်ဖြေ**

၁။ (မေး) ဆကာမာဘူမိ, ကုမာရိ နတ်အပျို, လူလိုတဲ့ပေလား၊ ပွင့်မြင်ယိမ်မှီ, တစ်လလျှင် ကြိမ်အညီပ, ချိန်ရာသီပေါ်တဲ့ ပန်းငယ်,လန်းပါစလား။

(ဖြေ) ဆကာမာဘူမိ , ကုမာရိ နတ်အပျို , လူလိုပ ဟုတ်ပဲ၊ ပွင့်မြင်ယိမ်မှီ , ချိန်ရာသီပေါ်တဲ့ ပန်းငယ် , လန်းကြမမြဲ။

၂။ (မေး) အပွေပို–မဖြေလို စိတ်တော်ရှိပါနှင့် ,ခင်သိသား မို့၊ နတ်ခြောက်ရှု ချစ်သွေးနှစ်ကိုယ်မြူတော့ ,ဟို အမှု လူလိုချင်းပေထင့်, သင်းကဘယ်သို့။

(ဖြေ) အပွေပို–မဖြေလို စိတ်တော်ရှိပါဘု , ကိုယ်သိသားမို့ ၊ နတ်ခြောက်ရှု, ချစ်သွေး နှစ်ကိုယ်မြူတော့, ဟိုအမှု လူလို ကျင့်ကြတယ်, သင်းက ဤသို့ ။

၃။ (မေး) နတ် ခြောက်ဘုံ , မောင်နှံစုံ လူလိုရှိတယ်လို့, ခင်သိမှုကား၊ မိန့်ပါရှင် , နတ်ကလျာ လုံမယ်ခင်တို့ ,လူ့နယ်ပင် နှုတ်ငုံပိုက်တယ်, သားနို့တိုက်လား ။

(ဖြေ) နတ်ခြောက်ဘုံ , မောင်နှံစုံ လူလိုရှိသည်ဟု ,မှန်ဘိမယွင်း မိန့်လိုက်ပြီ, နတ်ကလျာ မယ်ဒေဝီတို့, နှုတ်ငုံချီ, လွယ်မပိုက်တယ် သားနို့တိုက်ကင်း ။



ကြမည့်အရေးမှာ တွေးတောစဉ်းစားဖွယ်ရာ ပင်တည်း။ နတ်ဇာတ်သမားဖြစ်သော ပဉ္စသိခနတ်သားသည် တိမ္ဗရု နတ်မင်းကြီး၏ သမီးပျိုဖြစ်သော သူရိယဝစ္ဆသာ နတ်သမီးအပေါ်မှာ အတော်စွဲလမ်းနေ၏။ နတ်ပျိုလှည့်ရာတွင် စောင်းကိုတီးကာ သာသာယာယာ သီဆိုသော စောင်းသီချင်းသံများတွင် အောက်ပါ ဂါထာလည်း အပါအဝင်ဖြစ်သည်။

ယံ မေ အတ္ထိ ကတံ ပုညံ၊ အရဟန္တေသု တာဒိသု။

တံ မေ သဗ္ဗင်္ဂကလျာဏိ၊ တယာ သဒ္ဓိံ ဝိပစ္စတိ။

တာဒိသု၊ ကောင်းဆိုးနှစ်တန် လောကဓံကြောင့် ဖောက်ပြန်မတုန် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူကြပေသော။ အရဟန္တေသု၊ ပူဇော်သမျှ အကျိုးရဖို့ နိစ္စဖြူစင် ရဟန္တာအရှင်မြတ်တို့၌။ မေကတံ၊ မောင်တော်ချည်းသာ မယ်မပါဘဲ ကောင်းစွာအသီးသီး ပြုအပ်ပြီးသော။ ယံပုညံ၊ ဒါန သီလ စသည်ပေါင်းစုအကြင်သို့သော မြတ်ကောင်းမှုသည်။ အတ္ထိ၊ အကျိုးပေးမှု အလေးပြုလျက် ယခုအနေ ရှိပါပေ၏။ သဗ္ဗင်္ဂကလျာဏိ၊ ကောင်းခြင်းအင်္ဂါမင်္ဂလာနှင့် ထင်စွာ ပြည့်ကြွယ် အို နတ်မိမယ်။ မေ၊ ပဉ္စသိခမည်ရဘွဲ့နှောင် မယ်မယ့်မောင်၏၊ တံ ပုညံ၊ ရှေးက ဆည်းပူးထိုကုသိုလ်ထူးသည်။ တယာ၊ မောင်တော့် သက်လယ် သင်နတ်မိမယ်နှင့်။ သဒ္ဓိံ ဝိပစ္စတံ၊ အတူတွဲနှောင် မကွဲအောင်လျှင် မြဲခေါင်ဖြိုးဝေအကျိုးပေးပါစေသတည်း။

ဤမျှလောက်ပင် ပဉ္စသိခနတ်သားက စွဲလမ်းနေသော်လည်း သူရိယဝစ္ဆသာ နတ်သမီးမှာမူ မာတလိနတ်မင်း၏ သားဖြစ်သော သိခဏ္ဍီနတ်သားကိုမှ မှန်းထားလျက်ရှိသည်။ သို့ရာတွင် သကြားမင်းက ပဉ္စသိခနတ်သားကို (သူ့အား ကျေးဇူးများသည့်အတွက်)

www.burmeseclassic.com

www.burmeseclassic.com



သူရိယဝဏ္ဏသာနတ်သမီးနှင့် လက်ထပ်ပေးလေသည်။ တချို့နတ်သမီးတွေမှာ ဗိမာန်အဆင်သင့်ရှိသော်လည်း ဗိမာန်နှင့်တကွ မိမိတို့ကို ပိုင်ဆိုင်သည့် နတ်သားမရှုကြသဖြင့် ပျင်းရိငြီးငွေ့ အလိုမပြည့်ကြသည်လည်းရှိသေး၏။ ကုသိုလ်ကံချင်း ကွာခြားသလောက် ဘုံဗိမာန်နှင့်ရုပ်အဆင်းလည်း ကွာခြားနေသောကြောင့် ကိုယ့်ထက်သာ၍ မနာလိုသူတွေလည်း ရှိပေမည်သာ။ ဥယျာဉ် ရေကန်၌ တပျော်တပါး လှည့်လည်ကြသည်မှာလည်း ကြည်နူးစရာပေ။

အပေါင်းရွှေညီ ၊ ဘုံကိုယ်စီဝယ်၊ ကျူးသီမပြီး၊ ပျော်မငြီးဖို့၊ နတ်တီးနတ်ငြိမ့်၊ တခြိမ့်ခြိမ့်နှင့်၊ သိမ့်သိမ့်သဲသဲ၊ ရှုမရဲအောင် ၊နတ်ပွဲသဘင်၊ အမြဲရှင်၏၊ မပင်မပူ၊ နတ်နန်းသူတို့၊ ပျူပျူငှာငှာ၊ ရွှေမျက်နှာဖြင့်၊ ကြည်သာစိမ်းစိမ်း၊ မြမြရှိန်းတည်း၊ ငြိမ်းငြိမ်းအေးလျက်၊ ကုသိုလ်စက်ကြောင့်၊ မပျက်တစ်ရံ၊ စည်းစိမ်စံ၍၊ မောင်နှံချစ်ပုံ၊ အသစ်ကြုံသို့၊ ဖော်စုံရွှင်မြူး၊ ချစ်ကြည်နူးလျက်၊ အထူးမေတ္တာ၊ သက်ပမာဖြင့်၊ ချမ်းသာမကင်း၊ ချစ်ငွေ့သွင်းသည်၊ ချစ်ခြင်းအတုံ့ အလှယ်တည်း။။ [မဃဒေဝလင်္ကာ]

ဤသို့ကာမဂုဏ်စခန်း၌ အစွမ်းကုန် ပျော်ပွယ်ကောင်းသည့်အပြင် ပျော်မွေ့ဖွယ်ကောင်းသလောက်လည်း ပျော်စံလေ့ရှိကြသောကြောင့် ကာမဂုဏ်ကို စက်ဆုပ်သော အနာဂါမ်နှင့် ရဟန္တာအဖြစ်သို့ ရောက်သောအခါ နတ်ပြည်မှာကြာရှည်စွာ မနေနိုင်ကြတော့ဘဲ အနာဂါမ်ဖြစ်သူတို့ ဗြဟ္မာ့ပြည်သို့ စုတေရွှေ့ပြောင်း၍ ရဟန္တာအပေါင်းတို့မှာ ပရိနိဗ္ဗာန် စံကြလေတော့သည်။ သို့ဖြစ်၍ နတ်ပြည်ကျမှ အန္တရာယ်ကင်း ရန်ဘေးရှင်းလျက် တရားဘက်၌သာ အားထုတ်၍ ယောဂီလုပ်မည်ဟု မမျှော်လင့်လေနှင့်။ လူ့ပြည်က



အသေအလဲ အားခဲသွားသူနှင့် ဘုရားလက်ထက်တော်က ဘုရားတရားကို နာရသူလောက်သာ နတ်ပြည်၌ တရားသားတက်ဖွယ်ရှိသည်။ မလိုလဲလိုလဲ တရားမြဲသူကား နန္ဒနဥယျာဉ် အပေါက်ဝတွင် တရားကလေးများ ပျောက်ကျရစ်လတ္တံ့။

နတ်ပြည်၌ကမ္ဘဋ္ဌာန်းကိုမဆိုထားနှင့် ၊ ဥပုသ်မကျိုးအောင်ပင် စောင့်စည်းဖို့ရာ အပုံကြီးခဲယဉ်း၏။ နတ်သမီးတွေ ပွတ်သီးပွတ်သပ် ပြုချက်ကြောင့် သီလပျက်သည်ကသာ များလေ၏။ စမ္မေယျနဂါးမင်းတို့ နဂါးပြည်မှာ မကြာမကြာ ဥပုသ်ကျိုးရပုံနှင့် ဝိဓုရဇာတ်တော်လာ သိကြားမင်းတို့ လူ့ပြည်ဆင်း၍ ဥပုသ်စောင့်ရပုံကို ထောက်ပါလေ။ ဘုရားအလောင်းတော်တို့သည် ပါရမီ ဖြည့်ခွင့်မရကြသော နတ်ပြည်၌ သက်တမ်းစေ့အောင်မနေရဘဲ စုတေခြင်း တစ်မျိုးဖြင့် စုတေအောင် မိဋ္ဌာန်ကာ လူ့ပြည်၌သာ ပါရမီ ဖြည့်တော်မူကြသည်။

နတ်ပြည်၌ သူတော်ကောင်းစိတ်ဓာတ် မြဲကြသူတို့ မျှော်လင့်ချက် အနည်းငယ်မျှရှိသေး၏။ ထိုအချက်ကား စူဠာမဏိစေတီတော်နှင့် သုဓမ္မာ ဓမ္မာရုံကြီးတို့တည်း။ စူဠာမဏိစေတီတော်မှာ တစ်ယူဇနာမြင့်သော မြသားစေတီတော်ကြီး ဖြစ်သည့်အပြင် ထိုမြသား စေတီတော်ကြီးအတွင်း၌ ဘုရားအလောင်းဘဝက ဆံတော်ဓာတ်နှင့် လက်ယာစွယ်တော်ဓာတ်များ ကိန်းဝပ်တော်မူလျက်ရှိ၏။ သဒ္ဓါတရားထက်သန်သော နတ်သမီးနတ်သား မောင်မယ်စုံနတ်များမှာ အသက်တမ်းကလည်းရှည်၊ စိတ်ဓာတ်ကလည်း ကြည်သောကြောင့် (အခြားမောင်မယ်စုံတို့လို ဥယျာဉ်ထဲ၌ ပျော်ပွဲမခံဘဲ) စေတီတော်ထံပါး၌ ပန်းစသော လှူဖွယ်ဝတ္ထုများဖြင့် ဝပ်တွားဆည်းကပ်၍ ဆုတောင်းဆု မြတ်ကို ပန်ဆင်ကာ ရသင့်သမျှ ပါရမီတိုးပွားအောင် ကြိုးစားကြမည်မှာလည်း ယုံမှားစရာ မရှိပါလေ။

www.burmeseclassic.com

www.burmeseclassic.com



သုဓမ္မာ ဓမ္မာရုံကြီး၏ ကျက်သရေမှာ ရေးသား၍ ကုန်ဆုံးနိုင်ဖွယ် ရာမရှိ။ ဓမ္မာရုံအဆောက်အအုံ အားလုံးတို့၌ ရတနာမျိုးစုံကို သူ့ နေရာနှင့်သူ သုံးစွဲထား၏။ ထိုဓမ္မာရုံအနီး၌ တည်ရှိသော ပင်လယ် ကသစ်ပင်မှ ပန်းများလည်း ဓမ္မာရုံအတွင်းသို့ လေညင်းပို့သဖြင့် နှစ်မြို့စဖွယ် တင့်တယ်စွာ ပျံ့နှံ့လျက်ရှိ၏။ အလယ်ဗဟိုတရား ပလ္လင်ဝယ် ထီးဖြူကြီးကို စိုက်ထူထားပြီးလျှင် တရားပလ္လင်၏ ဘေးမှစ၍ သိကြားမင်း၊ ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း၊ ဤသာနနတ်မင်းစသော (မဃလုလင်ဘဝတုန်းက ကောင်းမှုပြုဖက်) ၃ ကျိပ် ၃ ပါး နတ်မင်းကြီးများ၏ နေရာကို စီစဉ်ထား၏။ ထို့နောက် ထင်ရှားသော နတ်များနှင့် မထင်ရှားသော နတ်များဖို့လည်း နေရာများ စီစဉ်ထားသည်။ [ဤသုဓမ္မာနတ်သဘင်မှာ တာဝတိံသာမှ အထက်နတ်ပြည် ၄ ထပ်၌လည်းရှိ၏။]

စည်းဝေးချိန်ရောက်လျှင် သိကြားမင်းကိုယ်တိုင် အချက်ပေးလိုက်သော "ဝိဇယုတ္တရ" ခေါ် ရေသင်းကြီး၏ အသံမှာ ယူဇနာ တစ်သောင်းကျယ်သော သုဒဿန နတ်မြို့တော်ကြီးကို ရိုက်ဟီးလျက် လူ့အရေအတွက်ဖြင့် ၄ လကြာအောင် အဆက်ဆက် မြည်ဟီးနေသောဟူ၏။ ဆိုင်ရာနတ်များ ဓမ္မာရုံအတွင်းသို့ ဝင်မိကြလျှင် ရတနာရောင် ပန်းရောင်တွေ လွှမ်းမိုးနေသဖြင့် ဓမ္မာရုံတစ်ဆောင်လုံး နီမြန်းနေတော့၏။ တစ်ရံတစ်ခါ ဗြဟ္မာပြည်မှ ဆင်းလျက် သနင်္ကုမာရဗြဟ္မာမင်းက တရားဟော၏။ တစ်ရံတစ်ခါ သိကြားမင်းကိုယ်တိုင် တရားဟော၏။ တစ်ရံတစ်ခါ တရားဟောကောင်းသော နတ်သားတစ်ဦးဦး ဟော၏။ ထို့ကြောင့် စူဠာမဏိစေတီတော်ကို ဖူးမြော်ရခြင်း၊ သုဓမ္မာနတ်သဘင်ဝယ် တရားနာခြင်းတို့အတွက် မျှော်လင့်ချက် ကလေးရှိပေသေး၏။ " မျှော်လင့်ချက် " ဆိုသော်လည်း မဂ်ဖိုလ်ရ



လောက်အောင်မျှော်လင့်ချက်ကို ဆိုလိုသည်မဟုတ်။ သူတော်ကောင်း စိတ်ဓာတ် မပျောက်ပျက်ဘဲ ခိုင်မြဲ၍ ကာမဂုဏ်ထဲမှ အထိုက်အလိုက် ရှောင်လွှဲနိုင်စရာရှိသည်ဟု ဆိုလိုသည်။

နောက်လာမည့် လူ့ပြည်ဆုတ်ကပ်အခါကြီး၌ကား "ရဟန်းရှင်လူတို့ တရားပြည့်ဝကြလိမ့်မည်" ဟု မျှော်လင့်ဖွယ်ရာ မရှိတော့။ ယခုပင် အမြင်မတော်လှပြီ။ သံသရာဒုက္ခတွေကို တကယ်ရွံလျှင် ယခုဘဝ၌ပင် စွန့်စွန့်စားစား မဂ်ပေါက် ဖိုလ်ပေါက် တရားကို ကြိုးစားသင့်ကြ၏။ နတ်ပြည်ကပင် အရိမေတ္တေယျ ဘုရားရှင်ကို စောင့်စားဖူးမြော်လျက် တရားတော်ကိုနာပြီးမှ မဂ်ဖိုလ်ရဖို့ မှန်းသူများလည်း နန္ဒဝန်ဥယျာဉ်တော်ပေါက်၌ ရှိသမျှ ဓာတ်ခံကလေးများ ပျောက်မသွားအောင် အတော်ထူထောင်ရလိမ့်မည်။ ပေါ့ပေါ့ဆဆနှင့် "နတ်ပြည်ကျမှ အားပါးတရခံစားမည် "ဟု အားခဲနေသူတို့ကား အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူလာသော်လည်း ကာမဂုဏ်အတွေ့ထူးဖြင့် မေ့မူးလျက် ရှိဦးမည်သာ။ ထို့ကြောင့် ကိုယ့်အစွမ်းကိုယ့်တရားဖြင့် အများကို ကယ်တင်မည့်ပုဂ္ဂိုလ်နှင့် အဂ္ဂသာဝက မဟာသာဝက အလောင်းတော်တို့မှတစ်ပါး အခြားသူတို့ကား ယခုပင် ကြိုးစားသင့်ကြပါသည်။

"ဘေးပွဲကြို၊ အေးသဲတုန် ကိုယ်စီကုတ်ပါလို့၊ အားထုတ်သင့်သား။ သို့ပါကို၊ ဘယ်တော့ ဘာလိုလို့နှင့်၊ နောင်ရေးကို မျှော်ခေါ်လင့်လို့၊ ဘာဝနာ သီခေါင် လွင့်တယ်၊ ဖျင်းဖင့်အများ။

[ဆရာတော်ကြီး]

[၁၃၂၀ပြည့်နှစ်ရိုက်စာအုပ်ကျမှထည့်အပ်သောနောက်ဆက်တွဲ]

## သိကြားမင်းတရားမေ့ပုံ

သောတာပန်ဖြစ်ပြီးသော သိကြားမင်းသည် အခါ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး၌ ကြီးကျယ်ခမ်းနားသော ဥယျာဉ်ပွဲကို ရှုစားဖို့ရန် အခြွေအရံများစွာဖြင့် ရောဝဏ်ဆင်ကိုစီး၍ ထွက်လာ၏။ ဥယျာဉ် တံခါးပေါက်သို့ရောက်သောအခါ ဘုရားရှင်အား ပြဿနာမေးရန် အကြံပေါ်လာလေ၏။ ထိုပြဿနာကား တဏှာကုန်ခန်း နိဗ္ဗာန်သို့ လွတ်လွတ်ကျွတ်ကျွတ် ကြွမြန်းနိုင်သော ရဟန္တာ၏ ကျင့်ခဲ့သော လမ်းစဉ် ပြဿနာတည်း။

ထိုသို့ ပြဿနာမေးလျှောက်လိုသော စိတ်အကြံသည် ဥယျာဉ်တွင်းဝယ် ပွဲသဘင်အလယ်သို့ရောက်လျှင် မေ့ပျောက်သွားဖွယ်ရှိသောကြောင့် "ယခုပင် သွား၍မေးလျှောက်မည် " ဟု ကြံ စည်ကာ ဧရာဝဏ်ဆင်ပေါ်မှ ကွယ်ပျောက်၍ ဘုရားထံအရောက်လာခဲ့လေသည်။ ဆင်ကြီးလည်း ဥယျာဉ်အပေါက်မှာ ရပ်၍ နေရစ်၏။ နောက်ပါ အခြံအရံများလည်း ဥယျာဉ်ပေါက်မှာ ကျန်ရစ်ကြလေသည်။

ပုဗ္ဗာရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူခိုက်ဖြစ်သော ဘုရားအထံသို့ ရောက်သောအခါ ဥယျာဉ်ပွဲက နောက်ဆံတင်းလျက်ရှိသောကြောင့် "တဏှာသင်္ခယ–နိဗ္ဗာန်၌ လွတ်လွတ်ကျွတ်ကျွတ်အာရုံပြုနိုင်သော ရဟန္တာ၏ ကျင့်ခဲ့သော လမ်းစဉ်တရားကို ခပ်တိုတို အမိန့်ရှိတော်မူပါ" ဟုလျှောက်လေသည်။ ဘုရားရှင်လည်း သူ၏ လျှောက်ထားချက်အရ တိုတိုပင် ဖြေတော်မူသည်မှာ

သိကြားမင်း ...ရဟန္တာဖြစ်မည့် ရဟန်းသည် "အလုံးစုံသော တရားကို ငါ၊ ငါ့ဥစ္စာဟု နှလုံးသွင်းခြင်း၊ စွဲလမ်းခြင်းမှာ မထိုက်" ဟု တရားစကားကို ကြားနာရ၏။ ထိုရဟန်းသည် (ခန္ဓာငါးပါး) တရားအားလုံးကို သိအောင် ကြိုးစား၏။ သိသောအခါ အားလုံး ဒုက္ခချည်းပဲဟုသိပြန်၏။ ဒုက္ခချည်းပဲဟု သိပြီးနောက် ဘာမဆို ခံစားရသမျှ ဝေဒနာကို အနိစ္စ စသည်ဖြင့် ရှု၍ရှု၍ နေ၏။ ထိုသို့



ရှုဖန်များသော် ဘာတစ်ခုကိုမျှ မစွဲလမ်းတော့ဘဲ နောက်ဆုံး၌ ရဟန္တာဖြစ်ကာ တဏှာကုန်ခန်း နိဗ္ဗာန်နန်းသို့ လွတ်လွတ်ကျွတ်ကျွတ် မြန်းနိုင်လေသည်။ [အချုပ်မျှ မြန်မာပြန်သည်။]

သိကြားမင်းသည် ဤသို့ အကျဉ်းမျှ ဟောပြအပ်သော ပြဿနာအဖြေကို လွန်စွာသဘောကျ ဝမ်းမြောက်လှ၍ "သာဓု–သာဓု" ဟု အသံပြုလျက် နတ်ပြည်သို့ပြန်လေသည်။

ထို သာဓုခေါ်သံကို ဘုရားကျောင်းတော်၏ ဝဲပက်ခန်းဆောင်မှာ သီတင်းသုံးနေသော အရှင်မောဂ္ဂလာန်ကြား၍ "ဒီသိကြားဟာ တရားကိုသိလို့ သာဓုခေါ်တာလား၊မသိဘဲနှင့်သာဓုခေါ်တာလား" ဟုစဉ်းစား၍ သိကြားကို စုံစမ်းလိုသောကြောင့် သိကြားနှင့် ရှေ့ဆင့်နောက်ဆင့်လိုက်ကာ တာဝတိံသာသို့ တက်သွားလေသော် . . .

ဘုရားထံမှ တရားနာ၍ ပြန်သွားသော သောတာပန်သိကြားမင်းလည်း ဥယျာဉ်တွင်း၌ တီးကြ မှုတ်ကြ ကကြ ပြကြသည်ကို နှစ်သက်အားရ ရှုမဝဖြစ်နေစဉ် အရှင်မောဂ္ဂလာန်ကိုမြင်၍ (ပွဲကြည့်နေသော ကျောင်းဒကာက ဆရာတော်ကြီးလာသည်ကို မြင်ရသည့်ပမာ) ခပ်ရှက်ရှက်မျက်နှာဖြင့် အရှင်မောဂ္ဂလာန်ကို ခရီးဦးကြိုလျက် နှုတ်ဆက်စကား လျှောက်ထားရလေတော့သည်။

ထိုသို့ တွေ့လျှင် တွေ့ချင်းပင် အရှင်မောဂ္ဂလာန်ကပင် သိကြားမင်းကို ပြောသည်မှာ " မြတ်စွာဘုရားက အသင်သိကြားအား တဏှာသင်္ခယ–ဝိမုတ္တိ အကြောင်းကို ဘယ်လိုဟောလိုက်ပါသလဲ။ ငါတို့လဲ ထိုတရားကို တစ်ဆင့်နာပါရစေ " ဤသို့ ပြောလျှင် ထိုတရားကို သိကြားမင်းစဉ်းစား၏။ ပေါ်မလာချေ။ အထပ်ထပ်စဉ်းစားသော်လည်း လုံးလုံးသတိမရသဖြင့် နာယူတုန်းက မှတ်မှတ်သားသား နာယူခဲ့သော်လည်း နတ်ပြည်ကိစ္စတွေများသည့် အတွက်

www.burmeseclassic.com

www.burmeseclassic.com



မေ့ရကြောင်းကို အရှက်ပြေ လျှောက်လေသည်။ [မူလပဏ္ဏာသ၊ ရဋ္ဌပါလသုတ်မှ ကောက်နုတ်ချက် ။ ]

## စဉ်းစားဖွယ်ရာအဖြာဖြာ

ဤတရားတော်အရ စဉ်းစားပါလျှင် နတ်ပြည်အာရုံသည်တရားမေ့အောင် မှိုင်းတိုက်နိုင်ကြောင်း နားလည်နိုင်ပေပြီ။ မှန်၏။ သိကြားမင်းသည် ပင်ကိုအားဖြင့် သတိကောင်း ဉာဏ်ထက်၍ အလွန် သွက်လက်သူပေတည်း။ ထိုအချိန်မှာ သောတာပန်လည်း ဖြစ်ပြီးပေပြီ။ နာခဲ့ရသော တရားမှာလည်း သူကိုယ်တိုင် သိချင်လှ၍ လျှောက်ထားသော ပြဿနာ၏အဖြေ တရားအကျဉ်းမျှသာ ဖြစ်၏။ ရှင်မောဂ္ဂလာန် မေးချိန်နှင့် ထိုတရားနာခဲ့ချိန်မှာ မိနစ်လောက်သာ ဝေးပေလိမ့်ဦးမည်။ သို့ပါလျက် ဥယျာဉ်ပွဲ၏မှိုင်းတိုက်မှုကြောင့် စဉ်းစား၍ မရနိုင်အောင်ပင် မေ့ရလေသည်။

၁။ ဤဝတ္ထုကိုထောက်ထား၍ မိမိတို့အတွက် လေးလေးနက်နက် စဉ်းစားသင့်၏။ မိမိကိုယ်ကို "သူတော်ကောင်းဟုတ်ပါသည်" ဟု ဝန်ခံနိုင်သော သူတော်ကောင်းမှန်လျှင် နောက်ဘဝအတွက် ဂတိကောင်းမှို မျှားပါ၏။ သို့သော် ထိုရောက်ရမည့် ဂတိကား လူနှင့်နတ် ဘဝသာဖြစ်ပါသည်။ ဈာန်မရ၍ ဗြဟ္မာ မဖြစ်နိုင်။ ရဟန္တာမဟုတ်သေး၍ နိဗ္ဗာန်မရနိုင်ပါ။ အထက်နတ်ဖြစ်ခဲ့သော် သိကြားမင်းလို အရိယာပုဂ္ဂိုလ်သော်မှ မေ့ရပုံကို ထောက်၍ မိမိတို့အတွက် သိပြီးတရား ကလေးများ မေ့ပျောက်သွားမည်ကို မစိုးရိမ်ရပါလော။



၂။ တရားမေ့၍ နတ်တို့ခလေ့ဖြင့် အပျော်ကြီး ပျော်မွေ့နေစဉ် (ပုထုဇဉ်ဘဝဖြင့်) စုတေချိန်ရောက်သောအခါ မိမိစည်းစိမ်ကို တမ်းတ၍ နှမ်းလျအားငယ်စွာ စုတေရပါမူ အပါယ် ၄ ပါးသို့ တစ်ဆင့်သွားဖို့ အရေးမဝေးလှတော့ပါ။ တစ်ခါတုန်းက နတ်သမီး ငါးရာတို့သည် ဥယျာဉ်အတွင်းဝယ် ပန်းပင်တက်၍ ပန်းခူးရင်း သီချင်းကြူးနေကြစဉ် ရုတ်တရက် စုတေကာ အဝီစိသို့ ရောက်သွားကြဖူးပါသည်။

၃။ တစ်ဖန် နောက်တစ်ချိန်ရောက်မည့် လူ့ဘဝကို တွေးလျှင်လည်း စိတ်အေးဖွယ် မရှိလှပါ။ ရှင်းပါဦးမည်။ သူတော်ကောင်းအနေဖြင့် လူ့ဘဝ၏တန်ဖိုးကို စဉ်းစားလျှင် (၁) ဗုဒ္ဓသာသနာနှင့်ကြုံတွေ့ရခြင်း၊ (၂) အားလုံးမဟုတ်စေကာမူ လူအများစုက လူကောင်းသူကောင်းများ ဖြစ်ကြခြင်း၊ (၃) ဆရာမိဘတို့က သူတော်ကောင်းများ ဖြစ်ကြခြင်း။ (၄) အလွန် မဆင်းရဲဘဲ အထိုက်အလျောက် ချမ်းသာသော အမျိုး၌ ဖြစ်ရခြင်း။ ဤအကြောင်းများ စုံညီမှ လူ့ဘဝ ရကျိုးနပ်လိမ့်မည်။

၄။ ဗုဒ္ဓသာသနာတော်အရေးကို စဉ်းစားလျှင် ယခုအချိန်မှာပင် ပုဂ္ဂိုလ်ကောင်းကို အတော်ရှာမှ ရနိုင်သော အချိန်ဖြစ်နေပြီ။ လောကီအာရုံတွေကလည်း သောင်းကျန်း၊ ဂုဏ်ပကာသနနှင့် လာဘ်လာဘ လိုက်စားသူလည်းများ၊ လူဒကာ ဒကာမတို့လည်း သီလ သမာဓိ ပညာရှိထက် ဂုဏ်ရှိသူကို ကိုးကွယ်

www.burmeseclassic.com

www.burmeseclassic.com



လိုကြ၊ မိမိတို့ဆရာ ဂုဏ်ရှိအောင်လည်း ဟိုကပ်သည်ကပ်နှင့် ကပ်ကြ၊ လူအချင်းချင်း ဂုဏ်သတင်း လွင့်ကြနှင့် သာသနာ့ဝန်ထမ်းများအတွက် ခေါင်ကမိုးယိုနေလေပြီ။

၅။ သာသနာကို ယခုကိုးကွယ်နေကြသော (သာသနာ့ဒါယကာဆိုသူတို့၏) သားသမီးများကို သာသနာ့ဝန်ထမ်းရဟန်းတော်များက သင်ပြပေးမှုသည် တစ်စတစ်စ လက်လွှတ်၍ လာခဲ့ရာ ယခုအခါမှာ တချို့ဘုန်းကြီးကျောင်း၌ ကျောင်းသားဟူ၍ မရှိတော့ပါ။ ကျောင်းသားမရှိလျှင် ရှင်သာမဏေ (အမြဲနေ) မရှိနိုင်၊ ရှင်သာမဏေမရှိလျှင် ရှင်သာမဏေဘဝ၌ စာသင်၍ စာတတ်သော ရဟန်းလည်းမရှိနိုင်။ သိပ်မကြာသော နောင်အခါ၀ယ် များစွာသော ကျေးရွာတို့၌ တောထွက် ရဟန်းကြီးတွေသာ ကျောင်းကြီးကန်ကြီးပေါ်၀ယ် စက်တော်ခေါ်၍ နေရစ်ကြပေလိမ့်မည်။

၆။ တစ်ဖန် – သာသနာကို ပစ္စည်း ၄ ပါးဖြင့် ထောက်ပံ့ရသော ဒကာ ဒကာမများဘက်ကို ဆက်လက်စဉ်းစားပြန်လျှင် ယခုအခါ ကလေးတွေ သင်ယူနေကြသော ပညာသည် လောကီအတွက် တစ်ဘ၀မျှ အကျိုးပေးနိုင်သော ခေတ်မီပညာကား ဟုတ်လောက်စရာ ရှိပါ၏။ သို့သော် ထိုပညာ၌ မဂ် ဖိုလ် နိဗ္ဗာန် ယုံကြည်ဖို့ ဥာဏ်ကို မဆိုထားဘိ ကံနှင့် ကံ၏ အကျိုးကိုမျှ နားလည်စေနိုင်သော ပညာပင် ပါရှိ၏



လော။ ထိုသို့ မပါလျှင် နတ်ပြည် ဗြဟ္မာ့ပြည်ဆိုတာ ယုံကြည်ဦးမှာလော။ နတ်ပြည် ဗြဟ္မာ့ပြည်ကို မယုံလျှင် ငရဲပြိတ္တာကို ယုံဦးမည်လော။ ထိုသို့ မယုံသူသည် ရဟန်း သံဃာတို့အား ပစ္စည်း ၄ ပါး မဆိုထားဘိ ဝမ်းဝရုံမျှ ဆွမ်းပေးဖို့ သတိရပါဦးမည်လော။

၇။ ထို့ပြင်–ယခု ပညာသင်နေသော ကလေးများ ကြီးရင့်သောအခါ ရှေးတုန်းကလို မိဘအမွေအနှစ်ကို များများစားစားရကြတော့မည်မဟုတ်။ သူတို့၏ ကျောင်းစရိတ်ကိုပင် များစွာသော မိဘတို့ မနိုင့်တနိုင် ကြိုးစားနေကြရလေပြီ။ လူတို့အသုံးအဆောင် အလှအပပကာသနတွေကလည်း တစ်စထက်တစ်စ တိုး၍တိုး၍ လာတော့သည်။ ယခု ကလေးများ ကျောင်းမှထွက်၍ အသက်မွေးသောအခါ သူတို့ ပညာသည်သူတို့၏ အိမ်သူအိမ်သားများပါ ဝမ်းဝ၍ ခါးလှရုံကိုပင် အင်မတန် ကြိုးစားနိုင်မှ (သို့မဟုတ်–မတရားရှာနိုင်မှ) တော်ရုံကျပေလိမ့်မည်။ ထိုမျှလောက် အသက်မွေး ခဲယဉ်းချိန်ဝယ် အဘယ်မှာလျှင် သာသနာကို ထောက်ပံ့နိုင်တော့မည်နည်း။

၈။ တစ်နည်း စဉ်းစားပြန်လျှင် သာသနာ့ဝန်ထမ်းရဟန်းတော်တို့မှာ ကလေးများကို ဘာသာရေး အဝါး၀၍ လောကီအသက်မွေးဝမ်းကျောင်း အခြေခံရအောင် သင်ပြဖို့ တာဝန်ရှိနေသည်။ အရာရာ ပြုပြင်လျှင် သင်ပြနိုင်မည့် အခြေအနေလည်း လုံလုံလောက်လောက် ရှိ၏။ သို့သော် ယနေ့တိုင်အောင် (အချို့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းများမှတစ်ပါး အများအပြားက) မစဉ်းစားကြသေးချေ။ ထိုသို့ မစဉ်းစားရုံသာမက အသွားအလာ အနေအထိုင်မှစ၍ ခေတ်လူတို့၏ စိတ်ကို ဆွဲငင်နိုင်လောက်အောင် မကြိုးစားကြသဖြင့် ခေတ်ပညာတတ်သူတို့ ၏ အထင်သေး အမြင်သေးကိုသာ အများစုက ခံနေရလေသည်။ သို့ဖြစ်လျှင် ထိုခေတ်ပညာတတ် လူအများသည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို အားပေးလိုကြလိမ့်မည်လော။ ဤအချက်များကို တွေးပြန်သော် သာသနာဆုတ်ယုတ်ဖို့ အရေးသာလျှင် နီးသည်ထက်နီးလာသည်ကို တွေ့ရပါသည်။

၉။ နောက်လာမည့်ဘဝ၌ လူအများစုက လူကောင်းသူကောင်းဖြစ်ဖို့လည်း မလွယ်ကူတော့ချေ။ ထင်ရှားစေအံ့ – လူကောင်းသူကောင်းခေတ်သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ–ဤတရား ၃ ပါးထွန်းကားသော ခေတ်တည်း။ ယခုမျက်မြင်မှာကား တစ်ယောက်အပေါ် တစ်ယောက်က ကောင်းကျိုးလိုလားသော မေတ္တာအစစ် နည်းပါးလှလေပြီ။ မေတ္တာမရှိလျှင် ဆင်းရဲသူကိုမြင်၍ သနားသော ကရုဏာနှင့် ချမ်းသာသူကိုမြင်၍ ဝမ်းမြောက်သော မုဒိတာလည်း မဖြစ်နိုင်တော့ပါ။ ယခု ဖြစ်နေသည်မှာ တစ်ယောက်ကောင်းစားသည်ကို အခြားတစ်ယောက်က မနာလိုသော ဣဿာ၊ မိမိကဲ့သို့ ကြီးပွားမည်ကို စိုးသော မစ္ဆရိယ၊ အထက်တန်း ရောက်နေသောသူက စိတ်ကြီးဝင်သော အထက်တန်း မာန၊ အောက်ကျသော



သူကလည်း "ဘာ အရေးစိုက်ရမှာတုန်း" ဟူသော အောက်တန်းမာနတွေ ဝေဆာလျက်ရှိလေသည်။

၁၀။ ထို့ပြင် လိုချင်ဖွယ်အာရုံ၊ ခံစားဖွယ် ကာမဂုဏ်တွေလည်း တစ်နေ့တခြား တိုးပွားလာရကား (မီးသည် လောင်စာရှိသလောက် လိုက်၍လောင်သလို) ယခု လူတို့သန္တာန်၌ လောဘ ကလည်း အာရုံများသလောက် ကြီးမား၍လာလေသည်။ လောဘအလိုကို မဖြည့်နိုင်သောအခါ သတ်မှု ဖြတ်မှု တိုက်ခိုက်မှု စစ်ဖြစ်မှုတိုင်အောင် ဒေါသတွေလည်း တရှူးရှူး တရှဲရှဲနှင့် တကဲကဲဖြစ်၍ နေလေတော့၏။ ဤသို့ အကောင်းတရားတွေ ထွန်းကားနေသော ယခု ခေတ်မှာပင် လူကောင်းသူကောင်း ရှားပါးနေရကား နောက်ကာလဝယ် အဘယ်မှာ ယခုထက်ပို၍ မဆိုးဝါးဘဲ နေတော့မည်နည်း။

၁၁။ ထိုသို့ လူကောင်းသူကောင်း အလွန်နည်းပါးမည့် နောက်ကာလ၌ မိဘကောင်း ဆရာကောင်းလည်း ရနိုင်တော့မည် မဟုတ်ပါ။ ထိုသို့ အားကိုးစရာ မိဘကောင်း ဆရာကောင်းမရှိဘဲ မတရား လူများ၏ အလယ်မှာ မိမိတစ်ယောက်တည်း လူကောင်းကလေး ဖြစ်ဖို့လည်း မလွယ်ကူပါ။ ထို့ကြောင့် နတ်ပြည်မှာ မှိုင်းတိုက်မည့် အာရုံများ၌ သွားဖို့ခက်သလို လူ့ပြည်မှာလည်း အကုသိုလ် ထွန်းကားတော့မည့် အတွက် လူပြန်ဖြစ်ဖို့ ခက်လှပါတော့သည်။

၁၂။ ဤနေရာဝယ် မိမိစဉ်းစားမိသော အကြောင်းတစ်ခုကို ညွှန်ပြပါမည်။ လွန်ခဲ့သော (၁၃၁၉–ခု) ပြာသိုလက

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သို့ သိမ်သမုတ်ကိစ္စဖြင့်သွား၍ ပြန်မည့်နေ့ဝယ် ဘူတာကြီး၌ အကြောင်းအားလျော်စွာ စောစောရောက်နေ၏။ မီးရထားတွဲထိုးမည့် နေရာဘက်ကို ကျောပေးလျက် လိုက်ပို့သော ဘုန်းတော်ကြီးတစ်ပါးနှင့် အတူ စကားပြောနေစဉ် ရထားတွဲ ထိုးသဖြင့် လူအများ လှုပ်ရှားသံကြား၍ စကားဖြတ်ပြီး လှည့်ကြည့်လိုက်ရာ နေ့စဉ် ထုံးစံအတိုင်း အလုအယက် နေရာယူနေကြသော လူအများကို မြင်ရပါသည်။

၁၃။ ထိုအခါ စဉ်းစားမိသည်မှာ ဤလူများ၏ အကြာဆုံး ရထားစီးရမည့် အချိန်မှာ ၂ ရက် နီးနီးနှင့် တစ်ညသာဖြစ်၏။ ထိုမျှအချိန်အတွင်း၌ နေရာကောင်း မရလျှင် ဆင်းရဲမည်စိုး၍ အလုအယက်နေရာ ယူကြသည်။ တချို့လည်း ငွေပိုပေး၍ သီးခြားနေရာရအောင်ကြိုးစားရသည်။ ထိုမျှမက ရထားပေါ်မှာ စိတ်ချရသော အဖော်ကိုလည်း ရှာကြသေးသည်။ မတော်လို့များ နေရာကောင်း မရပြန်လျှင် အလွန်ပင် စိတ်မကောင်းဖြစ်၏။ မိမိနေရာ အနီးကလူကို ကြည့်၍ ရိုးသားပုံမရလျှင် တစ်လမ်းလုံး စိတ်မချကြ။

၁၄။ ဤ ၂ ရက် တစ်ညအချိန်အတွင်း ဆင်းရဲမည့်အရေးကို တွေးကာ ဤမျှလောက် နေရာကောင်း ကြိုးစားသူတို့သည် နောက်ဘဝ ဟိုနောက်နောက်ဘဝတို့ အတွက် နိဗ္ဗာန်အထိ နေရာကောင်း၊ အဖော်ကောင်းရအောင် အဘယ်ကြောင့်မကြိုးစားဘဲ အေးစက်စက် နေကြပါလိမ့်မည်နည်း။ မတော်တဆ ခြေချော်လက်ချော်



ဆိုသလို အပါယ် ၄ ပါး ရောက်သွားရလျှင် တစ်ဘဝလုံး ဆင်းရဲရုံသာမက အဆက်ဆက် အကုသိုလ် တိုးပွား၍ အဆက်ဆက် နေရာကောင်း မရဘဲ ရှိနိုင်သည်။ လူ့ဘဝရောက်သော်လည်း လူနုံ လူမွဲ လူဆင်းရဲဖြစ်၍ တစ်ဘဝလုံး အောက်ကျ နောက်ကျ ဒုက္ခရောက်နိုင်သည်။ သို့ပါလျက် ရထားစီးဖို့ ခရီးတိုကလေးအတွက် ကြိုးစားသလောက်မျှ နောက်ဘဝ၌ နေရာကောင်းရအောင် မကြိုးစားဘဲ နေကြခြင်းကား ထိုင်းမှိုင်းတွေဝေ အရှုံးကို မြော်တတ်သော အသိဉာဏ်ကင်း၍ ဖျင်းလွန်း ညံ့လွန်းကြလေစွတကား၊ ဤသို့ စဉ်းစားကာ ဤအကြောင်းကိုပင် လိုက်ပို့သော ဘုန်းတော်ကြီးအား ပြောပြမိခဲ့ပါသည်။

၁၅။ ပြခဲ့သော စဉ်းစားဖွယ်တို့ကို ဤကျမ်းစာရှုသူများလည်း လေးလေးနက်နက် စဉ်းစား၍ လက်လှမ်းမီ တရားထူးကို ရအောင်သော်လည်း ကြိုးစားသင့်ကြ၏။ ရှေးဘဝက အထုံဝါသနာ ပါခဲ့သည့် အတိုင်း အထက်တန်း ပါရမီကို ဖြည့်ကျင့်နေသူ ဖြစ်လျှင်လည်း အကု သိုလ်နည်းအောင် သတိထား၍ ဒါန သီလ စသော ပါရမီများကို အနှစ်အမြဲတော တည်လျက် မပျက်နိုင်အောင် အလွန် ကြိုးစားသင့်၏။ ထိုသို့ ကြိုးစားလျှင်ကား နတ်ပြည်၌လည်း နတ်သူတော်ကောင်း၊ လူ့ပြည်၌လည်း ထူးခြားသော လူသူတော်ကောင်းများဖြစ်၍ (ရှေးအလောင်းတော်တို့သာသနာပ၌ပင် ပါရမီများစွာ ဖြည့်ကျင့်တော်မူကြသကဲ့သို့)

www.burmeseclassic.com

www.burmeseclassic.com



ရင့်သည်ထက် ရင့်အောင် ပါရမီဖြည့်ကျင့် နိုင်ကြပါလိမ့်သတည်း။

နောက်ဆက်တွဲပြီး၏။

## ဗြဟ္မာ့စည်းစိမ်

ဗြဟ္မာ့ပြည်ရောက်ရန် ဈာန်ကို အားထုတ်စဉ်ကပင် လောကီအာရုံ ကာမဂုဏ်နှင့် လူသူထူထပ်သော မြို့ ရွာ၊ အိမ် ကျောင်းတို့ကို ရှောင်ရှား၍ ဆိတ်ဆိတ်ငြိမ်ငြိမ် နေထိုင်အားထုတ်ရသောကြောင့် ထိုဈာန်ကုသိုလ်တရားတို့အတွက် ဗြဟ္မာ့ပြည်၌ ဖြစ်ရသော ဗြဟ္မာတို့လည်း လွန်စွာ ငြိမ်သက်ကြပေသည်။ သားသမီး ဇနီး မောင်နှံဟူ၍ မရှိကြ။ အားလုံး ဗြဟ္မာတို့မှာ ယောကျ်ားသဏ္ဍာန်ရှိသော်လည်း ယောကျ်ားအင်္ဂါနှင့် မိန်းမအင်္ဂါတို့ မပါကြတော့ချေ။ သို့အတွက် ကာမဂုဏ်ချမ်းသာကို ခံစားခြင်း မရှိကြ။ ဈာန်ကို အားထုတ်စဉ် (လူ့ဘဝ) တုန်းကပင် ကာမဂုဏ်အပြစ်ကို နှစ်နှစ်ကာကာ မြင်ခဲ့ပြီးဖြစ်သောကြောင့် ကာမစိတ်ဓာတ်များလည်း လုံးဝမဖြစ်အောင် ငြိမ်ဝပ်လျက် ရှိကြလေသည်။

ထို့ကြောင့် နတ်ဘုံ နတ်နန်းတို့ထက် ခမ်းနားလှသော ဗိမာန် ဥယျာဉ်တွင် တကယ့်ယောဂီသူတော်စင်များ နေသလို တချို့က မေတ္တာစသော ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ၊ တချို့က ဈာန်ဝင်စားလျက် ငြိမ်သက်အေးချမ်းစွာ စံမြန်းနေကြလေသည်။ သို့သော် လူ့ပြည်၌ အတန်းအစား ကွာခြားနေသကဲ့သို့ ဗြဟ္မာချင်းလည်း အတန်းအစား ကွာခြားနေရကား တချို့ ဗြဟ္မာက ဗြဟ္မာမင်း (ဗြဟ္မာ ဘုရင်) ဖြစ်ကြ၍ တချို့က ဗြဟ္မာ့ပုရောဟိတ် (ဗြဟ္မာမင်း၏ အမတ်) များဖြစ်ကြပြီးလျှင် တချို့ကမူ ဗြဟ္မာမင်း၏ အခြွေအရံ ပရိသတ်များ ဖြစ်ကြလေသည်။ [ဗြဟ္မာမင်းကို အောက်တန်း ဗြဟ္မာတို့က (တမင်မပြလျှင်) မမြင်နိုင်ကြ။]



### အသညသတ်ဗြဟ္မာ

လူ့ပြည်တုန်းက ထုံးစံအတိုင်း ဈာန်ရပြီးသောအခါ တချို့က "စိတ်ဝိညာဉ်နှင့်အမှတ် သညာရှိ၍သာ မြင်ချင်၊ ကြားချင်၊ နံချင်၊ စားချင်၊ တွေ့ချင်၊ ထိချင်၊ သိချင်သော သဘောများဖြစ်နေရသည်။ စိတ်နှင့်သညာသာမရှိလျှင် အင်မတန် အေးမြပေလိမ့်မည်" ဟု စိတ်နှင့် သညာအပေါ် အတော်များစွာ အပြစ်မြင်နေ၏။ ထိုသို့ အပြစ်မြင်သည့် အတိုင်းပင် "စိတ်သည် စက်ဆုပ်ဖွယ်၊ စိတ်သည် စက်ဆုပ်ဖွယ်" ဟု ကြပ်ကြပ် အပြစ်ရှုမိသောအခါ သညာဝိရာဂ–ဘာဝနာ" ခေါ် စိတ်သညာနှင့် နာမ်အားလုံးကို ရွံမုန်းသော ကမ္မဋ္ဌာန်းတစ်မျိုး ပေါ်လေသည်။ ထိုပုဂ္ဂိုလ် စုတေလျှင် အသညသတ်ဗြဟ္မာ့ဘုံ၌ ဖြစ်၍ ကမ္ဘာ ၅၀၀ ခန့် ဘာကိုမျှ မသိတော့၊ ရွှေရုပ်ကြီးကဲသို့ တချို့က မတ်မတ်ရပ်၊ တချို့က ထိုင်၊ တချို့က အိပ်လျက် နေလေသည်။

### အရူပဗြဟ္မာ

ဤဗြဟ္မာလောင်းတို့ကမူ ဈာန်ရိုးရိုး ရပြီးနောက် "ရုပ်ခန္ဓာကြီးရှိနေ၍သာ အရာရာ အပြစ်များရ ဆင်းရဲဒုက္ခ များရလေသည်။ စိတ်ဝိညာဉ် နာမ်တရားချည်းသာရှိနေပါမူ လွန်စွာချမ်းမြေ့ပေလိမ့်မည်" ဟု ရုပ်ကို အပြစ်ရှုကာ ဘာဝနာပွားများသောအခါ "ရူပဝိရာဂ–ဘာဝနာ" ခေါ်သော ရုပ်ခန္ဓာကို ရွံမုန်းသော ကမ္မဋ္ဌာန်းတစ်မျိုးပေါက်လေသည်။ ထိုပုဂ္ဂိုလ်စုတေလျှင် အရူပဘုံဟုခေါ်သော ကောင်းကင်ပြင်ဝယ် ကမ္ဘာပေါင်းများစွာ ရုပ်ခန္ဓာမပါဘဲ စိတ်ဝိညာဉ်ချည်းသာ တည်ရှိလေတော့၏။ ဤစိတ်ဝိညာဉ်အစဉ်ကိုပင် အရူပဗြဟ္မာဟု ခေါ်ဝေါ်ရလေသည်။ ["ဘာသာခြားတို့ကမူ ဤဗြဟ္မာ မျိုးကို ယုံကြည်ဖို့ ခဲယဉ်းပေလိမ့်မည်။]

www.burmeseclassic.com

www.burmeseclassic.com



### ဗြဟ္မာ့ပြည် တဝင်းဝင်း၊ ဝက်စာကျင်း တရှုတ်ရှုတ်

ဗြဟ္မာ့ပြည်၌ ဖြစ်ရသူတို့သည် အရိယာအဖြစ်သို့ ရောက်လျှင် (မဂ်ဖိုလ်ရလျှင်) ထိုဗြဟ္မာ့ဘုံမှ အောက်ကာမဘုံသို့ ပြန်၍ ပဋိသန္ဓေ မနေရဘဲ အဆင့်ဆင့်ရင့်ကာ ရဟန္တာဖြစ်၍ နိဗ္ဗာန်စံကြလေတော့ သည်။ အရိယာ မဖြစ်သေးလျှင်ကား သူတို့၏ ဈာန်အဟုန်ကုန် သောအခါ လူ့ဘုံနတ်ဘုံဟူသော အောက်ကာမဘုံများ၌ တစ်ဖန် ပြန်၍ ပဋိသန္ဓေနေကြရပြန်သည်။ သို့ရာတွင် ဈာန်မရမီက မိမိ အားထုတ်ခဲ့သော ကုသိုလ်အဟုန်ကြောင့် ရုတ်တရက် အောက်တန်း မကျသေးဘဲ ဒွိဟိတ် တိဟိတ် ပုဂ္ဂိုလ် (ဒွိဟိတ် လူနတ်၊ တိဟိတ် လူနတ်) များ ဖြစ်ပြီးလျှင် ထိုလူနတ်အဖြစ်မှ တစ်ဆင့် ကံအကြောင်း မသင့်၍ လျှောကျရပြန်သောအခါ အပါယ် ၄ ပါး၌ ငရဲကောင် ပြိတ္တာကောင် တိရစ္ဆာန်ကောင်များလည်း ဖြစ်ခွင့်ရှိကြလေပြန်သည်။

ဆိုလိုရင်းကား ပုထုဇဉ် အဖြစ်မှ တန်းမတက်ရသေးသူတို့ သည် ဗြဟ္မာပင်ဖြစ်နေသော်လည်း နောက်တစ်ဖန် တိရစ္ဆာန်စသော အပါယ်ဘုံသား ဖြစ်နိုင်ရကား "ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း" နေသော် လည်း တစ်နေ့ကျလျှင် ဝက်တိရစ္ဆာန်လည်း ဖြစ်နိုင်၍ "ဝက်စာကျင်း မှာ တရှုတ်ရှုတ်" နေခွင့်ရှိသေးသည်။ ပုထုဇဉ်အဖြစ်ကား လွန်စွာ စက်ဆုပ် ကြောက်ရွံ့ဖွယ် ကောင်းလေစွ။။ ဘုံဘဝတို့၏ အထက် ဆုံးဖြစ်၍ "ဘဝဂ်" ဟုခေါ်သော ဗြဟ္မာဘုံသို့ တက်ရောက် နေသော်လည်း တစ်နေ့ကျလျှင် ဒုဂ္ဂတိဘဝသို့ ရောက်ရသေးသည်။ ယခုခေတ်၌ ဒုံးပျံခေါ်သော အရာဝတ္ထုကို အထက်ကောင်းကင်သို့ တင်ပို့လိုက်သောအခါ အရှိန်ရှိသမျှ တက်သွား၍ ကောင်းကင်၌ လှည့်ပတ်ပြီးလျှင် အရှိန်ကုန်သောအခါ အောက်သို့ ပြန်၍ ကျရ သကဲ့သို့ ထို့အတူ ဈာန်အရှိန်ကုန်သောအခါ အောက်ဘုံသို့သာ



ပြန်ကျရသည်-ဟူလို။ [ဘဝဂ္ဂ=ဘဝ+အဂ္ဂ၊ "ဘဝ=ဘုံဘဝတို့တွင်+ အဂ္ဂ=အထက်ဆုံးဘုံ" ဖြစ်သောကြောင့် "နေဝသညာ နာသညာ ယတန" ဘုံကို "ဘဝဂ်" ဟုခေါ်သည်။]

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂမ္ပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ။

ပုညတေဇေန၊ ကောင်းမှုရှိန်စော် အာနုဘော်သည်။ ဥက္ခိတ္တာ၊ အခွင့်သင့်စဉ် မြှင့်တင်အပ်ကုန်သည်ဖြစ်၍။ ကာမရူပဂတိံ၊ ဘုံဆောင် ကြငှန်း ဗိမာန်နန်းတို့ တင့်ဆန်းနတ်ဘုံ ဗြဟ္မာ့ဘုံသို့။ ဂတာ၊ ထိန် တဝင်းဝင်း၊ အရှိန်ပြင်းလျက် ချဉ်းနင်းရောက်ကြ ပုထုဇဉ်ဟူသမျှ တို့သည်။ ဘဝဂ္ဂမ္ပိ၊ ဘုံပေါင်းတမွတ် တုဘက်လွတ်သည့် အထွတ် ထက်ခြံ ဘဝဂ်ဘုံသို့။ သမ္ပတ္တာပိ၊ ကမ္ဘာမြောက်မြား အောက်မသွား ဖို့ ထောက်ထားပလေ ရောက်သွားကြစေကာမူ။ ဒုဂ္ဂတိံ၊ ဒုက္ခအဖုံဖုံ မျိုးပေါင်းစုံသည့် တလုံလုံလဲ အပါယ်ထဲသို့။ ပုန အာယန္တိ၊ ကောင်းမှုနုံဖျင်း အဟုန်ကင်းက ဒုံရင်းတစ်ဖန် ရောက်ကြရပြန်လေ သတည်း။

ဘုံနှင့်စပ်၍ အရပ်ရပ်မှတ်ဖွယ် ပြီး၏။

## နိဗ္ဗာန်အကြောင်း

နိဗ္ဗာန်အကြောင်းကိုရေးသားလျှင် ကြောင်းကျိုးစုံလင်အောင် ကျယ်ဝန်းစွာရေးမှ တာဝန်ကျေပေလိမ့်မည်။ ဤကျမ်းစာအုပ်၌ကား ထိုမျှလောက် ကျယ်ဝန်းစွာ ရေးခွင့်မရ။ အနည်းငယ် မထိတထိ ရေးခြင်းထက် လုံးလုံးမရေးခြင်းက သင့်တော်သေး၏ဟု သဘောရ ၍ နိဗ္ဗာန်အကြောင်းကို (ရှေးရိုက်စာအုပ်များ၌) လျစ်လျူရှုခဲ့သည်။ သို့သော် အထိုက်အလျောက် သိနှင့်ကြဖို့ရန် ၁၃၂၀-ခုနှစ်က စာအုပ်၌

www.burmeseclassic.com

www.burmeseclassic.com



ကား သဂြိုဟ်ဘာသာဋီကာ၌ပါသော ဥပသမာနုဿတိခန်းကို ထည့်သွင်းပြလိုက်ပါသည်။

**ဥပသမာနုဿတိ**

နိဗ္ဗာန်၏ ချမ်းသာအေးမြ သန္တိသုခ တစ်မျိုးရှိပုံကို အဖန်ဖန် အောက်မေ့နေခြင်းသည် ဥပသမာနုဿတိမည်၏။ နိဗ္ဗာန်တရားကို "ရုပ်ဝိသေသ၊ နာမ်ဝိသေသ"ဟုလည်းကောင်း၊ "ခန္ဓာကိုယ်တွင်း၌ အနှစ်အမတေအလား မြဲနိုင်သော နိစ္စတရားရှိ၏။ ရုပ်တရား နာမ်တရား ချုပ်ပျောက်သောအခါ ထိုအနှစ်အမြုတေသာ အဖတ်တင်ရစ်၏။ ထိုအနှစ်အမတေအဖြစ်ဖြင့် တည်နေရခြင်းသည်ပင် နိဗ္ဗာန်တည်း" ဟုလည်းကောင်း၊ "နိဗ္ဗာန်၌ ရုပ်နာမ်မရှိ၍ ခံစားခွင့်မရလျှင် အဘယ်မှာ ချမ်းသာဟု ဆိုနိုင်ပါအံ့နည်း" ဟု လည်းကောင်း မိမိတို့ထင်ရာမြင်ရာပြောဆိုကြ၏။ တစ်စုံတစ်ခုသော အာရုံ၏ အကြောင်းအရာကို ထိုအာရုံရဖူးသူသာ ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်သကဲ့သို့ နိဗ္ဗာန်အကြောင်းကိုလည်း ထိုနိဗ္ဗာန်ကိုရပြီးသော အရိယာပုဂ္ဂိုလ်တို့သာ ပိုင်နိုင်စွာ သိနိုင်ပါသည်။ ပုထုဇဉ်တို့ အတွေးဖြင့် လေးနက်သော နိဗ္ဗာန်ကို အမှန်မထိမိနိုင်ရာ။ သို့သော် ကျမ်းဂန်သာခကေ ယုတ္တိကို ချိန်ဆ၍ ဉာဏ်မြင်သလောက် ရေးပြဦးအံ့။

"နိဗ္ဗာန်" ဟူသည် စိတ်, စေတသိက်, ရုပ်, ပရမတ်တို့မှ သီးခြား ပရမတ္ထတရားတစ်ပါးတည်း။ ထို့ကြောင့် ရုပ်နာမ် သင်္ခါရနှင့် လုံးဝဆက်သွယ်ခြင်းမရှိရကား ရုပ်ဝိသေသ နာမ်ဝိသေသမဟုတ်နိုင်။ အရွတ္တ ဗဟိဒ္ဓ ၂ မျိုးတွင် "ဗဟိဒ္ဓါဓမ္မာ" ဟူသော မာတိကာပုဒ်အရတွင် ပါဝင်သော ဗဟိဒ္ဓတရားဖြစ်သောကြောင့်ပင် ခန္ဓာကိုယ်အတွင်း၌ အမြဲတေအဖြစ်ဖြင့် တည်ရှိနေသော ဓာတ်တစ်မျိုးလည်း မဟုတ်နိုင်။ နိဗ္ဗာန်သည် ပုဂ္ဂိုလ်သတ္တဝါများကဲ့သို့ ခံစားတတ်သော



တရားလည်း မဟုတ်။ ရူပ သဒ္ဒစသည့်အာရုံ ကာမဂုဏ်တို့ကဲ့သို့ ခံစားအပ်သော တရားလည်းမဟုတ်ရကား နိဗ္ဗာန်၌ ဝေဒယိတသုခ မရှိဘဲ သန္တိသုခသာ ရှိသည်မှာ အမှန်ပင်တည်း။

ချဲ့ဦးအံ့ – ခံစားမှုဟူသော ဝေဒယိတသုခသည် ခံစားစံစား၍ ကုန်ကုန်သွားသည့်အတွက် အသစ် အသစ်ရအောင် ထူထောင်ရ၏။ ထိုအသစ် အသစ်ရအောင် ထူထောင်ရသော ဒုက္ခကား ခံစားရသော သုခနှင့်အဆမတန်ချေ။ ထိုဒုက္ခဖြင့် ထူထောင်ပြီးနောက် ပေါ်ပေါက်ရရှိသော သုခကလေးဖြင့် တင်းမတိမ်နိုင်သောကြောင့် အပိုအမိုအကြွေးယူကာ မတရားခံစားမှုအတွက် အပါယ်လေးပါးသွား၍ သုခအကြွေးတွေကို အတိုးနှင့်တကွ ဒုက္ခဖြင့် ဆပ်ရသည်မှာ ဝမ်းနည်းစရာပေတည်း။ ထိုကဲ့သို့ ခံစားမှုနှင့် မရောသော သန္တိသုခသဘောကား ရုပ်နာမ် သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြငြိမ်းချမ်းခြင်း သဘောပေတည်း။ ထင်ရှားစေဦးအံ့–လောကီအာရုံ ကာမဂုဏ်တွေ ပြည့်စုံကြွယ်ဝသော သူဌေးတစ်ယောက်သည် အားရပါးရ အိပ်ပျော်နေစဉ် လောကီအာရုံများကို ပြင်ဆင်၍ အစေခံတို့က နှိုးလာသောအခါ "အအိပ်ဖျက်ရမလား" ဟု ကြိမ်းဝါး မောင်းမဲ မည်သာတည်း။ ထိုသူအိပ်နေစဉ် ခံစားမှု အထင်အရှားမရှိ။ သို့ပါလျက် ငြိမ်းချမ်းစွာ အိပ်နေရမှုကိုပင် ခံစားမှုသုခထက် နှစ်သက်ပေသေးသည်။ ထိုခံစားမှုမပါသော အိပ်ပျော်ခြင်းသုခကိုပင် "အိပ်ရကောင်းလိုက်တာ" ဟု အမွှမ်းတင်ကြသေး၏။ ထို့ကြောင့် ရုပ်နာမ်ကင်း၍ ငြိမ်းချမ်းခြင်း သန္တိသုခကား မည်မျှလောက် မွန်မြတ်လိမ့်မည်ကို မှန်းဆသင့်သည်။

ဆက်ဦးအံ့–အနာဂါမ် ရဟန္တာ အရှင်မြတ်တို့သည် ရုပ်နာမ် ခန္ဓာကြီးကို လေးလံလှစွာသော ဝန်ထုပ်ကြီးကဲ့သို့ မှတ်ထင်တော်မူကြသဖြင့် ရုပ်နာမ်ခန္ဓာမှ ကင်းနိုင်သမျှ ကင်းဖို့ရာ နိရောဓ

www.burmeseclassic.com

www.burmeseclassic.com



သမာပတ်ကို ဝင်စားတော်မူကြသည်။ ထိုသမာပတ်အတွင်း၌ ခံစားမှု လုံးဝမရှိ။ စိတ် စေတသိက် တည်းဟူသော နာမ်တရားနှင့် တချို့ ရုပ်များ အသစ်မဖြစ်ဘဲ ချုပ်ငြိမ်းနေခြင်းသာတည်း။ ထိုကဲ့သို့ ရုပ်နာမ်အချို့ ချုပ်ငြိမ်းနေခြင်းကိုပင် အင်မတန် သုခကြီးဟု သဘောရ၍ နိရောဓ သမာပတ်ကို ဝင်စားတော် မူကြပေသည်။ ထို့ပြင် အသညသတ် အရူပဗြဟ္မာတို့၏ အဖြစ်ကို စဉ်းစားပြန် လျှင်လည်း သန္တိသုခ၏ အေးမြငြိမ်းချမ်းပုံများ ထင်ရှားပြန်၏။ အသညသတ် ဗြဟ္မာတို့၌ နာမ်တရား မရှိ၍ ခံစားမှုလည်းမရှိ။ ကမ္ဘာ ၅၀၀ ခန့်မျှ နာမ်တရား တို့မှာ ငြိမ်းချမ်းလျက်နေရ၏။

အရူပဗြဟ္မာတို့၌ ရုပ်တရားတို့မှ အေးမြငြိမ်းချမ်းလျက်ရှိ၏။ အထက်ဆုံး အရူပဗြဟ္မာ၏ သန္တာန်ဝယ် ဖြစ်ခွင့်ရှိသော နာမ်တရား သည်ပင် အလွန်နည်းပါးလှချေပြီ။ ရဟန္တာဖြစ်လျှင် မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာ ၈၊ နေဝသညာယတန ဝိပါက် ၁၊ ကြိယာ ၁၊ အရဟတ္တဖိုလ်စိတ် ၁ အားဖြင့် ယှဉ်ဖက်စေတသိက်များနှင့်တကွ ၁၂ ပါးသာ ဖြစ်ခွင့်ရှိတော့၏။ ထို ၁၂ ပါးလည်း တစ်ခုစီသာ ဖြစ်နေရကား ထိုစိတ်ကလေးတစ်ခု နောက်ထပ်မဖြစ်လျှင် ရုပ်နာမ် အားလုံး ချုပ်ငြိမ်းတော့၏။ ထိုအခါ သန္တိသုခခေါ်သော နိဗ္ဗာနဓာတ် တရားမြတ်သည် မုချဆတ်ဆတ် ထင်ရှားတော့လတ္တံ့။

ထို သန္တိသုခ နိဗ္ဗာနဓာတ်သည် အများဆိုင် ဘုံတရားကဲ့သို့ တစ်ပါးတည်း မဟုတ်ပေ။ ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် အသီးသီးရှိ ကြ၏။ ထို့ကြောင့် အရိယာအရှင်မြတ်တို့သည် ခန္ဓာကိုယ်ဒြပ် ထင် ရှားရှိစဉ် မိမိနိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ် ဝင်စားတော်မူ ကြပေသည်။ ထိုဖလသမာပတ် ဝင်စားခိုက်ဝယ် နိဗ္ဗာန်ကို အာရုံ မှန်းလျက် စိတ်တမ်း၍နေရခြင်းသည်ပင် အင်မတန် ချမ်းသာတော်



မူကြသတဲ့။ ထေရာထေရီ အလီလီတို့ ရွှေပြည်နိဗ္ဗာန် ဝင်စံခါနီးဝယ် ဥဒါန်းကျူးကာကျူးကာဖြင့် ရုပ်နာမ်ခန္ဓာကို အားရပါးရ စွန့်ပစ် ခဲ့ကြသည်မှာ ရုပ်နာမ်ကို အမြဲတမ်း ခင်မင်နေကြသော ငါတို့လို ပုထုဇဉ်များအတွက် ရှက်ဖွယ်ကြီးပါတကား။

သဒေဝကဿ လောကဿ၊ ဧတေ ဝေါ သုခသမ္မတာ။
ယတ္ထ စေ တေ နိရုဇ္ဈန္တိ၊ တံ တေသံ ဒုက္ခသမ္မတံ။

သဒေဝကဿ၊ ဗြဟ္မာသိကြား နတ်အများနှင့်တကွ ဖြစ်သော။ လောကဿ၊ ပုထုဇဉ်ဟု ဉာဏ်မြင်ပေတုံး တစ်လောကလုံးသည်။ ဧတေ၊ ရူပ သဒ္ဒ စသည်အာရုံ ဤကာမဂုဏ်တို့ကို။ သုခသမ္မတာ၊ ချမ်းသာဖွယ်တောင်း အကောင်းဟု သမုတ်အပ်ကုန်ပြီ။ ယတ္ထ၊ အရိယာအများ အလွန်လေးစားသည့် တရားမျက်ရှင် အကြင်သို့သော နိဗ္ဗာန်၌။ ဧတေ၊ ရူပ သဒ္ဒ စသည့်အာရုံ ဤကာမဂုဏ်တို့သည်။ နိရုဇ္ဈန္တိ၊ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရလေကုန်၏။ တံစ၊ ကာမဂုဏ်အားလုံး ပြုတ်ပြုတ်ပြုန်းလျက် ဆုံးရာအမှန် ထိုနိဗ္ဗာန်ကိုကား။ တေသံ၊ ထိုဉာဏ်မြင်ပေတုံး ပုထုဇဉ်အားလုံးတို့သည်။ ဒုက္ခသမ္မတံ၊ ခံစားဖွယ်အချက် ကင်းသည့်အတွက်ကြောင့် သက်သက်ရှုတ်ချ၍ ဒုက္ခဟု သမုတ်အပ်လေသတည်း။ [ဧတေဝေါ-၌ ဝေါ အတွက် အနက်မရှိ။]

သုခံ ဒိဋ္ဌမရိယေဘိ၊ သက္ကာယဿ နိရောဓနံ။
ပစ္စနီက မိဒံ ဟောတိ၊ သဗ္ဗလောကေန ပဿတံ။

သက္ကာယဿ၊ ပရမတ္ထအားဖြင့် ထင်ရှားဘိတောင်း ခန္ဓာငါးပါး အပေါင်း၏။ နိရောဓနံ၊ ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရာ ဖြစ်သော။ သုခံ၊ နိဗ္ဗာနဓာတ် ချမ်းသာမြတ်ကို။ အရိယေဘိ၊ အရိယာအရှင် သူတော်စင်တို့သည်။ ဒိဋ္ဌံ၊ ဉာဏ်စက္ခုဖြင့် စေ့ငုထင်ထင် မြင်အပ်ပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဣဒံ၊ များပုထုဇဉ် ဉာဏ်အမြင်ဖြင့် မမြင်နိုင်တန် ဤနိဗ္ဗာန်ကို။ ပဿတ၊ တပ်အပ်ထင်ထင် ကိုယ်တိုင်မြင်သည့် အရှင်အပေါင်းသူတော်ကောင်းတို့မှာ။ သဗ္ဗလောကေန၊ အဝိဇ္ဇာဖုံး တဏှာတုံးဟု အားလုံးလောက ဟူသမျှနှင့်။ ပစ္စနီကံ ဟောတိ၊ ကျောချင်းကပ်ယှဉ် ပြေးကြအင်သို့ အစဉ်ဆက်ဆက် ဆန့်ကျင်ဖက်အနေ ဖြစ်ရလေတော့သတည်း။ [သဠာယတနသံယုတ်၊ ဒွေဝဒဟဝဂ်]

**သောတာပန်ဖြစ်ဖို့ခက်သလား**

**ပါဠိတော်။ ။** တသ္မာတိဟာ နန္ဒ ဓမ္မာဒါသံနာမ ဓမ္မပရိယာယံ ဒေသေဿာမိ၊ "ယေန သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ၊ ခီဏနိရယောမှိ ခီဏ တိရစ္ဆာနယောနိ ခီဏပေတ္တိ ဝိသယော ခီဏာပါယဒုဂ္ဂတိဝိနိပါတော၊ သောတာပန္နော ဟာမ သ္မိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏောတိ။ [၁]

**မြန်မာပြန်။ ။** နောက်၌ ဘုရားဂုဏ်တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါး၊ သံဃာဂုဏ်တော် ၉ ပါး ဤဂုဏ်တော်များ၌ အဝေစ္စပသာဒ (ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ခြင်း) ၃ မျိုး၊ ငါးပါးသီလနှင့် ပြည့်စုံခြင်း ဤဂုဏ်အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသူသည် မိမိ ကိုယ်ကို သောတာပန်ဖြစ်ပြီဟု ဆုံးဖြတ်နိုင်သည်။

**သောတာပန်ဖြစ်ဖို့ မခဲယဉ်း**

ဤတရားမှန်ကြီးကို ကြည့်ရှုသောအခါ သောတာပန်ဖြစ်ဖို့အကြောင်းမှာ ရတနာသုံးပါး၏ ဂုဏ်တော်ကို လေးလေးနက်နက်

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ−၃၁၁



ကြည်ညိုခြင်းနှင့် လူဝတ်ကြောင်များ၌ ငါးပါးသီလ စင်ကြယ်ဖို့သာဖြစ်၏။ ထို့ကြောင့်လည်း ဝိသာခါကျောင်းအမသည် ဗုဒ္ဓမြတ်စွာကို ပထမဖူးရစဉ် ၇ နှစ်အရွယ်ကပင် သောတာပန်တည်ခဲ့၏။ မွှာသောကမင်း၏ အသန္ဓိမိတ္တာဒေဝီသည် ဘုရားရှင်၏ အသံတော်နှင့်အထိုက်အလျောက်တူသော ကရဝိက်ငှက်၏ အသံကို ကြားရ၍ ဘုရားကို မဖူးလိုက်ရဘဲ ကြည်ညိုသော အဝေစ္စပသာဒ (သဒ္ဓါ) ကြောင့် မောင်းမ ၇ ရာနှင့်အတူ သောတာပန်ဖြစ်ကြ၏။ ပင်ကိုငါးပါးသီလ စင်ကြယ်သူများအတွက် ယခုလို သာသနာတွင်း၌က သောတာပန်ဖြစ်ဖို့ မခဲယဉ်းဟု မှတ်သင့်ပါသည်။

**ဆောင်။ ။** ထောက်မှန်ပေါ်တွင်၊ ကိုယ့်အသွင်ကို၊ ဆင်ပြင်လိုဘိ၊ နေ့စဉ်ကြည့်သို့၊ မိမိသီလ၊ ဆိုင်သမျှကို၊ နေ့ညခပင်း၊ လွှန်သန့်ရှင်း၍၊ ပြန့်သင်းမွှေးမှု၊ အလေးပြုလျက်၊ သုံးလူ့ထွတ်ထား၊ မြတ်ဘုရားနှင့်၊ တရား သံဃာ၊ အရိယာ၏၊ ဆိုင်ရာ ဂုဏ်တော်၊ ဉာဏ်၌ပေါ်အောင်၊ ရွှင်ပျော်ရှုစား၊ သဒ္ဓါပွားမှု၊ မလားအပါယ်၊ တရားကယ်မည်၊ ရှုဖွယ်ထောက်မှန် အစစ်တည်း။

**ကမ္မဋ္ဌာန်းမှန်သမျှ အဝိဇ္ဇာနှင့် တဏှာကုန်ဖို့သာ**

အဝိဇ္ဇာနှင့် တဏှာကြောင့် ဒုက္ခအမျိုးမျိုးဖြင့် ကျင်လည်နေရပုံကို သိသောအခါ ထိုအဝိဇ္ဇာနှင့် တဏှာကုန်အောင် ကြိုးစားနေရသောနည်းကို ရှာကြရ၏။ ထိုနည်းကို ဘုရားတစ်ဆူ ပွင့်တော်မူမှသာ ဘုရားဟောတော်မူ၍ သိကြရ၏။ သမုဒ္ဒရာသို့ ရောက်ဖို့ရန် ဆိပ်ကမ်းများစွာ ရှိသကဲ့သို့ သံသရာ၏ တစ်ဖက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ ဝင်ဖို့ရန်လည်း ကမ္မဋ္ဌာန်းတည်းဟူသော ဆိပ်ကမ်းတွေ အများအပြားပင် ရှိ၏။ ထိုကမ္မဋ္ဌာန်းကို အားထုတ်ရင်းပင်

www.burmeseclassic.com

www.burmeseclassic.com



အဝိဇ္ဇာနှင့် တဏှာတို့ နည်း၍ နည်း၍လာမှသာ ထိုကမ္မဋ္ဌာန်းလမ်းစဉ်သည် မှန်သောလမ်းစဉ်ဖြစ်၏။ ကမ္မဋ္ဌာန်းအားထုတ်သော်လည်း အဝိဇ္ဇာနှင့် တဏှာမနည်းလျှင် ကမ္မဋ္ဌာန်းသော်လည်း မှားနေပေလိမ့်မည်။ သို့မဟုတ် မိမိကသော်လည်း အဝိဇ္ဇာနှင့်တဏှာ နည်းလိုသောဆန္ဒမရှိသောကြောင့် ဖြစ်လိမ့်မည်။ ကမ္မဋ္ဌာန်းနည်းမှန်၍ မိမိဆန္ဒကအဝိဇ္ဇာနှင့်တဏှာ ကုန်စေလိုလျှင်ကား ကမ္မဋ္ဌာန်းဟူသမျှသည် အဝိဇ္ဇာတဏှာနည်းပါးရာမှ တစ်စတစ်စ ကုန်ဖို့သာဖြစ်သည်။ ထို့ကြောင့် ဤအချက်လည်း ကမ္မဋ္ဌာန်းအားထုတ်ရင်း တဏှာနည်း မနည်း ကြည့်ရှုရန် တရားကြေးမုံ ထောက်မှန်ကြီး ဖြစ်သည်ဟုမှတ်ပါ။

## နိဗ္ဗာန် – ပရိနိဗ္ဗာန်

**ပရိနိဗ္ဗာန် ၃ မျိုး**

နိဗ္ဗာန်နှင့်ပရိနိဗ္ဗာန်သည် သဘောတူ၏။ ထိုပရိနိဗ္ဗာန်သည် ကိလေသာတို့၏ငြိမ်းအေးခြင်းဟူသော ကိလေသပရိနိဗ္ဗာန်၊ ရုပ်ခန္ဓာတော်၏ ငြိမ်းအေးခြင်းဟူသော ခန္ဓပရိနိဗ္ဗာန်၊ ဓာတ်တော်တို့၏ ငြိမ်းအေးခြင်းဟူသော ဓာတုပရိနိဗ္ဗာန်အားဖြင့် ၃ ပါး အပြားရှိ၏။

**ကိလေသပရိနိဗ္ဗာန်**

သတ္တဝါတိုင်း၌ရှိသော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတို့သည် စိတ်ကို ပူလောင်စေကြကုန်၏။ တဏှာ၊ ရာဂ၊ လောဘမီး၏ ပူလောင်မှုကြောင့် ဆရာ မိဘ စသူတို့၏ စကားကိုမျှ နားမထောင်နိုင်ဘဲ လုပ်ချင်ရာ လုပ်ကြသူတွေ၊ အလိုမကျသော ဒေါသမီးကြောင့် ကိုယ့်ကိုယ်ကိုပင် သေကြောင်းကြံကြသူတွေကို ကြည့်လျှင် လောဘ၊ ဒေါသမီး တို့ ပူလောင်ပုံမှာ အလွန်ထင်ရှား၏။ ထိုသို့ လောဘမီး ဒေါသမီး အလောင်ခံရခြင်းမှာလည်း မောဟမီးက



အကြောင်း အကျိုးမသိ မမြင်နိုင်အောင် ဖုံးကွယ်ထားသောကြောင့် ဖြစ်၏။ ဥပမာ –ကလေး ငယ်သည် ပူမှန်းမသိသောကြောင့် မီးကို ကိုင်ချင်သကဲ့သို့ (တချို့မှာ ကိုင်မိသကဲ့သို့) တည်း။ ဗုဒ္ဓ မြတ်စွာသည် အရဟတ္တဖိုလ်ကို ရသောအခါ ထိုကိလေသာ အပူမီးတို့ အလုံးစုံကုန်၍ ငြိမ်းအေးကြလေတော့၏။ ထို့ကြောင့် "ကိလေသပရိနိဗ္ဗာန်၊ ဗုဒ္ဓမြတ်စွာ၏ ကိလေသ ပရိနိဗ္ဗာန်သည်။ ဗောဓိပလ္လင်ကော်အပေါ်သို့၊ ဘုရားဖြစ်ရာ မဟာဗောဓိပလ္လင်၌ ဖြစ်ခဲ့ပြီ " ဟု ဥဒါနဝိဘာဂ် အဋ္ဌကထာ (နှာ ၄၁၃ ၌ ) မိန့်သည်။

**ခန္ဓပရိနိဗ္ဗာန်**

ရုပ် နာမ် ၂ ရပ် ပေါင်းစပ်၍ တည်နေသော ဤခန္ဓာကိုယ်သည် အေးချမ်း ငြိမ်သက်ခြင်းမရှိသော အပူတုံးသာဖြစ်၏။ ဓာတ်မီး ဇရာမီး မရဏမီးစသော (ရှေး၌ ပြအပ်ခဲ့သော) မီးတစ်ဆယ့်တစ်ပါးသည် ဤ ခန္ဓာကိုယ်၌ တစ်မျိုးပြီးတစ်မျိုး လောင်လျက်ရှိ၏။ ခမ္မစကြာ ပါဠိတော်၌လာသော ချစ်သူနှင့် ကွေကွင်းရခြင်း၊ မုန်းသူနှင့်တွဲရခြင်း၊ အလိုရှိတာမရခြင်းတို့ကြောင့် ဖြစ်ရသော ဒုက္ခများလည်း အပူများ ပင်ဖြစ်၏။ ထို့ကြောင့် သတ္တဝါတိုင်း၏ ခန္ဓာကိုယ်သည် ဒုက္ခအပူ မီးအပူတို့ဖြင့် အမြဲပူ၍နေ၏။

အခြားသူတို့၏ ခန္ဓာကိုယ်ကိုမဆိုထားဘိ၊ ဗုဒ္ဓမြတ်စွာ၏ ခန္ဓာကိုယ်တော် သော်မှလည်း ဝမ်းတော်လားချိန်မှစ၍ အားတော်နည်းပါးရကား ၃ ဂါဝုတ်ခရီး၌ မကြာမကြာ နားတော်မူရခြင်း ရေသောက်တော်မူလိုသောကြောင့် ရေခပ်စေတော်မူရခြင်း အားဖြင့် ခန္ဓာကိုယ်၏ အပူဒဏ်ကို ပင်ပန်းကြီးစွာ ခံတော်မူရပါသေးသည်။ ထို့ကြောင့် ညောင်စောင်းကလေးအပေါ်မှာပင် ဈာန်ပေါင်းများစွာ အကြိမ်ကြိမ်အခါခါ ဝင်စားတော်မူပြီး၍ စတုတ္ထဈာန်မှ ထတော်မူသော

www.burmeseclassic.com

www.burmeseclassic.com



အခါ ပဋိသန္ဓေ နေတော်မူတုန်းကဖြစ်သော မဟာဝိပါက် ပထမစိတ်နှင့်တူသော ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူခြင်းသည် ရုပ်နာမ်ခန္ဓာဟူသော အပူတုံးကြီး၏ ငြိမ်းအေးခြင်းဟူသော ခန္ဓပရိနိဗ္ဗာန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် – "ခန္ဓပရိနိဗ္ဗာနံ ကုသိနာရာယံ၊ ခန္ဓပရိနိဗ္ဗာန်သည် ကုသိနာရုံမြို့၌ဖြစ်ခဲ့ပြီ" ဟု ဉာဏဝိဘင် အဋ္ဌကထာ (နှာ – ၄၁၃ ၌) မိန့်သည်။

**မီးငြိမ်းခြင်းဥပမာ**

ဤ ခန္ဓပရိနိဗ္ဗာန် ဖြစ်တော်မူပုံကိုပင် ရည်ရွယ်တော်မူ၍ "နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ = ဘုရားပစ္စေက ဗုဒ္ဓါရဟန္တာဖြစ်သော ပညာရှိတို့သည် နောက်ဆုံး ဝိညာဉ်ဖြစ်သော စုတိစိတ်တော်၏ ချုပ်ခြင်းအားဖြင့် ငြိမ်းအေးတော်မူကြပြီ။ ဥပမာ– တောက်နေသော ဆီမီးသည် ဆီကုန်သောအခါ ငြိမ်းသကဲ့သို့ ဖြစ်သည်"ဟု ရတနသုတ်၌ ဗုဒ္ဓမြတ်စွာ မိန့်တော်မူ၏။ မဟာပရိနိဗ္ဗာနသုတ်ပါဠိတော် (နှာ ၁၂၉) ၌လည်း "ပဇ္ဇောတဿေဝ နိဗ္ဗာနံ ဝိမောက္ခော စေတ သော အဟု – ပရိနိဗ္ဗာန် စုတေစိတ်တော်၏ လွတ်မြောက်တော်မူခြင်းသည် မီးငြိမ်းပုံနှင့်တူသည်" ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူသည်။

**ဓာတုပရိနိဗ္ဗာန်**

ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်အားလုံးစုပေါင်း၍ ဓာတ်ပေါင်းကိုယ်တော်ကို ဓာတ်မီးလောင်ပြီးမှ ငြိမ်းခြင်းကို "ဓာတုပရိနိဗ္ဗာန်" ဟုခေါ်၏။ ချဲ့ပါဦးမည်။ သာသနာတော် ကိုးကွယ်မည့် လူတစ်ယောက်တလေမျှ မရှိလောက်အောင် သာသနာ ဆုတ်ယုတ်သောအခါ နေရာဌာန အသီးသီး၌ တည်တော်မူသော ဓာတ်တော်များသည် ဘုရားဖြစ်ရာ ဗောဓိပင်၌ စုပေါင်းကာ ရွှေတုံးကြီးကဲ့သို့ ဖြစ်၍ ရောင်ခြည်တော် လွှတ်လိမ့်မည်။



ထိုရောင်ခြည်တော်ကို ဖူးမြင်ရသောအခါ နတ်ဗြဟ္မာတို့သည် ကပျာကယာ လာကြပြီးလျှင် အရိုးတော် ရွှေတုံးကြီး၌ တေဇောဓာတ်လောင်နေသည်ကို မြင်ရသောအခါ "ယခုမှ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူတာပဲ၊ ယခုမှ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူတာပဲ" ဟု ပြောကာပြောကာ အလွန်ဝမ်းနည်းစွာ ငိုကြွေးကြလေ၏။ အနာဂါမ်၊ ရဟန္တာ နတ် ဗြဟ္မာတို့ကား "ဖြစ်သမျှ ပျက်ရသည်သာ" ဟု တရားသဘောကိုတွေးကာ သံဝေဂဉာဏ်ဖြင့် သည်းခံနိုင်ကြပေသည်။

**လင်္ကာ** ။ ။ ဓာတ်တော် မွေတော်၊ ကြွင်းပါသော်လည်း၊ ချွတ်ချော်

သာသနာ၊ နှောင်သောခါဝယ်၊ ရှိန်ဝါ ပျောက်ကြွေ၊

ကွယ်ပချေသော်၊ ထွေထွေရုပ်နယ်၊ ဓာတ်သွယ်သွယ်

လည်း၊ ကိုးကွယ်ကြမည့်၊ လူမရှိ၍၊ ဗောဓိပင်မှာ၊

စုပေါင်းကာဖြင့်၊ ရောင်ဝါလွှတ်ပြီး ၊ ရွှေတုံးကြီးသို့၊

ဓာတ်မီးလောင်တောက်၊ ကုန်ဆုံးပျောက်က၊ သာရောက်

ကြရှာ၊ နတ်ဗြဟ္မာတို့၊ သာသနာဗုဒ္ဓ၊ ယခုမှပင်၊ မုချ

အတည်၊ ကွယ်ရပြီဟု၊ ငိုမြည်တမ်းတ၊ သံဝေဂဖြင့်

မရယူကျုံး၊ ကိုယ်စိတ်ချုံးသည့်၊ နောက်ဆုံး သာသနာ့

ပွဲတော်ဘုရား။

**နိဗ္ဗာန် ၂ မျိုးမှ တစ်မျိုး နိဗ္ဗာန်**

ရဟန္တာအားလုံး၌ ရနိုင်သော ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိနိဗ္ဗာန် ၂ မျိုးသည် "သိဝံ ပဇ္ဇထ ဘိက္ခဝေ၊ သိဝံ ပဇ္ဇိတွာ ဒါနံ ဒါတဗ္ဗံ = ဘိက္ခုတို့၊ ဘေးခပ်သိမ်းတို့၏ အေးငြိမ်းရာ နိဗ္ဗာန်ကို တောင့်တကြလော့၊ နိဗ္ဗာန်ကိုတောင့်တ၍ ဒါနကို ပြုကြလော့ သီလကို ဆောက်တည်ကြလော့၊ ဘာဝနာကို ပွားစေကြလော့" ဤသို့ ဗုဒ္ဓမြတ်စွာ တိုက်တွန်းတော်မူအပ်သော နိဗ္ဗာန် မဟုတ်သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ပြအပ်ခဲ့သော နိဗ္ဗာန် ၂ မျိုးသည် "ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်သော အသခ်တဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏" ဟု လူအများ တောင့်တအပ် ဆုတောင်းအပ်သော အသခ်တဓာတ် နိဗ္ဗာန်တရားမြတ် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂ မျိုးသည် "ငါဘုရားသည် ယနေ့ညဉ့်၏ နောက်ဆုံးအချိန်၌ ရှေးရှေးဘုရားတို့ ဝင်အပ်သော အမြိုက်နိဗ္ဗာန်သို့ ဝင်ရတော့မည်" ဟု ဆင်ခြင်တော်မူသောအခါ "စိတ်တော်သည် အလွန်ကြည်၏" ဟု မိန့်တော်မူအပ်သော နိဗ္ဗာန်မဟုတ်သေးပါ။

ပြအပ်ခဲ့သောနိဗ္ဗာန် ၂ မျိုးသည် " အနေဓော သန္တိမာရုဠှယံ ကာလ.မကရီမုနိ= ငါးဖြာအာရုံ ကာမဂုဏ်၌ တုန်လှုပ်တတ်စွာတဏှာ ကင်းပြီးသော အကြင် မုနိထွတ်တင် ဘုရားရှင်သည် ဒုက္ခခပ်သိမ်း အေးငြိမ်းရာနိဗ္ဗာန်ကိုရည်ရွယ်တော်မူ၍ ကွယ်လွန်ချိန်ကို ပြုတော်မူပြီ " ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူအပ်သော စကားတော်အရ ဘုရားရှင် ရည်ရွယ်တော်မူအပ်သော သန္တိသုခအမတ - မဟာနိဗ္ဗာန် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂ မျိုးသည် " နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ ၊ မဂ္ဂဖလာနံ မာရမ္မဏဘူတံဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ " ဟု အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၌ " မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်" ဟုလည်းကောင်း၊ "နိဗ္ဗာနံ ပရမံ သုခံ" ဟု ဓမ္မပဒ အဋ္ဌကထာ၊ သုခဝဂ်၊ ဧကဉပါသကဝတ္ထု၌ "နိဗ္ဗာန်သည် အမြတ်ဆုံးသုခ" ဟုလည်းကောင်း၊ " အသခ်တာ စ ဓာတု" ဟုဓမ္မသင်္ဂဏီ၊ရူပကဏ္ဍ၊ ဥဒ္ဒေသ၌ " အသခ်တဓာတ် "ဟုလည်းကောင်း



ဟောတော်မူအပ်သော နိဗ္ဗာန်မဟုတ်သေးပါ။

ပြအပ်ခဲ့သောနိဗ္ဗာန် ၂ မျိုးသည် သစ္စာ ၄ ပါးတွင် နိရောဓသစ္စာ အဖြစ်ဖြင့်ပါဝင်သော၊ သောတာပတ္တိမဂ်ကိုရလျှင်ပင် ဝိသာခါကဲ့သို့ ၇ နှစ်သမီးအရွယ်သူငယ်မတို့ ထိုက်တန်သမျှ မြင်အပ်သော၊ တစ်ခါမြင်ပြီးလျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာတို့ ကင်းကွာရကြောင်းဖြစ်သော၊ တစ်ခါမြင်ဖို့ရန်လည်း ငါးပါးသီလ လုံခြုံမှုအခြေခံရသော နိဗ္ဗာန်မဟုတ်သေးပါ။

ထို့ကြောင့် ယခုအခါ အကြောင်းတရားတို့ကို မပြအပ်သောကြောင့် " အသခ်တဓာတ် "အမည်တော်ရသော ဘုရားရှင်သာမက ရဟန္တာ ဟူသမျှတို့သည် ပရိနိဗ္ဗာန်မဝင်စံခင်ကာလ၌ မကြာမကြာ အာရုံပြု၍နေအပ်သော၊ ပရိနိဗ္ဗာန်စံတော်မူပြီးနောက်လည်း မပျောက်မပျက် ဆံက်လက်တည်ရှိရစ်သော၊ လူအများတို့ ဆုတောင်းအပ်သော၊ ဘုရားရှင်လည်း ဆုတောင်းဖို့ရန် တိုက်တွန်းတော်မူအပ်သော နိဗ္ဗာန်တရားတော်မြတ်ကို ရှိသေလေးမြတ်စွာ ရေးသား ပူဇော်ပါမည်။

## လူအများတို့ဆုတောင်းနေသော
## နိဗ္ဗာန်၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်

### ရှေးပညာရှိများဖွင့်ပြပုံ

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူသော ပရမတ္ထ တရားတို့သည် ရူပါရုံမှတစ်ပါး မျက်စေ့ဖြင့် မြင်ကောင်းသော တရားမဟုတ်ကြပါ။ ထိုသို့မမြင်ကောင်းသော်လည်း ရှေးပညာရှိ အဋ္ဌကထာဆရာတို့သည် မျက်စေ့ဖြင့် မြင်ရသကဲ့သို့ ဉာဏ်၌ ထင်မြင်

www.burmeseclassic.com

www.burmeseclassic.com



လာအောင် လက္ခဏာအားဖြင့်လည်းကောင်း ၊ကိစ္စရသ၊ သမ္ပတ္တိရသ တစ်မျိုးမျိုး အားဖြင့်လည်းကောင်း၊ ဉာဏ်ဖြင့်ရှုစားသော ယောဂီပုဂ္ဂိုလ်၊ ပညာရှိပုဂ္ဂိုလ်တို့၏ ဉာဏ်အားထင်လာသော အခြင်းအရာ အားဖြင့် လည်းကောင်း၊ အနီးဆုံးအကြောင်းဟူသော ပဒဋ္ဌာန်အားဖြင့် လည်း ကောင်းဖွင့်ပြကြပါသည်။ နိဗ္ဗာန်ကိုလည်းဉာဏ်၌ ထင်မြင်လာအောင် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်အားဖြင့် ဖွင့်ပြရမည်ဖြစ်၍ ထိုသို့ မဖွင့် ပြမီ သန္တိလက္ခဏာရှိသော နိဗ္ဗာန်နှင့်တစ်ဖက်တစ်လမ်း (ဟိုဘက်ကမ်း ဤဘက်ကမ်းကဲ့သို့) ကွာလှမ်းသော ရုပ်နာမ်၏ မငြိမ်မသက် ဖြစ်ရပုံကို ရှေးဦးစွာ ပြသပါမည်။

**သခ်ီတဓာတ်**

ရုပ်နာမ်တို့ကို ရှေ့ (နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ) ၌ ပြခဲ့ပြီ။ ရုပ်နာမ်တို့သည် အဝိဇ္ဇာ၊ တဏှာ၊ ကံစသော အကြောင်းတို့က ပြုအပ်သော သင်္ခတဓာတ် (ပြုပြင်အပ်သော ဓာတ်) ဖြစ်၏။ ပြု၍ ဖြစ်သောအခါ ချက်ချင်းပျက်၏။ ပျက်ပြီးလျှင်လည်း ထပ်၍ဖြစ်၏။ ဖြစ်ပြီးလည်း ပျက်ပြန်၏။ ဤသို့ ဖြစ်ပျက်ဖြစ်ပျက် ဆက်၍နေသော အစဉ်သည် လက်ဖျောက် တစ်ချက်တီးခန့် ကာလ၌ ကုဋေသိန်းပေါင်း များစွာပင်တည်း။ (စိတ်စေတသိက်တို့ တစ်ဆယ့်ခုနစ်ကြိမ် ပျက် ပြီးမှ ရုပ်ကတစ်ကြိမ်သာပျက်၏။) ဤ အချိန်ကလေး၌ ဤမျှလောက် များအောင် ဖြစ်ပျက်နေရသော ရုပ်နာမ်သည် အဘယ်မှာ ငြိမ်သက် အေးမြ၍ သုခ ဖြစ်နိုင်တော့အံ့နည်း။ အဖြစ်အပျက်ဒဏ်ကို အမြဲ ခံနေရသောကြောင့် အမြဲပင် ဒုက္ခဖြစ်၏။ ဥဒယဗ္ဗယပဋိပီဠနဋ္ဌေန ဒုက္ခာ= အဖြစ်အပျက်ဒဏ်ကို အမြဲခံနေရသောကြောင့် ရုပ်နာမ် ဟူသမျှ ဒုက္ခချည်းသာ။



**သန္တိလက္ခဏာ**

“လက္ခဏ” ဟူသည် မှတ်သားကြောင်း အမှတ်အသား၊ မှတ်သားအပ်သော သဘောတည်း။ လူတစ်ယောက်၌ အများနှင့်မတူ သော ထူးခြားသော အမှတ်အသား ရှိသကဲ့သို့ ပရမတ္ထတရား ၄ ပါး၌လည်း တစ်ပါးနှင့်တစ်ပါး မတူအောင် ထူးခြားသော အမှတ် အသား၊ ထူးခြားသော သဘောရှိ၏။ နိဗ္ဗာန်အတွက် ထူးခြားသော လက္ခဏာ (အမှတ်အသား)ကား သန္တိလက္ခဏာတည်း။

**သန္တိဖြစ်ပုံ**

ရုပ်, စိတ်, စေတသိက်, နာမ်တို့သည် ပြအပ်ခဲ့သည့်အတိုင်း အမြဲဖြစ်ပျက်နေရကား ငြိမ်ငြိမ်သက်သက်မရှိကြ။ အမြဲပူလောင်နေ သကဲ့သို့ ငြိမ်းငြိမ်းအေးအေးလည်း မရှိကြ။ အသခ်ီတဓာတ် နိဗ္ဗာန် တရားမြတ်ကား အဖြစ်မရှိသောကြောင့် အပျက်လည်းမရှိ။ အဖြစ် အပျက် လှုပ်လှုပ်ရှရှမရှိသောကြောင့် အလွန်ငြိမ်သက်၏။ အဖြစ် အပျက် အပူအလောင် မရှိသောကြောင့် အလွန်အေးငြိမ်း၏။ ထိုအေးငြိမ်းခြင်းသည် နိဗ္ဗာန်၏ “သန္တိ”ဟု ခေါ်ရသော ထူးခြားသော လက္ခဏာ ဖြစ်သည်။

**အစ္စုတရသ**

ရုပ် နာမ် ခန္ဓာတို့သည် ရှေးဦးစွာ ဖြစ်ရ၏။ ဖြစ်ပြီးသော အခါ ပျက်ရခြင်းအားဖြင့် ပင်ကို သဘောမှ ရွေ့လျောရ၏။ နိဗ္ဗာန်၏ သန္တိသဘောကား ဘယ်အခါမှ မပျောက်မပျက်သောကြောင့် ပင်ကို သဘောမှမရွေ့လျောခြင်း ဟူသော ထူးသော အရသာရှိ၏။

**အနိမိတ္တပစ္စုပဋ္ဌာန်**

ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီ ပုဂ္ဂိုလ်ဖြစ်စေ၊ တရား သဘောကို စဉ်းစားသော ပညာရှိဖြစ်စေ ဉာဏ်ဖြင့် ရှုမြင်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း သင်လာ၏။ ထိုသို့ ထင်လာသည်ကို "ပစ္စုပဋ္ဌာန်" ဟုခေါ်၏။ နိဗ္ဗာန်၏ သဘောကို ဉာဏ်ဖြင့် ရှုမြင်သောအခါ (စိတ်စေတသိက် ရုပ်တို့မှာ သဘောအထည်ကိုယ် ရှိသကဲ့သို့) "အထည်ကိုယ် မရှိသော တရား" ဟု ဉာဏ်အားဖြင့် ထင်လာသည်။ နိမိတ္တ ဓမ္မာ သင်္ခါရာ၊ တေဟိ သနိမိတ္တာ သဝိဂ္ဂဟာ ဝိယ ဥပဋ္ဌဟန္တိ။ အဋ္ဌ သာလိနီ၊ လောကုတ္တရာ ကုသိုလ် အဖွင့်။ -အနုဋီကာ (နှာ ၁၂၁။)

**ပဒဋ္ဌာန်**

နီးကပ်သောအကြောင်းကို ပဒဋ္ဌာန (ပဒဋ္ဌာန်)ဟု ခေါ်၏။ (စိတ်သည် ယှဉ်ဖက်စေတသိက်၊ မှီရာရုပ်ဟူသော နီးကပ်သော အကြောင်းရှိသကဲ့သို့) နိဗ္ဗာန်မှာ နီးကပ်သောအကြောင်းမရှိ။ အရိယာတို့ သန္တာန်၌ နိဗ္ဗာန်တရား ပေါ်လာဖို့ရန် ဒါန, သီလ, ဘာဝနာ စသော ဝေးသော အကြောင်းကား များစွာရှိရပါသည်။

သန္တိလက္ခဏံ အစ္စုတ- ရသံ နိဗ္ဗာနအမတံ။

အနိမိတ္တုပဋ္ဌာနံ၊ ပဒဋ္ဌာနံ န လဗ္ဘတိ။[၁]

နိဗ္ဗာနအမတံ၊ အမြိုက်နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ငြိမ်သက်အေးငြိမ်းခြင်း လက္ခဏာ ရှိ၏။ အစ္စုတရသံ၊ ပင်ကို သဘောမှ မရွေ့လျောခြင်း သမ္ပတ္တိရသ ရှိ၏။ အနိမိတ္တုပဋ္ဌာနံ၊ အထည်ကိုယ် ဟန် ပုံသဏ္ဌာန်မရှိသော တရားဟု ဉာဏ်အားထင်လာ၏။ ပဒဋ္ဌာနံ၊ နီးစွာသော အကြောင်းကို။ န လဗ္ဘတိ၊ မရအပ်။

## နိဗ္ဗာန်၏ ဂုဏ်တော်တချို့

**ခယဂုဏ်တော်**

ထိုနိဗ္ဗာနဓာတ်တရားမြတ်ကို သောတာပတ္တိမဂ်ဖြင့် မြင်လိုက်

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ဒု-တွဲ၊ နှာ ၁၂၆။ အဘိ၊ ဋ္ဌ။ ၇၉။



သည်နှင့်တစ်ပြိုင်နက် ရာဂစသော ကိလေသာအချို့သည် လည်းကောင်း၊ ထိုကိလေသာရှိသူတိုင်း (၇ ဘဝနောက် ရရှိမည့်) ရုပ်နာမ်တို့သည်လည်းကောင်း ကုန်ခန်းကြရတော့၏။ အထက်မဂ်များကို ရသောအခါလည်း ဤနည်းအတိုင်း ကိလေသာအပူတွေ ကုန်ရပေသည်။ ထို့ကြောင့် သန္တိဖြစ်သော ထိုနိဗ္ဗာန်သည် ကိလေသာတို့၏လည်းကောင်း၊ ရုပ်နာမ်တို့၏လည်းကောင်း ကုန်ခန်းကြောင်း ခယဂုဏ်နှင့် ပြည့်စုံပါသည်။

**ဝိရာဂဂုဏ်တော်**

တပ်မက်ခြင်းသဘောကို ပါဠိလို "ရာဂ"ဟုခေါ်၏။ ထိုရာဂသည် ရုပ်နာမ် ခန္ဓာအပေါ်၌လည်းကောင်း၊ ခန္ဓာနှင့်စပ်သော ပညတ်အပေါ်၌လည်းကောင်း ဖြစ်ရသော တရားတည်း။ ရုပ်နာမ်တို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည် ထိုရာဂနှင့် လုံးလုံး မစပ်တော့ရကား "ဝိရာဂ-ရာဂမရှိ"ဟူသော ဂုဏ်နှင့်လည်းပြည့်စုံပါသည်။

**အမတဂုဏ်တော်**

"သေခြင်း"ဆိုသည်မှာ တစ်ဘဝအတွက် နောက်ဆုံး ပျက်ခြင်းတည်း။ ထိုအပျက်ဟူသည်လည်း အဖြစ်ရှိပြီးမှ ပေါ်လာ၏။ ပျက်ဖို့ ရှေးရှုနေသော (ပျက်ဖို့ ပြင်နေသော) သဘောကို "အိုခြင်း ဆွေးမြေ့ခြင်း"ဟု ခေါ်၏။ ပါဠိလို ဇာတိ, ဇရာ, မရဏ။ မြန်မာလို "ဖြစ်ခြင်း, ရင့်ခြင်း(အိုခြင်း), သေခြင်း(ပျက်ခြင်း)" ဟူသော သဘောသည် ရုပ်တရား နာမ်တရားတို့၏ သဘောဖြစ်၏။ ရုပ်နာမ် အားလုံး ကုန်ဆုံးပြီးသော ထိုနိဗ္ဗာန်သည် သေခြင်း "မတ" မရှိရကား အမတဂုဏ်နှင့်လည်း ပြည့်စုံသည်။

**ပဏီတဂုဏ်တော်**

နိဗ္ဗာနဓာတ် တရားမြတ်သည် ရဟန္တာပုဂ္ဂိုလ်များအတွက်

www.burmeseclassic.com

www.burmeseclassic.com



(စား၍ မဝနိုင်အောင် အရသာရှိသော အစာကဲ့သို့) မကြာမကြာ အာရုံပြု၍ နေချင်စရာကောင်းလောက်အောင် အရသာရှိသော တရားတော်ဖြစ်၏။ ဗုဒ္ဓမြတ်စွာသည် (ဖလသမာပတ်ကို ဝင်စားကာ) ထိုနိဗ္ဗာန်ကို အာရုံပြု၍ မကြာခဏ သီတင်းသုံးတော်မူလေ့ရှိ၏။ တရားဟောတော်မူတုန်းမှာပင် ပရိသတ်က သာဓုသာဓုခေါ်ပြီးမှ တရားကိုဆက်၍ ဟောတော်မူ၏။ နိဗ္ဗာန် တရားတော်သည် ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ်အတွက် ဤမျှလောက် အရသာရှိသော တရားထူး တရားမွန်ဖြစ်သောကြောင့် ပဏီတဂုဏ်နှင့်လည်း ပြည့်စုံပါသည်။

**ယဒဗျူဂါ (ယံ+အဗျူဂါ)**

ထိုနိဗ္ဗာန်တရားတော်ကို ဤသာသနာတော်၌ ဗုဒ္ဓမြတ်စွာသည် အစဆုံး သိတော်မူ၊ တွေ့မြင်တော်မူရ၏။ တွေ့မြင်ရာဌာနနှင့် ကာလကား ဘုရားဖြစ်ရာ ဗောဓိရိပ်သာ၌ ကဆုန်လပြည့်ညဉ့် အရုဏ်တက်တော့မည့်ဆဲဆဲ အချိန်အခါတည်း။

**နိရောဓသစ္စာ**

ထိုအချိန်ဝယ် ဗုဒ္ဓမြတ်စွာသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟူသော သစ္စာ ၄ ပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူ၏။ ထိုသို့ သိမြင်တော်မူရာဝယ် "နိရောဓသစ္စာ" ဟူသည် ဤနိဗ္ဗာနဓာတ် တရားမြတ်ပင်ဖြစ်၏။ ထိုအချိန်၌ မျက်စိအောက်သို့ ရောက်နေသော အရာဝတ္ထုကို မြင်ရသကဲ့သို့ ဗုဒ္ဓမြတ်စွာသည် မဂ်ဉာဏ်ဖြင့် ခယ၊ ဝိရာဂ၊ အမတ ဂုဏ်အပေါင်းနှင့် ပြည့်စုံသော နိရောဓသစ္စာကို ထင်ထင်ရှားရှား မြင်တော်မူပါသည်။

ဥပမာဆောင် ထင်ရှားအောင်ပြပေအံ့ –

အဏုမြူဓာတ်၏ စွမ်းအားကို ရှာဖွေကြသော လောကီ



ပညာရှင်တို့သည် အလွန်ကြိုးစားသောအခါ ထိုအဏုမြူအားကို တွေ့မြင်ကြရ၏။ ထိုတွေ့မြင်အပ်သော ထိုဓာတ်အားသည် သူတို့ တွေ့မှ ဖြစ်သည်မဟုတ်။ နဂိုသဘာဝအတိုင်း ရှိနေသောအား ဖြစ်သကဲ့သို့လည်းကောင်း၊ လေးနက်သော ကျမ်းစာ၏ အဓိပ္ပာယ် အမှန်သိရအောင် စဉ်းစားကြသော စာပေပညာရှင်တို့သည် ရက် ပေါင်းများစွာ အတော်ကြိုးစားသောအခါ ထိုအဓိပ္ပာယ်ကို သိရ၏။ ထိုသိအပ်သော အကြောင်းအရာ အဓိပ္ပာယ်စာသည် ထိုအချိန်မှ ဖြစ်ရသည်မဟုတ်ဘဲ နဂိုသဘာဝအတိုင်းပင် ရှိသကဲ့သို့လည်းကောင်း တရားထူးရအောင် အားထုတ်သော ယောဂီသူမွန်သည်လည်း နိဗ္ဗာန်နှင့်တကွ သစ္စာ ၄ ပါးကို သိရအောင် တရားအားထုတ် သောအခါ အလွန့်အလွန် ကြိုးစားမှ ထိုတရားကို သိရ၏။ ထိုသိ အပ်သော နိဗ္ဗာန်တရားသည် ထိုအချိန်မှ ဖြစ်ပေါ်လာသော တရားမဟုတ်။ သဘာဝအတိုင်း ရှိနေသော သန္တိသုခတရားသာ ဖြစ်ပါသည်။

**သာမံနတ္ထိ**

ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ဟူသော ပရိယတ် တရား၊ ကိလေသာတို့ကို သူ့နည်း သူ့ဟန်ဖြင့် ပယ်နိုင်သော ဈာန်တရား၊ မြေလျှိုးမိုးပျံ ပုံသဏ္ဌာန် အမျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်း စသော တန်ခိုးရှိသော အဘိညာဉ် တရား၊ ဆိုင်ရာ ကိလေသာတို့ကို အကြွင်းအကျန်မရှိအောင် ပယ်နိုင်သော မဂ်တရား ဖိုလ်တရား တို့သည် ဆိုင်ရာ အကျိုးအမျိုးမျိုးကို ပေးနိုင်ကြသော်လည်း နိဗ္ဗာန်နှင့် တန်းတူသောတရား တစ်ပါးမျှ မရှိပါချေ။

**ဒိဋ္ဌမင်္ဂလ နိဗ္ဗာန်**

ပရိနိဗ္ဗာန် စံတော်မမူမီ ဖလသမာပတ် ဝင်စားသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာ၏ စိတ်တော်၌ မကြာမကြာ ထင်ပေါ်နေသော နိဗ္ဗာန်ကို မျက်မှောက်ဘဝ၌ အာရုံပြုရသောကြောင့် "ဒိဋ္ဌဓမ္မိက နိဗ္ဗာန်"ဟု ခေါ်၏။ ဝိပါက်စိတ်များနှင့် ကမ္မဇရုပ်များကို "ဥပါဒိ"ဟု ခေါ်၏။ ထိုဥပါဒိ ရှိနေစဉ်အခါ၌ အာရုံပြုရသောကြောင့် "သဉပါဒိသေသ နိဗ္ဗာန်"ဟုလည်း ခေါ်သည်။

**သမ္ပရာယိက နိဗ္ဗာန်**

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ တည်ရှိရစ်သော ထိုနိဗ္ဗာန်ကိုပင် "သမ္ပရာယိက နိဗ္ဗာန်"ဟု ခေါ်၏။ ဝိပါက် နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်ဟူသော ကမ္မဇရုပ် အကြွင်းအကျန် မရှိသောကြောင့် "အနုပါဒိသေသနိဗ္ဗာန်" ဟုလည်း ခေါ်သည်။ ထို့ကြောင့် "ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီး သော်လည်း ဗုဒ္ဓမြတ်စွာ သိတော်မူအပ်ပြီးသော အသင်္ခတ နိဗ္ဗာနဓာတ်သည်ကား ယနေ့တိုင်အောင် တည်ရှိနေသည်" ဟု မှတ်ပါ။ (ဣတိဝုတ္တက-ဋ္ဌကထာ၊ ဒုက၊ ဒုဝဂ်၊ နိဗ္ဗာနဓာတုသုတ် အဖွင့်)

**သုခ ၂ မျိုး**

သုခသည် ဝေဒယိတသုခ၊ သန္တိသုခဟု ၂ မျိုး ရှိ၏။ ယခုခေတ် လူအများတို့ မြင်ရ၊ ကြားရ၊ နမ်းရ၊ စားသောက်ရ၊ တွေ့ထိရသောအခါ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းကို "ဝေဒယိတသုခ"ဟု ခေါ်သည်။ ထိုသို့ ခံစားမှု မရှိဘဲ ဒုက္ခခပ်သိမ်း ငြိမ်းအေးခြင်းသဘောကို "သန္တိသုခ"ဟု ခေါ်သည်။

**ဝေဒယိတသုခ**

ခံစားမှု ဟူသော ဝေဒယိတ သုခသည် ခံစားစံစား၍ ကုန်ကုန်သွားသည့်အတွက် အသစ်အသစ်ရအောင် ပစ္စည်းဥစ္စာရှာ



ရခြင်း စသော ဒုက္ခဖြင့် ထူထောင်ရ၏။ ထိုအသစ် အသစ်ရအောင် ထူထောင်ရသော ဒုက္ခကား ခံစားရသော သုခနှင့် အဆမတန်ချေ။ ထိုသို့ ဒုက္ခဖြင့် ထူထောင်ကြပြီးနောက် ပေါ်ပေါက်ရရှိသော သုခကလေးဖြင့် တင်းမတိမ်နိုင်ကြသောကြောင့် အပိုအမို အကြွေးယူကာ မတရားခံစားမှုအတွက် အပါယ်သွား၍ သုခကြွေးတွေကို အတိုးနှင့်တကွ ဒုက္ခဖြင့် ဆပ်ကြရလေသည်။

**သန္တိသုခ**

ထိုကဲ့သို့ ခံစားမှုနှင့် မရောသော သန္တိသုခ သဘောကား ရုပ်နာမ်သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြငြိမ်းချမ်းခြင်း သဘောတည်း။ ထင်ရှားစေအံ့-လောကီအာရုံ ကာမဂုဏ်တွေ ပြည့်စုံလှသော သူဋ္ဌေးတစ်ယောက်သည် နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ် ခံစားဖို့ အာရုံများကို ပြင်ဆင်၍ အစေခံတို့က နှိုးလာသောအခါ "အအိပ်ဖျက်ရမလား" ဟု ကြိမ်းဝါးမောင်းမဲမည်သာ။ ထိုသူ၏ အိပ်နေစဉ် အခါ၌ ခံစားမှု အထင်အရှားမရှိ။ သို့ပါလျက် နှစ်ခြိုက်စွာ အိပ်ရမှုကိုပင် ခံစားမှု သုခထက် နှစ်သက်၍ "အိပ်ရကောင်းလိုက်တာ"ဟု အမွှမ်းတင်ကြသေး၏။ ရုပ်နာမ် အားလုံးကင်း၍ ငြိမ်းချမ်းခြင်း သန္တိသုခကား "မည်မျှလောက် ကောင်းလိမ့်မည်"ဟု မှန်းဆ သင့်တော့သတည်း။

**နိရောဓသမာပတ်ကို ဝင်စားခြင်း**

စိတ် စေတသိက်နှင့် စိတ်ကြောင့်ဖြစ်သော ရုပ်များ၏ အသစ်မဖြစ်ဘဲချုပ်ငြိမ်းနေအောင် ပြုနိုင်သော သမာပတ်ကို "နိရောဓ သမာပတ်"ဟု ခေါ်၏။ အနာဂါမ် ရဟန္တာဖြစ်ပြီး ဈာန်အကုန်ရပြီး ပုဂ္ဂိုလ်ကိုသာ ထိုသမာပတ်ကို ဝင်စားနိုင်၏။ အနာဂါမ်၊ ရဟန္တာ အရှင်မြတ်တို့သည် ရုပ်နာမ် ခန္ဓာကြီးကို လေးလံလှစွာသော

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထုပ်ကြီးကဲ့သို့ မှတ်ထင်တော်မူကြကုန်၏။ ထို့ကြောင့် ရုပ်ခန္ဓာကင်းနိုင်သမျှကင်းဖို့ရာ နိရောဓသမာပတ်ကို ဝင်စားတော်မူကြသည်။ ထိုသမာပတ်အတွင်း၌ ခံစားမှုလုံးဝမရှိ။ နာမ်တရားနှင့် အချို့ ရုပ်များ အသစ်မဖြစ်ဘဲရုပ်စဲနေခြင်းသာတည်း။ ထိုရုပ်စဲခြင်းသည်ပင် ချမ်းသာသေးလျှင် ရုပ်နာမ်အားလုံး ချုပ်ငြိမ်းနေသော နိဗ္ဗာန်သည် အဘယ်မှာ မချမ်းသာဘဲရှိအံ့နည်း။

**ထင်ရှားရှိသောနိဗ္ဗာန်**

ထိုသန္တိသုခနိဗ္ဗာနဓာတ် တရားမြတ်သည် ဘာမျှမရှိသော (အဘာဝ) ပညတ် မဟုတ်ပါ။ အများဆိုင် ဘုံပစ္စည်းကဲ့သို့ တစ်ပါးတည်းလည်း မဟုတ်ပါ။ ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် အသီးသီး ရှိကြပါသည်။ ထို့ကြောင့်ပင် ရဟန္တာအရှင်တို့သည် ခန္ဓာကိုယ် ထင်ရှားရှိစဉ် မိမိသိအပ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ဖလ သမာပတ် ဝင်စား၍ နေလေ့ရှိကြပါသည်။ ထိုသမာပတ်ဝင်စားခိုက်၌ နိဗ္ဗာန်ကို အာရုံပြု၍ နေရသည်မှာ အလွန်သုခ ရှိပါသည်တဲ့။ ထို့ကြောင့်ပင် ထေရာထေရီ အလီလီတို့ ရွှေပြည်နိဗ္ဗာန် ဝင်စံခါနီးဝယ် ဥဒါန်းကျူးကာ ရုပ်နာမ် ခန္ဓာဝန်ကြီးကို အပြီးသတ် ပစ်ချတော် မူကြပါသည်။

**ရတနသုတ်ပါဠိတော်**

ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

သန္တံ၊ ဖြစ်ပျက်မစပ် အငြိမ်းဓာတ်ဖြင့် မပြတ်ပုံသေ အေးမြပေထသော။ ခယံ၊ ရုပ်နာမ်အဆူဆူ အပူခပ်သိမ်း ကုန်ငြိမ်းကြောင်းလည်း ဖြစ်ပေထသော။ ဝိရာဂံ၊ ရုပ်နာမ်အဆက် အကုန်ပျက်သဖြင့် မတပ်မက်ကြောင်းလည်း ဖြစ်ပေထသော။ အမတံ၊ ဇရာမရဏ ရှာမရအောင် ကာလပုံသေ အမြဲတေလည်း ဖြစ်ပေထသော။ ပဏီတံ၊ အရသာရှိ စားဖွယ်၏သို့ သိ၍မဝ မွန်မြတ်ပေထသော။ ယံ ဓမ္မံ၊ အသင်္ခတ နိဗ္ဗာနဓာတ် အကြွင်တရားတော်မြတ်ကို။ သမာဟိတော၊ ဘာဝနာကမ္မဋ္ဌာန်း လွန်ကြိုးပမ်းသဖြင့် စိတ်စွမ်းတည်ဘိ သမာဓိရှိတော်မူသော။ သကျမုနိ၊ သာကီနွယ်ဖွား ငါတို့ ဘုရားသည်။ အဇ္ဈဂါ၊ ဗောဓိအောင်မြေ ပလ္လင်ဖွေ့၌ လေးထွေသစ္စာ သိသောအခါဝယ် ကောင်းစွာလှလှ ရတော်မူခဲ့လေပြီ။

တေန ဓမ္မေန၊ အသင်္ခတ နိဗ္ဗာနဓာတ် ထိုတရားတော်မြတ်နှင့်။ သမံ၊ တန်းတူထား၍ ရှုစားလောက်သော။ ကိဉ္စိ၊ တစ်မျိုးတခြား တရားဆိုင်ရာ တစ်စုံတစ်ခုသော ရတနာသည်။ နအတ္ထိ၊ လူ့ဘုံနတ်ရောက် အကုန်ပေါက်အောင် မွှေနှောက်ရှာဖွေ မရှိပါချေ။ ဓမ္မေ၊ အသင်္ခတ နိဗ္ဗာနဓာတ် တရားမြတ်၌။ ပဏီတံ၊ တရားများစွာ ရတနာထက် ကဲသာမြတ်မွန် တုဖက်လွန်သော။ ဣဒမ္ပိ ရတနံ၊ ရတနာဖြစ်ကြောင်း ကောင်းထက်ကောင်းသည့် ဂုဏ်ပေါင်းကိုရှု ဤခယ–ဝိရာဂ စသော ဂုဏ်တော်သည်။ အတ္ထိ၊စင်စစ်ဧကန် အမှန်မသွေ ရှိပါပေ၏။ ဧတေန သစ္စေန၊ မှန်ကန်လှစွာ ဤဝစီသစ္စာကြောင့်။ ပါဏိနံ၊ ဘေးရန်ခပ်သိမ်း အေးငြိမ်းကြလို များလူဗိုလ်တို့အား။ သုဝတ္ထိ၊ တင့်တယ်ဖို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**ကျမ်းပြီးနိဂုံး**

**ကိုယ့်တာဝန်**

ဤမျှလောက်သော စကားအစဉ်ဖြင့် ကိုယ်ကျင့်တရား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သိဖွယ်များကို နားလည်လောက်ကြပေပြီ။ တတ်သိနားလည်မှုမှာ ကျမ်းစာ၏ တာဝန်ဖြစ်၏။ တတ်သိ နားလည်သည့်အတိုင်း သတိထားမှု၊ စောင့်စည်းမှု၊ ကြိုးစားမှုတို့ကား ကျမ်းစာရှုသူတို့၏ တာဝန်ဖြစ်၏။ "ယခုအခါ ကျမ်းစာ၏ တာဝန်ကျေပွန်လောက်ပြီ ဖြစ်၍ ကျမ်းစာရှုသူတို့၏ တာဝန်သာ ကျန်တော့သည်" ဟု ဆိုလိုပါသည်။

**အသိနှင့်ကိုယ်ကျင့်**

အသိသည် အသိသာ၊ ကိုယ်ကျင့်မဟုတ်၊ သိတိုင်း မကျင့်လျှင် သိနေရုံဖြင့် အကျိုးမရ။ ကျမ်းစာတို့သည် သိအောင်သာ ညွှန်ပြနိုင်၏။ ကျင့်၍ မပေးနိုင်ကြ။ ယခု ကာလ စာပေလိုက်စားသူ၊ အဆုံးအမ များများ ခံရသူတို့သည် အသိမနည်းလှချေ။ သို့သော် ထိုသိသူများ တွင် အထိုက်အလျောက် စောင့်စည်းသူ သတိထားသူကား အလွန်နည်းပါးလှ၏။ ထိုကဲ့သို့ လုစားတွေပေါများနေသော ဤ လောကကြီးဝယ် လူကောင်းသူကောင်းများပင် စိတ်ထားကောင်းဖို့ ခဲယဉ်းလေတော့သည်။

မှန်၏-ဒါနပြုရာမှာပင် ပကာသနဒါနတွေ ပေါများရကား ဒါနစစ်စစ် ပြုလိုပါလျက် ပတ်ဝန်းကျင်အခြေအနေကြောင့် မိမိလည်း ပကာသနဒါနကိုသာ ပြုရသဖြင့် သူတော်ကောင်းစစ်စစ်တို့၏ သွားရာလမ်းကြောင်းဖြစ်သော ဒါနပါရမီလမ်းကို ဖြောင့်တန်းအောင် မလိုက်နိုင်တော့။ ထိုပကာသနဒါနပြုသူများလည်း ပကာသနဒါန၏ အကျိုးမရကြောင်း (ရသော်လည်း အကျိုးနည်းကြောင်း) ကို သိကြ ၏။ သို့သော် ဂုဏ်ပကာသနကို မက်သော တဏှာ၏ စနက်ကြောင့် သိပါလျက်နှင့် မသိသူတို့၏ အလုပ်ကိုပင် လုပ်ကြ ရလေတော့သည်။



## ကျားစေဉ်းလဲအကြောင်း

ဟိတောပဒေသ၌ ကျားအိုကြီး စဉ်းလဲပုံကို ပုံဝတ္ထုလုပ်၍ ပြထားသည်မှာ အသိနှင့်ကိုယ်ကျင့် တခြားစီဖြစ်၍နေကြောင်း ထင်ရှားစေတော့သည်။ ကျားကြီးကား အတော်အိုပြီ။ ရှေးကလို သားကောင်များကို လျင်လျင်မြန်မြန် မဖမ်းနိုင်တော့ချေ။ သို့ဖြစ်၍ တစ်နေ့သ၌ တောသွားတောလာတို့ ကြားလောက်အောင် ဟစ် အော်သည်မှာ

"အို-အို ခရီးသွားတို့ ဤရွှေလက်ကောက်ကို ယူလှည့်ပါကုန်"

ထိုစကားကို ခရီးသွားတစ်ယောက်ကြား၍ အနားလာပြီးလျှင် "ဘယ်မှာလဲရွှေလက်ကောက်"ဟု မေးသဖြင့် ကျားအိုကြီးက လက်ကိုဖြန့်၍ ရွှေလက်ကောက်ကို ပြသောအခါ ထိုခရီးသည်က "သူများအသက်ကို သတ်ဖြတ် စားသောက်လေ့ရှိသော အသင်၏ အနား၌ ဘယ့်နှယ့်လုပ်ပြီး အကျွမ်းတဝင် ယူငင်ဝံ့ပါမည်လဲ"ဟု ပြောလေသော် ကျားကြီးက ပြောသည်မှာ "ကျွန်ုပ်ငယ်ရွယ်စဉ်က တရားကို နားမလည်၍ သူများကို သတ်ဖြတ်ခဲ့၏။ ထိုသို့ သူများကို သတ်မိခဲ့၍ 'ဏာလဝိပါက် နောက်ပိုးတက်'သဖြင့် ကျွန်ုပ် သားသမီး နှင့် မယားလည်း ဆုံးလို့ သံဝေဂ ဖြစ်နေတုန်းမှာ သူတော်စင်နှင့် တွေ့၍ "ယနေ့ကစပြီး အလှူဒါနပြုလျက် တရားကျင့်လော့"ဟု ဩဝါဒ ပေးခဲ့သောကြောင့် ထိုဩဝါဒအတိုင်း လိုက်နာနေထိုင်သူ ဖြစ်ပါတယ်။ ကျွန်ုပ်ရဲ့ လက်သည်းခြေသည်းနှင့် သွားများလည်း လျော့ကျကုန်ပြီဖြစ်၍ အဘယ်မှာ ကြောက်ရွံ့စရာ ရှိပါတော့မည်လဲ၊

ကျွန်ုပ်မှာ လောဘဆိုလို့ အလွန်နည်းပါးနေပါပြီ။ ကျွန်ုပ်၏ လက်မှာရှိနေသော ဤရွှေလက်ကောက်ကို တစ်စုံတစ်ယောက်အား ပေးချင်နေတာကို ကြည့်ပါတော့။ သည်တော့ကာ ကျွန်ုပ်က ဘယ်မှာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သင်ကို သတ်ဖြတ်တော့မည်လဲ။ ကျွန်ုပ်ကြားဖူးသော တရားစုမှာလည်း "သူများမယားကို ကိုယ်၏မိခင်လို သဘောထား၍ သူများဥစ္စာကို ကျောက်ခဲသလဲများလို သဘောထားပြီးလျှင် သတ္တဝါဟူသမျှကို ကိုယ်နှင့် မခြားအောင် စိတ်ထားနိုင်မှ ပညာရှိ သူတော်ကောင်း" ဟု မိန့်ဆိုချက် ရှိလေတော့ ကျွန်ုပ်လို တရားသိ သူတော်ကောင်း တစ်ယောက်က အဘယ်မှာ သူ့အသက်ကို သတ်ရက်တော့မှာလဲ။ သို့ဖြစ်၍ ဤ ရေအိုင်မှာ ရေဆင်းချိုးပြီး စင်စင်ကြယ်ကြယ်နှင့် ကျွန်ုပ်လက်ကောက်ကို အလှူခံပါ"ဟု ပြောလေသော် –

ထိုစကားကို ယုံကြည်မိသော ခရီးသွားသည် ရေချိုးရန် ဆင်းလျှင်ဆင်းခြင်း ညွန်၌ ကျွံလေ၏။ ထိုအခါ သူတော်စင်ကျားကြီးက "ဟား–ဟား၊ ညွန်ထဲနစ်နေသကိုး၊ ကျွန်ုပ်ဆယ်ပါ့မယ်"ဟု ပြောပြောဆိုဆို အနားသို့ ကပ်ကာ သတ်စားလေသည်။

ဤပုံဝတ္ထုကို ထောက်၍ အသိသည် အသိမျှဖြစ်ကြောင်း သိသလောက် ကိုယ်ကျင့်တရားမရှိလျှင် ကျကျနန ယုတ္တိယုတ္တာနှင့် စဉ်းလဲတတ်သဖြင့် မသိ၍ ဆိုးရွားနေသူတို့ထက်ပင် ကြောက်ဖွယ်ကောင်းကြောင်း နားလည်ကာ ဤကျမ်းစာရှုသူတို့မှာ သိရုံနှင့် မပြီးကြဘဲ သိသည့်အတိုင်း ကိုယ်ကျင့်ကောင်းသူများချည်း ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် ထပ်လောင်း၍ သတိပေးရပါသတည်း။

နိဂုံးလင်္ကာ

ကျမ်းပြီးမှတ်ထုံး၊ ကမ္ဘတ်ဖုံး၍၊ နိဂုံးအရာ၊ အကျဉ်းမှာပိမ့်၊ ခုခါမျက်မြင်၊ လူရောရှင်တို့၊ ပြည်ခွင်နိဗ္ဗာန်၊ ဝင်ဖို့ရန်ဟု၊ မိဋ္ဌာန်မနော၊ စိတ်ကြံစောလည်း၊ သဘောရင်းနှစ်၊ အတွင်းစစ်က၊ သစ်သစ်လွင်လွင်၊ မဖြူစင်သော်၊ ခင်မင် ရွှေပြည်၊ ဝေးဦးမည်ကြောင့်၊ ငါသည်



လည်းကောင်း၊ ငါ့အပေါင်းနှင့်၊ ငါ့နှောင်းငယ်သား၊ အစထား၍၊ တရားယူလို၊ များလူဗိုလ်တို့၊ နဂိုမြင့်မြင့်၊ အလိုတင့်အောင် ကိုယ်ကျင့်အဘိဓမ္မာ၊ ဤကျမ်းစာကို၊ ကောင်းစွာစေ့ငှ၊ တွေ့တိုင်းရှု၍၊ စိဟ်မှုစုံလင်၊ အကုန်ပြင်မှ၊ ဂုဏ်အင်ပြည့်မော်၊ ဘေးလောင်းတော်တို့၊ စံပျော်လေရာ၊ ပြည်ခေမာဝယ်၊ ရှစ်ဖြာရိပ်ဖြူ၊ ဘိသိက်ယူလျက်၊ နိဗ္ဗူနန်းဖြင့်၊ အောင်ခန်းဖွင့်ဖို့၊ အောင်သင့်အောင်ကြောင်း၊ အောင်တပ်ပေါင်းနှင့်၊ အောင်မောင်းဆော်ဟည်း၊ အောင်စည် တီးလျက်၊ အောင်ကြီး အောင်ရမည်သာကိုး။

ကိုယ်ကျင့်အဘိဓမ္မာ ပြီးပြီ။

BURMESE CLASSIC .com

www.burmeseclassic.com